www.burmeseclassic.com

အလင်းရောင်မေတ္တာပရဟိတအဖွဲ့အတွက်ထုတ်ဝေသည်

မေတ္တာရှင်

(ရွှေပြည်သာ)

BURMESE CLASSIC

# ကျွန်ုပ်ဘဝမှ

## ဆောင်စရာနှင့် ရှောင်စရာများ

(အိတ်ဆောင်စာအုပ်များ စုစည်းမှု)

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

မေတ္တာရှင်(ရွှေပြည်သာ)
ကျွန်ုပ်ဘဝမှ ဆောင်စရာ နှင့် ရှောင်စရာများ

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၆၀၀၁၇၃၀၃၁၁ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၆၀၀၂၄၂၀၄၁၁ |
| ပုံနှိပ်ခြင်း | - | ၂၀၁၁ ခုနှစ်၊ ဖွန်လ (ပထမအကြိမ်) |
| မျက်နှာဖုံးပန်းချီ | - | ဆရာမြင့်ဝေ (ဥူးဇင်း) |
| မျက်နှာဖုံးဒီဇိုင်း | - | အေးဖြူအောင် |
| ထုတ်ဝေသူ | - | ဦးချစ်ညွန့် (၀၄၀၀၄)<br>ဇင်ရတနာစာပေ<br>၂၉၅ က/၄လမ်း၊ မြို့သစ် (က+ခ ရပ်ကွက်)<br>အင်းစိန်။ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် | - | ဦးအောင်မြင့်သိန်း (မြ - ၀၆၃၆၄)<br>အင်ကြွင်းမြိုင်ပုံနှိပ်တိုက်<br>အမှတ် - ၂၄၇၊ ဆိပ်ကမ်းသာလမ်း၊<br>ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ |
| စာအုပ်ချုပ် | - | ရွှေနိုင်ငံ |
| အုပ်ရေ | - | ၂၀၀၀၀ |
| တန်ဖိုး | - | ၁၅၀၀ |

"ထုတ်ဝေသည့်စာအုပ်ကတ်တလောက်အညွှန်း" (CIP)

၂၉၄.၃

မေတ္တာရှင်(ရွှေပြည်သာ)

ကျွန်ုပ်ဘဝမှဆောင်စရာနှင့်ရှောင်စရာများ/မေတ္တာရှင်(ရွှေပြည်သာ)

ဇင်ရတနာစာပေ၊ ၂၀၁၁။

၃၉၂ - စာ၊ ၁၂.၅ × ၁၉ စင်တီ။

(၁) ကျွန်ုပ်ဘဝမှ ဆောင်စရာ နှင့် ရှောင်စရာများ


www.burmeseclassic.com

www.burmeseclassic.com

# ကျွန်ုပ်ဘဝမှ ဆောင်စရာနှင့် ရှောင်စရာများ

မေတ္တာရှင် (ရွှေပြည်သာ)

တစ်ပြည်လုံးဖြန့်ချိရေး
ရွှေပြည်သာစာပေ၊ မန္တလေးကျောင်း
၆/၁၀ ရပ်ကွက်၊ ရွှေပြည်သာ၊ ရန်ကုန်။ ဖုန်း - ၆၁၁၆၂၂၊ ၀၉၅၀၁၆၆၆၃

**ကြည်ဖော်ဝင်း** စာပေ
အမှတ် (၄၇)၊ လှော်ကားလမ်း၊ ၂၁ ရပ်ကွက်
ဝင်းသူဇာကုန်တိုက်အနီး၊ တောင်ဒဂုံ၊ ရန်ကုန်။ ဖုန်း ၀၁ - ၅၉၅၁၂၃၊

www.burmeseclassic.com

www.burmeseclassic.com

# ထင်ရှားတည်ထဲရွှေလင်းစေသောင်

ခင်မောင်ညွန့် (ကိုညွန့်)

"ဟဲလို ... ဒကာကြီး ဦးခင်မောင်ညွန့်လား"?

"မှန်ပါဘုရား"

"ဆရာတော်ပါ"

"မှန်ပါ အမိန့်ရှိပါဘုရား"

"ဆရာတော် အခု မန္တလေးမှာရောက်နေတယ်။ စောစောလေးက ပဲ ဒကာကြီးဦးဝင်း (စာရေးဆရာကြည်ဇော်ဝင်း)နဲ့ ဖုန်းပြောဖြစ်တယ်။ ဒကာကြီးတို့ ပရဟိတအဖွဲ့တစ်ဖွဲ့ ဖွဲ့ပါလား? ဆရာတော် က ဒကာကြီးတို့အဖွဲ့ကို စာမူ (စာအုပ်တစ်အုပ်) လှူပေးမယ်။ အဲဒီကရတဲ့ အကျိုးအမြတ်နဲ့ အမှန်တကယ်ဆင်းရဲနွမ်းပါးတဲ့ စာရေးဆရာနဲ့ ပန်းချီ ဆရာ မိသားစုတွေကို ထောက်ပံ့ပေးပေါ့။ ဆရာတော်မှာ အိတ်ဆောင် စာအုပ်ကလေးတွေ ခုနစ်အုပ် ရှစ်အုပ်လောက်ရှိတယ်။ အသစ်လည်း ပါမှာပေါ့။ စာအုပ်အဖြစ်နဲ့တော့ မရိုက်ရသေးဘူး"

"မှန်ပါဘုရား ... တပည့်တော်တို့ တိုင်ပင်ပြီး ဖွဲ့လိုက်ပါမယ် ဘုရား"

"ပရဟိတစိတ်ဓာတ်ရှိပြီး ကိုယ်နဲ့လက်တွဲလို့ရမယ့်သူတွေနဲ့ ဖွဲ့ကြပေါ့။ ဒကာကြီးကတော့ ပရဟိတ စိတ်ဓာတ်ရှိပြီးသားဆိုတော့ အထူးတလည် ပြောဖို့မလိုပါဘူး။ စိတ်တူကိုယ်တူပေါင်းပြီး လုပ်ကြရင် အများအတွက် ပိုပြီးအကျိုးများတာပေါ့"

"မှန်ပါဘုရား ... တပည့်တော်တို့ အမြန်ဆုံးဖွဲ့နိုင်အောင် ကြိုး

www.burmeseclassic.com

www.burmeseclassic.com

စားပါ့မယ်ဘုရား''

''အင်း . . . အင်း . . . ကောင်းပြီ ကောင်းပြီ ဒကာကြီး ဘေးရန်ကြောင့်ကြ ဆင်းရဲကင်း၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ ပါစေ''

''မှန်ပါဘုရား . . . ဦးတင်ပါတယ်ဘုရား''

ဉာဏ်မျက်စိ အားနည်းချို့တဲ့နေကြလို့ သံသရာခရီးအစကနေ ယခုအချိန်ကာလအထိ အလင်းရောင်မရှာ အမှောင်ထဲမှာ တိုးဝှေ့လျှောက်လှမ်းနေကြတဲ့ ပုထုဇဉ်လူသားတွေထဲမှာ ကျွန်တော်ကလည်း တစ်ယောက်အပါအဝင်ပါ။ အရှင်ဇဝန (မေဓာရှင် ရွှေပြည်သာ) ဆရာတော်ရဲ့ သွန်သင်ဆုံးမ ဩဝါဒတွေ ခံယူခွင့်ကြုံလာတာကြောင့် အလင်းရောင်ထင်ထင်ရှားရှား မဟုတ်တောင်မှ ရောင်နီကို လှမ်းမျှော်လို့ရနေပြီလို့ ပြောရင်ရမယ်ထင်ပါတယ်။ ဒေါသသိပ်ကြီးတဲ့ ကျွန်တော် သည်းခံခွင့်လွှတ်တတ်စပြုနေပါပြီ။ လောဘသိပ်ကြီးတဲ့ကျွန်တော် ပေးကမ်းစွန့်ကြဲလှူဒါန်းတတ်စပြုနေပါပြီ။ မြတ်သောနေရာ မြတ်သောပုဂ္ဂိုလ်တွေကိုမှ ရွေးပြီးလှူဒါန်းချင်တဲ့ကျွန်တော် လိုသောနေရာတွေမှာ ကွက်လပ်ဖြည့်တတ်စ ပြုလာပါပြီ။ ဆရာတော်၏ ကျေးဇူးကြောင့် ပရဟိတလုပ်ငန်းများကိုလည်း လုပ်ကိုင်တတ်စပြုနေပါပြီ။

ကျွန်တော့်အတွက် ပရဟိတလုပ်ငန်းအစဟာ သမီးလေး လင်းပွင့်အောင်ကစတာလို့ ပြောရမှာပါ။ ဒါကြောင့် သမီးလေးအကြောင်း နည်းနည်းလောက်တော့ ပြောချင်ပါတယ်။ သမီးလေး လင်းပွင့်အောင်ကို ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ ဖားပြင်ကျေးရွာမှာ မွေးဖွားခဲ့ပါတယ်။ သမီးလေး မွေးဖွားပြီး အသားဝါတာကို ကျွန်တော်တို့ ဗဟုသုတနည်းမှုကြောင့် ဆောလျင်စွာ ကုသမှုမပေးခဲ့ရတဲ့အတွက် သမီးလေးဟာ C.P (Cerebral Palsy) ကလေးဖြစ်ခဲ့ရပါတယ်။ C.P ကလေးတစ်ယောက် ပြန်လည်

www.burmeseclassic.com

www.burmeseclassic.com

သန်စွမ်းဖို့ရန်အတွက် အကြောအဆစ်ကု ပညာရှင်များ (Physiotherapists) နှင့် စနစ်တကျကုသလေ့ကျင့်ခန်း ပြုလုပ်ပေးမှ တိုးတက်ကောင်းမွန်လာနိုင်ပါတယ်။ ဖားကန့်ဒေသမှာ အကြောအဆစ်ကု ပညာရှင်များ မရှိသေးတာမို့ သမီးလေးဘဝ ရှေ့ရေးအတွက် ပညာရှင်များရှိရာ ရန်ကုန်မြို့ကို ပြောင်းရွှေ့လာရပါတယ်။

သမီးလေးကို ပြုစုစောင့်ရှောက်ရင်း Cerebral Palsy, Autism, Down Syndrome, Muscular Dystrophy စသည့် မသန်စွမ်းမှုအမျိုးမျိုးတို့ကို တွေ့မြင်သိရှိလာပါတယ်။

ဉာဏ်ရည်နိမ့်ကလေးများနှင့် မသန်စွမ်းမှုအမျိုးမျိုးကို ကျွန်တော်သိမြင်ခံစား ကိုယ်ချင်းစာမိသလို လူအများစုကိုလည်း သိရှိနားလည် (Awareness) စေချင်ပါတယ်။ မသန်စွမ်းသူများအား လူ့ဘောင်အဖွဲ့အစည်းမှာ အများနည်းတူ တန်းတူအခွင့်အရေးများရရှိအောင် ဖန်တီးပေးချင်တဲ့ ဆန္ဒများ ဖြစ်ပေါ်လာပါတယ်။

အဲဒီဆန္ဒကို ၂၃-၁-၂၀၁၀ မှာ ပထမအကြိမ် အကောင် အထည်ဖော်နိုင်ခဲ့ပါတယ်။

ဒေင် မသန်စွမ်းကလေးများ ပြုစုရာရိပ်မြုံ

New World Training Centre

မြတ်ကြာဖြူကျောင်း

တို့မှ ကလေးများ၊ မိဘများနှင့် ဆရာ၊ ဆရာမများကို မေတ္တာရှင်ဆရာတော် သီတင်းသုံးရာ မှော်ဘီမြို့ သုဒ္ဓဝိပဿနာရိပ်သာသို့ အသွားအပြန် မော်တော်ယာဉ်များ စီစဉ်ပေးခြင်း၊ အာဟာရများ (ထမင်း+ရေခဲမုန့်) ကျွေးမွေးခြင်း၊ ဆရာတော်ထံမှ တရားတော်ကို အတူတကွ နာယူကြခြင်း (ဓမ္မသဝနကုသိုလ်) ဆရာတော်အား နဝကမ္မဝတ္ထုများ လှူဒါန်း

www.burmeseclassic.com

www.burmeseclassic.com

ခြင်းတို့ ပြုခဲ့ပါတယ်။

မသန်စွမ်းမှုအမျိုးမျိုးတို့တွင် ကလေးများသာမကပဲ လူကြီးတွေမှာလည်း အများအပြားရှိပါတယ်။ အဲဒီမသန်စွမ်းမှုတွေကို အမျိုးအစားခွဲကြည့်ရင် (၁) အကြားအာရုံချို့တဲ့သူ၊ (၂) အမြင်အာရုံချို့တဲ့သူ၊ (၃) ဉာဏ်ရည်နိမ့်သူ၊ (၄) ကိုယ်အင်္ဂါမသန်စွမ်းသူရယ်လို့ လေးမျိုးလေးစား တွေ့ရမှာဖြစ်ပါတယ်။ အဲဒီ မသန်စွမ်းမှုမျိုးစုံ ကလေးလူကြီးအားလုံးကို သာမန်လူများနည်းတူ တန်းတူအခွင့်အရေးရရှိအောင် ဓမ္မသဘင် ခန်းမအတွင်းမှာ အတူတကွ တရားနာကြားခွင့်ကို ကာယကံ မေတ္တာအဖွဲ့နှင့် ပူးပေါင်းပြီး ဖန်တီးပေးနိုင်ခဲ့ပါတယ်။

၂၂-၉-၂၀၁၀ ရက်နေ့က လှိုင်မြို့နယ်၊ (၁၆) ရပ်ကွက်၊ ဘူတာရုံလမ်း တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး ပရဟိတ(ကျား) ကျောင်းမှာ မသန်စွမ်းသူများနဲ့ သန်စွမ်းသူများ အတူတကွ မေတ္တာရှင် ရွှေပြည်သာဆရာတော်ထံမှာ တရားအတူနာယူခွင့်ရခဲ့ကြပါတယ်။ အဲဒီတရားပွဲမှာ မသန်စွမ်းသူ (၅၀၀) ကျော်ခန့် လာရောက်ပါတယ်။ မသန်စွမ်းသူများ လွယ်ကူစွာ လာရောက်နိုင်ရန်အတွက် မော်တော်ယာဉ်ကြိုပို့စီစဉ်ပေးခြင်း၊ နိဗ္ဗာန်ဈေးပွဲတော် ပြုလုပ်လှူဒါန်းခြင်း၊ ကံစမ်းမဲများအဖြစ် ကျပ်တစ်သိန်းဆုတစ်ဆု၊ ကျပ်ငါးသောင်းဆုနှစ်ဆု၊ ကျပ်တစ်သောင်းဆုသုံးဆယ် မဲဖောက်ပေးခဲ့ပြီး တရားနာပရိသတ်များအတွက် အာဟာရဒါန (မုန့်+အအေး) ကျွေးမွေးခြင်း၊ ဆရာတော်အား နဝကမ္မလှူဒါန်းခြင်းတို့ ပြုလုပ်နိုင်ခဲ့ပါတယ်။ (မသန်စွမ်းကလေးတစ်ယောက်၏ မိဘက ကျပ်တစ်ဆယ့်နှစ်သိန်း ကူညီလှူဒါန်းပါသည်။)

မသန်စွမ်းမှုများကို စိတ်ဝင်စားတတ်တဲ့ ကျွန်တော့်ကို အာယုဒါန အလှူတစ်ခုလှူဖြစ်ဖို့ ဆရာ (စာရေးဆရာ ကြည်ဇော်ဝင်း)နှင့် ကဗျာ

www.burmeseclassic.com

www.burmeseclassic.com

ဆရာကိုအောင်ဘညိုတို့က ကူညီဆက်သွယ်ပေးမှုကြောင့် လှူဒါန်းဖြစ်ခဲ့ပါသေးတယ်။ ပုသိမ်မြို့က ဦးမြင့်စိုး (ကဗျာဆရာ စိုးမြင့်စိုး၊ ကျောက်ပန်းတောင်း) ဒေါ်ဖင်မာလွင်တို့ရဲ့သား၊ မောင်ဘုန်းကျော်ရှိန် (မြန်မာစာ–ဒုတိယနှစ်) ဟာ Neuri Lemonima လည်ပင်းအာရုံကြော အကြိတ်ရောဂါဖြစ်နေတဲ့အတွက် (၄–၇–၂၀၁၀) နေ့က အမှတ် (၄၇)၊ လော်ကားလမ်း၊ (၂၁) ရပ်ကွက်၊ ကုန်တိုက်အနီး၊ ဒဂုံမြို့သစ်တောင်ပိုင်းက ဝင်းစာအုပ်အရောင်းဆိုင်မှာ လူနာရှင်ဦးမြင့်စိုးအား ပန်းချီဆရာ လှထွဏ်းအောင် (လျှပ်တပြက်သတင်းဂျာနယ်) ရှေ့မှာ ရောဂါရှာဖွေရေးအတွက် လိုအပ်ငွေ ကျပ်ရှစ်သောင်းကို လှူဒါန်းခဲ့ပါတယ်။ ဘုန်းကျော်ရှိန်အတွက် မေတ္တာရှင် ဆရာတော်မှလည်း ကျပ်တစ်သိန်းလှူဒါန်းပြီး လျှပ်တပြက်သတင်းဂျာနယ်၏ အလှူခံပေးမှုကြောင့် နယ်မှ စေတနာရှင်များမှ စုပေါင်းလှူဒါန်းငွေ ဆယ့်လေးသိန်းခန့် ရရှိကြောင်း သိရသဖြင့် လူနာရှင်များနှင့်အတူ ဝမ်းသာပီတိဖြစ်ခဲ့ရပါတယ်။

မောင်ဘုန်းကျော်ရှိန်ကဲ့သို့ ကျောင်းတက်နေရင်း မသန်စွမ်းဘဝရောက်သွားတဲ့ ကျောင်းသူကလေး တစ်ယောက်ကိုလည်း အာယုဒါနကုသိုလ်ပြုခွင့် ရခဲ့ပါသေးတယ်။ သူကတော့ တောင်ဒဂုံမြို့နယ်၊ (၁၇) ရပ်ကွက်၊ နှစ်ဆီမြိုင်လမ်း၊ အမှတ် (၂၅၀)နေ ဦးညွန့်ဝင်း၊ ဒေါ်မိုးမမျိုးတို့၏ သမီး၊ ဒဂုံအရှေ့မြို့နယ် အမှတ် (၁) အထက်တန်းကျောင်း၊ အဋ္ဌမတန်းမှာ ပညာသင်ကြားနေတဲ့ မဖြိုးပပဖြိုးဖြစ်ပါတယ်။

ဖြိုးပပဟာ ကျောင်းတက်ပညာသင်ကြားနေစဉ်မှာပဲ ၂၀၁၀ ခုနှစ်၊ ဖွန်လပိုင်းလောက်က အိမ်မှာဖင်ထိုင်လျက် လဲကျရာကနေ အောက်ပိုင်းမလှုပ်ရှားနိုင်တော့ဘဲ လမ်းမလျှောက်နိုင်တော့လို့ ကျောင်းလည်း မသွားနိုင်တော့ပါဘူး။ ဖြိုးပပဟာ အောက်ပိုင်းမလှုပ်ရှားနိုင်ပေမယ့် အပေါ်

www.burmeseclassic.com

www.burmeseclassic.com

ပိုင်းလက်တွေ ကောင်းကောင်းလှုပ်ရှားနိုင်ပါတယ်။ အမြင်အာရုံကောင်း သလို အကြားအာရုံလည်း ချို့တဲ့မသွားပါဘူး။ ကျောင်းနဲ့ အိမ်ရဲ့ပတ်ဝန်း ကျင်တွေမှာ လှေကားထစ်တွေ ပလက်ဖောင်းတွေလို အတားအဆီးမရှိ ဘဲ (Barrier Free) သာဖြစ်နေခဲ့မယ်ဆိုရင်တော့ ဆေးကုသခံယူရင်း ပညာ သင်ကြားခွင့်လည်း ရနေမှာပါ။

မဖြိုးပပကို ၂၀၁၀ ဩဂုတ်လကစပြီး ဦးဏှောက်နှင့် အာရုံ ကြော အထူးကုဆရာဝန်များနဲ့ ပြသပြီးရောဂါရှာဖွေခြင်း၊ ဆေးကုသခြင်း များ ပြုလုပ်ကုသိုလ်ယူနေတာ ယခုအချိန် (၂၀၁၁ ဖေဖော်ဝါရီလ) အထိ ဖြစ်ပါတယ်။ အနည်းငယ်တိုးတက်မှုရှိသော်လည်း လမ်းလျှောက်နိုင်သည် အထိ ကောင်းမွန်ခြင်းမရှိသေးသည့်အတွက် ဆက်လက်ကူညီ ကုသိုလ် ယူနေရဦးမှာဖြစ်ပါတယ်။

ဒီလိုကုသိုလ်ယူခွင့်တွေရနေတာဟာ ဆရာတော်ရဲ့ ကျေးဇူး တွေကြောင့်ဖြစ်ပါတယ်။ ဆရာတော်ရဲ့ သွန်သင်ဆုံးမမှုကြောင့်သာ ကျွန် တော်ပရဟိတလုပ်ငန်းနဲ့ ပတ်သက်လို့ လိုအပ်တဲ့နေရာတွေမှာ ကွက် လပ်ဖြည့်လုပ်ကိုင်ဆောင်ရွက်တတ်လာတာဖြစ်ပါတယ်။ ဒါကြောင့်လည်း ဆရာတော်ရဲ့ ပရဟိတလုပ်ငန်းတွေမှာ ပါရမီဖြည့်ခွင့် တာဝန်ထမ်းဆောင် ခွင့်ရရင် သိပ်ကောင်းမှာဘဲလို့ တောင့်တစိတ်ကူးမိတာ အကြိမ်ကြိမ်ပါပဲ။ ဆရာတော်ကလည်း ကျွန်တော့်စိတ်ကူးကို သိနေသည့်အလား ကျွန် တော်တို့ကို ပရဟိတအဖွဲ့တစ်ဖွဲ့ ဖွဲ့နိုင်းနေပါပြီ။ ဒါကြောင့် ကျွန်တော်တို့ ကလည်း ဆရာတော်ရဲ့ ဩဝါဒကိုခံယူပြီး ၁၂-၁၀-၂၀၁၀ ရက်နေ့မှာ အလင်းရောင်မေတ္တာ ပရဟိတအဖွဲ့ကို အဖွဲ့ဝင်ငါးဦးနဲ့ စတင်ဖွဲ့စည်းခဲ့ ပါပြီ။

www.burmeseclassic.com

www.burmeseclassic.com

အဖွဲ့ဝင်များကတော့
၁။ ဦးခင်မောင်ညွန့်
၂။ ဦးသန်းဆွေဦး
၃။ ဦးသန်းဝင်း (ဆွန်အဲလူ)
၄။ ဦးလှထွဏ်းအောင် (ပန်းချီ)
၅။ ဒေါက်တာနည်ဝင်း (ကြည်ဖော်ဝင်း) တို့ဖြစ်ပါတယ်။

လူ့ဘဝ အသက်ရှင်နေထိုင်ခွင့်ရစဉ် ခဏတာကာလလေးမှာ ကိုယ်တစ်ယောက်တည်း ကောင်းစားဖို့ အတ္တကြီးကြီးနဲ့ ဘယ်သူသေသေ ငတေမာရင်ပြီးရော လုပ်နေကြမယ်ဆိုရင် လူ့ဘဝအဓိပ္ပာယ်ကို အရုပ်ဆိုး အကျည်းတန်စေပါတယ်။ တစ်နည်းအားဖြင့် ကိုယ်တစ်ယောက်ထဲအတွက် အသန်ရှင်နေတာ ဘဝတန်ဖိုးမဲ့ပါတယ်။ ဘဝကို ဒီလိုရှုမြင်မိတဲ့အတွက် ကြောင့် ကျွန်တော်ဟာ ကိုယ့်ပတ်ဝန်းကျင်မှာ တွေ့မြင်နေရတဲ့ မပြည့်စုံမှု၊ အားနည်းမှု၊ ချို့ယွင်းမှု၊ မသန်စွမ်းမှုများကို ကိုယ်တတ်စွမ်းနိုင်သမျှ တစ်ယောက်စာအင်အားလေးနဲ့ ဖြည့်စွက်ပံ့ပိုးကူညီလှူဒါန်းခဲ့ပါတယ်။ အခုတော့ အလင်းရောင်မေတ္တာ ပရဟိတအဖွဲ့ကို ဖွဲ့စည်းခဲ့ပြီးဖြစ်တဲ့အတွက် ကျွန်တော့်ကို ခွန်အားအသစ်တွေ တိုးပွားဖြစ်ထွန်းစေခဲ့ပါတယ်။ "တစ်ဦးဆောင်သော်မရ၊ တစ်သောင်းဆောင်သော်ရ၏" ဆိုသောစကားကဲ့သို့ အများနှင့်ပူးပေါင်းဆောင်ရွက်ခြင်းက အမျိုး၊ ဘာသာ၊ သာသနာအတွက် ပိုပြီးအကျိုးများအောင် ဆောင်ရွက်နိုင်မယ်လို့လည်း ကျွန်တော်တို့အဖွဲ့က ယုံကြည်ပါတယ်။ ယုံကြည်ချက်အတိုင်း လူအများကောင်းစားရေးအတွက် ကျွန်တော်တို့အဖွဲ့က ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးစားဆောင်ရွက်သွားဖို့လည်း အဓိဋ္ဌာန်ပြုပါတယ်။

ကျွန်တော်တို့အလင်းရောင်မေတ္တာ ပရဟိတအဖွဲ့အတွက်

www.burmeseclassic.com

www.burmeseclassic.com

မတည်လှူဒါန်းမှုအဖြစ် အရှင်ဇဝန (မေတ္တာရှင်–ရွှေပြည်သာ) ဆရာတော်က ကျွန်ုပ်ဘဝမှ ဆောင်စရာနှင့် ရှောင်စရာများ အိတ်ဆောင်စာအုပ်စု စည်းမှုစာမူကို လှူဒါန်းပေးခဲ့ပါတယ်။ ဆရာတော်လှူဒါန်းပေးခဲ့သော အထက်ပါစာမူကို ကြည်ဖော်ဝင်းစာပေက စာအုပ်အဖြစ် ထုတ်ဝေနိုင်ခဲ့ပါပြီ။

ဤစာအုပ်မှရရှိသော အကျိုးအမြတ်များကို ဆရာတော်အမိန့်ရှိသည့်အတိုင်း အမှန်တကယ်ဆင်းရဲနွမ်းပါးသော စာရေးဆရာနှင့် ပန်းချီဆရာ မိသားစုတို့၏ ကျန်းမာရေးနှင့် ပညာရေးကိစ္စ လိုအပ်ချက်များမှာ တတ်နိုင်သမျှ ကူညီပံ့ပိုးလှူဒါန်းသွားမှာဖြစ်ပါတယ်။

နောက်နောင်မှာလည်း အလင်းရောင်မေတ္တာ ပရဟိတရန်ပုံငွေအတွက် စာဖတ်သူများအား ဗဟုသုတတိုးပွားစေမည့် ဉာဏ်အလင်းပွင့်လင်းစေမည့် စာအုပ်စာတမ်းများ ဆက်လက်ထုတ်ဝေနိုင်အောင် ကျွန်တော်တို့အဖွဲ့က ကြိုးစားဆောင်ရွက်နေပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**"အလင်းရောင်မေတ္တာ**

**လျှမ်းဝေပြာ**

**ကမ္ဘာတည်သရွေ့လင်းစေသောဝ်"**

ခင်မောင်ညွှန့် (ကိုညွှန့်)
အလင်းရောင်မေတ္တာပရဟိတအဖွဲ့

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | ကျွန်ုပ်ဘဝမှ ဆောင်စရာနှင့် ရှောင်စရာများ | ၁ |
| ၂။ | ကိုးဆယ့်နှစ်ကမ္ဘာ ငိုခဲ့ရသူများအကြောင်း | ၂၅ |
| ၃။ | စိတ်ဝင်စားဖွယ်ကောင်းသော စာတစ်စောင်နှင့် အခက်ဆုံးမေးခွန်း သုံးခု | ၄၉ |
| | – ထင်သလိုမတွေးမပါနဲ့ | ၈၅ |
| | – ကုသိုလ်ခြောက်မျိုးနှင့်လူ | ၈၈ |
| | – ဒါနကုသိုလ်ဖြင့် အပါယ်လွတ်လမ်း | ၉၁ |
| | – သီလကုသိုလ်ဖြင့် အပါယ်လွတ်လမ်း | ၉၃ |
| | – သမထကုသိုလ်ဖြင့် အပါယ်လွတ်လမ်း | ၉၅ |
| | – ဝိပဿနာကုသိုလ်ဖြင့်အပါယ်လွတ်လမ်း | ၉၇ |
| | – မဂ်လေးပါးက ဝဋ်ဆင်းရဲကနေထုတ်ဆောင်ပုံ | ၁၀၂ |
| | – ပယ်ရမည့်အရာနှင့် သိရမည့်တရား | ၁၀၆ |
| | – မဂ်ကုသိုလ်က ဝဋ်သုံးပါးသို့မကျအောင်ဆောင်ပုံ | ၁၀၈ |
| | – ဘုရားရှင်ပေးတဲ့ တရားကျင့်နည်း | ၁၁၁ |
| | – လူတစ်ယောက်နှင့် လူတစ်ခြမ်း | ၁၁၈ |
| | – မဂ်တားဖိုလ်တားအန္တရာယ်ငါးပါး | ၁၂၀ |
| | – သောတာပန်၏ဂုဏ်အင်္ဂါ | ၁၂၄ |
| | – သဗ္ဗညုတဉာဏ်တော်ရဲ့အစွမ်းသုံးပါး | ၁၃၂ |
| | – အရိုးရှင်းဆုံး သာဓက | ၁၃၄ |


www.burmeseclassic.com

www.burmeseclassic.com


၄။ တကယ့်ဗုဒ္ဓဘာသာနှင့် သစ္စာလေးပါးတရားတော် ၁၄၃

၅။ အသေမြတ်ချင် သေနည်းသင် ၁၉၅
- ပုထုဇဉ်တွေ ရောက်နိုင်တဲ့ဘုံ ၁၉၇
- လူသေမမြှုပ်ဖူးတဲ့နေရာ ၂၀၀
- လက်ဖက်ရည်ဆိုင်ထိုင်ရင်းလည်းသေတာပဲ ၂၀၂
- ပြိတ္တာဖြစ်ရသောရဟန်းမယ်တော် ၂၀၆
- ပေါက်ခေါင်းမြို့နယ်က သူရဲဦးနန္ဒ ၂၀၈
- ပဋ္ဌာသန္ဓေနေရခြင်း ဆင်းရဲလေးမျိုး ၂၁၁
- ပဋ္ဌိပတ်အန္တရာယ်စကားတစ်ခွန်း ၂၁၆
- သေမှာကြောက်၍ငိုသောဆရာတော်ကြီး ၂၁၈
- သေတာ မငိုသော မိသားစု ၂၂၄
- သူလျှိုနဲ့တူတဲ့ အကုသိုလ် ၂၃၀
- နတ်ဘဝအကြိမ်သုံးသောင်း ၂၃၃
- ဂုဏ်တော်တစ်ပါးစီ၏ ပွားရကျိုးများ ၂၃၆
- စစ်မှုထမ်းဟောင်းနတ်သားကြီး ၂၃၈

၆။ မိရိုးဖလာဗုဒ္ဓဘာသာဝင်နှင့်
တကယ့်ဗုဒ္ဓဘာသာဝင်တရားတော် ၂၅၁

၇။ အစာစားရင်း မဂ်ဖိုလ်ရအောင်ကျင့်ဆောင်ခြင်း ၂၉၉

၈။ စုန်လမ်းနှင့် ဆန်လမ်း ၃၁၉

၉။ ကျောင်းအမနတ်သမီးအလှကြီး ၃၄၉


www.burmeseclassic.com

www.burmeseclassic.com

# ကျွန်ုပ်ဘဝမှ ဆောင်စရာနှင့် ရှောင်စရာများ

မေတ္တာရှင် (ရွှေပြည်သာ)

ကျွန်ုပ်၏ ညံ့ဖျင်းသောအကြောင်းများစွာများကြားမှ
ကောင်းသောအချက်လေးတစ်ချက်နှစ်ချက်ခန့်ကိုပါ
တင်ပြစရာတွေ့နေ သောကြောင့်
အထက်ပါအတိုင်း
ခေါင်းစဉ်တပ်လိုက်ရခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



# ကျွန်ုပ်ဘဝမှ ဆောင်စရာနှင့် ရှောင်စရာများ

တိပိဋကရေ၊ တိပိဋကကောဝိဒဘွဲ့တံဆိပ်ရရှိတော်မူသော အရှင်အဘိဇာတ၏ တော်ကြောင်းနှင့် ကျွန်ုပ်၏ညံ့ကြောင်းများကို ရေးသားတင်ပြမည်ဖြစ်သောကြောင့် တော်သူနှင့် လျှော်သူဟု ခေါင်းစဉ်တပ်လျှင် ပို၍အဆင်ပြေမည်ဖြစ်သည်။

သို့သော် ကျွန်ုပ်၏ ညံ့ဖျင်းသောအကြောင်းများစွာများကြားမှ ကောင်းသောအချက်လေးတစ်ချက်နှစ်ချက်ခန့်ကိုပါ တင်ပြစရာတွေ့နေသောကြောင့် အထက်ပါအတိုင်း ခေါင်းစဉ်တပ်လိုက်ရခြင်းဖြစ်သည်။ အရှင်ဘိဇာတ၏ ထူးခြားချက်နှစ်ချက်ကို ကျွန်ုပ်သတိထားမိသည်။

ယင်းနှစ်ချက်မှာ – စာချတာဝန်၊ တိုက်အုပ်နာယကတာဝန်များကိုထမ်းဆောင်ရင်း တိပိဋကဘွဲ့ထူးကြီးကို ဆွတ်ခူးနိုင်ခြင်း၊ စာမေးပွဲဆိုင်ရာ ဘွဲ့တံဆိပ်ပေါင်းလေးဆယ်ကျော်ရရှိခြင်းတို့ပင်ဖြစ်၏။ မြန်မာ

www.burmeseclassic.com

www.burmeseclassic.com



ပြည်တွင် ထိုမျှဘွဲ့တံဆိပ်ရရှိသူ ဆရာတော်မျိုး မပေါ်ဖူးသေးဟု ထင်သည်။

တချို့သော စာမေးပွဲများဆိုလျှင် အရင်ကဖြေဆိုသူတစ်ပါးမှ မရှိခဲ့ဖူးပါ။ ယခုဖြေဆိုသူရှိသောအခါတွင်လည်း ဆရာတော်တစ်ပါးတည်း သာဖြစ်နေသည်ကို တွေ့ရကြောင်း မှတ်သားကြည်ညိုရဖူး၏။ ဖြေဆိုသူ တစ်ပါးတည်းသာဖြစ်၍ အောင်မြင်သူမှာလည်း တစ်ပါးတည်းသာဖြစ် ကြောင်း ပြောဖွယ်မလိုတော့ပေ။

ဆရာတော်ကား ဘွဲ့တံဆိပ်အများဆုံးရသောကြောင့် ပုဂ္ဂိုလ် ထူးတစ်ပါးသာဖြစ်သကဲ့သို့ ကျွန်ုပ်ကား ဘွဲ့တံဆိပ်တစ်ခုမှမရသော ကြောင့် ပုဂ္ဂိုလ်ထူးဟု ဖွတ်သတ်မှတ်လေသော်ရလေမည်လားမသိ။ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် အကောင်းဆုံးဘောလုံးသမားကို ရွေး သကဲ့သို့ အညံ့ဆုံး ဘောလုံးသမားကိုလည်း ရွေးကြ၏။

မှတ်မိနေသည်မှာ တစ်ပွဲတည်းခုနစ်ဂိုးအသွင်းခံသော မြောက်ကိုးရီးယားဂိုးသမားကို အညံ့ဆုံးဘောလုံးသမားအဖြစ် ရွေးချယ် ခဲ့ကြ ခြင်းပင်ဖြစ်၏။ ရဟန်းလောကတွင် ပညာရေးနှင့် ပတ်သက်၍ အညံ့ဆုံးဆိုသူကို ရွေးချယ်လျှင် ကျွန်ုပ်ကိုသာ ရွေးရလိမ့်မည်ဟု ထင်သည်။

ပို၍ အံ့သြစရာကောင်းသည်ကား ကျွန်ုပ်သည် လူအထင်ကြီး စရာဘွဲ့တံဆိပ်တစ်ခုမှ မရသော်လည်း လူအထင်သေးစရာဘွဲ့တံဆိပ် သုံးခုတိတိ ရခဲ့ခြင်းပင်ဖြစ်၏။ ထိုဘွဲ့များမှာ တစ်ကျွန်းပြန်ဆရာတော်၊



www.burmeseclassic.com

www.burmeseclassic.com



ခုနစ်ထောင်ပြန်ဆရာတော်၊ အနာကြီးရောဂါသည် ဆရာတော်ဘွဲ့တို့ပင် ဖြစ်၏။ တစ်ကျွန်းပြန်ဆရာတော် ခေါ်ကြသည်မှာ သြစတေးလျနိုင်ငံမှ ပြန်လာခဲ့သောကြောင့်ဖြစ်သည်။

သြစတေးလျနိုင်ငံမှာ အင်္ဂလန်၏လက်အောက်ခံနိုင်ငံဖြစ်သည်။ အင်္ဂလန်နိုင်ငံ၏ ထောက်ပံ့ကူညီမှုကြောင့်လည်း ယခုလို တိုးတက်ကြီးပွားလာခြင်းဖြစ်သည်။ ယခင်က အင်္ဂလန်မှ တစ်ကျွန်းကျသောသူများကို သြစတေးလျသို့ ပို့လေ့ရှိသည်။ တစ်ကျွန်းကျသူများ စုပေါင်းမိရာမှ သြစတေးလျနိုင်ငံ ဖြစ်ပေါ်လာရခြင်းဟု မှတ်သားရ၏။

ထို့ကြောင့် သြစတေးလျနိုင်ငံမှပြန်လာသူ ကျွန်ုပ်ကို တစ်ကျွန်းပြန်ဟုခေါ်ကြခြင်းဖြစ်သည်။ ကျွန်ုပ်သည် သူတစ်ပါး မလှူချင်သောနေရာတွင် လှူလေ့ရှိသလို သူတစ်ပါးမဟောချင်သောနေရာတွင် တရားဟောပေးလေ့ရှိသည်။ ကျွန်ုပ်အစာကျွေးပြီးတရားဟောပေးခဲ့သော အကျဉ်းထောင်များမှာ –

(၁) ကော့သောင်းအကျဉ်းထောင်
(၂) မြိတ်အကျဉ်းထောင်
(၃) မုပ္ပလင်အကျဉ်းထောင်
(၄) မော်လမြိုင်အကျဉ်းထောင်
(၅) ပေါင်းတည်အကျဉ်းထောင်
(၆) ဟင်္သာတအကျဉ်းထောင်
(၇) မန္တလေးအကျဉ်းထောင်တို့ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုခုနစ်ထောင်ထဲတွင် မန္တလေးအကျဉ်းထောင်မှာ အကျဉ်းသားဦးရေအများဆုံးဖြစ်သည်။ အကျဉ်းသားပေါင်းငါးထောင်ကျော်ရှိသည်။ နေ့လည်စာ ထမင်းတစ်နပ်အတွက် ၂၅သိန်းကျပ် ကုန်ကျခဲ့သည်။ ထိုသို့ ထောင်ခုနစ်ထောင်မှ တရားဟောပြီး ပြန်ကြွလာခဲ့သောကြောင့် ခုနစ်ထောင်ဆရာတော်ဟု ခေါ်ကြခြင်းဖြစ်သည်။

အနာကြီးရောဂါသည် ဆရာတော်ဟု ခေါ်ကြခြင်းမှာ အနာကြီးရောဂါသည်ရွာများကို ရှာဖွေဖော်ထုတ်ပြီး ကူညီထောက်ပံ့သောကြောင့်ဖြစ်သည်။ ကျွန်ုပ်ကူညီထောက်ပံ့ထားသော အနာကြီးရောဂါသည်ရွာများမှာ –

(၁) မန္တလေးတိုင်း၊ မတ္တရာမြို့နယ်၊ နံ့သာမြိုင်ရွာ အိမ်ခြေ ငါးရာကျော်

(၂) ရန်ကုန်တိုင်း၊ လှည်းကူးမြို့နယ်၊ မရမ်းချောင်းရွာ အိမ်ခြေ နှစ်ရာ့ငါးဆယ်ကျော်

(၃) စစ်ကိုင်းတိုင်း၊ စစ်ကိုင်းမြို့ ရွှေမင်းဝန်ရပ်၊ မြရတနာရွာ အိမ်ခြေ တစ်ရာ့ငါးဆယ်ကျော်

(၄) မော်လမြိုင်မြို့ တောင်ဝိုင်းရပ်၊ ခရစ်ယာန်အနာကြီးရောဂါကုဆေးရုံအနီးမှ ရပ်ကွက် အိမ်ခြေတစ်ရာကျော်ခန့်

(၅) မော်လမြိုင်မြို့နယ်၊ ခြောက်မိုင်သွေးသောက်ရွာ၊ အိမ်ခြေ နှစ်ဆယ်ကျော်

(၆) မန္တလေးတိုင်း၊ ပျော်ဘွယ်မြို့နယ်၊ အောင်မြေသာရွာ အိမ်ခြေ သုံးဆယ့်ငါး



www.burmeseclassic.com

www.burmeseclassic.com



(၇) မကွေးတိုင်း၊ ပခုက္ကူမြို့နယ်၊ ခုနစ်အိမ်တန်းရွာ အိမ်ခြေနှစ်ဆယ့်ကိုးတို့ဖြစ်သည်။

မရမ်းချောင်းရွာအတွက် ငွေပဒေသာပင် နှစ်ရာ့လေးသိန်းခန့် ရရှိပြီဖြစ်သည်။ ကျွန်ုပ်နှင့် ဒကာ၊ ဒကာမများမှ တစ်ရာ့လေးသိန်း၊ ဒေါက်တာနိုင်ထွန်းအောင်၊ ဒေါက်တာဝေဝေရှင် မိသားစုမှ ကျပ်သိန်းတစ်ရာမတည်၍ စိုက်ထူထားခြင်းဖြစ်သည်။ ဒေါက်တာနိုင်ထွန်းအောင် မိသားစုသည် ရောဂါသည်မိသားစုများနေနိုင်ရန် ရှစ်သိန်းခန့်တည်သော တန်ဖိုးနည်း အိမ်အလုံးငါးဆယ်ခန့် ဆောက်လုပ်လှူဒါန်းလျှက်ရှိသည်။

ထိုသို့ လှူဖြစ်သည်မှာ ကျွန်ုပ်ရေးသားသော မေတ္တာဖြင့် စီးပွားရှာခြင်း စာအုပ်ကို ဖတ်ရသောကြောင့်ဖြစ်သည်။ ထိုစာအုပ်ထဲတွင် ရောဂါသည်များသည် နေစရာ၊ စားစရာ အခက်အခဲကြောင့် ဘာသာခြားထဲသို့ ပြောင်းကြရပုံ ရေးထား၏။ ထို့အပြင် ကျွန်ုပ်ကိုယ်တိုင် ထောက်ပံ့လှူဒါန်းပုံလည်း ပါ၏။

ဒေါက်တာနိုင်ထွန်းအောင်မိသားစုက စာဖတ်နည်းသုံးနည်းတွင် စာရေးဆရာနှင့် ရင်ဘောင်တန်း၍ ဖတ်နိုင်သူများပင်ဖြစ်၏။ စာဖတ်နည်းသည် စာရေးဆရာနောက်ကလိုက်၍ ဖတ်သောနည်း၊ စာရေးဆရာနှင့် ရင်ဘောင်တန်းဖတ်သောနည်း၊ စာရေးဆရာကို ကျော်ဖတ်သောနည်းဟု သုံးနည်းရှိသည်။ စာရေးဆရာရေးသလောက်သာ သိသော စာဖတ်နည်းကို စာရေးဆရာနောက်ကလိုက်၍ဖတ်သောနည်းဟုခေါ်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုဖတ်နည်းသည် စာရေးဆရာ၏ ရေးရခြင်း ရည်ရွယ်ချက်နှင့် စေတနာကို မသိချေ။ ထို့ကြောင့်လည်း အချို့သောလူများက ကျွန်ုပ်စာအုပ်ကိုဖတ်ပြီး ကိုယ့်ဂုဏ်ကိုဖော်မသူတော်ဟု ဝေဖန်ကြ၏။ ကျွန်ုပ်လှူသော ပရဟိတဒါနအကြောင်းများကို ထည့်ရေးသောကြောင့် ထိုကဲ့သို့ ဝေဖန်ကြခြင်းဖြစ်၏။ ထိုသူများသည် စာရေးဆရာနှင့် ရင်ဘောင်တန်း၍ မဖတ်နိုင်သောကြောင့် ထိုကဲ့သို့ဝေဖန်ကြခြင်းဖြစ်၏။

စာရေးဆရာနှင့် ရင်ဘောင်တန်းဖတ်ခြင်းဟူသည် စာရေးဆရာ၏ ရည်ရွယ်ချက်နှင့် စေတနာကိုသိအောင်ဖတ်နိုင်ကြခြင်းဖြစ်၏။ ထင်ကြီးစေချင်သော ရည်ရွယ်ချက်နှင့် ရေးသည်ဆိုလျှင်ကား ကဲ့ရဲ့ရှုတ်ချရမည်သာဖြစ်၏။ သူလှူသလို လှူစေချင်၍ ရေးခြင်းဆိုလျှင်ကား အပြစ်တင်ဖွယ်မရှိချေ။

ဘုရားရှင်ကိုယ်တော်မြတ်ကြီးပင်လျှင် သူပြုခဲ့သော ဒါနပါရမီအကြောင်းကို အကျယ်ဟောခဲ့သည်သာဖြစ်၏။ ငါဘုရား ဝေဿန္တရာမင်းဖြစ်စဉ်အချိန်က တိုင်းပြည်ကနှင်ထုတ်ခံပြီး ဆင်ဖြူတော်ကြီးကို လှူခဲ့၏။ ယုတ်ညံ့သော ဇူဇကာပုဏ္ဏားအား သားတော်နှင့် သမီးတော်ကို ကျွန်အဖြစ် အသုံးပြုရန်လှူခဲ့၏။ ဇနီးတော် မဒ္ဒီဒေဝီကိုလည်း အလှူခံသောယောကျ်ားအားလှူခဲ့၏။

ဤကဲ့သို့ ဟောကြားသည့်အတွက် ဘုရားရှင်အား ကိုယ့်ဂုဏ်ကိုယ်ဖော်မသူတော်ဟု ဝေဖန်လျှင် ဝေဖန်သူသာ အဝီစိငရဲသို့ ကျဖို့ရှိ၏။ သူကဲ့သို့ ဒါနပါရမီကို ဖြည့်ဆည်းစေချင်သော ရည်ရွယ်ချက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



စေတနာကြောင့် ထိုကဲ့သို့ ထုတ်ဖော်ဟောကြားခြင်းဖြစ်၏။

ကျွန်ုပ်၏ စာများတရားများတွင် ပရဟိတဒါနများအကြောင်း ထုတ်ဖော်ရေးသား ဟောကြားခြင်းသည် ကျွန်ုပ်ကဲ့သို့ လိုအပ်သော နေရာတွင် လှူစေချင်သည့် ရည်ရွယ်ချက်နှင့် စေတနာကြောင့်ပင် ဖြစ်ပါ၏။ နောက်ဆုံးအချက်ဖြစ်သည့် စာရေးဆရာကို ကျော်ဖတ်ခြင်း ဟူသည်ကား မည်သည့်အကြောင်းအရာကိုဖတ်ဖတ် အနှစ်ပေါက် အောင် သစ္စာလေးပါးဆိုက်အောင် ဖတ်ခြင်းပင်ဖြစ်၏။ ဒေါက်တာ နိုင်ထွန်းအောင်နှင့် ဒေါက်တာဝေဝေရင်တို့ကား စာရေးဆရာနှင့် ရင်ဘောင်တန်းဖတ်သူများပင်ဖြစ်ပါ၏။ နံ့သာမြိုင်မှ ဝေဒနာရှင်များ အတွက် အိမ်တော်ရာဘုရား တရားပွဲမှရရှိငွေ ကျပ်သိန်းလေးဆယ်ခန့် ကို မတည်၍ မောင်ကိန်းရွှေဆိုင်မိသားစုနှင့် ဝန်ထမ်းများ လှူဒါန်းငွေ ကျပ်တစ်ဆယ့်သုံးသိန်း စုစုပေါင်းငါးဆယ့်သုံးသိန်းကို ငွေပဒေသာပင် လုပ်ပြီး လုပ်ငန်းရှင်တစ်ဦးကို ပေးသုံးထားလိုက်၏။ တစ်လလျှင် အတိုး တစ်သိန်းသုံးသောင်းခန့်ရ၏။ သို့သော် အစားအသောက်အတွက် ဒုက္ခရောက်နေသော သက်ကြီးရွယ်အိုဝေဒနာရှင် နှစ်ဆယ့်နှစ်ဦးအတွက် တစ်လလျှင် သုံးသိန်းရှစ်သောင်းခန့် ထောက်ပံ့နေရ၏။ လိုအပ်သော ငွေကို ကျွန်ုပ်၏ဓမ္မပူဇာငွေမှ သုံးရ၏။ မြရတနာရွာ လျှပ်စစ်မီးလင်းရေး အတွက် ကျွန်ုပ်နှင့် ဒကာ၊ ဒကာမများမှ ကျပ်သိန်းတစ်ရာ၊ ဆစ်ဒနီ မြို့မှ ဒေါက်တာခင်လေးမြင့်က ကျပ်သိန်းတစ်ရာ စုစုပေါင်း ကျပ်သိန်း နှစ်ရာဖြင့် လျှပ်စစ်မီးလင်းရေး စတင်နိုင်တော့မည်ဖြစ်၏။ ဤကား



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်ရရှိသော ဘွဲ့တံဆိပ်များ၏အမည်ကို အကျယ်ရှင်းလင်းပြချက် ပေတည်း။ ယခု ကျွန်ုပ်ဘဝထဲမှ ရှောင်ကြဉ်စရာအချက်တစ်ချက်ကို တင်ပြတော့မည်ဖြစ်သည်။

ကျွန်ုပ်သည် ပထမကြီးတန်းကို နှစ်ခါတိတိကျပြီးမှ အောင်မြင် ခဲ့၏။ အဘယ့်ကြောင့်နှစ်ကြိမ်တိုင်တိုင် ကျခဲ့ရသနည်း။ အောင်မှတ်ရလျှင် တော်ပြီဟူသောစိတ်ဖြင့် ဝတ်ကျေတန်းကျေ စာကျက်ခဲ့သောကြောင့် ပါတည်း။ စာသင်သားများအတွက် ဘဝနှင့်ရင်းရသော အတွေးအမြင် တစ်ခုကို တင်ပြပါအံ့။

**စာမေးပွဲကျသူမှန်သမျှသည် အောင်မှတ်ရလျှင်တော်ပြီ ဟူသော စိတ်ဖြင့် ဝတ်ကျေတန်းကျေ ကြိုးစားခဲ့သူများချည်း သာဖြစ်သည်။ နံပါတ်တစ်ရစေရမည်ဟူသော ရည်ရွယ်ချက်ဖြင့် ကြိုးစားသူမှန်သမျှ သေချာပေါက် အောင်စာရင်းထဲပါရ၏။ အောင်စာရင်းကြည့်စရာမလိုသောသူများဟု သတ်မှတ်နိုင်၏။**

ကျွန်ုပ်သည် အငယ်တန်း၊ အလတ်တန်းကို နှစ်ချင်းပေါက် အောင်ပြီး အကြီးတန်းသို့ ရောက်ခဲ့၏။ အကြီးတန်းကို နှစ်ချင်းပေါက် အောင်ရန်ဉာဏ်ရည်ဉာဏ်သွေးရှိပါလျက် နှစ်နှစ်ဆက်တိုက်ကျရခြင်းမှာ စာမေးပွဲအပေါ်ထားသော ရည်ရွယ်ချက် မှားယွင်းသွားသောကြောင့်ပင် ဖြစ်၏။ ရည်ရွယ်ချက်အမှားဟူသည် အောင်မှတ်ရလျှင်တော်ပြီဟူသော သေးသိမ်သည့်စိတ်ထားပင်ဖြစ်၏။

အကြီးတန်းတွင် ခုနစ်ဘာသာဖြေရ၏။ ထိုခုနစ်ဘာသာတွင်



www.burmeseclassic.com

www.burmeseclassic.com



အဘိဓာန်၊ အလင်္ကာ၊ ဆန်း။ သုံးကျမ်းပေါင်း တစ်ဘာသာလည်းပါ၏။ ထိုသုံးကျမ်းလုံး ကျက်စာများချည်းသာဖြစ်၏။ အဘိဓာန်မှ အမှတ်လေးဆယ်၊ အလင်္ကာမှ အမှတ်လေးဆယ်၊ ဆန်းမှ အမှတ်နှစ်ဆယ် ဖြစ်၏။ ဝီရိယအားနည်းသော ရေသာခိုချင်သော ကျွန်ုပ်သည် အဘိဓာန်ကို မကျက်ဘဲထားလိုက်၏။

အလင်္ကာမှ အမှတ်လေးဆယ်၊ ဆန်းမှ အမှတ်နှစ်ဆယ်လုံး ရအောင် ဖြေနိုင်လျှင် အောင်ပြီဟု အပိုင်တွက်ထား၏။ ထိုနှစ်ကျမ်းကိုကား ပိုင်အောင်ကြိုးစားကျက်ထား၏။ အမှတ်ခြောက်ဆယ်ဖိုးဖြေနိုင်လျှင် လေးဆယ်ဖိုး အဘိဓာန်ကို မကျက်ဘဲထားလိုက်၏။

တကယ်ဖြေရသောအခါ အမှတ်ခြောက်ဆယ်ထဲမှ အမှတ်လေးဆယ်ရအောင်မဖြေနိုင်ခဲ့ပါ။ ထို့ကြောင့် အကြိုးတန်းတစ်နှစ်ကျခဲ့ရသည်။ သင်ခန်းစာယူတတ်သူအတွက် အမှားကို ကြောက်စရာမလိုပေ။ အမှားသည် အမှန်ကို မွေးဖွားပေးတတ်သော မိခင်နှင့်တူ၏။

**စိတ်ဓာတ်ပျော့ညံ့သောသူများသည် အမှားကိုအောက်သို့ဆင်းသော လှေကားထစ်အဖြစ် အသုံးချကြ၏။ စိတ်ဓာတ်ခိုင်မာသောသူများသည် အမှားကို အထက်သို့တက်သော လှေကားထစ်အဖြစ် အသုံးချကြသည်။**

ကျွန်ုပ်သည် နောက်နှစ်တွင် အားနည်းသော အဘိဓာန်ကို ကြိုးစားကျက်မှတ်ရာ အကုန်နီးပါးရသွား၏။ ကျွန်ုပ်ဘဝမှ ရှောင်စရာများကို ဖော်ပြရင်းမှ ဆောင်စရာတစ်ကွက်လည်း သတိရလာသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ဖော်ပြပေးဦးအံ့။ လွန်ခဲ့သော ၁၉၈၅ ဝန်းကျင်က တောင်သာမြို့တွင် အကြီးတန်းအောင်မြင်သူ အလွန်ရှားပါး၏။ ကျွန်ုပ်ဖြေဆိုသောနှစ်တွင် အကြီးတန်းဖြေဆိုသူ သုံးပါးသာရှိ၏။ ထိုသုံးပါးတွင် ရဟန်းတစ်ပါး၊ ကိုရင်နှစ်ပါးဖြစ်၏။ ကိုရင်နှစ်ပါးမှာ ကျွန်ုပ်နှင့် သီလာစာရတို့ဖြစ်၏။ သီလာစာရသည် တောင်သာမြို့နယ် ဆယ်ကုန်းရွာမှဖြစ်သည်။ သူသည် နှမ်းပါးသော စာသင်သားတစ်ပါးဖြစ်သည်။

ထို့ကြောင့် ကျွန်ုပ်က တတ်နိုင်သမျှ ထောက်ပံ့လေ့ရှိ၏။ ကျွန်ုပ်ယခုလို ထောက်ပံ့နိုင်ခြင်းမှာ ပေါများခြင်းကြောင့်ကားမဟုတ်။ မိမိအတွက် မလိုအပ်တာကို မသုံးခြင်း၊ နှမ်းပါးသူများကို ကူညီထောက်ပံ့လိုခြင်းဟူသော အချက်နှစ်ချက်ကြောင့် ထောက်ပံ့နိုင်ခြင်းဖြစ်သည်။

ကျွန်ုပ်၏မိဘများသည်လည်း ပန်းရံ၊ ကုန်စိမ်းရောင်း စသော လက်လုပ်လက်စားများသာဖြစ်ခြင်းကြောင့် ကျွန်ုပ်ကို ကောင်းကောင်း ထောက်ပံ့နိုင်ခြင်းမရှိချေ။ မြို့နယ်ကြာကန် ဝိနည်းစာမေးပွဲအောင်ဆု အဖြစ်ရသော ဝတ္ထုငွေငါးဆယ်ခန့် သံဃာကုန်ဆွမ်းစားပင့်သည့်အခါ ရတတ်သော နဝကမ္မငွေများကို စုထားသည့်အတွက် လိုအပ်သော စာသင်သားများကို ထောက်ပံ့နိုင်ခြင်းဖြစ်သည်။

ထိုအချိန်က တောင်သာမြို့တွင် ကိုရင်များ အကြီးတန်း အောင်ပါက ချမ်းသာသော ရဟန်းဒကာများ အပြိုင်အဆိုင်ပေါ်တတ်သည်။ သုံးပါးဖြေရာတွင် ကိုရင်သီလာစာရ တစ်ပါးတည်းသာအောင်သဖြင့် ကျွန်ုပ်မှာ ဝမ်းသာလိုက်သည်ဖြစ်ခြင်း၊ ကိုယ်စာမေးပွဲကျတာ



www.burmeseclassic.com

www.burmeseclassic.com



ကိုပင် ဝမ်းနည်းရဖို့ မေ့သွားခဲ့ရသည်အထိပင်။

နှမ်းပါးသော ကိုရင်တစ်ပါး။ ချမ်းသာသောဒကာနှင့်တွေ့ရသည့်အတွက် အဆင်ပြေတော့မည်မဟုတ်ပါလား။ တကယ်လည်း ချမ်းသာသော မိသားစုတစ်စုက ကိုရင်သီလာစာရကို ရဟန်းခံပေးကြပါသည်။ ဣဿာနှင့် မစ္ဆရိယ (မနာလိုခြင်းနှင့် ဝန်တိုခြင်း) သည် အနုသယအနေနှင့် ရှိနေသောကြောင့် ပုထုဇဉ်အများစုသည် ကိုယ့်ထက် သာသွားလျှင် မနာလိုဖြစ်သည်ကများ၏။

သို့ပါလျက် ပုထုဇဉ်မျှသာဖြစ်သော ကျွန်ုပ်သည် မိမိထက် သာသွားသော ကိုရင်သီလာစာရအပေါ် အဘယ်ကြောင့်မနာလိုစိတ် မဖြစ်ရလေသနည်း။ ဣဿာမစ္ဆရိယ မဖြစ်သူသုံးဦးရှိ၏။ ယင်းတို့ကား–

(၁) သောတာပန် တည်ပြီးသော အရိယာပုဂ္ဂိုလ်

(၂) ပင်ကိုယ်က သူတော်ကောင်းဓာတ်ခံရှိသော သဘောဖြူ အစ္စင်းပုဂ္ဂိုလ်

(၃) ဣဿာမစ္ဆရိယ၏ ဆိုးကျိုးများကို သိထားသော ပုဂ္ဂိုလ်တို့ ဖြစ်၏။

ကျွန်ုပ်သည် နှစ်နှင့် သုံးတစ်ခုခုကြောင့် ဖြစ်ပါလိမ့်မည်။

မွေးမည့်မွေးလျှင် ကြက်တွေ၊ ဘဲတွေပဲမွေးပါ။ မနာလို စိတ်နဲ့ ဝန်တိုစိတ်ကိုမမွေးပါနဲ့။

အဘယ့်ကြောင့်ဆိုသော်အကုသိုလ်ဖြစ်တာခြင်း၊ အပယ် ကျတာခြင်းတူသော်လည်း ကြက်တွေ၊ ဘဲတွေမွေးတာကကြက်ဥ၊



www.burmeseclassic.com

www.burmeseclassic.com



ဘဲဉစားပြီးမှအပါယ်ကျတာ။ မနာလိုစိတ်နဲ့ ဝန်တိုစိတ်ကိုမွေးတာကျတော့ ဘာမှမစားရဘဲ အပါယ်ကိုကျတာကြောင့်ပါ။

ဟူသော ဝန်းသိုမြို့ ခန္တီးဆရာတော်ဘုရားကြီး ဘဒ္ဒန္တသုဇနေ၏ ဩဝါဒကို နာယူမှတ်သားဖူးသူမှန်သမျှ ဣဿာမစ္ဆရိယ ဖြစ်ပေါ်မည်မဟုတ်ပေ။ ကိုယ့်ထက်သာသူကို တွေ့လိုက်ရလျှင် ဝမ်းမြောက်ပါက မုဒိတာကုသိုလ်ဖြစ်မည်။ မနာလိုလိုက်ပါက ဣဿာအကုသိုလ်ဖြစ်မည်။

နေရင်းထိုင်ရင်း ကုသိုလ်ယူသင့်သည့်နေရာမှာ ကုသိုလ်မယူဘဲ အကုသိုလ်ကိုယူခြင်းသည် စိတ်ထားအလွန်သေးနုပ်ရာ ရောက်ပေသည်။ ဗြဟ္မစိုရ်တရားလေးပါးတွင် ကရုဏာလည်းပါ၏။ မုဒိတာလည်းပါ၏။ ကိုယ့်အောက်နိမ့်ကျသူကို သနားလည်း ကုသိုလ် ဖြစ်၏။ ကိုယ့်ထက်မြင့် သူအပေါ်ဝမ်းသာလည်း ကုသိုလ်ဖြစ်၏။

ကုသိုလ်ဖြစ်တာခြင်းတူသော်လည်း မြန်မာအများစုသည် ကရုဏာကုသိုလ်ကိုသာ ယူတတ်ကြပြီး မုဒိတာကုသိုလ်ကို မယူတတ်ကြပေ။ သေချာတွေးကြည့်လျှင် ကရုဏာကုသိုလ်ဖြစ်ဖို့အတွက် မိမိအိတ်ထဲက စိုက်ထုတ်ရသေးသော်လည်း မုဒိတာကုသိုလ်ဖြစ်ဖို့အတွက်ကား တစ်ပြားတစ်ချပ်မှ မကုန်ခြင်းပင်ဖြစ်၏။

သို့သော် မြန်မာအများစုသည် ပိုက်ဆံကုန်သော ကရုဏာကုသိုလ်သာဖြစ်လိုကြ၏။ ပိုက်ဆံမကုန်သော မုဒိတာကုသိုလ်ကား မဖြစ်လိုကြပေ။ မုဒိတာကုသိုလ်အဖြစ်နည်းသောကြောင့် မြန်မာနိုင်ငံသည် သယံဇာတပစ္စည်းပေါများကြွယ်ဝပါလျက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှု



www.burmeseclassic.com

www.burmeseclassic.com



ရေး၊ ဘာသာရေးတို့တွင် အောက်ဆုံးအဆင့်သို့ ရောက်နေရခြင်း ဖြစ်သည်။

ဣဿာသည် ပညာမဲ့တို့၏ဣဿာနှင့် ပညာတတ်တို့၏ ဣဿာဟုနှစ်မျိုးရှိ၏။ ပညာမဲ့တို့၏ဣဿာသည် ပေါ်လွင်ထင်ရှား၏။ ပညာတတ်တို့၏ ဣဿာကား သိမ်မွေ့နူးညံ့၏။ မပေါ်လွင်မထင်ရှားပေ။ ပညာတတ်တို့သည် မိမိထက်သာသွားသူအပေါ် မနာလိုဖြစ်သည့်အခါ ထိုသူ၏မှားကွက်လေးများကို မဂ္ဂဇင်းစာမျက်နှာတွင် ထောက်ပြတတ်၏။

စေတနာမှန်ဖြင့်ဆိုလျှင် ထိုစာရေးဆရာထံ စာရေးပြီး အားနည်းချက်၊ ချို့ယွင်းချက်လေးကို သတိပေးရမည်ဖြစ်သည်။ မဂ္ဂဇင်းစာမျက်နှာတွင် ဖွလိုက်ပြီဆိုသည်နှင့် ငါကသာတတ်သည်။ ထိုစာရေးဆရာသည် ဘာမျှမတတ်၊ ပညာမတတ်သော ထိုစာရေးဆရာကို မကိုးကွယ်ကြနဲ့၊ ငါ့ကိုသာ ကိုးကွယ်ကြဟူသော မာန၊ လောဘ၊ ဣဿာ၊ မစ္ဆရိယသဘောများသည် အလိုလိုပါသွားပြီဖြစ်သည်။

လွန်ခဲ့သော ခုနစ်နှစ်ခန့်က ရန်ကုန်တွင် ဝမ္ဗိမာန်စာပေပြိုင်ပွဲတစ်ခုကျင်းပ၏။ ထိုအချိန်က ကျွန်ုပ်မှာ နာမည်မရသေးသဖြင့် လုံးချင်းစာအုပ်ထုတ်ဝေရန် ခက်ခဲနေချိန်ပင်ဖြစ်သည်။ ပြိုင်ပွဲမှာ ပထမဆုတစ်ဆုသာ ရွေးချယ်မည်ဖြစ်သည်။ ရွေးချယ်ခံရသော စာမူကိုလည်း စာအုပ်ထုတ်ပေးမည်ဖြစ်သောကြောင့် ကျွန်ုပ်တို့လို နာမည်မရသေးသော ကလောင်ရှင်များအတွက် သွားရည်ကျစရာပင်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်က မြစ်ကြီးနားတွင်နေသော စာရေးဆရာ ပန်းဒကာ ကိုတင်မြင့်မှာ ထိုသတင်းကိုမသိရှာပေ။ သူ၏အရည်အချင်းကို သိထားသောကျွန်ုပ်က ပြိုင်ပွဲဝင်ပုံစံစာရွက်များပို့ယူပြီး မြစ်ကြီးနားသို့ ပို့ပေးလိုက်သည်။ မဖြစ်မနေပြိုင်ပွဲဝင်ရန်လည်း တိုက်တွန်းလိုက်သည်။ ကျွန်ုပ်သည် သီလအစွမ်းအံ့မခန်းအမည်ရှိစာမူကို တင်သွင်းယှဉ်ပြိုင်သည်။ ပန်းဒကာကိုတင်မြင့်က ဗုဒ္ဓဘာသာအရေး ဓမ္မဒေသနာ အတွေးအမြင်များအမည်ရှိ စာမူကို တင်သွင်းယှဉ်ပြိုင်သည်။

လိုရင်းချုပ်လိုက်သောအခါ ပန်းဒကာ ကိုတင်မြင့် စာမူ ရွေးချယ်ခံရသည်။ ကျွန်ုပ်၏စာမူ ရွေးချယ်မခံရ။ ထုံးစံအတိုင်းဆိုလျှင် မနာလိုစိတ်ဖြစ်ပေါ်ရမည်။ သို့သော် ကျွန်ုပ်ကား ဝမ်းမြောက်သော မုဒိတာစိတ် ဖြစ်ပေါ်ခဲ့သည်။ မုဒိတာဖြစ်ပေါ်ကြောင်း အထောက်အထား ပြပါဟု စောဒကတက်လာပါက ယခုလိုဖြေဆိုပါမည်။

ကျွန်ုပ်သည် ပန်းဒကာကိုတင်မြင့်ထံ ဝမ်းမြောက်သောစာနှင့် အတူ ငွေကျပ်နှစ်သောင်းကိုပါ ပေးပို့ဂုဏ်ပြုခဲ့သည်။ ကံသုံးပါးတွင် မနောကံက ဦးဆောင်သည်။ ကာယကံ၊ ဝစီကံ၊ မနောကံ ခိုင်းသည့်အတိုင်းလုပ်ကြရ၊ ပြောကြရသည်။ ကျွန်ုပ်စိတ်တွင် မနာလိုစိတ်သာ ဖြစ်ပေါ်မည်ဆိုပါက ပန်းဒကာကိုတင်မြင့်၏စာမူ ရွေးချယ်ခံရကြောင်း ကြားရသောအခါ မသိချင်ယောင်ဆောင်နေမည်သာဖြစ်သည်။

ကျွန်ုပ်စိတ်၌ဝမ်းမြောက်သော မုဒိတာစိတ် ဖြစ်သောကြောင့် သာဝမ်းမြောက်ကြောင်းစာနှင့်အတူ ငွေနှစ်သောင်းကျပ်ကို ပေးပို့ဂုဏ်ပြု



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ခြင်းဖြစ်သည်။ ကိုရင်သီလာစာရ အကြီးတန်းအောင်စဉ်ကလည်း ထိုကဲ့သို့ပင် ဝမ်းမြောက်ကြောင်းစာကို ပေးပို့ခဲ့သည်။ ဤအချက် နှစ်ချက်ကြောင့် ကျွန်ုပ်ကိုယ်ကျွန်ုပ် တကယ်ကြည်ညိုမိသည်။

ပညာတတ်ဖြစ်ဖို့ထက် သူတော်ကောင်းဖြစ်ဖို့က ပို၍ခဲယဉ်းသည်ဟု ကျွန်ုပ်ယူဆသည်။ ပညာတတ်မဖြစ်လို့ အပါယ်မကျ။ သူတော်ကောင်းမဖြစ်လျှင်သာ အပါယ်ကျသည်မဟုတ်ပါလော။ ရဟန်းဘဝတွင် လူအများက ကြည်ညိုဖို့ခဲယဉ်း၏။ လူအများက ကြည်ညိုရာတွင်လည်း အမျိုးသမီးများထက်၊ အမျိုးသားများက ကြည်ညိုဖို့ ပို၍ခဲယဉ်း၏။ အမျိုးသားများက ကြည်ညိုဖို့ထက် ရဟန်းအချင်းချင်းက ကြည်ညိုဖို့ ပို၍ခဲယဉ်း၏။ ရဟန်းအချင်းချင်းက ကြည်ညိုဖို့ထက် မိမိကိုယ်မိမိ ကြည်ညိုဖို့က ပို၍ခဲယဉ်း၏။ တရားထူး တရားမြတ်ဟူသည် မိမိကိုယ်မိမိ တကယ်ကြည်ညိုသူများသာ ရရှိနိုင်သည်။ ထို့ကြောင့် တရားထူး တရားမြတ်ရဖို့ထက် မိမိကိုယ်မိမိ တကယ်ကြည်ညိုဖို့ကြိုးစားသင့်၏။ ထိုအချက်များကိုကြည့်၍ ဖော်ပြလတ့်သော ဓမ္မဒဿနတစ်ခု ကျွန်ုပ်၏ ဦးခေါင်းထဲတွင်ပေါ်လာ၏။ ထိုဒဿနကား–

သူတစ်ပါးကို မကြည်ညိုလျှင် ကုသိုလ်မရရုံဘဲရှိမည်။
ကိုယ့်ကိုယ်ကို မကြည်ညိုလျှင် အပါယ်ကျတတ်သည်။
အကြောင်းမှာ သူတစ်ပါးကို လိမ်ညာ၍ရသော်လည်း
မိမိကိုယ်မိမိ လိမ်ညာ၍ မရသောကြောင့်တည်း။

ဟူ၍ဖြစ်၏။ ကျွန်ုပ်ဘဝမှ ရှောင်စရာဒုတိယမြောက်အချက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်ကို ဖော်ပြပေဦးအံ့။ ကျွန်ုပ်သည် ပထမကြီးတန်းအောင်မြင်သည်ဟုထင်သဖြင့် တောင်သာမြို့မှ မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ်သို့ ပြောင်းရွှေ့ခဲ့၏။ ထိုကျောင်းရောက်မှ အကြီးတန်းကျမှန်းသိရ၏။ စိတ်မပျက်ဘဲ အားနည်းသော အဘိဓာန်ဂါထာများကို ကြိုးစားကျက်ပြီး ဒုတိယအကြိမ်မြောက် ပထမကြီးတန်းကို ဝင်ရောက်ဖြေဆို၏။

ဒုတိယအကြိမ် ကျပြန်ပါလေ၏။ ကျသောဘာသာမှာ ကစ္စည်းသဒ္ဒါဖြစ်သည်။ ကျရခြင်း၏အကြောင်းကို ဆန်းစစ်ကြည့်သောအခါ ရူပသိဒ္ဓိကျမ်းကို ပေါက်ရောက်အောင် မသင်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း တွေ့ရသည်။

ထိုအချက်နှင့်ပတ်သက်၍ တောင်သာမြို့၊ ကျောင်းသစ်ကျောင်းစာသင်တိုက်မှ ယခင်စာချဆရာတော် ယခုပဓာနနာယကဆရာတော်ဖြစ်သော ဆရာတော် ဦးနန္ဒောဘာသ၏ ဉာဏ်ထက်အောင်စာကြည့်နည်းဩဝါဒကို အမှတ်ရမိသည်။ ဆရာတော်က ယခုလိုဩဝါဒပေးခဲ့သည်။

“စာသင်သားတွေ ဉာဏ်ထက်ချင်လျှင် ရူပသိဒ္ဓိ၊ ဋီကာကျော်၊ ကစ္စည်းအဋ္ဌကထာ၊ မူရင်းကျမ်းစာတွေကို ဆရာဆီမှာ ပေါက်မြောက်အောင်တက်ရမည်။ ပို့ချပေးမည့်ဆရာမရှိလျှင် ကိုယ်တိုင်နိဿယတိုက်တက်ရမည်။ နိဿယတိုက်ရင်း ကျမ်းရင်း အဓိပ္ပာယ်တွေကိုကြည့်ပြီး ကိုယ်တိုင်ပုစ္ဆာထုတ်ပြီး ဖြေဆို လေ့ကျင့်ရတယ်။ ဒါမှ ဉာဏ်ဟာ ပိုထက်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို မဟုတ်ဘဲ အချောင်စိတ်နဲ့ သူတစ်ပါး ဉာဏ်ထုတ်ပြီးသား အမေးအဖြေစာအုပ်တွေချည်းပဲကြည့်နေရင် ပင်ကိုယ်ဉာဏ် မထွက်တော့ဘဲ ရှိပြီးသားဉာဏ်တောင် တုံးသွားတတ်တယ်''

ထိုသြဝါဒစကားကို မလိုက်နာမိသောကြောင့် ကျွန်ုပ်သည် ဒုတိယအကြိမ်မြောက် အကြီးတန်းစာမေးပွဲကျခဲ့ရပြန်သည်။ ကျွန်ုပ်သည် အချောင်ခိုကာ အမေးအဖြေစာအုပ်များကိုသာ ကြည့်ခဲ့သည် မဟုတ် ပါလော။ ပုစ္ဆာထုတ်သူက မူရင်းကျမ်းကိုကိုင်ပြီး ခက်ခဲသည့် ပုစ္ဆာများကိုမေးသောအခါ အမေးအဖြေစာအုပ်ကိုသာ အားကိုးသော စာသင်သားတို့ မဖြေနိုင်တော့ပေ။

> အမှားသည် ကြောက်စရာမဟုတ်၊ ထိုအမှားကို သင်ခန်းစာ မယူတတ်သူအတွက်သာ ကြောက်စရာ ဖြစ်သည်။ အမှားဟူသောမိခင်သည် အမှန်ဟူသော သားသမီးကိုမွေးဖွားပေးတတ်သည် မဟုတ်ပါလော။ အခက်အခဲသည်ကြောက်စရာမဟုတ်၊ အခက်အခဲကို လွန်မြောက်အောင် ကြိုးစားချင်စိတ်မရှိမှုသည်သာ ကြောက်စရာဖြစ်သည်။ အခက်အခဲကြီးလေ၊ အောင် ပွဲကြီးလေဟူသော စကားကို မမေ့အပ်ပေ။

ကျွန်ုပ်သည် နောက်နှစ်မှစ၍ ရူပသိဒ္ဓိ၊ ဋီကာကျော်၊ ကစ္စည်း ကထာသို့ကို ကျမ်းပေါက်အောင်တစ်ဝါလိုက်သည်။ ပို့ချသူမရှိသောအခါ ကိုယ်တိုင် နိဿယတိုက်ပြီး ပုစ္ဆာထုတ်သည်။ ထို့နောက် ကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



ဖြေကြည့်သည်။ ထိုနှစ်တွင် တစ်နိုင်ငံလုံး နံပါတ်တစ်စွဲရမည်ဟူသော စိတ်ဖြင့် ကြိုးစားသည်။ သတ်မှတ်ကျမ်းစာများကို အားလုံးပိုင်နိုင်နေသူအတွက် စာမေးပွဲဖြေရခြင်းသည် ပျော်စရာတစ်ခုဖြစ်နေ၏။ ကြောက်စရာမဟုတ်တော့ပေ။

နံပါတ်တစ်ကိုမှန်းပြီး ကြိုးစားသူအတွက် နံပါတ်တစ်ရရန် သေချာပေါက် မပြောနိုင်သော်လည်း ရိုးရိုးအောင်ရန်ကား ရာနှုန်းပြည့် သေချာ၏။ ထိုနှစ်က အကြီးတန်းစာမေးပွဲ ဖြေဆိုသောအခါ ပုစ္ဆာကို ကျော်ဖတ်ကြည့်စရာမလို တစ်မှတစ်ဆယ်အထိ အစဉ်တိုင်းဖတ်ပြီး အစဉ်တိုင်းဖြေသွားနိုင်ခဲ့သည်။

အောက်သက်ကြေအောင် စာဝါများလိုက်ခဲ့သောကြောင့် ပထမကြီးတန်းစာဝါအားလုံးကို စာသင်သားများ လက်ခံနိုင်သည်အထိ ပြန်လည်ပို့ချပေးနိုင်ခဲ့သည်။ ကျွန်ုပ်ဘာသာစုံ ပို့ချပေးမှုကြောင့် ပထမကြီးတန်းအောင်သွားသော စာသင်သားများ ရှိခဲ့သည်။ ကျွန်ုပ်ဘဝမှ တတိယမြောက် ရှောင်စရာအချက်ကို ဖော်ပြပါအံ့။

ဖော်ပြလတ့်သော ဩဝါဒကို ကျွန်ုပ်အသက်နှစ်ဆယ်ခန့်ကသာ နာယူမှတ်သားခဲ့ရမည်ဆိုလျှင် ယခုအသက်လေးဆယ်ကျော် အရွယ်တွင် ကျွန်ုပ်သည် တိပိဋကဓရ၊ တိပိဋကကောဝိဒ ဆရာတော်တစ်ပါးဖြစ်နေပေလိမ့်မည်။ သို့သော် ထိုဩဝါဒကို အသက်လေးဆယ် အရွယ်မှ နာယူမှတ်သားရသောကြောင့် ပိဋကတ်သုံးပုံအောင် ဆရာတော်တစ်ပါး မဖြစ်နိုင်တော့ပေ။ ထိုဩဝါဒကို အသင်စာသင်သားသည်



www.burmeseclassic.com

www.burmeseclassic.com



အမြန်ဖတ်ရှုပါလေလော့–

မွန်မြတ်ကြီးကျယ်ခက်ခဲသော လုပ်ငန်းများကို သာမန်ပုဂ္ဂိုလ်များ မဆောင်ရွက်နိုင်ကြဘဲ ပါရမီရှင်များသာ ဆောင်ရွက်နိုင်သည်။ ပါရမီရှင် ဟုတ်–မဟုတ်သိနိုင်ရန် ကြီးကျယ်ခက်ခဲသောလုပ်ငန်းကြီးများကို ကိုယ်တိုင်အားထုတ်ဆောင်ရွက်ခြင်းအားဖြင့် စမ်းသပ်ကြည့်သင့်ပါသည်။ ကိုယ်တိုင်အားထုတ်မှုမရှိဘဲလုပ်ငန်း၏ ကြီးကျယ်ခက်ခဲပုံကိုတွေးဆပြီး ကြောက်ရွံ့ဆုတ်နစ်နေလျှင် ပါရမီရှင် ဟုတ်–မဟုတ်မသိနိုင်ပါ။ ဥပမာ–အာဒိကမ္မိက တိပိဋကဓရ မင်းကွန်းဆရာတော်ကြီးသည် တိပိဋကဓရ စာမေးပွဲကြီး၏ ကြီးကျယ်ခက်ခဲပုံကို တွေးကြောက်လျက် အားမထုတ်ဘဲနေခဲ့မည်ဆိုလျှင် ပါရမီရှင် ပုဂ္ဂိုလ်ထူးကြီးဖြစ်မလာနိုင်ပါ။ သို့ဖြစ်လျှင် မြန်မာပြည်၌ ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီးသည်လည်းကောင်း၊ တိပိဋကဓရပုဂ္ဂိုလ်ထူးများကို မွေးထုတ်ပေးရာ တိပိဋကနိကာယ ကျောင်းတိုက်ကြီးသည်လည်းကောင်း၊ ရန်ကုန်မန္တလေး သာသနာ့တက္ကသိုလ်ကြီးများ စသည်တို့သည်လည်းကောင်း၊ ဖြစ်လာနိုင်ဖွယ်မရှိပါ။ မင်းကွန်းတိပိဋကဓရဆရာတော်ကြီးသည် ပါရမီရှင်ဟုတ်–မဟုတ်သိရအောင် တိပိဋကဓရစာမေးပွဲကြီးကို ကိုယ်တိုင်အားထုတ် ဆောင်ရွက်စမ်းသပ်ခဲ့မှုကြောင့် ပထမဦးဆုံး တိပိဋကဓရ ပါရမီရှင်ပုဂ္ဂိုလ်ထူးကြီးဖြစ်လာခဲ့ပြီး၊ မြန်မာပြည် ဗုဒ္ဓသာသနာတော်၌ ထွန်းတောက်လျက်



www.burmeseclassic.com

www.burmeseclassic.com



အကျိုးပြုလုပ်ငန်းကြီးပေါင်းများစွာကို ဆောင်ရွက်ပေးတော်မူနိုင်ခဲ့ပါသည်။ ထို့ကြောင့် ပါရမီရှင်ဟုတ်–မဟုတ် (ပါရမီ ရှိ–မရှိ) သိရအောင် ကြီးကျယ်ခမ်းနားခက်ခဲသော လုပ်ငန်းများကို တွေးကြောက်မနေဘဲ ကိုယ်တိုင်အားထုတ် ဆောင်ရွက်လျက် စမ်းသပ်ကြည့်သင့်လှပါသည်။

(ရန်ကုန်တိပိဋကဆရာတော်–အရှင်ကုဏ္ဍလ)

ကျွန်ုပ်သည် ငါးဝါခန့်အရက ငယ်–လတ်–ကြီး စာသင်သားများအားစာချရင်း ပါရာဇိကဏ်ပါဠိတော်ကို ကျက်မှတ်နေသည်။ ငယ်စဉ်ကတည်းက တိပိဋကတစ်ပါးဖြစ်ရန် ရည်ရွယ်ချက်ရှိခဲ့သည်။ ထို့ကြောင့် စာချရင်း ယခုလိုကျက်မှတ်နေခြင်းဖြစ်သည်။ ကျွန်ုပ်၏ ဉာဏ်အဆင့်ကား အလတ်တန်းစား မရောက်တစ်ရောက် အဆင့်လောက်သာ ဖြစ်သည်။

တစ်နေ့လုံးကျက်မှတ်လျှင် ပါဠိတော်စာမျက်နှာ သုံးမျက်နှာခန့်အထိရသည်။ စာဝါပို့ချချိန်များသောအခါတွင်ကား သုံးမျက်နှာပင် မရတော့ချေ။ တစ်မျက်နှာခန့်ဖြင့် ပြီးရသောနေ့ကများ၏။ ပါရာဇိကဏ် ပါဠိတော် သုံးပုံနှစ်ပုံခန့် ကျက်မှတ်ပြီးသောအချိန်မှာပင် မင်းကွန်းတွင် တိပိဋကလိုက်နေသော ရဟန်းတော်တစ်ပါး အကျွန်ုပ်တို့ စာသင်တိုက်သို့ ခေတ္တလာတည်းသည်။

ကျွန်ုပ်သည် တိပိဋကပုစ္ဆာဟောင်းပေါင်းချုပ်များကိုပင် ဝယ်ယူစုဆောင်းပြီး ဖြစ်သည်။ တိပိဋကစာမေးပွဲ အတွေ့အကြုံများကို



www.burmeseclassic.com

www.burmeseclassic.com



ထိုရဟန်းတော်ထံ မေးမြန်းစုံစမ်းကြည့်မိသည်။ သူ့ထံမှ သိရသည်မှာ တိပိဋကစာသင်သား များတွင် ဉာဏ်နုံ့သောပုဂ္ဂိုလ်များသည် တစ်နာရီ ကျက်လျှင် ပါဠိတော် စာမျက်နှာ (၁၀)မျက်နှာခန့် ရသည်။

ဉာဏ်ထက်သော စာသင်သားများသည် တစ်နာရီကျက် လျှင် ပါဠိတော်စာမျက်နှာ (၂၀)ခန့် ရကြသည်။ ထိုသို့ သိလိုက်ရ သည်နှင့် အကျွန်ုပ်သည် စိတ်မရောက်ခင်မြားကုန်ပြီး စိတ်ဓာတ် အကြီးအကျယ်ကျသွားသည်။ ဤဘဝတွင် ပိဋကတ်သုံးပုံ အောင်မြင် သော ပုဂ္ဂိုလ်မဖြစ်နိုင်တော့ဟု ဆုံးဖြတ်ချက်ချလိုက်သည်။ ထိုနေ့မှစ၍ ပါရာဇိကဏ် ပါဠိတော်ကို ဆက်မကျက်ဖြစ်တော့ပေ။ ဤကား အကျွန်ုပ်၏ မဟာအမှားကြီးပင်ဖြစ်၏။ အမှန်အားဖြင့် ဝီရိယကို လျှော့ချမပြစ်သင့်၊ ဉာဏ်ထက်သူများ တစ်နှစ်ကျက်ရသည်ဆိုပါက အကျွန်ုပ်ကား သုံးနှစ်ကျက်လျှင် ရနိုင်သည်သာ။ ကျား၏တစ်လှမ်းကို သမင်ဆယ်လှမ်းလှမ်းလျှင် မှီနိုင်သည်မဟုတ်ပါလော။

အကျွန်ုပ်ဘဝမှာ စာမေးပွဲနှင့်ပတ်သက်သော ဆောင်စရာ တစ်ခုဖြင့် ဤဆောင်းပါးကို နိဂုံးချုပ်ပါအံ့။ အကျွန်ုပ် မြို့ငယ်စာသင် တိုက်လေးတွင် ရှားရှားပါးပါး၊ ချို့ချို့တဲ့တဲ့ စာသင်နေခိုက်ကပင် ဖြစ်ပါ ၏။ မိဘများက ငွေမပို့နိုင်သဖြင့် မြို့နယ်မှကျင်းပသော ဝိနည်းစာမေးပွဲ ကို အောင်မြင်အောင်ဖြေဆိုပြီး ထိုစာမေးပွဲမှ ရသောဆုငွေဖြင့် တစ်နှစ် ပတ်လုံး လောက်ငအောင် သုံးစွဲဖို့ ဆုံးဖြတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ဝိနည်းဘာသာကိုလည်း ပါဠိ–နိဿယ အဓိပ္ပာယ်အကုန်ရအောင် ကြိုးစားထား၏။ ကျောင်းတွင်း အစမ်းစာမေးပွဲများတွင် အမှတ် (၁၀၀) ဖိုးမေးပါက အမှတ် (၈၀) အောက် တစ်ခါမှမလျော့ခဲ့။ တစ်ခါတစ်ရံ အမှတ် (၁၀၀) ပင် ပြည့်အောင် ရဖူး၏။ ထို့ကြောင့် ဝိနည်းစာမေးပွဲကို အောင်မြင်အောင် ဖြေဆိုပြီး၊ ထိုစာမေးပွဲမှရသောဆုငွေဖြင့် တစ်နှစ်ပတ်လုံး လောက်ငအောင်သုံးစွဲဖို့ ဆုံးဖြတ်လိုက်၏။

ထိုအချိန်က ရိုးရိုးအောင်လျှင် ဝတ္ထုငွေ (၅၀)ကျပ်ရ၏။ အစိုးရပထမငယ်တန်းအောင်ဆုငွေနှင့်အတူတူ ဖြစ်သည်။ ၁၉၈၅ခုနှစ်ခန့်က နံပါတ် (၁)ရလျှင် ကျပ်(၁၅၀)ချီးမြှင့်သည်။ အံ့ဩစရာကောင်းလှ၏။ ဝိနည်း စာမေးပွဲကျင်းပခြင်းသည် ကိုယ်ကျင့်သီလကောင်းရန်အတွက်ဖြစ်သည်။ သို့သော် စာသင်သားအများစုကား ဝိနည်းဘာသာသင်ကြားရခြင်း၏ အဓိက ရည်ရွယ်ချက်ကို မသိကြချေ။ စာမေးပွဲဖြေရန် တစ်ပတ်ခန့် လိုသောအချိန်မှာပင် ပထမငယ်တန်း ဝိနည်းပုစ္ဆာများပေါက်လာသည်။ ပုစ္ဆာရောက်လာသော ပထမကြီးတန်း ကိုယ်တော်တစ်ပါးက ကျွန်ုပ်ထံသို့ ထိုပုစ္ဆာများကို ငွေ(၅၀)ကျပ်ဖြင့် လာရောင်းသည်။

အကျွန်ုပ်ကား ထိုပုစ္ဆာများကို မဝယ်ပေ။ အလကားပေးလျှင်လည်းယူမည်မဟုတ်ပေ။ အကျွန်ုပ်မယူလိုကြောင်း ပြောလိုက်သောအခါ ထိုကိုယ်တော်က စိတ်ဆိုးပြီး အကျွန်ုပ်ကို ယခုလိုပြန်ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



ပေ။ အကျွန်ုပ်သည် အားငယ်စိတ်ဝင်မိသဖြင့် ဓမ္မာရုံအတွင်းရှိ ဗုဒ္ဓရုပ်ပွား တော်ရှေ့သွားပြီး ယခုလိုသစ္စာပြု၏။

"မြတ်စွာဘုရား၊ တပည့်တော်သည် သူတစ်ပါးသိသည် ဖြစ်စေ၊ မသိသည်ဖြစ်စေ၊ မကောင်းသောအလုပ်ကို မလုပ်ခဲ့ပါ၊ ဤစကားသည်မှန်ကန်ပါသည်။ တပည့်တော်သည် ဘုရားသာသနာကို ကြီးပွားတိုးတက်အောင် ထမ်းဆောင်နိုင်မည့်သူ မှန်ပါက ဤစာမေးပွဲကို အောင်မြင်အောင် ဖြေဆိုနိုင်ပါစေသတည်း"

အကျွန်ုပ် စာပေကို ကြိုးစားအားထုတ်မှု၊ မှန်ကန်သောသစ္စာ ဧကား၊ သာသနာပြုနိုင်မည့်ဘုန်းကံ၊ ဤအစွမ်းသုံးပါးကြောင့် အလွန် ခက်လှသော ပထမငယ်တန်း ဝိနည်းစာမေးပွဲကို အောင်မြင်အောင် ဖြေဆိုနိုင်ခဲ့သည်။

ထိုပထမငယ်တန်းမေးခွန်း မည်မျှခက်သနည်းဆိုလျှင် ပွဲ့ဆွာ ရသော ကိုယ်တော်ရှစ်ပါးတွင် နှစ်ပါးသာအောင်လေသည်။ စာရှုသူ စာသင်သားများ အကျွန်ုပ်ဘဝထဲမှ ဆောင်စရာအချို့ကိုဆောင်၍၊ ရှောင်စရာများကို ရှောင်နိုင်ကြပါစေ။

* * *



www.burmeseclassic.com

www.burmeseclassic.com



"မင်းက ကိုယ့်ကိုယ်ကို တော်တော်အထင်ကြီးနေ၊ ပုစ္ဆာ မယူလို့ကတော့ မင်း သေချာပေါက် စာမေးပွဲကျမှာ၊ ပုစ္ဆာ ထုတ်တဲ့ ဆရာတော်က တိပိဋက တစ်ပုံအောင်ထားတာ။ ပုစ္ဆာက အရမ်းခက်တယ်။ ငါတို့ အကြီးတန်းတွေတောင် ပုစ္ဆာအဖြေကို တော်တော်နဲ့မရှာနိုင်ဘူး။ မင်းစာမေးပွဲကျမှ မင်းရေ့မှာ ဟား တိုက်ပြီးလာရယ်မယ်"

အကျွန်ုပ်သည် မိမိကိုယ်မိမိ အကြည်ညိုပျက်မည့်အလုပ်ကို သူတစ်ပါးသိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ ဘယ်သောအခါမှမလုပ်ဟု ဆုံးဖြတ်ချက်ချထားသည်။ ထိုနှစ် အကျွန်ုပ်တို့ကျောင်းတိုက်မှ မြို့နယ် ဝိနည်းစာမေးပွဲ ပထမငယ်တန်းဖြေဆိုသူပေါင်း (၉)ပါးခန့်ရှိ၏။ ကျန် (၈)ပါးသည် ပေါက်လာသော ပုစ္ဆာများကို ယူကြ၏။ မယူသူမှာ အကျွန်ုပ် တစ်ပါးတည်းသာ။

မကောင်းသော အလုပ်မှန်းသိလျှက် အများလုပ်တိုင်းလိုက် လုပ်သူများ၊ တစ်နည်းအားဖြင့် သူတစ်ပါးမိုးခါးရေသောက်တိုင်း၊ လိုက် သောက်သူများသည် စိတ်အဆင့်အတန်းမမီသူ၊ စိတ္တဇဝေဒနာသည်များ သာဖြစ်သည်။ ခိုးဖြေ၍ရလာသော အောင်လက်မှတ်ကြီးကို မြင်ရတိုင်း စိတ်ဆင်းရဲရမည်သာဖြစ်၏။ ထိုစိတ်ဆင်းရဲမှုဖြင့် သေပါက အပါယ်ကျ မည်သာဖြစ်၏။

ထို့ကြောင့် မိမိကိုယ်မိမိ အကြည်ညိုပျက်မည့်အလုပ်ကို သူ တစ်ပါးသိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ ဘယ်သောအခါမှ မလုပ်သင့်



www.burmeseclassic.com

www.burmeseclassic.com

# ကိုးဆယ့်နှစ်ကမ္ဘာ ငိုခဲ့ရသူများအကြောင်း

မေတ္တာရှင် (ရွှေပြည်သာ)

စာရေးသူသည် တပ်ကြပ်ကြီးအား မုန့်ဖြစ်စေ၊
ကော်ဖီဖြစ်စေ ကျွေးချင်နေ၏။
ထို့ကြောင့် မီးဖိုချောင်တာဝန်ယူရသော
ကပ္ပိယနှင့် သီလရှင်ကိုခေါ်ပြီး
စားစရာတစ်ခုခုစီစဉ်ပေးရန် ပြောလိုက်၏။
သူတို့သည် ယူနီဖောင်းနွမ်းလျလျနှင့်
သိမ်ငယ်စွာထိုင်နေသော တပ်ကြပ်ကြီးကို
အထင်သေးသောမျက်လုံးများနှင့်
တစ်ချက်လှမ်းကြည့်လိုက်သည်ကို ...။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



# ကိုးဆယ့်နှစ်ကမ္ဘာ ငိုခဲ့ရသူများအကြောင်း

လွန်ခဲ့သော ကိုးဆယ့်နှစ်ကမ္ဘာက ဖုဿအမည်ရှိ ဘုရားရှင် ကိုယ်တော်မြတ်ကြီး လောကတွင် ပွင့်ထွန်းပေါ်ပေါက်တော်မူခဲ့သည်။ ထိုဘုရားရှင်၏ ခမည်းတော်မှာ ကာသိတိုင်းကို အုပ်ချုပ်သော ဇယသေန မင်းကြီးဖြစ်သည်။ မယ်တော်မှာ သီရိမာဖြစ်သည်။ ဖုဿဘုရားရှင်တွင် ဖအေတူအမေကွဲ ညီအစ်ကိုမင်းသားသုံးယောက်ရှိသည်။

သဒ္ဓါလွန်ကဲသော ဇယသေနမင်းကြီးသည် ဘုရားရှင်ကို သူတစ်ယောက်တည်း ပြုစုလုပ်ကျွေး လှူဒါန်းသည်။ တခြားမည်သူ့ ကိုမှ ပြုစုလုပ်ကျွေးလှူဒါန်းခွင့်မပြု။ ဘုရားရှင်ကျောင်းတော်နှင့် နန်းတော်ကြား လမ်းတစ်လျှောက်လုံးတွင် အကာအရံများ အခိုင်အမာ ကာရံထားသည်ဟုဆိုသည်။ အခြားသူများက သူ့ထက်အရင် ဘုရားရှင် နှင့် သံဃာတော်များကို ဝင်ရောက်ပူဇော် လှူဒါန်းသွားမှာကို စိုးရိမ် သောကြောင့်ဖြစ်ဟန်တူသည်။



www.burmeseclassic.com

www.burmeseclassic.com



ညီနောင်မင်းသားသုံးယောက်သည် ဘုရားအမှူးရှိသော သံဃာတော်များကို ခမည်းတော်နည်းတူ ပြုစုလုပ်ကျွေးလှူဒါန်းချင်ကြ၏။ ထို့ကြောင့် ခမည်းတော်ထံခွင့်တောင်းရာ ခွင့်ပြုချက်မရပေ။ ကုသိုလ်ကို မရမကပြုချင်နေသော မင်းသားများသည် ရိုးရိုးမရလျှင် ပရိယာယ်ဆင်ပြီး ရအောင်ယူမည်ဟု ကြံဆကာ မြို့ရွာဇနပုဒ်တွင် သူတို့လူများကို သူပုန်များအသွင် ထကြွသောင်းကျန်းကြဖို့ လျှို့ဝှက်စေခိုင်းလိုက်သည်။

သူပုန်များ ထကြွသောင်းကျန်းကြောင်း သတင်းကြားသောအခါ ဇယသေနမင်းကြီးသည် မင်းသားသုံးယောက်အား သွားရောက်နှိမ်နင်းခိုင်းလိုက်၏။ မင်းသားများသွားရောက် နှိမ်နင်းပြီး အောင်မြင်မှုများရကာ ပြန်လာကြသည်။ မင်းကြီးက လိုသောဆုကို တောင်းခိုင်းရာ မင်းသားသုံးဦးလုံးက ဘုရားအမှူးရှိသော သံဃာတော်များအား ပြုစုလုပ်ကျွေးခွင့်ကို တောင်းကြသည်။

မင်းကြီးက ခွင့်မပြုပေ။ အခြားလိုသောဆုကိုပြောင်းလဲ၍ တောင်းရန်အမိန့်ချ၏။ မင်းသားသုံးယောက်ကလည်းပြတ်သား၏။ ဒါနပြုခွင့်ဆုမှတစ်ပါး တခြားမည်သည့်ဆုမှ မယူလိုဟူ၏။ ထိုအခါမင်းကြီးသည် တစ်ထစ်လျှော့လိုက်ပြီး အချိန်အကန့်အသတ်နှင့်တောင်းဖို့ အမိန့်ချသည်။ ဘုရားအမှူးရှိသော သံဃာတော်များကို ခုနစ်နှစ်ပြုစုလုပ်ကျွေးခွင့်ပြုပါ။ မပြုနိုင်၊ ခြောက်နှစ်၊ မပြုနိုင်။ ငါးနှစ်၊ မပြုနိုင်။

ထိုမှ တစ်ထစ်ချအလျှော့အတင်းလုပ်ရာမှ သုံးလကျမှ မင်းကြီးက ခွင့်ပြုသည်။ အံ့သြစရာကောင်းပေစွ။ လောကရှိပုထုဇဉ်



www.burmeseclassic.com

www.burmeseclassic.com



အများစုသည် လောကကို မိမိအတွက် အသုံးချဖို့ ကြိုးစားနေကြ၏။ မင်းကြီးနှင့် သားသုံးယောက်ကား မိမိကိုယ်ကို လောကအတွက် အသုံးချနေကြ၏။

တခြားလူသားအများစုသည် အလောဘခေါ် "ပေးမှု" ကို မွေးစားသားလို သဘောထားပြီး လောဘခေါ် "ယူမှု" ကို သားအရင်း လိုသဘောထားကြ၏။ မင်းကြီးနှင့် သားသုံးယောက်ကား အလောဘ ခေါ်ပေးမှုကို သားအရင်းလိုသဘောထားပြီး လောဘခေါ်ယူမှုကို မွေးစားသားလို သဘောထားကြ၏။ တခြားလူသားများသည် ရယူခြင်း၌မွေ့လျော်ကြ၏။ မင်းကြီးနှင့် သားသုံးယောက်ကား ပေးဆပ်မှု၌ မွေ့လျော်ကြ၏။ မိုးနှင့်မြေပမာ ကွာခြားလှ၏။

လူသားတို့ သားအရင်းလို သဘောထားပြီး မျက်နှာသာပေး သော လောဘစာတ်သည် သူ့ကိုလက်ခံထားသည့် ထိုလူသားအား ဆိုးကျိုးသုံးမျိုးပေး၏။ သက်ရှိသက်မဲ့ တစ်စုံတစ်ခုကို စွဲလမ်းတပ်မက် သော စိတ်နှင့်သေလျှင် ပြိတ္တာဘုံသို့ရောက်ရသည်။ လောဘစာတ်များ ထို့ထက် များလာလျှင် ကမ္ဘာလောကကြီး အငတ်ဘေးဆိုက်ရသည်။

လောဘစာတ်များ ထို့ထက်ပို၍ များလာဦးမည်ဆိုလျှင် ကမ္ဘာ လောကကြီးသည် မီးလောင်၍ပျက်စီးသွားရသည်။ ထို့ကြောင့် ဗုဒ္ဓက လောဘစာတ်သည် ဆောင်ထားရမည့်တရားမဟုတ်၊ ပယ်သတ်ရမည့် တရားဟု သိစေရန်အတွက် သမုဒယသစ္စာထဲတွင် ထည့်သွင်းဟော ကြားတော်မူခဲ့ခြင်းဖြစ်၏။

ထိုလောဘစာတ်ကို ဒါနပြုခြင်းအားဖြင့်လည်း ပယ်သတ်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ဓုတင်ဆောက်တည်ခြင်းအားဖြင့်လည်း ပယ်သတ်ရ၏။ အသုဘဘာဝနာ ရှုခြင်းအားဖြင့်လည်း ပယ်သတ်ရ၏။ သေရခြင်းသဘောကို အဖန်ဖန် အမှတ်ရခြင်း မရဏာနုဿတိဘာဝနာကို ပွားများခြင်းအားဖြင့်လည်း ပယ်သတ်ရ၏။ လေးမဂ်လေးဖိုလ်ရအောင် ဝိပဿနာတရားကို နာကြား ရှုပွားခြင်းအားဖြင့်လည်း ပယ်သတ်ရ၏။

အလောဘစိတ်ကို လက်ခံပြီး ဒါနပြုသူများသည် အနိမ့်ဆုံး အားဖြင့် လူ့ချမ်းသာ၊ နတ်ချမ်းသာကိုရ၏။ အမြင့်ဆုံးအားဖြင့် နိဗ္ဗာန် ချမ်းအထိရ၏။ ဒါနကို နိဗ္ဗာန်ချမ်းသာအထိပေးပုံ သာဓကတစ်ခု ထုတ် ပြအံ့။ ဤသာဓကကို မဟာစည်ဆရာတော်ဘုရားကြီးသည် "နိဗ္ဗာန် ဆိုင်ရာတရားတော်" စာအုပ် စာမျက်နှာ (၁၅-၁၆)တွင် ဟောကြား ထားခြင်းဖြစ်သည်။

**အနာဂါမ်သည် ကာမတဏှာကို ပယ်သည်။**

**ဒါန သီလ စသော ကုသိုလ်များကို မပယ်။**

သကဒါဂါမ်ကဆက်ပြီး ရှုနေရင် ဝိပဿနာ ဉာဏ်ရင့်သန် ပြည့်စုံတဲ့အခါမှာ အနာဂါမိ မဂ်ဖိုလ်ဖြင့် နိဗ္ဗန်ကိုမျက်မှောက်ပြုတယ်။ အနာဂါမ်ပုဂ္ဂိုလ်ဖြစ်သွားတယ်။ ကာမဘုံ၌ ဖြစ်စေနိုင်တဲ့ ကံဟောင်းတွေ ကုန်သွားတယ်။ ကာမဘုံ၌ ဖြစ်စေမယ့် ကံတွေလည်း မဖြစ်တော့ဘူး။ ဒီနေရာမှာ ကာမာဝစရကုသိုလ်ကံ မဖြစ်တော့ဘူးလားလို့မေးစရာ ရှိတယ်။ ဖြစ်တော့ဖြစ်ပါတယ်။ ဒါပေမယ့် ကာမဘဝကို သာယာ တပ်မက်တဲ့ ကာမတဏှာ မရှိတော့တဲ့အတွက် အဲဒီကာမကုသိုလ်ကံက ကာမဘဝကို မဖြစ်စေနိုင်တော့ဘူး။ ဒါ့ကြောင့် ကာမဘုံ၌ ဖြစ်စေမည့်



www.burmeseclassic.com

www.burmeseclassic.com



ကံသစ်လည်း မဖြစ်တော့ဘူးလို့ဆိုရတယ်။ ဒါဖြင့် အဲဒီကာမ ကုသိုလ်ကံက လုံးဝအကျိုးမပေးတော့ဘူးလားလို့လည်း မေးစရာ ရှိလာပြန်တယ်။ မျက်မှောက်အကျိုးနဲ့ ပကတူပနိဿယသတ္တိဖြင့် အရဟတ္တမဂ် အရဟတ္တဖိုလ် အကျိုးများကိုတော့ ပေးနိုင်ပါတယ်။ အဲဒီအကြောင်းကို ဉဂ္ဂါသူကြွယ်ဝတ္ထုဖြင့် သိရပါတယ်။

**ဒါနကုသိုလ်က အရဟတ္တဖိုလ်ကို အကျိုးပေးပုံ**

တစ်ခါက ဉဂ္ဂါသူကြွယ်ဟာ သံဃာတော်များနှင့် အတူ မြတ်စွာဘုရားကိုပင့်ပြီး မွှန်မြတ်သော ဆွမ်းခဲဖွယ် ဘောဇဉ်စသည်တို့ကို ကပ်လှူပါတယ်။ ကပ်လှူတဲ့ အခါမှာလည်း 'မနာပဒါယီ၊ လဘတေ မနာပံ' မြတ်နိုးဖွယ်ကို လှူရင် မြတ်နိုးဖွယ်ကို ရတယ်လို့ဟောထားတဲ့ မြတ်စွာဘုရား စကားတော်အရ သူမြတ်နိုးတဲ့ အကျိုးကို ရချင်လို့ လှူတဲ့အကြောင်းကို လျှောက်ထားပါတယ်။

အဲဒီသူကြွယ်ဟာ ဒီလိုလှူတဲ့အခါက အနာဂါမ်ဖြစ်တဲ့အတွက် အဂဟတ္တမဂ်, အရဟတ္တဖိုလ်ကို မျှော်လင့်ပြီး လှူတာပါပဲ။ နောက်ကာလသက်တမ်းကုန်လို့ သူဟာ လူ့ဘဝက ကွယ်လွန်သွားတဲ့အခါ သုဒ္ဓါဝါသဗြဟ္မာ့ဘုံမှာဖြစ်တယ်။ အဲဒီဘုံကလာပြီး မြတ်စွာဘုရားကို ကန်တော့တဲ့အခါ မြတ်စွာဘုရားက–

''ဘယ့်နှယ်လဲ ဉဂ္ဂါ၊ သင်အလိုရှိတဲ့ မြတ်နိုးဖွယ် အကျိုးကို ရပါရဲ့လား''လို့ မေးတော်မူတယ်။ ''ရပါတယ်ဘုရား''လို့ ဉဂ္ဂါဗြဟ္မာက ဖြေကြားလျှောက်ထားတယ်။ အဲဒီမှာ သူမြတ်နိုးတဲ့ အရဟတ္တဖိုလ်ကို မျှော်လင့်ပြီး ဆွမ်းစသည်ကို လှူခဲ့လို့ သုဒ္ဓါဝါသဘုံမှာ ဖြစ်ပြီး၊ မကြာ



www.burmeseclassic.com

www.burmeseclassic.com



မိမှာပင် အရဟတ္တဖိုလ်ကိုရပြီး ရဟန္တာဖြစ်သွားတယ်။ ဒါကြောင့် အနာဂါမ်မှာ ကာမကုသိုလ်ကံက ဥပနိဿယသတ္တိဖြင့် အရဟတ္တဖိုလ်အကျိုးကို ပေးကြောင်းသိရပါတယ်။

(မဟာစည်ဆရာတော်၏ နိဗ္ဗာန်ဆိုင်ရာ တရားတော်-မှ)

အပါယ်ဆွဲချမည့် လောဘကို ဦးစားပေးပြီး နိဗ္ဗာန်ထိပို့မည့် အလောဘကို ဘေးဖယ်ထားခြင်းသည် မိုက်မဲတွေဝေသောကြောင့်ပင်ဖြစ်၏။ လောက၌ ပစ္စည်းဥစ္စာ ကုန်ခြင်းသည် သုံးမျိုးရှိ၏။ လှူဒါန်း၍ ကုန်ခြင်း၊ သုံးစွဲ၍ ကုန်ခြင်း၊ ရန်သူမျိုးငါးပါးဖျက်ဆီးခံရ၍ ကုန်ခြင်းတို့ပင်ဖြစ်၏။ ဤကုန်ခြင်းသုံးမျိုးတို့တွင် ဘုရားရှင်သည် လှူဒါန်းစွန့်ကြဲ၍ ကုန်ခြင်းကိုချီးမွမ်းတော်မူ၏။ အဘယ်ကြောင့်နည်း။

လှူဒါန်း၍ ကုန်ခြင်းသည် အနိမ့်ဆုံးအားဖြင့် လူချမ်းသာနတ်ချမ်းသာအကျိုး၊ အမြင့်ဆုံးအားဖြင့် နိဗ္ဗာန်ချမ်းသာ အကျိုးအထိ ရနိုင်သောကြောင့်ပင်တည်း။ ဗုဒ္ဓသည် ဓမ္မပဒ၌ ဖော်ပြပါဒသနပါသည့် ဂါထာတစ်ဂါထာကို ဟောကြားတော်မူခဲ့၏။

မတ္တာသုခ ပရိစ္စာဂါ၊
ပဿေ စေ ဝိပုလံ သုခံ။
စဇေ မေတ္တာ သုခံ ဓီရော၊
သမ္ပဿံ ဝိပုလံ သုခံ။

“အနည်းငယ်သော ချမ်းသာသုခ (လှူဖွယ်ဝတ္ထု) ကို စွန့်လျှင် ပြန့်ပြောကျယ်ဝန်းများပြားစွာသော ချမ်းသာသုခကိုရ၏။ ထိုကဲ့သို့သိသော ပညာရှိသည် အနည်းငယ်သော ချမ်းသာသုခ (လှူဖွယ်ဝတ္ထု)



www.burmeseclassic.com

www.burmeseclassic.com



ကို ပေးစွန့်ရာ၏"

ဤဒေသနာတော်ကိုဗုဒ္ဓသည် မိမိကိုယ်တွေ့ ဖြစ်ရပ်တစ်ခုကို ကြည့်ပြီး ဟောကြားတော်မူခဲ့ခြင်းဖြစ်သည်။ ဘုရားအလောင်းတော် နစဉ်ဘဝတစ်ခုက သားတစ်ယောက်ရှိခဲ့၏။ ထိုသားသည် ပစ္စေကဗုဒ္ဓါ အလောင်းဖြစ်၏။ ထိုသားကို ဝေးလံသော ဒေသတစ်ခုသို့ ပညာသင် လွှတ်လိုက်၏။ နှစ်အတော်ကြာသည်အထိ သားဖြစ်သူ ပြန်မလာသော အခါ ဘုရားအလောင်း ပုဏ္ဏားကြီးသည် ထိုတိုင်းပြည်သို့ လိုက်သွား၏။

စုံစမ်းကြည့်သောအခါ သားဖြစ်သူသည် ပစ္စေကဗုဒ္ဓါဖြစ်ပြီး ပရိနိဗ္ဗာန် ဝင်စံသွားခဲ့ပြီဖြစ်သည်။ ပစ္စေကဗုဒ္ဓ၏ အရိုးဓာတ်တော်များ ကို ဌာပနာပြီးတည်ထားသော စေတီလေးကိုသာ တွေ့ရတော့၏။ ပုဏ္ဏား ကြီးသည် တောပန်းတောင်ပန်းများကို ရှာဖွေယူဆောင်ပြီး ထိုစေတီ လေးကို ပူဇော်ကန်တော့ခဲ့၏။

ထိုတောပန်းတောင်ပန်းလေးများကို စေတီငယ်အား ပူဇော် ခဲ့သော ကုသိုလ်ကြောင့် ယခုဘုရားရှင် ဖြစ်လာသောအခါ ရာဇဂြိုဟ်မှ ဝေသာလီပြည်သို့ အကြွတွင်လူတွေသာမက နတ်ဗြဟ္မာများကပါ ကြီး ကျယ်ခမ်းနားစွာ ပူဇော်ခဲ့ခြင်းဖြစ်ကြောင်း ပြန်လည်ဟောကြားတော် မူခဲ့သည်။ စာရေးသူသည် ၁၉၈၅ ခုနှစ်မှ ၁၉၈၈ ခုနှစ်ထိ မန္တလေး မြို့ မစိုးရိမ်တိုက်သစ်တွင် ပညာသင်ယူခဲ့သည်။

ထိုလေးနှစ်အတွင်း စာရေးသူသည် ဝါဆိုသင်္ကန်းကထိန် သင်္ကန်းတစ်စုံမှ မရခဲ့ပါ။ ထိုသို့ လေးနှစ်အတွင်း သင်္ကန်းတစ်စုံမှ မရခြင်းတွင် အကြောင်းသုံးချက်ရှိသည်။ တစ်အချက်မှာ ရိပ်သာနှင့်



www.burmeseclassic.com

www.burmeseclassic.com



စာသင်တိုက်တို့၏ ကွာခြားချက်ပင်ဖြစ်၏။ ရိပ်သာသည် သူ့အလုပ်ကို က လူအများနှင့် ဆက်ဆံရ၏။ ထို့ကြောင့် လူအများစုသည် ရိပ်သာ သို့ လှူဖြစ်သည်သာများ၏။ စာသင်တိုက်ကား ဆင်းရဲသော စာသင် သားများနှင့်သာ ဆက်ဆံရ၏။ လူအများနှင့် ဆက်ဆံစရာ အလုပ်မရှိ။ ထို့ကြောင့် သဒ္ဓါရှိရုံ တစ်ခုနှင့် စာသင်တိုက်များကို မလှူဖြစ်၊ တွေးခေါ် မြော်မြင်သော ပညာပါရှိမှ စာသင်တိုက်များသို့လှူဖြစ်သည်။

ပရိယတ္တိစာပေသည် ကန်ဘောင်နှင့် တူသည်။ ပဋိပတ္တိ တရား အကျင့်သည် ကန်ထဲမှာရှိသောရေနှင့်တူသည်။ ပဋိဝေဓ ဟူသော မဂ်ဉာဏ်ဖိုလ်ဉာဏ်သည် ထိုရေမှာပေါက်သောကြာပန်းနှင့် တူသည်။ ကန်ရှိမှ ရေရှိနိုင်သလို စာသင်တိုက်များရှိမှ တရားကျင့်သော နည်း လမ်းများ တည်ရှိမည်။ ရေရှိမှ ကြာရှိသလို တရားကျင့်နည်းများရှိမှ မဂ်ဉာဏ်ဖိုလ်ဉာဏ်ရရှိမည် ဖြစ်သည်။

ကန်ဘောင်, ရေ, ကြာသုံးမျိုးတွင် ကန်ဘောင်သည် အရေး အကြီးဆုံး ဖြစ်သကဲ့သို့ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ သုံးမျိုးတွင် ပရိယတ္တိဟူသော စာသင်တိုက်များသည် သာသနာတွင်မရှိမဖြစ် အ ရေးအကြီးဆုံးသော အရာများဖြစ်ကြသည်။ ထို့ကြောင့် စာသင်တိုက် များ တိုးတက်ပြန့်ပွားအောင် မဖြစ်မနေလှူဒါန်းသင့်သည်။ ဤအတွေး အခေါ်သည် သဒ္ဓါသာမက ပညာပါရှိသူတွင်သာ ဖြစ်နိုင်သည် မဟုတ်ပါ လား။ ထို့ကြောင့် စာသင်တိုက်များကို လှူဖြစ်ဖို့ဆိုသည်မှာ သဒ္ဓါသာ မက ပညာပါလိုသည်ဟု ဆိုခဲ့ရခြင်းဖြစ်သည်။

စာရေးသူလေးနှစ်အတွင်း သက်န်းတစ်စုံမှ မရခြင်း၏



www.burmeseclassic.com

www.burmeseclassic.com



ဒုတိယ အကြောင်းမှာ မန္တလေးမြို့သည် ဘာသာရေးမြို့တော်ဖြစ်သောကြောင့် ရဟန်းသံဃာများသည် အဆမတန်များပြားလွန်းသည်။ ထိုအကြောင်းကြောင့်လည်း စာရေးသူသည် သက်န်းတစ်စုံမှ မရခြင်းဖြစ်သည်။ တတိယအကြောင်းမှာ စာရေးသူသည် အတိတ်ဘဝက ဒါနကုသိုလ်ကံ အလွန်နည်းပါးခဲ့၏။ ထိုအကြောင်းကြောင့်လည်း လေးနှစ်အတွင်း သက်န်းတစ်စုံမှ မရခြင်းဖြစ်သည်။

၁၉၈၉ ခုနှစ်တွင် လှိုင်မြို့နယ်၊ (၅) ရပ်ကွက်၊ ကြခင်းစာသင်တိုက်သို့ စာချဘုန်းကြီးအဖြစ် ရောက်ခဲ့သည်။ ထိုစာချဘုန်းကြီးဖြစ်ချိန်ထိ သက်န်းရှားပါးတုန်းပင် ဖြစ်သည်။ တစ်ရက်တွင် ရှင်အရိယအမည်ရှိကိုရင်တစ်ပါးက သက်န်းလာရောက် အလှူခံရာ လှူစရာအပိုသက်န်းမရှိသဖြင့် လေးလခွဲကျော်ကျော် စုထားသော စုဗူးကြီးကိုခွဲပြီး ရလာသောငွေလေးရာ့ငါးဆယ်ကျပ်ဖြင့် ရှန်သက်န်းအကောင်းစား တစ်စုံဝယ်လှူခဲ့သည်။

ထိုသက်န်းလှူပြီး နောက်ရက်မှစ၍ သက်န်းများပေါ်များခဲ့သည်မှာ ယနေ့စာရေးနေချိန်ထိ ဖြစ်သည်။ စာရေးသူကျောင်းသို့ အလည်အပတ်ရောက်လာသော စာချစာသင်သံဃာမှန်သမျှ သက်န်းတစ်စုံနှင့် ငွေ–၅၀၀၀ လှူနေသည်မှာ နှစ်မနည်းတော့ပေ။

ပြီးခဲ့သည့်နှစ် ၁၃၆၉ ခုနှစ်က စာရေးသူသည် မြိတ်မြို့၊ ကျောက်ဖြူတောင်ရွာ၊ သစ်ညီနောင် ဓမ္မရိပ်သာကျောင်းတွင်ဝါဆိုတရားပြခဲ့သည်။ ထိုနှစ်က မြိတ်မြို့စာသင်တိုက် ၁၃–တိုက်မှ စာချစာသင်သံဃာတော် ၇၅၀–ပါးတို့အား သက်န်းအစုံ ၇၅၀ လှူဒါန်းနိုင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



စာချဆရာတော်တစ်ပါးကို ဝတ္ထုငွေ ၁၀၀၀၀–စီလည်း လှူခဲ့သည်။ လှိုင်မြို့နယ်တွင်ရှိစဉ်က ကိုရင်အရိယအား လှူခဲ့သည်မှာ သက်န်း တစ်စုံတည်းသာ။ ယခုပြန်လည်အကျိုးပေးသောအခါ သင်္ကန်းအစုံ ပေါင်း မရေတွက်နိုင်အောင်ပင်ဖြစ်၏။ ထို့ကြောင့် အနည်းငယ်လှူ သော်လည်း ကောင်းကျိုးကျတော့ အများကြီးရသည်ဟူသော ဓမ္မပဒလာ ဗုဒ္ဓစကားတော်သည် သွေးထွက်အောင် မှန်ကန်ကြောင်း ထောက်ခံ ချက် ပေးချင်ပါသည်။

ဥစ္စာသည် ကိုယ်ပိုင်ဥစ္စာ၊ ဘုံဆိုင် (အများဆိုင်) ဥစ္စာဟုနှစ် မျိုးရှိ၏။ ကိုယ်ပိုင်ဥစ္စာမှန်လျှင် မီး၊ ရေ၊ မင်း၊ ခိုးသူ၊ အမွေခံဆိုး ဟူသော ရန်သူမျိုးငါးပါး ဖျက်ဆီး၍မရ။ သေသောအခါတွင်လည်း သံသရာတစ်လျှောက် နောက်ကတကောက်ကောက်လိုက်၍ နိဗ္ဗာန်အထိ ကောင်းကျိုးပေး၏။ ထိုကိုယ်ပိုင်ဥစ္စာဟူသည် လှူဒါန်းပြီးသွားသော ဒါနကုသိုလ်ပင်တည်း။

ဘုံဆိုင်ဥစ္စာမှန်လျှင် ရန်သူမျိုးငါးပါး အမြဲဖျက်ဆီးခံရသည်။ မိမိ သေသောအခါတွင်လည်း တစ်စုံတခုမှ လိုက်ပါမလာနိုင်ပေ။ ထိုဘုံ ဆိုင်ဥစ္စာဟူသည်ကား မလှူရသေးသော ဥစ္စာ,ပစ္စည်း,ခြံ, မြေများပင် တည်း။ အလှူဒါနပြုလျှင်ကောင်းကျိုးချမ်းသာ ရမည်ဆိုတာကို သိပါ လျက် ဒါနပြုသူများ နည်းပါးလွန်းနေသည်မှာ အဘယ့်ကြောင့်နည်း။

အဖြေကား ဒါနပြုပြီး လူ့ချမ်းသာ နတ်ချမ်းသာရောက်ခဲ့ရ သော ဘဝအရေအတွက်ထက် ဒါနမပြုဘဲ နေခဲ့သည့်အတွက် အပါယ် ကျခဲ့ရသော ဘဝအရေအတွက်က အဆမတန်များပြားလွန်းနေသော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် အထုံလိုက် အကျင့်ပါပြီး ဒါနပြုသူနည်းပါးနေရခြင်းဖြစ်၏။ နာဂစ်ဒုက္ခသည်များအား မြန်မာတစ်ပြည်လုံးရှိ ရဟန်း၊ ရှင်၊ လူအားလုံး စွမ်းနိုင်သမျှ ဝိုင်းဝန်း လှူဒါန်းကြ၏။ ထိုလှူဒါန်းသူများအားလုံးတွင် သီတဂူဆရာတော်ကြီးကား အသာဆုံးဟု ဆိုသင့်၏။

တစ်ဆင့်စကား ကြားသိရသည်မှာ ဆရာတော်ကြီးသည် ရန်ကုန်တွင်ကျောင်းကြီးတစ်ကျောင်း ဆောက်ရန်ထားသော ငွေများကို နာဂစ်ဒုက္ခသည်များအား အားလုံးလှူဒါန်းပစ်ခဲ့သည်ဟု သိရသည်။ မိမိ ကျောင်းပြီးဖို့အတွက် ဒကာ,ဒကာမများထံဖွတ်တရွတ် အလှူခံသော ကိုယ်တော်များကြားတွင် မိမိကျောင်းဆောက်ဖို့ ငွေများကိုပင် ဒုက္ခသည်များအား လှူဒါန်းရဲသော ဆရာတော်ကြီးကို ဖူးမြင်ရသည်မှာ ကြယ်တာရာ အရောင်တို့ကို မှေးမှိန်သွားစေသော လပြည့်ညတွင် ထွက်ပေါ်လာသည့် လပြည့်ဝန်းကြီးကို တွေ့ရသကဲ့သို့ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံလှပါပေ၏။

ဆရာတော်ကြီး၏ အနစ်နာခံ ကိုယ်ကျိုးစွန့်လှူဒါန်းမှုကို ဝမ်းမြောက်နမော်သာဓုခေါ်နိုင်ရန် ၂၂-၆-၂၀၀၈ နေ့ထုတ် ကြေးမုံသတင်းစာပါ ဆရာတော်ကြီးကိုယ်တိုင် ရေးထားသည့် ဆောင်းပါးကို ကောက်နုတ်တင်ပြလိုက်ပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## ဝမ်းနည်းခြင်းနှင့် ဝမ်းသာခြင်း

(သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ)

၂၀၀၈–ခုနှစ်မေလ ၂–ရက်နှင့် ၃–ရက်နေ့က မြန်မာနိုင်ငံ၊ ဧရာဝတီတိုင်း၊ တောင်ပိုင်းနှင့် ရန်ကုန်တိုင်း အချို့ဒေသများတွင် တစ်နာရီလျှင် ကီလိုမီတာ ၂၀၀–ခန့်အထိ ပြင်းထန်သော ဆိုင်ကလုံး (Cyclone) မုန်တိုင်း တိုက်ခတ်မှုကြောင့် ရဟန်း၊ ရှင်၊ လူပြည်သူ သန်းနှင့် ချီ၍ ကျောင်းမဲ့၊ အိမ်မဲ့၊ ဘဝသို့ရောက်ခဲ့ရပြီး ရဟန်းရှင် လူ ပြည်သူ တစ်သိန်းသုံးသောင်းကျော် ပရမ်းပတာ သေဆုံးခဲ့ရသည့် အဖြစ်ဆိုးကြီးကား တစ်သက်တစ်ခါကြုံခဲ့ရသည့် အလွန်ဝမ်းနည်း ကြေကွဲဖွယ်အဖြစ်ဆိုးကြီးတစ်ရပ်အဖြစ် မှတ်တမ်းတင်ခဲ့ရလေသည်။

ဤတစ်သက်မှာ ဤအဖြစ်မျိုး နောက်ထပ်တဖန်မကြုံတွေ့ပါရစေနဲ့ဟု ဆုတောင်းမိပါသည်။ ထို့ပြင် နောက်ဘဝဆက်တိုင်း ဆက်တိုင်း ဤမျှလောက် ဝမ်းနည်းကြေကွဲဖွယ်ကောင်းသော ဘောဂဗျသန, ရောဂဗျသန, ဉာတိဗျသန, သီလဗျ သန, ဒိဋ္ဌိဗျသနဟူသော စီးပွား ပျက်, ဆွေမျိုးပျက်, မိသားစုပျက်, ကျန်းမာရေးပျက်, ကိုယ်ကျင့်သီလ ပျက်, ဘာသာရေးပျက်, လူမှုရေး ပျက်စသည့် ပျက်စီးခြင်း အမျိုးမျိုး တို့ကို ဘယ်ဘဝမှာမှ မမြင်မတွေ့ပါရစေနဲ့ဟု ဆုတောင်းမိပါသည်။

ထို့ပြင်လည်း မည်သည့်လူသား တစ်စုံတစ်ယောက်မျှ ဤကဲ့သို့သော ပျက်စီးခြင်း မျိုးစုံတို့ကို မထိမတွေ့ မခံစားကြရပါစေနှင့်ဟု ဆုတောင်းရပါသည်။ မိမိကိုယ်တိုင် ဤကဲ့သို့သော ပျက်စီးခြင်းမျိုး တို့ကို မထိမတွေ့ မခံစားခဲ့ရစေကာမူ မိမိနိုင်ငံသူ နိုင်ငံသား ရဟန်း



www.burmeseclassic.com

www.burmeseclassic.com



ရှင်လူအများတို့ ဤမျှ စပ်ခါးစူးရှသော ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတို့ကို ခံစားရသည့်အဖြစ်ကို သိရှိမြင်တွေ့ရသည့်အခါ မိမိ၏ နှလုံးသားမှာလည်း ထိုဒုက္ခသည်များနှင့်မခြား အပ်သွားတစ်ရာဖြင့် ထိုးဆွခံရဘိသည့်အလားပြင်းစွာသော ဝေဒနာကို စူးစူးရှရှ ခံစားရပါသည်။

ပြင်းစွာသော နှလုံးသား၏ တုန်လှုပ်ခြင်းကို မည်သို့တိုင်းတာရမည်မသိပေ။ ထို့ကြောင့် ထိုဒုက္ခသည်တို့၏ ဒုက္ခကိုငါသည် မည်မျှလောက်မည်သည့်နည်းဖြင့် စောင့်ရှောက်ကူညီရပါအံ့နည်းဟု အလေးအနက် စဉ်းစားမိခဲ့သည်။ (ဒုက္ခာဘိဘူတာနံ နာထဘာဝဒဿနပဒဋ္ဌာန ကရုဏာ) ထို့ကြောင့် မေလ ၈–ရက်နေ့ညတွင် သီတဂူအဖွဲ့ကို အရေးပေါ် အစည်းအဝေးခေါ်သည်။

Compassion & Common platform ကရုဏာလမ်းကြောင်းကို တည်ဆောက်ကြရန် ထိုလမ်းကြောင်းပေါ်မှာ လက်တွဲလမ်းလျှောက်ကြရန် ကရုဏာ၏ သရုပ်ကို ပေါ်လွင်စေဖို့ Compassioninacnon ဒုက္ခရောက်သူတို့ကို စောင့်ရှောက်ဖို့ လက်တွေ့လုပ်ရမည်ဟု မူစနစ်ကို ချမှတ်ခဲ့သည်။ ပါဠိဘာသာဖြင့် ပြောရလျှင် မနောကံကရုဏာမှ ကာယကံမြောက် ကရုဏာသရုပ်ဖော် အလုပ်ကို လုပ်ကြရမည်ဖြစ်သည်။

လုပ်နိုင်စွမ်းရှိသူတို့လုပ်ငန်းကျွမ်းကျင် လုပ်တတ်သူတို့မှာ လုပ်ချင်စိတ်ရှိဖို့ အရေးကြီးပါသည်။ လုပ်ချစ်စိတ်ပင်ရှိသော်လည်း လုပ်နိုင်စွမ်းမရှိလျှင် မလုပ်တတ်လျှင် ထိထိပေါက်ပေါက် အကျိုးမသက်ရောက်နိုင်ပေ။ သို့ဖြစ်ခြင်းကြောင့် သီတဂူအဖွဲ့နှင့် သီတဂူ၏ တပည့်တို့ကို



www.burmeseclassic.com

www.burmeseclassic.com



ဤသုံးချက်ဖြင့် လုပ်ငန်းခွင်သို့ (သို့မဟုတ်) ဒုက္ခရောက်သူတို့၏ နယ်မြေသို့ တွန်းပို့လိုက်သည်။

မေလ ၉-ရက်နေ့မှာ ဘိုကလေးမြို့နယ်၊ ကွမ်းသီးချောင်း ကျေးရွာ သီတဂူဓမ္မဝိဟာရကျောင်းတိုက်တွင် သီတဂူကူညီစောင့်ရှောက် ထောက်ပံ့ရေး ရှေ့တန်းစခန်းကို ဖွင့်လှစ်ခဲ့သည်။ ပြည်တွင်းနှင့် ပြည်ပ ကို အသိပေးလိုက်သည်။ လေဘေး,ရေဘေးသင့်ကြသော ကျေးရွာ များမှာ သံဃာတော်တစ်ပါး တစ်ပါးနှင့် ရပ်ရွာလူကြီး ခေါင်းဆောင် တစ်ယောက်စီ တစ်ယောက်စီကို ဖိတ်ကြားလိုက်သည်။ ဆန်များ, အဝတ်အထည်များ, စောင်, ခြင်ထောင်များ, အိုးခွက်ပန်းကန်များ အမျိုးအမည်ပေါင်း တစ်ရာကျော်နှင့် အခြား စားစရာအသုံးအဆောင် များကို လှူဒါန်းခဲ့သည်။

သီတဂူနှင့် အာရှတော်ဝင် ဆရာဝန် ဆရာမများဖြင့် ဆေးရုံ ဆေးခန်းလေးခု ဖွင့်လှစ်ခဲ့သည်။ (ကံဒုံကနီ၊ အမာ၊ စက်ဆန်း၊ ကွမ်း သီးချောင်း) ကိုယ်တိုင် အလှူခံရရှိသည့် ဆေးဝါးဖြင့် ကုသပေးခဲ့သည်။ ဘိုကလေးမြို့ပေါ်ရှိ ဒုက္ခသည်များ မှီခိုရာ ဘုန်းတော်ကြီးကျောင်းဆယ် ကျောင်းသို့ သုံးကြိမ်သွားရောက်၍ ဒုက္ခသည်များအား ဆန်အဝတ် အထည်နှင့် တခြားစားစရာ၊ ဝတ္ထုငွေများ လှူဒါန်းခဲ့သည်။ ပျက်စီး သွားသော ဘုန်းတော်ကြီးကျောင်းများသို့ သွပ်ပြား အချပ် တစ်ရာစီ နှင့် ကျောင်းပြင်ရန် ဝတ္ထုငွေ ငွေကျပ်တစ်သိန်းစီ လှူဒါန်းခဲ့သည်။

အချို့ကျောင်းများသို့ ငါးသိန်းစီ ဆယ်သိန်းစီလည်း ပေးလှူ ခဲ့သည်။ ကဒုံကနီနှင့် အမာကျေးရွာများရှိ နိုင်ငံတော်အစိုးရ ဆေးရုံ



www.burmeseclassic.com

www.burmeseclassic.com



နှစ်ရုံကိုပင် ပြင်ဆင်မွမ်းမံပေးခဲ့သည်။ ဆေးရုံသုံး ပစ္စည်းနှင့် ဆေးဝါးများ အပြည့်အစုံကိုလည်း လှူဒါန်းပေးခဲ့သည်။ ဘိုကလေးမြို့ နိုင်ငံတော်အစိုးရဆေးရုံကို ဒေါ်လာငါးသောင်းခန့် တန်ဖိုးရှိသော ပစ္စည်းများ လှူဒါန်းရန်အဆင်သင့်ပြင်ဆင်ထားပြီး ဖြစ်သည်။

ဇွန်လ ၉-ရက် တစ်လပြည့်မြောက်နေ့အထိ သီတဂူသာသနာပြုအဖွဲ့ လှူဒါန်းထောက်ပံ့ခဲ့သော ပမာဏမှာ မြို့နယ်ခြောက်မြို့နယ်၊ ကျောင်းပေါင်း ၁၃၄၄-ကျောင်း။ တစ်ကျောင်းလျှင် အနည်းဆုံးငွေကျပ် တစ်သိန်းစီဖြင့်စုစုပေါင်းငွေကျပ် ၁၃၄၄-သိန်းကျော် လှူဒါန်းပြီးဖြစ်သည်။ တစ်ကျောင်းလျှင် သွပ်အချပ်တစ်ရာနှုန်းဖြင့် သွပ်အချပ်ရေ ၁၄၆၀၀-ကျော် လှူဒါန်းခဲ့ပြီးဖြစ်သည်။ ဘုန်းတော်ကြီး ကျောင်းပေါင်း ၁၃၄၄၊ ကျေးရွာပေါင်း ၉၀၀ ကျော်တို့အား ဆန်တစ်တင်းခွဲဝင် အိတ်ပေါင်း ၁၀၀၀၀-ကျော် လှူဒါန်းခဲ့ပြီးဖြစ်သည်။ အဝတ်အထည်နှင့် ဒန်အိုးဒန်ခွက်၊ အခြားစားစရာများ ထရပ်ကား အစီးပေါင်းသုံးရာကျော်ခဲ့ပြီဖြစ်သည်။ ယနေ့သီတဂူအဖွဲ့က ဘိုကလေးပြည်သူ့ဆေးရုံသို့ လှူဒါန်းခဲ့ပြီးသော ပစ္စည်းများမှာ-

ကွန်ပျူတာဓာတ်မှန်စက်
အရေးကြီးလူနာသုံး နှလုံးစမ်းသပ်စက်
ရိုးရိုးနှလုံးစမ်းသပ်စက်
မေ့ဆေးစက်
လျှပ်စစ်ခွဲစိပ်စက်
ခွဲစိပ်ကိရိယာများ ပေါင်းတင်စက်



www.burmeseclassic.com

www.burmeseclassic.com



ခွဲစိပ်ခန်းသုံး ပစ္စည်းကိရိယာများ
လျှပ်စစ်ဓာတ်အားပေးစက်
အောက်ဆီဂျင်ထုတ်လုပ်သည့်စက်
ဆေးတင်လှည်း
သူနာပြုလှည်း
ခွဲစိပ်ကိရိယာထည့်သောလှည်း
လူနာသုံး ကုတင် ၁၆–လုံး
လူနာသုံး စားပွဲဗီရို ၁၆–လုံး တို့ဖြစ်သည်။
အမာမြို့နယ်ဆေးရုံသို့ လှူဒါန်းခဲ့ပြီးသော ပစ္စည်းများမှာ–
ခွဲစိပ်ခန်းသုံးကုတင်
ခွဲစိပ်ခန်းသုံး မီး
မေ့ဆေးစက်
လျှပ်စစ်ခွဲစိပ်စက်
နှလုံးစမ်းသပ်စက်
ခွဲစိပ်ကိရိယာများ ပေါင်းတင်စက်
ခွဲစိပ်ခန်းသုံး ပစ္စည်းကိရိယာများ
လျှပ်စစ်ဓာတ်အားပေးစက်
လူနာကုတင်နှင့် စားပွဲဗီရိုများ ဖြစ်ကြသည်။

ကဒုံကနီဆေးရုံသို့ ယခင်ကပင် ခွဲစိပ်ခန်း၊ ဓာတ်ခွဲခန်း၊ ဓာတ်မှန်ခန်းအတွက် အပြည့်အစုံ လှူဒါန်းခဲ့ပြီး ဖြစ်သော်လည်း လေဘေး၊ ရေဘေးကြောင့် ပျက်စီးယိုယွင်းသွားသည်တို့ကို ပြန်လည်



www.burmeseclassic.com

www.burmeseclassic.com



အစားထိုးရန် ပြင်ဆင်ထားသော ပစ္စည်းများမှာ အိမ်ခြေနှစ်ထောင် အသုံးပြုနိုင်သည့် ရေသန့်ထုတ်လုပ်ပေးမည့်စက်၊ ECG Machine, Cardiac Table, Medicine Trolley, Dressin & Trolley, Instrument Trolley, Lab Table, Vaccwn Exoacrol, Foot Sucrion, $O_2$ Flowmeter, Fowlets Bed, Generator, (GOKYA) တို့ဖြစ်ကြသည်။

သီတဂူသာသနာပြုအဖွဲ့သည် သာသနာရေး၊ ပညာရေးနှင့် ကျန်းမာရေးကိစ္စများကို ဦးစားပေး၍ ကူညီစောင့်ရှောက်ပေးနေပါသည်။ ဝေးလံသီခေါင်သော Remote Area ရှိဆင်းရဲနွမ်းပါးသော ဘုန်းတော်ကြီးသင်မူလတန်းကျောင်းများ၊ အစိုးရမူလတန်းကျောင်းများကိုလည်း ပြန်လည်ပြုပြင် တည်ဆောက်ပေးရန် ကျောင်းအချို့အား ရွေးချယ်ထားပြီး ဖြစ်ပါသည်။

အလှူဒါနကို မှီခိုနေရသော ဤလောကတ္တစရိယ လုပ်ငန်းအားလုံးသည် အလှူဒါန အနည်းအများ အပေါ်မှာတည်မှီ၍ စောင့်ရှောက်မှု လုပ်ငန်းအနိမ့်အမြင့် အကျယ်အပြန့်ပမာဏ အမျိုးမျိုးရှိမည်ဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေ ရထားသည့် ဘဝကောင်းတစ်ခုမှာ မွန်မြတ်သော လုပ်ငန်းတစ်ခုကို ဤမျှလောက် လုပ်ကိုင်ခွင့်ရသည့် မိမိ၏ဘဝကို ဝမ်းမြောက်ကြည်နူးမိပါသည်။ ဝိုင်းဝန်းလှူဒါန်းကြသည့် အလှူရှင်များ၊ လုပ်အားဒါနပြုကြသည့် တပည့်ဒကာပြည်သူအများ ဝိုင်းဝန်းကူညီစောင့်ရှောက်ကြသည့် နိုင်ငံတော်အစိုးရအဖွဲ့အစည်း အဆင့်ဆင့်မှ ဝန်ထမ်းများ အားလုံးကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ ဂုဏ်ပြုပါသည်။ မှတ်တမ်းတင်ပါသည်။ ကျန်းကျန်းမာမာ စိတ်ချမ်းသာစွာ အသက်ရှည်ကြပါစေ။

ဤကား အလှူပေးသောဆရာတော်၏ အမြင်ဖြစ်၏။ ယခု တစ်ဖန် အလှူခံပုဂ္ဂိုလ်၏ ရှုထောင့်မှ အမြင်ကိုလည်း တိုက်ဆိုင်ဖော်ပြပါဦးမည်။ ယခု ဖော်ပြလတ္တံ့သော ဆောင်းပါးကို ၂၀၀၈ ခုနှစ် ဇူလိုင်လထုတ် စိန္တာမဏိဓမ္မရသစုံမဂ္ဂဇင်းမှ ရရှိပါသည်။ ရေးသူမှာ ငွေးလွင် (ဆားလင်းကြီး) ဖြစ်သည်။

## သီတဂူဆရာတော်၏ အာယုဒါနမဟာအလှူတော်

ငွေးလွင် (ဆားလင်းကြီး)

သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရဟုဆိုလျှင် မြန်မာနိုင်ငံတွင်မက ကမ္ဘာကပါသိသော ဆရာတော်ဖြစ်သည်။ ဆရာတော်သည် နိုင်ငံခြားတိုင်းပြည်များသို့ ဓမ္မဒေသနာခရီးဆန့်၍ ဗုဒ္ဓတရားတော်များကို ဟောကြားတော်မူသောကြောင့်ဖြစ်သည်။ ဆရာတော်သည် မြန်မာနိုင်ငံမြို့ရွာ အနှံ့ခရီးဆန့်ပြီး ဓမ္မဒေသနာတရားများ ဟောကြားတော်မူသောကြောင့် သီတဂူဆရာတော်ဟုဆိုလျှင် မသိသူ မရှိပေ။

တရားဟောရာ၌လည်း နာကြားရသူတိုင်း ရှင်းရှင်းလင်းလင်း နားလည်သဘောပေါက်ကြသည်။ ဆရာတော်ကမ္ဘာကျော်သည်မှာ ဓမ္မဒေသနာစွမ်းရည် သက်သက်ကြောင့်မဟုတ်ပေ။ ဆရာတော်သည် ရဟန်းရှင်လူပြည်သူတို့၏ ဘဝချမ်းသာရေးကို စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ခြင်းကြောင့်ဖြစ်သည်။ ဆရာတော်သည် ရေအတွက် အနေ



www.burmeseclassic.com

www.burmeseclassic.com



ခက်၍ ဆင်းရဲလှသော စစ်ကိုင်းတောင်ရိုးပျော် ဆရာတော်ရဟန်း သာမဏေသီလရှင်တို့၏ ရေဒုက္ခမှ လွတ်မြောက်ရန် ၁၃၄၂-ခုနှစ်တွင် သီတဂူရေအလှူတော်စီမံကိန်း လုပ်ငန်းကြီးကို အောင်မြင်စွာ ဆောင်ရွက်ခဲ့သည်။

တောင်စစ်ကိုင်းတွင် ချောင်းတိုင်းအရောက် ရေပိုက်လိုင်းများ ဆက်သွယ်ပေး၍ ရေဝတီမြစ်ရေသည် တောင်ပေါ်အရောက် စီးဆင်းလာခဲ့သည်။ ရေအတွက် အနေမခက်ကြတော့ပေ။ သီတဂူ ရေအလှူ လုပ်ငန်းကြီး အောင်မြင်ပြီးစီးသောအခါ သီတဂူအာယုဒါန ဆေးအလှူတော် ခေတ်မီဆေးရုံကြီး ဆောက်လုပ်၍ ကုသပေးလျက်ရှိရာ ရဟန်းရှင်လူပြည်သူများ၏ အားထားရာ ဖြစ်လာသည်။

အာယုဒါနဆေးရုံကြီး မဆောက်မီ ဆေးရုံဆောက်မည့်ဌာန ညှိဆောင်၌ ဩဝါဒါစရိယဆရာတော်ကြီးများပင့်ဖိတ်၍ ဩဝါဒခံယူပွဲ ပြုလုပ်သည်။ အရှင်မဟောသဓ ပဏ္ဍိတ (ဝေဖယန္တာ) က ခေါ်၍ နားထောင်ခွင့်ရခဲ့ဖူးပါသည်။ အားရဖွယ်ကောင်းလှသော ရွှေစေတီဆရာတော်ဘုရားကြီး၏ ဩဝါဒကို အမှတ်ရမိသည်။ အဂ္ဂမဟာပဏ္ဍိတ ရွှေစေတီဆရာတော်ဘုရားကြီးက ဩဝါဒမိန့်ကြားရာတွင်-

"တို့ငယ်ငယ်တုန်းက အဖျားဝေဒနာ ခံစားရဖူးတယ်၊ အဖျားဝေဒနာက တော်တော်နဲ့ မပျောက်တော့ စစ်ကိုင်းမြို့ထဲ ဆေးရုံတက်ကုသရတယ်၊ ယခုခေတ်လို မော်တော်ကားလည်းမရှိသေး၊ ရဟန်းငယ်ဘဝဆိုတော့ ဆင်းဆင်းရဲရဲ၊ ဆေးရုံတက်ကုသခဲ့ရတယ်၊ ယခု သီတဂူအာယုဒါနဆေးရုံကြီး ဆောက်ပြီးရဟန်း သာမဏေ သီလရှင်



www.burmeseclassic.com

www.burmeseclassic.com



တွေကို ကုသပေးမှာဆိုတော့ မြို့ထဲဆေးရုံ သွားစရာမလိုတော့ဘူး၊ ဟို ဆေးကြော်ငြာ ရေးသလိုပေါ့၊ ဖျားဝံ့ဖျားကြစမ်းတဲ့၊ ယခုသီတဂူ အာယုဒါန ဆေးရုံကြီး ဆောက်ပြီးရင်တော့ စစ်ကိုင်းတောင်ရိုးက ပုဂ္ဂိုလ်တွေဖျားဝံ့ရင် ဖျားကြစမ်း၊ သီတဂူအာယုဒါနဆေးရုံကြီးက ကုသ ပေးလိုက်မယ်''။

ဟု မိန့်တော်မူရာ ပရိတ်သတ်အားလုံး ပြုံးကြရသည်။ သီတဂူ ဆရာတော်သည် ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ကြီးကို တည်ထောင်ဖွင့်လှစ်ထား ရာ ဘာသန္တရစာပေများကို သင်ကြားလေ့လာခွင့်ရ၍ ကမ္ဘာအနှံ့ ခရီး ဆန့်ကာ သာသနာပြုနိုင်မည့် ပုဂ္ဂိုလ်များကို မွေးထုတ်ပေးလျက်ရှိ သည်။ ဆရာတော်သည် သီတဂူအာယုဒါန ဆေးရုံကြီးကို ဖွင့်လှစ်၍ ထိုဆေးရုံကြီးသို့တက်ရောက် ကုသခံသော လူနာများကိုသာ ကုသပေး သည် မဟုတ်ပေ။

ဆေးရုံသုံးပစ္စည်း၊ ဆရာဝန်သုံးပစ္စည်း၊ လူနာသုံးပစ္စည်းများ နွမ်းပါးချို့တဲ့သော ဆေးရုံများကိုလည်း လှူဒါန်းထောက်ပံ့သည်။ သီတဂူ ဆရာတော် ဒေါက်တာအရှင်ဉာဏိဿရသည် စစ်ကိုင်းတိုင်း၊ ဆားလင်း ကြီးမြို့၊ မြို့နယ် ပြည်သူ့ဆေးရုံ၏ ကျေးဇူးတော်ရှင်ဆရာတော် ဖြစ် ပါသည်။ သီတဂူဆရာတော်နှင့် ဆားလင်းကြီးမြို့၊ တောင်ပေါ်ကျောင်း ဆရာတော်တို့၊ တကောင်းမြို့၊ လေးမျက်နှာဘုရားကြီး ထီးတော်တင်ပွဲ တွင် ဆုံမိရာ တောင်ပေါ်ကျောင်းဆရာတော်က စကားစပ်မိရင်း အလှူ ခံသဖြင့် ၂၀၀၆ ခုနှစ်၊ ဖွန်လ ၂၆ ရက်နေ့တွင် ဆားလင်းကြီးပြည် သူ့ဆေးရုံအတွက် ဓာတ်မှန်စက်တစ်လုံး၊ ခွဲစိပ်ခန်းသုံး ကုတင်တစ်



www.burmeseclassic.com

www.burmeseclassic.com



ခု၊ ခွဲစိပ်ပြီးစ လှူနာထားသော ကုတင်နှစ်လုံးတို့ကို ထိုစဉ်က ဆားလင်းကြီးဆေးရုံ အုပ်ကြီးဒေါက်တာဒေါ်ဆွေဆွေဝင်းထံ လှူဒါန်းခဲ့ပါသည်။

ဆေးရုံအတွက် အရေးတကြီး လိုအပ်သော ပစ္စည်းများကို ရေးပါဆို၍ ဒေါက်တာဒေါ်ဆွေဆွေဝင်းက P.C.V သွေးလွန်တုပ်ကွေး စမ်းသပ်စက် ရေးခဲ့ပြီး (၂၅-၉-၂၀၀၇) ရက်စွဲဖြင့် ဆားလင်းကြီး ပြည်သူ့ဆေးရုံအုပ်ဆရာဝန်ကြီး ဒေါက်တာတင်မောင်ညွန့်ထံ ဖိတ်ကြား စာတစ်စောင် ရောက်လာသည်။ ထိုစာမှာ-

မေတ္တာရှေ့ထား ဖိတ်ကြားအပ်ပါသည်။ သက်ဆိုင်ရာ ဆေးရုံအုပ်များနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌများ-

ကျေးလက်တောရွာများနှင့် မြို့နယ်လေးများရှိ နွမ်းပါးသော ဆေးရုံကလေးများအား ဆေးရုံသုံးပစ္စည်း ဆရာဝန်သုံးပစ္စည်း၊ လူနာသုံးပစ္စည်းများကို လှူဒါန်းခဲ့သည်မှာ လွန်ခဲ့သော ဆယ်နှစ်ခန့်က စ၍ ယနေ့အထိ ဆေးရုံပေါင်း နှစ်ဆယ်ရှိပါပြီ။ ယခုနှစ် (၂၀၀၇) တွင် ဆေးရုံသုံးပစ္စည်းလှူဒါန်းရန် အောက်ပါ ဆေးရုံများအား ရွေးချယ်သတ်မှတ်၍ ဆေးရုံသုံးပစ္စည်းများကို လှူဒါန်းရန် စီစဉ်ထားပြီး ဖြစ်ပါသည်။

**ယခုနှစ်လှူဒါန်းမည့်ဆေးရုံများစာရင်း**

၁။ မြို့နယ်ပြည်သူ့ဆေးရုံ၊ နတ်မောက်မြို့၊ မကွေးတိုင်း၊

၂။ မြို့နယ်ပြည်သူ့ဆေးရုံ၊ ပြည်ကြီးမဏ္ဍိုင်မြို့၊ တနင်္သာရီတိုင်း၊



www.burmeseclassic.com

www.burmeseclassic.com



၃။ တိုက်နယ်ပြည်သူ့ဆေးရုံ၊ ထောင်လည်ရွာ၊ ပေါက်ခေါင်းမြို့၊

၄။ တိုက်နယ်ပြည်သူ့ဆေးရုံ၊ ကဒုံကနိရွာ၊ ဘိုကလေးမြို့နယ်၊

၅။ မြို့နယ်ပြည်သူ့ဆေးရုံ၊ တနင်္သာရီတိုင်း၊

၆။ တိုက်နယ်ပြည်သူ့ဆေးရုံ၊ တကူးရွာ၊ ရေးမြို့နယ်၊

၇။ တိုက်နယ်ပြည်သူ့ဆေးရုံ၊ ဒူးယားရွာ၊ ရေးမြို့နယ်၊

၈။ သီတဂူစက္ခုဒါနမျက်စိအထူးကုဆေးရုံ၊ သီပေါမြို့၊

၉။ မြို့နယ်ပြည်သူ့ဆေးရုံ၊ ဆားလင်းကြီးမြို့၊စစ်ကိုင်းတိုင်း။

အထက်ပါဆေးရုံများသို့ ဆေးရုံသုံးပစ္စည်းများ အပ်နှံလှူဒါန်းသည့် အခမ်းအနားကို ၁၃၆၉ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁-ရက် (၂၇-၁၀-၂၀၀၇)နေ့ နံနက် (၉း၀၀) နာရီအချိန်တွင် ကျင်းပပါမည်။ ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ပင်လုံလမ်း ပါရမီလမ်းထိပ်၌ တည်ရှိသော သီတဂူအပြည်ပြည်ဆိုင်ရာ သာသနာပြုဗိမာန်တွင် ကျင်းပမည်ဖြစ်၍ မပျက်မကွက် တက်ရောက်ရန်ဖိတ်ကြားစာ ရောက်လာသည်။

ဆားလင်းကြီးမြို့နယ်၊ ပြည်သူ့ဆေးရုံ၊ ဆေးရုံအုပ်ကြီး ဒေါက်တာတင်မောင်ညွှန့်တက်ရောက် လက်ခံရယူခဲ့သည်။ ဒေါက်တာတင်မောင် ညွှန့်သည် ပြုံးပန်းအပြည့်၊ ပီတိဝေဖြာသော မျက်နှာဖြင့် ပြန်ရောက် လာပါသည်။ ရောက်လျှင်ရောက်ချင်း အလှူပစ္စည်းများ စာရင်းကို ပြသည်။ မြင်ရကြားရသူအားလုံး ရွှင်ပြုံးဝမ်းသာ ပီတိဖြာ၍ သာဓုခေါ်ကြရပါသည်။ ပစ္စည်းစာရင်းကို အင်္ဂလိပ်လို ရိုက်နှိပ်ထားသည်။ မြန်မာစာဖြင့် ဖော်ပြပါမည်။



www.burmeseclassic.com

www.burmeseclassic.com



| စဉ် | အမျိုးအမည် | တန်ဖိုး |
|---|---|---|
| ၁။ | ခွဲစိပ်ကုတင်တစ်ခု | ၂၀၀၀၀၀၀ |
| ၂။ | အောက်စီဂျင်ပေးစက်တစ်ခု | ၂၀၀၀၀၀ |
| ၃။ | ပီစီဗီသွေးလွှန်တုပ်ကွေး စမ်းသပ်စက်တစ်ခု | ၆၅၀၀၀၀ |
| ၄။ | အသက်ရှူကိရိယာ လေဖူးတစ်ဖူး | ၁၅၀၄၄ |
| ၅။ | အီးစီဂျီနှလုံးစမ်းသပ်စက်တစ်ခု | ၃၁၉၀၀၅၀ |
| ၆။ | လေအေးစက်တစ်ခု | ၄၅၆၀၀၀ |
| ၇။ | ကုတင် ၁၆ လုံး | ၁၂၈၀၀၀၀ |
| ၈။ | ကုတင်ဘေးဗီရိုငယ် ၁၆ လုံး | ၇၂၀၀၀၀ |
| ၉။ | အဏုကြည့်မှန်ပြောင်းတစ်ခု | ၂၀၀၀၀၀ |

စုစုပေါင်း ပစ္စည်းတန်ဖိုးမှာ (၉၃၄၆၀၅၀) ကိုးဆယ့်သုံးသိန်း လေးသောင်းခြောက်ထောင်ငါးဆယ်ကျပ် တိတိဖြစ်သည်။ တို့ဆေးရုံတော့ ပစ္စည်းတွေစုံပြီပဲ ကြားရသူတိုင်း ဝမ်းမြောက်ကြည်နူးရပါသည်။ စာရေးသူကား အလှူရရှိခဲ့သော ပစ္စည်းစာရင်းကိုကြည့်၍ ဝမ်းမြောက်ကြည်နူးအထူးပီတိဖြစ်ခဲ့ရပါသည်။

သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ၏ အာယုဒါန၊ အသဒိသဒါန မဟာအလှူတော်ကို ပူဇော်ဂုဏ်ပြုသောအားဖြင့် ဤ ဆောင်းပါးကို ရေးသားအပ်ပါသတည်း။ ဆရာတော် သက်တော်ရာကျော်ရှည်ပါစေသော်။ ။

(ဒွေးလွင်–ဆားလင်းကြီး)



www.burmeseclassic.com

www.burmeseclassic.com



ယခု လှူတတ်ဖို့ ဦးစားပေးသော၊ လောကကို မိမိအတွက် အသုံးမချဘဲ မိမိကိုလောကအတွက် အသုံးချသော၊ လောဘစာတ်ကို မွေးစားသားလို သဘောထားပြီး၊ အလောဘစာတ်ကို သားအရင်းလို သဘောထားသော သီတဂူဆရာတော်ကြီး၏ ဒါနပါရမီဖြည့်ဆည်းပုံများကို ဖော်ပြပြီး၍ ယခုအခါ ဖယသေနမင်းကြီးနှင့် သားတော်သုံးယောက် အကြောင်းကို ပြန်ဆက်ပါဦးမည်။

မင်းသား သုံးယောက်သည် ဘုရားအမှူးရှိသော သံဃာတော်တစ်သောင်းတို့အား ပြုစုလုပ်ကျွေးခွင့်ရသည်နှင့် ပိုင်ဆိုင်သမျှငွေအားလုံးကို ကြီးကြပ်သူနှင့် ဘဏ္ဍာထိန်းတို့အား အပြီးအပ်နှံလိုက်၏။ သုံးလအတွင်း ပိုင်ဆိုင်သမျှ ပစ္စည်းအားလုံး တစ်ကျပ်မျှ မကျန်ချင်နေပါစေ၊ လှူချင်သလို လှူတော့ဟူသော အဓိပ္ပါယ်ပင်ဖြစ်၏။

ထိုသုံးလအတွင်းတွင် သူတို့သုံးဦးသည် ဖန်ရည်စွန်းသော အဝတ်ကိုဝတ်ပြီး သီလကို လုံခြုံအောင် ထိန်းကာကျောင်းတော်မှာပင် ဝေယျာဝစ္စပုဂ္ဂိုလ်အနေဖြင့် နေကြတော့သည်။ ရာထူး၊ အာဏာ၊ ပါဝါတွေ ကိုသုံးလတာအတွင်း ဖယ်ခွာထားသည့် သဘောပင်ဖြစ်၏။ ဝေယျာဝစ္စကုသိုလ်ပြုလုပ်သူပေါင်း သုံးသောင်းကျော်ခန့်ရှိသည်ဟုဆိုသည်။

ထိုဝေယျာဝစ္စပြုသူ သုံးသောင်းကျော်တွင် စိတ်ထားကောင်းသူများပါသလို၊ စိတ်ထားယုတ်ညံ့သူများလည်းပါ၏။ စိတ်ထားကောင်းသူများသည် သူတစ်ပါးအလှူ ဖြစ်သော်လည်း မိမိအလှူကဲ့သို့ သဘောထားပြီး စေတနာအပြည့်ဖြင့် ဝေယျာဝစ္စလုပ်ကြ၏။ စိတ်ထားယုတ်ညံ့သူများသည်အခွင့်ရေးကား နှစ်ခါရဖို့မလွယ်၊ ရတုန်းတန်အောင်



www.burmeseclassic.com

www.burmeseclassic.com



ယူထားမယ်ဟူသောသဘောဖြင့် သံဃာများကပ်လှူရန် ချက်ပြုတ်ထားသော ဆွမ်းများ, ဟင်းများကို မိမိတို့ သားသမီးများနှင့်အတူ ဦးဦးဖျားဖျား ခိုးယူစားသောက်ကြ၏။

## ကြည်ညိုခြင်းသုံးမျိုး

ကြည်ညိုခြင်းသည် သုံးမျိုးရှိ၏။ မိမိကိုယ်မိမိ ကြည်ညိုခြင်း၊ အတူနေများက ကြည်ညိုခြင်း၊ အဝေးနေပုဂ္ဂိုလ်များက ကြည်ညိုခြင်းတို့ပင်ဖြစ်၏။ ထိုသုံးမျိုးတွင် မိမိကိုယ်မိမိ ကြည်ညိုဖို့သည် နံပါတ်တစ် အရေးအကြီးဆုံးဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် "အရင်းလဲ၊ အဖျားထင်းဖြစ်" ဟူသော စကားအတိုင်း မိမိကိုယ်မိမိ တကယ်ကြည်ညိုအောင်နေလျှင် အတူနေများက ကြည်ညိုခြင်း၊ အဝေးနေများက ကြည်ညိုခြင်းတို့သည် အလိုလိုပါသွားသောကြောင့်ပင်ဖြစ်၏။

သူတစ်ပါးကို မကြည်ညိုမိလို့ အပြစ်မရှိ၊ အကုသိုလ်မဖြစ်၊ ကုသိုလ်မရရုံသာရှိ၏။ သို့သော် မိမိကိုယ်ကို အမှန်တကယ် မကြည်ညိုအောင်နေလျှင်ကား အပါယ်ငရဲအထိကျတတ်၏။ အဘယ့်ကြောင့်ဆိုသော် သူတစ်ပါးကို လိမ်ညာ၍ရသော်လည်း မိမိကိုယ်မိမိ လိမ်ညာ၍မရသောကြောင့်ပင်ဖြစ်၏။ မိမိကိုယ်မိမိ တကယ်ကြည်ညိုအောင်နေလိုလျှင် ဗုဒ္ဓ၏ဩဝါဒအတိုင်း–

> အကုသိုလ် အလုပ်မှန်သမျှ သူတစ်ပါး သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ အကုန်ရှောင်ကြဉ်ရ၏။ ကုသိုလ်မှန်သမျှ သေးသေးလေးပါမကျန် အကုန်ပြုလုပ်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



မိမိစိတ်ကို ဗုဒ္ဓါနုဿတိ၊ မေတ္တာ၊ အသုဘ၊
မရဏာနုဿတိ၊ ဝိပဿနာတစ်ခုခု
အမြဲတမ်းပွားများနေပြီး ဖြူစင်အောင်ထားရ၏။

ဤအဆုံးအမတိုင်း နေပါလျှင် မိမိကိုယ်မိမိ တစ်နေ့ထက်တစ်နေ့ ပို၍ကြည်ညိုလာမည်သာဖြစ်၏။ ဝေယျာဝစ္စလုပ်သူများတွင် ခိုးဝှက်စားသောက်သူများသည် မိမိကိုယ်မိမိ ကြည်ညို၍ မရကြတော့။ ငါတို့သည် ဘုရားအမှူးရှိသော သံဃာတော်များအရင် ခိုးဝှက်စားသောက်သူများပါတကား- ဟူသော အတွေးသည် သူတို့တစ်တွေကို အမြဲတမ်းဒုက္ခပေးလျက်ရှိ၏။

ထို့ကြောင့် သက်တမ်းကုန်၍ သေဆုံးကြသောအခါ ခိုးဝှက်စားသောက်ကြသော ဝေယျာဝစ္စသမားများသည် ငရဲသို့ကျသွားကြ၏။ အလှူရှင်များနှင့် ဖြူစင်စွာ ဝေယျာဝစ္စပြုသူများသည် နတ်ပြည်သို့ ရောက်ကြ၏။ မိမိကိုယ်မိမိ တကယ်ကြည်ညိုအောင်နေသူများသည် နတ်ပြည်သို့ ရောက်ရပြီး မိမိကိုယ်မိမိ တကယ်ကြည်ညိုအောင် မနေသူများသည် ငရဲပြည်သို့ ရောက်ရကြောင်းမှာ ဤသာဓကဖြင့် ထင်ရှားလှ၏။

## ယောက်မလိုလူ လျှာလိုလူ

ဝေယျာဝစ္စလုပ်သူများတွင် ခိုးဝှက်စားပြီး ငရဲသို့ ကျသွားသူများသည် ဟင်းမွှေသော ယောက်မနှင့်တူ၏။ နတ်ပြည်သို့ရောက်သွားသူများသည် ဟင်းအရသာကို ခံစားသော လျှာနှင့်တူ၏။ ယောက်မသည် ဟင်းအိုးကို အမြဲမွှေနေရသော်လည်း ဟင်း၏အရသာကို တစ်စက်



www.burmeseclassic.com

www.burmeseclassic.com



ကလေးမှမသိ၊ ထို့အတူ တချို့ ဒကာ,ဒကာမများသည် သူတော်ကောင်းနှင့် နှစ်ပေါင်းများစွာ အတူတူနေရသော်လည်း သူတော်ကောင်းတို့၏ တရားသည်သူတို့ ရင်ထဲသို့မရောက်။

ယခု ငရဲကျသွားသော ဝေယျာဝစ္စများသည် သုံးလတိုင်တိုင် ဘုရားရဟန္တာများနှင့်အတူတူ နေရသော်လည်း သူတော်ကောင်းတရားသည် သူတို့ရင်ထဲသို့ နှမ်းတစ်စေ့ခန့်မျှ မရောက်ပေ။ ထို့ကြောင့် ဟင်းမွှေသောယောက်မနှင့်တူသည်ဟု ဆိုရခြင်းဖြစ်၏။ နတ်ပြည်ရောက်သွားသော ဝေယျာဝစ္စများကား သူတော်ကောင်းတို့နှင့် သုံးလသာ နေလိုက်ရသည်။ နေလိုက်ရသည်နှင့် သူတော်ကောင်းတရားသည် သူတို့ရင်ထဲသို့ အပြည့်ရောက်သွား၏။

ထို့ကြောင့် လျှာနှင့်တူသည်ဟု ဆိုရခြင်းဖြစ်၏။

စာရေးသူ၏ သာသနာပြုသက်တမ်းတစ်လျှောက်တွင် လျှာနှင့်တူသော တပည့်များကို တွေ့ရသလို ယောက်မနှင့်တူသော တပည့်များကိုလည်းတွေ့ရ၏။ သို့သော် ယောက်မနှင့်တူသော တပည့်ကများ၏။ လျှာနှင့်တူသော တပည့်တစ်ယောက်မှာ ကော့သောင်းမြို့၊ ခုနစ်မိုင်၊ ထားဝယ်စုရွာမှဖြစ်သည်။

သူ့အမည်ကို ကိုစီတုန်းဟုသာ လွယ်လွယ်ခေါ်ကြသည်။ အမည်ရင်းမှာ ဦးကျော်သန်းဖြစ်သည်။ ကော့သောင်းမြို့နှင့် ခုနစ်မိုင်ဝေးသောကြောင့် ယင်းနေရာကို လွယ်လွယ်ပင်ခုနစ်မိုင်ရွာဟု ခေါ်ကြ၏။ တောတောင်များထူထပ်၏။ တောဝက်များလည်းပေါ၏။ ကိုစီတုန်းသည် တောဝက်ပစ်ပြီး အသက်မွေးသော မုဆိုးတစ်ယောက်သာဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



၂၀၀၃ ခုနှစ်က သူတို့ရပ်ကွက်ထဲတွင် စာရေးသူညတရားပွဲ ဟောလေရာ တရားတစ်ညနာပြီးသွားသည်နှင့် ကိုစိတုန်းသည် တောပစ် အလုပ်ကို အပြီးအပိုင် စွန့်လိုက်တော့သည်။ ထို့ကြောင့် သူ့ကိုလျှာနှင့် တူသည်ဟု ဆိုခဲ့ရခြင်းဖြစ်၏။ ယခုအခါ ရာသီကုန်စိမ်းများကို စိုက်ပျိုးပြီး အသက်မွေးရာ အလွန်အဆင်ပြေနေပြီဖြစ်သည်။

ငွေကြေးအဆင်ပြေတိုင်း ကျောင်းသို့ရောက်လာပြီး လိုအပ် သော အရာများကို မဖြစ်မနေလှူသည်။ တွေ့သောသူတိုင်းကိုလည်း "ဆရာတော်ရဲ့ ကျေးဇူးကြီးတယ်၊ ဆရာတော်ဟောတဲ့တရားကို နာရလို့ မုဆိုးဘဝက လွတ်ခဲ့ရတာ"ဟု တဖွဖွပြောနေတတ်သည်။ ယောက်မနှင့် တူသော တပည့်နှစ်ယောက်ကိုမူ မြိတ်မြို့ သစ်ညီနောင်ကျောင်းမှာ ဆုံရခြင်းဖြစ်၏။

တစ်ခါတွင် စာရေးသူထံသို့ (တပ်မ–၄၃၃) မှ တပ်ကြပ်ကြီး တစ်ယောက်ရောက်လာပြီး တရားအကျင့်နှင့် ပတ်သက်သော အချက် များကို မေးမြန်းလျှောက်ထားသည်။ သူဝေစုရသော နို့ဆီဗူးလေးကို လည်း သူမသောက်ရက်သဖြင့် စာရေးသူအား လှူရှာသည်။ သူသည် စစ်သားဖြစ်သော်လည်း ပါရမီရှိသူဖြစ်သောကြောင့် စာရေးသူဟော သော တရားများကိုနာ၊ စာရေးသူရေးသားသော စာအုပ်များကို ဖတ် ပြီး သေနတ်ကိုင်ရင်း တရားကျင့်နေသူ ဖြစ်သည်။

တစ်ခါတွင် သူတို့တပ်သည် ထားဝယ်နယ်ထဲသို့ ရှေ့တန်း ထွက်ရသည်။ ထိုညက သူကင်းစောင့်တာဝန်ကျသည်။ သူသည်



www.burmeseclassic.com

www.burmeseclassic.com



ကင်းစောင့်ရင်း သရဏဂုံသုံးပါးကို ရွတ်ဆိုနေသည်။ သူသည် စာရေးသူ ရေးသော "သရဏဂုံအစွမ်း အံ့မခန်းဖြစ်ရပ်ဆန်းများ" စာအုပ်ကို သေချာဖတ်ရှုပြီး ဖြစ်သည်။ ထို့ကြောင့် သရဏဂုံရွတ်လျှင်ရွတ်၊ မရွတ်လျှင် ဝိပဿနာတရားရှုပွားနေသူဖြစ်သည်။

သူကင်းစောင့်နေသည်မှာ သစ်ပင်ကြီးတစ်ပင်အောက်တွင်ဖြစ်သည်။ သူသည် သရဏဂုံရွတ်ရင်း သစ်ပင်ကြီးအောက်မှ တခြားနေရာသို့ ပြောင်းသွားချင်စိတ်များ အလိုလိုပေါက်လာသည်။ ထို့ကြောင့် သစ်ပင်ကြီးနှင့်လွတ်ရာ အခြားနေရာသို့ ပြောင်းလိုက်သည်။ သူအခြားနေရာသို့ ရောက်သည်နှင့် သစ်ပင်ကြီးသည် 'ဝုန်းကနဲ' ပစ်လဲသွားလေတော့သည်။

သူ၏အသက်ကို သရဏဂုံမှ ကယ်ဆယ်လိုက်ခြင်းပင်ဖြစ်၏။

စာရေးသူသည် တပ်ကြပ်ကြီးအား မုန့်ဖြစ်စေ၊ ကော်ဖီဖြစ်စေ တစ်ခုခု ကျွေးချင်နေ၏။ ထို့ကြောင့် မီးဖိုချောင်တာဝန်ယူရသော ကပ္ပိယနှင့် သီလရှင်ကိုခေါ်ပြီး စားစရာတစ်ခုခု စီစဉ်ပေးရန် ပြောလိုက်၏။ သူတို့သည် ယူနီဖောင်းနွမ်းလျလျနှင့် သိမ်ငယ်စွာ ထိုင်နေသော တပ်ကြပ်ကြီးကို အထင်သေးသော မျက်လုံးများနှင့်တစ်ချက် လှမ်းကြည့်လိုက်သည်ကို စာရေးသူက 'ဖြတ်'ကနဲ သတိထားလိုက်မိသည်။

အတန်ကြာသောအခါ ကော်ဖီလည်း မပါ၊ မုန့်လည်းမပါဘဲ ဆီမဖြစ်စလောက်သာ ဆမ်းထားသည့် လဖက်သုပ်လေးတစ်ပန်းကန်သာ ဝတ်ကျေတမ်းကျေလာချပေးကြသည်။ စာရေးသူကား ကော်ဖီတွေ၊



www.burmeseclassic.com

www.burmeseclassic.com



မုန့်တွေကုန်နေလို့နေမှာဟု ယူဆပြီး ဘာမျှမပြောဖြစ်လိုက်ပါ။

ကိုယ်ကျွေးချင်တာ မကျွေးလိုက်ရသဖြင့် စိတ်မကောင်းတော့ ဖြစ်သွားမိသည်။ တပ်ကြပ်ကြီးပြန်သွားသော အချိန်မှာပင် ကျောင်းဒကာ သူဌေးတစ်ယောက် ကျောင်းပေါ်တက်လာပြန်သည်။ ထိုအခါတွင်ကား ကပ္ပိယနှင့် သီလရှင်သည် စာရေးသူက ဘာမှမပြောရဘဲ ကော်ဖီတွေ မုန့်တွေ လင်ပန်းကြီးနှင့် ထည့်ယူလာပြီး ညှော်ခံပါလေတော့သည်။

သူတို့သည် ဒါနကို ဈေးတွက်တွက်ပြီး မလှူနိုင်သူဆိုလျှင် မကျွေး၊ လှူနိုင်သူမှ ကျွေးမည်ဟု ယူဆထားဟန်တူ၏။ ထိုကျောင်းဒကာ ပြန်သွားသည်နှင့် စာရေးသူသည် သူတို့နှစ်ဦးအားခေါ်ပြီး ခပ်မြန်မြန် ပင် ဆုံးမလိုက်ပါသည်။

''ဒကာကြီးနဲ့ ဒကာမကြီးဟာ ယောက်မနဲ့တူတဲ့သူတွေပဲ၊ ယောက်မဟာ ဟင်းအိုးကို မွှေနေရပေမယ့် ဘာမှအရသာ မသိရသလို ဒကာကြီးတို့ ဒကာမကြီးတို့ဟာလည်း သူတော်ကောင်းတွေနဲ့ အနေနီးပြီး သူတော်ကောင်းစိတ်ဓာတ်တွေ တစ်စက်မှ မတည်ဘူး၊ လျှာဟာ ဟင်းအိုးကိုမမွှေရပေမယ့် တစ်စက်လောက် မြည်းလိုက်ရတယ်ဆိုရင်ပဲ ဟင်းရဲ့အရသာကို အကုန်သိသွားတယ်''။

''တချို့တပည့်တွေဟာ သူတော်ကောင်းနဲ့ တစ်ခဏတွေ့တာနဲ့ သူတော်ကောင်းဖြစ်သွားတာပဲ၊ အဲဒီလို ပုဂ္ဂိုလ်ကို လျှာနဲ့တူတဲ့သူလို့ ခေါ်တယ်၊ ဘုန်းကြီးက ပေးကမ်းစွန့်ကြဲရင် ဘာမျှော်လင့်ချက်မှ မထားဖို့ အမြဲတမ်းဆုံးမနေတယ်''။



www.burmeseclassic.com

www.burmeseclassic.com



မျှော်လင့်ချက် တစ်ခုခုနဲ့ ပေးကမ်းရင် အမြတ်ရဖို့အရောင်းအဝယ်လုပ်တာ၊ မျှော်လင့်ချက်မပါဘဲပေးကမ်းလျှင် နိဗ္ဗာန်ရဖို့ ဒါနပါရမီဖြည့်ဆည်းတာ၊ ပစ္စက္ခသံသရာ ငါ-ကောင်းစားရေးကို အဓိကထား၍ လှူဒါန်းသောဒါနသည် ပါရမီမထိုက်သော ဒါနဖြစ်သည်။ မိမိအကျိုးကို လုံးဝ မမျှော်ကိုးဘဲ အလှူခံပုဂ္ဂိုလ်ကောင်းစားဖို့ အဓိကထား၍ လှူဒါန်းသော ဒါနသည် ပါရမီထိုက်သော ဒါနဖြစ်သည်။ ပါရမီမထိုက်သော ဒါနသည် လူချမ်းသာ၊ နတ်ချမ်းသာကိုပေးပါ၏။ သို့သော် ကိလေသာကုန်ရာ နိဗ္ဗာန်သို့ကား မပို့၊ ပါရမီထိုက်သော ဒါနသည် လူချမ်းသာ၊ နတ်ချမ်းသာကိုလည်းပေး၏။ ကိလေသာ ကုန်ရာ နိဗ္ဗာန်သို့လည်း ပို့ပေး၏''။

''ဒီအတွေးအခေါ်တွေဆိုရင် ဟိုး-အဝေးကြီးမှာနေတဲ့သူတွေတောင် သိနေကြတယ်။ ဒကာကြီး ဒကာမကြီးတို့က ဘုန်းကြီးနားမှာနေပြီး ယခုအချိန်ထိ မသိကြသေးဘူး။ မဆာတဲ့သူကိုပဲ ကျွေးချင်တယ်။ ဆာတဲ့သူကို မကျွေးချင်ဘူး။ နောက်ကို ငဲ့သည်လာရင် ဆင်းရဲနွမ်းပါးသူဆိုရင် ရှိတာအကုန်ချကျွေး၊ သူတို့အိမ်မှာ ဒါမျိုးတွေ မစားရဘူး''။

''ချမ်းသာသူတွေဆိုရင်တော့ ဘာမှ ကျွေးမနေနဲ့၊ သူတို့မှာ ပိုလျှံ နေလို့တောင် ကျောင်းကိုလာလှူနေတာပဲ။ ဘာမှပြန်ကျွေးနေစရာ မလိုပါဘူး။ အရာရှိတွေ၊ သူဌေးတွေကို ဖားတယ်ဆိုတာ လောဘကြီးလို့ပဲ။ သူတို့ဆီက တစ်ခုခုကိုလိုချင်လို့ပဲ။ ရိပ်သာထောင်ပြီး တရားပြတယ်ဆိုတာ အဲဒီလောဘဦးဆောင်တဲ့ ကိလေသာတွေကို ပယ်သတ်



www.burmeseclassic.com

www.burmeseclassic.com



ဖို့ပဲ''။

''အရာရှိတွေ သူဌေးတွေကိုဖားပြီး ရိပ်သာတိုးတက်အောင် လုပ်တယ်ဆိုရင်တော့ အဲဒါ ဓမ္မရိပ်သာ မဟုတ်တော့ဘူး။ အဓမ္မရိပ်သာပဲ။ ရိပ်သာတစ်ခု တိုးတက်တယ်ဆိုတာ တရားပြတဲ့ ဆရာရော ယောဂီတွေရော ကိလေသာတွေလျော့လာ၊ ပါးလာ၊ ကုန်စင်လာတာကို ပြောတာ၊ တိုက်တာတွေတော့ ကျောင်းဝိုင်းနဲ့ မဆန့်အောင် များပြားပါရဲ့ ဆရာရောယောဂီတွေပါ လောဘ၊ ဒေါသကိလေသာ မလျော့ဘူး။ မပါးဘူး။ မကုန်ဘူးဆိုရင် အဲဒါဆုတ်ယုတ်ပျက်စီးနေတဲ့ ရိပ်သာပဲ''။

ဤကား ဗုဒ္ဓနှင့် သံဃာများကို ဝေယျာဝစ္စပြုသူသုံးသောင်းအနက် ငရဲကျသူများသည် ယောက်မနှင့်တူကြောင်း ရှင်းပြရင်း စာရေးသူ၏ ကိုယ်တွေ့အချို့ကိုထည့်သွင်း ဖော်ပြခြင်းတည်း။ ယခုဇာတ်လမ်းကို ပြန်ဆက်အံ့။

ထိုဘဝက အလှူရှင်ဖြစ်ကြသော မင်းသားသုံးယောက်သည် (၉၂)ကမ္ဘာတိုင်တိုင် နတ်စည်းစိမ် အကြိမ်ကြိမ်ခံစားရပြီးနောက် ယခုဘုရားသာသနာတွင် ဥရုဝေဠကဿပ၊ ဂယာကဿပ၊ နဒီကဿပ ဟူသော ရသေ့ညီနောင် သုံးပါးလာဖြစ်သည်။ စိတ်ထားကောင်းသူ၊ ဝေယျာဝစ္စ များပြုလုပ်သူများသည်လည်း သူတို့နှင့် အတူတူနတ်စည်းစိမ် အကြိမ်ကြိမ်ခံစားပြီး သူတို့၏ နောက်လိုက်တပည့်များ လာဖြစ်ကြသည်။

ဘုရားနှင့်တွေ့ပြီး အားလုံး ရဟန္တာ ဖြစ်ကြသည်။ ထိုစဉ်က ဘဏ္ဍာစိုးလင်မယားသည်လည်း ၉၂ ကမ္ဘာတိုင်တိုင် နတ်စည်းစိမ် အကြိမ်ကြိမ်ခံစားပြီး ယခုဘဝသာသနာတွင် ဗိမ္ဗိသာရမင်းကြီးနှင့်



www.burmeseclassic.com

www.burmeseclassic.com



မိဖုရားကြီးလာဖြစ်သည်။ ဒါနတစ်ခုကောင်းကျိုးပေးရန်အတွက် အလှူခံကောင်းဖို့ လှူဖွယ်ဝတ္ထုကောင်းဖို့ စေတနာကောင်းဖို့သုံးချက်လိုအပ်၏။

သစ်ပင်တစ်ပင် ကြီးထွားသန်စွမ်းရန်အတွက် မြေကောင်း၊ ရေကောင်း၊ မျိုးစေ့ကောင်း သုံးမျိုးလုံး လိုအပ်သကဲ့သို့ပင်ဖြစ်၏။ မြေ၊ ရေ၊ မျိုးစေ့ဤသုံးမျိုးတွင် မျိုးစေ့ကောင်းဖို့သည် အရေးအကြီးဆုံးဖြစ်၏။ မြေနှင့်ရေ မည်မျှကောင်းသည်ဖြစ်စေ မျိုးစေ့မကောင်းဘဲ ပိုးထိုးနေလျှင် မည်သို့မျှ အပင်ပေါက်လာစရာ အကြောင်းမရှိပေ။

ထို့အတူ အလှူခံပုဂ္ဂိုလ်၊ လှူဖွယ်ဝတ္ထုမည်မျှကောင်းသည်ဖြစ်စေ စေတနာမကောင်းလျှင် အကျိုးပေးကောင်းဖို့ မလွယ်ပေ။ ဗုဒ္ဓလက်ထက်က ပါယာသိမြို့စားကြီးနှင့် သူ့အလှူပွဲတွင် ဦးစီးလုပ်ကိုင်ရသော ဥတ္တရလုလင်တို့ကိုကြည့်ပါ။ ပါယာသိမြို့စားကြီးသည် မိစ္ဆာဒိဋ္ဌိဘဝမှ အရှင်ကုမာရကဿပ၏ တရားကိုနာကြားရပြီး ဗုဒ္ဓဘာသာဝင် ဖြစ်လာခဲ့သည်။

ကံနှင့် ကံ၏အကျိုးကို လက်ခံယုံကြည်သွားပြီဖြစ်သောကြောင့် မဏ္ဍပ်ကြီးများ ဆောက်ပြီး စားစရာ၊ ဝတ်စရာများကို နေ့စဉ် အလှူပေးသည်။ သို့သော် ကိုယ်တိုင်မလှူဘဲဥတ္တရလုလင်ကို တာဝန်ပေးထားသည်။ ဥတ္တရလုလင်သည် သူတစ်ပါး ပစ္စည်းကို တစ်ဆင့်လှူပေးရသော ဝေယျာဝစ္စသမားဖြစ်သော်လည်း မိမိအလှူကဲ့သို့ သဘောထားပြီး စေတနာ,မေတ္တာအပြည့်ဖြင့် လှူဒါန်းပေးကမ်းခဲ့သည်။

ဤအလှူကြီးတွင် အလှူခံနေရာ၌ ရဟန္တာများလည်း ပါသော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် အလှူခံကလည်း ကောင်းသည်၊ အစားအသောက် အဝတ် အထည် အကောင်းစားများကို လှူသောကြောင့် လှူဖွယ်ဝတ္ထုလည်း ကောင်းသည်။ မြေလည်းကောင်းသည်၊ ရေလည်းကောင်းသည်ဟုဆိုရ ပေမည်။ သို့သော် မျိုးစေ့နှင့်တူသော စေတနာတွင်ကား အလှူရှင် ဖြစ်သော ပါယာသိမြို့စားကြီးသည် ဝေယျာဝစ္စ ဦးဆောင်ပြုလုပ်သူ ဥတ္တရလုလင်ကို မမီဘဲ ဖြစ်နေသည်။ ထို့ကြောင့် ထိုဘဝမှ စုတေ၍ နတ်ပြည်ရောက်ကြသောအခါ ပါယာသိမြို့စားကြီးသည် လူ့သက်ဖြင့် အနှစ်ကိုးသန်းအသက်ရှည်သည့် စတုမဟာရာဇ်နတ်ဘုံသို့ရောက်ရ၏။

မျိုးစေ့နှင့်တူသော စေတနာကို အကောင်းဆုံးထားနိုင်သည့် ဝေ ယျာဝစ္စခေါင်းဆောင် ဥတ္တရလုလင်သည်ကား လူ့သက်ဖြင့် သုံးကုဋေ နှင့် အနှစ်ခြောက်သန်း အသက်ရှည်သည့် တာဝတိံသာနတ်ဘုံသို့ ရောက်ခဲ့ရလေသည်။ ဝေယျာဝစ္စပြုလုပ်ပေးသူပင်ဖြစ်သော်လည်း စေတနာကောင်းထားလျှင် အလှူရှင်ထက်ပင်ကောင်းကျိုးရပုံ လက်တွေ့ သာဓကပင်တည်း။

ငရဲသို့ကျခဲ့ရသော ဝေယျာဝစ္စသမားများသည် ငရဲမှလွတ်လာ သောအခါ ငတ်ပြတ်ဆင်းရဲနေသော ပြိတ္တာများလာဖြစ်ကြရသည်။ ကံ၏ အကျိုးပေးကား အံ့ဩစရာကောင်းလှ၏။ သူတို့သည် အစားအသောက် လည်း မစားရ၊ သေလည်းမသေဘဲနှင့် ဒုက္ခခံပြီး ငိုကျွေးနေကြရသည်မှာ ၉၂ ကမ္ဘာပင်ကြာမြင့်ခဲ့ချေပြီ။ ထို့ကြောင့် ရှေးပညာရှိ သူတော်ကောင်း များကား ဘုရား၊ ကျောင်း၊ ကန်ဝေယျာဝစ္စပြုလုပ်သူများ သတိမူနိုင်ရန် ဖော်ပြပါ ဆုံးမစာလင်္ကာလေးကို ရေးသားခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



## ဘုရားပစ္စည်းနှင့် သံဃာ့ပစ္စည်း

ဘုရားပစ္စည်း ငရဲမီး၊ သုံးနည်းအလွန်ခက်။
သံဃာ့ပစ္စည်း၊ အဆိပ်သီး၊ စားနည်းအလွန်ခက်။
စားသုံးမိလျှင်၊ တနင်နင်၊ သေလျှင်အလွန်ခက်။
ငရဲသို့ကျ၊ ဝဋ်ဒုက္ခ၊ လွတ်ပြန်ရဖို့ခက်။
ငရဲဘဝ၊ လွတ်ပြန်က၊ လူ့ဘုံရောက်ဖို့ခက်။
လူ့ဘုံရောက်ခါ၊ သာသနာ၊ ကြုံပြန်ရဖို့ခက်။
သာသနာတွင်၊ ကြုံကြိုက်လျှင်၊ ကျင့်ခြင်းသာလို့ခက်။
ဘုရားသခင်၊ ဉာဏ်တော်ရှင်၊ ဖူးမြင်ရဖို့ခက်။
အရိယာသံဃာ၊ ပေါ်သောခါ၊ လှူဒါန်းရဖို့ခက်။

ဤဘဒ္ဒကမ္ဘာ ကဿပဘုရားရှင် ပွင့်လာသောအခါ အချို့သော ပြိတ္တာများသည် သူတို့နှင့်ဆွေမျိုးတော်စပ်သူများ ကုသိုလ်ပြုပြီး ပေးဝေသောအမျှကို သာဓုခေါ်ရသောကြောင့် ပြိတ္တာဘဝမှ ကျွတ်လွတ်သည်။ နတ်စည်းစိမ်များ ခံစားသွားရသည်ကို ၉၂–ကမ္ဘာ ငတ်ပြတ်ဆင်းရဲနေသော ပြိတ္တာများကတွေ့မြင်သွားကြ၏။ သူတို့လည်း ထိုကဲ့သို့ ပြိတ္တာဘဝမှကျွတ်လွတ်ပြီး စားစရာ၊ ဝတ်စရာနှင့် ပြည့်စုံချင်ကြ၏။

ထို့ကြောင့်ကဿပဘုရားရှင်ထံသွားပြီး သူတို့သည် မည်သည့်အချိန်ကာလ၌ ဤဆာလောင်ငတ်မွတ်သောဘေးမှ လွတ်မြောက်ပါမည်နည်းဟု မေးလျှောက်ကြ၏။ ထိုအခါ ကဿပဘုရားရှင်က သူတို့၏ ကုသိုလ်ပြုဘက် ဆွေမျိုးများဖြစ်ကြသော ဘဏ္ဍာစိုးလင်မယားသည် နောင်ပွင့်မည့် ဂေါတမမြတ်စွာဘုရား လက်ထက်အခါတွင် ဗိမ္ဗိသာရ



www.burmeseclassic.com

www.burmeseclassic.com



မင်းနှင့် မိဖုရားဖြစ်လာလိမ့်မည်။ သူတို့ပေးဝေသောအမျှကို သာဓုခေါ် ရမှသာလျှင် ဤဆင်းရဲဒုက္ခမှ လွတ်မြောက်မည်ဟု မြေကြားတော်မူ လိုက်၏။

ထိုပြိတ္တာများသည် နောင်ဘုရားတစ်ဆူပွင့်မှ စားရသောက်ရ မည့်အရေးကို မနက်ဖြန်ပင် စားရ၊ သောက်ရတော့မည်ကဲ့သို့ မှတ်ယူပြီး ဝမ်းမြောက်ဝမ်းသာ စောင့်ကြလေ၏။ နောက်ဘုရားတစ်ဆူပွင့်ရန် နှစ် ပေါင်းမည်မျှလောက်အထိကြာမည်ကို ရေတွက်ရန် မလွယ်ကူလှပေ။ တက်လာသော မြေကြီးအထုနှင့်သာ တိုင်းတာရတော့၏။

ကဿပဘုရားရှင် လက်ထက်မှ သက်ရှိများ၊ သက်မဲ့များ ပျက်စီးယိုယွင်းပြီး နောက်ဆုံးမြေကြီးဖြစ်သွား၏။ ထိုမြေကြီး ရှစ်မိုင် ပမာဏရှိမှ ဂေါတမဘုရားပွင့်တော်မူခြင်းဖြစ်သည်။ ထို့ကြောင့် ကဿပဘုရားရှင်၏ တစ်လုံးတည်းသော ဓာတ်တော်ကို ရွှေအုပ် အစစ်များဖြင့် ထည့်ထားသည့် အလျားအနံ အမြင့်ရှစ်မိုင် ပမာဏ ရှိသည့် ရွှေစေတီကြီးသည် ယခုအခါမြေကြီးအောက်သို့ ရောက်နေပြီ ဖြစ်ကြောင်း ဓမ္မပဒအဋ္ဌကထာတွင် ဖွင့်ပြထားသည်။

ဂေါတမမြတ်စွာဘုရား ပွင့်တော်မူလာပြီး ရာဇဂြိုဟ်ပြည်သို့ တရားဟောကြွတော်မူသောအခါ ဗိမ္ဗိသာရမင်းလည်း ဘုရားအမှူး ရှိသော သံဃာတော်များအား ဆွမ်းကပ်လှူရန် စီစဉ်လေ၏။ အငတ်ခံပြီး ကိုး ဆယ့်နှစ်ကမ္ဘာတိုင်တိုင် ငိုကြွေးစောင့်စားနေရသော ပြိတ္တာများသည် သာဓုခေါ်ရန်အတွက် ဗိမ္ဗိသာရမင်းကြီး၏ နန်းရင်ပြင်ဝယ် ပြည့်ကျပ် လျက်ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လူသားများသည် ပြိတ္တာများကို မြင်နိုင်သည် မဟုတ်သောကြောင့် ဗိမ္ဗိသာရမင်းကြီးသည် ဆွေမျိုးပြိတ္တာများ ရောက်နေသည်ကိုမသိရှာပေ။ ထိုနေ့က ဆွမ်းကပ်တရားနာပြီးသောအခါ အမျှဝေဖို့မေ့သွား၏။ အကြောင်းကား ဗိမ္ဗိသာရမင်းကြီးသည် ဘုရားနှင့် သံဃာတော်များအတွက် ကျောင်းနေရာ စီမံပေးရန် စဉ်းစားနေသော ကြောင့်ပင်ဖြစ်၏။

ထို့ကြောင့် ညရောက်သောအခါ သာဓုမခေါ်ရသောပြိတ္တာများ ပြင်းစွာအော်ဟစ်ကြ၏။ ပြင်းစွာငိုကြွေးကြ၏။ ထိုအသံများကြောင့် ကြောက်ရွံ့ထိတ်လန့်ပြီး မင်းကြီးသည်တစ်ညလုံး အိပ်၍မပျော် ဖြစ်နေရှာ၏။ မိုးလင်းသောအခါ ဘုရားထံသွားပြီးညက ကြားရသော အသံများအကြောင်းကို လျှောက်ထားမေးမြန်း၏။ ဘုရားရှင်က အကြောင်းစုံကို ရှင်းပြတော်မူသည်။

ထို့ကြောင့် နောက်တစ်ကြိမ်ဆွမ်းထပ် ကျွေးပြီးအမျှဝေသော အခါတွင်မှ ဆွေမျိုးသားချင်း ပြိတ္တာများ အားလုံးချမ်းသာသုခ ရသွားကြသည်ကို ဘုရားရှင်၏ တန်ခိုးတော်ကြောင့် ဗိမ္ဗိသာရမင်းကြီး မျက်ဝါးထင်ထင်မြင်လိုက်ရလေသည်။ ဤဇာတ်တော်သည် ပေတဝတ္ထုပါဠိတော် တိရောကုဋ္ဋသုတ္တန်၌ လာရှိခြင်းဖြစ်သည်။ ဤသာဓကကို ထောက်၍ ဘုရား ဂေါပကများ၊ ကျောင်းဂေါပကများ၊ ဆွမ်းလောင်း အသင်းများ၊ ဝေယျာဝစ္စအသင်းများ၊ တရားပွဲကျင်းပသူများသည် ကုသိုလ်ပြုပွဲ၌ အကုသိုလ်မပါအောင် အထူးဂရုစိုက်သင့်၏။

ရန်ကုန်တိုင်း သုံးခွမြို့မှ ဦးရေခဲအမည်ရှိ ဒကာကြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်သည် ရောဂါသည်းကာ သတိလစ်သွား၏။ ငရဲနိမိတ်အာရုံများသည် သူ့စိတ်အစဉ်၌ ထင်လာသည်။ အများနားလည်အောင် ပြောသောအခါ ငရဲပြည်သို့ ရောက်သွားသည်ဟုပင်ပြောရမည်။ ငရဲပြည်တွင် သူတို့ ရပ်ကွက်မှ ကျောင်းဂေါပကဥက္ကဋ္ဌနှင့် တွေ့ရသည်။ အဘယ့်ကြောင့် ငရဲကျနေရသနည်းဟု မေးကြည့်လိုက်သောအခါ ဘုန်းကြီးကျောင်း အတွင်း ရေကန်တူးရန် လှူထားကြသော အလှူငွေထဲမှ ဆေးလိပ် တစ်ကျပ်ဖိုး ဝယ်သောက်ခဲ့မိသောကြောင့်ဟု ဖြေသည်။

သူ့မိသားစုများ မသိအောင် ဝှက်ထားသော ပစ္စည်းကိုးမျိုးကိုလည်း နေရာနှင့်တကွ သေချာပြောပြလိုက်သည်။ ဦးရေခဲတကယ် မသေနိုင်ဘူးဆိုသည်ကို သေချာသိသည့်အတွက် ယခုလိုမှာကြားနေခြင်းဖြစ်သည်။ သူသည် ရုတ်တရက် သေဆုံးခဲ့ရခြင်းကြောင့် ပစ္စည်းကိုးမျိုး ဝှက်ထားသောနေရာကို သူမိသားစုအား ပြောပြချိန်မရခဲ့ပေ။

ဦးရေခဲ သတိပြန်ရလာသောအခါ ဂေါပကဥက္ကဋ္ဌ အိမ်သို့ သွား၍ ထိုအကြောင်းကို ပြောပြရာ ပထမတွင်မယုံကြည်ဘဲ ဦးရေခဲကို စိတ်ဆိုး ကြ၏။ သို့သော် ဦးရေခဲပြောပြသည့်အတိုင်း ပစ္စည်းကိုးမျိုးကို ရှာဖွေ ကြည့်သောအခါ အမှန်တကယ်ပင် တွေ့သွားလေသည်။ ထိုအခါကျမှ ယုံကြည်ကြတော့သည်။

ဤဖြစ်ရပ်ကို ထောက်၍ဘာသာရေး လုပ်ကြသောသူများသည် ကျောင်းအတွက်လှူထားသော ငွေကိုကျောင်းအတွက်သာ သုံးရသည်။ အခြားမည်သည့်နေရာမှ မသုံးရပေ။ ဆွမ်းအတွက်လှူထားသော ငွေကိုလည်း ဆွမ်းအတွက်သာသုံးရမည်။ အခြားမည်သည့်နေရာမှ



www.burmeseclassic.com

www.burmeseclassic.com



မသုံးရပေ။ တရားပွဲကျင်းပပြီဆိုလျှင်လည်း ဓမ္မကထိဆရာတော်အတွက် လှူသောငွေကို ဓမ္မကထိကဆရာတော်ကိုသာ တစ်ပြားမကျန် လှူရသည်။ အခြားမည်သည့်နေရာတွင်မှ မသုံးရပေ။ ထိုပြဿနာမျိုးမှာ တရားပွဲတိုင်းလိုလို အဖြစ်များလှသဖြင့် အကျယ်ရှင်းပြချင်ပါသေးသည်။

တရားပွဲသည် ရန်ပုံငွေအတွက်ကျင်းပသည့်တရားပွဲ၊ တရားပူဇော်ဖို့ တရားနာဖို့အတွက် သက်သက်ကျင်းပသော တရားပွဲဟု နှစ်မျိုးရှိ၏။ ယခုခေတ်တွင် ရန်ပုံငွေအတွက် ကျင်းပသောတရားပွဲများကားမရှိ သလောက် ရှားပါးသွားလေပြီ။ ပိုက်ဆံရှာဖို့အတွက် တရားကို အသုံး မချသင့်ပေ။ ဇာတ်ပွဲကိုသာ အသုံးချဖို့ သင့်ပေသည်။

စာရေးသူအပါအဝင် ထေရဝါဒနည်းကျသော ဆရာတော်အများစုသည် ရန်ပုံငွေရှာဖို့ တရားပွဲဆိုလျှင်ကြွရောက်ဟောပြောခြင်း မပြုရပေ။ လှူသင့်သည်ဟု ထင်လျှင်တရားပွဲကျင်းပသော နေရာတွင် ရသမျှ ဓမ္မပူဇာများကို အကုန်ပြန်လှူပစ်ချင်လှူပစ်သည်။ မလှူသင့်ဟု ယူဆလျှင်ကား လာရောက်အလှူခံသည့်တိုင် မလှူတတ်ပေ။

ယခုတရားနာဖို့အတွက် သက်သက်ကျင်းပသော တရားပွဲများနှင့် ပတ်သက်၍ ဆောင်စရာ၊ ရှောင်စရာများကို တင်ပြချင်ပေ၏။ ပထမဦးဆုံးအနေဖြင့် တရားပွဲကျင်းပသူတိုင်း အတုယူသင့်သည့် တရားပွဲ တစ်ပွဲကိုနမူနာအဖြစ် တင်ပြမည်ဖြစ်သည်။

**ဆောင်စရာတရားပွဲ**

ထိုတရားပွဲမှာ ရွှေပြည်သာမြို့နယ်၊ (ဏ) ရပ်ကွက်မှ တရားပွဲဖြစ်သည်။ ထိုရပ်ကွက်မှ လူငယ်များသည် တရားလည်းနာ၊ စာလည်း



www.burmeseclassic.com

www.burmeseclassic.com



ဖတ်သဖြင့် သာသနာပြုခြင်း အဓိပ္ပါယ်ကို သေချာသိကြသည်။ သာသနာဟူသည် အဆုံးအမဟု အဓိပ္ပါယ်ထွက်သည်။ မည်သူ့အဆုံးအမနည်းဟု ပုစ္ဆာထုတ်လိုက်သည့်အခါ ''ဗုဒ္ဓအဆုံးအမ'' ဟုဖြစ်လာသည်။

ဗုဒ္ဓ၏ အဆုံးအမများသည် ဝိနည်းပိဋကတ်၊ သုတ္တန်ပိဋကတ်၊ အဘိဓမ္မာပိဋကတ်တို့ပင် ဖြစ်၏။

ထိုတွင် ဝိနည်း ပိဋကတ်ကို အနှစ်ချုပ်လိုက်လျှင် ကိုယ်နှုတ်ဖြင့် ကျူးလွန်သော ဝီတိက္ကမကိလေသာကို ပယ်သတ်သည့် သီလသာသနာကို ရသည်။ သုတ္တန်ပိဋကတ်ကို အနှစ်ချုပ်လိုက်လျှင် စိတ်ထဲ၌ ထကြွသောင်းကျန်းလာတတ်သည့် ပရိယုဋ္ဌာနကိလေသာကို ပတ်သက်သည့် သမာဓိ သာသနာကိုရသည်။ အဘိဓမ္မာပိဋကတ်ကို အနှစ်ချုပ်လိုက်လျှင် အကြောင်းတိုက်ဆိုင်မှပေါ်ပေါက်လာမည့် ကိန်းအောင်းနေသည့် အနုသယကိလေသာကိုသာ ပယ်သတ်သည့် ပညာသာသနာကိုရသည်။

ထို ပညာဟူသည် ဝိပဿနာပညာနှင့် မဂ်ပညာပင်ဖြစ်သည်။ ထို့ကြောင့် ဘုရားရှင်၏ အဆုံးအမ သာသနာဟူသည် သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါးပင်ဖြစ်သည်။

သာသနာပြုခြင်းဟူသည် ထိုသီလ၊ သမာဓိ၊ ပညာသိက္ခာသုံးပါးကို လူသားတွေရဲ့ရင်ထဲ ရောက်အောင် ဟောကြားသင်ကြားပြသပေး ခြင်းပင်ဖြစ်သည်။ ထို့ကြောင့် စာသင်တိုက်များ ဖွင့်လှစ်ပြီး ပို့ချပေးတာ၊ ရိပ်သာများဖွင့်လှစ်ပြီး ဟောကြားပြသပေးတာ၊ တရားပွဲကြီးများ ဟောကြားပြသပေးတာကို ''သာသနာပြုသည်''ဟုခေါ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့သာသနာပြုခြင်း အစီပွါယ်ကိုသိထားသည့် ရွှေပြည်သာ မြို့ (ဏ) ရပ်ကွက်မှ လူငယ်များသည် သူတို့ရပ်ကွက်ထဲတွင် သာသနာ ပြုတရားပွဲကြီး တစ်ပွဲပြုလုပ်ချင်ကြသည်။

ထို့ကြောင့် စိတ်တူကိုယ်တူ လူငယ် (၂၀)ယောက်ကို "တရားပွဲ ဖြစ်မြောက်ရေးအဖွဲ့" ဆိုပြီး ဖွဲ့လိုက်သည်။ သူတို့အားလုံးသည် လက် လုပ်လက်စားများ၊ လခစားဝန်ထမ်းများဖြစ်ကြသောကြောင့် ချမ်းသာ သူများ မဟုတ်ကြပေ။ ထို့ကြောင့် တစ်ယောက်ကို ငါးသောင်း(၅၀၀၀၀) စီခန့်ရအောင် တစ်နှစ်စုရသည်။

တစ်နှစ်ပြည့်သောအခါ တစ်ယောက်လျှင်ငါးသောင်းနှုန်းဖြင့် အယောက် ၂၀–စုရာ တရားပွဲကျင်းပရန် ရန်ပုံငွေဆယ်သိန်း ရရှိသွား သည်။ ထိုဆယ်သိန်းကို တရားပွဲအတွက် သူတို့အချိုးကျ အသုံးပြု ပုံလေးမှာ လေးသိန်းသည် အသံချဲ့စက်၊ မီးစက်,မဏ္ဍပ်စသော တရား ပွဲကျင်းပစရိတ်အဖြစ် အသုံးချသည်။ ကျန်ခြောက်သိန်းသည် ပင့်ထား သော ဓမ္မကထိကသုံးပါးအတွက် မ,တည်ဓမ္မပူဇာအဖြစ် အသုံးပြုသည်။ သူတို့အဖွဲ့က တစ်ညလျှင် ဓမ္မပူဇာ နှစ်သိန်း (၂၀၀၀၀၀) မ,တည် ပူဇော်သည်။ ပရိသတ်လှူသော ဓမ္မပူဇာငွေများကိုလည်း ရေစက်မချ မီမှာ ပရိသတ်အား အရေအတွက်ကို ကြေငြာပြီး ဆရာတော်၏ ကပ္ပိယ မှတစ်ဆင့် ချက်ချင်း ကပ်လှူလိုက်သည်။

လူငယ်တို့၏ လုပ်ရပ်မှန်ကန်သောကြောင့် သူတို့တရားပွဲသည် တစ်နှစ်ထက်တစ်နှစ် ပရိသတ်အင်အား၊ ဓမ္မပူဇာငွေအင်အား အများ ဆုံးအဖြစ် စံချိန်တင်နေဆဲပင်ဖြစ်သည်။ ထိုသို့သော လူငယ်များကို



www.burmeseclassic.com

www.burmeseclassic.com



စာရေးသူကအမှတ်တရအဖြစ် စာရေးသူ၏စာအုပ်ကို လက်ဆောင်ပေးသောအခါ ဖော်ပြပါဒသနလေးကို အမြဲထည့်ထည့် ပေးတတ်သည်။

မြတ်စွာဘုရားသည် ဘုန်းကံကြီးမားတော်မူသည်။ သဒ္ဓါတရား ကြီးမားတော်မူသည်။ ပညာဉာဏ်ကြီးမားတော်မူသည်။ ထို့အတူ ဘုန်းကံ၊ သဒ္ဓါ၊ ပညာကြီးမားသူများသာလျှင် မြတ်စွာဘုရား၏ သာသနာကို ချီးမြှောက်ထောက်ပံ့နိုင်သည်။ ထို့ကြောင့် မည်သည့် အခက်အခဲများကို တွေ့ရတွေ့ရ သာသနာပြု တရားပွဲကြီးကို မဖြစ်ဖြစ်အောင် လုပ်ဆောင်ကြရမည်။ တစ်စုံတစ်ခုသော အကြောင်းကြောင့် တရားပွဲ မကျင်းပနိုင်တော့ဟု ဆိုလျှင်မည်သည့်အကြောင်းပင်ပြပြ မိမိတို့သန္တာန်တွင် ဘုန်းကံ၊ သဒ္ဓါ၊ ပညာများမရှိတော့သောကြောင့် သာဖြစ်သည်ဟု မှတ်ယူသင့်သည်။

## ရှောင်စရာတရားပွဲ

မြစ်ဝကျွန်းပေါ်ရှိ ရွာတစ်ရွာမှ တရားတစ်ပွဲအကြောင်းကို တင်ပြပါဦးမည်။ ယခုတရားပွဲမျိုးကား ရှောင်ရမည့် တရားပွဲသာ ဖြစ်၏။ စာရေးသူသည် တရားပွဲလာပင့်လျှင် မဟောဖူးသေးသည့် နေရာ၊ ချောင်ကျသည့် နေရာမျိုးဆိုလျှင် ဦးစားပေးပြီး ကြွလေ့ရှိသည်။ ယခုလည်း ထိုမြစ်ဝကျွန်းပေါ်ရွာမှ တရားပွဲလာပင့်သောအခါ အထက်ပါ အချက်နှစ်ချက်နှင့် ကိုက်ညီနေသောကြောင့် လက်ခံလိုက်သည်။

သူတို့သည် တရားပွဲရက်ကိုလွယ်ကူစွာရသောကြောင့် အလွန် ဝမ်းသာနေကြသည်။ ရန်ကုန်မြို့ပေါ်မှာပင် နေရာတိုင်းပင့်မရသည့်



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်တစ်ပါးက ဆင်းရဲသောခေါင်သော သူတို့ကျွန်းရွာလို နေရာမျိုးကို သုံးညတောင်ပေးလိုက်သည် မဟုတ်ပါလော။

''ဒကာကြီးတို့ကို တရားပွဲနဲ့ပတ်သက်ပြီး တစ်ခုပဲတောင်းဆိုချင်ပါတယ်''

''မှန်ပါ၊ အမိန့်ရှိပါဘုရား''

''တခြားတော့ မဟုတ်ဘူး၊ အလှူငွေ မများချင်နေပါစေ၊ ပရိတ်သတ်တော့ များများနာစေချင်တယ်၊ ပရိသတ်များမှလည်း ဒီလိုတော ရွာထဲ ဦးဇင်းတို့ လာဟောရကျိုးနပ်မှာ၊ ဒကာကြီးတို့ ပရိသတ်များများ တရားနာအောင် ဘယ်လိုလုပ်ကြဖို့ စိတ်ကူးထားသလဲ''

''အနီးအနားက ရွာအားလုံးကို အသံချဲ့စက်နဲ့ လိုက်ဖိတ်ဖို့စီစဉ် ထားပါတယ်''

''အဲသလောက်နဲ့ မပြည့်စုံသေးဘူး၊ ပရိတ်သတ်များများနာဖို့ ဆိုရင် တစ်အချက်က မိမိရွာအပါအဝင် ရွာငါးရွာဖိတ်မယ်ဆိုရင် အဲဒီ ရွာငါးရွာမှာ အိမ်ခြေသုံးထောင်ရှိတယ် ဆိုကြပါစို့၊ အဲဒါဆိုရင် ဖိတ်စာသုံးထောင် ရိုက်ရမယ်၊ ဖိတ်စာကိုလည်း တရိုတသေ သိမ်းထားချင်လောက်အောင် ကောင်းကောင်းရိုက်ရမယ်''။

''ဖိတ်စာထဲမှာ ဟောမယ့်ဆရာတော်ရဲ့ ဓာတ်ပုံပါရမယ်၊ ဓမ္မကထိကဆရာတော်ရဲ့ မှတ်သားဖွယ်ရာ ဩဝါဒအဆုံးအမလေးတွေ ပါ ပါရမယ်၊ ဒါမှ ဖိတ်စာဖတ်လိုက်တာနဲ့ကို တရားတစ်ပုဒ် နာပြီးသား ဖြစ်သွားမယ်၊ အဲဒီဖိတ်စာသုံးထောင်ကို တစ်အိမ်တစ်စောင် ရောက်အောင်ဖိတ်ပေးရမယ်၊ ဒုတိယအချက်ကတော့ ဟောမယ့်ဆရာတော်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘွဲ့၊ ဟောမယ့်နေရာ၊ အချိန်တွေရေးထားတဲ့ သုံးပေပတ်လည်ခန့် ကြော်ငြာစာရွက်ကြီးတွေကို ရွာတိုင်းစေ့ လူစည်ကားတဲ့နေရာမှာ ကပ်ပေးရမယ်''။

''တတိယအချက်ကတော့ တရားနာပရိသတ်တွေ အသွား အပြန်အဆင်ပြေအောင် ကြိုဆိုဖို့ စက်လှေတွေစီစဉ်ပေးရမယ်၊ ဖိတ်စာ ထဲမှာလည်း ကြိုဖို့စက်လှေတွေဟာ ဘယ်အချိန်၊ ဘယ်နေရာက ကြိုမယ့်အကြောင်း ထည့်ရိုက်ထားရမယ်၊ အဲဒါဆိုရင် ဒကာကြီးတို့ တရားပွဲမစည်ပဲကို မနေဘူး၊ လူတွေဆိုတာခက်တယ်၊ အကုသိုလ် ဖြစ်မယ့် ဇာတ်ပွဲဆိုရင်တော့ ကြိုစရာမလိုဘဲ လာကြပေမယ့် ကုသိုလ် ရမယ့် တရားပွဲကျတော့ ကြိုပို့လုပ်မှပဲ လာဖြစ်ကြတယ်''။

''တပည့်တော်တို့ရွာက ဆင်းရဲတော့ ဖိတ်စာရိုက်ဖို့တော့ အခက်အခဲရှိတယ်ဘုရား''

''ဒါဆိုရင် ဖိတ်စာသုံးထောင်ကို ဦးဇင်းလှူပါ့မယ်''

၂၀၀၅ ခုနှစ်ခန့်က ရိုက်တာပင် ဖိတ်စာသုံးထောင်ကို ရှစ်သောင်းခန့် ကုန်ကျသည်။ ထိုသို့ အစီအစဉ်တကျ ကျင်းပသော ကြောင့် ကျွန်းရွာတရားပွဲသည် သူတို့မြို့မှာ ကျင်းပသောတရားပွဲ ထက်ပင် ပရိသတ်များသွားသည်။ ရွာခံအဘိုးအဘွားများကပင် အားရ ဝမ်းသာပြောကြသည်။ သူတို့ အသက်ရှစ်ဆယ်အတွင်း ရွာတွင် ဤမျှ လောက် တရားနာပရိသတ်များတာ တစ်ခါမှ မကြုံဖူးဘူး–ဟူ၏။

ဦးဆောင်ကျင်းပသော ကျေးရွာဥက္ကဋ္ဌကလည်း တပြုံးပြုံးနှင့် လာ လျှောက်သည်။ သူတို့နာမည်ကြီး ဇာတ်ပွဲတစ်ပွဲ ငှားဖူးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤတရား နာပရိသတ် သုံးပုံပုံ တစ်ပုံပင်မရှိဟုဆိုသည်။ ပရိသတ်များ များပြား သည့် အတွက်ဝမ်းသာစရာ သတင်းနှင့်အတူ ပရိသတ်လှူသော ဓမ္မပူဇာငွေကို တခြားဝေယျာဝစ္စများတွင် အသုံးပြုမည်။ ပိုသောငွေကိုမူ ဓမ္မကထိကအား လှူမည်ဟူသော စိတ်မကောင်းဖွယ်ရာ သတင်းကလည်း တစ်ခါတည်းကပ်ပါလာသည်။ ပထမညှ ဟောသည့် ဓမ္မပူဇာငွေကို ညတွင်းချင်း မကပ်ကတည်းက သံသယတော့ဝင်မိသည်။ ယခုတော့ သံသယရှိသည့်အတိုင်း ဖြစ်နေလေသည်။ စာရေးသူ စဉ်းစားရပြီ။ သူတို့ကိုခေါ်ပြောရင် ကောင်းမလား။ ခေါ်မပြောဘဲ သူတို့ထိုက်နဲ့ သူတို့ကံဆိုပြီး ပစ်ထားရရင်ကောင်းမလား။ အတော်ကြာအောင် စဉ်းစားရသည်။

များသောအားဖြင့် လူတို့သည် မိမိအမှားကိုထောက်ပြပြီး ဆုံးမလျှင် နာခံသောလူသည် အင်မတန်ရှားသည်။ စိတ်ဆိုးသွားသော လူက သာများသည်။ ပစ်ထားလိုက်လျှင် မိမိကိုတော့ မုန်းစရာ၊ စိတ်ဆိုးစရာမရှိ၊ သို့သော် သူတို့မှာ တရားပွဲလုပ်တိုင်း ဓမ္မကထိကငွေကို ခိုးယူ သုံးစွဲသော သူခိုးများဘဝသို့ ရောက်ကြပေတော့မည်။

ပထမရွှေကျင်ဆရာတော်ဘုရားကြီးကတော့ "သူတော်ကောင်းတို့၏ အဆုံးအမကို ခံယူသင့်ကြောင်း" ယခုလိုသြဝါဒ ပေးထားသည်။

ဆုံးမသည့်သူ သဲလုံးအတူတူ များပါစေဟု ရှင်ရာဟုလာ နှလုံးသွင်း သည်။ သာမဏေငယ် ဆုံးမသော်လည်း နားထောင်မည်ဟု အရှင်သာရိပုတ္တရာ နှလုံးသွင်းသည်။ အပြစ်ပြဆုံးမသူကို ရွှေအိုးပေးသူ



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆည်းကပ်ရမည်။ ပန်းပဲဆရာ အထုမခံသော လက်နက်သံတုံးမဖြစ်၊ အဆုပ်ခဲ သဲရှုပ်ပစ်ရခက်စားရခက်၊ ရေနက်ရာသို့ ပြေးဝင်သောငါး ကျီးငတ်အစာမဖြစ်၊ ဝက်သားသော်လည်း ဆီနိုင်နိုင်အချက်ခံရမှ အရသာရှိသည်။ ပတ္တမြားတွင်းထွက် မှန်သော်လည်း ကျောက်သွေး ဆရာအကာကုန်အောင် သွေးမှ အရောင်တောက်သည်။ ကျောက်ဆင်း တုသော်လည်း ကျောက်ဆစ်ဆရာထုဆစ်နိုင်မှ အနေကဇာတင် ခံရ မည်။ သဒ္ဓါ၊ ပညာ ဗဟုသုတရှိသော်လည်း အဆုံးအမကို ခံရမှ အရ သာရှိသည်။ ဂုဏ်ရောင်တောက်သည်။ မြတ်နိုးခံရသည်။ တောအရပ်၌ မိဘကင်းသော သားသမီး ကျားစာဖြစ်သည်။ သာသနာ၌ ဩဝါဒ ကင်းသော ရဟန်းမာရ်နတ်စာ ဖြစ်သည်။

ရှင်ရာဟုလာက နေ့စဉ်သဲများကို လက်နှင့်ဆုပ်ပြီး "ဤသဲလုံး အရေအတွက်နှင့်အမျှ ဆုံးမသော ဆရာများကိုရပါစေ"ဟု အဓိဋ္ဌာန် ပြု၏။ ယခုခေတ်လူအများစုကား "ငါ့ကို ဆုံးမမည့်သူ မှန်သမျှ သဲများ ဖြစ်သွားပါစေ"ဟု ဆုတောင်းမည့်သူများဖြစ်၏။ အရှင်သာရိပုတ္တရာ သည် ယနေ့မှရှင်ပြုသော ခုနစ်နှစ်သားအရွယ် ကိုရင်လေးက ဆုံးမ သည်ကိုပင် ရိုသေစွာ နာယူကျင့်သုံးသည်။

ယခုခေတ် လူအများစုကား အသက်ခုနစ်ဆယ် အရွယ်အဘိုး တစ်ယောက်က လာရောက်ဆုံးမလျှင်ပင် "အလကား၊ အသက်ကြီး ပြီး အချိန်မစီးတဲ့သူကြီး" ဟု ဝေဖန်တတ်သူများဖြစ်၏။ ဆရာတော် ကြီးက အပြစ်ပြ၍ ဆုံးမသူကို ရွှေအိုးပေးသူဟု မှတ်သင့်ကြောင်း ဆုံးမ၏။ ယခုခေတ် လူအများစုက အပြစ်ပြ၍ ဆုံးမသူကို သေနတ်



www.burmeseclassic.com

www.burmeseclassic.com



ပြန်၍ စားပြတိုက်သူလို သဘောထားတတ်ကြ၏။

ဗုဒ္ဓကလည်း ဓမ္မပဒတွင် ဟောကြားပြီးသား ရှိ၏။

"အဆုံးအမ ဩဝါဒပေးသူကို မသူတော်များက မုန်းတီး၏။ သူတော်ကောင်းများက ချစ်မြတ်နိုး၏"။

ရဟန်းသည် ဘာသာရေးတွင်ခေါင်းဆောင်ဖြစ်၏။ ခေါင်းဆောင်သည် ခေါင်းမရှောင်သင့်။ ခေါင်းရှောင်လျှင်လည်း ခေါင်းဆောင်နေရာတွင် မနေသင့်ပေ။

နာနာကျင်ကျင်၊ အပြစ်မြင်တိုင်း
ဝမ်းတွင်းမသို၊ စိတ်မတိုပဲ
ကျိုးလိုစိတ်က၊ ဆုံးမတတ်မှု၊
ဆရာဟူလော့။

မဃဒေဝ လင်္ကာလေးပိုဒ်လေးကိုလည်း တရေးရေးမြင်ယောင်နေသည်။ ဆရာသည် "အမုန်းခံ၍ ချစ်သောဆရာ"၊ "အမုန်းခံ၍ မချစ်သောဆရာ"ဟု နှစ်မျိုးရှိ၏။ ထိုဆရာနှစ်ဦးလုံးကို စာသင်သားဘဝတွင် တွေ့ဖူး၏။ ပထမစာချ ဆရာတော်သည် တပည့်များကို အမုန်းခံပြီး ချစ်သည်။ သူစာချချိန်တွင် အိပ်ငိုက်နေလျှင် ခေါင်းခေါက်ပြီး သတိပေးတတ်သည်။ ဒုတ်ဖြင့် နာနာကျင်ကျင်ကြီး ဖြစ်အောင်ကားတစ်ခါမှ မရိုက်ပါ။

စာချချိန်အမီ ရောက်မလာသော တပည့်များကို အိပ်ခန်းထဲအထိ ကိုယ်တိုင်လိုက်ခေါ်သည်။ အတော်အတန်နေမကောင်းတာလောက်ဆိုလျှင် စောင်ခြုံပြီး သူစာချသည်ကို ဘေးနားက နားထောင်



www.burmeseclassic.com

www.burmeseclassic.com



နေရသည်။ စာနောက်ကျသွားမှာ စိုးရိမ်သောကြောင့်ဖြစ်သည်။ တကယ်ကို မချိမဆန့်ဖျားနာနေတာမှန်လျှင် သူကိုယ်တိုင် စိုက်ထားသည့် ဆေးခါးကြီးပင်မှ ဆေးရွက်များကို လာတိုက်သည်။ သူ့ရှေ့မှာပင် ဝါးစားပြီးမျိုချနိုင်းသည်။ ထိုဆေးခါးကြီးရွက်မှာ မည်မျှခါးသနည်းဆိုလျှင် ညကဝါးစားထားလျှင် မနက်အထိ ခါးတုန်းရှိသေးသည်။

စာမကျက်ချင်၍ ဟန်ဆောင်ဖျားကြသော စာသင်သားများသည် ထိုဆေးခါးကြီးရွက်တိုက်မည်ဟု ဆိုသည်နှင့်ချက်ချင်းနေကောင်းသွားတတ်ကြသည်။ ထိုဆရာတော်ကား မန္တလေးတိုင်း၊ မြင်းခြံခရိုင်၊ တောင်သာမြို့နယ်၊ သာသနာ့မူလိကာမရာမကျောင်း သစ်ကျောင်းကျောင်းတိုက်ကြီး၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တနန္ဒောဘာသပင်ဖြစ်၏။

နောက်စာချဆရာတော်တစ်ပါးကား သူစာချနေလျှင် တပည့်များ စိတ်မဝင်စားလည်း ဂရုမစိုက်၊ အိပ်ငိုက်နေလည်းဘာမှ မပြောပေ။ သူ့စာသူချပြီး အချိန်စေ့သည်နှင့် ထသွားတော့သည်။ သူချသော စာဝလာမတက်လည်း မေးမြန်းစုံစမ်းခြင်း မရှိပေ။ ဤဆရာမျိုးကား တပည့်များကို အမုန်းခံပြီး မချစ်သော ဆရာသာဖြစ်၏။

အသိဉာဏ်နည်းပါးစဉ်အချိန်က ပထမဆရာကို မုန်းသည်။ ဒုတိယဆရာကို ချစ်သည်။ အသိဉာဏ်ကြီးမားလာသော အချိန်တွင်ကား ပထမဆရာသည်သာ တပည့်တို့၏ အမုန်းကို ခံယူပြီး တကယ်ချစ်သော ဆရာပါလားဟု ပိုင်းခြားပြီး သိသွားသည်။ ထိုအခါကျမှ ပထမဆရာကိုလေးစားကြည်ညိုရကောင်းမှန်း သိသွားသည်။ ဒုတိယဆရာ



www.burmeseclassic.com

www.burmeseclassic.com



ကား တပည့်တို့၏ အမုန်းကိုခံယူပြီး မချစ်ရဲသော ဆရာပါလားဟု နားလည်သွားသည်။ ငါကား အမုန်းခံချစ်သော ဆရာ့နေရာတွင် နေတော့မည်ဟု ဆုံးဖြတ်ထားပြီး တရားပွဲကျင်းပရေး အကျိုးဆောင် တစ်ဖွဲ့လုံးကိုခေါ်ခိုင်းလိုက်သည်။ သူတို့အဖွဲ့စုံသည်နှင့် ဖော်ပြပါ ဩဝါဒ ကိုပေးလိုက်သည်။

"ဒကာကြီးတို့ကို ဆုံးမဩဝါဒ မပေးမီ စကားတစ်ခွန်း ပလ္လင် ခံထားချင်ပါတယ်၊ ဦးဇင်း ဒီစကားကို ပြောတယ်ဆိုတာ ငွေမက်လို့ မဟုတ်ဘူးဆိုတာပါပဲ။ ဘာကြောင့်လဲဆိုတော့ အခုပြောမယ့် စကားက ငွေနဲ့ ပတ်သက်နေလို့ပါပဲ။ ငွေမက်တဲ့ ဘုန်းကြီးဆိုရင် ဒကာကြီးတို့ တောရွာလေးတွေကို လာဟောမနေပါဘူး။ ရန်ကုန်မြို့ပေါ်မှာ ချည်း ဟောနေမှာပါ။ ရန်ကုန်မှာ ဦးဇင်းတရားပွဲကို လုပင့်နေကြတာပဲ"။

"ဦးဇင်းသာ ဟောမယ်ဆိုရင် နှစ်ပေါက်ဟောလို့ရပါတယ်၊ ရန် ကုန်မှာ ဟောတဲ့ ဓမ္မပူဇာငွေဟာ တစ်ညမှာ အနည်းဆုံး ငါးသိန်းနဲ့ အထက်မှာ ရှိပါတယ်၊ အချို့နေရာတွေဆိုရင် တစ်ညတည်းနဲ့ သိန်း နှစ်ဆယ်ကျော်ထိရတဲ့ နေရာတွေတောင်ရှိပါတယ်၊ အဲဒီလို နေရာတွေ ကို မဟောဘဲ ဒကာကြီးတို့တောရွာမှာ လာဟောတယ်ဆိုကတည်းက ငွေကြောင့် မဟုတ်ဘဲ၊ စေတနာ မေတ္တာကြောင့်ဆိုတာ ထင်ရှားပါ တယ်"

မှတ်ချက် ။ ။ ယခုဆိုလျှင် စာရေးသူကို ဩစတေးလျ နိုင်ငံ ကလည်း ဒုတိယအကြိမ် ထပ်ကြွပေးဖို့ ပင့်နေသည်။ အမေရိကန်၊ ကနေဒါ၊ တရုတ်တိုင်ပေ နိုင်ငံတို့ကလည်း ပင့်နေသည်။ စာရေးသူ



www.burmeseclassic.com

www.burmeseclassic.com



မကြွနိုင်ပါ။ မကြွနိုင်ခြင်း အကြောင်းကိုလည်း ပင့်လျှောက်သူများ နားလည်အောင် ရှင်းပြလိုက်ပါသည်။

မြန်မာနိုင်ငံတွင် စာရေးသူတို့ ဟောသောတရားကို နာခွင့်မရသေးသော တောသူ,တောင်သားတွေ အများကြီးကျန်သေးသည်။ မြန်မာပြည်တွင် ကျေးရွာပေါင်းနှစ်သောင်းမကရှိရာ စာရေးသူတို့ တစ်သက်လုံးဟောလည်း နှံ့စပ်ရန်မလွယ်ကူပေ။ ဓမ္မပူဇာငွေအနေနှင့် ကြည့်လျှင်နိုင်ငံခြားသွားဟောလျှင် မြန်မာပြည်မှာထက်ဓမ္မပူဇာပိုရပါသည်။

တရားနာပရိသတ်အရေအတွက်၊ တရားပွဲအရေအတွက် အနေနှင့် ချိန်ကြည့်လျှင် စာရေးသူတို့ ရှုံးပါသည်။ စာရေးသူသည် ဓမ္မပူဇာငွေကို အဓိကမထား ပရိသတ်ကို အဓိကထားသောကြောင့် နိုင်ငံခြားသွားဟောလျှင် စာရေးသူရှုံးပါသည်။ ရှုံးပုံကို ရှင်းပြပါအံ့။ နိုင်ငံခြားတွင် တရားပွဲသည် တစ်ပတ်တွင် စနေ,တနင်္ဂနွေ နှစ်ရက်သာရှိသည်။

ပရိသတ်အနေနှင့် ကြည့်လျှင် တစ်ရာ,တစ်ရာ့ငါးဆယ်၊ အများဆုံးနှစ်ရာခန့်သာရှိသည်။ ပြီးတော့ နိုင်ငံခြားသား ဘာသာခြားများက စိတ်ဝင်စားသည်မဟုတ်၊ ကိုယ့်မြန်မာချင်းသာ ဟောရခြင်းဖြစ်သည်။ နိုင်ငံခြားသား ဘာသာခြားတစ်ယောက်ကို ဗုဒ္ဓဘာသာဖြစ်လာအောင် ဟောနိုင်သောဘုန်းကြီးလည်း အင်မတန်ရှားပါသည်။

ထို့ကြောင့် နိုင်ငံခြားသို့ ကြွသောဘုန်းကြီးတိုင်းကို အထင်ကြီးစရာမရှိပါ။ တချို့ဘုန်းကြီးများသည် အဆက်အသွယ်ကြောင့် ပင့်လို့



www.burmeseclassic.com

www.burmeseclassic.com



သာကြွသွားရသည်။ တရားကို မြန်မာချင်းပင် စိတ်ဝင်စားအောင် နားလည်အောင် ဟောနိုင်စွမ်းမရှိပေ။ ဗုဒ္ဓဘာသာမြန်မာများ အိမ်တွင် ဆွမ်းလှူညှိစားပြီး နိုင်ငံခြားသာသနာပြုအမည်ခံနေသော ဘုန်းကြီး အချို့လည်းရှိသည်။

မြန်မာပြည်တွင် တစ်ညတည်းနှင့် ပရိသတ်နှစ်သောင်း ပတ်ဝန်းကျင်နှင့် နှစ်သောင်းအထက်ရှိသော တရားပွဲအချို့ကို မှတ်တမ်း အဖြစ် ဖော်ပြလိုက်ပါသည်။ မော်လမြိုင်၊ ချောင်းဆုံ၊ သံဖြူဇရပ်၊ ပဲခူး–စိန် မှူးမိသားစု၊ ရေနံချောင်း၊ အောင်လံ၊ တွံတေးမြို့၊ မြိတ်မြို့၊ မကွေး၊ မင်းဘူး၊ ရန်ကုန်မြို့ ဗိုလ်တစ်ထောင်ဘုရား။

''ဒကာကြီးတို့ ဓမ္မကထိကကို လှူတဲ့ဓမ္မပူဇာငွေတွေကို တခြား နေရာတွေမှာ သုံးစွဲဖို့စီစဉ်နေကြတယ်ဆိုတာ ဟုတ်သလား''

''ဟုတ်ပါတယ်ဘုရား၊ တပည့်တော်တို့ ကိုယ်ကျိုးအတွက် မဟုတ်ပါ၊ တရားပွဲအကြို အပို့စရိတ်အတွက် လိုအပ်တဲ့နေရာမှာ သုံးမှာပါဘုရား''

''တရားနာပရိသတ်က ဓမ္မကထိကကို ရည်စူးပြီးတော့ လှူတာ၊ ဒကာကြီးတို့ တရားပွဲဝေယျာဝစ္စ အတွက်လှူတာ မဟုတ်ဘူး။ ဒါကြောင့် ဓမ္မပူဇာငွေကို ဓမ္မကထိကဆရာတော်ကို အကုန်လှူရတယ်၊ တခြား ဘယ်နေရာအတွက်မှ မသုံးကောင်းဘူး၊ ကိုယ်ကျိုးအတွက်ပဲ ယူယူ၊ တခြားဝေယျာဝစ္စအတွက်ပဲ ယူယူ၊ ဓမ္မကထိက ငွေထဲက နှိုက်ယူလိုက် တာနဲ့ ခိုးမှုကံက မြောက်သွားတယ်''

''ဒကာကြီးတို့ဟာ ကိုယ့်စီးပွားရေး ကိုယ်လုပ်နေတဲ့ အချိန်



www.burmeseclassic.com

www.burmeseclassic.com



တုန်းက သူတော်ကောင်းတွေ ဖြစ်နေပြီး၊ ဘာသာရေးပွဲလုပ်ခါမှ သူခိုးတွေ ဖြစ်သွားရတာ အင်မတန်မှ နစ်နာပါတယ်၊ ပြီးတော့ ဒီတရားပွဲဖြစ်အောင် ဒကာကြီးတို့ကို ဘယ်သူကမှ ရိုက်နှက်ပြီးတော့ ခိုင်းတာမဟုတ်ဘူး၊ ကိုယ့်စေတနာနဲ့ ကိုယ်လုပ်နေကြတာ၊ ဒီတော့ တရားပွဲမလုပ်ခင် အစောကြီးကတည်းက ကြံပြီး ရံပုံငွေရှာထားရတယ်။ ရံပုံငွေ မပြည့်မစုံသေးရင် တရားပွဲမလုပ်နဲ့ဦးပေါ့၊ ရံပုံငွေ ပြည့်စုံတဲ့နေ့မှာ လုပ်ကြပေါ့၊ အခုတော့ ဘုန်းကြီးကို လှူတဲ့ဓမ္မပူဇာငွေတွေကို အပိုင်သိမ်းပြီးလိုတဲ့နေရာလျှောက်သုံးမယ်ဆိုရင် ဘုန်းကြီးငှားပြီး တရားကို ရောင်းစားနေသလို ဖြစ်တာပေါ့၊ ပိုက်ဆံရအောင် ဇာတ်ပွဲရုံသွင်းတာနဲ့ ဘာမှ မထူးတော့ပါဘူး''

သူတို့မျက်နှာတွင် မကျေနပ်သော အမူအရာကိုတွေ့ရသည်။ စာရေးသူ စကားဆုံးသည်နှင့် မျက်နှာအပျက်ပျက်နှင့် ဦးချပြီးပြန်သွားကြသည်။ စာရေးသူ အချိန်မီ ဆုံးမလိုက်သောကြောင့် သူတို့သည် ဓမ္မပူဇာငွေများကို မသုံးဖြစ်ကြတော့ပေ။ သုံးညပြီးသောအခါ တစ်ညစီရသောငွေ၊စုပေါင်းရသော ငွေများကို ပရိသတ်များအား တိကျစွာကြေငြာပြီး စာရေးသူ၏ ကပ္ပိယအား လွှဲအပ်ပါသည်။

သုံးညပေါင်း အလှူငွေ ငါးသိန်းငါးသောင်းကျော်ရရှိသည်။ ထိုငွေများအနက် ငါးသောင်းကျော်ကို ထိုရွာကျောင်းထိုင်ဆရာတော်ကြီးမျက်စိခွဲစိပ်ခအဖြစ် လှူဒါန်းလိုက်သည်။ သူတို့ရွာကျောင်းတွင် စုပေါင်းဓမ္မာရုံကြီး ဆောက်လျက်ရှိသည်။ သူတို့ရွာတွင် ဆင်းရဲသား များသဖြင့်များများစားစား လှူနိုင်မည့်သူမရှိ၊ ထို့ကြောင့် နိုင်ငံတကာ အဖွဲ့အစည်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုဖြစ်သော ယူအမ်တီဘီမှ ငွေဆယ်သိန်းချေးပြီး ဆောက်နေကြခြင်းဖြစ်သည်။

တစ်လကို နှစ်သောင်းခွဲခန့် ပြန်သွင်းရသည်ဟုဆိုသည်။ ထိုနှစ်သောင်းခွဲငွေရအောင် ရွာထဲတွင် လစဉ်လိုက်ကောက်ရသည်။ ထိုအကြောင်းကို စုံစမ်းထားပြီးဖြစ်သည်။ ထို့ကြောင့် ကျန်ငွေငါးသိန်းကို ဓမ္မါရုံအတွက် တင်ရှိနေသောအကြွေးကို ဆပ်ပေးခဲ့သည်။ နောက်တစ်နှစ် နှစ်ညဟောပေးသောအခါတွင်လည်း ငါးသိန်းကျော်ပင်ရသည်။

ဒုတိယနှစ်ရသော ငါးသိန်းကျော်ကို ဆပ်ပေးလိုက်သော အခါတွင် တစ်ရွာလုံးအပေါ်တွင် တင်နေသော အကြွေးကြီး ကျေသွားလေတော့သည်။ သူတို့ရွာတွင် နှစ်ကြိမ်တရားဟော ကြွလာရာ နှစ်ကြိမ်လုံး တစ်ပြားမှ ယူမသွားဘဲ အကြွေးဆပ်ပေးခဲ့သဖြင့် တစ်ရွာလုံး ဝမ်းသာဝမ်းနည်းဖြစ်ပြီး ငိုကြွေးကြသည်။ ဝမ်းသာသည်က သူတို့မဆပ်နိုင်သည့် အကြွေးကြီးကျေသွားသောကြောင့် ဖြစ်သည်။ ဝမ်းနည်းသည်က သူတို့တောရွာလေးသို့ မေတ္တာရှေ့ထားကာ ကြွလာသော ဆရာတော်ကို ဘာမှ မလှူနိုင်ကြသောကြောင့်ဖြစ်သည်။

ဆုံးမဩဝါဒပေးစဉ်က စိတ်ဆိုးသွားကြသော တရားပွဲ အကျိုးဆောင်များလည်း သူတို့စိတ်ထဲ ပြစ်မှားထားသမျှကြေပျောက်စေရန် လာရောက်ကန်တော့ တောင်းပန်ကြသည်။ ဘာသာ,သာသနာအကျိုးကို ဆောင်ရွက်ကြသူများ အားလုံး ၉၂–ကမ္ဘာ ငိုကြွေးရခြင်းဘေးမှ လွတ်ကင်းကြပါစေ။

စာတတ်လျက် မိမိကိုယ်ကို မဆုံးမလျှင် ထိုစာငရဲရိက္ခာတည်း။



www.burmeseclassic.com

www.burmeseclassic.com



လာဘ်ပေါလျက် သီတင်းသုံးဖော် မချီးမြောက်လျှင် ထိုလာဘ် ပြိတ္တာရကြွာတည်း။ စစ်သူရဲသည် မင်းရိက္ခာ စား၍မင်းရန်သူကိုနှိမ်သည်။ ကိုယ်တွင်းရန်သူကိုကား မနှိမ်နိုင်။ ရဟန်းသည် ဘုရားရိက္ခာ စား၍ ကိုယ်တွင်းရန်သူကိုနှိမ်သည်။ လင်းတသည် ကောင်းကင်ပျံလျက် ခွေးကောင်ပုတ် မက်၍မြေ၌ ကျော့ကွင်းမိသည်။ ငါးသည် ရေနက်ရာနေလျက်တီကောင်မက်၍ ရေတိမ်၌ ငါးမျှားချိတ်မိသည်။ ရဟန်းသည် သာသနာ၌နေလျက် လောဘအာမိသမက်၍ မာရ်နတ်လက်တွင်း၌ ညွှတ်ကွင်းမိသည်။ သရက်ပင်လည်း အသီးကြွယ်လျှင် ကိုင်းပဲ့တတ်သည်။ သီလကြိုးဆွဲ သမာဓိခွထောက်ပြုရမည်။ ဘုရားရှင်သည် မြင်းမိုရ်တောင်ကို သမုဒ္ဒရာရေမှထုတ်နိုင်၏။ မသူတော်ကို ဒုစရိုက်မှ မထုတ်နိုင်။

အမြဲမရှိသော ဤကိုယ်ဖြင့် မြဲသောနိဗ္ဗာန်ကို မလဲနိုင်ပြီလော။

**(ပထမရွှေကျင်ဆရာတော်ဘုရားကြီး)**

## အထွတ်အထိပ်သို့ ရောက်စေမည့်ကျင့်စဉ်

မစွန့်လွှတ်တဲ့သူဟာ ဘယ်သောအခါမှအထွတ် အထိပ်သို့ မရောက်နိုင်ဘူးဆိုတာ ငါ့တပည့်တို့ မှတ်ထားကြ။ မိမိခန္ဓာကိုယ်ရဲ့ သက်သာမှုကို သူတစ်ပါးအတွက် စွန့်လွှတ်နိုင်ရမယ်။ ကိုယ်ပိုင်ပစ္စည်းကိုလည်း သူတစ်ပါးတို့အတွက် စွန့်လွှတ်နိုင်ရမယ်။ ငါကတော့ အသီးတွေဝေနေတဲ့ သစ်ပင်ကြီးလို စွမ်းနိုင်သမျှ ကျင့်မယ်။

**(သီတဂူအရှင်ဉာဏိဿရ)**

* * *



www.burmeseclassic.com

www.burmeseclassic.com

# စိတ်ဝင်စားဖွယ်ကောင်းသော
# စာတစ်စောင်နှင့်
# အခက်ဆုံးမေးခွန်းသုံးခု

## မေတ္တာရှင် (ရွှေပြည်သာ)

"ရှင် ဆေးမြစ်၊ ဆေးဥ သွားရှာတာ
သုံးနှစ်တောင်ကြာတယ်၊
ဘာမှ ရလာတာလည်းမတွေ့ရပါလား ..."
"သူတစ်ပါးက လေးညှင်းရှာတယ်၊
ငါက ငါးညှင်းရှာတယ် ...
သူတစ်ပါးက ဇာတိပွဲလိုရှာတယ်၊
ငါက ဇာတိပ်မရှာတယ် ...
သူတစ်ပါးက ငရုပ်ကောင်းရှာတယ်၊
ငါက ငရုပ်ဆိုးရှာတယ်"

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



# စိတ်ဝင်စားဖွယ်ကောင်းသော စာတစ်စောင်နှင့် အခက်ဆုံးမေးခွန်းသုံးခု

သို့

မေတ္တာရှင် ရွှေပြည်သာဆရာတော်ဘုရား

တပည့်တော် မေးခွန်းများပို့လိုက်ပါတယ်ဘုရား။ တပည့်တော် အမေးနှင့်အရှင်ဘုရားအဖြေကိုတွဲပြီး စာအုပ်ထုတ်ချင်ပါတယ်ဘုရား။ ခေတ်သစ်အဂ္ဂမဟာပညာပေါ့ဘုရား။ ဒါဟာ အရှင်ဘုရားထံမှ တပည့်တော် လိုချင်တဲ့ တစ်ခုတည်းသော အခွင့်အရေးပါပဲဘုရား။ တပည့်တော်မေး တဲ့ အမေးများဟာ အများအတွက် တကယ်အကျိုးရှိမယ်လို့ထင်တဲ့ တပည့်တော်ကိုယ်တိုင်လည်း သိချင်နေတဲ့မေးခွန်းများကိုသာ မေးမယ် လို့ စိတ်ကူးထားပါတယ်ဘုရား။

လူတွေအတွက် အကျိုးသက်ရောက်မှုမရှိတဲ့ မြင့်မိုရ်တောင် မေးခွန်းမျိုး မမေးဘူး။ စာပေလောကမှာ ဖြစ်ပေါ်နေတဲ့ စာပေပြဿနာ



www.burmeseclassic.com

www.burmeseclassic.com



မျိုးလည်း မမေးဘူးလို့ စိတ်ကူးပါတယ်ဘုရား။ လူတွေဖြစ်ပေါ်နေတဲ့ လူမှုပြဿနာလမ်းညွှန်ချက်တွေသာ အဓိကထားမေးမယ်လို့လည်း စိတ်ကူးပါတယ်ဘုရား။ အရှင်ဘုရားကလည်း လူမှုပြဿနာတွေကို လူတွေပေါ်မှာ ကြည့်ပြီးတော့ ဖြေစေချင်ပါတယ်ဘုရား။

တပည့်တော် စာအုပ်ထုတ်ချင်ပါ၍ ဖြစ်နိုင်မယ်ဆိုရင် လျှောက်လွှာစာရွက်နှစ်မျက်နှာ အများဆုံးထားပြီး လိုရင်းတိုရှင်း ဖြေစေချင်ပါတယ်ဘုရား။ ဖြေဆိုမှုအတွက် လုံလောက်မယ်ဆိုရင် နှစ်မျက်နှာ မပြည့်လည်း ကိစ္စမရှိပါဘုရား။ လိုအပ်နေသေးလို့ နှစ်မျက်နှာကျော် သွားလည်း ကိစ္စမရှိပါဘုရား။

တပည့်တော် မေးခွန်းများမေးတဲ့အခါ မေတ္တာရှင်ရွှေပြည်သာ ဆိုတဲ့ နာမည်ကြီးဆရာတော်တစ်ပါးအနေနဲ့ ရင်ထဲမှာခံစားမြင်ယောင် ပြီး မမေးပါ။ ငါ့ရှင်၊ ငါ့ရှင်လို့ခေါ်ပြီး အစ်ကိုကြီးလိုစောင့်ရှောက်ခဲ့၊ ရင်ထဲကလေးစားခဲ့ရတဲ့ သူငယ်ချင်းတစ်ယောက်လိုပဲ ခံစားသိမြင်ပြီး မေးချင်ပါတယ်ဘုရား။ ပညာစမ်းလိုခြင်း၊ ပြဿနာရှာလိုခြင်း လုံးဝ မဟုတ်တာကိုလည်း အကြွင်းမဲ့ ယုံကြည်စေချင်ပါတယ်ဘုရား။

တပည့်တော်ကြောင့် အရှင်ဘုရားကို လုံးဝမမေ့မှိန်စေချင်ဘဲ တောက်ပြောင်မှုကိုပဲရစေချင်တာ မှန်ကန်တဲ့တပည့်တော်ရဲ့ စေတနာ လို့ ယုံကြည်စေချင်ပါတယ်ဘုရား။ သူများတွေလို ဆောင်းပါးတွေ ရေးပြီးစာအုပ်တွဲထုတ်တာမျိုးလည်း မလုပ်ချင်ပါ။ သူများတွေမေးသလို စာကြောင်းပေကြောင်းတွေလည်း မဆွေးနွေးလိုပါ။ အများနဲ့တော့မတူ အောင် ကြိုးစားပါမယ်ဘုရား။ တပည့်တော်ကို ချီးမြှောက်ထောက်ပံ့



www.burmeseclassic.com

www.burmeseclassic.com



သောအားဖြင့် ဖြေဆိုပေးပါရန် ရှိသေစွာ လျှောက်ထားအပ်ပါတယ် ဘုရား။

(မှတ်ချက်) ဖြေဆိုတဲ့အခါ ဝါ့ရှင်လို့ပဲ သုံးနှုန်းပေးပါဘုရား။

အီးတီ

**မေးခွန်း (၁)**

မေတ္တာရှင် ရွှေပြည်သာဆရာတော်ဘုရား–

ဓမ္မ – တရားဆိုတာ ဘာပါလဲဘုရား။ တပည့်တော်အမြင် တင်ပြရလျှင် – ဓမ္မတရားဆိုတာ မတရားတာရဲ့ပြောင်းပြန်လို့ပဲ မြင်မိပါတယ်ဘုရား။ သူ့အသက်သတ်တာ မတရားဘူး။ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်တာတရား။ သူ့ဥစ္စာခိုးတာ မတရား၊ သူ့ဥစ္စာခိုးခြင်းမှ ရှောင်ကြဉ်တာ တရားလို့ မြင်မိပါတယ်။

တရားဆိုတာ မတရားမှုတွေကို မပြုလုပ်၊ မပြောဆို၊ မကြံစည်မိအောင်ကျင့်ရမယ့်အရာလို့ မြင်မိပါတယ်။ မတရားမှုရဲ့ ပြောင်းပြန်ကို တရားလို့ဆိုတဲ့ အဓိပ္ပါယ်မှတပါး – အခြားတစ်ပါးကို မြင်၍မရပါ။ မတရားမှုပြုလုပ်သူ၊ (မတရားသူ၊ တရားမရှိသူ) တွေကိုလည်း လောကဥပဒေများက အရေးယူဖို့သတ်မှတ်ထားတာတွေ ရှိပါတယ်ဘုရား။

တရားမှုပြုလုပ်သူ (တရားသူ၊ တရားရှိသူ) တွေကိုလည်း လောကဥပဒေတွေက ချီးမြှောက်တတ်တယ်လို့ အနည်းငယ်တော့ ထင်မိပါတယ်ဘုရား။ မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရားဟုဆိုရာ– နိဗ္ဗာန်ဆိုတာ တရားမှုပြုလုပ်သူ (ဝါ) တရားရှိသွားသူတို့၊ တရားရ



www.burmeseclassic.com

www.burmeseclassic.com



သွားသူတို့ ခံစားရရှိနိုင်တဲ့အရာဖြစ်လို့ … နိဗ္ဗာန်ဆိုတာ ကျင့်ရမယ့်အရာမဟုတ်။ ကျင့်သူတွေ ရသွားတဲ့အရာသာဖြစ်လို့ တရားလို့မြင်လို့ မရပါ။

ထိုနည်းတူစွာ ရုပ်နာမ် ရှုမှတ်တာတို့၊ ဖောင်းပိန်ရှုတာတို့ ဝင်ထွက်ရှုတာတို့ စသည်တို့မှာလည်း – အဲဒါတွေ မရှုမှတ်ခြင်းဟာ မတရားမှုတွေ မဟုတ်လို့၊ အဲဒါတွေ မရှုမှတ် မပွားများဘဲ နေလို့လည်း မတရားမှုတွေလို့ သတ်မှတ်မရလို့၊ အဲဒါတွေ မရှုမှတ်မပွားများလို့လည်း ဘယ်ဘာသာ၊ ဘယ်လူမျိုးကမှ ဘယ်ဥပဒေနှင့်မှ အရေးယူအပြစ်ပေး မ႑ရလို့ အဲဒါတွေ ရှုမှတ်ခြင်းဟာလည်း တရားမှုလို့ မမြင်နိုင် ဖြစ်မိပါတယ်ဘုရား။

အဲဒီ ဝင်ထွက်၊ ဖောင်းပိန်၊ ရုပ်နာမ်ရှုမှတ်မှုတွေမှာ တရားတဲ့လုပ်ရပ်ရော၊ မတရားတဲ့လုပ်ရပ်ရော မရှိလို့ မြင်မိပါတယ်။ အဲဒါကြောင့် အဲဒါတွေလုပ်နေကြတာကိုလည်း တရားလုပ်နေကြတာလို့ မမြင်မိပါဘုရား။ ဒါကြောင့် တရားဆိုတာ ဘာပါလဲဆိုတာ လောကဓမ္မ စာတွေ့၊ လက်တွေ့ ညှိနှိုင်းပြပါရန် ရှိသေစွာလျှောက်ထားအပ်ပါသည်ဘုရား။ ဆရာတော်ဘုရား အထက်ပါအမေးပုစ္ဆာကို တပည့်တော် တကယ်ယူဆ၍မေးသည်ဟု ထင်၍ဖြစ်စေ၊ ပြဿနာရှာလို၍ မေးသည်ဟုထင်၍ ဖြစ်စေ–

တပည့်တော်နှင့် အများအတွက် လက်တွေ့အမြင်၊ ကိုယ်တွေ့အမြင်တို့ဖြင့် သာမာန်အသိရှိသူ လူတိုင်းသိနိုင်လက်ခံနိုင်တဲ့ စကား



www.burmeseclassic.com

www.burmeseclassic.com



အသုံးအနှုန်းတို့ဖြင့် ဖြေကြားပေးပါရန် ရိုသေစွာလျှောက်ထားအပ်ပါသည်ဘုရား။

**အငွေမှူ**

**အဖြေ(၁)**

ငါ့ရှင်က – အီးတီဆိုတဲ့အတိုင်း ထူးခြားရင်ပြီးရောဆိုပြီး တွေးချင်တိုင်း လျှောက်တွေးတော့ ကျမ်းဂန်လွတ်ဒဿနတွေ လျှောက်ပေါ်လာတာပေါ့။ အတွေးအခေါ်ဆိုတာ ရှိသင့်ပါတယ်။ ဒါပေမယ့် မိမိရဲ့အတွေးအခေါ်ကို အမြင်မှန် (သမ္မာဒိဋ္ဌိ) နဲ့ ဘောင်ခတ်ထားရတယ်၊ ကမ္မဿကတာ သမ္မာဒိဋ္ဌိ၊ ဝိပဿနာသမ္မာဒိဋ္ဌိကိုကျော်ပြီး လျှောက်တွေးရင်း သက်န်းဝတ်ကြီးနဲ့ မိစ္ဆာဒိဋ္ဌိဖြစ်သွားနိုင်တယ်။

အခုတစ်လောလေးကမှ – နိုင်ငံတော်က အဓမ္မဝါဒအဖြစ် ဝိနိစ္ဆယချလိုက်တဲ့ ဦးဉာဏနဲ့ ဦးဝိစိတ္တတို့ရဲ့ မိုးပြာဂိုဏ်းက ပုဂ္ဂိုလ်တွေဟာ ကျမ်းဂန်လွတ်လျှောက်တွေးပြီး ဟောချင်ရာဟော၊ ရေးချင်ရာရေးလုပ်ကြတဲ့အတွက် လူအတော်များများ ဒုက္ခရောက်သွားတယ်။ ငါ့ရှင်မေးခွန်းတွေဖတ်လိုက်ရတော့ မိုးပြာဂိုဏ်းက စာအုပ်တွေ ဖတ်ထားလေသလားလို့တောင် သံသယဝင်သွားမိတယ်။

ဗုဒ္ဓကိုယ်တွေ့၊ ဆရာကိုယ်တွေ့၊ မိမိကိုယ်တွေ့ရယ်လို့ ကိုယ်တွေ့သုံးမျိုးရှိတဲ့အနက်မှာ အမှားမရှိနိုင်တာကတော့ ဗုဒ္ဓကိုယ်တွေ့ပါပဲ။ ကိလေသာကို ဝါသနာအငွေ့နဲ့တကွ ပယ်သတ်ပြီးတဲ့ ဘုရားရှင်ရဲ့ အတွေးအမြင်တွေသည်သာလျှင် အမှားကင်းနိုင်တာပါ။ မိမိကိုယ်တွေ့နဲ့ ဆရာ့ကိုယ်တွေ့ဆိုတာ မှားနိုင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



တွေးခေါ်မြော်မြင်တဲ့အခါမှာ သာဓကယုတ္တိ၊ သဘာဝယုတ္တိ ဘောင်မကျော်အောင် တွေးခေါ်ရတယ်။ သို့မဟုတ်ဘဲ ကိုယ်တွေးချင် သလိုတွေးရင် မိန်းမက ပါးရိုက်တာကိုလည်း ခံရတတ်တယ်။ ဒါမှမဟုတ် လူစင်စစ်က ပြိတ္တာဘဝကိုလည်း ရောက်တတ်တယ်။ ငါ့ရှင်က ထူးထူး ခြားခြားတွေးပြီးမေးတော့ တပည့်တော်ကလည်း ဆန်းဆန်းပြားပြား တွေးပြီး ဖြေရမှာပဲ။ မေးခွန်းဖတ်စကတော့ ဖြေချင်စိတ်မရှိဘူး။ ရဟန်း တစ်ပါးဖြစ်ပြီး ကျမ်းဂန်လွတ် ဗရုသုက္ခတွေ တွေးရမလားလို့တွေးပြီး လာရိုက်ချင်စိတ်ပေါက်တယ်။

နောက်တော့ - ငါ့ရှင်ဟာ ဟိုငယ်စဉ် စာသင်သားဘဝ ကတည်းက အတွေးအခေါ်ကောင်းတယ်၊ အကြောင်းမဲ့တော့ ဒီမေးခွန်း မေးမှာမဟုတ်ဘူး။ စာဖတ်သူတွေအတွက် အကျိုးတစ်ခုခုရှိလို့သာ ဖြစ်ရမယ်လို့ ပြန်တွေးပြီး အဖြေကိုရေးလိုက်တာ။ မေးခွန်းက သုံးပုဒ် လောက်ပဲဆိုပေမယ့် ရေးရတာက သုံးအုပ်စာလောက် ပင်ပန်းပါတယ်။

**ထင်သလိုမတွေးပါနဲ့**

သဘာဝဘောင်ကိုကျော်ပြီး ကိုယ်တွေးချင်သလို တွေးတဲ့ အတွက် မြန်မာဆေးဆရာတစ်ယောက်ဟာ မယားဖြစ်သူရဲ့ပါးရိုက်တာ ကိုခံလိုက်ရတယ်။ အဲဒီဆေးဆရာက တစ်ပါးသော ဆေးဆရာတွေထက် ထူးအောင်ဆေးဖော်မယ်ဆိုပြီး တောထဲမှာ ဆေးမြစ်၊ ဆေးဥသွားရှာ တာ သုံးနှစ်တောင်ကြာသွားတယ်။ ဘာဆေးမြစ်၊ ဆေးဥမှမရဘဲ စုတ်ပြတ်ပေရေပြီး ပြန်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



လူကလည်း တောကြီးထဲမှာ သုံးနှစ်တောင်နေခဲ့တော့ ကြောင်တောင်တောင်ဖြစ်နေတယ်၊ မိန်းမကမေးတယ် ''ရှင် ဆေးမြစ်၊ ဆေးဥသွားရှာတာ သုံးနှစ်တောင်ကြာတယ်၊ ဘာမှရတာလည်း မတွေ့ပါလား'' ဆိုတော့၊ ''ဟုတ်တယ်၊ ငါရှာတဲ့ဆေးမြစ်၊ ဆေးဥက သူတစ်ပါးနဲ့ မတူ တာကို ရှာတာမို့ပါ'' တဲ့။

ဒီတော့ မယားဖြစ်သူက ဘယ်လိုမတူတာတွေ ရှာတာလဲ ဆိုတော့ ''သူတစ်ပါးက လေးညှင်းရှာတယ်။ ငါက ငါးညှင်းရှာတယ်၊ သူတစ်ပါးက ဇာတိပ္ပိုလ်ရှာတယ်၊ ငါက ဇာတိပ်မရှာတယ်၊ သူတစ်ပါးက ဧရှပ်ကောင်းရှာတယ်၊ ငါက ဧရှပ်ဆိုးရှာတယ်'' တဲ့ – ဒီတင် မိန်းမက ရှူးတူးတူးပေါ်တောတောနဲ့ မဖြစ်နိုင်တာတွေ ရှာရသလားဆိုပြီး ပါးရိုက်တာကို ခံလိုက်ရသတဲ့–

သမ္မာဒိဋ္ဌိအမြင်ကလွတ်ပြီး တွေးချင်ရာတွေးရင် သမ္မာသက်ပွမဟုတ်ဘဲ၊ မိစ္ဆာသက်ပွ (အယူမှား) ဖြစ်တတ်ပါတယ်။ ဒီလို အယူမှားပြီး အလုပ်တွေပါ မှားကုန်တဲ့အတွက် လူစင်စစ်ကနေ ပြိတ္တာဖြစ်သွားတဲ့ ပုဏ္ဏားလုလင်တစ်ယောက်အကြောင်းကို အကျဉ်းချုပ်ပြီး ပြောပြဦးမယ်။ ဒီပုဏ္ဏားလုလင်လေးဟာ ချောမောလှပတဲ့အဆင်းနဲ့လည်း ပြည့်စုံတယ်၊ ဆင်တစ်ကောင်ရဲ့အားအင်မျိုးလည်းရှိတယ်။ မိဘနှစ်ပါးကို လုပ်ကိုင်ကျွေးမွေးတဲ့ သားလိမ္မာတစ်ယောက်လည်းဖြစ်တယ်။

တစ်ခါတော့ သူဟာ လောကကိုရော၊ မိမိကိုရော ပျက်စီးစေမယ့် အတွေးတစ်ခုကို တွေးမိတယ်၊ အဲဒီအတွေးကတော့ လူဆိုတာ ကာမဂုဏ်ခံစားဖို့ ဖြစ်လာတာ။ ကာမဂုဏ်များများခံစားရမှ လူဖြစ်ရ



www.burmeseclassic.com

www.burmeseclassic.com



ကျိုးနပ်တယ်။ အာရုံငါးပါးကာမဂုဏ်တရားထဲမှာလည်း ရသာရုံဟာ အကောင်းဆုံး၊ အသာဆုံးဖြစ်တယ်။ ရသာရုံတွေထဲမှာလည်း တိရစ္ဆာန်တွေရဲ့ အသားဟာ အကောင်းဆုံး၊ အသာဆုံးဖြစ်တယ်။ အသားများစွာထဲမှာလည်း သမင်ရဲ့အသားဟာ အကောင်းဆုံးဖြစ်တယ်။ ငါဟာ ဒီနေ့ကစပြီး သမင်သားတွေကို အသက်ထက်ဆုံးစားတော့မယ်လို့ ဆုံးဖြတ်ပြီး လက်နက်အပြည့်အစုံနဲ့ တောထဲအပြီးဝင်သွားတယ်။

အဲဒီအချိန်ကစပြီး တစ်သက်ပတ်လုံး သမင်တွေကို သတ်စားနေလိုက်တာ နှစ်အတော်ကြာတော့ သူ့ခန္ဓာကိုယ်မှာရှိတဲ့ အသားတွေဟာ အောက်ကိုတွဲကျပြီး မြေကြီးနဲ့ကပ်သွားလိုက်တာ သူဟာမြေကြီးပေါ်ပက်လက်ကြီး ဖြစ်သွားတယ်။ လှုပ်ရှားလို့မရတော့ဘူး၊ အစာလည်း မစားရတော့ဘူး၊ သေရင် ငရဲရောက်မှာဆိုတော့ သူ့ရင်ထဲမှာ ငရဲမီးတွေ ပူလောင်နေလိုက်တာ မီးကျိုးခဲကြီးကျလို့ပေါ့၊ သူဟာ ဒီဒဏ်တွေကို မခံနိုင်လို့ သေချင်တယ်။

ဒါပေမယ့် သေလို့မရဘူး။ သူပြုခဲ့တဲ့ ကံတွေကြောင့် မသေနိုင်သေးဘဲ နှစ်အကြာကြီးနေရတယ်။ ဒီလိုဖြစ်ရပ်မျိုးဟာ မြန်မာပြည်မှာလည်း ရှိတယ်။ မုံရွာစန်းမောင်ရေးတဲ့ စာအုပ်တစ်အုပ်ထဲမှာ ဖတ်လိုက်ရတယ်။

စစ်ကိုင်းတိုင်း၊ မုံရွာခရိုင်၊ အရာတော်မြို့နယ်က ရွာတစ်ရွာမှာ အရှင်လတ်လတ် လူစင်စစ်က ပြိတ္တာဖြစ်သွားသူတစ်ယောက်ရှိတယ်။ ဒီဖြစ်ရပ်က ဆယ်နှစ်ခန့်ပဲရှိသေးတယ်။ တစ်ရက်တော့ မုံရွာစန်းမောင် ဟာ ကိစ္စတစ်ခုရှိလို့ မုံရွာကနေ အရာတော်မြို့နယ်ကို



www.burmeseclassic.com

www.burmeseclassic.com



ကားနဲ့သွားတယ်။

အရာတော်မြို့နယ်ထဲရောက်တဲ့အခါ တစ်နေရာကျတော့ အသက်ငါးဆယ်ကျော်အရွယ်လောက်ရှိတဲ့ ယောက်ျားတစ်ယောက်ဟာ ကိုယ်လုံးတီးကြီးနဲ့ ကားလမ်းတစ်ဖက်ကိုကူးနေတယ်။ ရိုးရိုးကူးနေတာ မဟုတ်ဘူး။ လေးဖက်ထောက်ပြီး နွားတစ်ကောင်လို ကူးနေတာ။ ဦးစန်းမောင်က ဟွန်းသံပေးပေမယ့် ဖြတ်ကူးသူဟာ ဂရုမစိုက်ဘူး။ တကယ့်နွားတစ်ကောင်လို လေးလေးမှန်မှန်ကြီးပဲ ကူးနေတယ်။

နောက်ဆုံး ကားနဲ့တိုက်မိမှာစိုးလို့ ဦးစန်းမောင်ဟာ ဘရိတ်ကို တအားနင်းလိုက်ရတယ်၊ ဘရိတ်အုပ်သံကြားမှ ရွာထဲကလူတွေဟာ ကားရှိရာကို အပြေးအလွှားရောက်လာကြတယ်။ ဦးစန်းမောင်ဟာ ကားပေါ်ကဆင်းပြီး လမ်းဖြတ်ကူးနေတဲ့ လူလိုလို နွားလိုလို လူကြီး အကြောင်းကို သေသေချာချာမေးကြည့်တယ်။ ဒီတော့မှ ရွာသားတွေ က လူစင်စစ်က နွားပြိတ္တာဖြစ်နေသူအကြောင်းကို သေသေချာချာ ပြောပြကြတယ်။

အဲဒီလူဟာ သိတတ်တဲ့အရွယ်ကစပြီး နွားသတ်တဲ့အလုပ်ကို လုပ်လာတာကြာလှပြီ။ ပြီးတော့ သူဟာ နွားသားကိုမစားဘဲ မနေနိုင် ဘူးဖြစ်နေတယ်။ ပြောရရင် သူဟာ ထမင်းစားတယ်ဆိုတာ နာမည် ခံပဲ၊ တကယ်ကျတော့ အမဲသားတွေကိုချည်း ထမင်းလိုစားနေတာ ကြာပြီ။ ဒါကြောင့် အမဲသားမစားရရင် မနေနိုင်တဲ့အဖြစ်ကို ရောက်နေ တာ နွားသတ်တဲ့အလုပ် (နွားသားစားတဲ့အလုပ်ကို နှစ်ပေါင်းသုံးဆယ် လောက်လုပ်ပြီးတဲ့ အချိန်မှာ အခုလို လူစင်စစ်က နွားပြိတ္တာဘဝကို



www.burmeseclassic.com

www.burmeseclassic.com



ရောက်ရတာပဲ၊ သူဟာ နွားလိုနေတယ်၊ နွားလိုစားတယ်၊ နွားလိုသွားတယ်။

သူ့ရဲ့အသံတောင် နွားလိုဖြစ်သွားတယ်။ အခုအချိန်တော့ သေသွားလောက်ပါပြီ။ သူတို့ဒီလိုဖြစ်ရတာဟာ အတွေးအကြံတွေကို မှားယွင်းစွာတွေးလို့ပဲ။ လူဖြစ်ရခြင်းရဲ့ အဓိကရည်ရွယ်ချက်ကို ကာမဂုဏ်ခံစားဖို့လို့ သူတို့ကယူဆတယ်။ တကယ်တော့ လူဖြစ်ရခြင်းရဲ့ အဓိကရည်ရွယ်ချက်ဟာ ကုသိုလ်လုပ်ဖို့သာဖြစ်ပါတယ်။

**ကုသိုလ်ခြောက်မျိုးနှင့်လူ**

လူ့ဘုံရဲ့အောက်က အပါယ်လေးဘုံကျတော့ ဆင်းရဲတွေများလွန်းအားကြီးလို့ ဘာကုသိုလ်မှလုပ်လို့ မရဘူး။ လူ့ဘုံအထက်က နတ်ဘုံနဲ့ ဗြဟ္မာ့ဘုံကျတော့ ချမ်းသာတွေများလွန်းအားကြီးလို့ ဘာကုသိုလ်မှလုပ်လို့ မရပြန်ဘူး။ လူ့ဘုံတစ်ဘုံပဲ ဒါနကုသိုလ်၊ သီလကုသိုလ်၊ သမထဘာဝနာကုသိုလ်၊ ဝိပဿနာဘာဝနာကုသိုလ်၊ မဂ်ကုသိုလ်၊ ဖိုလ်ကုသိုလ်ဆိုတဲ့ ကုသိုလ် (၆) မျိုးလုံးကို တင်းပြည့်ကျပ်ပြည့် ပြုလုပ်လို့ရပါတယ်။

ဒါကြောင့် ဘုရားအလောင်းတော်များဟာ နတ်ပြည်ရောက်ရင် သက်တမ်းပြည့်မနေဘဲ သက်တမ်းရဲ့သုံးပုံပုံ၊ တစ်ပုံလောက်ပဲနေပြီး အလိုလိုသေအောင် လုပ်လိုက်တယ်။ ပြီးတော့ လူ့ဘဝမှာ ပြန်ဖြစ်တယ်။ ပြောချင်တာကတော့ သမ္မာဒိဋ္ဌိရဲ့ ထိန်းချုပ်မှုမရှိဘဲ တွေးချင်သလိုတွေးထားတဲ့ အတွေးမျိုးဟာ ကောင်းကျိုးထက် ဆိုးကျိုးကို ပေးတတ်တယ် ဆိုတာကိုပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ငါ့ရှင်က တရားရဲ့ အဓိပ္ပါယ်ကို လေးလေးနက်နက်မဖွင့်ဘဲ ပေါ့ပေါ့လျှံလျှံဖွင့်လိုက်တော့ ကမောက်ကမတွေ ဖြစ်ကုန်တာပေါ့။ တရားဆိုတာ မတရားတာရဲ့ ပြောင်းပြန်လို့ယူဆပါတယ်။ ဒါကြောင့် သူ့အသက်သတ်ရင် မတရားဘူး။ မသတ်ရင် တရားတယ်လို့ ယူဆကြောင်း ငါ့ရှင်ကပြောထားတယ်။ ဒီအဆိုဟာ မှန်တော့မှန်တယ်၊ သို့သော် ဆယ်ပုံ ပုံ၊ တစ်ပုံလောက်ပဲမှန်တယ်။

တရားတော်ရဲ့အနှစ်အသားတွေက နောက်ထပ် ကိုးပုံလောက် ကျန်နေသေးတယ်။ ငါ့ရှင် တင်ပြတာက အောက်ခြေသီလအဆင့် လောက်ရှိသေးတာပါ။ သမာဓိအကြောင်းတွေ၊ ဝိပဿနာပညာ၊ မဂ်ပညာ အကြောင်းတွေ ကိလေသာသုံးမျိုးကို သီလ၊ သမာဓိ၊ ပညာ သုံးမျိုးက သူ့အဆင့်နဲ့သူ ပယ်သတ်ပုံတွေ၊ လောဘကိလေသာ တစ်မျိုးတည်းကို လေးပုံပုံပြီး မဂ်လေးပါးက တစ်ပုံစီပယ်သတ်ပုံတွေ ကာယကံ၊ ဝစီကံတွေဟာ မနောကံက တစ်ဆင့်သွားပုံတွေ အများကြီး သိဖို့လိုနေပါသေးတယ်။

သီလတစ်ခုတည်းကိုကြည့်ရင်တော့ ငါ့ရှင်ကပြောသလို ခိုးရင် တရားမရှိသူ၊ မခိုးရင် တရားရှိသူလို့ ပြောရတာ လွယ်တာပေါ့။ ဒါန နဲ့ပတ်သက်ရင်ကျတော့ ဒီလိုပြောလို့မရတော့ဘူး။ ဒါနပြုရင် တရားရှိသူ၊ ဒါနမပြုရင် တရားမရှိသူလို့ပြောရင် ဘယ်မှန်တော့မလဲ။ ဒါနဆိုတာရှိမှ လှူနိုင်မှာပေါ့၊ မရှိရင် ဘယ်လှူနိုင်မှာလဲ။ သမာဓိနဲ့ပတ်သက်လာရင် လည်း ဂုဏ်တော်ပွားရင် တရားရှိသူ၊ ဂုဏ်တော်မပွားရင် တရားမရှိသူ လို့ ဘယ်ပြောလို့ရမလဲ။



www.burmeseclassic.com

www.burmeseclassic.com



တရားရဲ့ သဒ္ဒါနက်က ဆောင်ခြင်းပဲ၊ ဘာတွေကိုဆောင်သလဲ လို့ ဝိဂြိုလ်ဆိုကြည့်လိုက်တော့

**စတူသုအပါယေသုစ ဝဋ္ဋဒုက္ခေသုစ**

**အပတမာနေ ကတွာ ဓါရေတီတိ ဓမ္မောလို့**

ဖြစ်လာတယ်။

အဓိပ္ပါယ်က–

အပါယ်လေးပါးတို့၌လည်းကောင်း။

ဝဋ္ဋဒုက္ခတို့၌လည်းကောင်း။

မကျအောင် ဆောင်တတ်သောကြောင့်

ဓမ္မဟုခေါ်သည် – တဲ့။

ဓမ္မပဒက ဂါထာလေးတစ်ဂါထာဖွင့်ပြတာက ပိုရှင်းတယ်။

**နဟိဓမ္မော အဓမ္မော စ၊**

**ဥဘောသမ ဝိပါကိနော။**

**အဓမ္မော နိရယံ နေတိ၊**

**ဓမ္မောပါပေတိ သုဂတိံ။**

အဓိပ္ပါယ်ချုပ်က –

ဓမ္မလို့ခေါ်တဲ့ ကုသိုလ်တရားနဲ့ အဓမ္မလို့ခေါ်တဲ့ အကုသိုလ် တရားတို့ဟာ အကျိုးပေး မတူညီဘူးတဲ့။ အဓမ္မလို့ခေါ်တဲ့ အကုသိုလ် တရားက အပါယ်လေးပါးသို့ပို့ပြီး။ ဓမ္မလို့ခေါ်တဲ့ ကုသိုလ်တရားက လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံလို့ခေါ်တဲ့ ကောင်းတဲ့ဘဝကို ပို့ပေးပါတယ်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဒီဒေသနာအဖွင့်အရ ဓမ္မအရ ကုသိုလ်ကိုယူမယ်၊ ကုသိုလ်ဆိုမှတော့

(၁) ဒါနကုသိုလ်

(၂) သီလကုသိုလ်

(၃) သမထဘာဝနာကုသိုလ်

(၄) ဝိပဿနာ ဘာဝနာကုသိုလ်

(၅) မဂ်ကုသိုလ်

(၆) ဖိုလ်ကုသိုလ်

လို့ ကုသိုလ်ခြောက်မျိုးဖြစ်လာတယ်။ ဒီကုသိုလ် (၆) မျိုးထဲက ဒါန၊ သီလ၊ သမထဆိုတဲ့ ကုသိုလ်သုံးမျိုးက အပါယ်လေးပါးသို့ မကျအောင် ဆောင်တတ်တယ်။ ဝိပဿနာကုသိုလ်၊ မဂ်ကုသိုလ်၊ ဖိုလ်ကုသိုလ် သုံးမျိုးကတော့ ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်လို့ခေါ်တဲ့ ဝဋ်သုံးပါးသို့မကျအောင် ပို့ဆောင်ပေးတတ်တယ်။

ဒီထက်ရှင်းအောင်ပြောရရင် (၃၁)ဘုံကနေ အပြီးအပြတ်လွတ်အောင် လုပ်ပေးတာပါပဲ။ (၃၁)ဘုံရောက်အောင် ဝဋ်သုံးပါးက လုပ်ပေးတာပါ။ ဒါကြောင့် ဝဋ်သုံးပါးသို့ မကျအောင် ဆောင်တတ်တယ်ဆိုတာ (၃၁)ဘုံကလွတ်အောင် လုပ်ပေးတတ်၊ ဆောင်ပေးတတ်တာပါပဲ။ အခု ဒါန၊ သီလ၊ သမထဘာဝနာဆိုတဲ့ ကုသိုလ်တရားတွေက အပါယ်လေးပါးသို့ မကျအောင် ဆောင်ပုံကို လူသိနည်းတဲ့ ဇာတ်လမ်းတွေရှာပြီး ရှင်းပြပါ့မယ်။



www.burmeseclassic.com

www.burmeseclassic.com



## ဒါနကုသိုလ်ဖြင့် အပါယ်လွတ်လမ်း

ပေတဝတ္ထုပါဠိတော်မှာ ကတွတ်မုန့်နဲ့ သောက်ရေတစ်ခွက်ကို လှူဒါန်းတဲ့ကုသိုလ်ကြောင့် တန်ခိုးကြီးတဲ့ ရုက္ခစိုးနတ်ကြီးဖြစ်သွားတဲ့ အခြေအနေမဲ့တစ်ယောက်အကြောင်း ဟောထားတာရှိတယ်။

အဲဒီအမျိုးသားဟာ အနာထပိဏ်သူဌေးကြီးရဲ့ တူတော်သတဲ့၊ ဆိုးလွန်းအားကြီးလို့ အခြေအနေမဲ့ဘဝကို ရောက်သွားရတာ။ တစ်ခါတော့ ဒီလူဟာ ဇရပ်တစ်ခုပေါ် လှဲအိပ်နေတယ်။ ညမိုးချုပ်ရောက်တဲ့အခါ ခိုးသူတွေက အဲဒီလူကို သူတို့နဲ့အတူ ပစ္စည်းခိုးရာလိုက်ခဲ့ဖို့ ခေါ် တဲ့အခါ လိုက်သွားတယ်။ သူ့ကို တုတ်တစ်ချောင်းနဲ့ ခြံပေါက်ဝမှာ စောင့်ခိုင်းပြီး သူခိုးတွေက အိမ်ထဲဝင်ပြီး ခိုးကြတယ်။

အိမ်ရှင်တွေနိုးသွားပြီး အော်ဟစ်တဲ့အခါ လည်ဝယ်တဲ့သူခိုးတွေက နောက်ဖေးပေါက်က ထွက်ပြေးကြတယ်။ အ,လွန်းတဲ့ အဲဒီလူကတော့ တုတ်ကြီးတစ်ချောင်းကိုင်ပြီး ခြံဝမှာ ရပ်ကျန်ခဲ့တယ်။ ထွက်ပြေးရမယ်ဆိုတာတောင် သူဟာနားမလည်ဘူး။ ဒါ့ကြောင့် မိသွားပြီး သေဒဏ်ချတာခံလိုက်ရတယ်။ သူ့ကို မသတ်မီမှာ လက်ပြန်ကြိုးတုပ်ပြီး တစ်မြို့လုံး လှည့်လည်ပြီး ရိုက်နှက်စေတယ်။

ဒီအချိန်မှာ သုလသာအမည်ရှိတဲ့ ပြည့်တန်ဆာမတစ်ဦးဟာ ဒီသူငယ်ကို သနားသွားပြီး ကတွတ်မုန့်နဲ့ သောက်ရေကို လာပေးတယ်။ ဒီအချိန်မှာ အရှင်မောဂ္ဂလာန်ဟာလည်း သူ့ရှေ့မှာ ဆွမ်းလာရပ်တယ်။ သူဟာ လူကအောက်ကျပေမယ့် စိတ်ကမြင့်မြတ်တာကို တွေးနိုင်ခဲ့တယ်။ ငါဟာ ဒီမုန့်နဲ့ရေကို စားရလည်း သေမှာပဲ၊ မစားရလည်း



www.burmeseclassic.com

www.burmeseclassic.com



သေမှာပဲ။ မထေရ်မြတ်ကိုလှူပြီးမှသေရင် သံသရာအတွက် ထောက်ရာတည်ရာရမယ်။

အဲဒီလိုတွေးပြီး ကတွတ်မုန့်နဲ့ရေကို မထေရ်မြတ်အား လောင်းလှူလိုက်တယ်။ မထေရ်မြတ်ကလည်း တန်ခိုးကြီးပြီး လူကြည်ညိုများတဲ့ မထေရ်ကြီးပဲ။ လှူချင်တန်းချင်တဲ့သူဌေး၊ သူကြွယ်တွေ အများကြီးရှိပါတယ်။ ဒီဒကာဟာ ဒီအတိုင်းသေသွားရင် ဘာကုသိုလ်မှမရှိတဲ့အတွက် အပါယ်ကျမယ်ဆိုတာသိလို့ အပါယ်မကျအောင်လာပြီး ဆွမ်းရပ်တာပါ။

တောင်စွယ်နေကွယ်တာနဲ့ သူဟာ အသတ်ခံရပါတယ်။ ဒါပေမယ့် မထေရ်မြတ်ကိုလှူခဲ့တဲ့ ဒါနကုသိုလ်ကြောင့် တန်ခိုးကြီးတဲ့ ရက္ခစိုးနတ်မင်းကြီး သွားဖြစ်ရပါတယ်။ သူဟာ လိုချင်တယ်ဆိုရင် နှစ်ပေါင်း (၉၂၁)ကုဋေနဲ့ (၆)သန်းအသက်ရှည်တဲ့ ပရနိမ္မိတ ဝသဝတ္တီ နတ်ဘုံထိရောက်နိုင်ပါတယ်။ ဘာကြောင့် အောက်ဆုံးကျတဲ့ စတုမဟာရာဇ်အနွယ်ဝင် ရက္ခစိုးနတ်ဖြစ်ရတာလဲဆိုတော့ စွဲလမ်းမှုရှိနေလို့ပါ။

သူဟာ သုလသာပြည့်တန်ဆာမကို စွဲလမ်းသွားတယ်။ ဒီအမျိုးသမီးပေးတဲ့ မုန့်နဲ့ရေကို မထေရ်မြတ်ကို လှူခဲ့တဲ့ကုသိုလ်ကြောင့် နတ်ပြည်ရောက်ရတာ မဟုတ်လား။ အဲဒီစွဲလမ်းတဲ့စိတ်ကြောင့် လူတွေနဲ့ အနီးစပ်ဆုံး ရက္ခစိုးနတ်သွားဖြစ်တာပါ။ သူဟာ ဇာတိဿရဉာဏ်ရတဲ့ အတွက် တစ်ရက်မှာ ဥယျာဉ်ထဲလာပြီးပျော်ပါးနေတဲ့ သုလသာကို ရအောင်ဆောင်ယူပြီး သူ့ဗိမာန်မှာ ပေါင်းသင်းနေခဲ့သေးတယ်။ ရက်အတော်ကြာမှ သုလသာရဲ့ တောင်းဆိုချက်ကြောင့် လူ့လောကကို



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပို့ပေးခဲ့ပါတယ်။ ဒါက ဓမ္မထဲမှာပါတဲ့ ဒါနကုသိုလ်က အပါယ်လေးပါး သို့ မကျအောင်ဆောင်ပုံပါပဲ။

**သီလကုသိုလ်ဖြင့် အပါယ်လွတ်လမ်း**

အခု သီလကုသိုလ်က အပါယ်လေးပါးသို့ မကျအောင် ဆောင်ပုံကို ပြောဦးမယ်။ ဓမ္မပဒမှာလာတဲ့ ခိုးသားဝါးပြငါးရာအကြောင်း ပေါ့။ မြို့နာမည်၊ လူနာမည်တွေတော့ သေချာမမှတ်မိတော့ဘူး။ ဖြစ်စဉ် ကိုတော့ သေသေချာချာမှတ်မိနေတယ်။

ခိုးသားငါးရာဟာ မြို့တစ်မြို့ကို အမြဲဒုက္ခပေးတယ်။ ဆိုးလွန်း အားကြီးလာတဲ့အတွက် စစ်တပ်နဲ့ မြို့သားအားလုံးနဲ့ပေါင်းပြီး ခိုးသား တွေခိုအောင်းနေတဲ့ တောအုပ်ကြီးကို လက်နက်အပြည့်အစုံနဲ့ သွားဝိုင်း ထားကြတယ်။ ထွက်ပေါက်မရှိအောင် ဝိုင်းပြီးထားတဲ့အခါ တဖြေးဖြေး ချင်းနဲ့ ဝိုင်းမယ်ဆိုတာကို အတိအကျသိရတဲ့အခါ ခိုးသားတွေဟာ ကြောက်လွန်းလို့ နေစရာမရှိအောင် ဖြစ်နေကြတယ်။ သေခြင်းတရား ဟာ သူတော်ကောင်းအတွက် မိတ်ဆွေဖြစ်ပေမယ့် မသူတော်အတွက် တော့ ကြောက်စရာရန်သူပေါ့။

ဒီအချိန်ကျမှ သူတို့ဟာ တောအုပ်ထဲမှာရှိတဲ့ ရဟန်းတစ်ပါး ထံသွားပြီး သူတို့အသက်ကို ကယ်ဆယ်ဖို့ တောင်းပန်လျှောက်ထား ကြတယ်။ မထေရ်က မိမိသည်သာလျှင် မိမိကိုးကွယ်အားထားရာဖြစ် တဲ့အကြောင်း သူတစ်ပါးသည် မိမိ၏ကိုးကွယ်အားထားရာ မဖြစ်နိုင် ကြောင်းရှင်းပြပြီး သရဏဂုံနဲ့ ငါးပါးသီလဆောက်တည်ပေးလိုက်တယ်။

ဒီငါးပါးသီလကို အသက်သေဆုံးချိန်အထိ လုံခြုံအောင်စောင့်



www.burmeseclassic.com

www.burmeseclassic.com



ဖို့ မှာကြားတယ်။ ခိုးသားတွေဟာ မထေရ်မြတ်ရဲ့စကားကို နားထောင်ကြတယ်။ ငါးပါးသီလကို လုံခြုံအောင် စောင့်ကြတယ်။ သူတို့ ငါးပါးသီလစောင့်ချိန်ဟာ အခုခေတ်နာရီနဲ့ တွက်မယ်ဆိုရင် သုံးနာရီလောက်ပဲရှိမယ်ထင်ပါတယ်။ အဲဒီလောက်ကြာပြီးအချိန်မှာပဲ တပ်နဲ့ပြည်သူတွေက သူတို့ကိုဖမ်းသွားပြီး သတ်ပစ်လိုက်ကြတယ်။

သုံးနာရီနီးပါးခန့် စောင့်ထိန်းထားရတဲ့ သီလကုသိုလ်ကြောင့် သူတို့အားလုံး နတ်ပြည်ကိုရောက်ကြရတယ်။ အဲဒီ သီလကုသိုလ်က အပါယ်လေးပါးသို့မကျအောင် ဆောင်ပုံပါပဲ။ ဒါနကုသိုလ်အရာမှာ တစ်ထောင်လှူရင် တစ်ထောင်နဲ့တန်တဲ့ ကောင်းကျိုးရပြီး၊ တစ်သောင်းလှူရင် တစ်သောင်းနဲ့တန်တဲ့ ကောင်းကျိုးရသလို၊ သီလကုသိုလ်အရာမှာလည်း တစ်နာရီစောင့်ရင် တစ်နာရီနဲ့တန်တဲ့ကောင်းကျိုးရပြီး၊ ဆယ်နာရီစောင့်ရင် ဆယ်နာရီနဲ့တန်တဲ့ ကောင်းကျိုးရတယ်ဆိုတာကို ရေလုပ်သား (တံငါ) တွေသိအောင် ငါ့ရှင်က များများဟောပေးပါ။

ရေလုပ်သားတွေ အသားထုတ်လုပ်သူတွေဟာ သူတို့ကိုယ်သူတို့ ဘဝသေသွားပြီလို့ ယူဆပြီးအားငယ်နေတတ်ကြလို့ပါ။ နောက်တစ်ခါ သမထ ဘာဝနာကုသိုလ်က အပါယ်လေးပါးသို့မကျအောင် ဆောင်ပုံကို ဆက်ပြောမယ်။

**သမထကုသိုလ်ဖြင့် အပါယ်လွတ်လမ်း**

ပေတဝတ္ထုပါဠိတော်မှာ စဏ္ဍာလီလို့ခေါ်တဲ့ ဘာသာခြားအဖွားအိုတစ်ယောက်ရှိတယ်။ သူဟာ သက်တမ်းကုန်နေပြီး ဒီနေ့နေ့ခင်းလောက်မှာပဲ သေမှာ။



www.burmeseclassic.com

www.burmeseclassic.com



ဒါကို မသိရှာတော့ ဘာကုသိုလ်မှလုပ်ဖို့ သတိမရဘဲ ဝမ်းစာဘဲ ရှာဖွေနေရတယ်။ သူဟာ သူတစ်ပါးအိမ်မှာ အစေခံလုပ်ရတယ်။ သူသေရင် အပါယ်ကျမှာဆိုတာကိုသိတဲ့ ဘုရားရှင်ဟာ စဏ္ဍာလီ အဖွားနဲ့ မျက်နှာချင်းဆိုင်တွေ့မယ့်လမ်းကိုရွေးပြီး ဆွမ်းခံကြွတော်မူတယ်။ နောက်မှာလည်း သံဃာတော်တွေအများကြီးပါတာပေါ့။ သံဃာတော်တွေကတော့ မသိရှာဘူး။ မြတ်စွာဘုရားဟာ ဆွမ်းလောင်းသူမရှိတဲ့ နေရာတွေကို ဘာဖြစ်လို့ကြွနေတာပါလိမ့်ဆိုပြီး စဉ်းစားနေတာပေါ့။

တကယ်တော့ ဘုရားရှင်ကို ရှိခိုးပြီးသေမှ နတ်ပြည်ရောက်မယ်ဆိုတာကိုသိလို့ အဖွားနဲ့မဆုံဆုံအောင် ကြွနေတာပါ။ ဟော ... ဘုရားရှင်နဲ့အဖွား မျက်နှာချင်းဆိုင်ဆုံပါပြီ။ ဒါပေမယ့် ဘာသာခြား ဖြစ်တဲ့ အဖွားဟာ ရပ်ပေးတော်မူတဲ့ဘုရားရှင်ကို ရှိခိုးဖို့စိတ်ကူး မပေါ်ပါဘူး။ ရှောင်ထွက်ဖို့ပဲ ကြိုးစားနေတယ်။ ဒီအခါမှ ဘုရားရှင်က အရှင်မောဂ္ဂလာန်ကို လှမ်းကြည့်လိုက်တယ်။ လှမ်းကြည့်တယ်ဆိုတာ ဘုရားရှင်ရဲ့ဆန္ဒကို စိတ်နဲ့ပြောလိုက်တာပဲ။ အရှင်မောဂ္ဂလာန်ဟာ ရှေ့ကို ထွက်လာပြီး ဘုရားရှင်ကိုရှိခိုးဖို့ အဖွားအိုကိုတိုက်တွန်းတယ်။ ဒါပေမယ့် အဖွားအိုက ငြင်းဆန်နေတယ်။ သူ့ကို အပါယ်မကျအောင် ကယ်တင်နေတယ်ဆိုတာ မသိဘူး။ စည်းရုံးနေတယ်လို့ပဲ ထင်နေတယ်။

ဘယ်လိုမှ ရှင်းပြလို့မရတဲ့အခါ အရှင်မောဂ္ဂလာန်က အဖွားအိုကို တည့်တည့်ပြောချလိုက်တယ်။ အဖွားဟာ နောက်နှစ်နာရီကျော်လောက်ဆို သေတော့မှာ။ အဖွားမှာ အားကိုးစရာကုသိုလ်မရှိတဲ့အတွက် သေရင် အပါယ်ငရဲကျမှာ၊ ဘုရားရှင်ကို ကန်တော့ပြီးမှသေရင် အပါယ်



www.burmeseclassic.com

www.burmeseclassic.com



မကျတော့ဘူး။ ဒီအကျိုးကျေးဇူးတွေကိုမြင်လို့ ဘုရားရှင်ဟာ အဖွား တစ်ယောက်တည်းအတွက် အပင်ပန်းခံပြီး ကြွလာတာလို့ ပြောလိုက်မှ သူ သဘောပေါက်သွားတယ်။

အဲဒီတော့မှ ဘုရားရှင်ကို ရှိသေစွာကန်တော့တယ်။ ဘုရားရှင်နဲ့ သံဃာတော်တွေပြန်ကြွပြီး မကြာခင်မှာဘဲ အဖွားဟာ ရုတ်တရက် သေဆုံးသွားတယ်။ ခုခေတ်လိုဆိုရင် နှလုံးရပ်တာတို့၊ ဦးနှောက်သွေးကြောပြတ်တာတို့ တစ်ခုခုဖြစ်မှာပေါ့။ ဘုရားရှင်ကို တစ်ခဏတာ ကြည်ညိုရတဲ့ ဗုဒ္ဓါနုဿတိ သမထဘာဝနာ ကုသိုလ်ကံကြောင့် အဖွားဟာ နတ်ပြည်ကိုရောက်ခဲ့ပါတယ်။

အဲဒီနေ့ညမှာပဲ ဘုရားရှင်ဟာ တရားပွဲကြီးတစ်ပွဲကို ဟောကြားနေတယ်။ အဲဒီအချိန်မှာ လူတွေမြင်သာတဲ့ ကောင်းကင်ပြင်မှာ နတ်ဗိမာန်ကြီးတစ်ခုပေါ်လာပြီး နတ်သမီးတစ်ယောက်ဟာ ဗိမာန်ထဲကနေ တရားနာနေတယ်။ လူတွေဟာ နတ်သမီးကို တအားစိတ်ဝင်စားနေကြတဲ့အတွက် တရားပွဲပြီးတာနဲ့ ဘုရားရှင်ဟာ နတ်သမီးနဲ့ အမေးအဖြေလုပ်တယ်။ နောက်ဆုံးတော့ အဲဒီနတ်သမီးဟာ နေ့ခင်းကမှ သေသွားတဲ့ စဏ္ဍာလီအမည်ရှိတဲ့ အဖွားဖြစ်နေတာကို သိသွားကြတယ်။ ဒါဟာ သမထဝိပဿနာကုသိုလ်က အပါယ်လေးပါးသို့ မကျအောင်ဆောင်ပုံပါပဲ။

**ဝိပဿနာကုသိုလ်ဖြင့် အပါယ်လွတ်လမ်း**

ဝိပဿနာ ဘာဝနာကုသိုလ်နဲ့ မဂ်ကုသိုလ်က အပါယ်လေးပါးနဲ့ ဝဋ်သုံးပါးသို့မကျအောင် ဆောင်ပုံကိုဆက်ပြောမယ်။ ဓမ္မပဒမှလာတာ



www.burmeseclassic.com

www.burmeseclassic.com



ငါ့ရှင်ကြားဖူးပြီးသား တမ္ဗဒါဠ္ဌိကအမည်ရှိတဲ့ အာဏာသားကြီးတစ်ယောက်အကြောင်းကိုပြောမယ်။ ဓာတ်လမ်းကို အဓိကထားပြီး ပြောမှာ မဟုတ်ဘူး။

အပါယ်ကလွတ်ပုံ၊ ဝဋ်သုံးပါးကလွတ်ပုံကို အဓိကထားပြီး ပြောမှာ။ သူဟာ ရာဇဂြိုဟ်ပြည်မှာနေတယ်။ မကောင်းတာမှန်သမျှ အကုန်လုပ်တယ်။ နောက်ဆုံးဓားပြအဖွဲ့ထဲ ရောက်သွားပြီး ပိုဆိုးသွားတယ်။ ကန်တတ်တဲ့မြင်းကို ချိုတပ်ပေးလိုက်သလို ဖြစ်သွားတတ်တာပေါ့။ နောက်ဆုံး သူတို့အဖွဲ့တွေဟာ စစ်တပ်ရဲ့ဖမ်းဆီးခြင်းကိုခံလိုက်ရတယ်။

အမှုကိုစစ်ဆေးပြီးတဲ့အခါ အားလုံးသေဒဏ်အချခံရတယ်။ သုသာန်ရောက်တဲ့အခါ ဒီခိုးသားငါးရာကို သတ်ပေးမယ့်အာဏာသားက မရှိဘူးဖြစ်နေတယ်။ ဒီတော့ အရာရှိတစ်ယောက်က သူတို့အဖွဲ့က ဓားပြခေါင်းဆောင်ကို အာဏာသားလုပ်ပြီး သူ့အဖွဲ့ကလူတွေကို ကိုယ်တိုင်ပြန်သတ်ပေးဖို့စည်းရုံးတယ်။ အဲဒီလိုသတ်ပေးရင် သေဘေးကလွတ်ပြီး အာဏာသားရာထူးကို ပေးမယ့်အကြောင်းလည်းပြောပြတယ်။

ဓါးပြခေါင်းဆောင်ဟာ မိုက်သာမိုက်တာ၊ မယုတ်မာဘူး။ သူ သေချင်သေပါစေ၊ အချင်းချင်းပြန်မသတ်ဘူးဆိုပြီး ဘူးခံလိုက်တယ်။ ဒါနဲ့တစ်ယောက်စီမေးသွားလိုက်တာ အရင်ဓားပြအဖွဲ့ဝင်ဟောင်း (၄၉၉) ယောက်ဟာ ဘယ်သူမှအချင်းချင်းပြန်မသတ်ကြဘူး။ တမ္ဗဒါဠ္ဌိက အလှည့်လည်းရောက်ရော လက်ခံလိုက်တယ်။ သူဟာ မိုက်ရုံတင်မကဘူး။



www.burmeseclassic.com

www.burmeseclassic.com



ယုတ်မာသူပါဖြစ်နေတာပေါ့။ သူဟာ သူ့အဖွဲ့သား (၄၉၉) ယောက်ရဲ့ ခေါင်းတွေကို သူကိုယ်တိုင် ရက်ရက်စက်စက်ဖြတ်ပြီး သတ်ပစ်လိုက်တယ်။

အဲဒီနေ့မှာပဲ အရပ်လေးမျက်နှာက ဓားပြအဖွဲ့လေးဖွဲ့ ထပ်မိလာတယ်။ အားလုံးသေဒဏ်ချည်းပဲကျတယ်။ ဒီဓားပြအယောက်နှစ်ထောင်ကိုလည်း သူပဲသတ်ခဲ့တယ်။ အဲဒီနေ့ကစပြီး သေဒဏ်ကျတဲ့လူတွေကို သတ်ပေးလာလိုက်တာ နှစ်ပေါင်းအတော်ကြာသွားတယ်။ သူ့အသက်တောင် ခြောက်ဆယ်ကျော်လို့ ခုနစ်ဆယ်နားကပ်လာတယ်။ အသက်ကြီးလာတော့ အားအင်တွေကလည်း ဆုတ်ယုတ်လာတယ်။ ရာဇဝတ်သားတွေရဲ့ခေါင်းကို ခုတ်ဖြတ်တဲ့အခါ တစ်ချက်တည်းနဲ့ မပြတ်တော့ဘူး။ နှစ်ချက်သုံးချက်ခုတ်မှ ပြတ်တော့တယ်။ ဒီတော့ ရာဇဝတ်သားတွေဟာ မချိမဆန့်ဝေဒနာကို ခံစားပြီးမှ သေကြရတာပေါ့။

ဒါကိုသိသွားတဲ့အတွက် သူ့ကို အာဃာတသားရာထူးကနေ ချလိုက်တယ်။ ခုခေတ်လိုဆိုရင်တော့ အလုပ်ထုတ်လိုက်တယ်။ ဒါမှမဟုတ် ပင်စင်ပေးလိုက်တယ်ပေါ့။ နှစ်နာကြေးအနေနဲ့ရရှိတဲ့ ခြောက်လစာလောက် ပင်စင်ငွေစတွေကိုကြည့်ပြီး သူ ဘာစဉ်းစားနေသလဲဆိုတော့ – ငါဟာ အသားကောင်းကောင်းမစားရတာကြာပြီ။ ဒီနေ့တော့ အသားမျိုးစုံဝယ်ပြီး ကောင်းကောင်းချက်စားမယ်လို့ စဉ်းစားနေတယ်။

တကယ်တော့ သူဟာ အဲ့ဒီနေ့ညမှာပဲ ဆုံးမှာပါ။ ဒါကိုမသိတော့ ကုသိုလ်လုပ်ဖို့ သတိမရဘဲ၊ ကောင်းကောင်းစားဖို့ပဲ အာရုံစိုက်နေတာပါ။ ပုထုဇဉ်အများစုဟာ ဒီအာဃာတသားကြီးလိုပဲ များပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ပုထုဇဉ်တွေဟာ –

ဘယ်အသက်အရွယ်မှာ သေရမယ်
ဘယ်အနာရောဂါနဲ့ သေရမယ်
နံနက်၊ နေ့လည်၊ ည
ဘယ်ကာလမှာ သေရမယ်
ဘယ်သုသာန်မှာ သင်္ဂြိုဟ်မယ်
ဘယ်ဘုံရောက်မယ်

ဆိုတာ အသေအချာမသိနိုင်ပါဘူး။ ရမ်းသမ်းနေကြရတာပါ။ ဒါ့ကြောင့်လည်း ရမ်းသမ်းသေကြရတာပေါ့။ တောင်သာမြို့နဲ့ တစ်ဆက်တည်း ညောင်ပင်သာရွာဆိုတာရှိတယ်။ ကျောင်းသစ်ကျောင်းစာသင်တိုက်က စာချဆရာတော်တစ်ပါးဖြစ်တဲ့ ဦးကဥ္စနဟာ အဲဒီကျောင်းမှာ ကျောင်းသွားထိုင်ရတယ်။ ဆရာတော်ဟာ မြို့စာသင်တိုက်ကြီးမှာ နေလာတာဆိုတော့ အဆင့်မြင့်မြင့်နေချင်တယ်။

ဒါ့ကြောင့် ရောက်ရောက်ခြင်း အတော်ကောင်းတဲ့နှစ်ထပ်ကျောင်းကြီးတစ်ကျောင်းကို မရှိ၊ ရှိတာစုဆောင်းပြီး ဆောက်ရှာတယ်။ ဆရာတော်ဟာ သက်တော်ငါးဆယ်ကျော်လေးပဲရှိသေးတော့ သေခြင်းတရားဟာ သူနဲ့အဝေးကြီးလို့ ထင်နေမှာပေါ့။ နှစ်ထပ်ကျောင်းကြီးလည်း ဆောက်ပြီးရော ရေစက်တောင်မချရသေးဘူး။ ဆရာတော်ဟာ အသည်းကင်ဆာနဲ့ ပျံလွန်တော်မူရှာတယ်။

ဒါ့ကြောင့် ငါ့ရှင်ကိုလည်း သတိပေးချင်တယ်။ သေခြင်းတရားဟာ ရင်ဘတ်နဲ့ ကျောလိုကပ်နေတာပါ။ သိပ်နီးကပ်ပါတယ်။ သေခြင်း



www.burmeseclassic.com

www.burmeseclassic.com



တရားဟာ အမြဲရှိနေပါတယ်။ နေခြင်းတရားကတော့ အမြဲမရှိပါဘူး။ အသည်းရှိသူတိုင်း အသည်းကင်ဆာနဲ့ သေနိုင်ကြတာချည်းပဲ။ ကဲ အာဏာသား။ တမ္ဗဒါဌိကကြီးအကြောင်းကို ဆက်ပြောပါမယ်။ အာဏာသားဟာ ဒီနေ့ညနေ သေမှာကို မသိရှာတော့ ကုသိုလ်ရဖို့စိတ်မကူးဘဲ ကောင်းကောင်းစားရဖို့ပဲ စိတ်ကူးနေတယ်။

သူစိတ်ကူးတဲ့အတိုင်းပဲ အသားတွေ၊ ငါးတွေ သွားဝယ်ပြီး ကိုယ်တိုင် ကျကျနနချက်တယ်။ အားလုံးကျက်ပြီဆိုတဲ့အခါ ထမင်းပွဲကြီးပြင်ပြီး ဝိုင်းမှာထိုင်လိုက်တယ်။ ဒီအချိန်မှာ အရှင်သာရိပုတ္တရာ မထေရ်မြတ်ဟာ အာဏာသားရဲ့ အိမ်ရှေ့မှာဆွမ်းလာရပ်တယ်။ အာဏာသားကြီးသေပြီးရင်း ငရဲကျမှာကို မြင်တော်မူလို့ ဝိပဿနာတရားဟောပေးရအောင် ကြွရောက်တော်မူတာပါ။

မထေရ်မြတ်ကိုလည်း မြင်လိုက်ရော အာဏာသားကြီးဟာ သူ့ကိုယ်သူ တော်တော်သံဝေဂရသွားတယ်။ အသက်သာခြောက်ဆယ်ကျော်လို့ ခုနစ်ဆယ်ထဲရောက်လာတယ်။ ဘာကုသိုလ်မှမရှိခဲ့ဘူး မဟုတ်လား။ ဒါကြောင့် မထေရ်မြတ်ရဲ့သပိတ်ကိုယူပြီး အိမ်ထဲဝင်လိုက်တယ်။ ပြီးတော့ သူစားဖို့ပြင်ထားတဲ့ နို့ထမင်းတွေကို မထေရ်မြတ်အား လှူလိုက်တယ်။

မထေရ်မြတ်က ဝိပဿနာတရားတစ်ပုဒ်ဟောပေးလိုက်တာ တရားအဆုံးမှာ အနုလောမဉာဏ်ထိရသွားသတဲ့။ ဓမ္မပဒအဋ္ဌကထာမှာ– သောတာပတ္တိမဂ္ဂသသြရတော အနုလောမဉာဏ်လို့ ဖွင့်ပြထားတယ်။ မထေရ်မြတ်ပြန်အကြွမှာ သူကလိုက်ပို့တယ်။ ပို့ပြီးပြန်အလာ



www.burmeseclassic.com

www.burmeseclassic.com



မှာပဲ နွားဇေ့တာခံရပြီး သေသွားရှာတယ်။ ဒါပေမယ့် တစ်ခဏတာ နာရတဲ့ ဝိပဿနာကုသိုလ်ကံကြောင့် လူသက်နဲ့ဆိုရင် (၅၇)ကုဋေနဲ့ အနှစ်(၆) သန်း အသက်ရှည်တဲ့ တုသိတာနတ်ဘုံကို ရောက်သွားတယ်။

ဒီဖြစ်ရပ်ကိုကြည့်ပြီး ပဋ္ဌာနန္တရိယကံငါးပါးမှတစ်ပါး အခြားကံတွေ ဘယ်လောက်ပင်လုပ်ခဲ့လုပ်ခဲ့၊ ဝိပဿနာတရားကိုသာ နာကြားအားထုတ်ကြပါ။ မဂ်ဖိုလ်ရပြီး အပါယ်တံခါးပိတ်စေရမယ်လို့ ရေလုပ်ငန်းသမားတွေ၊ သားသတ်သမားတွေကို တာဝန်ယူလိုက်စမ်းပါ။ ဒွိဟိတ်ဖြစ်နေလို့ မဂ်ဖိုလ်မရနိုင်ဘူးဆိုရင်တောင် ဝိပဿနာကုသိုလ်တော့ ဖြစ်မှာပဲ၊ ဒီကုသိုလ်က အခုဘဝမှာ ဒွိဟိတ်ဖြစ်နေတဲ့အတွက် မဂ်ဖိုလ်မရနိုင်ရင် နောက်ဘဝမှာ ကေန်မုချမဂ်ဖိုလ်ရစေမှာပါ။

ဒီတရားကို ရွှေတိဂုံအရှေ့မုခ်က မင်္ဂလာဈေး ဓမ္မာရုံမှာဟောတော့ ဆယ်နှစ်သားလေးတစ်ယောက်က မေးခွန်းထုတ်တယ်။ ဒီအာဏာသားကြီး နတ်ပြည်က သေတဲ့အခါ လူသတ်ခဲ့တဲ့အကုသိုလ်ကံတွေကြောင့် ငရဲကိုပြန်မကျနိုင်ဘူးလားတဲ့။ မကျနိုင်ဘူးလို့ ဖြေလိုက်တယ်။ ဘာဖြစ်လို့ မကျနိုင်တာလဲဆိုတော့ ဒီအာဏာသားကြီးဟာ နတ်ပြည်မှာ သောတာပန်တည်မှာမို့ပါ။

အင်္ဂုတ္တိုရ်ပါဠိတော် သောတာနုဂတသုတ်မှာ နတ်ပြည်မှာ သောတာပန်တည်နိုင်တဲ့ ပုဂ္ဂိုလ်လေးမျိုးကို ဟောထားတယ်။ ဘယ်သူတွေလဲဆိုတော့

(၁) တရားတော်ကို ရှိသေစွာနာကြားထားသူ

(၂) တရားတော်ကို စိတ်ဝင်စားစွာရွတ်ဖတ် သရဇ္ဈာယ်သူ



www.burmeseclassic.com

www.burmeseclassic.com



(၃) တရားတော်ကို နှလုံးသွင်း ဆင်ခြင်လေ့ရှိသူ

(၄) ဒိဋ္ဌိ (အယူမှား) ကွာအောင် ပွားများထားသူတို့ပဲ။ သူတို့ဟာ ပါရမီရှိရင် ဒီဘဝမှာတင် သောတာပန်တည်ကြမှာပါ။ ပါရမီ မရှိသေးရင်တော့ နောက်ဘဝ နတ်ပြည်မှာ သောတာပန်တည်ကြမှာပါ။ ဒါကြောင့် တရားတော်များကို နာယူဖတ်ရှုခွင့်ကြုံပြီဆိုရင် သေသေချာချာ နာယူဖတ်ရှုစေချင်ပါတယ်။ နတ်ပြည်မှာ သောတာပန်တည်ပုံကိုလည်း အဲဒီပါဠိတော်မှာ ဆက်ဟောထားတယ်။

နတ်ပြည်ရောက်ရောက်ခြင်း ချက်ခြင်း သောတာပန်တည်တာလည်းရှိတယ်။ ဒါမှမဟုတ် - တန်ခိုးကြီးတဲ့ ဓမ္မကထိကနတ်သား တစ်ပါးပါးက တရားလာဟောပေးလို့ နာယူလိုက်ရင်လည်း သောတာပန် တည်နိုင်တယ်။ ဒါမှမဟုတ် လူ့ပြည်က တန်ခိုးကြီးတဲ့ ရဟန္တာတစ်ပါး ပါးကြွလာပြီး တရားဟောရင်လည်း ချက်ခြင်းသောတာပန် တည်နိုင်တယ်။

ဒါမှမဟုတ် တရားနာယူဖူးခဲ့သူအချင်းချင်း နတ်ပြည်မှာပြန် တွေ့ပြီး တရားအကြောင်းကို ဆွေးနွေးရင်းကလည်း ချက်ခြင်းသောတာ ပန် တည်နိုင်ပြန်တယ်။

**မဂ်လေးပါးက ဝဋ်ဆင်းရဲကနေ ထုတ်ဆောင်ပုံ**

မဂ်လေးပါးက ဝဋ်ဆင်းရဲကနေ ထုတ်ဆောင်ပုံကိုလည်း ပြဦး မယ်။ သံသရာဆင်းရဲက သုံးမျိုးရှိတယ်။ အောက်သံသရာ၊ အလယ် သံသရာ၊ အထက်သံသရာတို့ပဲ။

အောက်သံသရာဆိုတာက အပါယ်လေးပါး



www.burmeseclassic.com

www.burmeseclassic.com



အလယ်သံသရာဆိုတာက လူ့ဘုံနဲ့ နတ်ဘုံ

အထက်သံသရာဆိုတာက ဗြဟ္မာ့ဘုံ (၂၀) ပဲ။

ဒီသံသရာသုံးမျိုးရောက်အောင် ဝဋ်သုံးမျိုးက ပို့ပေးနေတာ။ ဝဋ်သုံးမျိုးက ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်တို့ပဲ။ ဝဋ်ဆိုတာ လည်ခြင်းလို့ အဓိပ္ပါယ်ရတယ်။ အပါယ်လေးပါးကိုကျဖို့ အပါယ်သံသရာ လည်ဖို့အတွက် ကိလေသဝဋ်အရ သက္ကာယဒိဋ္ဌိ ကိလေသာကိုယူရ တယ်။ ရုပ်၊ နာမ်ခန္ဓာကို ငါလို့အယူစွဲမှားတာပေါ့။ အဲလို အယူမှားရင် ကမ္မဝဋ်တွေဖြစ်တာပဲ။

ကမ္မဝဋ်တွေဖြစ်တယ်ဆိုတာ – သတ်တာ၊ ဖြတ်တာ၊ လိမ် ညာခိုးဝှက်တာကိုပြောတာ။ ကိလေသဝဋ်နဲ့ ကမ္မဝဋ်ဟာ အကြောင်း ဝဋ်ပဲ။ ဒီအကြောင်းဝဋ်ကြောင့် အကျိုးဝဋ်ဖြစ်လာရတယ်။ အကျိုးဝဋ် ဖြစ်တယ်ဆိုတာ အပါယ်ကျသွားတာကိုပြောတာ။ အဲဒါ ဝိပါကဝဋ်ပဲပေါ့။ သောတာပတ္တိမဂ်ကို ရပြီဆိုတာနဲ့ သက္ကာယဒိဋ္ဌိ ကိလေသာကို အမြစ် ပြတ်ပယ်သတ်လိုက်တယ်။ ငါမရှိဘူးဆိုတာကို သေချာသိသွားတာနဲ့ ငါကောင်းစားဖို့၊ ငါ့ သားမယား ကောင်းစားဖို့ဆိုတဲ့စိတ် မရှိတော့ဘူး။

ဒါ့ကြောင့် သတ်ဖြတ် လိမ်ညာ ခိုးဝှက်ပြီး စီးပွားမရှာတော့ ဘူး။ ဒါဟာ ကမ္မဝဋ် ချုပ်သွားတာပေါ့။ အကြောင်းဝဋ်ဖြစ်တဲ့ ကိလေသ ဝဋ်နဲ့ ကမ္မဝဋ်ချုပ်မှတော့ အကျိုးဝဋ်ဖြစ်တဲ့ ဝိပါကဝဋ်မလာတော့ဘူး။ အပါယ်တံခါး ပိတ်သွားတယ်။ ပုထုဇဉ်တွေဟာ ငါစွဲကြီးလို့ အကုသိုလ် လုပ်တာ၊ အကုသိုလ်လုပ်လို့လည်း အပါယ်ကျတာ။ သောတာပန်တွေ ဟာ ငါစွဲမရှိတော့တဲ့အတွက် အကုသိုလ်မလုပ်တော့ဘူး။ အကုသိုလ်



www.burmeseclassic.com

www.burmeseclassic.com



မလုပ်တဲ့အတွက် အပါယ်မကျတာ။

သောတာပတ္တိမဂ်ကို ရလိုက်တာနဲ့ အပါယ်ဝဋ်ဆင်းရဲကို အမြစ်ပြတ်ပယ်သတ်လိုက်တယ်။ လောကီ၊ ဒါန၊ သီလ၊ သမထကုသိုလ်တွေက အပါယ်မကျအောင် ကယ်ထုတ်တယ်ဆိုတာ တစ်ဘဝ၊ နှစ်ဘဝသာပါ။ သောတာပတ္တိမဂ်ကတော့ သံသရာတစ်လျှောက်လုံး အပါယ်လေးပါးကို ဘယ်တော့မှ မကျရောက်တော့အောင် ကယ်ထုတ်လိုက်တာပါ။ အများကြီးကွာခြားပါတယ်။

ဒါပေမယ့် သောတာပန်ပုဂ္ဂိုလ်ဟာ လူ့ဘုံ၊ နတ်ပြည်(၆)ထပ်ဆိုတဲ့ ကာမသုဂတိခုနစ်ဘုံမှာတော့ အများဆုံး ခုနစ်ဘဝလောက်ကျင်လည်ဦးမှာပါ။ သကဒါဂါမိမဂ်ကို ရလိုက်ပြီဆိုရင် လူ့ဘုံ၊ နတ်ဘုံမှာ အများဆုံးတစ်ဘဝပဲ ကျင်လည်တော့တယ်။

ကာမသုဂတိခုနစ်ဘုံမှာ ဘာ့ကြောင့် ကျင်လည်ရတာလဲဆိုရင် ဝဋ်သုံးပါးကြောင့်ပဲပေါ့။ ဒီနေရာမှာ ကိလေသဝဋ်အရ ကာမတဏှာကို ယူရတယ်။ ကာမတဏှာဆိုတာ လူ့ဘုံမှာ ကာမဂုဏ်အာရုံတွေကို ခံစားချင်တဲ့ တဏှာကိုပြောတာ။ ဒီကာမတဏှာရှိနေရင် ကာမသုဂတိသို့ရောက်ကြောင်း ဒါန၊ သီလကုသိုလ်တွေကို ပြုနေမှာပဲ။ ဒါကို ကမ္မဝဋ်လို့ခေါ်တယ်။

ဒီအကြောင်း ဝဋ်နှစ်ပါးကြောင့် ဝိပါကဝဋ်လို့ခေါ်တဲ့ ကာမသုဂတိခုနစ်ဘုံကို ရောက်ရတာပဲ။ အနာဂါမိမဂ်ကို ရတယ်ဆိုရင် ကာမတဏှာကို အမြစ်ကပယ်ဖြတ်ပစ်လိုက်တယ်။ ဒီတော့ ကမ္မဝဋ်တွေချုပ် သွားတယ်။ ကိလေသဝဋ်နဲ့ ကမ္မဝဋ်ချုပ်မှတော့ ဝိပါကဝဋ်လို့ခေါ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ကာမသုဂတိခုနစ်ဘုံကို မရောက်တော့ပါဘူး။ အဲဒီလို ကာမသုဂတိ ခုနစ်ဘုံကို မရောက်တော့တာကို လယ်တီဆရာတော်ကြီးက အနတ္တ ဒီပနီကျမ်းသစ်မှာ ဒုတိယနိဗ္ဗာန်လို့ နာမည်ပေးထားတယ်။

စောစောကပြောခဲ့တဲ့ အပါယ်လေးပါးသံသရာကို ဖြတ်ပေးတဲ့ သောတာပတ္တိမဂ်ရတာကိုတော့ ပထမနိဗ္ဗာန်လို့ နာမည်တပ်ထားတယ်။ သကဒါဂါမိမဂ်ကိုလည်း ပထမနိဗ္ဗာန်ထဲမှာပဲ ထည့်ထားတယ်။ အနာဂါမ် ဟာ ဖြဟ္မာဘုံမှာ ကျင်လည်သေးတယ်။ အဲဒါ ဘာ့ကြောင့်လဲဆိုရင် ကိလေသဝဋ်အရ ဖြဟ္မာဘဝကို လိုချင်တဲ့ ဘဝတဏှာရှိနေသေးလို့ပဲ။ ဘဝတဏှာရှိနေပြီဆိုရင် ဈာန်တရားကို ရအောင်လုပ်တယ်။ အဲဒီ ဈာန် တရားက ဖြဟ္မာ့ဘုံရောက်အောင် ပို့ပေးမယ့်ကံ ဖြစ်သွားတယ်။

အဲဒီဘဝတဏှာဆိုတဲ့ ကိလေသဝဋ်နဲ့ ဈာန်တရားဆိုတဲ့ ကမ္မ ဝဋ်ကြောင့် ဖြဟ္မာဘုံမှာ သွားဖြစ်ရတဲ့ အကျိုးတရားကို ဝိပါကဝဋ်လို့ ပြောတာပဲ။ အရဟတ္တမဂ်ကိုရတဲ့အခါ ဘဝတဏှာကို အမြစ်ပြတ် ပယ်သတ်ပစ်လိုက်တယ်။ ဒီတော့ ဈာန်တရားဆိုတဲ့ ကမ္မဝဋ်လည်း ချုပ်သွားတော့တာပေါ့။ အကြောင်းဝဋ်နှစ်ပါး ချုပ်မှတော့ ဖြဟ္မာခန္ဓာ လည်း မဖြစ်တော့ဘူးပေါ့။ (၃၁)ဘုံက အပြီးလွတ်သွားတယ်။

အဲဒါကိုပဲ တတိယနိဗ္ဗာန်လို့ခေါ်တယ်။ ဒီနေရာမှာ အရေး တကြီး ပြန်မှတ်ရမှာက ဒုတိယနိဗ္ဗာန်အရ ဒါန၊ သီလဆိုတဲ့ ကမ္မဝဋ် ချုပ်လို့ ကာမသုဂတိခုနစ်ဘုံ မရောက်တော့တာဆိုတဲ့ စကားရယ်၊ တတိယနိဗ္ဗာန်အရ ဈာန်ဆိုတဲ့ ကမ္မဝဋ်ချုပ်လို့ ဖြဟ္မာဘုံမရောက်တော့ တာဆိုတဲ့ စကားရယ်ကို အကျယ်ရှင်းပြဖို့ လိုအပ်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



## ပယ်ရမည့် အရာနှင့် သိရမည့်တရား

ရှင်းမပြရင် လူ့ဘုံ နတ်ဘုံမရောက်ဖို့အတွက် ဒါနကုသိုလ်၊ သီလကုသိုလ်ကို ပယ်ရမယ်၊ ဗြဟ္မာ့ဘုံမရောက်ဖို့အတွက် ဈာန်ကုသိုလ်တွေကို ပယ်ရမယ်လို့ ထင်သွားတတ်တယ်။ ဒီနေရာမှာ ပယ်တယ်ဆိုတာ ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဈာန်ကုသိုလ်တွေကို ပယ်တာမဟုတ်ဘူး။ ဒီကုသိုလ်တွေကြောင့် လူ့ဘဝ၊ နတ်ဘဝ၊ ဗြဟ္မာဘဝဖြစ်တဲ့ တဏှာကိုသာ ပယ်သတ်ခြင်းဖြစ်တယ်လို့ သေချာသိထားသင့်ပါတယ်။

-ဆိုလိုတာက အနာဂါမ်ပုဂ္ဂိုလ်တွေဟာ ဒါနပြုတယ်၊ သီလဆောက်တည်တယ်။ ဒါပေမယ့် အဲဒီ ကုသိုလ်တွေက လူ့ဘုံ၊ နတ်ဘုံကို ပို့မပေးဘဲ၊ အထက်မဂ်၊ အထက်ဖိုလ်ကို ရဖို့အတွက် အထောက်အပံ့ဖြစ်သွားတယ်။ ထို့အတူ ရဟန္တာအရှင်မြတ်အချို့ဟာ ဈာန်အဘိညာဉ်ကို ရကြတာပဲ။ ဒါပေမယ့် သူတို့ရတဲ့ဈာန်က ဗြဟ္မာဘဝကို ပို့ပေးနိုင်စွမ်းမရှိတော့ဘူး။ ကုသိုလ်တွေလုပ်ပြီး ဘဝကျဘာဖြစ်လို့မရတာလဲလို့မေးရင် မလိုချင်လို့ မရတာလို့ပဲဖြေရမယ်။

စိတ္တသူကြွယ်ဆိုရင် အနာဂါမ်ပဲ၊ ဒါပေမယ့် သံဃိကကျောင်းကြီးတစ်ဆောင် ဆောက်လှူခဲ့တာပဲ။ အရှင်မဟာကဿပဆိုရင် ရဟန္တာပဲ၊ ဈာန်အဘိညာဉ်တွေ အကုန်ရတယ်။ ဒါပေမယ့် စိတ္တသူကြွယ်လှူတဲ့ ဒါနကုသိုလ်ဟာ လူ့ဘုံ၊ နတ်ဘုံပို့မပေးပါဘူး။ အထက်မဂ်၊ အထက်ဖိုလ်ရဖို့အတွက်ပဲ အထောက်အပံ့ဖြစ်စေတာပါ။ ထို့အတူ အရှင်မဟာကဿပတို့၊ အရှင်မောဂ္ဂလာန်တို့ ရထားတဲ့ ဈာန်အဘိညာဉ်တရားတွေဟာ ဗြဟ္မာဘုံကို ပို့မပေးပါဘူး။ ဘဝကုန်ရာ နိဗ္ဗာန်ကို ပို့ပေးမယ့်



www.burmeseclassic.com

www.burmeseclassic.com



အင်အားကိုသာ ဖြစ်စေတာပါ။

"ဥပမာပေးရရင် – လမ်းခင်းနေတဲ့လူနှစ်ယောက်ရှိတယ်။ တစ်ဦးက နေ့တွက်ရဖို့အတွက် လမ်းခင်းတာ၊ နောက်တစ်ဦးက ကုသိုလ်ရဖို့အတွက် လုပ်အားပေးအနေနဲ့ခင်းတာ၊ ညနေအလုပ်သိမ်းချိန်ရောက်ပြီဆိုတာနဲ့ ပထမလူက လုပ်ခရတယ်၊ ဒုတိယလူက မယူတဲ့အတွက် လုပ်ခမရဘူး။

အလုပ်လုပ်တာချင်းတူရက်နဲ့ တစ်ဦးက လုပ်ခရတယ်၊ တစ်ဦးက လုပ်ခမရဘူး။ ဘာကြောင့် ဒီလိုကွဲပြားရတာလဲဆိုရင် ပထမတစ်ဦးက စလုပ်စဉ်ကတည်းက နေ့တွက်ရဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လုပ်ခဲ့တာ။ ဒါ့ကြောင့် သူလိုချင်တဲ့ နေ့တွက်ကိုရတာ၊ ဒုတိယလူက စလုပ်စဉ်ကတည်းက လူတွေ လမ်းကောင်းကောင်းမှာ သွားကြရပါစေဆိုတဲ့ ရည်ရွယ်ချက်နဲ့လုပ်ခဲ့တာ။

နေ့တွက်ယူဖို့ ရည်ရွယ်ချက်မပါဘူး။ ဒါကြောင့် နေ့တွက်မရဘူး။ ဒီဥပမာအတိုင်းပဲ ပုထုဇဉ်တွေ ဒါန၊ သီလကုသိုလ်လုပ်တယ်ဆိုတာ ဘဝချမ်းသာရဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့လုပ်တာ ဒါ့ကြောင့် ဘဝကိုရတာ။ အနာဂါမ်ပုဂ္ဂိုလ်ကျတော့ ဒါန၊ သီလကုသိုလ်ကို စလုပ်စဉ်ကတည်းက ဘဝချမ်းသာကို လိုချင်လို့ လုပ်ခဲ့တာမဟုတ်ဘူး။ လောကကောင်းစားဖို့ အလှူခံချမ်းသာဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ပဲ လုပ်ခဲ့တာ။

ဒါ့ကြောင့် စလုပ်စဉ်ကတည်းက ဘဝချမ်းသာကို မလိုချင်တဲ့အတွက် ဘယ်ဘဝကိုမှ မရတာပဲ။ အနာဂါမ်ပုဂ္ဂိုလ်ရတဲ့ ဈာန်တရားက ဗြဟ္မာဘဝကို ပို့ပေးတယ်ဆိုတာ ဈာန်တရားကိုမှီပြီး ဗြဟ္မာဘဝကို



www.burmeseclassic.com

www.burmeseclassic.com



လိုချင်တဲ့ ဘဝတဏှာရှိနေလို့ပဲ။ နေ့တွက်လိုချင်လို့ လမ်းပြင်တဲ့နေ့စား အလုပ်သမားလိုပဲပေါ့။ အရှင်မောဂ္ဂလာန်တို့၊ အရှင်သာရိပုတ္တရာတို့မှာလည်း ဈာန်အဘိညာဉ်တရားတွေ ရှိနေတာပဲ။

ဒါပေမယ့် အဲဒီဈာန်တရားတွေက ဖြဟ္မာ့ဘုံကို မပို့ဘူး။ ဘာကြောင့်လဲဆိုတော့ ဗြဟ္မာဘဝကို လိုချင်တဲ့ ဘဝတဏှာမရှိတဲ့အတွက်ကြောင့်ပေါ့။ ကုသိုလ်အတွက် လမ်းပြင်တဲ့လုပ်အားပေးသမားလိုပေါ့။ အခုရှင်းပြခဲ့တာတွေဟာ မဂ်ကုသိုလ်က ဝဋ်သုံးပါးသို့မကျအောင်ဆောင်ပုံတွေပါပဲ။ မှတ်မိအောင် အကျဉ်းချုပ်ပြီးပြန်ပြောမယ်။

**မဂ်ကုသိုလ်က ဝဋ်သုံးပါးသို့ မကျအောင်ဆောင်ပုံ**

သောတာပတ္တိမဂ်ကုသိုလ်က အပယ်ဝဋ်ဆင်းရဲက လွတ်မြောက်အောင်ဆောင်တယ်။ ကာမသုဂတိခုနစ်ဘုံ (လူ့ဘုံ၊ နတ်ပြည် (၆) ထပ်) မှာ ဘဝပေါင်းမရေနိုင်၊ မတွက်နိုင်အောင် ကျင်လည်ရမယ့် ဝဋ်ဆင်းရဲကလွတ်မြောက်အောင်လည်း ဆောင်တယ်။ ဒါပေမယ့် သောတာပန်ဟာ လူ့ဘုံ၊ နတ်ဘုံမှ ခုနစ်ဘဝကျင်လည်ရမယ့် ဝဋ်ဒုက္ခတော့ကျန်သေးတယ်။

သကဒါဂါမိမဂ်ကုသိုလ်က လူ့ဘုံ၊ နတ်ဘုံမှာ ခုနစ်ဘဝကျင်လည်ရမယ့် ဝဋ်ဒုက္ခမှဆောင်ပေးတယ်။ ဒါကြောင့် သကဒါဂါမ်ဟာ လူ့ဘုံ၊ နတ်ဘုံမှာ အများဆုံး တစ်ကြိမ်ပဲဖြစ်တော့တယ်။ အနာဂါမိမဂ်က လူ့ဘုံ၊ နတ်ဘုံမှာ တစ်ကြိမ်ကျင်လည်ရမယ့်ဘဝမှ ဆောင်တယ်။ ဆိုလိုတာက အနာဂါမ်ဖြစ်လာပြီဆိုရင် လူ့ဘုံ၊ နတ်ဘုံကို တစ်ကြိမ်မှ ပြန်မလာတော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် အနာဂါမ်ဟာ ဗြဟ္မာ့ဘုံမှာ ကျင်လည်ရမယ့် ဝဋ်ဒုက္ခ ကျန်နေသေးတယ်။ အရဟတ္တမဂ်ကုသိုလ်က ဗြဟ္မာ့ဘုံမှာ ကျင်လည်ရမယ့်ဘဝက ဆောင်တယ်။ ဆိုလိုတာက ရဟန္တာဟာ (၃၁)ဘုံ ဘယ်ဘဝမှာမှ မဖြစ်တော့ဘူးလို့ ဆိုလိုတာပါပဲ။ ဒီထိအောင် ရေးခဲ့တာက ဓမ္မရဲ့အဓိပ္ပါယ်အကျယ်ပါပဲ။

ခုဆက်ဖြေရမှာက – နိဗ္ဗာန်ဟာ တရားကျင့်သူတို့ ရရှိမယ့် အကျိုးတရားဖြစ်လို့ ဓမ္မစာရင်းထဲမှာ မသွင်းသင့်ဘူးဆိုတဲ့ ငါ့ရှင်ရဲ့ အယူအဆပါပဲ။ ဒါဆိုရင် တပည့်တော်က ငါ့ရှင်ကို ပြန်မေးရုံပဲ။ ဓမ္မဆိုတာ ကုသိုလ်၊ အဓမ္မဆိုတာ အကုသိုလ် – နိဗ္ဗာန်ကို ဓမ္မလို့ ခေါ်တဲ့ ကုသိုလ်ထဲမသွင်းချင်ရင် အဓမ္မလို့ခေါ်တဲ့ အကုသိုလ်ထဲ သွင်းချင်တာလား ဆိုတာပါပဲ။

တက္ကသိုလ်မှာ မောင်နီနဲ့ မောင်ဖြူဆိုပြီး သူငယ်ချင်း နှစ်ယောက်ရှိတယ်။ မောင်နီဟာ စာမကြိုးစားဘဲ အလေလိုက်ပြီး မူးယစ်ဆေးဝါးတွေ သုံးစွဲတဲ့အတွက် ဘဝပျက်ပြီး လမ်းဘေးမှာ သူတောင်းစားဖြစ်သွားတယ်။ မောင်ဖြူကတော့ စာကိုကြိုးစားသင်ယူတဲ့ အတွက်ဒေါက်တာဘွဲ့ရသွားတယ်။

မောင်ဖြူ ကြိုးစားလို့ ရရှိတဲ့ ဒေါက်တာဘွဲ့ကို မောင်ဖြူ့ကို ပေးအပ်တာ သဘာဝကျပါတယ်။ လမ်းဘေးမှာ တောင်းစားနေတဲ့ မောင်နီကို သွားပေးလို့ ဘယ်လိုမှသဘာဝမကျပါဘူး။ ဒီဥပမာအတိုင်းပဲ၊ နိဗ္ဗာန်ဆိုတာ ကိလေသာတွေ ကုန်သွားတာကို ပြောတာပါ။ ဓမ္မကို ကျင့်ကြံအားထုတ်တဲ့အတွက် ရရှိတဲ့ဘွဲ့တံဆိပ်ပါပဲ။ ဒါကြောင့် ဓမ္မစာရင်း



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ နိဗ္ဗာန်ကို ထည့်ထားတာ သဘာဝကျပါတယ်။

အဓမ္မစာရင်းထဲမှာ နိဗ္ဗာန်ကို ထည့်ထားဖို့ဆိုတာကတော့ ဘယ်လိုမှ သဘာဝမကျပါဘူး။ ပထမမေးခွန်းရဲ့ နောက်ဆုံးအပိုဒ်က ဖောင်းတာ၊ ပိန်တာ၊ ဝင်တာ၊ ထွက်တာ၊ ရှုမှတ်နေတာကို တရားကျင့်တယ်လို့ မယူဆနိုင်ကြောင်း တင်ပြချက်ပါပဲ။ ဝင်တာ၊ ထွက်တာ၊ ရှုမှတ်နေခြင်းဖြင့် သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာသုံးပါးလုံး ဖြည့်ကျင့်ရာရောက်ကြောင်း လက်တွေ့ရှင်းပြပါမယ်။

မှတ်ခါစတော့ ထွက်လေ၊ ဝင်လေပေါ့။ သမာဓိရင့်လာတဲ့အခါကျတော့ ထွက်တယ်၊ ဝင်တယ်ဆိုတဲ့ ပညတ်တွေပျောက်သွားပြီး ထိတဲ့သဘောလေးကို စကားလုံးမပါဘဲ သိနေတယ်။ ဒီလိုသိနေတဲ့အချိန်မှာ ကာယဒုစရိုက်၊ ဝစီဒုစရိုက်တွေကလွတ်နေလို့ သီလသာသနာကို ကျင့်သုံးရာရောက်တယ်။ ထိတဲ့သဘောလေးမှာ စိတ်စိုက်ပြီး တည်ကြည်နေတာက သမာဓိသာသနာကို ကျင့်သုံးခြင်းဖြစ်တယ်။

ထိတဲ့သဘောလေးဟာ လေဝင်တိုင်း၊ ထွက်တိုင်းဖြစ်နေတာပဲ။ မဖြစ်ချင်လို့မရပါလားလို့ သိသွားတာဟာ – အနတ္တကို နားလည်သွားတာဖြစ်တဲ့အတွက် ပညာသာသနာကို ကျင့်သုံးရာရောက်တယ်။ ဖောင်းတာ၊ ပိန်တာကိုလည်း ဝင်လေ၊ ထွက်လေကို နည်းမှီပြီး အခုအတိုင်းပဲနားလည်လိုက်ပေါ့။ သစ်ပင်ပေါ်တက်တဲ့အခါ သစ်ပင်ဖျားကနေ စတက်လို့မရဘူး။ အရင်းကနေပဲ စတက်ရတာပါ။

ထို့အတူ ဝိပဿနာတရားကျင့်တဲ့အခါ ဒီလို အခြေခံကနေ စကျင့်ရတာပါ။ အခြေခံရသွားပြီဆိုတဲ့အခါကျတော့ ဉာဏ်ရင့်သွားပြီ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့အခါကျတော့ ထွက်တာ၊ ဝင်တာတွေ၊ ဖောင်းတာ၊ ပိန်တာတွေ မလိုတော့ဘူး။ သံယုတ်ပါဠိတော် မာလုကျပုတ္တသုတ်တော်ကိုကြည့်ပါ။ တစ်ခါတော့ မာလုကျပုတ္တအမည်ရှိတဲ့ ရဟန်းတစ်ပါးဟာ ဘုရားရှင်ထံမှာ တရားကျင့်နည်း တောင်းခံတယ်။

**ဘုရားရှင်ပေးတဲ့ တရားကျင့်နည်း**

''ချစ်သား မာလုကျပုတ္တ–
သင်သည် ရှေးဘဝကလည်း မမြင်ဖူးသော
ယခုဘဝတွင်လည်း မမြင်ဖူးသော
ယခုမြင်ဆဲလည်း မဟုတ်သော
အဆင်းအာရုံအပေါ်မှာ နှစ်သက်ခြင်း လောဘနဲ့
မနှစ်သက်ခြင်း ဒေါသတို့ ဖြစ်ပေါ်မလား''
''မဖြစ်ပေါ်ပါဘုရား''
''သင်သည် အဆင်းအာရုံတစ်ခုကို မြင်တွေ့ ရလျှင်
လောဘ၊ ဒေါသမဖြစ်အောင် စိတ်ကိုထိန်းသိမ်းရမည်။

(မှတ်ချက်)–အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ အတွေးအာရုံတို့တွင် အထက်ပါအတိုင်း လောဘ၊ ဒေါသ၊ မဖြစ်ဖို့ဆုံးမသည်။

လိုရင်းကတော့ အာရုံ(၆)ပါးနှင့်တွေ့တိုင်း လောဘ၊ ဒေါသ မဖြစ်အောင်နေပါလို့ ဟောကြားလိုရင်းပါပဲ။ အဲဒီအတိုင်းကျင့်လိုက်တာ ရက်အနည်းငယ်အတွင်းမှာ မာလုကျပုတ္တဟာ ရဟန္တာဖြစ်သွားတယ်။ အာနပါနထဲမှာ ဝိသုဒ္ဓိခုနစ်ပါး ပါသွားပြီ။ မဂ်ဖိုလ် ရနိုင်ပုံကို စွန်းလွန်းဆရာတော်ကြီးက ဖြေဆိုဟောကြားဖူးတယ်။



www.burmeseclassic.com

www.burmeseclassic.com



မေးသူက – နိုင်ငံကျော်လက္ခဏာဆရာကြီး ဆရာစန္ဒြပါပဲ။ ဒီအမေးအဖြေကို တပည့်တော်ရေးတဲ့ ဆရာကောင်းကိုရှာဖွေခြင်း စာအုပ်ထဲက ထုတ်ပြမယ်။

မေး။ ။ ရှေးက စာချဆရာတော်ကြီးများကသောတာပန်၊ ရဟန္တာ ဆိုတာ လွယ်တာမဟုတ်ဘူးပေါ့။ ငါတို့တော့ ဆုတောင်းရုံပဲ။ ဘာ့ကြောင့် တုန်းဆိုရင် ဝိသုဒ္ဓိခုနစ်ပါးတွင် စိတ္တဝိသုဒ္ဓိသည် စိတ်၏စင်ကြယ်ခြင်း ဖြစ်လို့ စိတ္တဝိသုဒ္ဓိဖြစ်ဖို့ အလွန်ခက်တယ်။ စိတ္တဝိသုဒ္ဓိမှာ မေထုန်ငယ် ခုနစ်ပါးမှ လွတ်ရတယ်။ ယင်းခုနစ်ပါးမှလွတ်ဖို့ရန် အလွန်ခက်တယ်ဟု အမိန့်ရှိကြပါသည်။ ထို့ကြောင့် ဝိသုဒ္ဓိခုနစ်ပါးပြည့်စုံနိုင် ပါသလားဘုရား။

ဖြေ။ ။ ကဲ – မင်းအာနာပါန အားထုတ်စမ်း။ ထိုင်၊ မျက်စိ ကိုမှိတ်၊ ထိတဲ့နေရာတွင်ပင် သိမှတ်နေ၊ ကဲ လုပ်စမ်းဟု အမိန့်ပေး သည်။ ဆရာတော်အမိန့်ရှိသည့်အတိုင်း ထိသောနေရာလေးကို သိမှတ်နေသည်။ ထိုအချိန်တွင် ဤသိမှတ်နေသော စိတ်မှတစ်ပါး အခြားစိတ်များ မလာတော့ချေ။ ထို့နောက် ငါးမိနစ်ကြာသောအခါ ဆရာတော်ကမေးသည်။

"မင်း – အခု အာနာပါနအားထုတ်တော့ ထိတဲ့နေရာသိမှတ် နေတော့ မင်းမျက်စိက ကြည့်ချင်တဲ့စိတ်ရှိသေးလား၊ နားကလည်း နားထောင်ချင်သေးလား၊ ဝမ်းထဲကရော စားချင်တဲ့စိတ်၊ သွားချင်တဲ့ စိတ်၊ လာချင်တဲ့စိတ်၊ လိုချင်တဲ့စိတ် ရှိသေးလား။ ရူပ၊ သဒ္ဒ၊ ဂန္ဓ စသော အာရုံငါးပါးအားလုံး မရှိတော့ပါ။

ကြည်မောင်စာအုပ်အဖွဲ့

www.burmeseclassic.com

www.burmeseclassic.com



ငါးပါးအာရုံ ပိတ်နေသည်။ စိတ် လုံခြုံနေသည်။ လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်တို့ မရှိတော့ပေ။ ဤကဲ့သို့ အာရုံငါးပါးမှ လုံခြုံနေခြင်းကိုပင် ဣန္ဒြိယသံဝရ သီလလုံခြုံနေသည်ဟုခေါ်၏။ ထို့ကြောင့် စိတ္တဝိသုဒ္ဓိပင်ဖြစ်သည်။ ဤသို့ဆက်လက်ကြိုးစားသွားလျှင် ဝိသုဒ္ဓိခုနစ်ပါးလုံး ကြိုးစားရာရောက်ပြီး မဂ်ဖိုလ်သို့ ရောက်နိုင်သည်''

ဒီလောက်ဆိုရင် ပထမမေးခွန်းရဲ့အဖြေဟာ လုံလောက်ပါပြီ ငါ့ရှင်။

**မေးခွန်း(၂)**

ဗုဒ္ဓဘာသာမှာ သီလဟာ အရေးကြီးပါတယ်ဘုရား။ သီလထဲမှာလည်း ငါးပါးသီလဟာ လူတိုင်းစောင့်ထိန်းရမယ့်သီလ။ လူတိုင်းခါးဝတ်ပုဆိုးလိုမြဲရမယ့် သီလလို့ နားလည်ပါတယ်ဘုရား။ အဲဒီ ငါးပါးသီလထဲမှာ နံပါတ်တစ်ဖြစ်တဲ့ ပါဏာတိပါတဟာ (သူ့အသက်မသတ်ရ) လို့ သတ်မှတ်ထားပါတယ်။

ဘယ်သူ့အသက်လို့ သတ်မှတ်တာ မတွေ့ရဘဲ သတ္တဝါအားလုံး ရဲ့အသက်လို့ နားလည်ကြပါတယ်ဘုရား။ ပါဏာတိပါတအရ သတ္တဝါအားလုံးရဲ့ အသက်ဟုဆိုခဲ့လျှင် လူသားတစ်ယောက်ဟာ စိတ်ပါ၍ဖြစ်စေ၊ စိတ်မပါဘဲဖြစ်စေ ဘယ်လိုသတ္တဝါမှ မသတ်ဘဲ ရပ်တည်ရှင်သန်လို့ ရပါမည်လား ဘုရား။

ဆိုကြပါစို့ . . . လူသားတွေအသက်ရှင် ရပ်တည်ဖို့စားစရာဖြစ်တဲ့ ဆန်၊ စပါး၊ ဂျုံ၊ ပြောင်း စတာတွေကို စိုက်ပျိုးတဲ့အခါ အပင်တွေ ရှင်သန်ကြီးထွားဖို့ ပိုးသတ်ဆေးတွေ သုံးရပါတယ်။ ဆီရဖို့ နှမ်း၊



www.burmeseclassic.com

www.burmeseclassic.com



မြေပဲစိုက်ရာမှာလည်း ပိုးမဖျက်ဆီးနိုင်အောင် ပိုးသတ်ဆေးတွေ သုံးရပါတယ်။ လူသားတွေ သွေးလွန်တုတ်ကွေးစတဲ့ ရောဂါတွေမဖြစ်ဖို့ ခြင်သတ်ဆေးတွေနဲ့ ခြင်တွေကို သတ်ကြရပါတယ်။ ကြက်၊ ငှက်တုတ်ကွေးရောဂါတွေ လူသားတွေထံ မကူးစက်စေဖို့ ကြက်တွေကို သတ်ကြရပါတယ်။

လူမှာ ရောဂါရလာတဲ့အခါ ဒီရောဂါပိုးတွေသေအောင် ဆေးဝါးတွေမှီဝဲကြရပါတယ်။ ငှက်ဖျားရောဂါဖြစ်တဲ့အခါ ငှက်ဖျားပိုးကို သတ်ကြရပါတယ်။ အဲဒါတွေက ပါဏာတိပါတမှာ အကျုံးဝင်ပါသလား။ သီလပျက်ပါသလား။ အဲဒါတွေကို သီလပျက်တယ်ဆိုရင် ဘယ်သူလုံခြုံနိုင်မှာလဲ၊ ဘယ်သူတွေ စောင့်ထိန်းနိုင်မှာလဲဘုရား။ ကိုယ်မလုပ်ဖို့ အဓိက၊ သူများလုပ်တာ ငါတို့နဲ့မဆိုင်ဘူး – လူတွေ သွေးလွန်တုတ်ကွေးရောဂါ ကင်းဝေးအောင် ခြင်တွေကို သတ်ပေးတာ သတ်တဲ့သူခံလိမ့်မယ်။ တို့နဲ့မဆိုင်လို့ လုပ်နေတဲ့သူတွေကိုရော လူကောင်းလို့ သတ်မှတ်ပြီး ချီးကျူးရမှာလားဘုရား။ ဒီသီလတွေဟာ ဘုရားမပွင့်ခင်ကတည်းက ရှိနေတာလို့လည်း သိရပါတယ်။

မြတ်စွာဘုရားကတော့ သူ့ရဲ့အဖွဲ့အစည်းဖြစ်တဲ့ သံဃာအဖွဲ့အစည်းအတွက် သတ်မှတ်တဲ့ စည်းကမ်းတွေမှာတော့ လူ့အသက်မသတ်ရလို့ သတ်မှတ်ပြီး လူ့အသက်ကိုသတ်ရင် အဖွဲ့အစည်းကနေ ထုတ်ပယ်ပြီး နောက်ထပ် သံဃာ့အဖွဲ့အစည်းထဲကို ဝင်ခွင့်မပြုတဲ့အထိ တတိယမြောက်စည်းကမ်း၊ အပြစ်အကြီးဆုံးစည်းကမ်းအဖြစ်နဲ့ သတ်မှတ်ခဲ့ပြီး တိရစ္ဆာန်ရဲ့အသက်ကို သတ်ခဲ့ရင်တော့ သေးမွှားတဲ့



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်နဲ့ လူနဲ့တိရစ္ဆာန်ကိုခွဲခြားထားတာကို တွေ့ရပါတယ်ဘုရား။

လူသားတွေကျင့်ရမယ့် လူ့ကျင့်ဝတ်စည်းကမ်းကျတော့ ပါဏာတိပါတအရ သတ္တဝါအားလုံးယူတာကို သဘောမကျဖြစ်မိပါတယ်။ လူသားတွေလိုက်ကျင့်ကြံနိုင်တဲ့ အရာသာဖြစ်ရပါမယ်။ ပါဏာတိပါတအရ ပိုးမွှားတိရစ္ဆာန်ကအစ မသတ်ရ၊ သတ်ရင် သီလပျက်တယ်ဆိုလျှင် ဘယ်သူမှ သီလကိုထိန်းနိုင်မည်မဟုတ်ဟု ယူဆမိပါတယ်။ ရဟန်းတွေက သူ့အသက်မသတ်ဖို့ ဘယ်လောက်ဟော ဟော၊ လူတွေကဘယ်လောက်သီလယူယူ၊ ဘယ်လောက်ကြိုးကျယ်တဲ့ အကျိုးတွေပြပြ၊ လူသားဘဝ ရပ်တည်ရှင်သန်ဖို့ သတ္တဝါတွေကို သတ်နေရတာရှိပါတယ်။ လူသားတွေစားသောက်ဖို့ အစားအစာမှာလည်း ပိုးတွေသတ်နေကြရပါတယ်။ လူတွေ ရောဂါဘယတွေ မရောက်ဖို့ ကြွက်တွေ၊ ခြင်တွေစတဲ့သတ္တဝါတွေကို သတ်ဖြတ်နေကြရတယ်။

လူတွေမှာ ရောဂါတွေရပြန်တော့ ရောဂါပိုးတွေကို သတ်ရပြန်ပါတယ်။ အဲဒါတွေဟာ သီလကျိုးတယ်ဆိုရင် သီလလုံသူရှိပါဦးမလား။ လူတွေလိုက်နာဖို့ သတ်မှတ်ထားတဲ့ လူသီလဟာ လူတွေ မကျင့်နိုင်တဲ့ စည်းကမ်းတွေဖြစ်နေမလား။ စပါးပင်တွေကို ပိုးသတ်ဆေးဖြန်းတဲ့အခါမှာ ပိုးတွေကို သေစေချင်တဲ့စိတ်အဓိကမဟုတ်ဘဲ၊ လူတွေ စားသုံးဖို့ဆိုတဲ့စိတ်နဲ့ လုပ်တာ၊ လူတွေ ရောဂါဘယကင်းဖို့ဆိုတဲ့စိတ်နဲ့ ခြင်တွေကိုသတ်တာ။

လူနာတွေငြိမ်းချမ်းဖို့ ရောဂါပိုးတွေသတ်ပေးနေရတဲ့ ဆရာဝန်



www.burmeseclassic.com

www.burmeseclassic.com



တွေလည်း အကုသိုလ်တွေပဲလား။ ဘုရား၊ ဘုရားက ရဟန်းတွေအတွက်ကိုတော့ လူနဲ့တိရစ္ဆာန်သတ်ဖြတ်မှုမှာ အကျိုးသက်ရောက်မှုအများကြီးခွဲခြားခဲ့ပါရက်နဲ့ ဒီနေ့လူတွေအတွက်ကျတော့ ပါဏာတိပါတအရာသတ္တဝါအားလုံး တန်းတူသတ်မှတ်တာကို လူသားတွေမလိုက်နာနိုင်ကြတာ။ လက်ရှိလူ့ဘဝရပ်တည်မှုနှင့် အံဝင်ခွင်ကျမဖြစ်တာကို မြင်နေရပါသည်။

ယနေ့ ကမ္ဘာတဝှမ်းလုံးမှာလည်း လူ့အသက်သတ်မှုဥပဒေနှင့် တိရစ္ဆာန်သတ်ဖြတ်မှုဥပဒေဟာ ကွာခြားလှပါတယ်။ လူတစ်ယောက်ငှက်ဖျားရောဂါရလို့ အဲဒီငှက်ဖျားပိုးကိုသတ်ရင် ပါဏာတိပါတကံထိုက်တယ်ဆိုပြီး ငှက်ဖျားပိုးကို မသတ်ရဘူးလားဘုရား။ ငှက်ဖျားပိုးနဲ့လူသား၊ လောကအတွက် ဓမ္မအတွက် တန်ဖိုးချင်း တူပါသလားဘုရား။ သို့ပါ၍ လူသားတွေနှင့် အံဝင်ခွင်ကျလည်းဖြစ်အောင် လူမျိုးမရွေး၊ ဘာသာမရွေး လူ့အသိအမြင်ရှိသူတိုင်း ဘယ်သူမှ ငြင်းမရနိုင်တဲ့ ကိုယ်တွေ့လက်တွေ့ အမြင်များဖြင့် အတ္တမာနကင်းရှင်းစွာ ဖြေဆိုပေးပါရန် ရိုသေစွာလျှောက်ထားအပ်ပါသည်ဘုရား။ လူသားဘဝရပ်တည်မှုအတွက် ဟောပြောပြသနေတဲ့ ဆရာတော်တစ်ပါးအနေဖြင့် လူသားဘဝရပ်တည်မှုနှင့် အဓိကချိန်ဆပြီး သဘာဝကျကျ၊ စာပေကို ရှေ့တန်းမတင်ဘဲ ညွှန်ပြပေးစေလိုပါတယ်ဘုရား။

အဖြေ(၂)

ပါဏာတိပါတကံထိုက်ဖို့အတွက် အင်္ဂါငါးချက်လိုအပ်ကြောင်းခုဒ္ဒကပါဠိ အဋ္ဌကထာမှာ ဖွင့်ပြထားပါတယ်။ အဲဒါတွေက



www.burmeseclassic.com

www.burmeseclassic.com



(၁) သတ္တဝါတစ်မျိုးမျိုးဖြစ်ခြင်း
(၂) သတ္တဝါမှန်းသိခြင်း
(၃) သေစေလိုသော စေတနာဆိုးရှိခြင်း
(၄) ကိုယ်တိုင်သတ်ခြင်း၊
သူတစ်ပါးကို သတ်ခိုင်းခြင်း
(၅) ထိုသတ္တဝါသေသွားခြင်း။

တို့ပါပဲ။ အဲဒီအင်္ဂါငါးချက်ထဲမှာ ၁၊ ၂၊ ၄၊ ၅ အင်္ဂါတွေ ညီနေပေမယ့် နံပါတ် (၃) အင်္ဂါမပါတာနဲ့ အပြစ်က လွတ်သွားပါတယ်။ သေစေလိုတဲ့စေတနာဆိုးမပါတဲ့အတွက် ဆရာဝန်တွေ ဆေးကုတာဟာ ဘယ်လိုမှ အပြစ်မရှိနိုင်ပါဘူး။ စပါးပင်တွေ၊ ဂျုပ်ပင်တွေ ပိုးမကျအောင်ဆေးဖြန်းတဲ့အခါမှာလည်း ပိုးတွေကို အသေဆိုးနဲ့သေစေလိုတဲ့ စေတနာဆိုးကြီး မဖြစ်ပေါ်စေဘဲ၊ တိုင်းသူပြည်သားတွေ ဆန်ရေစပါးပေါ်များစွာ သုံးဆောင်နိုင်ကြပါစေဆိုတဲ့ စေတနာကောင်းလေးထားလိုက်ရင် အပြစ်မဖြစ်နိုင်ပါဘူး။

တစ်ခါတစ်ရံ ဒေါသစိတ်လေးပါသွားလို့ အပြစ်ဖြစ်ရင်တောင် အသေးစားပေါ့ပေါ့ပါးပါးလောက်သာ ဖြစ်မှာပါ။ ဒီအကုသိုလ်လောက်ကတော့ ဒါန၊ သီလ၊ ဘာဝနာဆိုတဲ့ လောကီကုသိုလ်တွေ များများဖိလုပ်လိုက်ရင် ခေါင်းမပြူနိုင်တော့ပါဘူး။ ဒီအချက်ကို အထောက်အထားနဲ့ ပြောပါ့မယ်။ မြန်မာမှာ အနော်ရထာ၊ သီရိလင်္ကာမှာ ဒုဋ္ဌဂါမဏိ ဆိုတာ ဗုဒ္ဓဘာသာတိုင်းနီးပါး သိကြပါတယ်။

သီရိလင်္ကာနိုင်ငံရဲ့ ဗုဒ္ဓဘာသာကို ဖျက်ဆီးခဲ့တဲ့ ကျေးလူမျိုး



www.burmeseclassic.com

www.burmeseclassic.com



ပေါင်းနှစ်သိန်းကျော်ကို ဒုဋ္ဌဂါမဏိမင်းကြီးဟာ တိုက်ခိုက်သတ်ဖြတ်ခဲ့ရတယ်။ လူတွေကိုသတ်တဲ့ ပါဏာတိပါတကံဖြစ်တဲ့အတွက် တိရစ္ဆာန်သတ်တာထက် အပြစ်ကြီးတာကတော့ အမှန်ပဲ။ သူဘုရင်ဖြစ်တဲ့အချိန်ကျတော့ ဒီအကြောင်းတွေးပြီး စိတ်မကောင်းဖြစ်တယ်။

ဘယ်လောက်ပဲ စိတ်မကောင်းဖြစ်သွားသလဲဆိုရင် စားမဝင်အိပ်မပျော်တဲ့အထိ ဖြစ်သွားတယ်။ ဒုဋ္ဌဂါမဏိမင်းကြီး အိပ်ရာပေါ်မှာ တပိန်ပိန်တလိမ်လိမ်နဲ့ ဖြစ်နေချိန်မှာပဲ ပိယင်္ဂုကျွန်းမှာ သီတင်းသုံးတော်မူတဲ့ ရဟန္တာရှစ်ပါးကြွလာပြီး အောက်ပါသြဝါဒနှစ်ဂါထာကို ဟောကြားပေးလိုက်တာ ဒုဋ္ဌဂါမဏိမင်းကြီး စိတ်ချမ်းသာသွားပြီး၊ သာသနာပြုလုပ်ငန်းတွေကို ထိရောက်အောင်လုပ်နိုင်သွားတယ်။ ရဟန္တာရှစ်ပါးဟောပေးခဲ့တဲ့ ပထမဂါထာက–

**သဂ္ဂ မဂ္ဂန္တရာ၊ ယောစ။**

**နတ္ထိတေ တေန ကမ္ပုနာ။**

**ဒိယမု မနုဇာ ဝေတ္ထ၊**

**ယာတိတာ မနုဇာဒိပ – တဲ့။**

အဓိပ္ပါယ်က–

အို – ဒုဋ္ဌဂါမဏိမင်းကြီး သင်သည် သာသနာတော်အတွက် မိစ္ဆာကျေးလူမျိုးများကို နှစ်သိန်းကျော်အောင် တိုက်ခိုက်သတ်ဖြတ်ခဲ့သည်မှာ မှန်၏။ သို့သော် ထိုအကုသိုလ်ကံသည် နတ်ပြည်၏ အန္တရာယ်၊

မြည်းဘော်ငင်းသားအပ

www.burmeseclassic.com

www.burmeseclassic.com



မဂ်ဖိုလ်၏အန္တရာယ်ကို မပြုနိုင်ပေ။

(ဒါန၊ သီလ၊ သမထကုသိုလ်တို့ကို အားထုတ်မည်ဆိုလျှင် နတ်ပြည်ကိုလည်း ရောက်နိုင်သည်။ ဝိပဿနာကို နာကြားအားထုတ်မည်ဆိုလျှင် မဂ်ဖိုလ်ကိုလည်း ရနိုင်သည်) အဘယ့်ကြောင့်ဆိုသော် အပေါ်ယံအားဖြင့်ကြည့်လျှင် သင်သည် လူပေါင်းနှစ်သိန်းကျော်ကို သတ်ဖြတ်ခဲ့သည်မှာမှန်၏။

သို့သော် နက်နဲစွာ စစ်ကြည့်လိုက်သောအခါ သင်သည် လူတစ်ယောက်နဲ့တစ်ခြမ်းကိုသာ သတ်ခဲ့ရာရောက်၏။

* * *

**လူတစ်ယောက်နှင့် လူတစ်ခြမ်း**

**သရဏဂေါသုဒ္ဓိတော ဧကော၊**

**ပဉ္စသီလေ ဝိတာပရော။**

**မိစ္ဆာဒိဋ္ဌိစ ဒုဿီလာ။**

**သေသာပသု သမာ မတာ။**

ထိုသေလေသော လူနှစ်သိန်းကျော်တို့တွင် သရဏဂုံတည်သူ တစ်ယောက် ရောနှောပြီး အသတ်ခံလိုက်ရ၏။ ထိုသူကား သရဏဂုံသာ တည်ပြီး ငါးပါးသီလမရှိသည့်အတွက် လူတစ်ခြမ်းတည်း။ သရဏဂုံ တည်၊ ငါးပါးသီလလည်း မြဲသူတစ်ယောက်လည်း ရောနှောပြီးအသတ်ခံ လိုက်ရ၏။ ထိုသူကား လူတစ်ယောက်တည်း။ ထိုနှစ်ယောက်တို့မှ တစ်ပါး ကျန်ပုဂ္ဂိုလ်များသည် အယူမှားသူ၊ အကျင့်မှားသူများသာဖြစ်၍ တိရစ္ဆာန်နှင့်သာ တူကြကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီညြဝါဒလည်း နားထောင်လိုက်ရရော ဒုဋ္ဌဂါမဏိမင်းကြီး ချက်ခြင်းနေကောင်းသွားတယ်။ သာသနာပြုလုပ်ငန်းတွေကိုလည်း ဘဝဆုံးချိန်ထိ တရစပ်လုပ်သွားတယ်။ ဒါကြောင့်လည်း သေသောအခါ လူသက်နဲ့ဆိုရင် (၅၇)ကုဋေနဲ့ အနှစ်ခြောက်သန်း အသက်ရှည်တဲ့ တုသိတာနတ်ဘုံကို ရောက်ခဲ့ရတယ်။

ဒုဋ္ဌဂါမဏိမင်းဟာ ကျေးလူမျိုးပေါင်းနှစ်သိန်းကျော်ကို သတ်ဖြတ်ခဲ့ပါလျက် ဘာကြောင့်အပါယ်မကျရသလဲဆိုတာ ဆန်းစစ်ကြည့်သင့်တယ်။ ပထမအချက်က သူဟာ ကျေးလူမျိုးတွေကို သတ်ခဲ့ရတာမှန်သော်လည်း သေစေလိုတဲ့စေတနာဆိုးကြီး ပြင်းပြင်းထန်ထန် မပါတာ သေချာပါတယ်။ သူ့ရည်ရွယ်ချက်က သီရိလင်္ကာနိုင်ငံမှာ ဗုဒ္ဓ သာသနာ ပြန်လည်ထွန်းလင်းစေချင်တယ်။

ဒုတိယအချက်က သူဟာ မင်းဖြစ်တဲ့အခါမှာလည်း မင်းစည်းစိမ်ခံစားရပြီး အချိန်မဖြုန်းဘဲ ဒါန၊ သီလ၊ ဘာဝနာကုသိုလ်တွေကို နောက်ဆုံးအချိန်ထိ ပြုလုပ်ခဲ့တယ်။ ဒါ့ကြောင့် အပါယ်မကျတာလို့ သုံးသပ်နိုင်ပါတယ်။ ဒီအချက်ကိုကြည့်ပြီး လယ်သမား၊ ယာသမားတွေဟာလည်း ဆေးဖြန်းရတဲ့အခါ သေစေလိုတဲ့စေတနာဆိုးကြီး အဖြစ်မခံဘဲ အသီးအနှံတွေဖွံ့ထွားပါစေ၊ တိုင်းသူပြည်သားတွေ အာဟာရပြည့်ပြည့်ဝဝစားသုံးနိုင်ကြပါစေဆိုတဲ့ စေတနာကောင်းလေး မွေးပေးရမယ်။

နောက် တတ်နိုင်သမျှ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်များကို နောက်ဆုံးအချိန်ထိ ပြုလုပ်သွားမယ်ဆိုရင် နတ်ပြည်လောက်ကတော့



www.burmeseclassic.com

www.burmeseclassic.com



အသာလေးပါ။ လူတွေသတ်ခဲ့တဲ့ ဒုဋ္ဌဂါမဏိတောင် အပါယ်မကျရင်၊ ပိုးမွှားတိရစ္ဆာန်လောက် သတ်တဲ့ကံက ပိုလို့တောင် အပါယ်မချနိုင်ရ မှာပေါ့။ ဒါကြောင့် မဂ်ဖိုလ်မရအောင်တားတဲ့ အန္တရာယ်ငါးမျိုးထဲမှာ တိရစ္ဆာန်သတ်တဲ့ အကုသိုလ်မပါတာပေါ့။

**မဂ်တား ဖိုလ်တား အန္တရာယ်ငါးပါး**

မဂ်ဖိုလ်မရအောင်တားတဲ့ အန္တရာယ်ငါးပါးဆိုတာက –

(၁) ပဉ္စာနန္တရိယကံငါးပါးကို ကျူးလွန်ထားသူ
(၂) မှားယွင်းသော အယူဝါဒရှိသူ
(၃) သန္ဓေတည်စဉ်ကတည်းက ဉာဏ်ပညာပါမလာသူ
(၄) အရိယာကို ပြစ်မှားစော်ကားထားသူ
(၅) သိလျက်သိက္ခာပုဒ်ကို လွန်ကျူးသောရဟန်း

တို့ပါပဲ။ ဒီအချက်ကိုထောက်ပြီး တိရစ္ဆာန်ကတော့ ဘယ်လောက်ပင် သတ်မိခဲ့ သတ်မိခဲ့ အခု တရားနာ အခု သောတာပန် တည်နိုင်တာပါ။ ဓမ္မပဒမှာလာတဲ့ တံငါသည်တစ်ယောက်ကိုကြည့်ပါ။ နေ့စဉ်ငါးမျှားပြီး အသက်မွေးနေတာ ကြာလှပေါ့။ တစ်ရက်တော့ ဘုရား ရှင်က သူ ငါးဖမ်းတဲ့နေရာကြွလာပြီး တရားဟောလိုက်တာ ချက်ခြင်း သောတာပန်တည်တာပါပဲ။

ကောင်းကျိုး၊ မကောင်းကျိုးဆိုတာ စေတနာလို့ခေါ်တဲ့ကံက အကျိုးပေးတာပါ။ ဒါကြောင့် အပြစ်ရှိ၊ မရှိ၊ အကုသိုလ်ဖြစ်၊ မဖြစ်ကို ဆုံးဖြတ်တဲ့အခါတိုင်း စေတနာဆိုး ပါ၊ မပါဆိုတဲ့ အချက်နဲ့ တိုင်းတာ ရတာပါ။ ဒါကြောင့် သူတော်ကောင်း ဟုတ်မဟုတ်ဆိုတာကို အပြုအမူ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုတည်းကိုကြည့်ပြီး ဆုံးဖြတ်လို့ မရပါဘူး။ ရည်ရွယ်ချက်နဲ့ စေတနာ ကိုကြည့်ပြီး ဆုံးဖြတ်မှ အမှန်ကိုရောက်ပါတယ်။

ရောဝတီတိုင်းမှာ နာဂစ်မုန်တိုင်းကြီးမွှေလိုက်တာ လူနှစ်သိန်း ကျော်သေဆုံးပြီး၊ လူပေါင်းသိန်းနဲ့ချီပြီး အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရတာ မကြာ သေးဘူး။ ရွာလေးတစ်ရွာဟာ အဲဒီနာဂစ်ဒဏ်ကြောင့် အတော်လေး ဒုက္ခရောက်သွားကြတယ်။ အပျက်အစီးပဲရှိတယ်။ သေကြေတာတော့ သိပ်မရှိဘူး။ ဒါပေမယ့် ရေထဲမျောပါသွားတဲ့အတွက် စားစရာသောက် စရာကတော့ ဘာမှမရှိတော့ဘူး။ ဒီအချိန်မှာ ရေလုပ်သားလေး တစ်ယောက်က ရွာသူရွာသားတွေ ဘာမှစားစရာမရှိတာကိုသိတဲ့ အတွက် တတ်နိုင်သမျှ ကူညီချင်တယ်။

ဒါ့ကြောင့် မြစ်ထဲထွက်ပြီး ကွန်ပစ် ငါးဖမ်းတယ်။ ရရှိလာ တာတွေကို အိမ်တိုင်းစေ့ လိုက်ဝေပေးတယ်။ တကယ်ဆိုရင် အခုလို စားစရာ မရှိတဲ့အချိန်မှာ ဒီငါးတွေကို ဈေးတင်ရောင်းရင် မဖြစ်မနေ ဝယ်ကြမယ်ဆိုတာကို ဒီရေလုပ်သားလေးသိပါတယ်။ ဒါပေမယ့် ငွေကို မယူဘဲ ကုသိုလ်ပဲယူလိုက်တယ်။ ဒါဟာ ပညာရှိတာပါ။

ငွေဆိုတာ လူ့ဘုံတစ်ဘုံသာ သုံးစွဲလို့ရတာ။ အခြားဘယ်ဘုံမှ သုံးစွဲလို့မရဘူး။ ကုသိုလ်တရားကတော့ (၃၁)ဘုံ အကုန်လုံးသုံးလို့ရ တယ်ဆိုတာကို ဒီ ရေလုပ်သားလေးသိတယ်။ ဒါ့ကြောင့် ပညာရှိလို့ ပြောတာ။ ဘီအေ၊ အမ်အေ၊ ပီအိတ်ချ်ဒီဘွဲ့တွေ ရပေမယ့် ဒီအတွေး အခေါ်မျိုးက ရှိချင်မှရှိတာ။ ဒါ့ကြောင့် ဒီဘွဲ့တွေသာ ယူထားပြီး မလုပ်ရက်၊ မတန်းရက်တဲ့ ပုဂ္ဂိုလ်တွေကို တွေ့နေရတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဒီရွာထဲမှာ ဆန်ဆိုင်ကြီးကတော့ အသိမ်းအဆည်းကောင်းလို့ ဘာမှပျက်စီးမှုမရှိဘူး။ ရွာသူရွာသားတွေဟာ ဟင်းအတွက် စားစရာငါး ရလာပြီဆိုတော့ ထမင်းအတွက်၊ ဆန်ရဖို့ အတွက် ဆန်ဆိုင်ပိုင်ရှင်ထံမှ တစ်နပ်စာ၊ နှစ်နပ်စာလောက် ထောက်ပံ့ဖို့ အကူအညီတောင်းကြတယ်။ ဆန်ဆိုင်ပိုင်ရှင်ဟာ တစ်နပ်စာမှ မထောက်ပံ့တဲ့အပြင် ရှစ်ရာလောက် သာတန်တဲ့ ဆန်တစ်ပြည်ကို ရှစ်ထောင်ကျပ် တင်ပြီးရောင်းလိုက်တယ်။

တခြားဘယ်မှာမှ ဝယ်စားစရာမရှိတော့ ရွာသားတွေက မရှိမဲ့ ရှိမဲ့ငွေလေးထုတ်ပြီး ဝယ်ကြရတော့တာပေါ့။ ဒီတကယ့်ဖြစ်ရပ်လေးကို သုံးသပ်ကြည့်ရင် အပေါ်ယံအနေနဲ့တော့ ရေလုပ်သားလေးဟာ သူ တစ်ပါးအသက်သတ်ပြီး အသက်မွေးရလို့ မသူတော်ပေါ့။ ဆန်ဆိုင် ပိုင်ရှင်ကတော့ ဆန်ကိုသာ ရောင်းဝယ်တာဖြစ်လို့ သူတော်ကောင်းပေါ့။

ဒါပေမယ့် သူ့တို့ရဲ့ ရည်ရွယ်ချက်နဲ့စေတနာကို ကြည့်လိုက် တော့ ဆန်ဆိုင်ပိုင်ရှင်က မသူတော်ဖြစ်ပြီး တံငါသည်က သူတော် ကောင်းဖြစ်နေတယ်။ ဒီလိုစိတ်ထားမျိုးရှိချိန်မှာသာ သေရင် ဆန်ဆိုင် ပိုင်ရှင်က ငရဲကျပြီး၊ တံငါသည်လေးက နတ်ပြည် ရောက်မှာပါ။ ဘာ့ကြောင့်လဲဆိုရင် ဆန်သည်က ရွာသူရွာသားတွေအပေါ်မှာ မေတ္တာ စေတနာ တစ်စက်မှမထားဘဲကိုး။

မတရားသဖြင့် အမြတ်ကြီးစားဖို့အချက်ကသာ သူ့စိတ်ကို လွှမ်းမိုးနေတယ်။ တံငါသည်လေးကတော့ ဘဝပေးအခြေအနေအရ ငါးဖမ်းနေရပေမယ့် လူသားတွေကို ကူညီချင်တဲ့ မေတ္တာစေတနာ သူ့မှာ အပြည့်ရှိနေတယ်။ ဒီစိတ်ထားမျိုးရှိလို့လည်း ရွာသားတွေ ဒုက္ခရောက်



www.burmeseclassic.com

www.burmeseclassic.com



ချိန်မှာ ငါးကို စျေးတင်ရောင်းလို့ ရမှန်းသိရက်နဲ့ မရောင်းဘဲ အလကား လိုက်ပေးခဲ့တာပေါ့။

ဥပရိပဏ္ဏာသပါဠိတော်၊ မဟာကမ္မဝိဘင်္ဂသုတ်မှာ ဘုရားရှင်က ပါဏာတိပါတကံနဲ့ ပတ်သက်ပြီး အခုလို အမြင်ကျယ်ကျယ်နဲ့ ဟောထားတယ်။

သူတစ်ပါးအသက်ကို သတ်သူများ အပါယ်လေးပါးသို့ ကျရောက်သည်ဟုပြောလျှင် ငါဘုရား လက်ခံသည်။ သို့သော် သူ့အသက်ကို သတ်သူတိုင်း အပါယ်လေးပါးသို့ ကျသည်ဟုပြောလျှင် ငါဘုရား လက်မခံနိုင်။ အကြောင်းကား သူတစ်ပါးအသက်ကို သတ်သူများသည် ၂၄နာရီ အချိန်ပြည့် သတ်နိုင်သည်မဟုတ်။ ကောင်းမှုကုသိုလ် ပြုလုပ်သောအချိန် ရှိနေသောကြောင့်ပင်တည်း။

တဲ့ - အင်္ဂုတ္တိုရ်အဋ္ဌ ကထာမှာ ဖွင့်ပြထားတဲ့ ဒမိဠတံငါသည်ကို ကြည့်ပါလား။ သူဟာ သိတတ်တဲ့အချိန်ကစပြီး သေခါနီးအချိန်ထိ ဒီငါးတွေကို သတ်ဖြတ်ရောင်းစားလာခဲ့တာပဲ။ သူသေခါနီးကျတော့ ငရဲနိမိတ်တွေ ထင်လာတယ်။ ငရဲကျတော့မယ်။ အဲဒီအချိန်မှာ ရဟန်းတော်တစ်ပါးကြွလာပြီး သရဏဂုံနဲ့ သီလဆောက်တည်ပေး လိုက်တာ သေလည်းသေရော လူသက်နဲ့ဆိုရင် နှစ်ပေါင်းကိုးသန်း အသက်ရှည်တဲ့ စတုမဟာရာဇ်နတ်ဘုံ ရောက်ခဲ့တယ်မဟုတ်လား။

**သောတာပန်၏ ဂုဏ်အင်္ဂါ**

ဒါကြောင့် ဘုရားရှင်က သူတစ်ပါးအသက်ကို သတ်သူတိုင်း အပါယ်ကျတယ်ဆိုတဲ့စကားကို လက်မခံတာပေါ့။ ဓမ္မပဒမှာ မုဆိုးမယား



www.burmeseclassic.com

www.burmeseclassic.com



သောတာပန်တစ်ယောက်အကြောင်းကို ဟောထားတာရှိတယ်။ ဒီအမျိုးသမီးဟာ သောတာပန်တည်ပြီးသားပါ။ သောတာပန်တည်ရင်–

(၁) ဘုရားရတနာကို အသက်နဲ့လဲပြီး ကြည်ညိုတယ်

(၂) တရားရတနာကို အသက်နဲ့လဲပြီး ကြည်ညိုတယ်

(၃) သံဃာရတနာကို အသက်နဲ့လဲပြီး ကြည်ညိုတယ်

(၄) ငါးပါးသီလကို အသက်နဲ့လဲပြီး လုံခြုံတယ်

လို့ သံယုတ်ပါဠိတော်၊ ပထမဂိဉ္ဇကာဝသထသုတ်မှာ ဟောထားပြီးသားပါ။ ဒီသောတာပန်တည်ပြီးသား မိန်းမပျိုလေးဟာ အတိတ်ရေစက်ကြောင့် သားသတ်မုဆိုးကြီးနဲ့ ရသွားတယ်။ မုဆိုးကြီးနဲ့ နေရတယ်ဆိုတော့ မယားဝတ္တရားအတိုင်း ကျင့်ရတာပေါ့။ မုဆိုးကြီး တောပစ်ထွက်တော့မယ်ဆိုရင် ဒီအမျိုးသမီးက လေးမြားလက်နက်တွေ အသင့်ပြင်ပေးရတယ်။

ဒီလက်နက်တွေနဲ့ပဲ မုဆိုးကြီးက သားကောင်တွေကို ပစ်ခတ်သတ်နေတာပဲ။ ဒါကို သတိထားမိသွားတဲ့ ရဟန်းတွေက သောတာပန်ဆိုတာ ငါးပါးသီလလုံခြုံပါတယ်။ ဒီအမျိုးသမီးကျတော့ မလုံခြုံပါလား။ သူပြင်ဆင်ပေးတဲ့ လက်နက်တွေကြောင့် တိရစ္ဆာန်တွေသေရတာ သူ့မှာ ပါဏာတိပါတကံ မထိုက်ဘူးလားဆိုတဲ့ စောဒကမျိုး ရဟန်းလောကမှာ ပြောဆိုလာတယ်။ ဘုရားရှင်သိတော်မူတဲ့အခါ အခုလိုရှင်းပြတယ်။

**ပါဏာမှိစေ ဝဏောနဿ၊**

**ဟရေယျ ပါဏိနံ ဝိသံ။**

**နဗ္ဗ ဏံ ဝိသမနွေတိ၊**

**နတ္ထိပါပံ အကုဗ္ဗတော။**

[illegible]

www.burmeseclassic.com

www.burmeseclassic.com



"အစိပ္ပါယ်က – အနာရှိတဲ့လက်နဲ့ အဆိပ်ကိုကိုင်ရင် အဆိပ်တက်ပြီးသေမယ်။ အနာကင်းတဲ့လက်နဲ့ အဆိပ်ကိုကိုင်ရင် ဘာမှမဖြစ်ဘူး။ အဲဒီ ဥပမာအတိုင်းပဲ သေစေလိုတဲ့ စေတနာဆိုးနဲ့ လေးမြားလက်နက်တွေကိုပြင်ပေးရင်အပြစ်ရှိတယ်။ ပါဏာတိပါတကံထိုက်တယ်။ သေစေလိုတဲ့ စေတနာဆိုးမရှိရင် အိမ်ရှင်မဝတ္တရားအတိုင်း လေးမြားလက်နက်ပြင်ပေးသော်လည်း အပြစ်မရှိ။ ပါဏာတိပါတကံ မထိုက်လို့ဖြစ်တယ်။

နောက်တော့ ဘုရားရှင်ရဲ့တရားကို နာကြားရပြီး မုဆိုးကြီးရော၊ သားခုနစ်ယောက်၊ ချွေးမခုနစ်ယောက်ရော အားလုံးသောတာပန်တည်ကြပါတယ်။ မွေပဒမှာလာတဲ့ ဗိမ္ဗိသာရမင်းကြီးဟာ သောတာပန်ပါ၊ ဒါပေမယ့် မင်းတစ်ပါးရဲ့ဝတ္တရားတွေကို ထမ်းဆောင်နေပါတယ်။ ဆိုလိုတာက သေဒဏ်ကျတဲ့လူဆိုရင် သေဒဏ်ချနေရတာပါ။ အင်္ဂုတ္တိုရ်ပါဠိတော်မှာလာတဲ့ သီဟစစ်သူကြီးဆိုရင် သောတာပန်ပါ။ ဒါပေမယ့် စစ်သူကြီးတာဝန်ကို ဆက်လက်ထမ်းဆောင်နေပါတယ်။

"သောတာပန်ဘုရင်ရဲ့ သေဒဏ်ချမှတ်မှုကြောင့် ရာဇဝတ်သား အသတ်ခံရတယ်။ စစ်သူကြီးရဲ့စီမံချက်ကြောင့် စစ်တပ်က သွားတိုက်ရာမှာ သူပုန်တွေသေကြရတယ်။ ဒီဘုရင်နဲ့ ဒီစစ်သူကြီးမှာ ပါဏာတိပါတကံ မထိုက်ဘူးလားလို့မေးခဲ့ရင် သေစေလိုတဲ့ စေတနာဆိုးမပါတဲ့အတွက်ကြောင့် မထိုက်ဘူးလို့ပဲ ဖြေရမယ်။

ဒီနေရာမှာ ကိုယ်ပိုင်ဉာဏ်နဲ့ တွေးခေါ်ပြီး ယူရမှာက ဒီသုံးဦးကြောင့် သတ္တဝါတွေသေသော်လည်း ပါဏာတိပါတကံမထိုက်တာဟာ



www.burmeseclassic.com

www.burmeseclassic.com



သောတာပန်ဖြစ်တာကြောင့် မဟုတ်ဘူး။ သတ္တဝါတွေကို သေစေလိုတဲ့ စေတနာမရှိတာကြောင့်ဘဲ။ ဒါ့ကြောင့် ပုထုဇဉ်ဖြစ်သော်လည်း သေစေလိုတဲ့ စေတနာဆိုးကြီးမရှိဘဲ လောကကို ကောင်းစားစေလိုတဲ့ စေတနာကောင်းနဲ့လုပ်တာဆိုရင် အပြစ်မရှိကြောင်း ရဲရဲကြီးမှတ်နိုင်ပါတယ်။

မုဆိုးကတော်က လေးမြှားလက်နက်ပြင်ပေးတာ မယားဝတ္တရားကျေပွန်လိုတဲ့ ရည်ရွယ်ချက်ကြောင့်ပါ။ ဗိမ္ဗိသာရမင်းကြီး ရာဇဝတ်သားသူခိုးကို သေဒဏ်ချမှတ်တာ တိုင်းသူပြည်သားတွေ ချမ်းသာစွာနေစေချင်တဲ့ရည်ရွယ်ချက်ကြောင့်ပါ။ သီဟာစစ်သူကြီး တိုက်ပွဲတွေကို ညွှန်ကြားပေးနေတာဟာ တိုင်းသူပြည်သားတွေ ချမ်းသာစွာနေရဖို့ဆိုတဲ့ ရည်ရွယ်ချက်ကြောင့်ပါ။

တစ်ခုတော့ရှိတယ်။ သောတာပန်က သတ္တဝါတွေကို သေစေလိုတဲ့စေတနာဆိုးကို မရှိတော့တာ။ မဂ်ကပယ်သတ်လိုက်တာကိုး။ တကူးတကသေစေချင်တဲ့ စေတနာဆိုးကြီးကို ပယ်နေရတာမဟုတ်ဘူး။ ပုထုဇဉ်ကတော့ သတ္တဝါတွေကို သေစေချင်တဲ့စေတနာဆိုးကြီးမပေါ်အောင် သေချာဂရုစိုက်ပြီး ပယ်ရှားတတ်ဖို့ အရေးကြီးကြောင်း ဖြေကြားပေးလိုက်ပါတယ်။

မေးခွန်း (၃)

ဆရာတော်ဘုရား။ မြတ်စွာဘုရား ဝေသာလီပြည် သရက်ဖြူပင်ကျောင်း၊ ဝစ္ဆပရိဗိုဇ်ထံရောက်သွားတဲ့အခါ ဝစ္ဆပရိဗိုဇ်က ဘုရားကို လျှောက်တယ်။ "မြတ်စွာဘုရား၊ အရှင်ဘုရားဟာ အလုံးစုံကို သိမြင်



www.burmeseclassic.com

www.burmeseclassic.com



သူ၊ သွားနေနေ၊ ရပ်နေနေ၊ နိုးနေနေ၊ အချိန်မရွေးအရာအားလုံးကို သိနေသူ သဗ္ဗညုလို့ ဝန်ခံပါသလားဘုရား။ ဒီစကားဟာ အမှန်ပါလား ဘုရားလို့ လျှောက်တော့ ဘုရားက "အဲဒီစကားဟာ ငါ့ကိုမဟုတ်မမှန် စွပ်စွဲတဲ့စကားဖြစ်တယ်။ ငါဟာ အချိန်မရွေး သိစရာအားလုံးကို သိနေ တယ်လို့ ဝန်မခံဘူးလို့ ဖြေဆိုပါတယ်ဘုရား။

ဘုရားရဲ့ အရိုးသားဆုံး အရှင်းဆုံး ဖြေဆိုမှုကြောင့် အတိုင်း မသိကြည်ညိုမိပါတယ်ဘုရား။ အဲဒီလို ဘုရားကိုယ်တိုင် မိန့်ကြားချက် ရှိနေပါလျက် ဒီနေ့ဗုဒ္ဓဘာသာမှာ ဘုရားကို အရာအားလုံးကိုသိနေသူ သဗ္ဗညုလို့ သုံးနေတာကို နားမလည်နိုင်အောင် ဖြစ်မိပါတယ်ဘုရား။ ဘုရားကို သဗ္ဗညုလို့သုံးရာမှာ အရာအားလုံးကို သိတာမဟုတ်ဘဲ တရားအားလုံးကို သိတာဆိုလျှင်တော့လည်း အလွန်လိုက်ဖက်တဲ့ စကားလို့ ခံယူမိပြန်ပါတယ်ဘုရား။

ဘာသာတရားတိုင်းလိုလိုရဲ့ ဘုရားတွေဟာ တန်ခိုးရှင်တွေ ချည်းဖြစ်နေကြပါတယ်။ တပည့်တော်တို့ ဗုဒ္ဓဘုရားကိုတော့ လူသားက မွေးဖွားပြီး လူသားအကျိုးအတွက် လူတွေသိမီကျင့်ကြံနိုင်တဲ့ တရား တွေကိုပဲ ဟောကြားထားတဲ့ (လူတွေမသိနိုင်တဲ့ တရားမျိုး၊ လူတွေ မမီနိုင်တဲ့တရားမျိုး၊ လူတွေမကျင့်နိုင်တဲ့တရားမျိုး မဟောဘူး) လူသား အပီသဆုံး ဘုရားအဖြစ်နဲ့ မြင်စေချင်ပါတယ်ဘုရား။

တကယ်အမှန်ကလည်း တပည့်တော်တို့ဘုရားဟာ အဲဒီ အတိုင်း ဖြစ်တယ်လို့ (ဘယ်သူယုံယုံ၊ မယုံယုံ) တပည့်တော် ယုံနေပါ တယ်ဘုရား။ တပည့်တော်တို့ဘုရားကို လူ့အသိအမြင်၊ လူ့အစွမ်းအစ



www.burmeseclassic.com

www.burmeseclassic.com



ထက်ပိုတဲ့ အသိအမြင်အစွမ်းအစရှိတဲ့ တန်ခိုးရှင်၊ အစွမ်းအစရှင်၊ မြေလျှို၊ မိုးပျံနေတာမျိုးတွေကြောင့် ကိုးကွယ်တာမျိုးဖြစ်မှာကိုလည်း အလွန် စိုးရိမ်မိပါတယ်ဘုရား။

အဲဒီတန်ခိုးရှင်၊ အစွမ်းရှင်၊ အမြဲတန်းအရာတိုင်းကို သိနေသူ ဖြစ်လို့ ကိုးကွယ်ကြတာဆိုရင် အဲဒီကိုးကွယ်မှုဟာ မဝေဘန် မဆန်းစစ် သူတွေကတော့ အထင်ကြီးစရာလိုဖြစ်ပေမယ့် ဝေဘန်ဆန်းစစ်သူတွေ အတွက်မှာတော့ အထင်သေးစရာလို ဖြစ်သွားတတ်ပါတယ်ဘုရား၊ တပါးတခြားသော ဘာသာတွေရဲ့ တန်ခိုးရှင်ဘုရားတွေအပေါ် ကိုယ် ဘယ်လိုမြင်သလဲလို့ ကိုယ်ချင်းစာ ခံစားကြည့်နိုင်ပါတယ်ဘုရား။

**မကောင်းတာမှန်သမျှ မလုပ်နဲ့**

**ကောင်းတာမှန်သမျှ ပြုလုပ်အားထုတ်ကြ**

**စိတ်ကလေးကို ဖြူစင်အောင်ထားကြ**

ဆိုတဲ့ ရိုးသားပွင့်လင်းပြီး ရိုးစင်းလှတဲ့ အဆုံးအမ ဖော်ညွှန်း ချက်တွေကြောင့် ဘုရားကိုကြည်ညိုလေးစားကိုးကွယ်ကြတာ ဖြစ်စေချင် ပါတယ်။ အကြားအမြင်ရလို့ အရာအားလုံးသိနေလို့ ရှေ့ဖြစ်နောက်ဖြစ် တွေဟောတတ်လို့၊ ကောင်းကင်ကနေ သွားနိုင်လို့ ဒါတွေကို အထင် ကြီးပြီး ကြည်ညိုတာမျိုး လုံးဝမဖြစ်စေချင်ပါဘုရား။ မိဘချမ်းသာနေလို့ မိဘကိုချစ်ပြနေတဲ့ သားသမီးတွေလို မဖြစ်စေချင်ပါဘုရား။ မိဘရဲ့ လမ်းစဉ်၊ မိဘရဲ့အဆုံးအမ၊ မိဘရဲ့ကျင့်ကြံမှုတွေကို လေးစားလို့ မိဘကို ချစ်နေတဲ့ သားသမီးကောင်းတွေ ဖြစ်စေချင်ပါတယ်ဘုရား။

ဘုရားရဲ့ ဂုဏ်အရည်အချင်းကိုးခုထဲမှာလည်း အရာအားလုံး



www.burmeseclassic.com

www.burmeseclassic.com



ကိုသိတယ်ဆိုတာမျိုး၊ မြေလျှိုးမိုးပျံဆိုတာမျိုးတွေ မပါဘဲ လူတိုင်း သိမြင်လက်ခံနိုင်တဲ့အရည်အချင်းတွေဖြစ်ပါတယ်။ လူ့အစွမ်းအစထက် ပိုလွန်းတဲ့ တန်ခိုးရှင်ဘုရားတွေဟာ နှောင်းလူငယ်တွေအတွက် တစ်နေ့ ဒဏ္ဍာရီသူရဲကောင်းတွေလို ခံစားသွားရမှာကို စိုးရိမ်မိပါတယ်ဘုရား။

| | |
|---|---|
| **အရဟံ** | – ကိလေသာမရှိလို့ ပူဇော်မှုကို ခံယူတော်မူထိုက်တယ် |
| **သမ္မာသမ္ဗုဒ္ဓေါ** | – တရားတွေကို ကိုယ်တိုင်သိမြင်တယ် |
| **ဝိဇ္ဇာစရဏသမ္ပန္နော** | – သိတဲ့အတိုင်းကျင့်တယ် |
| **သုဂတော** | – ကောင်းတဲ့စကားကိုပြောတယ် |
| **လောကဝိဒူ** | – လောကအကြောင်း ကောင်းကောင်းသိတယ် |
| **အနုတ္တရောပုရိသ ဓမ္မသာရထိ** | – ရိုင်းစိုင်းနေတဲ့ သတ္တဝါတွေကို ယဉ်ကျေးအောင်ဆုံးမတယ် |
| **သတ္ထာဒေဝမနုဿာနံ** | – လူနတ်တို့ရဲ့ ဆရာဖြစ်တယ် |
| **ဗုဒ္ဓေါ** | – ဆင်းရဲရာဆင်းရဲကြောင်း၊ ငြိမ်းအေးရာ ငြိမ်းအေးကြောင်းတွေကိုသိတယ် |
| **ဘဂဝါ** | – ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတယ်။ |

ဒါတွေဟာ တပည့်တော်တို့ဘုရားရဲ့ လူသားအဆန်ဆုံး၊ လူသားတိုင်း (ဘုရားကိုယုံသူရော၊ မယုံသူရော) သိမြင်လက်ခံနိုင်တဲ့ အရည်အချင်းတွေ မဟုတ်ပါလားဘုရား၊ ဗုဒ္ဓဘာသာဘုရားဟာ ဘယ်သူမှမသိတဲ့ လူတွေ ငြိမ်းချမ်းစေတဲ့တရားတွေကို ဖော်ထုတ်ဟောကြားပြီးလောကကို ငြိမ်းချမ်းစေခဲ့တယ်။ လူသားကမွေးဖွားတယ်။ လူသား



www.burmeseclassic.com

www.burmeseclassic.com



ပီသစွာ ကျင့်ကြံအားထုတ်တယ်။ လူသားပီသစွာ ဘဝဇာတ်သိမ်းသွားတယ်။

ဒီလောက်ရှိရင် ဘုရားကို ကိုးကွယ်ဖို့ မလုံလောက်သေးဘူးလားဘုရား။ ဘယ်ဘာသာက ဘယ်လိုလူမျိုးပဲဖြစ်ဖြစ်၊ ဘုရားကိုရော၊ ဘုရားရဲ့တရားကိုရော လူသားတိုင်း လက်ခံနိုင်တဲ့အနေအထားမှာရှိဖို့ဟာ သိပ်အရေးပါလှတယ်လို့ ထင်ပါတယ်။ ဘုရားက စိတ်ကလေးဖြူအောင်ထားရမယ်တဲ့ ဒီစကားကို ဘယ်ဘာသာ၊ ဘယ်လူမျိုးက လက်မခံနိုင်ရှိမလဲဘုရား။

ဘုရားက လူကမွေး၊ ရဟန်းဝတ်၊ တရားရှာ၊ တရားတွေ့၊ တရားဟောပြီး လူသားပီသစွာ သေသွားတယ်။ ဘယ်ဘာသာ၊ ဘယ်လူမျိုးက မဟုတ်ဘူးလို့ ငြင်းမလဲဘုရား။ တို့ဘုရားက ဘယ်နေရာ၊ ဘယ်နိုင်ငံ၊ ဘယ်ကမ္ဘာမှာ ဘာဖြစ်နေနေ အားလုံးကိုသိနေတယ်။ ဒီစကားကို လက်ခံနိုင်သူဟာ ကမ္ဘာမှာ လူဦးရေရဲ့သုံးပုံတစ်ပုံ ရှိပါမည်လား ဘုရား။ အဲဒီစကားကို သုံးနှုန်းလို့ရော တရားတွေက မှေးမှိန်သွားမှာမို့လားဘုရား။ ဘုရားက ဂုဏ်သေးသွားမှာမို့လားဘုရား။

သို့ပါ၍ သဗ္ဗညုတ (ဘုရားဟောအရာအားလုံးကို အမြဲသိနေတယ်) ဆိုတဲ့ အမြင်ကို လူသားတိုင်း (ဘုရားကို ယုံသူရော၊ မယုံသူရော) လက်ခံနိုင်အောင် လူသားတိုင်း တပည့်တော်တို့ ဘုရားကို လေးစားကြည်ညိုလာအောင် လူသားတိုင်းက လက်ခံနိုင်အောင် သဘာဝကျကျ အရိုးရှင်းဆုံး ညွှန်ပြပေးပါရန် လျှောက်ထားအပ်ပါသည် ဘုရား။



www.burmeseclassic.com

www.burmeseclassic.com



အဖြေ (၃)

သဗ္ဗညုတဉာဏ်တော်ရဲ့ အစွမ်းသုံးပါးကို ဂန္ဓာရုံဆရာ တော် အရှင်ဇနကာဘိဝံသက အခုလို ရေးစပ်တော်မူခဲ့တယ်။

- သိရန်မှန်က၊ မကျန်ရအောင်
  လုံးဝစုံလင်၊ အကုန်မြင်
  သဗ္ဗဉ်ဉာဏ်တော်အစွမ်းတည်း။
- သိသည့်တရား၊ များအပြား၌
  ဟောထားခြယ်လှယ် နည်းသွယ်သွယ်ကို
  ခြယ်လှယ်စုံလင်၊ အကုန်မြင်
  သဗ္ဗဉ်ဉာဏ်တော်အစွမ်းတည်း။
- ကျွတ်ထိုက်ကြပေ၊ များဝေနေ၏
  ဣန္ဒြေစရိုက်၊ သူ့အကြိုက်ကို
  နှိုက်ချွတ်စုံလင်၊ အကုန်မြင်
  သဗ္ဗဉ်ဉာဏ်တော်အစွမ်းတည်း။

ဉာဏ်တော်စွမ်းပကား၊ ဤသုံးပါးဖြင့်
အများဝေနေ၊ ကျွတ်လွတ်စေဖို့
မနေမနား၊ သက်တော်အားဖြင့်
ကြီးမားလေဘိ၊ ရှစ်ဆယ်ပြည့်၌
ပရိနိဗ္ဗာန်၊ စံသည့်တိုင်အောင် သယ်ယူဆောင်၊
ဘုန်းခေါင် ငါတို့ဘုရားတည်း။



www.burmeseclassic.com

www.burmeseclassic.com



**သဗ္ဗညုတဉာဏ်တော်ရဲ့အစွမ်းသုံးပါး**

"သဗ္ဗညုတဉာဏ်တော်ရဲ့ အစွမ်းသုံးပါးအချုပ်က သိစရာမှန်သမျှ အကုန်သိတယ်၊ ကျန်သွားတယ်ဆိုတာ မရှိဘူး။ တစ်ခါအဲဒီလိုသိတာ ကြွားဖို့မဟုတ်ဘူး။ ဘယ်နေရာမှာ ဘယ်လောကီဥပမာနဲ့ ဟောရမယ်ဆိုတာကို နားလည်ဖို့ပဲ။ ဒါကို သဗ္ဗညုတဉာဏ်ရဲ့ ဒုတိယစွမ်းရည်က ပြနေတယ်။ တတိယစွမ်းရည်က ဘယ်ပုဂ္ဂိုလ်ကျရင်ဘယ်နည်းသုံးပြီး ဟောရမယ်ဆိုတာကို သေချာသိတာ၊ ငါ့ရှင်ယူဆတဲ့အတိုင်းပါပဲ၊ ဘုရားရှင်သိသမျှဟာ တရားဟောဖို့အတွက်ချည်းပါ။

"သဗ္ဗညုတဉာဏ်က အကုန်သိတယ်ဆိုတာ ဘာတွေလဲဆိုတော့ သင်္ခါရ၊ ဝိကာရ၊ လက္ခဏာ၊ နိဗ္ဗာန်၊ ပညတ် ငါးမျိုးပဲ၊ လောကမှာရှိတဲ့ သက်ရှိသက်မဲ့ အရာအားလုံးဟာ ဒီငါးချက်ထဲ အကုန်ပါတာပါပဲ။ သင်္ခါရ၊ ဝိကာရ၊ လက္ခဏာ၊ နိဗ္ဗာန် လေးချက်ထဲမှာ စိတ်၊ စေတသိတ်၊ ရုပ်၊ နိဗ္ဗာန်ဆိုတဲ့ ပရမတ်တရားလေးပါး အကုန်ပါသွားတယ်။ အကုန်သိတယ်လို့ ဆိုလိုတာပေါ့။

ပညတ်ကိုသိတယ်ဆိုတာ လောကီပညာအားလုံးကို သိတာကိုပြောတာပါ။ တစ်ခုတော့ရှိတယ်။ ဒီလိုသိတယ်ဆိုတာ အမြဲတမ်းသိနေတာမဟုတ်ဘူး။ ဆင်ခြင်မှ သိတာ၊ မဆင်ခြင်ရင် မသိဘူး။ တပည့်တော် တရားစခန်းဖွင့်တဲ့အခါ သီးသန့်တရားစစ်ချိန်လို့ မထားဘူး။ နေ့ခင်း တစ်နာရီခွဲကနေ နှစ်နာရီခွဲထိ အချိန်ဟာ အမေးအဖြေအချိန်ပေါ့။

ဒီအချိန်မှာ ယောဂီက သူနာကြားတဲ့ထဲက ရှုမှတ်တဲ့ထဲက



www.burmeseclassic.com

www.burmeseclassic.com



မသိတာ၊ မရှင်းတာတွေကို စာရွက်မှာရေးပြီး လွှတ်လပ်စွာမေးနိုင်တယ်။ သူတို့မေးတဲ့ မေးခွန်းတွေကြည့်ပြီး သူတို့ရဲ့တရားအသိမှန်အောင် ညွှန်ပြပေးရတာပေါ့။ တစ်ခါတော့ သဗ္ဗညုတဉာဏ်နဲ့ နှိုင်းယှဉ်ပြီး ဖြေမှရမယ့် မေးခွန်းတစ်ခုတက်လာတယ်။ မေးခွန်းက–

သူဟာ ဆင်ခြင်ကြည့်လိုက်တဲ့အခါတိုင်း ငါဆိုတာ မရှိ၊ ဖောက်ပြန်တဲ့သဘောတရားရုပ်နဲ့ အာရုံကိုသိတဲ့ သဘောတရား နာမ်ပဲရှိတယ်ဆိုတာ ရှင်းရှင်းလင်းလင်းကြီး သိပါတယ်တဲ့ – ဒါပေမယ့် မဆင်ခြင်ဘဲ သူလိုကိုယ်လိုနေတဲ့အခါမှာတော့ ငါသူဆိုတဲ့အသိနဲ့ စကားပြောနေရတာပဲတဲ့၊ ဒါ့ကြောင့် သူ့ရဲ့တရားအသိဟာ တကယ် အားကိုးထိုက်တဲ့ ပညာသိအစစ် ဟုတ်၊ မဟုတ် သိလိုပါတယ်တဲ့–

တပည့်တော် ဖြေလိုက်တယ်၊ ဆင်ခြင်ကြည့်လိုက်တိုင်း ဖြစ်ပျက်နေတဲ့ ရုပ်နာမ်ပဲရှိတယ်။ ငါဆိုတာ မရှိဘူးလို့ တကယ်သိနေရင် အားကိုးထိုက်တဲ့ ပညာသိဖြစ်ပါတယ်။ ပရမတ်အသိမျိုးဆိုတာ ဆင်ခြင်မှ သိတာပါ။ မဆင်ခြင်ရင် မသိပါဘူး။ ပုထုဇဉ်မဆိုထားနဲ့ သောတာပန်များတောင် ဆင်ခြင်နေမှသာ ဖြစ်ပျက်နေတဲ့ ရုပ်နာမ်ပဲလို့ သိတာပါ။

မဆင်ခြင်တဲ့အခါမှာ မသိပါဘူး။ ဝိသာခါဟာ ခုနစ်နှစ်သမီး အရွယ်ကတည်းက သောတာပန်တည်ခဲ့တာပါ။ ဒါပေမယ့် အရွယ် ရောက်တော့ အိမ်ထောင်ပြုလိုက်တာ ကလေးအယောက် နှစ်ဆယ် မွေးပါတယ်။ ငါ သောတာပန်ပဲဆိုပြီး ရုပ်နာမ်အဖြစ်အပျက်ချည်း အမြဲ တမ်းသိနေမယ်ဆိုရင် အိမ်ထောင်လည်း ပြုမှာမဟုတ်ဘူး။ ကလေး



www.burmeseclassic.com

www.burmeseclassic.com



အယောက်နှစ်ဆယ်လည်း မွေးမှာမဟုတ်ဘူး။

ဆိုလိုတာက သောတာပန်တောင် ငါဆိုတာ မရှိ၊ ဖြစ်ပျက်နေတဲ့ ရုပ်နာမ်ပဲရှိတာပါလားဆိုတဲ့ အသိကို ဆင်ခြင်ချိန်မှာသာ သိတာပါ။ မဆင်ခြင်ရင် မသိပါဘူး။ မြတ်စွာဘုရားရဲ့ သဗ္ဗညုတဉာဏ်ဟာ သိစရာအားလုံးကို အကုန်သိတယ်ဆိုတာ မှန်ပါတယ်။ သို့သော် အမြဲတမ်း မသိပါဘူး။ ဆင်ခြင်တဲ့အခါမှသာ သိတာပါ။

**အရိုးရှင်းဆုံးသာဓက**

တစ်ခါတော့ ဘုရားရှင်ဟာ ရက်ကန်းသည်များရှိတဲ့ ရွာတစ်ရွာကို ဆွမ်းခံကြွပါတယ်။ အံ့ဩစရာကောင်းတာက တစ်ရွာလုံးသာ နှံ့သွားတယ်။ ဘုရားရှင်ကို ဆွမ်းလောင်းသူတစ်ယောက်မှ မရှိတာပါဘဲ။ ဘာ့ကြောင့် ဒီလိုဖြစ်ရတယ်ဆိုတာ ရွာကအထွက်ကျမှ သိရပါတယ်။ ရွာကအထွက်မှာ မာရ်နတ်ကြီးက ဘုရားရှင်ကို သရော်လှောင်ပြောင်ပါတယ်။

ဒီရွာသွားတွေရဲ့စိတ်ကို ငါလှည့်စားထားလိုက်တာ သင် ယနေ့ ဆွမ်းမစားရတော့ဘူး မဟုတ်လားတဲ့၊ မာရ်နတ်ရဲ့လက်ချက်ပါ။ ဒီနေရာမှာ အဋ္ဌကထာဆရာက စောဒကတက်ပြပါတယ်။ သဗ္ဗညုတဉာဏ်ဟာ အလုံးစုံ သိတယ်ဆိုပြီး ဒီရွာ ဆွမ်းခံကြွရင် မာရ်နတ်လှည့်စားလို့ ငါ ဆွမ်းရမှာမဟုတ်ဘူးဆိုတာ ဘုရားရှင်က မသိဘူးလားတဲ့ – အဖြေက မသိဘူးတဲ့။

ဘာဖြစ်လို့မသိလဲဆိုတော့ မဆင်ခြင်လို့မသိတာပါတဲ့၊ သဗ္ဗ



www.burmeseclassic.com

www.burmeseclassic.com



ညာဏတဉာဏ်ဆိုသော်လည်း အမြဲတမ်းအလိုလိုသိနေတာ မဟုတ်ပါဘူး။ ဆင်ခြင်တဲ့အချိန်မှသိတာပါတဲ့။ ဒါဆိုရင် ဆွမ်းခံကြွခါနီးမှာ ဒီအကြောင်းကို မဆင်ခြင်ဘူးလားဆိုတော့ မဆင်ခြင်ဘူးတဲ့။ ဒီသဗ္ဗညုတဉာဏ်တော်ကြီး ပစ္စည်းလေးပါးရှာတဲ့နေရာမှာ အသုံးချဖို့မဟုတ်ပါဘူး။

တရားဟော၊ တရားပြတဲ့ နေရာမှာ အသုံးချဖို့ပါ။ ဝရမိန်လက်နက်ကို မှဆိုးလိုက်ဖို့ အသုံးမချသလိုပါပဲ။ ဝရမိန်လက်နက်ဆိုတာ တစ်လောကလုံးကို သိမ်းပိုက်ဖို့ အသုံးချသင့်တာ မဟုတ်လား။ ဒီသဘောအတိုင်းပါပဲ။ သဗ္ဗညုတဉာဏ်တော်ကြီးဟာ ဝေနေယျတွေ တရားရဖို့အတွက်သာ အသုံးချသင့်တာပါ။ ဒါကို ဘုရားရှင်က သိပြီးသားပါ။

ဝိပဿနာပညာ၊ မဂ်ပညာထက် ခက်ခဲတဲ့ပညာ လောကမှာ မရှိပါဘူး။ ခက်ခဲတဲ့ အသက်မွေးဝမ်းကျောင်းပညာကို ဒွိဟိတ်ပုဂ္ဂိုလ်ရော၊ တိဟိတ်ပုဂ္ဂိုလ်ရော နှစ်ဦးလုံးတတ်မြောက်နိုင်ပါတယ်။ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကျတော့ ဒွိဟိတ်ပုဂ္ဂိုလ် ဘယ်လိုမှ မရနိုင်တော့ဘူးဆိုတာ ငါ့ရှင် သိပြီးသားပါ။ ဆိုလိုတာက လောကီပညာဆိုတာ ဝိပဿနာပညာနဲ့စာလိုက်ရင် အနိမ့်ဆုံးအဆင့်မှာ ရှိတယ်လို့ ပြောချင်တာ။ သညာသိ၊ ဝိညာဉ်သိလောက်ရှိရင်ကို တတ်မြောက်နိုင်တယ်။ ဝိပဿနာပညာကျတော့ ပညာသိထိ ရှိမှရတယ်။

တောင်ပေါင်းတစ်ရာရှိတယ်။ ထား – အမြင့်ဆုံးတောင်ပေါ် ရောက်သွားရင် ကျန်တဲ့တောင်တွေထပ်တက်စရာ မလိုတော့ဘူး။ အားလုံးကိုငုံ့ကြည့်လို့ရတယ်။ ထို့အတူ အမြင့်ဆုံးမဂ်ဉာဏ်၊ သဗ္ဗညုတ



www.burmeseclassic.com

www.burmeseclassic.com



ဉာဏ်ကိုတောင် ရထားတဲ့ ဘုရားရှင်အနေနဲ့ လောကီပညာတွေကို သင်စရာမလိုတော့ဘူး။ အာရုံပြုကြည့်လိုက်တာနဲ့ အကုန်တတ်ပါတယ်။ ဒီအချက်ကို ဘာမှသံသယဝင်စရာလည်း မရှိပါဘူး။

အင်္ဂုတ္တိုရ်ပါဠိတော်မှာ နွားကျောင်းသားကျင့်စဉ်၊ ဈေးသည်ကျင့်စဉ် အကုန်ဟောထားတယ်။ အကြောင်းမဲ့ဟောတာ မဟုတ်ဘူး။ နွားကျောင်းသားကို တရားဟောတဲ့အခါ သူ့အသုံးအနှုန်းကိုယူပြီး ဟောဖို့ပါ။ ဈေးသည်ကို တရားပြတဲ့အခါ ဈေးသည်တွေနားလည်တဲ့ ဝေါဟာရနဲ့ တရားပြဖို့ပါ။ ဘုရားရှင်လို ပုဂ္ဂိုလ်ကို ပြောမနေပါနဲ့။ တောင်တွင်းကြီးက မကာရလောပ အကျော်ခင်ကြီးဖျော်ကိုပဲကြည့်ပါလား။

မ, တစ်လုံးကျေတယ်၊ မသိတာ မတတ်တာမရှိဘူး။ ဘုရင်က မယုံနိုင်ဘူးဖြစ်နေတယ်။ ငါ့ရှင်က ဘုရားကို တရားနဲ့ပတ်သက်တာ လောက်ပဲသိတယ်။ ကျန်တာတွေ မသိနိုင်ဘူးလို့ထင်တာမျိုးပေါ့။ ဒါနဲ့ ခင်ကြီးဖျော်ကျောင်းကို စစ်တုရင်ချန်ပီယံတစ်ဦးကို လွှတ်လိုက်တယ်။ ဆိုလိုတာက ရဟန်းဆိုတော့ ပိဋကတ်နဲ့ ပတ်သက်တာပဲတတ်မှာပါ။ စစ်တုရင်မတတ်လောက်ဘူးလို့ ထင်လို့ပေါ့။

တကယ်ကစားတဲ့အခါ ပထမတစ်ပွဲပဲ ဆရာတော်ရှုံးတယ်။ ရှုံးမှာပေါ့။ စစ်တုရင်ကို ခုမှမြင်ဖူးတာကိုး။ ဒါပေမယ့် နောက်ပွဲကစပြီး ချန်ပီယံကြီး ရှုံးလိုက်တာ တစ်နေကုန်ပဲ။ နောက်ဆုံး ဆရာတော်ကို ဘယ်လိုမှနိုင်အောင် မကစားနိုင်တော့ပါဘူး။ ဆရာတော်ရဲ့ စစ်တုရင် ထိုးနည်းကို ကျမ်းစာအုပ်ရေးပေးပါလို့ တောင်းပန်လို့ စစ်တုရင်ထိုးနည်း



www.burmeseclassic.com

www.burmeseclassic.com



လက်ာရှည်ကြီး ရေးပေးခဲ့ရတယ်။

နောက်တစ်ခါ ဘုန်းကြီးဆိုတော့ ဆိုင်းမတီးတတ်လောက်ပါဘူးလို့ ယူဆတဲ့အတွက် ကျောင်းဝိုင်းထဲမှာ ဆိုင်းသွားတီးခိုင်းတယ်။ ဆရာတော်တစ်ကြိမ်သွားကြည့်တာနဲ့ တတ်သွားတယ်။ အဲဒီမှာ တီးတဲ့သူတွေကို ဘယ်သူကဘယ်လိုတီး၊ ဘယ်နေရာမှာ ပတ်မကြီးတီးစသည်ဖြင့် ပြောပေးတယ်။ ဆရာတော် ပြောတဲ့အတိုင်း တီးကြည့်တဲ့အခါ အလွန်သုတိသာယာတဲ့ တီးကွက်တစ်ခု ရသွားသတဲ့။

တစ်ခါကဆိုရင် ကွန်ပစ်တဲ့တံငါသည်တစ်ယောက်ဟာ ပစ်လိုက်တိုင်း ငါးမပါတဲ့အတွက် စိတ်ပျက်ပြီး ကမ်းကိုပြန်လာတယ်။ ဒါကို လမ်းလျှောက်သွားရင်း မြင်သွားတဲ့ဆရာတော်က လှေပေါ်ကိုတက်လိုက်သွားတယ်။ ငါးအခြေအနေကိုကြည့်တယ်။ ပြီးတော့ တစ်ခါမှကွန်မပစ်ဖူးတဲ့လူကို လှေပေါ်မှာတင် ပစ်ပုံပစ်နည်းသင်ပြတယ်။ ပြီးတော့ ပစ်ခိုင်းတယ်။

ပစ်ပြီးဆွဲတင်တဲ့အခါ ငါးတွေ ပိုက်ကွန်နဲ့အပြည့်နီးပါး ပါလာတာကို တွေ့ကြရတယ်။ မျက်မြင်သက်သေတွေကိုပြပြီးမှ ငါးတွေကို ပြန်လွှတ်လိုက်တယ်။ တစ်ခါကဖြစ်ရပ်ကတော့ ပိုတောင်အံ့သြစရာကောင်းတယ်။ ထင်းရောင်းစားတဲ့ လင်မယားနှစ်ယောက်ရှိတယ်။ တစ်ခါတော့ အိမ်ဝိုင်းထဲပုံထားတဲ့ ထင်းပုံကြီးဘေးမှာ ဖျာခင်းအိပ်ရင်း အိပ်မက်မက်တယ်။ အိပ်မက်ထဲမှာ ဝတ်ဖြူစင်ကြယ်နဲ့ လူတစ်ယောက်က အသုခ်လို့ပြောပြီး ပျောက်သွားတယ်။

ထင်းသည်ယောကျ်ားဟာ ဒီအကြောင်းကို ပညာရှိအမည်ခံလူ



www.burmeseclassic.com

www.burmeseclassic.com



တွေကို အကုန်နီးပါးလိုက်မေးတယ်။ ဘယ်သူမှ ကျေနပ်အောင်ပြန်မဖြေကြဘူး။ နောက်ဆုံးတော့ ခင်ကြီးဖျော်ဆီရောက်လာတာပေါ့။ ခင်ကြီးဖျော်က အခုလို ချက်ခြင်း အဓိပ္ပါယ်ဖော်ပြလိုက်တယ်။

| | | | | |
|---|---|---|---|---|
| အ | – | အမ္ဗရက္ခမူလေ | = | သရက်ပင်ရင်း၌ |
| သု | – | သုဝဏ္ဏယဋ္ဌိ | = | ရွှေအိုးကို |
| ခံ | – | ခနတိ | = | တူးပါလေ – |

"အိမ်ဝိုင်းထဲက သရက်ပင်ရင်းမှာတူး – ရွှေအိုးကိုရမယ်ပေါ့။ အဲဒီအဖြေကို ကြားရတဲ့အခါ ထင်းသည်ယောကျ်ားဟာ စိတ်ပျက်သွားတယ်။ ဘာ့ကြောင့်လဲဆိုတော့ သူ့အိမ်ဝိုင်းထဲမှာ သရက်ပင်မရှိတာသူသိနေတာကိုး။ ဒီတစ်ခါတော့ ခင်ကြီးဖျော် မှားပြီလို့လည်း စိတ်ထဲကပြောနေမိတယ်။ စိတ်ညစ်ညစ်နဲ့ အိမ်ပြန်လာလိုက်တာ၊ အိမ်ရောက်တာနဲ့ မထင်မှတ်တဲ့နေရာမှာ သရက်ပင်ပေါက်တစ်ပင်ကို တွေ့လိုက်ရတယ်။

မနေ့ညက သူတို့အိမ်ဝိုင်းထဲ ပုံထားတဲ့ ထင်းပုံကြီးဟာ ဝယ်သူမရှိသေးလို့ ကြာနေတာပေါ့။ ကနေ့ နေ့ခင်းမှ ဝယ်သူပေါ်လာလို့ အိမ်ကမိန်းမက သူလာအောင် မစောင့်ဘဲရောင်းပစ်လိုက်တာ။ သူလာတော့ ထင်းတွေမရှိတော့ဘူး။ ဒါပေမယ့် ထင်းပုံအောက်မှာရောက်နေတဲ့ သရက်စေ့က အပင်လေးပေါက်နေတာပေါ့။ အဲဒီအပင်လေး အောက်မှာ တူးကြည့်လိုက်တာ တကယ့်ကိုရွှေအိုးတစ်လုံးရသွားတယ်။

"လောကီပညာထဲမှာ အင်္ဂရတ်ပညာဟာ ခက်ခဲဆုံးထဲမှာပါတယ်။ လူတစ်ထောင် ဖိုထိုးရာမှာ တစ်ယောက်အောင်မြင်ခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



မန်လည်ဆရာတော်ဟာ ခေတ္တလေ့လာရုံနဲ့ နားလည်တတ်ကျွမ်းသွားပြီး ဒကာတစ်ယောက်ကို သူ့ရှေ့ထားပြီး ဗိုထိုးခိုင်းလိုက်တာ ဓာတ်လုံးအောင်မြင်သွားတယ်။ အဲဒီဓာတ်လုံးနဲ့ ဆက်ထိုးတဲ့ကြေးတွေ ရွှေဖြစ်တာ လက်တွေ့မြင်ကြရတယ်။

အားလုံးမြင်အောင် ပြပြီးတာနဲ့ ဆရာတော်ကြီးဟာ ဓာတ်လုံးကို မြစ်လယ်ခေါင်မှာ ပစ်ချပစ်လိုက်တယ်။ လောကုတ္တရာပညာနဲ့စာရင် လောကီပညာဟာ ဘာမှ မဟုတ်သေးဘူးဆိုတာ ဒကာတွေသိအောင် လက်တွေ့ပြတာပါ။ ငါ့ရှင်ကို သိစေချင်တာက ခင်ကြီးဖျော်တို့ မန်လည်ဆရာတော်တို့ဆိုတာ ရဟန္တာလည်းမဟုတ်ပါဘူး။ အဘိညာဥ်ရလောက်အောင် သမာဓိလည်းမရှိပါဘူး။ ပိဋကတ်မှာ ကျက်စားနိုင်တဲ့ ခဏိကသမာဓိအစွမ်းလောက်သာ ရှိတာပါ။

ဒီလို ဆရာတော်များတောင် လောကီပညာတွေကို ခဏလေ့လာရုံနဲ့ တစ်ဖက်ကမ်းခတ်အောင် တတ်မြောက်ကျွမ်းကျင်သေးရင် ကိလေသာလည်းကုန်၊ အရဟတ္တမဂ်ကိုလည်းရ၊ သဗ္ဗညုတဉာဏ်ကိုလည်း ပိုင်ဆိုင်တဲ့ ဘုရားရှင်အတွက် ခက်ခဲတဲ့အရာမဟုတ်ပါဘူး။ ကလေးကစားစရာ အဆင့်လောက်ပဲ ရှိပါတယ်။

ငါ့ရှင်တောင် မစိုးရိမ်တိုက်သစ်မှာနေစဥ်က တပည့်တော်ကို ထူးခြားတဲ့ ဓမ္မဒေသနတွေနဲ့ တန်ဆာဆင်ထားတဲ့ ပွမ်ပွမ်မြည်တဲ့ ကားကလေးဆိုတဲ့တရားကို ဟောပြဖူးတယ်။ တပည့်တော် အရမ်းသဘောကျတယ်။ ငါ့ရှင်ဟောချင်တာက မဂ္ဂင်ရှင်ပါးပါ။ လီဗာကို နင်းတာက ဝီရိယ သမ္မာဝါယမမဂ္ဂင်၊ အန္တရာယ်ရှိတဲ့အတွက် ဘရိတ်



www.burmeseclassic.com

www.burmeseclassic.com



အုပ်တာက သတိ–သမ္မာသတိမဂ္ဂင် စသည်ဖြင့် ဟောပြတာ တပည့်တော် တကယ်ကို သဘောကျခဲ့တယ်။

ဘာဖြစ်လို့လည်းဆိုတော့ လူတွေအမြဲ မျက်စိယဉ်၊ နားယဉ်နေတဲ့ ကားတစ်စီးက အစိပ်အပိုင်းတွေကို ဥပမာပေးပြီး ဟောသွားတာကိုး။ လီဗာတို့၊ ဘရိတ်တို့၊ ကားတို့ဆိုတာ နာမည်တပ်ထားတဲ့ ပညတ်တွေပဲ။ ဒီပညတ်တွေကို ငါ့ရှင်က တရားအဖြစ် အသုံးချပြခဲ့တာပဲ။ ဒီပညတ်တွေကို ငါ့ရှင်က တရားအဖြစ် အသုံးပြခဲ့တာပဲ။ ဒီလို အသုံးချပြနိုင်တာဟာ ငါ့ရှင်ကိုယ်တိုင် ဒီဘရိတ်တို့၊ လီဗာတို့ဆိုတဲ့ ပညတ်နာမည်တွေကို နားလည်တတ်ကျွမ်းနေလို့ပေါ့။ ဒီလောက်ဆိုရင် သဗ္ဗညုတဉာဏ်ဟာ သိစရာမှန်ရင် အကုန်သိတယ်ဆိုတဲ့အချက်ကို ငါ့ရှင်လက်ခံနိုင်လောက်ပါပြီ ...။

* * *



www.burmeseclassic.com

www.burmeseclassic.com

# တကယ့်ဗုဒ္ဓဘာသာနှင့် သစ္စာလေးပါးတရားတော်

မေတ္တာရှင် (ရွှေပြည်သာ)

ဘာသာခြားနှင့် အိမ်ထောင်ကျသော အချိန်၊
ဘာသာခြားများက ဥစ္စာ၊ ငွေ၊ ရာထူး၊ အာဏာ၊
ယောက်ျား၊ မိန်းမ တို့ဖြင့် ဆွဲဆောင်လာသော
အချိန်ပင်ဖြစ်သည် ...
ဘာသာခြားနှင့် အိမ်ထောင်ကျလျှင်
မိရိုးဖလာ ဗုဒ္ဓဘာသာဝင်သည်
မိမိဘာသာကို စွန့်ပြီး ဘာသာခြားနောက်သို့ပါသွား၏

www.burmeseclassic.com

www.burmeseclassic.com



# တကယ့်ဗုဒ္ဓဘာသာနှင့် သစ္စာလေးပါးတရားတော်

## တကယ့်ဗုဒ္ဓဘာသာကျင့်စဉ်

မြန်မာဘုရင်အဆက်ဆက်စိုးစံစဉ် တစ်ခါက ဗုဒ္ဓဘာသာဟူသော အသုံးအနှုန်းမရှိခဲ့ပါ။ ရတနာသုံးပါးကို ယုံကြည်ကိုးကွယ်သူတို့ကိုသမ္မာဒိဋ္ဌိဟုသုံးနှုန်းသည်။ တံရားတွင်လည်း ဗုဒ္ဓဟူသည် ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံတော်မူသော ဂေါတမမြတ်စွာဘုရားကို ဆိုလိုသည်။ ဘာသာဟူသည် အယူဝါဒဖြစ်ပြီး နှစ်ပုဒ်ပေါင်းသော် ဂေါတမမြတ်စွာဘုရား၏ အယူဝါဒကို ယုံကြည်လက်ခံသူများဟု အဓိပ္ပါယ်ဖွင့်ရပါသည်။

ထိုဗုဒ္ဓဘာသာဝင်များသည် ဇာတိဗုဒ္ဓဘာသာဝင်နှင့် အာစာရဗုဒ္ဓဘာသာဝင်ဟု နှစ်မျိုးရှိသည်။ ဇာတိဗုဒ္ဓဘာသာဝင်ဟူသည် မိရိုးဖလာဗုဒ္ဓဘာသာဝင်ကို ဆိုလိုခြင်းဖြစ်ပြီး အာစာရဗုဒ္ဓဘာသာဝင်ဟူသည် တကယ့်ဗုဒ္ဓဘာသာဝင်ကို ဆိုလိုခြင်းဖြစ်သည်။

မိရိုးဖလာဗုဒ္ဓဘာသာဝင်ဟူသည် မိမိ၏အဖိုးအဖွား၊ အဖေ၊



www.burmeseclassic.com

www.burmeseclassic.com



အမေတို့က ဗုဒ္ဓဘာသာဝင်ဖြစ်လို့သာ မိမိလည်း ဗုဒ္ဓဘာသာဝင် ဖြစ်ခဲ့ရသည်။ တရားကိုလည်း မနာ၊ ဘာသာရေးစာအုပ်လေးများကိုလည်း မဖတ်၊ တတ်သိသူများကိုလည်း မေးမြန်းခြင်း မရှိသဖြင့် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးတို့၏ အကြောင်းကို ဂဃနဏတစ်ခုမျှမသိသည့် သူများ ယောင်လို့ယောင် အမောင် တောင်မှန်း မြောက်မှန်းမသိသူများပင်ဖြစ်၏။

တကယ့်ဗုဒ္ဓဘာသာဝင်ဟူသည် မိမိကိုးကွယ်သော ဘာသာ၏အကြောင်းကိုလည်း အချိန်ရသလောက်ဖတ်၊ တတ်သိသူများကိုလည်း မေးမြန်းဆွေးနွေးသည်။ ထို့ကြောင့် ရတနာသုံးပါးအကြောင်းကို သေချာနားလည်သွားပြီး ရင်ထဲက နှစ်နှစ်ကာကာစိတ်ပါလက်ပါယုံကြည်သူများပင်ဖြစ်ပါသည်။

တစ်ခဏတာသုံးရမည့် နှစ်ရာတန် သုံးရာတန် ရေအိုးလေး တစ်လုံးဝယ်ရာ၌ပင် အပေါက်ပါ/မပါ၊ အနာပါ/မပါ၊ သေချာစမ်းသပ်၍ ဝယ်ရသေးရာ၊ တစ်သံသရာလုံး ကိုးကွယ်ရမည့် ဘာသာတရားကျကာမှ လေ့လာစမ်းသပ်မှုမပြုဘဲ၊ မျက်စေ့မှိတ်၍ ကိုးကွယ်မည်ဆိုလျှင် မည်သို့မျှ သဘာဝမကျနိုင်ပါချေ။

### ဘာသာရွေးချယ်နည်း

အင်္ဂုတ္တိုရ်ပါဠိတော်၊ ကေသမုတ္တိသုတ်တွင် ကာလာမအမျိုးအနွယ်တို့၏ မေးမြန်းမှုကိုအကြောင်းပြု၍ ဗုဒ္ဓက သမာသမတ်အကျဆုံးသော ဘာသာရွေးနည်းကို ဟောကြားခဲ့သည်။ ထိုဟောကြားချက်ကို



www.burmeseclassic.com

www.burmeseclassic.com



အလေးအနက်ထားပြီး ဘာသာအယူဝါဒမရှိသူ အားလုံးအတွက် ဟောကြားချက်ဖြစ်သည်။ ဗုဒ္ဓ၏စေတနာမှန်ကန်မှုကြောင့် ယင်းဒေသနာကိုနာကြားဖတ်ရှုကြရသော ဘာသာခြားများ ဗုဒ္ဓဘာသာထဲသို့ ဝင်လာမစဲတသဲသဲဖြစ်ခဲ့ရသည်။ မကြာသေးသောအချိန်ကပင် အမေရိကန်ပြည်ထောင်စုမှ ခရစ္စတင်းဒက်ကာနှင့် ကက်နက်ဗင်ကာဝါဆီ အမည်ရှိဇနီးမောင်နှံနှစ်ယောက်သည် မဟာဝိဇ္ဇာဘွဲ့အတွက် ဗုဒ္ဓ၏ဒေသနာများကိုလေ့လာရင်း ကေသမုတ္တိသုတ်ကို ဖတ်အပြီးတွင် ဘာသာခြားဘဝမှ ဗုဒ္ဓဘာသာထဲသို့ ကိုယ့်ဆုံးဖြတ်ချက်နှင့်ကိုယ် ဝင်ရောက်ခဲ့ကြသည်။

မြတ်စွာဘုရား ဒေသစာရီ လှည့်လည်တရားဟောရာ ကေသမုတ္တိနိဂုံးသို့အရောက်တွင် ကာလာမအမျိုးအနွယ်များက သူတို့ဒေသသို့ ဘာသာရေးခေါင်းဆောင်အမျိုးမျိုးရောက်လာပြီး သူ့အယူဝါဒက ကောင်းတယ်၊ ငါ့အယူဝါဒက ကောင်းတယ်ဟု အသီးသီးဟောကြားကြသဖြင့် ဘယ်ဘာသာအယူဝါဒက ကောင်းတယ်ဆိုသည်ကို မဆုံးဖြတ်နိုင်အောင် ဖြစ်နေပါကြောင်း လျှောက်ထားကြသဖြင့် ဗုဒ္ဓက မည်သူ့ဘက်မျှမလိုက်သော အကောင်းဆုံးဘာသာရွေးနည်းကို ယခုလို ဟောကြားတော်မူခဲ့၏။

ကာလာမအနွယ်တို့-

သင်တို့သည် တစ်ဆင့်ကြားဖြင့်လည်း အမှန်ဟုမယူဆကြနှင့် ကျမ်းဂန်နှင့်ညီတယ်ဆိုရုံဖြင့်လည်း အမှန်ဟု မယူကြနှင့်။ ယုံကြည်လောက်သော ဆရာဖြစ်သူ၏ စကားဖြစ်ရုံနှင့်လည်း အမှန်ဟု မယူကြနှင့်။ မိမိအယူအဆနှင့် တိုက်ဆိုင်သည်ဆိုရုံဖြင့်လည်း အမှန်ဟု



www.burmeseclassic.com

www.burmeseclassic.com



မယူကြနှင့်။ အယူဝါဒတစ်ခုကို လက်တွေ့ကျင့်သုံး ကြည့်၍မကောင်း ကျိုးကိုဖြစ်စေသည်။ မိမိသူတပါးနှစ်ဦးသားကို ဆင်းရဲစေသည်။ ပညာရှိသူတို့ ကဲ့ရဲ့အပ်သည်ဆိုလျှင် ထိုအယူဝါဒကို စွန့်လွှတ်ကြကုန်လော့။ အယူဝါဒတစ်ခုကို လက်တွေ့ကျင့်သုံးကြည့်၍ ကောင်းကျိုးကိုဖြစ်စေသည်။ မိမိသူတစ်ပါးနှစ်ဦးသားကို ချမ်းသာစေသည်။ ပညာရှိတို့ ချီးမွမ်းအပ်သည်ဆိုလျှင် ထိုအယူဝါဒကို ကျင့်သုံးကြကုန်လော့။

ဘာသာအယူဝါဒရှိသူအားလုံးတို့သည် ဗုဒ္ဓ၏ညွှန်ပြချက်အတိုင်း မိမိတို့ကိုးကွယ်သောဘာသာကို မိမိတို့ကိုယ်တိုင် စစ်ဆေးသင့်သည်။ တကယ့်ဗုဒ္ဓဘာသာဝင်ဟူသည် ထိုနည်းအတိုင်း လက်တွေ့လေ့လာကျင့်သုံးထားပြီးသူဖြစ်၏။ မိရိုးဖလာဗုဒ္ဓဘာသာဝင်နှင့် တကယ့်ဗုဒ္ဓဘာသာဝင်တို့သည် သာမန်အချိန်တွင်ကား ဘုရားသွားကျောင်းတက် အတူတူပင်ဖြစ်၍ ဘာမျှမထူးခြားပါ။

ထူးခြားသောအချိန်ကား ဘာသာခြားနှင့် အိမ်ထောင်ကျသောအချိန်၊ ဘာသာခြားများက ဥစ္စာ၊ ငွေ၊ ရာထူး၊ အာဏာ၊ ယောက်ျား၊ မိန်းမတို့ဖြင့် ဆွဲဆောင်လာသောအချိန်ပင်ဖြစ်သည်။ ဘာသာခြားနှင့် အိမ်ထောင်ကျလျှင် မိရိုးဖလာဗုဒ္ဓဘာသာဝင်သည် မိမိဘာသာကို စွန့်ပြီး ဘာသာခြားနောက်သို့ ပါသွား၏။ တကယ့်ဗုဒ္ဓဘာသာဝင်ကား မိမိဘာသာကို မစွန့်သည့်အပြင် ဘာသာခြားဖြစ်သည့် ဇနီးသည် သို့မဟုတ် ခင်ပွန်းကိုပင် မိမိဘာသာသို့ ဝင်ရောက်လာစေသည်။ တကယ့်ဗုဒ္ဓဘာသာဝင်ကား မပါပေ။ လက်တွေ့သာဓက အထောက်အထားတို့ဖြင့်ပြမည်။ အထက်တန်းစား ဘွဲ့ရအရာရှိကြီးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



သည် ဘာသာခြားအမျိုးသမီးတစ်ယောက်နှင့် အိမ်ထောင်ကျသည်။

သူသည် မိရိုးဖလာဗုဒ္ဓဘာသာဝင်ဖြစ်သောကြောင့် ဗုဒ္ဓဘာသာကိုစွန့်ပြီး အမျိုးသမီး၏ဘာသာသို့ ခြေစုံပစ်ဝင်လိုက်၏။ ငယ်ရွယ်စဉ်အချိန် ကာမဂုဏ်အပေါ် ယစ်မူးနေစဉ်က ဘာသာပြောင်းရခြင်းမှာ မည်သို့မျှမသိသာသော်လည်း အသက်အရွယ်ရ၍ အသိဉာဏ်ရင့်လာသောအခါတွင်ကား ဘာသာနှစ်ခုကို ချိန်ထိုးလေ့လာကြည့်လေဗုဒ္ဓဘာသာ၏ အနှစ်သာရရှိမှုကို သိလေဖြစ်လာသည်။

ဗုဒ္ဓဘာသာ၏ ကိုးကွယ်အားထားထိုက်ပုံကို စာတွေ့အပြင်ကိုယ်တွေ့ပါ ကြုံလာ၏။ သူနှင့်ရာထူး အဆင့်ချင်းတူသော ဗုဒ္ဓဘာသာမိတ်ဆွေတစ်ယောက်ရှိ၏။ ထိုမိတ်ဆွေကား ဒါန၊ သီလ၊ သမထ၊ ဘာဝနာအပြင် ဝိပဿနာဘာဝနာကိုပါ လေ့လာလိုက်စားသူတစ်ယောက်ဖြစ်၏။ သူကားဘာသာခြားဖြစ်နေသည့်အတွက် ဝိပဿနာတရားကိုလိုက်စားရမှန်းလည်းမသိ၊ လိုက်စားဖို့ရန်လည်း နားမလည်ပေ။

ထို့ကြောင့် လာဘ်ရခြင်း၊ အခြံအရံများခြင်း၊ ချီးမွမ်းခံရခြင်း၊ ချမ်းသာခြင်းဟူသော အကောင်းလောကဓံလေးပါးနှင့် ကြုံတွေ့ရသည့်အခါ ဖြေဆေးမရှိသည့်အတွက် သူ့မှာ ခြေလွတ်လက်လွတ် အရမ်းဝမ်းသာပြီး လောဘမီးတွေ အလောင်ခံရ၏။ မိတ်ဆွေကား ဝိပဿနာဖြေဆေးရှိသည့်အတွက် အကောင်းလောကဓံနှင့်ကြုံသော်လည်း လောဘဖြင့် မတက်ကြွ၊ မသိမသာ ပကတိအတိုင်းပင်နေနိုင်သည်။

လာဘ်မရခြင်း၊ အခြံအရံမရှိခြင်း၊ ကဲ့ရဲ့ခံရခြင်း၊ ဆင်းရဲခြင်းဟူသော အဆိုးလောကဓံနှင့် ကြုံရသည့်အခါ သူသည် ဒေါသ (သောက)



www.burmeseclassic.com

www.burmeseclassic.com



မီးအလောင်ခံရပြီး ရှုံးမတတ်ခံစားရ၏။ ဝိပဿနာဖြေဆေးရှိသည့် သူ့မိတ်ဆွေက အဆိုးလောကဓံနှင့် ကြုံရသော်လည်း ဒေါသဖြင့် ဝမ်းနည်းပူဆွေးခြင်းမရှိဘဲ ဘာမျှမဖြစ်သလို ပုံမှန်အတိုင်းပင် နေနိုင်၏။

လောဘ၊ ဒေါသ စသော ကိလေသာမီးများကို ဗုဒ္ဓက သံကိလိဋ္ဌ သံကိလေသိကာ ပူပန်စေတတ်၊ နှိပ်စက်တတ်သောတရားဟု ဟောတော်မူခဲ့သည်။ ကိလေသာတို့သည် အဘယ်မျှထိ ပူပန်စေပါသနည်း။ အဘယ်မျှထိ နှိပ်စက်စေပါသနည်း။ အသက်သေသည်အထိ ပူပန်စေတတ်ပါသည်။ မန္တလေးမြို့ စိန်ပန်းရပ်ကွက်အတွင်းမှ အမျိုးသမီးနှစ်ဦး၏ ဖြစ်ရပ်ကိုကြည့်ပါ။

အမျိုးသမီးတစ်ယောက်ထံသို့ ခင်ပွန်းဖြစ်သူက သိန်းထောင်ကျော်တန်ကျောက်တစ်လုံး ရကြောင်းဖုန်းဆက်လိုက်၏။ ထိုအမျိုးသမီးသည် ယင်းဝမ်းသာစရာသတင်းကို နားထောင်ပြီးသည်နှင့် ဖုန်းခွက်နားမှာပင် လဲကျသေဆုံးခဲ့၏။ ဆေးသိပ္ပံအလိုအရ နှလုံးရပ်၍ သေဆုံးခြင်းပါတည်း။

မူလတန်းအရွယ် ကလေးနှစ်ယောက် ဗွီဒီယိုရုံထဲတွင် ရန်ဖြစ်ရာ တစ်ယောက်က ခဲတန်ချွန်သော ဓါးနှင့်ရမ်းလိုက်သဖြင့် အခြားကလေးတစ်ယောက်၏ လက်မောင်းကိုခြစ်မိပြီး သွေးအနည်းငယ် ထွက်သွားရာ သွေးထွက်သွားသောကလေးက မိခင်ကိုလာတိုင်၏။ သားဖြစ်သူလက်မှ ထွက်နေသောသွေးကို မြင်ရသည့်အခါ မိခင်၏ဒေါသသည် အထွဋ်အထိပ်သို့ ရောက်သွား၏။

သူ့သားကို ရန်ပြုသောကလေးအား မှန့်မှန့်ညက်ညက်ချေပစ်



www.burmeseclassic.com

www.burmeseclassic.com



မည်ဟူသောအတွေးဖြင့် အိမ်ထဲမှအပြေးထွက်ရာ လမ်းမပေါ်အရောက် မှာပင် အရှိန်ဖြင့်လမ်းပေါ်သို့ မှောက်လျက်လဲကျ၏။ ဝိုင်းထူ၍ကြည့် လိုက်သောအခါ တစ်ကိုယ်လုံးမည်းပြီး သေပွဲဝင်လျက်ရှိရာ ဆေးသိပ္ပံ အရ နှလုံးရပ်၍သေခြင်း၊ အဘိဓမ္မာအရ ဒေါသကိလေသာမီးလောင် ၍ သေခြင်းပါတည်း။

ထိုကိလေသာမီးများကိုငြိမ်းသတ်ရန်အတွက် ဗုဒ္ဓ၏ဝိပဿနာ နည်းတစ်ခုသာရှိ၏။ လောဘ၊ ဒေါသကိလေသာမီးများသည် အား ကောင်းလျှင်သူ့ကို လက်ခံရာခန္ဓာကိုယ်အထိ လောင်မြိုက်၏။ အား သေးလျှင် သူ့ကိုလက်ခံရာ ရုပ်ခန္ဓာကို နှလုံး၊ သွေးတိုး၊ ဆီးချို စသောရောဂါများကို ဖြစ်စေခဲ့၏။ ဘာသာခြား ဖြစ်သော အရာရှိကြီး သည်လည်း ကိလေသာမီးတို့၏ လောင်မြိုက်မှုကြောင့် ရောဂါမျိုးစုံ ခံစားနေရ၏။

အသက်သည် ငါးဆယ်ခန့်သာရှိသေးသော်လည်း ခုနစ်ဆယ် ကျော်ဟုထင်ရလောက်အောင် အရွယ်ကျ၏။ ဝိပဿနာဖြေဆေးရှိသည့် သူ့မိတ်ဆွေမှာကား ရောဂါကင်းရှင်းပြီး ကျန်းမာချမ်းသာစွာနေရ၍ အသက်ငါးဆယ်ကျော်ဖြစ်သော်လည်း သုံးဆယ်ကျော်ဟုထင်ရလောက် အောင် အရွယ်တင်၍ နုပျိုနေသည်။

လောကစံခံရတာချင်းတူပါလျက် သူ့မှာခံနိုင်ရည်မရှိဘဲ၊ မိတ်ဆွေမှာသာ ခံနိုင်ရည်ရှိသည်မှာ အဘယ့်ကြောင့်နည်းဟု မေးမိ၏။ မိတ်ဆွေက ဝိပဿနာတရားကြောင့်ဟုဖြေကာ ကက်ဆက်ခွေတစ်ခွေကို ထုတ်ပြ၏။ မိတ်ဆွေက ပြောလိုက်သေး၏။



www.burmeseclassic.com

www.burmeseclassic.com



လောဘ၊ ဒေါသစတဲ့ ကိလေသာမီးတွေဟာ ဗုဒ္ဓဘာသာဝင်တွေကိုသာ လောင်တာမဟုတ်ပါဘူး။ သူတို့ကိုလက်ခံထားသူ လူသားမှန်သမျှကို အသက်သေသည်အထိ၊ အပါယ်ကျသည်အထိ ပူလောင်စေတာပါ။ ထို့အတူ ဝိပဿနာတရားဟာလည်း ဗုဒ္ဓဘာသာတွေအတွက်ဆိုပြီး ဘောင်ခတ်ဟောထားခဲ့တာမဟုတ်ပါဘူး။ ဗုဒ္ဓက ကိလေသာအပူမီးတွေငြိမ်းလိုတဲ့ လူသားအားလုံးအတွက် ဟောခဲ့တာပါတဲ့။

လူသားဆန်လွန်းလှတဲ့ သည်မိတ်ဆွေ၏ စကားကိုနှစ်သက်လှသဖြင့် သူသည်တရားခွေကိုဖွင့်လိုက်သည်နှင့် ဖနီးသည်က အော်ဟစ်ကြိမ်းမောင်းပြီး ကက်ဆက်ကို အပြေးအလွှားလာပိတ်၏။ ကက်ဆက်ခွေကိုပင် လွှင့်ပစ်မည်လုပ်သဖြင့် သူက မိတ်ဆွေတစ်ယောက်ဟာဖြစ်ကြောင်းပြောပြပြီး မနည်းတောင်းပန်ရသည်။

ကမ္ဘာတွင် မြန်မာဟူ၍ ထင်ပေါ်နေရသည်မှာ ဗုဒ္ဓဘာသာကြောင့်ဖြစ်၏။ ဗုဒ္ဓဘာသာကွယ်ပျောက်သည်နှင့် မြန်မာလူမျိုးသည်လည်း ကမ္ဘာ့မြေပုံမှ ကွယ်ပျောက်သွားမည်ဖြစ်၏။ ထို့ကြောင့် ဗုဒ္ဓဘာသာသည် မြန်မာတို့၏ အသက်ဖြစ်၏။ မြန်မာတစ်ယောက်ဖြစ်နေရပါလျက် ဗုဒ္ဓဘာသာမဟုတ်တော့သူသည် အသက်သေနေသူနှင့် ဘာမျှမခြားတော့ပေ။

သူသည် ယခုအချိန်ကျမှ ကတိမျိုးစုံ၊ အာမခံချက်မျိုးစုံပေးပြီး ဖနီးသည်၏ဘာသာသို့ ပြောင်းခဲ့မိသည်၏အဖြစ်ကို နောင်တကြီးစွာရမိ၏။ တစ်သံသရာလုံး မှောက်ခဲ့ရသည့် ဆရာများ၏ဒဏ်၊ ဘာသာများ၏ဒဏ်ကို သူသည် ဘဝနှင့်ချီပြီး ခံစားရဦးမည်ဖြစ်၏။ သူသည်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားတန်မဲ့ မျက်ရည်ကျရုံမှတပါး ဘာမျှမတတ်နိုင်ခဲ့။ ဤသို့သော အရာရှိမျိုးသည်ကား လောကီပညာအနေဖြင့် ဘွဲ့ရဖြစ်သော်လည်း ဘာသာရေးပညာအနေဖြင့် မူလတန်းအဆင့်ပင်မရှိဘဲ မိရိုးဖလာဗုဒ္ဓဘာသာဝင်တစ်ယောက်သာဖြစ်ပါသည်။

တကယ့်ဗုဒ္ဓဘာသာဝင်တစ်ယောက်၏ အားကျဖွယ်ဖြစ်ရပ်ကိုလည်း ပြဦးအံ့။ ရန်ကုန်တိုင်း လှိုင်မြို့နယ် (၅) ရပ်ကွက်အတွင်းမှ မဝင်းအမည်ရှိ အမျိုးသမီးလေးတစ်ဦးသည်လည်း ဘာသာခြားအမျိုးသား တစ်ယောက်နှင့် အိမ်ထောင်ကျ၏။ အမျိုးသားက ဖွန်ပန်း၊ စပယ်ပန်းစသော ပန်းမျိုးစုံရောင်းပြီး လုပ်ကိုင်ကျွေးမွေး၏။ မဝင်းသည် အတန်းပညာအနေဖြင့် အလယ်တန်းအဆင့်လောက်သာရှိသော်လည်း ဘာသာရေး ပညာအနေဖြင့်ကား ဘွဲ့ရအဆင့်လောက်ထိရှိသည်။

သူမသည် တရားပွဲရှိလျှင် အချိန်ယူပြီး နာဖြစ်အောင်နာပြီး ဘာသာရေးစာအုပ်ကောင်းများကိုလည်း အချိန်ယူ၍ဖတ်ရှု၏။ မသိတာမရှင်းတာမှန်သမျှကိုလည်း တတ်သိသူဆရာတော်တို့အား မေးမြန်းဆွေးနွေးလေ့ရှိ၏။ ထိုကဲ့သို့ ဆည်းပူးလေ့လာထားသော ဘာသာရေးအသိဉာဏ်များကြောင့် အိမ်ထောင်ကျပြီး (၁) နှစ်အကြာမှာပင် ဘာသာခြားဖြစ်သော ခင်ပွန်းဖြစ်သူကို ဗုဒ္ဓဘာသာသို့ရောက်အောင် ဆွဲဆောင်နိုင်ခဲ့သည်။

ခင်ပွန်းဖြစ်သူကို ဗုဒ္ဓဘာသာသို့ သက်ဝင်လာအောင် မဝင်းစည်းရုံးရာ၌ အများဆုံးအထောက်အကူပြုခဲ့သောသုတ်ကား– ဥပရိပဏ္ဏာသပါဠိတော်၊ ရှုဠကမ္မဝိဘင်္ဂသုတ်တည်း။ စာရှုသူများလည်း



www.burmeseclassic.com

www.burmeseclassic.com



မဝင်းကဲ့သို့ပြုနိုင်ရန် ထိုသုတ်ကို အနည်းငယ်အကျယ်ချဲ့၍တင်ပြပါမည်။ ဗုဒ္ဓလက်ထက်တော်အခါက ကုဒ်အမည်ရှိသောမြို့ကို စားရသဖြင့် တောဒေယျအမည်ရှိသော ဖြဟ္မဏဘာသာဝင် ပုဏ္ဏားကြီးတစ်ယောက်ရှိလေသည်။

ဗုဒ္ဓက–ဒါနတောဘောဂဝါ၊ ပေးကမ်းလှူဒါန်းသူများသည် ဖြစ်ရာ ဘဝတွင် ပစ္စည်းဥစ္စာပေါများ ချမ်းသာသည်ဟုဟော၏။ ဗုဒ္ဓကိုရန် လုပ်နေသော ဗြဟ္မာကိုးကွယ်သည့် တောဒေယျပုဏ္ဏားကြီးက

**အဥ္စနာနံ့ခယံဒိသွာ**

**ဝမ္မိကာနဥ္စ သူ့စန်**

**မဓူနဥ္စ သမာဂမ္မာ**

**ပဏ္ဍိတေလဝရမာဝသေ။**

မျက်ခွံကိုလိမ်းကျံသော မျက်စဉ်းညို (ကာချယ်) ကျောက်သည် မည်မျှလောက်ကြီးမားသည်ဖြစ်စေ နေ့ရက်ရှည်ကြာစွာ ကျောက်ပျဉ်မှာသွေးလျှင် တဖြည်းဖြည်းနှင့် ကုန်ရသည်သာဖြစ်၏။ ထို့အတူနည်းနည်းချင်း ပေးကမ်းလှူဒါန်းခြင်းဖြစ်သော်လည်း ကြာလျှင်ကုန်ခမ်းသွားသည်သာဖြစ်၍ လှူဒါန်းမှုကိုမပြုသင့်၊ ခြများသည် မြေမှုန့်တစ်မှုန့်ချင်းစုသော်လည်း ကြာလာလျှင် တောင်ပို့ကြီးဖြစ်သကဲ့သို့လည်းကောင်း၊ ပျားကောင်များသည် ပန်းဝတ်ရည်များကို နည်းနည်းချင်းစုရာမှ ပျားလပို့ကြီးဖြစ်လာသကဲ့သို့လည်းကောင်း၊ ပညာရှိသည် စုဆောင်းသိမ်းဆည်း၍သာလျှင် အိမ်၌နေရာ၏ဟူသော အတွေးအခေါ်ကို သူ့သားသုဘလုလင်ကို ဟောပြောဆုံးမလေ့ရှိသည်။ သူတစ်ပါးကို ဒါနမပြုရန်



www.burmeseclassic.com

www.burmeseclassic.com



တားမြစ်တတ်သလို သူကိုယ်တိုင်လည်း တစ်ကြိမ်တစ်ခါမျှ ဒါနမပြု ခဲ့ချေ။ သူကွယ်လွန်သောအခါတွင် တွေတွေဝေဝေသေခဲ့ရသောကြောင့် သူ့အိမ်မှာပင်ပြန်ပြီး ခွေးကြီးတစ်ကောင်ဖြစ်ခဲ့ရသည်။ မသုံးရက် မစား ရက် စုဆောင်းခဲ့ရသောကြောင့် သူ၏ဥစ္စာထုပ်များသည် သားဖြစ်သူ နှင့် ကျန်ရစ်သူ ဆွေမျိုးသားချင်းတို့ ဝေစားဖို့ရန်ဖြစ်သွားခဲ့၏။ ထို့ ကြောင့် တတိယမြောက် တိပိဋကရေဆရာတော် ဦးကောသလ္လက–

**"အထုပ်ကလေးတပြင်ပြင်**

**အထုပ်ရှင် သေလို့သွား**

**ကျန်တဲ့သူတွေ ဝေလို့စား**

**အထုပ်ရှင်မှာ အလကား**

**ဘာကမှလည်း ပါမသွား**

**သေရွာကျတော့ အပါယ်လား**

**နိဗ္ဗာန်ရောက်ဖို့ အခက်သား"**ဟု ရေးသားဆုံးမခဲ့ခြင်းဖြစ်ပေ လိမ့်မည်။ တစ်နေ့တွင် ဘုရားရှင်သည် ဘာသာခြားဖြစ်မှန်းသိလျက် နှင့် သုဘလုလင်၏အိမ်ရှေ့တွင် ဆွမ်းသွားရပ်၏။ သူ့ဖခင် ခွေးကြီး ကိုအကြောင်းပြုပြီး သုဘလုလင်သရဏဂုံတည်မည့်အရေးကို မြင်သော ကြောင့်ဖြစ်သည်။ မြတ်စွာဘုရားကိုမြင်သည်နှင့် တောဒေယျတစ်ဖြစ်လဲ ခွေးကြီးသည် သဲကြီးမဲကြီးဟောင်၏။ ဗုဒ္ဓသည် စားမတတ် ဝါးမတတ် ဟောင်နေသော ခွေးကြီးကို လက်ညှိုးထိုးလိုက်ခါ–

'တောဒေယျ။ သင်သည် လူ့ဘဝတုန်းကလည်း ငါဘုရားက ဒါန ပြုသူသည် ဖြစ်လေရာဘဝမှာ ဥစ္စာပစ္စည်း ပေါများချမ်းသာမည်လို့



www.burmeseclassic.com

www.burmeseclassic.com



ဟောခဲ့တာကို သင်က ဒါနပြုရင် မွဲမယ်ဆိုပြီး ဆန့်ကျင်ဘက်လုပ်ဟော ပြောရန်ပြုခဲ့တယ်။ အဲဒီအကုသိုလ်တွေကြောင့် သင်ဟာ လူ့ဘဝကနေ ခွေးဘဝရောက်ခဲ့ရပြီ။ အခုခွေးဘဝမှာလည်း ငါဘုရားကို ဆက်လက် ရန်ပြုနေမယ်ဆိုရင် မည်သူမျှ အမျှအတန်းပေးပြီး မကယ်ဆယ်နိုင် တဲ့ ငရဲဘုံထိ ကျလိမ့်မယ်'

ဟု မိန့်တော်မူ၏။ ခွေးကြီးသည် မြတ်စွာဘုရား၏ စကား သံကိုကြားလိုက်ရသည်နှင့် ချက်ချင်းအဟောင်ရပ်သွား၏။ ဗုဒ္ဓသည် ငါခွေးဖြစ်တာ သိနေပါလားဟုတွေးမိကာ အရှက်ကြီးရှက်ပြီး နှလုံး မသာမယာဖြင့် ပြာပုံထဲတိုးကာ အိပ်လေ၏။ ဖခင်ဘဝမှလာသော ခွေးကြီးဖြစ်သောကြောင့် သုဘလုလင်သည် အင်မတန်ချစ်မြတ်နိုး၏။ ကုတင်နှင့် မွေ့ယာနှင့် သိပ်လေ့ရှိ၏။ ထိုအချိန်က သုဘလုလင် အိမ်တွင်မရှိချေ။

ညနေ အိမ်ပြန်ရောက်၍ အကြောင်းစုံကိုသိရသည့်အခါ သူ့အဖေကို ခွေးဖြစ်သည်ဟု ပြောသောဗုဒ္ဓကို အမျက်ဒေါသပြင်းစွာ ထွက်၏။ ကျောင်းတော်သို့ ချက်ချင်းလိုက်သွားပြီး 'အရှင်ဂေါတမ၊ ကျွန်ုပ်အဖ ခွေးဖြစ်တယ်ဆိုတာကို ယုံလောက်တဲ့သက်သေ အထောက် အထားပြပါ။ မပြနိုင်ရင် ဘုရားတန်မဲ့ မုသားပြောတယ်ဆိုပြီး မြို့သူ မြို့သားအားလုံးရဲ့ရှေ့မှာ အရှက်ခွဲရပါလိမ့်မယ်'ဟု လျှောက်ထား လေသည်။

ထိုအခါ ဗုဒ္ဓက တောဒေယျပုဏ္ဏားကြီးသေစဉ်က အပ်နှံမသွား သော ဥစ္စာများ ရှိ/မရှိမေးမြန်းရာ သုဘက ရှိကြောင်းပြန်လျှောက်၏။



www.burmeseclassic.com

www.burmeseclassic.com



အသပြာတစ်သိန်းစီတန်သော ဥစ္စာပစ္စည်းလေးမျိုးကို ယခုအချိန်ထိ ရှာမတွေ့သေးကြောင်းသိရသည်နှင့် ဗုဒ္ဓက ခွေးကြီးအသပြာလေးမျိုး ဖော်ပြစေရန် နည်းလမ်းကို သင်ပေးလိုက်၏။ ထိုနည်းလမ်းအတိုင်း လုပ်ကြည့်၍ ခွေးကြီးက ပစ္စည်းများကိုဖေါ်ပေးလျှင် ဗုဒ္ဓစကားကို အမှန်ဟု ဝန်ခံရမည်။

ဖေါ်မပေးလျှင် ဗုဒ္ဓကို မုသားပြောသူဟု စေဘန်ကဲ့ရဲ့နိုင် ကြောင်း သိရသည်နှင့် သုဘသည် သူ့အတွက် အရှုံးမရှိသောဒဿန တစ်ခုကိုရသွား၏။ ထိုဒဿနကား ခွေးကြီးက ပစ္စည်းများကို ဖေါ်မပေး လျှင် ဗုဒ္ဓကို လူကြားထဲ မုသားပြောသူဟု အရှက်ခွဲနိုင်သည်။ ဖေါ်ပေးခဲ့ လျှင်လည်း အသပြာလေးသိန်းတန်ပစ္စည်းများ ပြန်ရမည်။ ထို့ကြောင့် ဘယ်ဘက်ကလာလာ မိမိအတွက် အရှုံးမရှိနိုင်ကြောင်းကို တွေးမိ သဖြင့် ဗုဒ္ဓပေးသည့်နည်းအတိုင်း လုပ်ကြည့်၏။ ထိုနည်းကား–

ခွေးကြီးကို ရေမိုးချိုးပေးပြီး ရေမရောသော နို့ထမင်းကိုကျွေးရ ၏။ ဝမ်းဝသောအခါတွင် နူးညံ့သော အိပ်ယာခင်းပေါ်သိပ်ပြီးလျှင် ခွေးကြီး၏ကျောကို ပွတ်သပ်ပေးကာ အဖေ–အဖေမသေခင်က သိမ်း ထားခဲ့တဲ့ ဥစ္စာလေးမျိုးကို သားကိုပေးပါဟု တောင်းရ၏။ ထိုအခါ ခွေးကြီးသည် ငါဝှက်ထားတဲ့ဥစ္စာတွေကိုတောင် သားကသိနေပါပေါ့ လားဟု တွေးမိသွားပြီး ဥစ္စာပစ္စည်းများ မြှုပ်နှံထားသော သစ်ပင်ခြေရင်း ကို လက်နှင့်ယက်ပြ၏။ တူးကြည့်သောအခါ ဥစ္စာအားလုံး ပြန်ရ၏။

ဥစ္စာများကို ပြန်ရသွားသောအခါတွင်မှ သုဘသည် အတိတ် ဖြစ် ပြီးသောဘဝကိုပင် ပြန်သိနိုင်ပါလားဆိုကာ ဗုဒ္ဓအပေါ် ကြည်ညို



www.burmeseclassic.com

www.burmeseclassic.com



လေးစားသွား၏။ ထို့ကြောင့် ဗုဒ္ဓထံသွားကာ မည်သည့်ဘာသာဝင်မဆို အလွန်သိချင်ကြသည့်၊ သိလည်းသိသင့်သည့် ပုစ္ဆာ (၁၄) ချက်ကို မေးမြန်းခဲ့၏။ သူကိုးကွယ်သော ပြဟ္မဏဘာသာတွင် ဤပုစ္ဆာတို့၏ အဖြေများမရှိသောကြောင့် ဗုဒ္ဓကိုလာရောက်မေးမြန်းခြင်းဖြစ်၏။ ဤပုစ္ဆာအဖြေများ၏ နောက်ဆုံးတွင် သုဘာသည် ဗုဒ္ဓဘာသာဝင်ဖြစ်သွားခဲ့သလို မဝင်း၏ အမျိုးသားသည်လည်း ဗုဒ္ဓဘာသာဝင်ဖြစ်ခဲ့ရသည်။

**အရှုံးမရှိသော ဒဿန**

အမေးအဖြေကိုမဖေါ်ပြမီ ဘာသာဝင်အားလုံးအတွက် အရှုံးမရှိသော ဒဿနတစ်ခုကို ပေးချင်၏။ သံသရာတစ်လျှောက်လုံးနှင့် ပတ်သက်သော ဘာသာရေးကိစ္စတွင် ကံစမ်းမဲနှိုက်သလို ပစ္စည်းတစ်မျိုးမျိုးပေါက်ချင်ပေါက်၊ မပေါက်ချင် ဗလာဟု ပေါ့ပေါ့တန်တန်သဘောမထားသင့်ချေ။ ကံစမ်းမဲမှာ ဗလာဖြစ်သွား၍ မိမိအတွက် ဘာမျှမထိခိုက်သော်လည်း ဘာသာရေးတွင်ဗလာဖြစ်သွားလျှင်ကား မိမိအတွက် တစ်သံသရာလုံး နစ်မွန်းရမည်ဖြစ်၏။

ကျွန်ုပ်တို့ ဂေါတမမြတ်စွာဘုရားကား ပွင့်ပွင့်လင်းလင်း၊ ရိုးရိုးသားသားပင် ပြောကြား၏။ သတ္တဝါတွေကို ကောင်းတဲ့နေရာ ရောက်အောင်ငါဘုရားမကယ်တင်နိုင်။ ငါဘုရားသည် လမ်းမှန်ကိုညွှန်ပြရုံသာရှိသည်။

ကောင်းသောကုသိုလ်ကံကို ပြုလုပ်သောသူများသည် ကောင်းသောအကျိုးကိုခံစားကြရမည်။ မကောင်းသောအကုသိုလ်ကံကို ပြုလုပ်သောသူများသည် မကောင်းသောအကျိုးကို ခံစားကြရမည်။



www.burmeseclassic.com

www.burmeseclassic.com



ယာဒိသံဝပ္ပ တေဗီဇံ

တာဒိသံ ဟရတေဖလံ

ကလျာဏကာရီကလျာဏံ

ပါပကာရီစ ပါပကံ။

ချိုသောမျိုးစေ့ကို စိုက်ပျိုးလျှင် ချိုသောအသီးကို ဆောင်ရမည် (စားရမည်)။ ခါးသောမျိုးစေ့ကို စိုက်ပျိုးလျှင် ခါးသောအသီးကိုဆောင်ရမည် (စားရမည်)။ ထို့အတူ ကောင်းသောအမှုကို ပြုလုပ်လေ့ရှိသောသူသည် ကောင်းသောအကျိုးကိုခံစားရမည်။ မကောင်းသောအမှုကို ပြုလုပ်လေ့ရှိသောသူသည် မကောင်းသောအကျိုးကို ခံစားရမည်။

ဤကား ဗုဒ္ဓ၏ပွင့်လင်းပြတ်သားသော ဟောကြားချက်ဖြစ်၏။ ဗုဒ္ဓ၏ဟောကြားချက်ကား လိုက်နာသူအတွက် အရှုံးမရှိသောဒဿနတစ်ခုပင်ဖြစ်၏။ ဒါန၊ သီလ၊ ဘာဝနာဟူသော ကုသိုလ်ကောင်းမှုများကို ပြုလုပ်ထားသူသည် တမလွန်ဘဝသို့ ရောက်သောအခါတွင် ကယ်ဆယ်သောဘုရားတကယ်ရှိသည်ဆိုလျှင်လည်း ကောင်းတာများကို ပြုလုပ်ထားသူဖြစ်သောကြောင့် ရှေ့ဆုံးက အကယ်ဆယ်ခံရမည်သာ ဖြစ်၏။

ကယ်ဆယ်သောဘုရား မရှိဘူးဆိုပါကလည်း မိမိပြုထားသော ကုသိုလ်ကောင်းမှုများက မိမိကိုပြန်လည် စောင့်ရှောက်မည် ဖြစ်သောကြောင့် အားငယ်စရာမရှိပေ။ နောင်တမလွန်ဘဝကျမှ ကယ်ဆယ်မည့်ဘုရားကို အားကိုးပြီး ကုသိုလ်ကောင်းမှု မပြုလုပ်ခဲ့သောသူသည် တမလွန်ဘဝရောက်လျှင် မိမိယူဆခဲ့သလို ဘုရားရှင်က



www.burmeseclassic.com

www.burmeseclassic.com



လာမကယ်လျှင်ကား မိမိသာနစ်မွန်းတော့မည်ဖြစ်၏။

ယခုဖြစ်ရပ်နှင့်ပတ်သက်၍ ဆက်စပ်စဉ်းစားစရာကောင်းသော ဇာတ်တော်တစ်ခုကို အမှတ်ရမိ၏။ ဇာတ်လမ်းအကျဉ်းမှာ ကုန်သည် တစ်ထောင်တို့သည် သင်္ဘောပျက်ပြီး လူသူမနီးသော ကျွန်းကြီးတစ် ကျွန်းပေါ်သို့ ရောက်သွားကြ၏။ ထိုကျွန်းကြီးပေါ်တွင် သီးပင်စားပင် နှင့် သောက်ရေများ ကောင်းကောင်းရသဖြင့် လူငါးရာစီအုပ်စုခွဲပြီး နေကြ၏။ အုပ်စုတစ်စုတွင် ဘုရားအလောင်းပညာရှိက ဦးဆောင်၏။

ကျန်အုပ်စုတစ်စုတွင် ဒေဝဒတ်အလောင်းလူမိုက်က ဦး ဆောင်၏။ တစ်ရက်တွင် အရက်သောက်တတ်သောသူများက သစ်သီး မျိုးစုံကို အရက်ချက်ပြီး စိတ်ကြိုက်သောက်ကြ၏။ မူးရူးလာသောအခါ အညစ်အကြေးများကို ကျွန်းကြီးပေါ်တွင် ထင်သလို စွန့်ပစ်ကြ၏။ ကျွန်းမှာ စောင့်ကြပ်နေထိုင်သော နတ်များသည် အမျက်ဒေါသပြင်းစွာ ထွက်ပြီး လာမည့်လပြည့်ညတွင် ပင်လယ်ရေများကို ကျွန်းဖုံးသည်အထိ တက်စေပြီး ကျွန်းပေါ်ရှိလူများကို သတ်ဖြတ်ပစ်ရန် ဆုံးဖြတ်လိုက်ကြ၏။

ထိုအခါ သနားတတ်သောနတ်သားတစ်ယောက်က လူအများ မြင်သာအောင် ကိုယ်ထင်ပြပြီး လပြည့်ညတွင် ပင်လယ်ရေများ ကျွန်း ကိုဖုံးလွှမ်းလိမ့်မည်။ ယခုကတည်းက လှေများ၊ ဖောင်များ အသင့်ပြု လုပ်ထားကြပါဟု တိုက်တွန်းနှိုးဆော်ပြီး ပျောက်သွား၏။ တဖန် အသနားအညှာတာကင်းသော နတ်သားတစ်ယောက်ကလည်း ကိုယ် ထင်ပြ၍ ဤကျွန်းပေါ်သို့ ရေဖုံးလွှမ်းခြင်းဟူသည် တစ်ကြိမ်တစ်ခါမှ မဖြစ်ခဲ့ဖူးချေ။ ဖြစ်လည်းမဖြစ်နိုင်၊ ထို့ကြောင့် မည်သည့်လှေမှ ပြု



www.burmeseclassic.com

www.burmeseclassic.com



လုပ်စရာမလိုဘဲ အရင်အတိုင်း လွတ်လပ်ပျော်ရွှင်စွာနေနိုင်ကြသည် ဟုပြောပြီး ပျောက်သွားပြန်၏။

လာမည့်လပြည့်နေ့ညတွင် ကျွန်းကြီးတစ်ခုလုံးကို ရေများ ဖုံးလွှမ်းမည်/ မဖုံးလွှမ်းမည်မှာ မသေမချာဖြစ်နေ၏။ လူအများမှာ မည်သည့် နတ်သား၏ စကားကိုယုံကြည်ရမည်မသိဖြစ်နေ၏။ ရေလွှမ်း မည်/ မလွှမ်းမည်မှာ မသေချာသောအခါ လှေလုပ်ဖို့မလုပ်ဖို့မှာလည်း မရေရာဖြစ်ရပြန်သည်။ ဒေဝဒတ်အလောင်း ခေါင်းဆောင်နှင့် နောက် လိုက်များကား ဉာဏ်ပညာမရှိသောကြောင့် ဒုတိယနတ်သား၏ စကား ကိုလက်ခံပြီး လှေမထွင်းပဲ၊ မလုပ်ပဲနေကြ၏။

ဘုရားအလောင်း၏ နောက်လိုက်ငါးရာတို့ကလည်း ဒေဝဒတ် တို့၏အဖွဲ့သားများကဲ့သို့ လှေမထွင်း၊ ဖေါင်မဖွဲ့ဘဲ သက်သာစွာနေချင် ကြ၏။ ထိုအခါ ဘုရားအလောင်းက သေချာရေရာသည့် အရှုံးမရှိသော ဒဿနတစ်ခုကို ယခုလိုပေး၏။

နတ်သားနှစ်ယောက်တွင် စကားနှစ်ခွန်းဖြစ်နေ၍ မည်သူမှ သေချာမသိနိုင်၊ ထို့ကြောင့် လပြည့်နေ့ညရောက်မှသာ ရေဖုံးလွှမ်း မည်/ မဖုံးလွှမ်းမည်ကို သေချာသိနိုင်ကြမည်။ ငါတို့တတွေသည် ဒုတိယ နတ်သား၏ စကားကိုယုံကြည်ပြီး လှေမလုပ်ဘဲနေကြလျှင် လပြည့် ညရောက်ပါက ရေမတက်လျှင်တော်သေး၏။ ရေတက်လာလျှင်ကား ငါတို့တစ်တွေသာ အသက်ဆုံးရှုံးကြမည်ဖြစ်သည်။

ထို့ကြောင့် လှေမလုပ်သောနည်းလမ်းသည် အသက်အတွက် မသေချာမရေရာသောနည်းလမ်း၊ အရှုံးရှိသောနည်းလမ်းသာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ပထမနတ်သား၏ သတိပေးစကားအတိုင်း လှေလုပ်ကြမည်။ လှေကို ကြိုတင်လုပ်ထားလျှင် လပြည့်ညတွင် ရေမတက်ပါကလည်း ကိစ္စမရှိ။ နောင်သွားရေးလာရေးကိစ္စများအတွက် အသုံးဝင်မည်။ ရေတက်လာလျှင်ကား ငါတို့တစ်တွေ၏ အသက်ကို အသင့်လုပ်ထားသော လှေများကသာ ကယ်ဆယ်နိုင်မည်။

ထို့ကြောင့် လှေကိုကြိုတင်လုပ်ထားသော နည်းလမ်းသည် ငါတို့တစ်တွေအတွက် အသက်မသေစေရန် သေချာရေရာသော နည်းလမ်း၊ အရှုံးမရှိသော နည်းလမ်းသာဖြစ်သည်။

လပြည့်နေ့ညရောက်သောအခါ ရေများတက်လာသဖြင့် ဒေဝဒတ်အလောင်းနှင့် အပေါင်းပါငါးရာတို့သည် ရေနစ်သေဆုံးကြရပြီး ဘုရားအလောင်းနှင့် အပေါင်းပါငါးရာကား အသင့်လုပ်ထားသော လှေများကြောင့် အသက်ချမ်းသာရာရကြ၏။ ထို့ကြောင့် မည်သည့်ဘာသာဝင်မဆို ဒါန၊ သီလ၊ ဘာဝနာဟူသော လှေကိုကား ကောန်မှုချ ပြုလုပ်ထားသင့်ကြ၏။

ရေတက်မည်၊ မတက်မည်ဆိုသည်မှာ မသေချာမရေရာသကဲ့သို့ သေပြီးနောက်မှ မိမိဘာသာနှင့်ဆိုင်ရာ ဘုရားက ကယ်ဆယ်မည်ဆိုသည်မှာ မသေချာမရေရာသောနည်းလမ်းသာဖြစ်၏။ ကမ္ဘာပေါ်ရှိ လူဦးရေသန်းပေါင်းခြောက်ထောင်ကျော်တွင် သေပြီးနောက်မှ ဘုရားက ကယ်တင်မှုကို လက်တွေ့ကြုံဖူးသူ တစ်ယောက်မှ မရှိချေ။ စာတွေ့ဖြင့်သော်လည်းကောင်း၊ တစ်ဆင့်ကြားဖြင့်သော်လည်းကောင်း ဟောပြောနေကြရခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုပြောပြောနေသူများကိုယ်တိုင်လည်း ဘုရားက ကယ်/မကယ် ဆိုသည်ကို သေပြီးနောက်မှ သေချာပေါက်သိကြမည်ဖြစ်၏။ ထို့ကြောင့် ဒါန၊ သီလ၊ ဘာဝနာဟူသော ကုသိုလ်ကောင်းမှုများကို ပြုလုပ်မထားလျှင် သေသောအခါ ဘုရားကကယ်လျှင် တော်ပါသေး၏။ မကယ်လျှင်ကား မိမိသာ ဒုက္ခရောက်ရမည်ဖြစ်၏။ ဒါန၊ သီလ၊ ဘာဝနာဟူသော ကုသိုလ်တရားများကို ပြုလုပ်ထားလျှင်ကား ဘုရားက ကယ်တင်လျှင်လည်း သူတော်ကောင်းတရားများကို ပြုလုပ်ထားသူဖြစ်၍ တခြားသူများထက်ပို၍ ကယ်တင်ခြင်းကို ခံယူရမည်ဖြစ်၏။

ဘုရားက ကယ်တင်မှုမပြုလျှင်လည်း မိမိပြုထားသော ကုသိုလ်ကောင်းမှုများက မိမိကိုကယ်တင်စောင့်ရှောက်မည်ဖြစ်၏။ ထို့ကြောင့် မိမိအတွက် အရှုံးမရှိသောနည်းလမ်းကား ဒါန၊ သီလ၊ ဘာဝနာဟူသော ကုသိုလ်တရားများကို ကြိုတင်ပြုလုပ်ထားခြင်းပင်ဖြစ်၏။

အရှုံးမရှိသောဒဿနကို ဖော်ပြပြီး၍ ယခုအခါ သုဘာလုလင်၏ အမေးနှင့် ဗုဒ္ဓ၏အဖြေတို့ကို ဖော်ပြပေအံ့–

**မေး** – လူသားချင်းတူပါလျက် တစ်ချို့ကအသက်တိုပြီး တစ်ချို့က အသက်ရှည်ကြသည်မှာ အဘယ်ကြောင့်ပါနည်း။

**ဖြေ** – ဘုရားရှင်မှန်သမျှသည် ကရုဏာတရားရှိသူများသာ ဖြစ်ကြ၏။

သတ္တဝါတို့သည် မိမိတို့ကိုယ်ကို မိမိတို့ဖန်ဆင်းကြခြင်းဖြစ်၏။ ထိုဖန်ဆင်းသူကား ကံပင်ဖြစ်၏။ စေတနာကို ကံဟုခေါ်၏။ ထို့ကြောင့် စေတနာကောင်းလျှင် ကံကောင်းမည်။ စေတနာဆိုးလျှင် ကံဆိုးမည်



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုကြခြင်းဖြစ်၏။ အသက်တိုသောသူသည် သူတစ်ပါး၏အသက်ကို သတ်ဖြတ်ခဲ့သောကြောင့်ဖြစ်၏။ အသက်ရှည်သောသူသည် သူတစ်ပါး၏အသက်ကို သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ခဲ့သောကြောင့်ပင်ဖြစ်၏။

သူတစ်ပါးအသက်ကို သတ်ခြင်းသည် စေတနာဆိုးဖြစ်၏။ ထိုစေတနာဆိုးက ဖြစ်ရာဘဝတွင် အသက်တိုအောင်ပြုလုပ်ခြင်းဖြစ်၏။ သူတစ်ပါးအသက်ကို ရှည်စေလိုခြင်းသည် စေတနာကောင်းကြောင့်ဖြစ်၏။ ထိုစေတနာကောင်းသည် ဖြစ်ရာဘဝတွင် အသက်ရှည်အောင်ပြုလုပ်ပေးခြင်းဖြစ်၏။ ရန်ကုန်တိုင်း ရွှေပြည်သာမြို့ မန္တလေးကျောင်းတိုက်တွင် ရှင်ပြုအလှူပွဲတစ်ခုပြုလုပ်စဉ်က သက်တော်ရှည်ဆရာတော်ကြီးတစ်ပါး ကြွလာဖူး၏။

ငယ်ဖြူမဟုတ်၊ တောထွက်တစ်ပါးပင် ဖြစ်၏။ အသက်ကိုးဆယ်မှရဟန်းပြုသည်။ ထိုအချိန် (၂၀၀၀)ခုနှစ်ကပင် (၁၄)ဝါ ရှိနေရာ အသက် (၁၀၄) နှစ်ဖြစ်၏။ ယခု (၂၀၀၄) ခုနှစ်ဆိုလျှင် (၁၀၈)နှစ်ရှိပြီဖြစ်၏။ ရွှေပြည်သာမြို့ ၅/၄ ရပ်ကွက်၊ အင်ကြင်းပန်းခြံတွင်နေထိုင်ကြသော ဦးကျော်ဝင်း+ဒေါ်လှလှဝင်း (ထ/၁/ရွှေပြည်သာ) တို့၏ဖခင်ဖြစ်၏။ အသက် ၆၀/၇၀ အရွယ်မှာပင် တဖြုတ်ဖြုတ်သေနေကြသော ဆုတ်ကပ်ခေတ်ထဲတွင် ထိုဦးပဉ္စင်းကြီးက (၁၀၈) နှစ်အရွယ်ထိအသက်ရှည်ခြင်းမှာ သူတစ်ပါးအသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခဲ့သောကြောင့်ပင်ဖြစ်၏။

ရန်ကုန်မြို့မှ အချမ်းသာဆုံးစာရင်းဝင် သူဌေးကြီးတစ်ဦး၏သားတစ်ယောက်သည် အရက်မူးပြီး ကားကို တရကြမ်းမောင်းလာ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူ၏ အသက်မှာ (၁၈) နှစ်ခန့်သာရှိသေးသည်။ သူတစ်ပါးကား နှင့် တိုက်မိ၍သော်လည်းကောင်း၊ လမ်းချော်၍သော်လည်းကောင်း၊ ကားမှောက်သွားလျှင်လည်း သူ့အတွက် စိုးရိမ်စရာမရှိ၊ အဘယ်ကြောင့် နည်း။ သူမောင်းလာသော နောက်ဆုံးပေါ်ကားကြီးတွင် လျှို့ဝှက်အသက် ကယ်လေအိတ်များ ကားအတွင်းပိုင်းတွင် အပြည့်ပါ၏။

ကားတစ်စုံတစ်ခုဖြစ်၍မှောက်သည်နှင့် လေအိတ်များက အလို အလျောက်ထွက်လာပြီး ကားအတွင်းရှိလူများကို မာသောအရာဝတ္ထု နှင့် မထိမိုက်မိအောင် ကြားခံအဖြစ်တားဆီးထားမည်ဖြစ်သည်။ ထို့ ကြောင့်လည်း သူဌေးသားက အကြောက်အရွံ့မရှိ မောင်းနှင်နေခြင်း ဖြစ်သည်။ အရှိန်များလွန်းသဖြင့် မထိန်းနိုင်ဘဲ မျက်နှာချင်းဆိုင်မှ လာသော ကားတစ်စီးကို ဝင်တိုက်မိ၏။ သူ့ကားသည် လမ်းဘေး သို့ထိုးကျပြီး မှောက်သွား၏။

သက်ဆိုင်ရာများရောက်လာ၍ ကားတံခါးကိုဖွင့်ကြည့် လိုက်သောအခါ သူဌေးသားသည် ကားနံရံနှင့်ခေါင်းနှင့်ဆောင့်မိပြီး အတွင်းကြေ, ကြေကာ သေနေပြီကိုတွေ့ကြရ၏။ အရေးပေါ်လျှို့ဝှက် လေအိတ်များ ထွက်မလာခြင်းကြောင့် သေရသလော၊ မဟုတ်ပေ။ ကားမှောက်သည်နှင့် လေအိတ်များက သူဌေးသား၏အသက်ကို ကယ်ရန်ထွက်လာကြပါ၏။ သို့သော် ကားစီယာတိုင်ရှိ လက်ကိုင်ကွင်း တွင် သူဌေးသားကိုယ်တိုင် အလှတပ်ထားသော သမင်ချိုများက ထွက် လာသောလေအိတ်များကို ထိုးဖေါက်ပစ်လိုက်သောကြောင့်တည်း။

အပေါ်ယံကြည့်မည်ဆိုလျှင် သမင်ချိုများက လေအိတ်ကို



www.burmeseclassic.com

www.burmeseclassic.com



ဖေါက်ခွဲပစ်လိုက်သောကြောင့် သူဌေးသားသေရခြင်းကို တွေ့မည်ဖြစ်၏။ ကံမျက်စေ့ဖြင့်ကြည့်မည်ဆိုလျှင် သူဌေးသားသည် အရင်ဘဝများက ဒါနပြုခဲ့၏။ ထိုဒါနကုသိုလ်က ချမ်းသာသောမိဘဝမ်းထဲ ပို့ပေး၏။ သို့သော် သူသည် သီလမရှိခဲ့။ သူတစ်ပါး၏အသက်တို့ကို များစွာ သတ်ဖြတ်ခဲ့၏။ ထိုစေတနာဆိုး၊ ကံဆိုးများက (၁၈) နှစ်အရွယ် ငယ် ငယ်လေးနှင့် သေစေရန် အသက်ကယ်မည့်လေအိတ်များကို ကြဲဖန် ဖေါက်ခွဲပစ်လိုက်ခြင်းသာဖြစ်၏။

**မေး** – လူသားချင်းတူပါလျက် တစ်ချို့အနာရောဂါပေါများပြီး တစ်ချို့က အနာရောဂါ ကင်းရှင်းကြသည်မှာ အဘယ့်ကြောင့်ပါနည်း။

**ဖြေ** – သူတစ်ပါးကို နာကျင်အောင်ညှဉ်းဆဲခဲ့သူများသည် အနာရောဂါ များ၍ ညှင်းဆဲခြင်းမှ ရှောင်ကြဉ်ခဲ့သူများသည် အနာရောဂါ ကင်းရှင်း သည်။ ဗုဒ္ဓဒေသနာအရ အသက်ရှည်ကျန်းမာလိုလျှင် သူတစ်ပါး အသက်ကိုသတ်ခြင်း၊ သူတစ်ပါးကို ညှင်းဆဲခြင်းမှ ရှောင်ကြဉ်ရမည် ဖြစ်၏။ အကြောင်းသတ်တရားဟုခေါ်၏။ အသက်တိုခြင်း၏ အကြောင်း တရား၊ ရောဂါများဖြစ်ခြင်း၏ အကြောင်းတရားတို့ကို ပယ်သတ် လိုက်ခြင်းပင်ဖြစ်၏။

သိပ္ပံနည်းပညာဖြင့် ဖော်ထုတ်ထားသော ဆေးဝါးများသည် အကျိုးသတ်တရားဖြစ်၏။ အကျိုးသတ်တရားဟူသည် ရောဂါဖြစ်ပေါ် လာခြင်း၏အကြောင်းတရားကို မပယ်သတ်နိုင်ဘဲ အကျိုးတရား ဖြစ်ပေါ်လာသည့် ရောဂါကိုသာ ပျောက်အောင်ကုသနေရခြင်းကို ဆိုလို ခြင်းဖြစ်၏။ ဥပမာအားဖြင့် အစားအစာကို မတန်တဆစားသော



www.burmeseclassic.com

www.burmeseclassic.com



အလေ့အထကြောင့် လူတစ်ယောက်သည် အစာမကြေ၊ ရင်ပြည့် ရင်ကယ်ရောဂါ မကြာခဏဖြစ်နေ၏။

ဆေးသိပ္ပံနည်းအရ ဝမ်းထဲတွင်ပြည့်လာသောအခါ အစာများ ကြေအောင်သာ ဆေးတိုက်မည်ဖြစ်၏။ အစာမကြေရောဂါဖြစ်ခြင်း၏ အဓိကအကြောင်းဖြစ်သည့် အစားလောဘကြီးသောအကျင့်ကို ဖျောက် နိုင်းဖို့ သိမည်မဟုတ်ပါ။ ထို့ကြောင့် ဆေးမည်မျှလောက်တိုက်တိုက်၊ ထိုးထိုး အစားကြီးနေသမျှ အစာမကြေသောရောဂါကား ဆက်ဖြစ် နေမည်သာဖြစ်၏။ ဗုဒ္ဓနည်းအရ အစာမကြေရောဂါဖြစ်ခြင်း၏။ အဓိက အကြောင်းဖြစ်သည့် အစားကြီးသည့်အကျင့်ကိုသာ ဖျောက်နိုင်းမည် ဖြစ်၏။

အစားကြီးသောအကျင့်ပျောက်သည်နှင့် အစာမကြေရောဂါ သည် ဘယ်သောအခါမှ ဖြစ်တော့မည်မဟုတ်ပေ။ ထို့ကြောင့် ယခု ခေတ်တွင် နှလုံးရောဂါပျောက်သော ဆေးမပေါ်နိုင်မီမှာပင် ကင်ဆာ ရောဂါကထပ်ပေါ်လာ၏။ ကင်ဆာရောဂါပျောက်ဆေးမပေါ်မီမှာပင် သွေးတိုးရောဂါက ပေါ်လာပြန်၏။ သွေးတိုးရောဂါပျောက်သောဆေး မပေါ်မီမှာပင် ဆီးချိုရောဂါက ပေါ်လာပြန်၏။ ထိုရောဂါများအတွက် မနိုင်မနင်းဖြစ်နေစဉ်မှာပင် အေအိုင်ဒီအက်(စ်) ရောဂါ၊ ဆား(စ်)ရောဂါ၊ ကိုမားရောဂါတို့က ဆက်ပေါ်လာ၏။ ထို့ကြောင့် အသက်ရှည်ပြီး ရောဂါ ကင်းလိုသူများသည် ဗုဒ္ဓနည်းအတိုင်း သူ့အသက်ကိုသတ်ခြင်းမှလည်း ကောင်း၊ သူတစ်ပါးကို ညှဉ်းဆဲခြင်းမှလည်းကောင်း ရှောင်ကြဉ်သင့်



www.burmeseclassic.com

www.burmeseclassic.com



ပါ၏။

**မေး** – လူသားချင်းတူပါလျက် တချို့က အရုပ်ဆိုး၍ တချို့က ရုပ်လှကြသည်မှာ အဘယ်ကြောင့်ပါနည်း။

**ဖြေ** – အမျက်ဒေါသကြီးခဲ့သူများ အရုပ်ဆိုး၍ ဒေါသကင်းပြီး မေတ္တာပွားသူများ ရုပ်ရည်ချောမောလှပသည်။

**မေး** – လူသားချင်းတူပါလျက် တချို့က အခြွေအရံပေါများပြီး တချို့က အခြွေအရံမရှိဘဲ တစ်ယောက်တည်း အထီးကျန်နေရသည်မှာ အဘယ့်ကြောင့်ပါနည်း။

**ဖြေ** – မိမိထက် စည်းစိမ်ဥစ္စာ၊ ရာထူး၊ အာဏာသာသူများအပေါ် မနာလိုဝန်တိုဖြစ်ခဲ့သူများ အခြွေအရံနည်းပါးပြီး ကိုယ့်ထက်အစစရာရာသာသူများအပေါ် မုဒိတာဖြင့် ဝမ်းမြောက်ခဲ့သူများ အခြွေအရံပေါများသည်။

**မေး** – လူသားချင်းတူပါလျက် တချို့က ပစ္စည်းဥစ္စာပေါများချမ်းသာကြသည်မှာ အဘယ်ကြောင့်ပါနည်း။

**ဖြေ** – လှူဒါန်းပေးကမ်း၊ စွန့်ကြဲခဲ့သူများ ပစ္စည်းဥစ္စာပေါများချမ်းသာ၍ မပြုခဲ့သူများ ဆင်းရဲမွဲတေသည်။

ချမ်းသာချင်စိတ်ရှိတာခြင်းလည်းတူ၊ စီးပွားရှာတာခြင်းလည်းတူပါလျက် တချို့က အဆင်ပြေချမ်းသာပြီး တချို့က အဆင်မပြေမချမ်းမသာကြခြင်းမှာ ဒါနရှိမှု/မရှိမှုတို့၏ ကွာခြားမှုကြောင့်ပင်ဖြစ်၏။ အင်္ဂုတ္တိုရ်ပါဠိတော်တွင် မိမိပြုခဲ့သည့်ဒါနစေတနာအလိုက် စီးပွားဖြစ်ထွန်းအမြတ်ကျန်ပုံကို ဗုဒ္ဓဟောကြားထားသည်မှာ တိကျသေချာလှ၏။



www.burmeseclassic.com

www.burmeseclassic.com



တချို့လူသည် စီးပွားရေးလုပ်သည့်အခါ သိန်းတစ်ထောင်မြတ်မည်ဟု ထင်ထားသော်လည်း အဆင်ပြေပြီး သိန်းနှစ်ထောင်ကျော်မြတ်သွား၏။

ထိုသူသည် အရင်ဘဝက အလှူခံပုဂ္ဂိုလ်ကို တစ်ရာဖိုးလှူမည်ဟု ပြောထားသော်လည်း တကယ်လှူသောအခါ စေတနာပိုပြီး နှစ်ရာဖိုး လှူခဲ့သောကြောင့်ဖြစ်သည်။ လူတစ်ယောက်ကား စီးပွားလုပ်ရာ သိန်းတစ်ထောင်မြတ်မည်ဟု ခန့်မှန်းထား၏။ ခန့်မှန်းသည့်အတိုင်း သိန်းတစ်ထောင်ပင် မြတ်၏။ ထိုသူသည် အရင်ဘဝဒါနပြုစဉ်က အလှူခံပုဂ္ဂိုလ်ကို တစ်ရာဖိုးလှူမည်ဟု ပြောထားပြီး ပြောခဲ့သည့်အတိုင်း တိကျစွာတစ်ရာဖိုးလှူခဲ့သောကြောင့်ဖြစ်၏။

လူတစ်ယောက်သည် စီးပွားရှာရာ၌ သိန်းတစ်ထောင်မြတ်မည်ဟု ကြံစည်ထား၏။ တကယ်မြတ်သောအခါ သိန်းငါးရာသာမြတ်၏။ ထိုသူသည် အလှူခံကို တစ်ရာဖိုးလှူမည်ဟုပြောထားပြီး တကယ်လှူသောအခါ စေတနာလျော့သွားပြီး ငါးဆယ်ဖိုးသာလှူခဲ့သောကြောင့် ဖြစ်၏။ လူတစ်ယောက်သည် စီးပွားရှာသောအခါ သိန်းတစ်ထောင်မြတ်မည်ဟု တွက်ထား၏။ အလုပ်ပြီးသောအခါ မမြတ်သည့်အပြင် အရှုံးပေါ်၏။ ထိုသူသည် အလှူခံကို တစ်ရာဖိုးလှူမည်ဟု ပြောထားပြီး နောင်အခါ စေတနာပျက်ပြီး မလှူခဲ့သောကြောင့်ဟု ဗုဒ္ဓက ဟောကြားတော်မူခဲ့၏။

**မေး** – လူချင်းတူပါလျက် အမျိုးယုတ်ခြင်း၊ အမျိုးမြတ်ခြင်းဟူ၍ ကွဲပြားရသည်မှာ အဘယ့်ကြောင့်ပါနည်း။

**ဖြေ** – မာနကြီးပြီး ဂါရဝ၊ နိဝါတကင်းသူ ဖြစ်ရာဘဝ အမျိုးယုတ်၍



www.burmeseclassic.com

www.burmeseclassic.com



မာနကင်းပြီး ဂါရဝ၊ နိဝါတရှိသူ အမျိုးမြတ်ဖြစ်သည်။

**မေး** – လူချင်းတူပါလျက် တချို့က ဉာဏ်ထိုင်းပြီး တချို့က ဉာဏ်ကောင်းသည်မှာ အဘယ်ကြောင့်ပါနည်း။

**ဖြေ** – မိမိမသိတာကို မေးမြန်းတတ်သူများ ဖြစ်ရာဘဝ ဉာဏ်ကောင်း၍ မမေးမြန်းသူများ ဉာဏ်ထိုင်းသည်။

ဤအမေးအဖြေများကို သဘာဝကျကျ ပြောပြတတ်မှုကြောင့် မဝင်း၏ ခင်ပွန်းသည် ဗုဒ္ဓဘာသာသို့ ဝင်ရောက်လာခဲ့သလို စာရှုသူများသည်လည်း ဤဆောင်းပါးကိုဖတ်ရှုပြီး တကယ့်ဗုဒ္ဓဘာသာဝင်ဖြစ်ကာ မိမိနှင့်သက်ဆိုင်သူများကို ဗုဒ္ဓဘာသာအဖြစ်သို့ပါအောင် သမာသမတ်ကျစွာ ဆွဲဆောင်နိုင်ကြပါစေ။

**မှတ်ချက်** – သရဏဂုံသုံးပါးအကြောင်းကို ကျွန်ုပ်တို့ရေးသားသော မျက်ရည်မကျခင်သိစေချင်၊ သရဏဂုံအစွမ်းအံ့မခန်း၊ မြန်မာတို့၏ အသက် စာအုပ်တို့တွင် ဖတ်ရှုနိုင်သည်။

❀ ❀ ❀

**သစ္စာမသိမှု အဝိဇ္ဇာ၏နိပ်စက်ပုံ**

အန္ဓဗာလ ပုထုဇဉ်ဘဝမှ အန္ဓပုထုဇဉ်ဘဝမရောက်အောင် အဝိဇ္ဇာ က တားဆီးဖုံးလွှမ်းထား၏။

အန္ဓပုထုဇဉ်ဘဝမှ ကလျာဏပုထုဇဉ်ဘဝ မရောက်အောင် အဝိဇ္ဇာကပင် တားဆီးဖုံးလွှမ်းထား၏။

ကလျာဏပုထုဇဉ်ဘဝမှ စူဠသောတာပန် ပုထုဇဉ်ဘဝ မရောက်အောင် အဝိဇ္ဇာကပင် တားဆီးဖုံးလွှမ်းထား၏။



www.burmeseclassic.com

www.burmeseclassic.com



ရှုဠသောတာပန် ပုထုဇဉ်ဘဝမှ မဟာသောတာပန် ဘဝ မရောက်အောင် အဝိဇ္ဇာကပင် တားဆီးဖုံးလွှမ်းထား၏။

သောတာပန်ဘဝမှ သကဒါဂါမ်ဘဝ မရောက်အောင် အဝိဇ္ဇာကပင် တားဆီးဖုံးလွှမ်းထား၏။

သကဒါဂါမ်ဘဝမှ အနာဂါမ်ဘဝ မရောက်အောင် အဝိဇ္ဇာကပင် တားဆီးဖုံးလွှမ်းထား၏။

အနာဂါမ်ဘဝမှ ရဟန္တာဘဝမရောက်အောင် အဝိဇ္ဇာကပင် တားဆီးဖုံးလွှမ်းထား၏။

ရဟန္တာဘဝရောက်မှပင် လူသားသည် အဝိဇ္ဇာ၏စက်ကွင်းမှ လွတ်၏။ သစ္စာလေးပါးမသိမှု အဝိဇ္ဇာသည် လူသားကို ရဟန္တာဘဝသို့ မရောက်ရန် တားဆီးဖို့အတွက် ဘဝကို လိုချင်တပ်မက်မှုတဏှာနှင့် ငါ့ရုပ်၊ ငါ့နာမ်၊ ငါ့ခန္ဓာဟု ထောင်လွှားမှု မာနတရားတို့၏ ကူညီပံ့ပိုးမှုကို ရယူ၏။ ထိုမောဟ၊ တဏှာ၊ မာန၊ ကိလေသာသည် ထုထည်ကြီးမားများပြားကျယ်ဝန်း၏။

ထိုတရားများကို လေးပုံစီပုံပြီး မဂ်လေးပါးက အစဉ်အတိုင်း တစ်ပုံစီပယ်သတ်ရ၏။ အရဟတ္တမဂ်ကျမှ အကုန် ကုန်၏။ ထိုကိလေသာတွေအားလုံးကုန်ပြီး ရဟန္တာဖြစ်မှ ဗုဒ္ဓအလိုကျကြောင်း ဓမ္မပဒပါဠိတော် ဂါထာ အမှတ်-၂၇၁၊ ၂၇၂ ၌ ဗုဒ္ဓကယခုလိုဟောကြားထား၏။

**နသီလဗ္ဗတမတ္တေန၊ ဗာဟုသစ္စေဝပန။**

**အထဝါသမာဓိလာဘေန၊ ဝိဝိတ္တသယနေနဝါ။**

**ဖုသာမိနေက္ခမ္မသုခံ၊ အပုထုဇ္ဇနသေဝိတံ။**



www.burmeseclassic.com

www.burmeseclassic.com



**ဘိက္ခုဝိဿာယ-မာပါဒိ၊ အ-ပတ္တော အာသဝက္ခယံ။**

ရဟန်း ... သင်သည် ရဟန္တာဖြစ်ခြင်းသို့ မရောက်သေးဘဲ သီလစင်ကြယ်ရုံမျှ ဓုတင်ဆောင်နိုင်ရုံမျှဖြင့် စိတ်ချလက်ချနေခြင်းသို့ မရောက်လင့်။

ပိဋကတ်သုံးပုံဆောင်နိုင်သည့်တိုင်အောင် အကြားအမြင်များ ရုံမျှဖြင့်လည်း စိတ်ချလက်ချနေခြင်းသို့ မရောက်လင့်။

ဈာန်သမာပတ်ရှစ်ပါးကို ရရုံမျှဖြင့်လည်း စိတ်ချလက်ချ နေခြင်းသို့ မရောက်လင့်။

ဆိတ်ငြိမ်သော တောရကျောင်း၌ နေနိုင်ရုံမျှဖြင့်လည်း စိတ်ချ လက်ချနေခြင်းသို့ မရောက်လင့်။

ပုထုဇဉ်တို့ မမှီဝဲနိုင်သော အနာဂါမိ ဖိုလ်ချမ်းသာကိုတွေ့နိုင်၊ ရောက်နိုင်သည်ဟူ၍လည်း စိတ်ချလက်ချနေခြင်းသို့ မရောက်လင့်။

ရဟန္တာအဖြစ်သို့ မရောက်အောင် အဝိဇ္ဇာ၏တားဆီးခြင်း၊ ဖုံး လွှမ်းခြင်းခံရသည်မှာ သစ္စာလေးပါးကို မသိမှုကြောင့်ဖြစ်၏။ သစ္စာ လေးပါးကိုသိသည်နှင့် အဝိဇ္ဇာသည် ကွယ်ပျောက်ရမည်ဖြစ်၏။ သစ္စာ လေးပါးကိုသိရာ၌ အဆင့်နှစ်ဆင့်ရှိ၏။ အဆင့်နှစ်ဆင့်ကား အနုဗော ဓအသိနှင့် ပဋိဝေဓအသိပင်ဖြစ်၏။

အနုဗောဓသိဟူသည် ဆရာဖြစ်သူ ဟောကြားပြသရေးသား သည့်အတိုင်း ဆရာ၏ဉာဏ်ကို အစဉ်လိုက်ပြီး သိခြင်းဖြစ်၏။ အနုဗောဓ သိကို အခြေခံကာကိုယ်တိုင်ရှုပွားပြီး မဂ်ဖိုလ်ရသည်အထိ ထိုးထွင်း၍ သိသွားခြင်းကို ပဋိဝေဓသိဟုခေါ်၏။ အနုဗောဓသိကိုရပြီးမှ ပဋိဝေဓသိ



www.burmeseclassic.com

www.burmeseclassic.com



ကို ရနိုင်သည်ဖြစ်ရာ အနုဗောဓသိရရှိအောင် ဝိပဿနာတရားမျိုးစုံကို နာကြားပြီး ဝိပဿနာတရားစာအုပ်မျိုးစုံကို ဖတ်ရှုကြရမည်ဖြစ်၏။

* * *

**သစ္စာလေးပါးသရုပ်၊ အဓိပ္ပါယ်၊ ကိစ္စ၊ အရကောက်**

သစ္စာဟူသည် အမှန်ဟုအဓိပ္ပါယ်ရ၏။ ထိုသစ္စာသည် ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာဟု လေးပါးရှိ၏။

| | | |
|---|---|---|
| ဒုက္ခသစ္စာဟူသည် | – | ဆင်းရဲခြင်းအမှန် |
| သမုဒယသစ္စာဟူသည် | – | ဆင်းရဲသို့ရောက်ကြောင်းအမှန် |
| နိရောဓသစ္စာဟူသည် | – | ဆင်းရဲချုပ်ရာအမှန် |
| မဂ္ဂသစ္စာဟူသည် | – | ဆင်းရဲချုပ်ရာနိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်အမှန် |

**ဤကား သစ္စာလေးပါး၏သရုပ်(အရေအတွက်)နှင့် အဓိပ္ပါယ်။**

| | | |
|---|---|---|
| ဒုက္ခသစ္စာသည် | – | ပရိညာတဗ္ဗကိစ္စရှိ၏။ မမြဲ၊ ဆင်းရဲ၊ အစိုးမရဟုသိရမည့်တရား။ |
| သမုဒယသစ္စာသည် | – | မဟာတဗ္ဗကိစ္စရှိ၏။ ပယ်သတ်ရမည့်တရား။ |
| နိရောဓသစ္စာသည် | – | သစ္ဆိကာတဗ္ဗကိစ္စရှိ၏။ ဆိုက်ရောက်ရမည့်တရား။ |
| မဂ္ဂသစ္စာသည် | – | ဘာဝေတဗ္ဗကိစ္စရှိ၏။ ပွားများရမည့်တရား။ |

**ဤကား သစ္စာလေးပါး၏ ပြုလုပ်ရမည့်ကိစ္စတည်း။**

**ကြည်တော်စိန်တာေ**

www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခသစ္စာအရ – လောကီစိတ်(၈၁)၊ လောဘကြဉ်စေတသိက် (၅၁) ရုပ် (၂၈)

သမုဒယသစ္စာအရ – လောဘစေတသိက်ကိုရ၏။

**ဤကား ပဓါနနည်း အပဓါနနည်းအားဖြင့်ကားကိလေသာဆယ်ပါးလုံးရ၏။**

နိရောဓသစ္စာအရ – နိဗ္ဗာန်ကိုရ၏။

မဂ္ဂသစ္စာအရ – သမ္မာဒိဋ္ဌိစသော မဂ္ဂင်တရားကိုယ်(၈)ပါးကိုရ၏။

**ဤကား သစ္စာလေးပါး၏ အရကောက်တည်း။**

**မဂ္ဂင်တရားကိုယ် (၈) ပါး**

(၁) သမ္မာဒိဋ္ဌိ = မှန်စွာသိခြင်း၊
**ပညာစေတသိက်ကိုရ၏။**

(၂) သမ္မာသင်္ကပ္ပ = မှန်စွာကြံစည်ခြင်း၊
**ဝိတက်စေတသိက်ကိုရ၏။**

(၃) သမ္မာဝါစာ = မှန်စွာပြောဆိုခြင်း၊
**သမ္မာဝါစာစေတသိက်။**

(၄) သမ္မာကမ္မန္တ = မှန်စွာပြုလုပ်ခြင်း၊
**သမ္မာကမ္မန္တစေတသိက်။**

(၅) သမ္မာအာဇီဝ = မှန်စွာအသက်မွေးခြင်း၊
**သမ္မာအာဇီဝစေတသိက်။**

(၆) သမ္မာဝါယမ = မှန်စွာအားထုတ်ခြင်း၊
**ဝီရိယစေတသိက်။**

(၇) သမ္မာသတိ = မှန်စွာအမှတ်ရခြင်း၊



www.burmeseclassic.com

www.burmeseclassic.com



**သတိစေတသိက်။**

(၈) သမ္မာသမာဓိ = မှန်စွာတည်ကြည်ခြင်း၊

**တေဂ္ဂတာစေတသိက်။**

**သမ္မဝါစာဖြစ်အောင် ဤစကားလေးမျိုးကိုရှောင်**

(၁) မုသာဝါဒ = လိမ်ညာ၍ပြောဆိုခြင်း။

(၂) ပိသုဏာဝါစာ = ကုန်းတိုက်စကားပြောဆိုခြင်း။

(၃) ဖရုသဝါစာ = ကြမ်းတမ်းယုတ်ရင်းသောစကားကို ပြောဆိုခြင်း။

(၄) သမ္ဖပလာပ = အကျိုးမရှိသော အပြိန်အဖျင်းစကားကို ပြောဆိုခြင်း။

BURMESE CLASSIC

**သမ္မာကမ္မန္တဖြစ်အောင် ဤအမှုသုံးခုကိုရှောင်**

(၁) ပါဏာတိပါတ = သူ့အသက်ကို သတ်ခြင်း။

(၂) အဒိန္နာဒါန = သူတစ်ပါးဥစ္စာကို ခိုးယူခြင်း။

(၃) ကာမေသုမိစ္ဆာစာရ = ကာမဂုဏ်တို့၌ မှားယွင်းစွာကျင့်ခြင်း။

**သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပသည်-**

- ပညာမဂ္ဂင်၊ အဘိဓမ္မာပိဋကတ်။

**သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိသည်-**

- သမာဓိမဂ္ဂင်

**သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝသည်-**

- သီလမဂ္ဂင်၊ ဝိနယပိဋကတ်။ သုတ္တန္တပိဋကတ်။

သိက္ခာသုံးပါးတွင် သီလသိက္ခာကို ဖြည့်ဆည်းလျှင် သီလ



www.burmeseclassic.com

www.burmeseclassic.com



သိက္ခာတစ်ခုသာရ၏။ သမာဓိသိက္ခာနှင့် ပညာသိက္ခာ အလိုလိုပါမလာ၊ သမာဓိသိက္ခာကို ဖြည့်ဆည်းလျှင် သီလသိက္ခာ တစ်ခါတည်းပါလာ၏။ ပညာ သိက္ခာ ပါမလာ။ ပညာသိက္ခာကို တရားနာရင်း တရားထိုင်ရင်း၊ တရားဆွေးနွေးရင်း ဖြည့်ဆည်းလိုက်လျှင်ကား သမာဓိသိက္ခာနှင့် သီလသိက္ခာတပါတည်းပါလာပြီး မဂ်ဖိုလ်ကို ချက်ခြင်းရသွား၏။

ဗုဒ္ဓလက်ထက်က သာဝတ္ထိမြို့အနီးတွင် တံငါသည် တစ်ယောက်ရှိ၏။ သူသည် နေ့စဉ်ငါးများကို ဖမ်းဆီးသတ်ဖြတ် ရောင်းစားကာ အသက်မွေးနေသူဖြစ်၏။ သီလ၊ သမာဓိ၊ ပညာ တစ်ခုမှမရှိ။ တစ်ရက်တွင် ငါးများကို ဖမ်းဆီးသတ်ဖြတ်နေသော တံငါသည်ကြီးရှိရာ မြစ်ကမ်းပါးသို့ ဘုရားရှင်ရောက်ရှိသွား၏။ ဘုရားရှင်ကို မြင်သည်နှင့် တံငါသည်လည်း ငါးဖမ်းသောအလုပ်ကို ခဏရပ်ထား၏။

ဗုဒ္ဓက သူ၏နာမည်ကိုမေးသောအခါ အရိယာဟု ခေါ်ကြောင်း ဖြေ၏။ ဗုဒ္ဓက နာမည်နှင့်အလုပ်နှင့် မကိုက်ညီကြောင်း၊ မဂ်ဖိုလ်ရပြီး သီလဖြူစင်သူများကိုသာ အရိယာဟု ခေါ်နိုင်ကြောင်းဟောပြပြီး သစ္စာ တရားကို ပြတော်မူ၏။ တရားနာနေဆဲအချိန်ထိ တံငါသည်တွင် သိက္ခာ သုံးပါး တစ်ခုမျှမရှိကြောင်းသတိပြုခဲ့ပါ။

ငါးတွေကို သတ်ဖြတ်နေ၍ သီလသိက္ခာလည်း မရှိ၊ ဖေါင်းတာ၊ ပိန်တာ၊ ဝင်တာ၊ ထွက်တာတစ်ခုမှ မရှုမှတ်ဖူး၍ သမာဓိသိက္ခာလည်း မရှိ။ ပညတ်၊ ပရမတ်၊ ရုပ်နာမ် တစ်ခါမှမကြားနာဖူး၍ ပညာသိက္ခာ လည်း မရှိ။ ထိုပုဂ္ဂိုလ်ကို ဗုဒ္ဓသည် သစ္စာလေးပါးတရားတော်ကို ဟော



www.burmeseclassic.com

www.burmeseclassic.com



ကြားပေးတော်မူ၏။ ဓမ္မပဒအဋ္ဌကထာ၌ အကျဉ်းသာပြ၏။ ဤ၌ကား စာဖတ်သူအားလုံး နားလည်အောင် အကျယ်ချဲ့ပြမည်။

ဓမ္မစကြာ၌ ဒုက္ခသစ္စာကို ရှစ်မျိုးခွဲပြ၏။

**ပဋိသန္ဓေနေရခြင်းသည် ဆင်းရဲ၏။**

**အိုရခြင်းသည် ဆင်းရဲ၏။**

**နာရခြင်းသည် ဆင်းရဲ၏။**

**သေရခြင်းသည် ဆင်းရဲ၏။**

**မချစ်သောသူနှင့် ပေါင်းသင်းရခြင်းသည်ဆင်းရဲ၏။**

**ချစ်သောသူနှင့် ကွေကွင်းရခြင်းသည် ဆင်းရဲ၏။**

**မိမိလိုချင်တာ မရခြင်းသည် ဆင်းရဲ၏။**

အကျဉ်းအားဖြင့် ဥပါဒါနက္ခန္ဓာငါးပါး (ဖြစ်ပျက်နေရခြင်း) သည် ဆင်းရဲ၏။

ဥပါဒါနက္ခန္ဓာငါးပါးဟူသည် စွဲလမ်းမှု (တဏှာအကြီးစား) ဥပါဒါန်နှင့်အတူဖြစ်သော ပရမတ်ခန္ဓာငါးပါးကို ဆိုလိုခြင်းဖြစ်၏။ ပဋိသန္ဓေနေရခြင်း၏ ဆင်းရဲပုံကို မြင်သာအောင်ပြအံ့။ သန္ဓေသားသည် တစ်ထွာသာသာခန့်သာ ကျယ်ဝန်းသောမိခင်၏ ဝမ်းဗိုက်အတွင်း၌ အစာဟောင်းအိမ်ကို ဖင်ခုထိုင်ကာ အစာသစ်အိမ်ကို ခေါင်းပေါ်ရွက်ပြီး ကျပ်တည်းကျဉ်းမြောင်းစွာ ဆယ်လနေရ၏။

ထိုဆင်းရဲကိုသိသာရန် စာဖတ်သူသည် မိမိတစ်ထိုင်လွတ်ရုံ သေတ္တာကြီးထဲတွင် မလှုပ်မယှက်ဆယ်နာရီခန့် နေကြည့်ပါ။ ထို ဆင်းရဲမျိုးဖြင့် မိခင်၏တစ်ထွာခန့် ဝမ်းဗိုက်တွင်းတွင် ဆယ်လခန့်နေခဲ့



www.burmeseclassic.com

www.burmeseclassic.com



ရသည်မှာ မည်မျှလောက်ထိ ဆင်းရဲမည်ဖြစ်ကြောင်း မှန်းဆသိနိုင်၏။ သန္ဓေကို မစောင့်ရှောက်တတ်သော မိခင်လောင်းများက ရေချွေးပူပူကို သောက်ချလိုက်လျှင် သန္ဓေသားမှာ ငရဲမီးနှင့် အပက်ခံရသလို ပူလောင် ပြင်းပြမှုဒဏ်ကို ခံရ၏။ နှုတ်မှကား ဘာမျှမပြောနိုင်။

မိခင်က အလွန်အေးသော ရေခဲရေများကို သောက်ချလိုက် လျှင် သန္ဓေသားသည် လောကန္တရငရဲသို့ ကျရသလောက် ပင်ပန်း ဆင်းရဲရှာ၏။ မိခင်က အကုန်းအကွ မဆင်ခြင်လျှင် သန္ဓေသားသည် ခါးကို လှန်ချိုးခံရသလို နာကျင်ရပြန်၏။ လူ့စိတ်မရှိသော မိခင်များက သန္ဓေပျက်ဆေးများ စားလိုက်ပြန်လျှင်ဝမ်းထဲမှာပင် ကျေမွပျက်စီးပြီး သေရပြန်၏။ သေသောက်ကျူးတို့လက်ထဲရောက်နေသော ဆိတ်သူငယ် သည် သေသောက်ကျူးများ နှိပ်စက်ညှဉ်းဆဲ သတ်ဖြတ်သမျှကို လည်စင်းပြီးခံရသကဲ့သို့ သန္ဓေသားသည်လည်း မိခင်လောင်း နှိပ်စက် ညှဉ်းဆဲ သတ်ဖြတ်သမျှ လည်စင်းခံရ၏။

သန္ဓေအပျက်မခံရ၍ ဖွားသောအခါတွင်လည်း ဒုက္ခရောက် ရပြန်၏။ ကြီးမားထွားကြိုင်းသော ဆင်ပြောင်ကြီးကို ကျဉ်းကျပ်သော အပေါက်မှ သံကြိုးသံကောက်များဖြင့် အတင်းဆွဲထုတ်သောအခါ ဆင်ပြောင်ကြီးသည် အသားအရေများ စုတ်ပြဲသည့်ဒဏ်ကို အတော်ကြီး ခံရပြီး၊ အပြင်သို့ရောက်ရသလို သန္ဓေသားသည်လည်း ကျဉ်းမြောင်းလှ သော မိခင်၏ယောနိပေါက်မှ အတင်းအဓမ္မ ဆွဲထုတ်ခံရပြီးမှ ထွက် ရသဖြင့် နာကျင်မှုဝေဒနာကို အလူးအလဲခံစားရ၏။

ထိုသို့ နာကျင်ရာလွန်းသဖြင့် မွေးခါစကလေးငယ်များသည်



www.burmeseclassic.com

www.burmeseclassic.com



တက်မတတ်၊ ချက်မတတ်ငိုကြွေးကြခြင်းဖြစ်၏။ အဝိဇ္ဇာ၏ ဖုံးလွှမ်းမှုကြောင့် ပဋိသန္ဓေဒုက္ခကို အနှုပုထုဇဉ်များ မသိနိုင်တော့ပေ။ ဗုဒ္ဓဟောကြားခဲ့ခြင်းကြောင့်သာ ယခုလို သိရခြင်းဖြစ်၏။ မိခင်ဝမ်းမှ ကျွတ်သည်နှင့် ပဋိသန္ဓေဒုက္ခကို ခံစားရခြင်းဆင်းရဲမှ လွတ်မြောက်၏။ ပဋိသန္ဓေနေခြင်း ဇာတိမှလွတ်သည်နှင့် ဇရာဒုက္ခကို စက္ကန့်မခြား ဆက်လက်ခံစားရ၏။ အသက် ၁၅၊ ၂၀ အရွယ်များကို လောကအနေဖြင့် အပျိုအရွယ်ဟု ခေါ်ကြ၏။ ဓမ္မအနေဖြင့်ကား မွေးဖွားပြီးသည်မှစ၍ တစ်ရက်ပြီးတစ်ရက် အိုလာသည်သာ ဖြစ်၏။

အသက် ၇၀၊ ၈၀ အရွယ်ရောက်မှ ဇရာ၏ဒဏ်ကို ခံကြရသည်ဟုထင်ကြ၏။ အမှန်ကား နေ့စဉ်နှင့်အမျှ ဇရာသည် တငွေ့ငွေ့နှင့် လောင်မြိုက်နှိပ်စက်နေသည်သာဖြစ်၏။ ဇရာ၏နှိပ်စက်မှုလုပ်ငန်းသည် အိပ်ယာပေါ်လဲပြီး မထူနိုင် မထနိုင်၊ ကျင်ကြီးကျင်ငယ် ထ,မစွန့်နိုင်လောက်အောင် နာသောအခါကျမှ ပြီးဆုံး၏။ ဇရာနှိပ်စက်ပြီးသည်နှင့် ဗျာဓိက မသေမချင်း ဆက်လက်နှိပ်စက်၏။

နောက်ဆုံးတွင် မရဏက သေသည်အထိ နှိပ်စက်လိုက်၏။ မရဏတောဉတ္တရိဒုက္ခံ နာမ နတ္ထိ= သေရခြင်းထက် ပိုလွန်သော ဆင်းရဲသည် မရှိဟုဗုဒ္ဓက ဟောထားသည်မှာ အလွန်မှန်၏။ ထိခိုက်ရှနာ ဖြစ်သောအခါ၊ ရောဂါဖြစ်သောအခါ၊ ဆင်းရဲသော ဝေဒနာကို ခံစားရသည်သာဖြစ်၏။ သို့သော် ထိုဆင်းရဲ ဝေဒနာသည် သေသောအခါ ခံစားရသော ဒုက္ခကိုမမီ။ အဘယ့်ကြောင့်နည်း။

သေခြင်းဆင်းရဲဝေဒနာမှတပါး ကျန်ဝေဒနာများသည် မည်မျှ



www.burmeseclassic.com

www.burmeseclassic.com



လောက်ထိ ဆင်းရဲသည်ဆိုစေ အလွန်ဆုံးခံစားရလျှင် သတိမေ့လောက် ရုံသာဖြစ်၏။ သေရခြင်းဆင်းရဲကား အိုလွန်းအားကြီး၍နာ၊ နာလွန်း အားကြီး၍ သေရခြင်းဖြစ်သောကြောင့် သေရသည့်အထိဆင်းရဲကို တခြားဆင်းရဲများ မည်သို့မျှ မမှီနိုင်တော့ပေ။ ထို့ကြောင့် တချို့သေ ခါနီးတွင် မခံမရပ်နိုင်လောက်အောင် နာကျင်လှသောကြောင့် မည်း နက်သော ငယ်ချေးများပင်ထွက်ကျပြီး သေကြရခြင်းဖြစ်၏။

ထိုနည်းတူ မချစ်သောသူနှင့် ပေါင်းသင်းရခြင်း၊ ချစ်သောသူ နှင့်ကွေကွင်းရခြင်းများ ၊မိမိအလိုရှိတာကို မရခြင်းများသည် ဆင်းရဲဒုက္ခ များပင်ဖြစ်၏။ ပြခဲ့သော ဆင်းရဲ(၇) မျိုးသည် သံဝေဂဉာဏ်အတွက် သာဖြစ်၏။ ယခုနောက်ဆုံး ရှစ်ခုမြောက်ဆင်းရဲသည်သာ ဝိပဿနာ ဉာဏ်၊ မဂ်ဉာဏ်ရဖို့အတွက်ဖြစ်၏။ သို့သော် သံဝေဂဉာဏ်ရှိမှ ဝိပဿနာဉာဏ်ဖြစ်ပေါ်နိုင်ပြီး ဝိပဿနာဉာဏ်ရှိမှ မဂ်ဉာဏ်ဖြစ်ပေါ် နိုင်ကြောင်းကိုလည်း သတိပြုအပ်၏။

ရှစ်ခုမြောက်ဆင်းရဲအမှန် (ဒုက္ခသစ္စာ)ကား အာရုံခြောက်ပါး နှင့် တိုက်ဆိုင်တိုင်း ဖြစ်ပျက်သွားသော ဥပါဒါနက္ခန္ဓာငါးပါးပင်တည်း။ ပန်းတစ်ပွင့်ကို မြင်လိုက်သည်နှင့် ဥပါဒါနက္ခန္ဓာငါးပါးသည် တား၍မရ၊ ဆီး၍မရအောင် ဖြစ်ပျက်သွားလေပြီ။ ပန်းပွင့်တည်းဟူသော အဆင်း ရုပ်နှင့် မျက်စိအကြည် ရုပ်တို့ ထိခိုက်မိကြသည်နှင့် မြင်သိစိတ်စေတ သိက်ဟူသော နာမ်တရားများ ဖြစ်ပေါ်လာကြ၏။

မျက်စိအကြည်ရုပ်နှင့် အဆင်းရုပ်သည် ရုပ်တရားဖြစ်၏။ မြင်သိ စိတ်နှင့် ယှဉ်ဘက်စေတသိက်များသည် နာမ် တရားများဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ရုပ်တရားသည် တစ်စက္ကန့်အတွင်း အကြိမ်ပေါင်း ကုဋေ (၅၈၈၀)ကျော် ဖြစ်ပျက်သွား၏။ နာမ်တရားသည် တစ်စက္ကန့်အတွင်း အကြိမ်ပေါင်း ကုဋေတစ်သိန်းဖြစ်ပျက်သွား၏။ နာမ်တရားကို ခန္ဓာဖွဲ့လျှင် လေးပါး ဖြစ်လာပြီး ရုပ်တရားက ရူပက္ခန္ဓာဖြစ်လာသောကြောင့် ခန္ဓာအနေဖြင့် ပြောလျှင် ငါးပါးဖြစ်၏။

- မျက်စိအကြည်ရုပ်နှင့် အဆင်းရုပ်သည် ဖောက်ပြန်တတ်သောရူပက္ခန္ဓာ။
- မြင်သိစိတ်သည် ပန်းပွင့်ပဲဟု သိတတ်သော ဝိညာဏက္ခန္ဓာ။
- သညာစေတသိက်သည် မြင်လိုက်သောပန်းပွင့်ကို နှင်းဆီပန်းပဲဟု မှတ်သားတတ်သော သညက္ခန္ဓာ။
- ဝေဒနာစေတသိက်သည် အဆင်းအာရုံ၏ အရသာကို ခံစားသော ဝေဒနာက္ခန္ဓာ။
- စေတနာစေတသိက်သည် အာရုံအရသာကို ဆက်ခံစားရန် တိုက်တွန်းတတ်သော သင်္ခါရက္ခန္ဓာ။

ဤ ဥပါဒါနက္ခန္ဓာငါးပါးသည် အတုံး၊ အလုံး၊ အခဲ၊ အရည်၊ အဖတ်၊ အမှုန်၊ အမွှားတစ်ခုမျှမရှိ။ ဖြစ်ပြီးလျှင် ငါ၊ ငါ့ဟာဟူ၍ စွဲယူစရာဘာမျှ မကျန်အောင်ပျက်သွားသော သဘောတရားမျှသာ ဖြစ်၏။ အဆင်းကို မြင်လိုက်သည်နှင့် ပျက်သွားသော သဘောတရား ဥပါဒါနက္ခန္ဓာငါးပါးကို ဉာဏ်နှင့် သိ၍ ခန္ဓာငါးပါးအနိစ္စဟု စိတ်ထဲမှ ရှုပွားရ၏။

မိုးကုတ်ဆရာတော်ကြီးက ဖြစ်ပျက်ရှုဟုနိုင်းသည်မှာလည်း



www.burmeseclassic.com

www.burmeseclassic.com



ဤခန္ဓာငါးပါးပင်ဖြစ်၏။ မဟာစည်ဆရာတော်ကြီးက မြင်လျှင်မြင်တယ် မှတ်ဟု ရှုပွားခိုင်းသည်မှာလည်း ဤခန္ဓာငါးပါး၏ အပျက်ကို ရှုပွားခိုင်း ခြင်းပင်ဖြစ်၏။ သံယုတ်ပါဠိတော် ခန္ဓဝဂ္ဂသံယုတ်တွင် ခန္ဓငါးပါးကို အနိစ္စ၊ ဒုက္ခ၊ အနတ္တတစ်ခုခုရှုပွား၍ ရဟန္တာဖြစ်သွားသူပေါင်းများ စွာတို့၏အကြောင်းကို ဟောကြားထားသောသုတ်ပေါင်းများစွာရှိ၏။

သံယုတ်ပါဠိတော် ကိသုကောပမသုတ်တွင် ပုထုဇဉ်ရဟန်း တစ်ပါးက ရဟန္တာမထေရ်ကြီးတစ်ပါးထံ ဝိပဿနာရှုပွားနည်းတစ်ခုကို တောင်းရာ သူကိုယ်တိုင် အာရုံ (၆) ပါး တိုက်ဆိုင်လာတိုင်း ခန္ဓာ ငါးပါးအနိစ္စဟုရှုပွား၍ ရဟန္တာဖြစ်ခဲ့ရကြောင်း ဖြေကြားခဲ့၏။

ယင်းပါဠိတော် သီလဝန္တသုတ်တွင် အရှင်မဟာကောဋ္ဌိက က အရှင်သာရိပုတ္တရာကို သီလပြည့်စုံနေသော ပုထုဇဉ်ရဟန်းတစ်ပါး သောတာပတ္တိမဂ်ကိုရအောင် မည်ကဲ့သို့ရှုပွားရမည်နည်းဟု မေးမြန်း ခဲ့၏။ အရှင်သာရိပုတ္တရာက အာရုံ(၆)ပါး တိုက်ဆိုင်လာတိုင်း ဖြစ်ပျက် သွားသော ပရမတ်ခန္ဓာငါးပါးကို ဉာဏ်ဖြင့်သိ၍ ခန္ဓာငါးပါးအနိစ္စဟု ရှုပွားရမည်ဖြစ်ကြောင်း ဖြေဆိုတော်မူ၏။

တဖန် အရှင်မဟာကောဋ္ဌိက–ကဆက်၍ သောတာပန်က သကဒါဂါမ်ဖြစ်အောင်၊ သကဒါဂါမ်က အနာဂါမ်ဖြစ်အောင်၊ အနာဂါမ် က ရဟန္တာဖြစ်အောင် မည်ကဲ့သို့ရှုပွားရမည်နည်းဟုမေးရာ ရှေးအတိုင်း ခန္ဓာငါးပါးအနိစ္စဟုသာ ရှုပွားရမည်ဖြစ်ကြောင်း ဖြေဆိုတော်မူ၏။ တဖန် ရဟန္တာဖြစ်ပြီးသူရော မည်ကဲ့သို့ ရှုပွားရမည်နည်းဟုမေးရာ ခန္ဓာ ငါးပါးအနိစ္စဟုသာ ရှုပွားနေရမည်။ ပြောင်းလဲ၍ ရှုရန်မလိုဟု ဖြေဆို



www.burmeseclassic.com

www.burmeseclassic.com



တော်မူခဲ့၏။

ရဟန္တာဖြစ်ပြီးသူသည် မည်သည့်အကျိုးအတွက် ခန္ဓာငါးပါး အနိစ္စဟု ရှုပွားရကြောင်းမေးမြန်းရာ ချမ်းသာစွာနေရခြင်း အကျိုးငှာလည်းကောင်း၊ သတိသမ္ပဇဉ်နှင့် ပြည့်စုံစေခြင်းအကျိုးငှာလည်းကောင်း၊ ရဟန္တာဖြစ်ပြီးသွားသော်လည်း ခန္ဓာငါးပါးအနိစ္စဟု ရှုပွား၍ နေရကြောင်း ဖြေဆိုတော်မူ၏။ ဤဖြေဆိုချက်ကိုထောက်၍ ရဟန္တာဖြစ်ပြီးသွားသော်လည်း ပေါ့ပေါ့မနေ၊ ဝိပဿနာကို အမြဲရှုပွားလျက်သာနေကြောင်း ထူးခြားစွာ မှတ်သားရာ၏။

ဘကြီးတော်မင်းတရားခေါ် ဖလ်နန်းရှင်မင်းတရားလက်ထက်က ပေါ်ထွန်းတော်မူခဲ့သည့် စတုဂီရိ= တောင်လေးလုံးဆရာတော်ဘုရားကြီးသည်လည်း ခန္ဓာငါးပါးအနိစ္စဟု ရှုပွားနည်းဖြင့်ပင် ရဟန္တာဖြစ်တော်မူခဲ့၏။ ဆရာတော်ကြီးသည် ရှုဘွယ် ကျမ်းပေါင်း (၄၀) နီးပါး ရေးသားတော်မူခဲ့၏။ နောက်ပိုင်းတွင် ပေါင်းချုပ်ရိုက်နှိပ်ထားသောရှုဘွယ် ကျမ်းပေါင်းလေးတွဲရှိ၏။

ထိုလေးတွဲတွင် ပထမတွဲ၌ အာရုံတိုက်ဆိုင်လာတိုင်း ခန္ဓာငါးပါးအနိစ္စဟု ရှုပွားရပုံအကျယ်ကို ရေးသားတော်မူထား၏။ အဝေးတစ်နေရာ နယ်ခြားတစ်ခုတွင်နေသော ညီရဟန်းတော် ဦးဓမ္မပိယအတွက်လည်း 'ဓမ္မပိယရှုဘွယ်ကျမ်း' ဟူ၍ ဝိပဿနာရှုနည်းကျမ်းတစ်ကျမ်းကို ရေးသားတော်မူခဲ့၏။ ညီအစ်ကိုအရင်းဖြစ်သော်လည်း နယ်ဝေးလွန်းအားကြီးပြီး လမ်းပန်းအဆက်အသွယ် မကောင်းသောကြောင့် မတွေ့ရသည်မှာ နှစ်ပေါင်းများစွာကြာခဲ့ပြီဖြစ်၏။ လူချင်းမတွေ့



www.burmeseclassic.com

www.burmeseclassic.com



ရသော်လည်း နှစ်ပါးလုံး ခန္ဓာငါးပါးအနိစ္စဟူ၍ အတူတူရှုပွားနေကြသောကြောင့် တရားချင်းကား အမြဲတမ်းတွေ့သည်ဟု ဆိုနိုင်၏။

ထိုအဆိုသည် ပျံလွန်တော်မူချိန်တွင် ပိုထင်ရှား၏။ တောင်လေးလုံးဆရာတော်ကြီး သက်တော် (၇၀) ကျော်လာပြီး တစ်နေ့တွင် ဒကာများအား အခေါင်းနှစ်လုံး စပ်ခိုင်း၏။ ဒကာများလည်း အလွန်အံ့ဩကြကုန်၏။ ဆရာတော်တစ်ပါးတည်းဟာ၊ ဘာကြောင့် ခေါင်းနှစ်လုံးစပ်ခိုင်းသည်ကို နားမလည်နိုင်ဖြစ်နေကြ၏။ ခေါင်းစပ်ပြီး၍ လာပြသောအခါ ဆရာတော်ကြီးက ငါနဲ့တော်ရဲ့လား ဝင်ကြည့်ဦးမယ်ကွာဟုပြောပြီး ဝင်ကြည့်လိုက်ရာ ခေါင်းထဲရောက်သည်နှင့် ခန္ဓာဝန်ချပြီးဖြစ်နေ၏။

ထိုအချိန်မှာပင် တောင်လေးလုံး ဆရာတော်ကြီးနှင့် အသက်မတိမ်းမယိမ်းရှိသော ဆရာတော်ကြီးတစ်ပါး ကြွလာသဖြင့် နေရာပေးပြီး မေးမြန်းလျှောက်ထားကြရာ ဆရာတော်ကြီး၏ညီ ဦးဓမ္မပီယဖြစ်နေ၏။ ဦးဓမ္မပီယသည် ခေါင်းလွတ်တစ်လုံးကို တွေ့သည်နှင့် နောင်တော်က သူ့အတွက် ကြိုလုပ်ထားခြင်းဖြစ်ကြောင်းသိသဖြင့် အေးဆေးတည်ငြိမ်စွာပင် ခေါင်းထဲဝင်ပြီးလှဲချလိုက်ရာ ရုပ်နာမ်တစ်ခါတည်း ချုပ်ဆုံးတော်မူ၏။

ညီအစ်ကိုနှစ်ပါးသည် လူချင်းမတွေ့ရသော်လည်း ကျင့်ကြံပွားများသော တရားချင်းကားအမြဲတွေ့နေကြကြောင်း ဤဖြစ်ရပ်က သက်သေခံလျက်ရှိ၏။ ကျေးဖူးရှင် ညောင်လွန့်တောရဆရာတော်ကြီးသည်ကား ခန္ဓာတစ်ပါးချင်း၏ အနိစ္စကိုရှု၍ ရဟန်းကိစ္စ ပြီးတော်မူ၏။ ခန္ဓာတစ်ပါးချင်း၏ အနိစ္စကိုရှုပွားခြင်းအား ဘုံကျဉ်းဝိပဿနာ



www.burmeseclassic.com

www.burmeseclassic.com



ဟုခေါ်၏။

**ဝေဒနာကုန်အောင်ရှုနိုင်းခြင်းသည် အမှား**

သစ္စာလေးပါး၏ အရကောက်နှင့် ကိစ္စကိုသိပြီးပါက ဝိပဿနာတရားစခန်းလောကမှ အမှားတစ်ခုကို ပြင်ပေးအံ့၊ ယောဂီများ ကြာကြာထိုင်ရ၍ ရုပ်များဖေါက်ပြန်ပြီး နာကျင်ကိုက်ခဲသော ဝေဒနာများ ပေါ်ပေါက်လာသောအခါ စာပေမတတ်သော၊ ပဋိပတ် မပြည့်ဝသော ဆရာအချို့က မပြောင်းနဲ့၊ မပြင်နဲ့၊ ဝေဒနာ ကုန်အောင် လိုက်ဟုဆိုကာ အတင်းဆက်ထိုင်ခိုင်း၏။ ဆရာကိုကြောက်၍ ပေထိုင်ကြရာ ခံနိုင်ရည်ရှိသူများကား ဝေဒနာကို အတင်းသည်းခံပြီး ဆက်ထိုင်နိုင်သွား၏။ ခံနိုင်ရည်မရှိသူများအား ရီသလိုလို၊ ငိုသလိုလို၊ မိစ္ဆာပူးကပ်သလိုလိုဖြစ်ကာ ခေတ္တစိတ်ဖေါက်ပြန်သလိုဖြစ်ပြီး အထိုင်ကို ပြင်ကြရ၏။

အမှန်ကား ဝေဒနာသည် ဒုက္ခသစ္စာထဲပါသောကြောင့် မမြဲပါလားဟု သိရုံသိရမည့်တရားဖြစ်၏။ ပယ်သတ်ရမည့် တရားမဟုတ်၊ ပယ်သတ်ရမည့်တရားကား သမုဒယသစ္စာခေါ် တဏှာသာဖြစ်၏။ ဝေဒနာသည် ကုန်ကောင်းသော တရားလည်းမဟုတ်။ ဘုရားရဟန္တာကအစ ဝေဒနာရှိကြ၏။ သူတို့အယူအဆအရ ဝေဒနာကုန်သွားပြီး နာရီပေါင်းများစွာ ထိုင်နေပြီဆိုသော လူတစ်ယောက်ကို ခေါ်လာပြီး ခေါင်းကို တုတ်နှင့်ရိုက်ပါက နာကျင်မှုဝေဒနာ ပေါ်လာဦးမည်သာဖြစ်၏။

ထိုဝေဒနာသည် ကုန်ကောင်းသော တရားမဟုတ်။ မခံသာလျှင် အမှတ်ဖြင့် ပြင်ထိုင်ပြီးသုခဝေဒနာ၊ ဒုက္ခဝေဒနာ နှစ်မျိုးစလုံး၏



www.burmeseclassic.com

www.burmeseclassic.com



မမြဲမှုကိုသာ သိရမည့်တရားဖြစ်ကြောင်း ယောဂီတိုင်း သိထားသင့်၏။

**သမုဒယသစ္စာ = တဏှာ၏ ဆိုးကျိုးများ**

သမုဒယသစ္စာ အရကောက်ရသော တဏှာဟူသည် လောဘ စေတသိက်ပင်ဖြစ်၏။ ထိုလောဘကို ပယ်သတ်ရမည့်တရားဟု ဗုဒ္ဓက ညွှန်ပြ၏။ ထိုလောဘကို မပယ်သတ်ဘဲ ဆောင်ထားခဲ့လျှင် ထိုလောဘ က ဆောင်ထားသောလူနှင့် ပတ်ဝန်းကျင်လောကကြီးကို ဆိုးကျိုး သုံးမျိုးပေးမည်ဖြစ်၏။ သက်ရှိကိုဖြစ်စေ၊ သက်မဲ့ကိုဖြစ်စေ၊ စွဲလမ်း သော လောဘနှင့် သေလျှင် ပြိတ္တာဘုံသို့ကျရ၏။

ထိုလောဘဓါတ်များ သတ္တဝါတို့သန္တာန်တွင် အဖြစ်များ လာမည်ဆိုလျှင် ဒုဗ္ဘိက္ခန္တရခေါ် အငတ်ဘေးကြီး ဆိုက်လာမည်ဖြစ်၏။ ထိုထက်များလာမည်ဆိုလျှင် ကမ္ဘာလောကကြီးသည် မီးလောင်၍ ပျက်စီးရမည်ဖြစ်၏။ မန္တလေးမြို့ စိန်ပန်းရပ်ကွက်မှ အမျိုးသမီးတစ်ဦး သည် မိုးကုတ်တွင် ကျောက်တူးနေသောလင်သားဖြစ်သူထံမှ သိန်း ပေါင်းများစွာတန်သော ကျောက်တစ်လုံးရသည်ဆိုသော ဖုန်းသတင်း ကို နားထောင်ပြီးသည်နှင့် ချက်ခြင်း လဲကျသေဆုံးခဲ့ရ၏။

ဆေးပညာအဆိုအရ နှလုံးရပ်၍ သေဆုံးခြင်းတည်း၊ ဓမ္မ အလိုအရ လောဘမီးလောင်၍ သေဆုံးခြင်းတည်း။ တဏှာသည် စွဲလမ်းဖို့တစ်ခုသာသိ၏။ ဤကဲ့သို့ စွဲလမ်းလျှင် ဤကဲ့သို့အပါယ်ကျပြီး ဒုက္ခရောက်နိုင်သည် စသည်ဖြင့် ဝေဖန်ဆန်းစစ်နိုင်စွမ်းမရှိ။ အဘယ့် ကြောင့်နည်း။ တဏှာက အမှန်ကိုဖုံးကွယ်ပေးတတ်သော အဝိဇ္ဇာ၏ အကူအညီကို ယူထားသောကြောင့်ပင်တည်း။



www.burmeseclassic.com

www.burmeseclassic.com



အဋ္ဌကထာတစ်ခု၌ ဖွင့်ပြသော သီဟိုဠ်ကျွန်းမှ အမျိုးသား တစ်ယောက်သည်ကား မယားကိုတဏှာဖြင့် စွဲလမ်းနေရာ လေးဘဝ တိုင်တိုင် အသတ်ခံခဲ့ရသည်။ ထိုသူ၏မယားသည် သူ၏ညီဖြစ်သူကို တပ်မက်သဖြင့် ထိုသူကို သေကြောင်းကြံ၏။ ထိုယောက်ျား အလုပ်မှ အပြန်တွင် ခေါင်းလျှော်ရေချိုးပါဟုဆိုပြီး လွှတ်လိုက်၏။

ထိုမြစ်ကမ်းရှိ သစ်ပင်ကြီးတစ်ပင်ပေါ်တွင် လင်ငယ်ဖြစ်သူကို ရဲဒင်းတစ်ချောင်းနှင့် စောင့်ခိုင်းထား၏။ ထိုယောက်ျား ခေါင်းငုံ့လျှော်နေ ချိန်မှာပင် လင်ငယ်သည် အောက်သို့ဆင်းလာပြီး ရဲဒင်းဖြင့် ခေါင်း ဖြတ်သတ်ကာ ရေထဲမျှောပစ်လိုက်၏။ လင်ကြီးကိုသတ်ပြီး မိန်းမယုတ် သည် လင်ငယ်ဖြစ်သူနှင့် ပျော်ရွှင်စွာ ပေါင်းသင်းနေထိုင်၏။ ထို ယောက်ျားသည် သူ့အသက်ကို သတ်ခိုင်းသော မယားကိုပင် တဏှာဖြင့် စွဲလမ်းနေသဖြင့် သူတို့အိမ်ထဲရှိ သစ်ပင်တစ်ပင်ပေါ်တွင် ထန်းမြွေ တစ်ကောင် သွားဖြစ်၏။

မိန်းမအပေါ် စွဲလမ်းစိတ်ကြောင့် အိမ်ခေါင်မိုးပေါ်မှနေ၍ မိန်းမဖြစ်သူကို မကြာမကြာသွားကြည့်၏။ တစ်ခါတွင် လှမ်းကြည့်ရင်း အောက်သို့ပြုတ်ကျသွား၏။ အဆိပ်မရှိသော မြွေဖြစ်သောကြောင့် မယား နှင့် လင်ငယ်ဖြစ်သူတို့က မသတ်ပဲ အဝေးတစ်နေရာ သွားလွှတ်၏။ သူကား ပြန်လာပြီး မယားကိုသာ လာကြည့်၏။ သုံးလေးကြိမ်ခန့်ထိ သူ့နားပြုတ်ကျလာသောအခါ မယားဖြစ်သူသည် လင်ကြီးဖြစ်မည်ကို ရိပ်မိသွားပြီး လင်ငယ်အား အသေသတ်ခိုင်းလိုက်၏။

မြွေဘဝမှသေပြီး ထိုအိမ်မှာပင် ခွေးတစ်ကောင်ဖြစ်ပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုနည်းအတိုင်း မိန်းမနောက်မှတကောက်ကောက် လိုက်နေသဖြင့် အသတ်ခံရပြန်၏။ တဏှာကား စွဲလမ်းဖို့သာတတ်၏။ ဝေဖန်ဆင်ခြင်ဖို့ မတတ်။ ထို့ကြောင့် ခွေးဘဝမှသေသောအခါ ထိုအိမ်၌ပင်နွားတစ်ကောင် သွားဖြစ်၏။ မိန်းမနောက်မှအမြဲလိုက်နေသဖြင့်အသတ်ခံရပြန်၏။ နွား ဘဝမှသေသောအခါ ထိုမိန်းမ၏ဝမ်း၌ သားအဖြစ်သန္ဓေတည်ပြန်၏။

ထိုကဲ့သို့ လူ့ဘဝပြန်ရောက်မှပင် ဇာတိဿရဉာဏ်ရပြီး သူ့ကို လေးဘဝတိတိသတ်ခဲ့သော မိန်းမမုန်းသိသွားကာ မိခင်နို့ကို စို့ရန် ဝေး၍ သူ့အားအထိပင် မခံတော့ပေ။ ထို့ကြောင့် သူ၏အဖိုးဖြစ်သူက မွေးမြူရ၏။ ထိုကလေးအရွယ်ရောက်၍ အဖိုးဖြစ်သူက မိခင်၏ အကိုင် အတွယ်မခံခြင်းအကြောင်းကို မေးမြန်းသဖြင့် အကြောင်းစုံ ပြောပြပြီး မြေးအဖိုး ဖက်၍ငိုကြ၏။ ထိုနောက် နှစ်ဦးစလုံးအိမ်မှ ထွက်ပြေးပြီး ရဟန်းပြုအားထုတ်ကြရာ နှစ်ဦးစလုံး ရဟန္တာဖြစ်ကြ၏။

တဏှာကုန်သည်နှင့် ဆင်းရဲကုန်လေပြီ။ ဆင်းရဲကုန်သည်နှင့် နိဗ္ဗာန်ရခဲ့ပြီဖြစ်၏။ ဓမ္မစကြာ၌ 'တဿေဝ တဏှာယ အသေသဝိရာ ဂါနိရောဓေါ'။ ထိုတဏှာကုန်သောနေရာသည်ပင် နိဗ္ဗာန်ဟု ဟော ကြားတော်မူထား၏။ ထို့ကြောင့် နိဗ္ဗာန်ချမ်းသာကို ခံစားချင်လျှင် စွဲလမ်းမှုတဏှာကို နည်းနည်းချင်းလျှော့ချသွားကြရမည်ဖြစ်၏။

**နိဗ္ဗာန်သုံးမျိုး**

လယ်တီဆရာတော်ပြုစုသော အနတ္တဒီပနီကျမ်းသစ်၌ သောတာပန်၊ သကဒါဂါမ်ရသော နိဗ္ဗာန်၊ အနာဂါမ်ရသော နိဗ္ဗာန်၊ ရဟန္တာရသောနိဗ္ဗာန်ဟု သုံးမျိုးခွဲပြ၏။ သံသရာမှလွတ်ခြင်းကို နိဗ္ဗာန်



www.burmeseclassic.com

www.burmeseclassic.com



ဟုဖွင့်ပြမည်ဖြစ်ရာ သံသရာသုံးမျိုးကို ဦးစွာသိသင့်၏။ အပါယ်လေးဘုံကို အောက်သံသရာဟုခေါ်၏။ လူ့ဘုံ၊ နတ်ဘုံကို အလယ်သံသရာဟုခေါ်၏။ ဗြဟ္မာဘုံကို အထက်သံသရာဟုခေါ်၏။

ပထမနိဗ္ဗာန်ကို သိရန်အတွက် အောက်သံသရာသို့ ရောက်စေသော ဝဋ်သုံးပါးကို သိရ၏။ ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်ဟု သုံးပါးရှိ၏။ ထိုတွင် ကိလေသဝဋ်အရ ခန္ဓာငါးပါးကို ငါဟုအယူမှားသော ဒိဋ္ဌိကိလေသာကိုယူရ၏။ ထိုခန္ဓာငါးပါးကို ငါဟု အယူမှားသောကြောင့် မတရားသော လုပ်ငန်းများဖြင့် ဤခန္ဓာကိုယ်အပြင် ဤခန္ဓာကိုယ်နှင့် ဆက်စပ်သမျှ တခြားခန္ဓာများကို လုပ်ကိုင်ကျွေးမွေးရခြင်းဖြစ်၏။

ထိုသို့ ဒုစရိုက်များကို ပြုခြင်းသည် ကမ္မဝဋ်ဖြစ်၏။ ထိုအကုသိုလ် ကမ္မဝဋ်ကြောင့် ဝိပါကဝဋ်ဟုဆိုအပ်သော အောက်သံသရာအပါယ်ဘုံသို့ ကျရောက်ရခြင်းဖြစ်၏။ သောတာပတ္တိမဂ်က ဒိဋ္ဌိကိလေသာကို အမြစ်ပြတ် ပယ်သတ်လိုက်သည်နှင့် ငါစွဲပြုတ်သွား၏။ ငါမရှိဘူးဆိုသည်ကို သိသွားသည်နှင့် ဒုစရိုက်လုပ်ငန်းများဖြင့် ဤခန္ဓာကိုယ်ကို လုပ်မကျွေးတော့ပေ။ ထိုအခါ ကမ္မဝဋ်ပါ ချုပ်သွား၏။ ကမ္မဝဋ်ချုပ်သောအခါ ဝိပါကဝဋ်ဟုဆိုရသော အပါယ်ခန္ဓာမရတော့ပေ။

ထိုကဲ့သို့ ဒိဋ္ဌိကိလေသာကြီး ချုပ်ငြိမ်း အေးချမ်းသွားခြင်း၊ ဒုစရိုက်အကုသိုလ်များ ချုပ်ငြိမ်းအေးချမ်းသွားခြင်း၊ အပါယ်ခန္ဓာများ ချုပ်ငြိမ်းအေးချမ်းသွားခြင်းသည် ပုထုဇဉ်များ စတင်ခံစားရမည့် ပထမနိဗ္ဗာန်ပင်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



အနာဂါမ်၏ ဒုတိယနိဗ္ဗာန်၌ ကိလေသာဝဋ်အရ ကာမတဏှာကို ယူရ၏။ လူနတ်ကာမဂုဏ်ကို ခံစားချင်သော ကာမတဏှာကြောင့် လူချမ်းသာ၊ နတ်ချမ်းသာရကြောင်း ဒါန၊ သီလ၊ လောကီကုသိုလ်များကိုပြု၏။ ဤကား ကမ္မဝဋ်တည်း၊ ထိုကုသိုလ်ကမ္မဝဋ်ကြောင့် လူ့ခန္ဓာ နတ်ခန္ဓာဟူသော ဝိပါကဝဋ်ဖြစ်ရ၏။

အနာဂါမိမဂ်က ကာမတဏှာကို ပယ်သတ်လိုက်သောအခါ ကိလေသဝဋ် သေသွား၏။ ထိုအခါ လူနတ်ချမ်းသာကို တောင့်တသော ဒါနသီလကုသိုလ်များကို မပြုတော့ဘဲ ကမ္မဝဋ်ချုပ်ငြိမ်း၏။ အကြောင်း ကမ္မဝဋ် ချုပ်ငြိမ်းသောအခါ လူ့ဘဝနတ်ဘဝရခြင်းဟူသော အလယ် သံသရာ ဝိပါကဝဋ်ကြီးလည်း ချုပ်ငြိမ်းတော့၏။ ကာမတဏှာ ချုပ်ငြိမ်းခြင်း၊ ဝဋ်နိဿိတကုသိုလ်များ ချုပ်ငြိမ်းခြင်း၊ လူ့ခန္ဓာဒုက္ခ၊ နတ်ခန္ဓာဒုက္ခများ ချုပ်ငြိမ်းသွားခြင်းသည် အနာဂါမ်များရသော ဒုတိယနိဗ္ဗာန်ပင်ဖြစ်၏။

ရဟန္တာ၏ တတိယနိဗ္ဗာန်၌ ကိလေသဝဋ်အရ ဗြဟ္မာဘဝကို လိုချင်သော ဘဝတဏှာကိုယူရ၏။ ထိုဘဝတဏှာကြောင့် ဗြဟ္မာဖြစ်ရာ ဖြစ်ကြောင်း ရူပဈာန်ကုသိုလ်၊ အရူပဈာန် ကုသိုလ်များကိုရအောင် လုပ်ခြင်းသည် ကမ္မဝဋ်ဖြစ်၏။ ထိုကမ္မဝဋ်ကြောင့် ဝိပါကဝဋ်တည်း ဟူသော ဗြဟ္မာဘဝ၊ ဗြဟ္မာခန္ဓာကိုရ၏။ အရဟတ္တမဂ်က ဘဝတဏှာကို သတ်လိုက်သောအခါ ကိလေသဝဋ် ချုပ်ငြိမ်းသွား၏။

ကိလေသဝဋ်မရှိတော့သောအခါ ဗြဟ္မာဘဝရရာရကြောင်း ဈာန်ကုသိုလ်များကို မပြုတော့။ ထိုအခါ ကမ္မဝဋ်ချုပ်ငြိမ်း၏။ အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ကိလေသဝဋ်နှင့် ကမ္မဝဋ်ချုပ်ငြိမ်းသောအခါ အကျိုးဖြစ်သည့် ဝိပါက ဝဋ်ဟူသော ပြဟ္မာခန္ဓာကိုရခြင်းလည်း ချုပ်ငြိမ်းတော့၏။ ဘဝတဏှာ ချုပ်ငြိမ်းခြင်း၊ ရှာန်ကုသိုလ်များ ချုပ်ငြိမ်းခြင်း၊ ပြဟ္မာခန္ဓာများ ချုပ် ငြိမ်းသွားခြင်းသည် ရဟန္တာများရသော တတိယနိဗ္ဗာန်ပင်ဖြစ်၏။

## ဝိဇ္ဇာမဂ္ဂင်နှင့် စရဏမဂ္ဂင်

ဒါနကုသိုလ်၊ သီလကုသိုလ်၊ သမထကုသိုလ်၊ ဝိပဿနာ ကုသိုလ်၊ မည်သည့်ကုသိုလ်ကို လုပ်သည်ဖြစ်စေ ကိလေသာကုန်ရေး သို့ ဦးတည်လျှင် မဂ္ဂင်ထိုက်သည်သာဖြစ်၏။ မဂ္ဂင်ရှစ်ပါးတွင် သမ္မာဒိဋ္ဌိ နှင့် သမ္မာသင်္ကပ္ပသည် ဝိဇ္ဇာမဂ္ဂင်မည်၏။ ပညာဖြင့်ထိုးထွင်းသိမှုသည် အဓိကဟု ဆိုလို၏။ ဝိပဿနာအရာ၌ ထိုဝိဇ္ဇာမဂ္ဂင်က ဦးဆောင်၏။ ကျန်မဂ္ဂင် (၆) ပါးသည် စရဏမဂ္ဂင်မည်၏။ ဝီရိယဖြင့် ကျင့်မှုသည် အဓိကဟု ဆိုလို၏။

ဒါန၊ သီလ၊ သမထအရာ၌ ထိုစရဏမဂ္ဂင်က ဦးဆောင်၏။ ဥပမာအားဖြင့် ဒါနတစ်ခု အောင်မြင်ရန်အတွက် ဝိပဿနာ၌ကဲ့သို့ ပြတ်သားစွာ ပညာဖြင့် သိရုံနှင့်မပြီး။ ဥစ္စာကို ဝီရိယဖြင့်ရှာဖွေမှသာ ဒါန ပြုနိုင်မည်ဖြစ်၏။ ထိုသို့ သမ္မာအာဇီဝကျကျပစ္စည်း ဥစ္စာကို ရှာဖွေခြင်းသည်ပင် စရဏမဂ္ဂင်အရ ကျင့်ဆောင်နေခြင်းပင်ဖြစ်၏။ ဝိပဿနာအရာ၌ကား ကျွဲကူးရေပါဟူသောစကားအတိုင်း ပညာမဂ္ဂင် ကို သိအောင် နာကြားအားထုတ်လိုက်သည်နှင့် စရဏမဂ္ဂင်သည် တစ်ခါတည်းပါသွား၏။



www.burmeseclassic.com

www.burmeseclassic.com



ယခု တံငါသည်ကြီးသည် ဗုဒ္ဓဟောကြားသော သစ္စာတရားကို နာကြားရင်း နားလည်အောင် ကြိုးစားမှတ်သားနေခြင်းသည် ပညာမဂ္ဂင်များပါဝင်လာပြီး သောတာပန်တည်သွားခဲ့၏။ ပညာမဂ္ဂင်လုပ်ရင်းဖြင့် စရဏမဂ္ဂင်ပါသွားပုံကို အကျယ်ပြအံ့။ တံငါသည်သည် သစ္စာတရားကို နာကြားရင်းဖြင့် ဗုဒ္ဓ၏အသံရုပ်နှင့် သူ၏နားအကြည်ရုပ်တို့ ထိခိုက်မှုကြောင့် ကြားသိစေတသိက်နှင့်တကွ ခန္ဓာငါးပါးပျက်သွားပုံကို ဉာဏ်နှင့်သိပြီး ခန္ဓာငါးပါးဟာ မမြဲပါလား (ခန္ဓာငါးပါး အနိစ္စ) ဟု ရှုပွားလိုက်၏။

ထိုသို့ ရှုပွားသည့်အခါ ခန္ဓာငါးပါး ဖြစ်ပြီးပျက်ပုံကို တံငါသည်သည် ယခုကဲ့သို့ အကျယ်သိနေ၏။ နားအကြည်ရုပ်နှင့် အသံရုပ်သည် ရူပက္ခန္ဓာ။ ကိုင်၍ရသော နားရွက်ကြီးသည် ပညတ်၊ အသံ၏အရိပ်ထင်လာရာ သဘောတရား နားအကြည်ရုပ်လေးသည် ပရမတ်၊ ထိုသဘောတရား အကြည်ရုပ်လေးကား မြင်၍မရပေ။ ထိုအကြည်ရုပ်နှင့် အသံရုပ်ရူပက္ခန္ဓာသည် တစ်စက္ကန့်အတွင်း အကြိမ်ပေါင်းကုဋေ (၅၈၈၀) ကျော်ပျက်နေ၏။

ဤသို့ ရူပက္ခန္ဓာ၏ မမြဲမှုကိုပွားများခြင်းသည် ကာယာနုပဿနာသတိပဋ္ဌာန်ဖြစ်၏။ ထိုရုပ်နှစ်ပါး ထိခိုက်မှုကြောင့် ပေါ်လာသော ကြားသိစိတ်သည် ဝိညာဏက္ခန္ဓာဖြစ်၏။ ထိုကြားသိစိတ်နှင့် အတူဖြစ်ပေါ်လာသော စေတသိက်ခုနှစ်လုံးတို့အနက် ဝေဒနာစေတသိက်သည် အသံ၏ အရသာကိုခံစားသော ဝေဒနက္ခန္ဓာ ဖြစ်လာ၏။ သညာစေတသိက်သည် ဒါသစ္စာတရားပဲဟု မှတ်သားသော



www.burmeseclassic.com

www.burmeseclassic.com



သညာက္ခန္ဓာဖြစ်လာ၏။

စေတနာဦးဆောင်သော ကြွင်းစေတသိက်ငါးလုံးသည် သင်္ခါရက္ခန္ဓာဖြစ်လာ၏။ ဤနာမ်ခန္ဓာလေးပါးသည် နားအကြည်ရုပ်နှင့်အတူ တစ်စက္ကန့်အတွင်း အကြိမ်ပေါင်း ကုဋေတစ်သိန်း ဖြစ်ပျက်သွား၏။ ဤသို့ ခန္ဓာငါးပါး၏ အဖြစ်အပျက်ကို ထိုးထွင်းသိမြင်သော 'ပညာ'သည် သမ္မာဒိဋ္ဌိမဂ္ဂင်ဖြစ်၏။ အသိမှန်သွားသဖြင့် ဖြစ်ပျက်နေသော ခန္ဓာငါးပါးသာရှိသည်။ ငါဆိုတာ မရှိပါလားဟု အတွေးမှန်သွားသော ဝိတက်စေတသိက်သည် သမ္မာသင်္ကပ္ပမဂ္ဂင်မည်၏။

ဤသို့ ဝိဇ္ဇာမဂ္ဂင်နှစ်ပါးက ဦးဆောင်လိုက်သဖြင့် စရဏမဂ္ဂင်ခြောက်ပါး တစ်ခါတည်း ပါလာပုံကိုဆက်ပြအံ့၊ ထိုကဲ့သို့ ခန္ဓာငါးပါး အနိစ္စဟု ရှုဆဲအချိန်တွင် ဝစီဒုစရိုက်လေးပါးမှ ရှောင်ကြဉ်ပြီး ဖြစ်နေခြင်းသည် သမ္မာဝါစာမဂ္ဂင်မည်၏။ ကာယဒုစရိုက်သုံးပါးမှ ရှောင်ကြဉ်ပြီး ဖြစ်နေခြင်းသည် သမ္မာကမ္မန္တမဂ္ဂင်မည်၏။ ထိုသို့ရှုပွားချိန်တွင် အသက်မွေးဝမ်းကြောင်း စင်ကြယ်နေခြင်းသည် သမ္မာအာဇီဝမဂ္ဂင်မည်၏။ ဤကား သီလမဂ္ဂင်အလိုလိုပါသွားပုံတည်း။

ဝီရိယစိုက်ထုတ်ပြီး ခန္ဓာငါးပါး အနိစ္စဟု ရှုပွားခြင်းသည် သမ္မာဝါယာမမဂ္ဂင်မည်၏။ ရှုပွားဖို့သတိထားခြင်းသည် သမ္မာသတိမဂ္ဂင်မည်၏။ ရှုပွားချိန်တွင် ခန္ဓာငါးပါးအဖြစ်အပျက်၌ စိတ်တည်ငြိမ်နေခြင်းသည် သမ္မာသမာဓိမဂ္ဂင်မည်၏။ သမာဓိမဂ္ဂင်သုံးပါး အလိုလိုပါသွားပုံတည်း။ မိမိ ဝိပဿနာရှုပွားနည်း မှန်/မမှန်ကို ဘုရားမျက်နှာကြည့်ပြီး ဆုံးဖြတ်လိုက ဤမဂ္ဂင်ရှစ်ပါးနှင့် တိုက်ကြည့်ရာ၏။ မဂ္ဂင် (၈) ပါးနှင့်



www.burmeseclassic.com

www.burmeseclassic.com



ကိုက်လျှင်ရှုပွားနည်းမှန်ပြီဟု ဆုံးဖြတ်နိုင်၏။

ဝိပဿနာဉာဏ်သက်သက် ရှုပွားချိန်တွင်ကား ပညာမဂ္ဂင်နှင့် သမာဓိမဂ္ဂင် စုစုပေါင်း (၅) ပါးပါဝင်၏။ မဂ်ကျသည်နှင့် သီလမဂ္ဂင်ပါ ပါ လာပြီး(၈) ပါးဖြစ်၏။ ယခု တံငါသည်သည် သောတာပတ္တိမဂ် ကျတော့မည်ဖြစ်၍ မဂ္ဂင် (၈) ပါးတစ်ခါတည်း ကိုက်သွားခြင်းဖြစ်၏။ ဝိပဿနာရှုနည်းမှန်ဖို့အတွက် မဂ္ဂင်ကိုက်ဖို့ လိုသလို၊ မဂ်ကျဖို့အတွက် သစ္စာလေးပါးကိုက်ရန် လိုပြန်၏။ ယခုသစ္စာလေးပါး ကိုက်ပုံကို ပြအံ့။

ခန္ဓာငါးပါး အနိစ္စဟု သိခြင်းသည် ဒုက္ခသစ္စာကို သိခြင်း ဖြစ်၏။ ထိုသို့ သိအောင်ပွားများခြင်းသည် မဂ္ဂသစ္စာပင်ဖြစ်၏။ ခန္ဓာ ငါးပါးကို မမြဲသောတရား၊ ဆင်းရဲသောတရား၊ အနှစ်သာရမရှိသော တရားဟု သေချာသိလိုက်သည်နှင့် နောက်ထပ်မလိုချင်တော့။ ဤသို့ မလိုချင်တော့ခြင်းသည် သမုဒယသစ္စာတဏှာကို ပယ်သတ်ခြင်းဖြစ်၏။

ထိုအချိန်၌ အပါယ်ချနိုင်သော တဏှာနှင့်ဒိဋ္ဌိကိလေသာ ဝိစိကိစ္ဆာ ကိလေသာများငြိမ်းပြီး ခန္ဓာအသစ်များသိမ်းသွားခြင်းသည် နိရောဓသစ္စာ ခေါ် နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းဖြစ်၏။

မဂ်ကျလျှင် သစ္စာလေးချက်သည် တစ်ပြိုင်နက်ဖြစ်ကြ၏။ ဥပမာအားဖြင့် မှောင်မိုက်နေသော အခန်းတစ်ခန်းထဲ ဆီမီးညှိထွန်း လိုက်လျှင် အလင်းရောက်ခြင်း၊ အမှောင်ပျောက်ခြင်း၊ မီးစာတဖြည်း ဖြည်းကုန်ခြင်း၊ ဆီတဖြည်းဖြည်း ခမ်းခြင်းတို့သည် တစ်ပြိုင်နက် ဖြစ်သကဲ့သို့ပင်တည်း။ တံငါသည်သည် သောတာပန်တည်သွားသည် နှင့် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကိုအကြွင်းမဲ့ ပယ်သတ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ရတနာသုံးပါးကို အသက်နှင့်လဲပြီး ယုံကြည်ကိုးကွယ်သွား၏။ ငါးပါးသီလကို အသက်နှင့်လဲပြီးလုံခြုံသွား၏။ ဝိပလ္လာသရှစ်ပါးကို အရှင်းပယ်သတ်သွား၏။ ဒိဋ္ဌိသံယောဇဉ်၊ သီလဗ္ဗတပရာမာသ သံယောဇဉ်၊ ဝိစိကိစ္ဆာသံယောဇဉ်၊ ဣဿာသံယောဇဉ်၊ မစ္ဆရိယ သံယောဇဉ်တို့ကို ပယ်သတ်လိုက်၏။ မိမိမှာရှိသောအပြစ်ကို မရှိ ဟန်ဆောင်သော မာယာနှင့် မိမိ၌မရှိသည့်ဂုဏ်ကို ရှိဟန်ဆောင်သည့် သာဌေယျတို့ကိုလည်း ပယ်သတ်၏။

**သောတာပန် ပယ်သတ်သည့် ဝိပလ္လာသ (၈) ပါး**

ခန္ဓာငါးပါးကို မြဲသည်ဟု အယူမှားမှုဒိဋ္ဌိဝိပလ္လာသ၊ ခန္ဓာငါးပါး ကို မြဲသည်ဟု အမှတ်မှားမှုသညာဝိပလ္လာသ၊ ခန္ဓာငါးပါးကို မြဲသည်ဟု အသိမှားမှု စိတ္တဝိပလ္လာသ၊ ခန္ဓာငါးပါးကို အစိုးရသည်ဟု အယူမှားမှု ဒိဋ္ဌိဝိပလ္လာသ၊ ခန္ဓာငါးပါးကို အစိုးရသည်ဟု အမှတ်မှားမှု သညာဝိပလ္လာ သ၊ ခန္ဓာငါးပါးကို အစိုးရသည်ဟု အသိမှားမှု စိတ္တဝိပလ္လာသ၊ ခန္ဓာ ငါးပါးကို ချမ်းသာသည်ဟု အယူမှားမှု ဒိဋ္ဌိဝိပလ္လာသ၊ ခန္ဓာငါးပါးကို တင့်တယ်သည်ဟု အယူမှားမှု ဒိဋ္ဌိဝိပလ္လာသ။

**သောတာပန် မပယ်သော ဝိပလ္လာသလေးပါး**

ခန္ဓာငါးပါးကို ချမ်းသာသည်ဟု အသိမှားခြင်း စိတ္တဝိပလ္လာသ၊ ခန္ဓာငါးပါးကို ချမ်းသာသည်ဟု အမှတ်မှားခြင်း သညာဝိပလ္လာသ၊ ခန္ဓာငါးပါးကို တင့်တယ်သည်ဟု အသိမှားခြင်း စိတ္တဝိပလ္လာသ၊ ခန္ဓာ



www.burmeseclassic.com

www.burmeseclassic.com



ငါးပါးကို တင့်တယ်သည်ဟု အမှတ်မှားခြင်းသညာဝိပလ္လာသ။

ဤဖောက်ပြန်မှားယွင်းသောအသိမှား၊ အမှတ်မှား၊ ဝိပလ္လာသ လေးချက်ကျန်နေသောကြောင့် သောတာပန်၊ သကဒါဂါမ်များသည် အိမ်ထောင်သားမွေး ပြုလုပ်ကြခြင်းဖြစ်၏။

ပထဗျာကေရဇ္ဇေန၊
သဂ္ဂဿဂမနေနဝါ၊
သဗ္ဗလောကာဓိပစ္စေန၊
သောတာပတ္တိဖလံဝရံ။

(ဓမ္မပဒ)

စကြဝတေးမင်းဖြစ်ရခြင်းထက်၊ နတ်တို့သနင်း သိကြားမင်း ဖြစ်ရခြင်းထက်၊ ဗြဟ္မာမင်းကြီးဖြစ်ရခြင်းထက် သောတာပတ္တိဖိုလ်ကို ရခြင်းက ပို၍မြတ်၏။ (အဘယ်ကြောင့်နည်း။ စကြာမင်း၊ သိကြားမင်း၊ ဗြဟ္မာမင်းတို့သည် သေလျှင် အပါယ်လေးပါးသို့ ကျနိုင်သေးသော် လည်း သောတာပန်သည် ဘယ်သောအခါမျှ အပါယ်သို့မကျနိုင်သော ကြောင့်တည်း)

ယောဂီများအားလုံး သောတာပန်တည်အောင် ကြိုးစား အားထုတ်နိုင်ကြပါစေ။ ။

သစ်ညီနောင်ဓမ္မရိပ်သာဆရာတော်

* * *



www.burmeseclassic.com

www.burmeseclassic.com

# အသေမြတ်ချင်သေနည်းသင်

မေတ္တာရှင် (ရွှေပြည်သာ)

"ကိုယ့်ခင်ပွန်း လင်သားတစ်ယောက်သေတာတောင်
ဘာကြောင့် မငိုကြွေးတာလဲ"
"ကောင်းကင်က လမင်းကို ယူပေးဘို့ပြောပြီး
ငိုကြွေးတဲ့ကလေးရယ်၊ သေသူကို အာရုံပြုပြီး
ငိုကြွေးတဲ့သူရယ်ဟာ အတူတူပါပဲ။
ဘာမှအကျိုးမရှိပါဘူး။
ဒါကြောင့် မငိုကြွေးခြင်းဖြစ်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



# အသေမြတ်ချင် သေနည်းသင်

ယနေ့ သာသနာတော်နှစ် ၂၅၄၁–ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၀–ခုနှစ် ပြာသိုလဆန်း ၆–ရက်၊ (၂၃–၁၂–၉၈) ရက်နေ့၊ ရန်ကုန်တိုင်း၊ ရွှေပြည်သာမြို့၊ အမှတ် (၈) ရပ်ကွက်၊ သုခပန်းခြံမှာနေထိုင်တဲ့ လွန်ခဲ့သော ငါးရက်ခန့်က ဘဝတစ်ပါးသို့ ပြောင်းသွားပြီဖြစ်တဲ့ ဒကာကြီး ဦးစွန်စိန်ကို ရည်စူးပြီးတော့ ကျန်ရစ်ခဲ့ကြတဲ့ ဒကာမကြီး ဒေါ်အေးတို့မိသားစုက ကျင်းပပြုလုပ်တဲ့ ဓမ္မဒါနတရားအလှူပွဲပဲ ဖြစ်ပါတယ်။

တရားအမည်ကိုတော့ အသေမြတ်ချင် သေနည်းသင်လို့ပဲ မှတ်ထားကြရအောင်ပါ။ အသေဟာ မြတ်ခြင်း၊ ယုတ်ခြင်းလို့ နှစ်မျိုးရှိပါတယ်။ အသေမြတ်တယ်ဆိုတာ သေပြီးနောက် သုဂတိဘုံကို



www.burmeseclassic.com

www.burmeseclassic.com



ရောက်တာဆိုလိုခြင်းဖြစ်ပါတယ်။ အသေယုတ်တယ်ဆိုတာကတော့ သေပြီးနောက် ဒုဂ္ဂတိဘုံရောက်တာကို ဆိုလိုခြင်းဖြစ်ပါတယ်။

ဒါကြောင့် အခေါင်းတလား လှလှပပ ဈေးကြီးပေးလုပ်၊ ကားကြီးကားငယ်အသွယ်သွယ်နဲ့ စည်ကားလှပစွာသင်္ဂြိုဟ်ခံရတဲ့ လူပင်ဖြစ်သော်လည်းသေပြီး ဒုဂ္ဂတိလို့ခေါ်တဲ့ အပါယ်ဘုံတစ်ဘုံဘုံ ကျတယ်ဆိုရင် ဒါကို အသေယုတ်တယ်လို့ပဲ ခေါ်ရတယ်။ အသေမြတ်တယ်လို့ မခေါ်ရဘူး။

တစ်ဖန် ဥစ္စာမရှိ ဆင်းရဲလို့ဖျာနဲ့လိပ်ပြီးချတဲ့ အသုဘဖြစ်သော်လည်း သေသူဟာ ကောင်းရာသုဂတိရောက်တယ်ဆိုရင် အသေယုတ်တယ်လို့ မခေါ်ပါဘူး။ အဲဒါ အသေမြတ်တာပါ။ အဲဒီလို အသေမြတ်ဖို့အတွက် သေနည်းသင်ရပါလိမ့်မယ်။ မသင်လို့ မဖြစ်ပါဘူး။ ဘာကြောင့်လဲဆိုရင် ပုထုဇဉ်သေရင် အပါယ်လေးပါး ကျသွားနိုင်တဲ့အတွက်ကြောင့်ပဲဖြစ်ပါတယ်။

ဒါကြောင့် ပုထုဇဉ်တွေ ကြိုတင်မသိနိုင်တဲ့ အရာငါးမျိုးကို ဝိသုဒ္ဓိမဂ် အဋ္ဌကထာမှာ ဟောထားတာက–

ဇီဝိတံ ဗျာဓိကာလောစ

ဒေဟာနိက္ခေပနံ ဂတိ။

ဇီဝိတံ–ပုထုဇဉ်မှန်ရင် ငါဘယ်အရွယ်မှာသေမယ်လို့ကြိုပြီး မသိနိုင်ဘူး၊ ဗျာဓိ–ဘယ်အနာရောဂါနဲ့ သေရမယ်လို့လည်းကြိုပြီး မသိနိုင်ဘူး။ ကာလ– မနက်သေမလား၊ နေ့လည်သေမလား၊ ညသေမလား ကြိုပြီး မသိနိုင်ဘူး။ ဒေဟာနိက္ခေပနံ– ဘယ်နေရာမှာသေမယ်၊ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



လေ့ကျင့်ထားသင့်ပါတယ်။ သေခြင်းတရားဟာ ရင်ဘတ်နဲ့ ကျောလို အနီးကလေးကပ်နေတာပါ။ နေ့မြင်ညပျောက်၊ ညမြင်နေ့ပျောက် ဆိုသလို အင်မတန်မှ လျင်မြန်လှပါတယ်။ ဒါ့ကြောင့်လည်း ဗုဒ္ဓက–

ပါတော ဇေကန ဒိဿန္တိ၊ သာယံဒိဋ္ဌာဗဟုဇ္ဇနာ။

သာယံဇေကေ န ဒိဿန္တိ၊ ပါတောဒိဋ္ဌာ ဗဟုဇ္ဇနာ။

ဘောဇ္ဇော – အစိဖွာနယ်၊ တလည်လည်ဖြင့်၊ သွယ်သွယ် ယောင်ရမ်း၊ အမှောင်လမ်းဝယ်၊ တောင်စမ်းမြောက်ကိုင်၊ မကြောက်နိုင် ဘဲ၊ ခုတိုင်လမ်းမှား အိုလူများတို့။

တုမှေ – အပြောတစ်မျိုး၊ သဘောဆိုး၍၊ အကျိုးမပြီး၊ အချည်းနှီးဖြစ်၍ နေကြကုန်သော သင်တို့သည်။

က္လမံလောကံ – ရှုပ်ချင်တိုင်းရှုပ်၊ ပွေချင်တိုင်းပွေ၊ တွေချင်တိုင်း တွေ၊ မှောက်ချင်တိုင်းမှောက်နေတဲ့ ကြောက်စရာဤလောကကြီးကို။

ပဿထ – သတိပြု၍ ကြည့်ရှုကြပါကုန်လော။

ပဿထ – ဘယာအထွေထွေ၊ အစိထုတာကြောင့်– မသာ တွေ အပြည့်စုနေသည်ကို – တစ်ခါတလေ သတိပြု၍ ကြည့်ရှုပါ ကုန်လော့။

ဗုဒ္ဓက ပြတ်ပြတ်သားသား ဟောလိုက်တယ်။ မသာတွေပြည့် နေတဲ့ ကမ္ဘာလောကကြီးကို သေသေချာချာကြည့်လိုက်စမ်းပါတဲ့– ဟုတ်ပါတယ်။ ဒီကမ္ဘာလောကကြီးမှာ မသာတွေဘယ်လောက်ပြည့်ကျပ် နေသလဲဆိုရင် ဟောဒီမဟာပထဝီမြေကြီးဟာ သေဆုံးသွားကြတဲ့ လူသားတွေရဲ့ အသားတွေ၊ အရိုးတွေက ဖြစ်လာတာပါလို့ ပြောလိုက်



www.burmeseclassic.com

www.burmeseclassic.com



သုသာန်မှာသင်္ဂြိုဟ်မယ်ဆိုတာလည်း ကြိုပြီးမသိနိုင်ဘူး။ ဂတိ–သေပြီး နောက် ဘယ်ဘုံရောက်မယ်ဆိုတာလည်း ကြိုပြီး မသိနိုင်ပါဘူးတဲ့။

**ပုထုဇဉ်တွေရောက်နိုင်တဲ့ဘုံ**

ဒီအချက်ငါးချက် တစ်ချက်မှမသိရတာကို ထောက်သော အားဖြင့် ပုထုဇဉ်မှာ ဘဝအာမခံချက် ဘာမှမရှိဘူးဆိုတာ သေချာလှ ပါတယ်။ ပုထုဇဉ်တွေသေပြီး ရောက်နိုင်တဲ့ဘုံက ၅–မျိုးရှိပါတယ်။ မနုဿဂတိ– လူ့ဘုံ၊ ဒေဝဂတိ–နတ်ဘုံ၊ ဗြဟ္မာ့ဘုံ၊ ဒီနေရာမှာ ဒေဝသဒ္ဒါဟာ ဗြဟ္မာကိုပါဟောတယ်လို့ ယူရပါမယ်။ နိရယဂတိ– ငရဲဘုံ၊ တိရစ္ဆာနဂတိ– တိရစ္ဆာန်ဘုံ၊ ပေတဂတိ–ပြိတ္တာဘုံတို့ပဲ ဖြစ်ပါတယ်။

အသူရကာယ်ကိုတော့ ပြိတ္တာဘုံထဲမှာထည့်ပြီး ယူထား ပါတယ်။ ပုထုဇဉ်တစ်ယောက်က မိမိရောက်မယ့်ဘုံဌာနကို မသေခင်က ကြိုပြီးသိရပါတယ်။ မြင်လည်း မြင်ရပါတယ်။ စာလိုကတော့ ဂတိနိမိတ် လို့ ခေါ်ပါတယ်။ ဥပမာ လူ့ဘုံရောက်မယ်ဆိုရင် ကမ္ဗလာနီအဆင်းရှိတဲ့ အမိဝမ်းရေကိုမြင်ရပါတယ်၊ နတ်ဘုံရောက်မယ်ဆိုရင် နတ်သမီးတွေ၊ နတ်သားတွေ၊ ဗိမာန်တွေ၊ ပဒေသာပင်တွေကို မြင်ရပါတယ်။

ငရဲကျမယ်ဆိုရင် ငရဲမီးတွေ၊ ငရဲသားတွေ၊ ခွေးနက်ကြီး တွေကို ကြောက်မက်ဘွယ်ရာမြင်ရပါတယ်။ တိရစ္ဆာန်ဘုံ ရောက်မယ် ဆိုရင် မိမိ မိခင်ဖြစ်တဲ့ တိရစ္ဆာန်မရဲ့ ပုံသဏ္ဌာန်ကို မြင်ရပါတယ်။

အဲဒီလို ဘယ်ဘုံရောက်မယ်ဆိုတာ ကြိုမသိရတဲ့အတွက် ပုထုဇဉ်တိုင်းဟာ သေနည်းသင်တန်းကို မြန်မြန်တက်ပြီး မြန်မြန်



www.burmeseclassic.com

www.burmeseclassic.com



ရင် တချို့က ယုံချင်မှ ယုံမယ်။ ယုံလိုက်စမ်းပါ။

ဗုဒ္ဓကိုယ်တော်တိုင် လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းကြာအောင် ဖြည့် ကျင့်ဆည်းပူးမှ ရလာတဲ့ သဗ္ဗညုတဉာဏ်တော်ကြီးနဲ့ ကြည့်ပြီး ဟော ခဲ့လို့ပါပဲ။ ဗုဒ္ဓလက်ထက်တော်က ရာဇဂြိုဟ်မြို့မှာ ဥပသာလက အမည်ရှိတဲ့ ပုဏ္ဏားကြီးတစ်ယောက်ရှိခဲ့ပါတယ်။ သူ့အသက်ကြီးရင့် လာတဲ့ အခါကျတော့ သားဖြစ်သူကို သူများနဲ့မတူတဲ့ ထူးခြားချက် တစ်ခုကိုမှာကြားသတဲ့။ ဘယ်လိုမှာသလဲဆိုတော့–

''ငါ့သား အဖေသေရင် ဘယ်လူသေကောင်မှ မမြှုပ်ရသေးတဲ့ နေရာမှာ ရှာဖွေပြီး သင်္ဂြိုဟ်ပါ''တဲ့။ အဲဒီတော့ သားက–

''အဖေ လူသေမမြှုပ်ရသေးတဲ့ နေရာဌာနဆိုတာ ရှာရတာ အင်မတန်မှ ခဲယဉ်းလှပါတယ်။ ဒါကြောင့် အဖေမသေခင်မှာပဲ မြှုပ်နှံ ရမယ့် နေရာကို ရှာဖွေပြထားခဲ့ပါလို့'' ပြန်ပြောတဲ့အတွက် သားအဖ နှစ်ယောက် ဂိဇ္ဈကုဋ်တောင်ပေါ်တက်ပြီး ရှာလိုက်ကြတာ၊ တောင်စောင်း တစ်ခုပေါ်က မြေကွက်လပ်လေးကို သဘောကျပြီး–

''ငါ့သားရေ ဒီနေရာလေးကတော့ ဘယ်လူသေမှ မမြှုပ်ဖူး လောက်သေးဘူး။ အဖေသေရင် ဒီနေရာပဲမြှုပ်ပေးပါ''လို့ သားကို သေချာမှာကြားပြီး တောင်အောက်ကိုဆင်းလာကြတယ်။ တောင်အောက် ရောက်တော့ ဗုဒ္ဓနဲ့တွေ့ကြတာပါပဲ။ ဂါထာတစ်ဂါထာလောက် ဟော လိုက်တာနဲ့ ဥပသာလကပုဏ္ဏားကြီး သောတာပန်တည်မှာ မြင်တော် မူလို့ ဘုရားရှင်ကိုယ်တော်မြတ် ကြွလာတော်မူခြင်း ဖြစ်ပါတယ်။

တွေ့လိုက်တာနဲ့ ဗုဒ္ဓက မေးတော်မူတယ်။



www.burmeseclassic.com

www.burmeseclassic.com



''ဥပသာဝလက၊ ဂိဇ္ဈကုဋ်တော်ပေါ်ကို အဘယ်အကြောင်းကြောင့် တက်ရောက်ခဲ့သလဲ''

''မှန်လှပါ၊ လူသေမမြှုပ်ဖူးတဲ့နေရာ ရှာဖို့အတွက် တက်ရောက်ရခြင်းဖြစ်ပါတယ်''

''လူသေမမြှုပ်ရသေးတဲ့နေရာကို တွေ့ခဲ့ရဲ့လား''

''မှန်ပါ၊ တွေ့ခဲ့ကြောင်းပါ''

''ဒါဆိုရင် အဲဒီနေရာကို ငါဘုရားအား လိုက်ပြပါ'' လို့ ပြောလိုက်တဲ့အတွက် ဥပသာဝလကဟာ ဗုဒ္ဓကိုခေါ်ပြီး ဂိဇ္ဈကုဋ်တောင်ပေါ်က သူရွေးထားတဲ့နေရာကို ပြပါတယ်။

**လူသေမမြှုပ်ဖူးတဲ့နေရာ**

ဥပသာဝလက ရွေးထားတဲ့နေရာကို ဗုဒ္ဓက လက်ညှိုးညွှန်ပြပြီး ဟောဒီဂါထာကို ဟောတော်မူပါတယ်။

ဥပသာဝလကနာမာနိ၊
သဟဿာနိစတုဒ္ဒသ။
အသ္မိံပဒေသေ ဒဍ္ဍာနိ၊
နတ္ထိလောကေအနာမတံ။

ဗြဟ္မာဏာ – ပုဏ္ဏားကြီး။
အသ္မိံပဒေသေ – ဤသင်ယခုညွှန်ပြရာနေရာဌာနဌ်၌။
ဥပသာဝလကနာမာနိ – ဥပသာဝလက အမည်တစ်ခုတည်းဖြင့်။
သဟဿာနိစတုဒ္ဒသ – အလောင်းကောင်ပေါင်းတစ်သောင်း
လေးထောင်တို့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒဟာနိ – မီးသဂြိုဟ်၊ လောင်ကျွမ်း။ မြှုပ်နှံခဲ့ရလေပြီ။
လောက – ကမ္ဘာမြေလောကကြီး၌။
အနာမတံ – လူသေကောင်ပုပ်၊ မမြှုပ်ဖူးသောနေရာ
ဌာနသည်။
နတ္ထိ – စိတ်သာချပေတော့၊ မုချမရှိရိုး
မှန်သည်သာလျှင်တည်း။

"ပုဏ္ဏားကြီး ဒီတောင်စောင်းမြေနေရာလေးကို သင်က ဘယ်သူ့အလောင်းမှ မမြှုပ်ရသေးဘူးလို့ ထင်ခဲ့တယ်၊ တကယ်တော့ ဒီနေရာလေးမှာ သင့်ရဲ့ ဥပသာလကဆိုတဲ့ အမည်နဲ့ အလောင်းကောင် ပေါင်းတစ်သောင်းလေးထောင် မြှုပ်နှံခဲ့ပြီးပြီ၊ ဒီကမ္ဘာမြေကြီးရဲ့ နေရာ အနှံ့မှာ လူသေကောင်ပုပ် မမြှုပ်ဖူးတဲ့နေရာ တစ်နေရာမှမရှိဘူး" လို့ ဟောတော်မူတဲ့နေရာမှာ ပုဏ္ဏားကြီးဟာ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာကွာပြီး သောတာပန်တည်သွားခဲ့ပါတယ်။ ဒီဒေသနာကို ထောက်ထားပြီး ကမ္ဘာမြေကြီးဟာ မသာတွေနဲ့ ပြည့်နေပါလား။ ဥပသာလကအမည် တစ်ခုတည်းနဲ့တောင် ဘဝပေါင်းတစ်သောင်းလေးထောင် သေခဲ့ရတယ် ဆိုတော့ အခြားအမည်တွေနဲ့ သေခဲ့ရတဲ့ဘဝတွေ ဘယ်လောက်များမလဲ ဆိုတာတွေးကြည့်နိုင်ပါတယ်။

ဥပသာလကနည်းတူ တရားဟောပုဂ္ဂိုလ်၊ တရားနာပုဂ္ဂိုလ်များ လည်း အဝိဇ္ဇာ၊ တဏှာဦးစီးခဲ့တဲ့ဘဝတွေ မရေမတွက်နိုင်အောင် ဘယ် လောက်ထိများပြားခဲ့မယ်ဆိုတာ ဝမ္မသံဝေဂယူနိုင်ပါတယ်။ ဒါကြောင့်–
ဗဟုဇ္ဇနာ –ကြီးကြီးငယ်ငယ်၊ အသွယ်သွယ်ဟု၊ အရွယ်သောင်း



www.burmeseclassic.com

www.burmeseclassic.com



ပြောင်း၊ များစွာသောလူအပေါင်းတို့ကို။

ပါတော – အရုဏ်ကျင်း၍ အလင်းရောက်လာ နံနက်အခါ၌။

ဒိဿာ – ပြောပြောဆိုဆို၊ ထိုထိုဤဤ၊ အလီလီဖြင့်၊ အတည်မသေ့၊ တွေ့မြင်လိုက်ရပါပေကုန်၏။ ဩော်–မနက်တုန်းက တွေ့လိုက်မြင်လိုက်ပြောလိုက်ဆိုလိုက်ရပါရဲ့သားနဲ့။

သာယံ – အလင်းရောက်ပျောက်၊ အမှောင်ရောက်လာ ညချမ်းအခါ၌။

ဧကေ – အသိမိတ်ဆွေ၊ အထွေထွေမယွင်း၊ အချို့သောလူတစ်သင်းတို့ကို။

နဒိဿန္တိ – အခြေယွင်းပျောက်၊ သေမင်းနောက်သို့ ကောက်ကောက်ပါသွား၊ ဖြစ်လေအားကြောင့်၊ ထင်ရှားခုကြုံ၊ မမြင်ရတော့ပါကုန်။

ပရိသတ်များ သတိထားရင်လက်တွေ့ မြင်ဖူးပါလိမ့်မယ်။ တချို့လူတွေက မနက်ပိုင်းမှာ ရယ်ရယ်မောမောပြောပြောဆိုဆိုနဲ့ တွေ့ကြရပေမယ့် ညပိုင်းကျတော့ ရုတ်တရက်သေရတာမျိုးပေါ့။ ဦးပဥ္စင်းတို့ ရွှေပြည်သာမြို့၊ ၉–ရပ်ကွက်ထဲက လူငယ်လေးတစ်ယောက်အကြောင်း ပြောပြပါဦးမယ်။ သူ့အသက်က ၂၄–နှစ်လောက်ပဲ ရှိပါဦးမယ်။ အသက်ကလည်းငယ်၊ ကျန်းမာရေးကလည်းကောင်းဆိုတော့ သေခြင်းတရားဆိုတာ သူနဲ့ဘာမှ မဆိုင်သေးဘူးလို့ သူကိုယ်တိုင်ရော၊ ဘေးကလူတွေပါ ယူဆထားတဲ့အချိန်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



## လက်ဖက်ရည်ဆိုင်ထိုင်ရင်းလည်း သေတာပဲ

သူဟာ လက်ဖက်ရည်ဆိုင် တစ်နေ့နှစ်ကြိမ်ထိုင်တယ်။ မနက်တစ်ကြိမ်၊ ညနေတစ်ကြိမ်ပေါ့။ မနက်ပိုင်းတုန်းက မိတ်ဆွေသူငယ်ချင်းတွေနဲ့အတူ ပြောပြောဆိုဆို လက်ဖက်ရည်သောက်ခဲ့တဲ့ သူငယ်လေးက ညနေပိုင်းကျတော့ ဆိုင်ထဲမှာ ရုတ်တရက်သေသွားပြီလို့ ကြားရတော့၊ မနက်ကမှ စကားပြောခဲ့ကြတဲ့သူတွေက မယုံနိုင်ဘူး ဖြစ်နေကြတာပေါ့။ သေတာကတော့ အမှန်ပါပဲ။

ဘယ်လိုသေသလဲဆိုတော့ အဲဒီနေ့ ညနေပိုင်းမှာ ထုံးစံအတိုင်းကောင်လေးက သူငယ်ချင်းတွေနဲ့အတူ ဆိုင်ထဲမှာ လက်ဖက်ရည်သောက်ရင်း စကားပြောနေကြတယ်။ ဆိုင်က ကားလမ်းဘေးမှာ ရှိတာပါ။ ကားတွေလည်း သွားနေကျအတိုင်း သွားနေတာပဲ။ ဘာမှ မထူးခြားဘူး။ အဲဒီအချိန်မှာ ကားတစ်စီးက အရှိန်ပြင်းပြင်း ဆိုင်ဘေးကနေ မောင်းသွားတယ်။ အရေးကြီးကိစ္စရှိလို့ ဖြစ်မှာပေါ့။

ဖြစ်ပုံက အဲဒီကားဘီးအောက်ကနေ အရှိန်ပြင်းပြင်းနဲ့ ချော်ထွက်လာတဲ့ လက်သန်းရဲ့ လက်သည်းခွံလောက်ရှိတဲ့ ကျောက်စရစ်ခဲချွန်ချွန်လေးတစ်လုံးဟာ အဲဒီသူငယ်ရဲ့ နားထင်မှာ လာစိုက်တယ်။ တော်တော်နက်နက် စိုက်ဝင်သွားတော့ လူငယ်လည်း ဆတ်ခနဲဖြစ်သွားပြီး ကျောက်စရစ်ခဲကို ဘာမှမဖြစ်သလို သဘောမျိုးနဲ့ အေးအေးဆေးဆေးပဲ နှုတ်ယူနေတယ်။ နှုတ်ကလည်း ပြောလိုက်သေးတယ်။

"တော်တော်နာတယ်ဗျ" အရှိန်ပြင်းတဲ့ ကျောက်စရစ်ခဲကို နှုတ်ပြီး နှုတ်ယူနေတဲ့အချိန်ထိ သူ့ကိုယ်သူသေမယ်လို့ မထင်သေးဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် မျက်နှာမပျက်ဘဲ အေးအေးပြောနိုင်တာပေါ့။ ကျောက်စရစ်ခဲလေးလည်း အပြင်ရောက်သွားရော ဒဏ်ရာအပေါက်က ပွက်ခနဲထွက်လာတဲ့ သွေးနဲ့အတူ သူ့အသက်လည်း ပျောက်ခဲ့ရပါတယ်။

ဗဟုဇ္ဇန – ကြီးကြီးငယ်ငယ်၊ အသွယ်သွယ်ဟု၊ အရွယ်သောင်းပြောင်း၊ များစွာသော လူအပေါင်းတို့ကို။

ပါတော – အရုဏ်ကျင်း၍ အလင်းရောက်လာ နံနက်အခါ၌။

ဒိဋ္ဌာ – ပြောပြောဆိုဆို ထိုထိုဤဤ၊ အလီလီဖြင့်၊ အတည်မသေ့၊ တွေ့မြင်လိုက်ရပါပေကုန်၏။ ဩော်– မနက်တုန်းက တွေ့လိုက်မြင်လိုက် ပြောလိုက်ဆိုလိုက် ရပါရဲ့သားနဲ့။

သာယံ – အလင်းရောင်ပျောက်၊ အမှောင်ရောက်လာ ညချမ်းအခါ၌။

ဧကေ – အသိမိတ်ဆွေ၊ အထွေထွေမယွင်း၊ အချို့သောလူတစ်သင်းတို့ကို။

နဒိဿန္တိ – မမြင်ရပါတော့ကုန်။

နဒိဿန္တိ – အခြေယွင်းပျောက်၊ သေမင်းနောက်သို့၊ ကောက်ကောက်ပါသွား၊ ဖြစ်လေအားကြောင့်၊ ထင်ရှားချကြဲ၊ မမြင်ရတော့ပါကုန်။

နဒိဿန္တိ – သခါဘွေ့ သူ့နယ်အတွင်းမှာ အကြွင်းသတ္တဝါတွေ အမှုကွယ်လို့ မငြင်းနိုင်ဘူး၊ ပြုဖွယ်အခင်းတွေ တစ်ခဏမြင်ကြတော့ ညမြင်လျှင် နေ့မှာပျောက်သည်ကို၊ မမေ့



www.burmeseclassic.com

www.burmeseclassic.com



ရှာလောက်အောင် ယနေ့ထင်ကြရှော့ပေါ့၊ ဩြော်–
နေ့မြင်လို့ ညပျောက်ဖြစ်ရလေတော့သတည်း။

"တချို့ပုဂ္ဂိုလ်တွေ ညချမ်းအခါမှာ ပြောပြောဆိုဆိုရယ်ရယ်မောမော တွေ့ရပေမယ့် မနက်ရောက်တဲ့အခါကျမှ ဖြိုးခနဲ ဖျတ်ခနဲ သေသွားတာလည်းရှိပါတယ်။ ဦးပဥ္စင်းတို့ကိုယ်တိုင် သက်ပျောက်ဆွမ်းရေစက်ချပေးခဲ့ရတဲ့ ဓမ္မသံဝေဂရဖွယ်ဖြစ်ရပ်လေးတစ်ခုကို ပြောပြပါဦးမယ်။ ၁၃၆၁–ခုနှစ်လောက်က ဖြစ်ခဲ့တဲ့နေရာက ရွှေပြည်သာမြို့၊ ၉– ရပ်ကွက်၊ ရန်ကုန်ပန်းခြံက အိမ်တစ်အိမ်မှာ ဖြစ်ပါတယ်။

သာယာဝတီမြို့က အသက်လေးဆယ် အရွယ်လောက်ရှိတဲ့ ဒကာမတစ်ဦးဟာ သူ့သမီးအလုပ်လုပ်နေရာ ရွှေပြည်သာကို ခဏ အလည်လိုက်လာခြင်း ဖြစ်ပါတယ်။ သူ့သမီးလေးက ရွှေပြည်သာက အထည်ချုပ်စက်ရုံတစ်ရုံမှာ အလုပ်လုပ်နေပါတယ်။ သမီးလေးအတွက် လိုအပ်တာလေးတွေပို့ရင်း လာတာပါ။

ညကပဲ သမီးရော အိမ်ရှင်တွေနဲ့ပါ ရယ်ရယ်မောမောပြော ပြောဆိုဆိုနဲ့ဆိုတော့ သူသေမယ်လို့ ဘယ်သူမှမထင်ပါဘူး။ မနက် မိုးလင်းလို့ မျက်နှာသစ်၊ ကိုယ်လက်သုတ်သင်ပြီး အိမ်ထဲပြန်အဝင်မှာ ခေါင်းထဲကမူးလိုက်တာဆိုပြီး အိပ်ရာပေါ်ပုံကျသွားရာက အသက်ပါ တစ်ခါတည်း ပါသွားတာပါပဲ။

ဘာရောဂါနဲ့သေမှန်းတောင် မသိကြပါဘူး။ ဆေးရုံရောက်မှ စစ်ဆေးကြည့်တော့ ဦးနှောက်သွေးကြောပြတ်တာလို့ သိရပါတယ်။ သတိသံဝေဂရဖွယ် လင်္ကာလေးလိုက်ဆိုကြပါဦး။



www.burmeseclassic.com

www.burmeseclassic.com



ပုပ္ပရွှေ၊ ရှိကြမှန်စွာ၊
သူရောင်ငါရော၊ သောသောအုတ်အော၊
မနက်တုန်းက အုန်းအုန်းဆူညာ၊
ညသို့ရောက် သက်ပျောက်သေကြရှာ။
ပုပ္ပရွှေ၊ ရှိကြမှန်စွာ၊
သူရောင်ငါရော၊ သောသောအုတ်အော၊
ညဉ့်ချိန်တုန်းက အုန်းအုန်းဆူညာ၊
မနက်ရောက် သက်ပျောက်သေကြရှာ။
နေ့မြင်ညပျောက် တွေ့ရောက်ဆုံစွာ၊
ညမြင်နေ့ပျောက် မျက်မှောက်ကြုံလာ၊
သခ်ိါနယ်တွင်း။ စာရင်းမပါ၊
သတိပြု ကြည့်ရှုကြောက်လန့်ရာ။

သခ်ိါရနယ်အတွင်းမှာ ပါတဲ့ လူသားတစ်ယောက် အနေနဲ့ သေခြင်းတရာကို ရင်ဆိုင်ရဲအောင် သတိနဲ့ လေ့ကျင့်ထားရပါမယ်။

## ပြိတ္တာဖြစ်ရသော ရဟန်းမယ်တော်

လေ့ကျင့်မထားဘူးဆိုရင်တော့ အပါယ်မကျနိုင်ဘူးလို့ ယူဆထားကြတဲ့ ပုဂ္ဂိုလ်အချို့တောင် အပါယ်လေးပါးကျတာတွေ့ရပါတယ်။ ပထမတစ်ခုကတော့ ရဟန်းမယ်တော်တစ်ဦးပါ။ လူမသိ၊ သူမသိ သာမညရဟန်းတစ်ပါးရဲ့ မယ်တော်မဟုတ်ပါဘူး။ ပျံလွန်တော်မူသွားပြီ ဖြစ်တဲ့ တောင်တန်းသာသနာပြု ပရိတ်ရေဆူဆရာတော် အရှင် ဦးဥတ္တမ



www.burmeseclassic.com

www.burmeseclassic.com



သာရရဲ့ မယ်တော်ပဲဖြစ်ပါတယ်။

ရွှေဘိုနယ်မှာ ကျန်ခဲ့တဲ့မယ်တော်ကြီးဟာ ချင်းပြည်နယ် တောင်တန်းမှာ သာသနာပြုနေတဲ့ ဆရာတော်ကြီးအပေါ် တော်တော် သံယောဇဉ်ကြီးရှာသတဲ့၊ သေတာတောင် ဖြောင့်ဖြောင့်မသေနိုင်ဘဲ ငါ့သားဘုန်းကြီးတော့ အစားအသောက်အနေအထိုင် ဆင်းရဲရှာမှာပဲ လို့ စိတ်စွဲပြီး သေတဲ့အတွက် အိမ်ခြံဝိုင်းအနီးမှာပဲ ပြိတ္တာမကြီး ဖြစ် နေရတယ်။

သူ့ မကျွတ်မလွတ်သေးတဲ့အကြောင်း သမီးဖြစ်သူကို အမြင် ဓာတ်ပါပြပြီး အိပ်မက်ပေးလို့ ဆရာတော်ကြီးကိုယ်တိုင် တောင်တန်း ကပြန်လာပြီး သံဃာတွေပင့်၊ ဆွမ်းတွေသက်န်းတွေလှူပြီး အမျှပေး မှ ပြိတ္တာဘဝက ကျွတ်သွားခဲ့ရတယ်။ အစွဲအလမ်းလောဘဟာ သိပ် ကြောက်စရာကောင်းပါတယ်။ အာရုံငါးပါးကိုစွဲလမ်းတဲ့ ဆန္ဒရာဂဖြစ်ဖို့ မဆိုထားနဲ့၊ မိမိကြိုးစားအားထုတ်နေတဲ့ သီလ၊ သမာဓိ၊ ဝိပဿ နာတရားတွေအပေါ်မှာတောင် စွဲလမ်းတဲ့ ဆန္ဒရာဂမဖြစ်ဖို့ ဘုရားက မှာကြားထားဖူးပါတယ်။

မဇ္ဈိမနိကာယ်၊ အလဂဒ္ဒူပမသုတ်မှာ–

"ချစ်သား၊ ချစ်သမီးတို့ ဖောင်ဖွဲ့၍ တစ်ဖက်ကမ်းသို့ ကူး သွားသောသူသည် တစ်ဖက်ကမ်းသို့ရောက်ခဲ့လျှင် ငါ့ကို တစ်ဖက်ကမ်း ရောက်အောင်ပို့ပေးတဲ့ ကျေးဇူးကြီးလှတယ်ဆိုပြီး ဖောင်ကြီးကို ခေါင်း ပေါ်ရွက်ပြီးယူမသွားဘဲ ရေထဲမှာသာထားခဲ့သလို သီလ၊ သမထ၊ ဝိပဿနာကို အားထုတ်သောယောဂီများသည်လည်း နိဗ္ဗာန်ရောက်ဖို့



www.burmeseclassic.com

www.burmeseclassic.com



အတွက်သာလျှင် အသုံးပြုရမည့် ထိုတရားတို့အပေါ်၌ စွဲလမ်းတပ်မက်သော ဆန္ဒရာဂကိုပင် မထားအပ်''လို့ ဟောတော်မူခဲ့ပါတယ်။ အပြင်က သူခိုးဓါးပြက မိမိကို ဒီတစ်ဘဝသာ ဒုက္ခပေးနိုင်တာပါ။ မိမိသန္တာန်မှာ လက်ခံလိုက်တဲ့ စွဲလမ်းတပ်မက်တဲ့ လောဘကတော့ ဒီဘဝမှာလည်း ပူလောင်ဆင်းရဲအောင် ဒုက္ခပေးသလို သံသရာမှာလည်း အပါယ်ကျအောင်ချပြန်လို့ ပိုပြီးကြောက်စရာကောင်းပါတယ်။

ပြည်မြို့အရှေ့ဘက်၊ ပေါက်ခေါင်းမြို့နယ်နှင့် ၂၄–မိုင်ကျော်ခန့်ဝေးသော ရွာတစ်ရွာက ကျောင်းထိုင်ဆရာတော် ဦးနန္ဒအဖြစ်ကတော့ အသေပြင်မယ့်သူတိုင်း သိထားသင့်တဲ့ ဖြစ်ရပ်တစ်ခုပါ။ အကျယ်ကိုတော့ တောင်တန်းဆရာတော်ဘုရားကြီးရေးတဲ့ 'အာပတ်နှင့်တကွ စုတေလျှင်' ဆိုတဲ့စာအုပ်မှာ ဖတ်ရှုနိုင်ပါတယ်။ ဆရာတော်ရဲ့ အဆက်အနွယ်တွေ သိက္ခာကျမှာစိုးလို့ မူရင်းရွာနာမည်ကို ချန်ထားခြင်းဖြစ်ကြောင်း စာအုပ်ထဲမှာ ရေးထားပါတယ်။

ဦးနန္ဒဟာ အသံကောင်း၊ အပြောကောင်း၊ အဟောကောင်း ဓမ္မကထိကတစ်ပါးဖြစ်လို့ ပေါက်ခေါင်းမြို့နယ်တစ်ဝိုက် သာရေး၊ နာရေးကိစ္စတွေမှာ ပွဲတိုင်းကျော်ဖြစ်ခဲ့ပါတယ်။ ပစ္စည်းလေးပါး ပေါများရုံတင်မကဘဲ ဝတ္ထုကြေးငွေများပါ စုမိလာတော့ ဦးနန္ဒတစ်ယောက်သူခိုးဓားပြရန်ကို ကြောက်လာပါသတဲ့။

ဒါနဲ့ပဲ သပိတ်ကြီးတစ်လုံးထဲမှာ ဝတ္ထုငွေတွေ အပြည့်အသိပ်ထည့်ပြီး သူ့ကျောင်းလေ့ကားအောက်မှာ မြေကျင်းတူးပြီး မြှုပ်ထားလိုက်ပါတယ်။ သူခိုးဓားပြထက် နှစ်ဆဆိုးတဲ့ လောဘဆိုတဲ့ တရား



www.burmeseclassic.com

www.burmeseclassic.com



ဆိုးကြီး သူ့သန္တာန်မှာ ရောက်လာပြီဆိုတာကိုတော့ သူ့ခမျာ မသိရှာပါဘူး။

တစ်နေ့ အသက်လေးဆယ်ကျော်အရွယ်မှာပဲ ဟောပြောရလွန်းလို့ဖြစ်လာတဲ့ လေနာရောဂါနဲ့ပဲ ပျံတော်မူခဲ့ပါတယ်။ ရဟန်းတော်တစ်ပါး ဖြစ်တဲ့အတွက် ပုံမှန်အတိုင်းဆိုရင် အထက်နတ်ဘုံကို ပျံတော်မူရမှာပါ။ အခုတော့ လှေကားအောက်မှာမြှုပ်ထားတဲ့ ငွေသပိတ်အပေါ် စွဲလမ်းတဲ့လောဘကြောင့် ကျောင်းဝိုင်းထဲမှာ သံပုရာခွံဦးထုပ်ဖြူဆောင်းရတဲ့ ဘုန်းကြီးတစ္ဆေဖြစ်သွားတယ်။

**ပေါက်ခေါင်းမြို့နယ်က သူရဲဦးနန္ဒ**

စာတတ်ပေတတ်ဘုန်းကြီးဘဝက လာသူဆိုတော့ ငွေသပိတ်ကို စွဲလမ်းတဲ့ လောဘကြောင့်အခုလိုဘဝရောက်ရတယ်ဆိုတာ သေချာသိပါတယ်။ ဒါ့ကြောင့်လည်း သူ့ကျွတ်လမ်း လွတ်လမ်းကို ရှာတဲ့အနေနဲ့ နောက်တက်တဲ့ ကျောင်းထိုင်ဘုန်းကြီးများကို ကိုယ်ထင်ပြပြီး အကူအညီတောင်းဖို့ကြိုးစားပါတယ်။ ဒါပေမဲ့ နောက်တက်လာတဲ့ကျောင်းထိုင်ဘုန်းကြီးတွေကလည်း ကြောက်တတ်သူတွေဆိုတော့ သရဲခြောက်တယ်ဆိုပြီး ထွက်ထွက်ပြေးကြတာနဲ့ သူ့ဆန္ဒမပြည့်ဝခဲ့ရပါဘူး။

သူ့ဆန္ဒကတော့ လှေကားအောက်က ငွေသပိတ်ဖော်ပြီး သံဃာတွေပင့် ဆွမ်းတွေ၊ သင်္ကန်းတွေလှူ၊ သူ့ကိုအမျှပေးဖို့ပါပဲ။ ဒီလိုနဲ့ နှစ်အတန်ကြာတဲ့အချိန်ကျမှ သတ္တိရှိတဲ့ ဒကာတစ်ယောက် ဦးနန္ဒ



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းကိုရောက်လာပါတယ်။ လာတာကတော့ ရွာထဲက သူ့သူငယ်ချင်းအိမ်လာတာပါပဲ။

သူငယ်ချင်းကမရှိဘဲ ဇနီးသည်တစ်ယောက်ပဲ အိမ်မှာရှိတော့ ညအိပ်ရမှာ မသင့်တော်လို့ ဦးနန္ဒကျောင်းကို လာအိပ်ခြင်းပါပဲ။ ည ရောက်တာနဲ့ ကိုယ်ထင်ပြလာတဲ့ ဦးနန္ဒကို ဒကာက သတ္တိကောင်းသူ ဆိုတော့ ဘာမပြောညာမပြော ချက်ချင်းထပြီး နပန်းလုံးတယ်။ ပြီး တော့ သရဲခေါင်းမှာ ဆောင်းထားတဲ့ ဦးထုပ်ဖြူကို ဖြုတ်ယူမိသွားတာ နဲ့ သရဲဟာ အားအင်ကုန်ခန်းသွားပြီး ကြမ်းပြင်ပေါ် ပုံကျသွားတယ်။

အဲဒီအခါကျမှ ဦးနန္ဒတစ်ဖြစ်လဲ သရဲက ဒကာတော်သတ္တိ ကောင်းတဲ့သူနဲ့တွေ့ရလို့ အားရဝမ်းသာဖြစ်ရပါတယ်။ ငါဟာ ဒီကျောင်း က ပျံတော်မူသွားခဲ့တဲ့ ကျောင်းထိုင်ဘုန်းကြီးပါ။ လှေကားအောက်မှာ မြှုပ်ထားတဲ့ ငွေသပိတ်ကိုစွဲခဲ့လို့ မကျွတ်မလွတ်ဖြစ်နေရတာပါ။ ဒကာ ငါ့ကို ကူညီပါ။ အဲဒီငွေသပိတ်ကိုဖော်ယူပြီး သံဃာတွေပင့်၊ ဆွမ်းတွေ သက်န်းတွေလှူပြီး ကျွန်ုပ်ကို အမျှပေးပါ။

ကျန်တာကို ဒကာသုံးပါလို့ ပြောတဲ့အတွက် ဒကာကလည်း ပြောတဲ့အတိုင်း လုပ်ပေးလိုက်မှ သရဲဘဝက လွတ်သွားခဲ့ရပါတယ်။ ဒီဖြစ်ရပ်နှစ်ခုလုံးဟာ အကျဉ်းချုပ်လိုက်ရင် သေနည်းကို ကြိုတင် မပြင်ဆင်ခဲ့လို့၊ ကြိုတင်မလေ့ကျင့်ခဲ့လို့ဆိုတာ သွားတွေ့ရပါတယ်။ ဒီနေရာမှာ သေခြင်းတရားကို တစ်လအတွင်း ရင်ဆိုင်သွားခဲ့ရတဲ့ သားအဘနှစ်ယောက်အကြောင်းကို ပြောပြပါဦးမယ်။

သေကွဲကွဲရခြင်းဆိုတဲ့ဘေးဟာ ငါတို့မိသားစုတစ်စုတည်းတင်



www.burmeseclassic.com

www.burmeseclassic.com



တွေ့ကြုံရတာ မဟုတ်ဘူး။ ကမ္ဘာလောကမှာရှိတဲ့ လူသားမှန်သမျှ တွေ့ကြုံနေရတဲ့ တရားတစ်ခုပဲဆိုတာကို ယနေ့တရားပွဲအလှူရှင် ဒေါ်အေးနဲ့တကွ မိသားစုများကို သိစေလိုတဲ့အတွက် ဖြစ်ပါတယ်။ ဒီလို သိသွားတဲ့အတွက် မိမိတို့ရင်ထဲမှာဖြစ်နေတဲ့ ပရိဒေဝဟာ သက်သာ ပျောက်ကင်းသွားနိုင်ပါတယ်။

သေခြင်းတရားနဲ့ပတ်သက်ပြီး မဃဒေဝမှာ စပ်ဆိုထားတာက–

**မိုးများထိနီး ကျောက်တိပြီးသား။**

**တောင်ကြီးကြိတ်ကြိတ်၊ လေးလုံးပိတ်၍၊**

**ချေကြိတ်ညက်စွာ၊ လေးမျက်နှာက၊**

**လွတ်ရာမရှိ၊ လာတုံဘိသို့၊**

**ဇာတိဇရာ၊ ဗျာဓိမရဏာ၊**

**မေ့တရား၊ ဤလေးပါးတို့၊**

**ထွားထွားကြိတ်ချေ၊ ညက်ညက်ကြေအောင်၊**

**မြေနေနိစ္စ၊ နိပ်စက်စွတည့်–တဲ့။**

အဝိပ္ပါယ်က အရပ်လေးမျက်နှာကနေ မိုးကိုထိလုနီးပါး မြင့်မားတဲ့ ကျောက်တောင်ကြီးတွေဟာ ရှေ့မှာတွေ့သမျှ အရာအားလုံးကို ကြိတ်ချေလာမယ်ဆိုရင် ကျောက်တောင်အလယ်မှာရှိနေတဲ့ လူသားဟာ ကျောက်တောင်ရဲ့ အကြိတ်ချေခံရခြင်းဘေးက ဘယ်လိုမှ မလွတ်နိုင်သလို လူသားတစ်ယောက်ဟာဇာတိဆိုတဲ့ ပဋိသန္ဓေနေရခြင်း ကျောက်တောင်၊ ဇရာဆိုတဲ့ အိုရခြင်းကျောက်တောင်၊ ဗျာဓိဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



နာရခြင်းကျောင်းတောင်၊ မရဏဆိုတဲ့ သေရခြင်းကျောက်တောင် လေးလုံးရဲ့ အကြိတ်အချေ၊ အနှိပ်အစက်ခံရခြင်းဘေးက ဘယ်လိုမှ မလွတ်နိုင်ပါဘူး။

ဗုဒ္ဓက စကြာ–

ဇာတိပိဒုက္ခာ–ပဋိသန္ဓေနေရခြင်းဟာလည်း ဆင်းရဲပဲ၊ ဇရာပိဒုက္ခော၊ အိုရတာလည်း ဆင်းရဲပဲ၊ ဗျာဓိပိဒုက္ခံ–နာရတာလည်း ဆင်းရဲပဲ၊ မရဏမ္ပိဒုက္ခော–သေရတာလည်း ဆင်းရဲပဲလို့ ဟောထားပေမယ့် လူသားအများစုဟာ ဆင်းရဲဒုက္ခလို့ မထင်ကြပါဘူး။ ဒါကြောင့်လည်း ဘဝအမျိုးမျိုးကို ဆုတောင်းနေကြတာပေါ့။ ဒါကြောင့် ဒီနေရာမှာ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏလေးမျိုးရဲ့ ဆင်းရဲပုံ၊ ကြောက်စရာကောင်းပုံကို အနည်းငယ်ဟောပေးပါ့မယ်။ ဇာတိ–ပဋိသန္ဓေနေရတဲ့အတွက် ဒုက္ခလေးမျိုး ခံစားရပါတယ်။ အဲဒါတွေက–

## ပဋိသန္ဓေနေရခြင်း ဆင်းရဲလေးမျိုး

ဂဗ္ဘောဝက္ကန္တိမူလကဒုက္ခ၊ ဂဗ္ဘပရိဟရဏဒုက္ခ၊ ဂဗ္ဘဝိပ္ပတ္တိဒုက္ခ၊ ဂဗ္ဘဝိဇာနနမူလကဒုက္ခတို့ပါပဲ။ ဂဗ္ဘောဝက္ကန္တိမူလကဒုက္ခဆိုတာ အမိဝမ်းတွင်း သက်ဆင်းဝင်ရောက်ရတဲ့ဆင်းရဲကို ပြောတာပါ။ ထောင်ထဲမှာ တိုက်ပိတ်ခံရတဲ့ အကျဉ်းသားနေရတဲ့အခန်းကမှ ကျယ်ပါသေးတယ်။ အမိဝမ်းတွင်းမှာတော့ မလှုးသာမလွန့်သာ အမိအစာဟောင်းအိမ်ကို ဖင်ခုထိုင်၊ အစာသစ်အိမ်ကို ခေါင်းပေါ်ရွက်ပြီး ငုတ်တုတ်လေးနေရှာတာပါ။



www.burmeseclassic.com

www.burmeseclassic.com



အမိဝမ်းရေကိုကျောပေးပြီး ဒူးနှစ်လုံးကြား ဦးခေါင်းထားပြီး နေရပုံဟာ သစ်ငုတ်တိုပေါ် မိုးစိုစိုနဲ့ ထိုင်နေတဲ့မျောက်အိုနဲ့တူတယ်လို့ ဟောထားပါတယ်။ အမိဝမ်းတွင်း ဝင်ရောက်ခဲ့ရတဲ့ ဒုက္ခပြီးပြန်တော့ ကိုးလကျော်ဆယ်လနီးပါး ကိုယ်ဝန်ဆောင်ထားရတဲ့ ဒုက္ခကိုတော့ ဂဗ္ဘပရိဟရဏဒုက္ခ လို့ဆိုပါတယ်။ ဝမ်းတိုက်တွင်း ဆယ်လကြာနေရတဲ့ အချိန်ဟာလည်း အင်မတန်ဆင်းရဲပင်ပန်းတဲ့ အချိန်ပါပဲ။

ကိုယ်ဝန်မထိန်းသိမ်းတတ်တဲ့မိခင်နဲ့ သွားတွေ့လို့ မိခင်က လက်လွတ်စပယ် ကုန်းလိုက်မယ်ဆိုရင် သန္ဓေသားကို ခါးလုန်ချိုးသလို ဖြစ်သွားလို့ အင်မတန်မှ ဆင်းရဲရပါတယ်။ မိခင်က အလွန်အေးတဲ့ အစာတွေ စားလိုက်မယ်ဆိုရင် သန္ဓေသားဟာ လောကန္တရိက်ငရဲကျသလို ခံစားရပါသတဲ့။ လောကန္တရိက်ငရဲဆိုတာ ကမ္ဘာသုံးခုစပ်လိုက်တဲ့အခါ အလယ်မှာ ပေါ်လာတဲ့အကြားကို လောကန္တရိက်ငရဲလို့ ခေါ်ပါတယ်။

နိယတမိစ္ဆာရှိတဲ့သူတွေ ခံစားရတဲ့ငရဲပါ။ ကမ္ဘာသုံးခုရဲ့ အလယ်မှာရှိတဲ့ရေတွေဟာ သီတတေဇောဓာတ်အားကြီးပြီး အေးစက်နေတာပါ။ ကမ္ဘာရဲ့နံရံမှာ ကုပ်ကပ်နေတဲ့ငရဲသားတွေ တစ်ကောင်နဲ့ တစ်ကောင် အစာမှတ်ပြီး လှမ်းဟပ်ရင်းနဲ့ ရေထဲပြုတ်ကျသွားရင် တစ်ခါတည်း ကြေမွသွားတာပါ။ အဲဒီငရဲမျိုးကို လောကန္တရိက်ငရဲလို့ ခေါ်ခြင်းဖြစ်ပါတယ်။

တစ်ခါ အလွန်ပူတဲ့အစာကို မိခင်ကစားလိုက်ရင် သန္ဓေသားမှာ ငရဲမီးနဲ့ပက်လိုက်သလို အင်မတန်မှ ပူလောင်လှပါတယ်။ အလွန်ဖန်တဲ့ ခါးတဲ့ စပ်တဲ့အစာတွေ စားလိုက်ပြန်ပြီဆိုရင် သန္ဓေသားမှာ



www.burmeseclassic.com

www.burmeseclassic.com



ဓါးနဲ့မွှန်းသလိုကို ခံစားရပါသတဲ့။ အပြင်လေတောင်အထိမခံရတဲ့ သန္ဓေသားရဲ့ကိုယ်ဟာ အင်မတန်မှ နူးညံ့နေပါတယ်။ ဒါကြောင့်လည်း မွေးဖွားလာခါစမှာ လက်နဲ့ကိုင်တာ အနီးစနဲ့ထိတာတောင် မခံသာ အောင်နာရှာပါတယ်။ ဒါကြောင့်လည်း တအားငိုရှာတာပေ့ါ။

ဆယ်လပြည့်ပြီး မွေးလာတဲ့အချိန်မှာတောင် အဲသလောက် နူးညံ့နေသေးရင် မိခင်ဝမ်းထဲနေရစဉ် လေးငါးခြောက်လအရွယ်ကဆို ရင် ဘယ်လောက်ထိနူးညံ့နေမယ်ဆိုတာ စဉ်းစားကြည့်ရင် သိနိုင်ပါ တယ်။ ဒါကြောင့် အလွန်ဖန်တဲ့ စပ်တဲ့ ခါးတဲ့အစားတွေ စားလိုက် မယ်ဆိုရင် သန္ဓေသားဟာ ဓါးနဲ့မွှန်းသလို ခံစားရတယ်ဆိုတာ သဘော ပေါက်လက်ခံလောက်ပါပြီ။

တတိယမြောက်ကတော့ ဂဗ္ဘဝိပတ္တိမူလကဒုက္ခပါ။ အဓိပ္ပါယ် ကတော့ ကိုယ်ဝန်ဖျက်ဆီးခံရတဲ့ဆင်းရဲပါ။ ခုခေတ်ထဲမှာ သန္ဓေတား ဆေးတွေ၊ ဖျက်ဆေးတွေ တအားပေါနေတော့ ဒီဒုက္ခကို သန္ဓေသား တွေ ပိုခံရပါတယ်။ လူသတ်သမားတွေဟာ လူငယ်လေးတစ်ယောက် ကို ဆွေမျိုးသားချင်းတွေနဲ့ ဝေးရာခေါ်ပြီး ရက်ရက်စက်စက် သတ် ဖြတ်လိုက်သလိုပါပဲ။

ဒီလိုအသတ်ဖြတ်ခံရတဲ့အခါ လူငယ်လေးခမျာ တောကြီး မျက်မည်းထဲမှာ အားကိုးရာမဲ့ရှာသလို ကိုယ်ဝန်ဘဝမှာ ဖျက်ချခံရ တဲ့ သန္ဓေသားခမျာလည်း အားကိုးရာမဲ့ပြီး ဘာမှခုခံနိုင်စွမ်းမရှိဘဲ အသေခံကြရပါတယ်။ နောက်ဆုံး ဂဗ္ဘဝိဇာနနမူလဒုက္ခဆိုတာကတော့ အမိဝမ်းက ဖွားမြင်ရတဲ့ ဒုက္ခပါ။ ဘယ်လောက်ဆင်းရဲသလဲဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ကို စာပေမှာ ဥပမာပေးထားတာက–

အလွန်ကျဉ်းမြောင်းတဲ့ အပေါက်ကလေးကနေ ဆင်ပြောင်ကြီး တစ်ကောင်ကို သံကြိုး၊ သံကောက်တို့နဲ့ အတင်းဆွဲထုတ်တဲ့အခါ ခံစားရသလို သန္ဓေသားဟာလည်း ကျဉ်းမြောင်းတဲ့မိခင်ရဲ့ ယောနိပေါက်ကနေ အလွန်နာကျင် ဆင်းရဲစွာနဲ့ဆွဲထုတ်ခံခဲ့ရတာပါ။ မွေးခါနီးမှာ ကမ္မဇလေကနေ သန္ဓေသားကို ခပ်ပြင်းပြင်းတိုက်ခတ်လိုက်တာ ထိုင်ရက်ကနေ ဦးစိုက်ပြောင်းပြန်ဖြစ်ပြီး ယောနိဝကို ခေါင်းစိုက်သွားရတာပါ။

အဲဒီဇာတိဆိုတဲ့ ကျောက်တောင်ကြီးကြိတ်ပြီးတာနဲ့ အိုခြင်းဆိုတဲ့ ဇရာကျောက်တောင်ကြီးက စက္ကန့်နဲ့အမျှ ကြိတ်ချေနေတော့တာပါပဲ။ လောကအမြင်အရတော့ အသက်သုံးလေးဆယ် နောက်ပိုင်းကျမှ အိုလာတယ်လို့ ယူဆကြပါတယ်။ တရားသဘောအရတော့ မွေးပြီးတာနဲ့ တစ်ရက်ပြီး တစ်ရက်အိုတော့တာပါပဲ။ ဘယ်ထိအိုမလဲဆိုရင် ဗျာဓိနာတဲ့အထိ အိုမှာပါ။ ဗျာဓိကျောက်တောင် အကြိတ်အချေခံရပြီဆိုရင်လည်း အိပ်ရာထဲလဲပြီး သားသမီးအရင်းတွေတောင် စေတနာပျက်တဲ့အထိ ခံစားရပါတယ်။

နောက်ဆုံး ဗျာဓိတရားက အနာဆုံးဖြစ်အောင် ကြိတ်ချေပြီးတဲ့အခါ မရဏဆိုတဲ့ ကျောက်တောင်ကြီးကနေ အသေကြိတ်လိုက်တော့တာပါပဲ။ အဲသလို မရဏကျောက်တောင်က ကြိတ်ချေလာပြီဆိုတဲ့အခါ ကြီးသော ငယ်သော မခွဲခြားဘဲ ကြိတ်ချေတတ်ကြောင်းကို ဆက်လက်စပ်ဆိုထားတာက–



www.burmeseclassic.com

www.burmeseclassic.com



ကာယဟူဘိ၊ နားမျက်စိနှင့်၊
ဣန္ဒြိယရှိသ၊ ဖြစ်လာကြတိုင်း။
ရုက္ခသီးပွင့်၊ ဓါမလင့်ဘဲ၊
ရင့်တစ်ဖုတ်ဖုတ်၊ ကင်းဖြုတ်ဖြုတ်နှင့်၊
ညှာပြုတ်ကြွေကျ၊ မမြဲကြသို့၊
ဘဝပျက်ပြီး၊ လူထိုထိုကား။
ရွယ်ပျိုရွယ်လတ်၊ ကျန်မလွတ်သည်၊
မရွယ်သေအဲ့အပြီးတည်း-တဲ့။

အဓိပ္ပါယ်ကတော့ သရက်သီးလေးတွေ အပွင့်ကနေ သီးကင်းဘဝရောက်လာကြတယ်။ အဲဒီအခါမှာ သရက်သီးတွေဟာ ရင့်မှည့်ပြီးမှ အညှာကကြွေကျတာရှိသလို သီးကင်းဘဝကတည်းက တစ်စုံတစ်ခုသော အကြောင်းကြောင့် ကြွေကျရတာရှိပါတယ်။ လူသားတွေမှာလည်း မီးစာကုန်ဆီခမ်း အသက်ကြီးမှ ကြွေကျရတာရှိသလို တစ်စုံတစ်ခုသော အန္တရာယ်ကြောင့် မိန်းမယောက်ျားမရွေး ငယ်ငယ်ရွယ်ရွယ် သေတာလည်း ရှိကြပါတယ်တဲ့။

လက်တွေ့သာဓကတစ်ခု ထုတ်ပြပါမယ်။ ၁၃၅၀-ခုနှစ် တပေါင်းလဆုတ် ၁၃-ရက်နေ့မှာ ဦးပဥ္စင်းတို့ရဲ့ ဖခင်ကြီးကိုယ်ရောင်တဲ့ ရောဂါနဲ့ သေဆုံးခဲ့ရပါတယ်။ သေဆုံးချိန်က အသက် ၅၈-နှစ်ပဲ ရှိပါသေးတယ်။ ခြောက်ဆယ်နီးပါးနေရတယ်ဆိုတော့ ရင့်မှည့်ကြွေကျတဲ့ သရက်သီးလို သဘောထားနိုင်ပါတယ်။ ခင်ပွန်းသည် သေဆုံးလို့ ခံစားနေရတဲ့ သောကတောင် မပြေသေးဘူး။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်လအကြာ တစ်ခူးလဆုတ် ၁၃-ရက်နေ့မှာ ဦးပဥ္စင်း အထက်က အစ်မတစ်ယောက်ဖြစ်တဲ့ မခင်ပိုဟာ ဆုံးပါးခဲ့ရပါတယ်။ သေဆုံးစဉ်က အသက် ၂၈-နှစ်ပဲရှိပါသေးတယ်။ သေဆုံးရခြင်းရဲ့ အကြောင်းဖြစ်တဲ့ ရောဂါတွေကို ရှာဖွေကြည့်တဲ့အခါမှာ တရားထိုင်ရင်း ထိတ်လန့်ပြီး စိတ်အနည်းငယ်ဖောက်သွားတာရယ်၊ အမျိုးသမီး မီးယပ်ရောဂါရယ်၊ ပြုစားခံရတဲ့ ပယောဂရောဂါရယ်လို့ သုံးမျိုးတွေ့ရပါတယ်။

## ပဋိပတ်အန္တရာယ် စကားတစ်ခွန်း

တရားထိုင်ရင်း ရူးရတယ်ဆိုသော အရိုးစွဲနေတဲ့ စကားလေးကို ဒီနေရာမှာ အနည်းငယ်ရှင်းချင်ပါတယ်။ ပဋိပတ္တိသာသနာအတွက် အနှောင့်အယှက်ဖြစ်နေတဲ့ စကားမို့လို့ပါ။ တရားထိုင်တယ်လို့ လွယ်လွယ် လုံးချပြောဆိုနေကြပေမယ်လို့ မတူတာရှိပါတယ်။ အဲဒါကတော့ သမထနဲ့ ဝိပဿနာပါပဲ။ အကျဉ်းချုပ်ပြောရရင် ပရမတ်ရုပ်နာမ်ကို ပညာနဲ့ရှုပွားရတဲ့ ဝိပဿနာဟာ ဘယ်တော့မှ မရူးပါဘူး။ ရှိပြီးသား အရူးရောဂါကိုတောင် ပျောက်ကင်းစေနိုင်ပါတယ်။ အရူးမ မပဋာစာဟာ ဝိပဿနာရှုပွားလို့အရူးရောဂါ ပျောက်ခဲ့တာပါ။

မရှိတဲ့ပညတ်ကို သမာဓိအားနှင့် ရှုမှတ်ပွားများရတာကိုတော့ သမထလို့ ခေါ်ပါတယ်။ သမထတရားကျတော့ အနီးကပ်ဆရာမရှိရင်၊ အနှောင့်အယှက်ဝင်ရင် ဝင်မြှကြွေးပါရင် ရူးတတ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ထွက်လေဝင်လေတို့ ဖောင်းတာပိန်တာတို့ဟာ နာမည်



www.burmeseclassic.com

www.burmeseclassic.com



တပ်ထားတဲ့ ပညတ်တွေဖြစ်နေလို့ပါပဲ။

ပညတ်ကိုရှုမှတ်ရင်း သမာဓိအားကောင်းလာတဲ့အခါကျမှ ပရမတ်ရုပ်နာမ်ကိုကူးပြောင်းပြီး ရှုမှတ်မှ ဝိပဿနာအဆင့်ကို ရောက်ပါတယ်။ ဆရာကသာ အနီးကပ်သွန်သင် ညွှန်ပြမှုမရှိရင် သမထနဲ့ တင်ပဲ အချိန်ကုန်ရတဲ့ယောဂီတွေအများကြီးရှိပါတယ်။ အနီးကပ် ဆရာမရှိတဲ့အခါ၊ ရှိသော်လည်း ယောဂီကို ဂရုမစိုက်တဲ့အခါ၊ သမာဓိ အားကောင်းလာတဲ့ယောဂီကို ဝိပဿနာဘက်မကူးဘဲ ပုံဖော်ကြည့် တဲ့ဘက် ကူးသွားတယ်။

ဥပမာ–ယောဂီက အခုနေအခါငါ့နောက်က မကောင်းဆိုးဝါး ကြီးတစ်ကောင် ရပ်ကြည့်နေရင် ဘယ့်နှယ့်လုပ်မလဲဆိုပြီး စိတ်ကူး လိုက်တယ်။ အဲဒီစိတ်ကူးကို အားကောင်းနေတဲ့ သမာဓိက မကောင်း ဆိုးဝါးပုံကြီး ပေါ်လာအောင်ဖော်ပေးလိုက်တယ်။ အဲဒီအခါမှာ ကိုယ် ပုံဖော်လိုက်တဲ့ မကောင်းဆိုးဝါးပုံကို ကိုယ်ပြန်မြင်ပြီး စိတ်ဖောက်ပြန် သွားတဲ့ယောဂီတွေရှိပါတယ်။

ဦးပဥ္စင်းရဲ့အစ်မဟာ အဲဒီအဖြစ်မျိုးနဲ့ ကြုံလိုက်ရတာပါ။ အနှောင့်အယှက်ကြောင့် ရူးတယ်ဆိုတာကတော့ ယောဂီများ မဂ်ဖိုလ် ရမှာကို မလိုလားကြတဲ့ မာရ်နတ်နဲ့တကွ အသင်းအပင်းတွေက ကြောက်စရာ ရုပ်အဆင်းတွေကို ဖန်ဆင်းပြကြတဲ့အတွက် စိတ်ဖောက် ပြန်ရတဲ့ယောဂီတွေလည်း ရှိပါတယ်။ ဒီအနှောင့်အယှက်ကိုတော့ တရား မရှုမှတ်မီမှာ မေတ္တာဘာဝနာကို ထိရောက်အောင်ပွားပြီး ကာကွယ် နိုင်ပါတယ်။ တခြားနည်းနဲ့ ကာကွယ်လို့မရပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဝင်ရှုကြွေးပါရင် ရှုးတတ်တယ်ဆိုတာကတော့ ရှင်းပါတယ်။ အရင်ကတည်းက ရှုးသွပ်ရမည့်ကံက ပါလာတယ်။ တရားအားထုတ်နေဆဲ အချိန်မှာမှ ဒီကံက လာအကျိုးပေးတော့ တရားထိုင်လို့ ရှုးရတယ်လို့ အထင်ခံရတော့တာပေါ့။ သမထမလုပ်တော့ဘဲ စိတ်ဖြစ်တိုင်းပါနေတဲ့ ခဏိကသမာဓိနည်းနဲ့ ရှုပွားရတဲ့ ဝိပဿနာယာနိကနည်းနဲ့ အားထုတ်မယ်ဆိုရင်တော့ သမထကိုအကြောင်းပြုပြီး ပေါ်ပေါက်လာမယ့် စိတ်ဖောက်ပြန်မှုတွေကို ကာကွယ်ပြီးသား ဖြစ်သွားပါတယ်။

ဒါကြောင့် ဝိပဿနာသက်သက် ရှုပွားနည်းတွေကို လေ့လာကြည့်လိုက်တဲ့အခါ ဆရာကြီးဦးကြင်ရွှေရဲ့ ပခုက္ကူဝိပဿနာသင်တန်းနည်း၊ ကသစ်ပိုင်ဝိပဿနာနည်း၊ ဆရာကြီးဦးကြည်ရဲ့ သစ္စာဒီပကဝိပဿနာနည်းများကို သွားတွေ့ပါတယ်။ အဲဒီသုံးနည်းထဲက ဦးပဥ္စင်းဉာဏ်ထဲမှာ အရှင်းဆုံးဖြစ်တဲ့ ပခုက္ကူဝိပဿနာသင်တန်းကို စာတွေ့လက်တွေ့ကြိုးစားနေတာ ၂၀၀၁-ခုနှစ်ထိဆိုရင် သုံးနှစ်ရှိပါပြီ။

ဝိပဿနာအားထုတ်သူများ ဦးပဥ္စင်းရဲ့ အစ်မလိုမဖြစ်ရအောင် ပခုက္ကူဝိပဿနာနည်းကို အခြေခံပြီး လူတိုင်းနားလည်လွယ်မယ့် ဝိပဿနာကျမ်းစာအုပ်တစ်အုပ်ရေးဖို့ ဆုံးဖြတ်ထားပါတယ်။

* * *

## သေမှာကြောက်၍ ငိုသောဆရာတော်ကြီး

အခုလက်တွေ့ဖြစ်ရပ်တွေကို ဟောပြရတာကတော့ သေခြင်းတရားဆိုတာ ငါတို့မိသားစုတင် ကြုံနေရတာမဟုတ်ဘူး။ လူသားအားလုံး ကြုံနေရတာပါလားလို့ သိပြီးသောကဖြေနိုင်သလောက် ပြေစေ



www.burmeseclassic.com

www.burmeseclassic.com



ချင်လို့ပါပဲ။ ဒီနေရာမှာ သေခြင်းတရားကို အမှုမဲ့အမှတ်မဲ့ နေမိတဲ့အတွက် သေမှာကြောက်ပြီး ငိုကြွေးခဲ့ရတဲ့ ငယ်ဖြူဆရာတော်ကြီးတစ်ပါးအကြောင်းကို တင်ပြပါဦးမယ်။

မြို့နယ်စာသင်တိုက်ကြီးတစ်ခုက ဆရာတော်ကြီးတစ်ပါးပါပဲ။ သက်တော် ၆၇–နှစ်၊ ဝါတော် ၄၇–ဝါ ရပါပြီ။ ရောဂါကရင့်နေတော့ နယ်ဆေးရုံမှာ မနိုင်တော့တာနဲ့ မန္တလေးဆေးရုံကြီးမှာ လာတင်ရပါတယ်။ ဦးပဉ္စင်းတို့ကိုယ်တိုင် တတ်နိုင်သလောက် သွားပြုစုရပါတယ်။ ရောဂါကလွန်နေပြီ မရတော့ဘူးလို့ ဆရာဝန်ကြီးက ဦးပဉ္စင်းတို့ လူနာစောင့်တွေကို တိုးတိုးတိတ်တိတ် သတိပေးပါတယ်။

ဒါပေမဲ့ ပါးနပ်တဲ့ဆရာတော်ကြီးက ရိပ်မိသွားပါတယ်။ သေနည်းကြိုတင်ပြင်ဆင်ထားသူဆိုရင်တော့ တုန်လှုပ်မှာမဟုတ်ပါဘူး။ အနားက လူနာစောင့်တွေ၊ ဒကာ၊ ဒကာမတွေ ဘေးကိုဖယ်နိုင်းပြီး သေမင်းကို ရင်ဆိုင်မှာပါ။ အခုတော့ ဆရာတော်ကြီးခမျာ သေခြင်းတရားကို အဝေးကြီးထင်ပြီး ပေါ့ပေါ့တန်တန် နေခဲ့မိလေတော့ သေခြင်းတရားကို သိပ်ကြောက်နေရှာတယ်။

ဘယ်လောက်ထိကြောက်နေသလဲဆိုရင် မနက်ဖြန် ပျံတော်မူတော့မယ်ဆိုရင် ဒီနေ့လိုနေ့မှာ ကလေးတစ်ယောက်လို ရှိုက်ကြီးတငင် ငိုကြွေးပါတယ်။ ငိုကြွေးပေမယ့်လည်း သေဘေးကမလွတ်ပါဘူး။ နောက်ရက်မှာ ပျံလွန်တော်မူတာပါပဲ။ ကြောက်လန့်တဲ့စိတ်ကို အဘိဓမ္မာလို တရားကိုကောက်ရင် ဒေါသစေတသိက်ကို ရပါတယ်။

ဒီဒေါသနဲ့သာ သေရရင် ငရဲကျရမှာပါ။ ဒါကြောင့် သေခါနီး



www.burmeseclassic.com

www.burmeseclassic.com



မှာ ကြောက်ရွံ့ထိတ်လန့်တဲ့ စိတ်မဖြစ်ဖို့ သေနည်းသင်တန်းတက်ထားရပါမယ်။ အသေပြင်ထားရပါမယ်။ အသေမြတ်ဖို့အတွက် သေနည်းပြင်ထားချင်တဲ့သူဟာ ပထမဆုံးအနေနဲ့ မရဏာနုဿတိဘာဝနာ ပွားများထားရပါမယ်။ သေခြင်းတရားကို အဖန်ဖန်အမှတ်ရခြင်းကို မရဏာနုဿတိဘာဝနာလို့ခေါ်ပါတယ်။ 'မသာတစ်ခေါက် ကျောင်းဆယ်ခေါက်' ဆိုတဲ့ စကားလေးက မရဏာနုဿတိဘာဝနာ ကောင်းကျိုးဘယ်လောက်ထိများတယ်ဆိုတာ တိုင်းတာပြခြင်းပါပဲ။

အဲဒီစကားရဲ့ လိုရင်းအဓိပ္ပါယ်ကတော့ ကျောင်းကိုဆယ်ခေါက်သွားပြီး ဒါနပြုခြင်း၊ သီလဆောက်တည်ခြင်း ကုသိုလ်ထက် မသာတစ်ခေါက်လိုက်ပို့ရင်း ပွားများလိုက်တဲ့ ဘာဝနာကုသိုလ်က ပိုပြီးတော့သာတယ်လို့ ပြောတာပါပဲ။ မရဏာနုဿတိဘာဝနာ ပွားများသူများဟာ ကောင်းကျိုးလေးမျိုးကို ရရှိပါမယ်။ ပထမဆုံးကောင်းကျိုးကတော့ မရဏာနုဿတိဘာဝနာ ပွားများထားသူဟာ သေခြင်းတရားနဲ့ ရင်ဆိုင်ရတဲ့အခါ မတုန်လှုပ်၊ မကြောက်လန့်တော့ပါဘူး။

သေခြင်းတရားကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်သွားပါတယ်။ အဲဒါဟာ မရဏာနုဿတိဘာဝနာ ပွားများခြင်းရဲ့ ပထမဆုံးကောင်းကျိုးပါ။ ဒုတိယကောင်းကျိုးကတော့ ကုသိုလ်ကောင်းမှုပြုခွင့် ကြုံလာပြီဆိုရင် အချိန်မဆွဲတော့ပါဘူး။ ချက်ခြင်းပြုဖြစ်ပါတယ်။ တတိယကောင်းကျိုးကတော့ မကောင်းမှု အကုသိုလ်မှန်သမျှကို မကြံဖြစ်၊ မပြောဖြစ်၊ မလုပ်ဖြစ်တော့ပါဘူး။

မကောင်းမှုအကုသိုလ်တွေ ကြံရင်း၊ ပြောရင်း၊ လုပ်ရင်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



သေသွားရင် ကိုယ်ကျိုးနည်းရချည်ရဲ့ဆိုပြီး အကုသိုလ်ကြောက်တဲ့ ဩတ္တပ္ပဆိုတဲ့ သူတော်ကောင်းတရားကြီးဟာ မရဏာနုဿတိဘာဝနာကြောင့် ထင်ထင်ရှားရှား ရောက်လာခြင်းဖြစ်ပါတယ်။ မရဏာနုဿတိဘာဝနာ ပွားများခြင်းရဲ့ စတုတ္ထကောင်းကျိုးကတော့ နတ်ရွာသုဂတိကို အလွယ်တကူရောက်နိုင်ခြင်းပဲ ဖြစ်ပါတယ်။

ဒီနေရာမှာ မရဏာနုဿတိဘာဝနာရဲ့ ကောင်းကျိုးနဲ့ ပတ်သက်ပြီး သာဓကတစ်ခု အကျဉ်းချုပ်ပြီး ထုတ်ပြပါမယ်။ ပဋ္ဌကနိပါတ်၊ ဥရဂဇာတ်ပဲဖြစ်ပါတယ်။ တစ်နေ့တော့ သာဝတ္ထိပြည်က သူကြွယ်တစ်ယောက်ဟာ သားလေးသေတာကို အကြောင်းပြုပြီး သောကပရိဒေဝမီးတောက်လောင်နေရှာပါတယ်။ အဲဒီအခါမှာ ဘုရားရှင်ကြွလာတော်မူပြီး တရားပြတော်မူပါတယ်။

"အထခေါ် အပရိမာဏေသု စက္ကဝါဠေသု တီသုဘဝေသု အမရဏာ ဓမ္မောနာမ နတ္ထိ၊ တဗ္ဗာသေနေဝဣဒာတုံသမတ္ထော ကောသင်္ခါရောပိ သဿတောနာမ နတ္ထိ"

အထခေါ်–စင်စစ်သော်ကား၊ အပရိမာဏေသု–အတိုင်းအရှည် မရှိကုန်သော၊ စက္ကဝါဠေသု–စကြာဝဠာတို့၌၊ တီသုဘဝေသု–ဘဝသုံးပါးတို့၌၊ အမရဏာဓမ္မောနာမ–မသေသောတရားမည်သည်ကား၊ နတ္ထိ–မရှိ။

အတိုင်းအရှည်မရှိတဲ့ စကြာဝဠာကြီးထဲမှာ ကာမဘုံ၊ ရူပဘုံ၊ အရူပဘုံဆိုတဲ့ ဘုံသုံးပါး ဘဝသုံးပါးလုံးမှာ မသေတဲ့တရားဆိုတာ မရှိပါဘူးတဲ့။



www.burmeseclassic.com

www.burmeseclassic.com



တဏှာဝေနေဝ–ထိုမြင်ရသော၊ သူ့သဘောဖြင့်ပင်လျှင်၊ ငှာတုံ–အမြဲတည်စေခြင်းငှာ၊ သမတ္ထော–စွမ်းနိုင်သော၊ ကောသ ါရောပိ–တစ်ပါးသော သင်္ခါရတရားမျှလည်း၊ သသဘောနာမ–နိုင်မြဲသောသဘောမည်သည်၊ နတ္ထိ–တစိုးတစိ မရှိချေ။

သူ့သဘောနဲ့သူ မပျက်မစီး အမြဲတည်နေတဲ့ သင်္ခါရတရားဆိုတာဘာလဲ၊ တစ်ခုမှ မပါဘူးတဲ့။ သဗ္ဗေသတ္တာ မရဏဓမ္မာ–သတ္တဝါမှန်သမျှ သေရတဲ့သဘောရှိတယ်။ သဗ္ဗေသင်္ခါရာ ဘိဇ္ဇနဓမ္မာ–သင်္ခါရတရားအားလုံး ပျက်စီးရတဲ့ သဘောရှိတယ်။ ဒီသေဆုံးပျက်စီးရတာကလည်း မိမိတစ်ဦးတည်း ကြုံရတာမဟုတ်ဘူး။ သတ္တဝါမှန်သမျှကြုံနေရတာပဲဆိုတာ ဗုဒ္ဓက ဆက်ဟောကြားထားပါတယ်။ အဲဒီသဘောလေးကို ငုံမိအောင် မင်းကွန်းတိပိဋကဆရာတော်ဘုရားကြီးက လင်္ကာလေး သီထားပါတယ်။

**ရုပ်နာမ်နှစ်ဖြာ၊ ငါးခန္ဓာတို့၊ ဖြစ်လာတိုင်းပင်၊**
**ကွယ်ချုပ်ဝင်သည့်၊ ဤသင်္ခါရ၊ သဘာဝကား၊**
**ဥာနနယ်ခြုံ၊ တစ်နိဂုံးနှင့်၊ ခေါ်ထုံးဝေါဟာ၊**
**တစ်မြို့ရွာဝယ်၊ မျက်နှာမဲ့လျှင်း၊ တစ်အိမ်တွင်းသို့၊**
**သင်းသီးသန့်ခြား၊ တစ်ကန့်သား၍၊ ဖြစ်ပွားလေ့လာ၊**
**မဟုတ်ပါဘူး၊ မြဟ္မာလူနတ်၊ ထုတ်ချင်းခတ်အောင်၊**
**ဥပါဒ်စလျှင်၊ ဋီသို့ဝင်၍၊ ဘင်္ဂကွက်၊ မရဏဖြင့်၊**
**ရှုရှုလှုပ်လှုပ်၊ တစ်ချုပ်ချုပ်လျှင်၊ နာမ်ရုပ်နှစ်မျိုး၊**
**ဖြစ်တိုင်းညှိုးသည် ...**

**[illegible]**

www.burmeseclassic.com

www.burmeseclassic.com



**အရှိုး အနိစ္စပါတကား။**

**အရှိုး ဒုက္ခပါတကား။**

**အရှိုး အနတ္တပါတကား။**

သူကြွယ်ရဲ့ သောကပရိဒေဝ အနည်းငယ်ပြေသွားပြီဆိုတာနဲ့ ရှေးကပညာရှိတွေဟာ မိမိသားသေသော်လည်း သေခြင်းသဘောတရားရှိတဲ့ တရားဟာ သေတာပဲ။ ပျက်စီးခြင်းသဘောတရားရှိတဲ့ တရားဟာ ပျက်စီးတာပဲလို့ ဆင်ခြင်ပြီး စိုးရိမ်သောက မဖြစ်ကြဘူးလို့ အစချီပြီး ဥရဂဇာတ်ကို ဟောကြားတော်မူပါတယ်။

ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်း စိုးမိုးအုပ်ချုပ်နေတဲ့ အချိန်၊ မြို့တံခါးအနီးမှာ ပုဏ္ဏားမိသားစုခြောက်ယောက်ရှိကြတယ်။ ပုဏ္ဏားကြီး၊ ပုဏ္ဏေးမကြီးရယ်၊ သားရယ်၊ ချွေးမရယ်၊ သမီးရယ်၊ ကျွန်မလေးရယ်ပေါ့။ ကျွန်မလေးကိုလည်း သမီးတစ်ယောက်လို သဘောထားတော့ မိသားစုလိုပဲ ဖြစ်နေတာပေါ့။ မိသားစုအားလုံးကို ပုဏ္ဏားကြီးက မရဏာနုဿတိဘာဝနာကို ပွားများခိုင်းထားတယ်။

သူကိုယ်တိုင်လည်း အမြဲပွားများတယ်။ ပရိသတ်များလည်း ပွားများတတ်အောင် သင်ပေးခဲ့ပါမယ်။ အားလုံးလိုက်ဆိုပါ။

မရဏံမေဓုဝံ၊ ဇီဝိတံမေ၊ အဓုဝံ၊

မေ-ငါ့အား၊ မရဏံ-သေရခြင်းသဘောသည်၊ ဓုဝံ-အမြဲရှိ၏။ မေ-ငါ့အား၊ ဇီဝိတံ-အသက်ရှင်၍ နေရခြင်းသဘောသည်၊ အဓုဝံ-အမြဲမရှိ။

မြန်မာလို လိုက်ဆိုပါဦး။



www.burmeseclassic.com

www.burmeseclassic.com



**ငါ့အား သေရခြင်းသဘောသည် အမြဲရှိ၏။**
**ငါ့အား နေရခြင်းသဘောသည် အမြဲမရှိ။**

အဲဒါလေးကို သတိရတဲ့အခါတိုင်း စိတ်ထဲကနေ ရွတ်ဆိုပွားများနေပါ။ ပုဏ္ဏားကြီးတို့ မိသားစုလည်း အဲဒီလိုပွားများလာကြတာ နှစ်အတော်ကြာသွားကြပြီပေါ့။ တစ်နေ့တော့ သားအဖနှစ်ယောက် လယ်ထဲက အမှိုက်စတွေစုပြီး မီးရှို့ကြတယ်။ ထွက်လာတဲ့မီးခိုးတွေက တောင်ပို့ပေါက်ထဲ လေသင့်တော့ ဝင်ကုန်တယ်။ တောင်ပို့ထဲမှာနေတဲ့ မြွေဟောက်က ဒေါသဖြစ်သွားတယ်။

ငါ့ကို မီးခိုးမွှန်အောင်လုပ်တဲ့လူ သေပေတော့ဆိုပြီး တောင်ပို့ထဲက ထွက်လာပြီး ပုဏ္ဏားကြီးသားခြေထောက်ကို ပေါက်လိုက်တယ်။ အဆိပ်ပြင်းတဲ့အတွက်ကြောင့် တုံးခနဲလဲပြီး ချက်ခြင်းသေသွားတယ်။ သားသေတာကို မြင်လိုက်တာနဲ့ ပုဏ္ဏားကြီးက သေခြင်းသဘောတရားရှိတဲ့ အရာဟာသေရတာပဲ၊ ပျက်စီးခြင်းသဘောတရားရှိတဲ့ အရာဟာ ပျက်စီးရတာပဲ။

ငါ့အား သေခြင်းသဘောသည် အမြဲရှိ၏။ ငါ့အားအသက်ရှင်၍ နေရခြင်းသဘောသည် အမြဲမရှိလို့ ပွားများရင်း သားအလောင်းကို မီးသင်္ဂြိုဟ်ရအောင် ထင်းတွေရှာပြီး ချက်ခြင်းပြင်ဆင်တယ်။ တစ်ချက်မျက်နှာမညှိုးဘူး။ မရဏာနုဿတိဘာဝနာရဲ့ စွမ်းရည်ပေါ့။ ပြင်ဆင်ပြီးတာနဲ့ အိမ်ဘက်သွားမယ့် လူကြုံတစ်ယောက်ကို မှာလိုက်တယ်။

ပုဏ္ဏေးမကြီးနဲ့ မိသားစုများအားလုံး ပန်းနံ့သားလက်စွဲပြီး



www.burmeseclassic.com

www.burmeseclassic.com



လယ်ထဲကို လိုက်လာကြပါ။ ထမင်းကိုလည်း တစ်ယောက်စာသာ ထုပ်ခဲ့ပါဆိုတဲ့ အမှာစကားကိုကြားရတော့ ပြောလာသူကို တစ်ချက်ပဲ ပြန်မေးလိုက်တယ်။ အခုမှာလိုက်သူဟာ ပုဏ္ဏားကြီးလား၊ သားကြီး လားတဲ့။ လူကြုံက ပုဏ္ဏားကြီးက မှာလိုက်တာပါလို့ ဖြေလိုက်တာနဲ့ ပုဏ္ဏေးမကြီးက သိသွားပြီ။ ယနေ့ ငါ့သားတော့ဆုံးရှာပြီလို့။

## သောကတမင့်သော မိသားစု

မိသားစုအားလုံးကို သားသေကြောင်း အသိပေးပြောကြားပြီး မီးသင်္ဂြိုဟ်ဖို့ ထွက်လာခဲ့ကြတယ်။ ထမင်းကလည်းတစ်ယောက်စာသာ ထုပ်လို့ပေါ့။ လယ်ထဲရောက်တော့ အလောင်းဘေးမှာဝိုင်းထိုင်ပြီး တိတ်ဆိတ်ငြိမ်သက်စွာ မရဏာနုဿတိဘာဝနာကို ပွားများကြတယ်။ ရုပ်ပျက်ဆင်းပျက် အော်ဟစ်ငိုဖို့နေနေသာသာ မျက်ရည်တောင်မလည် ကြပါဘူးတဲ့။ ဘာဝနာပွားပြီးတာနဲ့ သားအလောင်းကို မီးသင်္ဂြိုဟ် ကြတယ်။

သူတို့ရဲ့ မရဏာနုဿတိဘာဝနာတန်ခိုးကြောင့် သိကြားမင်း တောင် မနေနိုင်ဘဲ တာဝတိံသာကဆင်းလာပြီး ခရီးသွားယောင်ဆောင် ကာ ပုဏ္ဏားကြီးကို စမေးတယ်။

"အသင်ပုဏ္ဏားကြီးတို့မိသားစု ဘာလုပ်နေကြတာပါလဲ"

"လူသေအလောင်းကို မီးသင်္ဂြိုဟ်နေတာပါ"

"ကျုပ်ကတော့ လူသေမီးရှို့တယ်လို့ မထင်ဘူး။ သားကောင် တစ်ကောင်ကို မီးရှို့တယ်လို့ပဲထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး ခရီးသွားကြီး။ လူသေကောင်ကို မီးရှို့တာပါ"

"လူသေဆိုရင်လည်း အဲဒီသေတဲ့လူဟာ သင်တို့ရဲ့ရန်သူဖြစ်မယ်ထင်ပါတယ်"

"ရန်သူမဟုတ်ပါဘူး။ ကျွန်ုပ်ရဲ့ သားကြီးပါ"

"သားဆိုရင်လည်း မုန်းစရာကောင်းတဲ့သား ဖြစ်မယ်ထင်ပါတယ်"

"မဟုတ်ပါဘူး။ လိမ္မာပြီး အလွန်ချစ်စရာကောင်းတဲ့ သားတစ်ယောက်ပါ"

"ဒါဆိုရင် ဖခင်ဖြစ်တဲ့သင်ဟာ ဘာဖြစ်လို့ မငိုတာလဲ"

"မိတ်ဆွေ၊ မြွေဟာ အရေဟောင်းကိုစွန့်ပြီး လိုရာသွားသကဲ့သို့ ကျွန်ုပ်သားသည်လည်း ဘဝဟောင်းကိုစွန့်၍ ဘဝသစ်သို့သွားခဲ့လေပြီ။ ဤရုပ်ကလာပ်သည် ဘာမျှအသုံးမကျတော့ပေ။ သေလွန်သွားသူအတွက် ငိုကြွေးလို့ ကျွန်ုပ်အတွက်ဘာအကျိုးရှိမှာလဲ။ ကျွန်ုပ်တို့က ငိုကြွေးနေသော်လည်း ဘဝတစ်ပါးရောက်သွားသူက ဘာမှမသိတော့ပေ။ ဒါကြောင့် မငိုကြွေးခြင်းဖြစ်ပါတယ် မိတ်ဆွေ"

"အင်း– တော်ပါပေတယ်၊ တော်ပါပေတယ်" ဟုပြောကာ ပုဏ္ဏေးမကြီးဘက် လှည့်မေးပြန်ပါတယ်။

"အစ်မကြီးနဲ့ အခုသေသွားသူဟာ ဘာတော်ပါသလဲ"

"ကျွန်မဝမ်းမှာ ဆယ်လလွယ်ပြီးမွေးခဲ့ရတဲ့ သားအရင်းပါ"

"သားအရင်းသေတာတောင် မျက်ရည်တစ်စက်မကျတာ ဘယ်လိုကြောင့်ပါလဲ"



www.burmeseclassic.com

www.burmeseclassic.com



''ခရီးသွားကြီး၊ ကျွန်မသားဟာ ကျွန်မက မခေါ်ဘဲနဲ့ ဒီဘဝထဲကို ရောက်လာတာပါ။ အခုလည်း ကျွန်မကမနှင်ဘဲ သူ့ဟာသူ ဘဝတစ်ပါးကို ပြန်သွားခဲ့ပါပြီ။ အဲဒီလို မခေါ်ဘဲနဲ့လာ၊ မနှင်ဘဲနှင့် ပြန်သူတစ်ယောက်အတွက် ကျွန်မငိုနေလို့ ဘာမှအကျိုးမရှိပါဘူး''

လို့ဖြေလိုက်တော့ သိကြားမင်းလည်း တအံ့တသြဖြစ်ပြီး သေသူရဲ့ နှမကို မေးမြန်းပါတယ်။

''တူမနဲ့သေသူ ဘာတော်ပါသလဲ''

''မောင်နှမတော်ပါတယ်''

''ဒါဆိုရင် ကိုယ့်အစ်ကိုတစ်ယောက်သေတာ ဘာဖြစ်လို့ မငိုရတာလဲ''

''ဦးကြီး၊ သေသူအတွက် ငိုကြွေးပြီး မစားနိုင်မသောက်နိုင်ဖြစ်ရင် ပိန်လှီပြီး ရောဂါရတာပဲရှိမှာပေါ့။ သေသူအတွက်ရော၊ ငိုသူအတွက်ရော ဘာမှအကျိုးမရှိပါဘူး။ ကျွန်မနဲ့စပ်ဆိုင်သမျှ ဆွေမျိုးသားချင်းတွေက ကျွန်မငိုကြွေးတာကြည့်ပြီး စိတ်ဆင်းရဲတာပဲရှိမှာပါ။ ဒါကြောင့် မငိုကြွေးခြင်းဖြစ်ပါတယ်''

သိကြားမင်းကတော့ အံ့သြပြီးရင် အံ့သြရင်းပေါ့။ တစ်ခါ သေသူရဲ့ မယားဖြစ်သူဘက်လှည့်ပြီး–

''ဒီဘက်ကတူမနဲ့ရော သေသူနဲ့ရော ဘာတော်ပါသလဲ''

''ကျွန်မကို လုပ်ကိုင်ကျွေးမွေးနေတဲ့ ခင်ပွန်းဖြစ်ပါတယ်''

''ကိုယ့်ခင်ပွန်း လင်သားတစ်ယောက်သေတာတောင် ဘာကြောင့် မငိုကြွေးတာလဲ''



www.burmeseclassic.com

www.burmeseclassic.com



''ကောင်းကင်က လမင်းကို ယူပေးဖို့ပြောပြီး ငိုကြွေးတဲ့ ကလေးရယ်၊ သေသူကိုအာရုံပြုပြီး ငိုကြွေးတဲ့သူရယ်ဟာ အတူတူပါပဲ။ ဘာမှ အကျိုးမရှိပါဘူး။ ဒါကြောင့် မငိုကြွေးခြင်းဖြစ်ပါတယ်''

''ဒီဘက်ကတူမကရော သေသူနဲ့ ဘာတော်ပါသလဲ''

''ကျွန်မရဲ့သခင်ပါ''

''သခင်တစ်ယောက်သေတာကို ဘာကြောင့်မငိုကြွေးရတာလဲ၊ အသင့်အပေါ်မှာ နှိပ်စက်ကလူပြုခဲ့တဲ့သူ ဖြစ်နေလို့များလား''

''အမှုလုပ်တွေအပေါ် မေတ္တာ၊ ကရုဏာနဲ့စောင့်ရှောက်တဲ့ သခင်တစ်ယောက်ဖြစ်ပါတယ်၊ မငိုကြွေးရတာကတော့ အစိပ်စိပ် အမွှာမွှာကွဲသွားတဲ့အိုးဟာ ဘယ်လိုမှ အကောင်းပြန်မဖြစ်တော့သလို သေသူအတွက် ငိုကြွေးနေလို့လဲ အသက်ပြန်ရှင်နိုင်တော့တာ မဟုတ်ပါဘူး။ ဒါကြောင့် အပိုအလုပ်ဖြစ်တဲ့ ငိုကြွေးခြင်းအလုပ်ကို မလုပ်တာ ဖြစ်ပါတယ်''

အဲဒီအခါမှာ သိကြားမင်းဟာ သာဓုသုံးကြိမ်ခေါ်ပြီး သင်တို့ ရ,ထားတဲ့ တရားကို နားထောင်ချင်လို့ လာခဲ့ခြင်းဖြစ်ပါတယ်။ ငါဟာ နတ်တို့ရဲ့အရှင် သိကြားမင်းပါ။ သင်တို့သားဟာလည်း နတ်ပြည်ကိုရောက်နေခဲ့ပါပြီ။ သင်တို့လည်း ယနေ့ကစပြီး ဝမ်းရေးအတွက် ဘာမှမပူကြပါနဲ့တော့။ သင်တို့မိသားစုအတွက် တစ်သက်စာရတနာများကို ပေးခဲ့ပါ့မယ်။ အကျိုးကြီးလှတဲ့ မရဏာနုဿတိဘာဝနာကို ဆက်လက်ပွားများပြီး ဒါနလည်း ပြုကြပါ။ သီလလည်း ဆောက်တည်ကြပါ လို့ မှာကြားပြီးနတ်ပြည်ကို ပြန်သွားခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



သေနည်းသင်တန်းအတွက် ဒုတိယအချက်ကတော့ လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ တရားဆိုးသုံးမျိုး နည်းသွားအောင်၊ ကုန်သွားအောင် ကြိုးစားရမှာဖြစ်ပါတယ်။ ကျန်တဲ့ကိလေသာတွေကတော့ ဒီသုံးပါးထဲထိုက်သလို ဝင်သွားကြတာပါ။ ဒါကြောင့် ဒီသုံးပါးကိုသာ အဓိကထားပြောရခြင်းဖြစ်ပါတယ်။ ကိလေသာခေါင်းချုပ်ကတော့ ဒိဋ္ဌိကိလေသာပါ။ သူ့ကိုတော့ ဝိပဿနာပညာနဲ့ သတ်ရပါတယ်။

ဒိဋ္ဌိပြုတ်ဖို့ကတော့ သီးသန့်အချိန်ပေးတော့မှ ဖြစ်မှာပါ။ အခုတရားက ဝိပဿနာကို ထိထိရောက်ရောက် မရှုတတ်သူတွေ၊ အရိယာမဖြစ်သေးသူတွေအတွက် ဦးစားပေးဟောနေတာပါ။ ဝိပဿနာမပွားတတ်သေးခင်၊ အရိယာမဖြစ်သေးခင် သေဘေးနဲ့ကြုံလာခဲ့ရင် သစ်မရခင် ဝါးပေါင်ကွပ်တဲ့အနေနဲ့ ဟောပေးခြင်းပါ။ ဒီတော့ ဒီကိလေသာသုံးမျိုးရဲ့ ဆိုးကျိုးတွေကို ကြည့်လိုက်ရင်–

လောဘဆိုတာ သက်ရှိသက်မဲ့တစ်ခုခုကို စွဲလမ်းတပ်မက်ခြင်းပါ။ အဲဒီလောဘစိတ်နဲ့သေရင် ပြိတ္တာဘုံရောက်ပါတယ်။ ဒီလောဘဓါတ်တွေ လူသားတွေသန္တာန်မှာ အားကြီးလာမယ်ဆိုရင် ဒုဗ္ဘိက္ခန္တရ–အငတ်ဘေးကြီး ဆိုက်ရပါတယ်။ ဒီထက်ပိုပြီး အားကြီးလာမယ်ဆိုရင် ကမ္ဘာလောကကြီးဟာ မီးလောင်ပြီး ပျက်စီးရပါတယ်။

ဒေါသဆိုတာ–စိတ်ဆိုးတာ၊ အမျက်ထွက်တာ၊ ရန်ငြိုးဖွဲ့တာ၊ အာဃာတထားတာတွေပါ။ အဲဒီဒေါသစိတ်နဲ့သေရင် ငရဲထိကျပါတယ်။ ဒီဒေါသဓါတ် လူသားတွေသန္တာန်မှာ အားကြီးလာမယ်ဆိုရင် သတ္ထန္တရကပ်–လက်နက်ဘေးကြီးဆိုက်ရပါတယ်။ ဒီထက်ပိုပြီး အားကြီးလာမယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် ကမ္ဘာလောကကြီးဟာ ရေလွှမ်းပြီး ပျက်စီးရပါတယ်။

မောဟဆိုတာ–တွေဝေတာ၊ အမှန်ကိုမသိတာ။ အဲဒီမောဟနဲ့သေရင် တိရစ္ဆာန်ဘုံရောက်ပါတယ်။ ဒီမောဟစိတ်တွေ လူသားတွေသန္တာန်မှာ အားကြီးလာမယ်ဆိုရင် ရောဂန္တရကပ်–ရောဂါဘေးကြီး ဆိုက်ပါတယ်။ ဒီထက်ပိုပြီး အားကြီးလာမယ်ဆိုရင် ကမ္ဘာလောကကြီးဟာ လေတွေကျပြီး ပျက်စီးရပါတယ်။

လိုချင်တပ်မက်တဲ့လောဘစိတ်ကို ဒါနနဲ့သတ်ပါ။ အမျက်ထွက်တဲ့ဒေါသကို သီလနဲ့သတ်ပါ။ တွေဝေတဲ့မောဟကို ဘာဝနာနဲ့သတ်ပါ။ တစ်ချက်ခုတ် သုံးချက်ပြတ်ဆိုတဲ့အတိုင်း ဘာဝနာတစ်ခုခုလက်ကိုင်ထားပြီး ပွားနေမယ်ဆိုရင် လောဘ၊ ဒေါသ၊ မောဟသုံးမျိုးလုံး မဖြစ်နိုင်တော့ပါဘူး။ လောဘ၊ ဒေါသဖြစ်ရင် သီလွယ်လို့ရန်သူကို တိုက်ရိုက်ရင်ဆိုင်ရတာနဲ့ တူပါတယ်။ ယှဉ်တိုက်တဲ့အခါနိုင်တဲ့အခါလည်း နိုင်မယ်၊ ရှုံးတဲ့အခါလည်း ရှုံးမယ်ပေါ့။

* * *

## သူလျှိုနဲ့တူတဲ့ အကုသိုလ်

ဥပမာ တပ်မက်တဲ့လောဘ၊ စိတ်ဆိုးတဲ့ဒေါသ ဖြစ်လာပြီဆိုရင် ကိုယ်က သတိနဲ့မထိန်းလိုက်နိုင်လို့ လွန်ကျူးမိတဲ့အခါ မိမိကရှုံးသွားတာပေါ့။ သတိနဲ့ထိန်းလိုက်လို့ လောဘနဲ့ဒေါသ နောက်ဆုတ်သွားတဲ့အခါ မိမိကနိုင်တာပေါ့။ မောဟကျတော့ တစ်ဖက်နိုင်ငံက ကိုယ့်နိုင်ငံထဲလွှတ်ထားတဲ့ သူလျှိုနဲ့တူတယ်။ သူလျှိုဆိုတာ ကြောက်စရာအကောင်းဆုံး ရန်သူပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ သူ့လူကိုယ်ဘက်သားလုပ်ထားတော့ သူ့ကိုတွေ့မြင်ရပေမဲ့ ရန်သူမှန်းမသိရဘူး။ ဒါကြောင့် မိမိကိုသူလျှိုဟာ ခြယ်လှယ်ချင်တိုင်း ခြယ်လှယ်ပြီး ဒုက္ခပေးချင်တိုင်းပေးတယ်။ မောဟကိုလည်း ထိုနည်းတူပဲ တိရစ္ဆာန်ဘုံပို့ပေးတဲ့ အကုသိုလ်ရယ်လို့ သိသူအင်မတန်နည်းတယ်၊ ဒါ့ကြောင့်လည်း လူရော၊ ရဟန်းရော မောဟအကုသိုလ်ကပေးတဲ့ ဆိုးကျိုးတွေ တနင့်တပိုးခံနေရတာပေါ့။

မိမိစိတ်ဟာ ဘာဝနာနဲ့မနေသမျှ မောဟအကုသိုလ်နဲ့နေတဲ့အချိန်လို့ပဲမှတ်ပါ။ လူသားတွေသန္တာန်မှာ ထုနဲ့ထည်နဲ့ဖြစ်နေတဲ့ မောဟတရားတွေက ကမ္ဘာလောကကြီးကို ရောဂါမျိုးစုံဖြစ်စေပြီး ဒုက္ခပေးတော့တာပေါ့။ ဒါ့ကြောင့်–

၁။ မိမိအပါအဝင် ကမ္ဘာလောကကြီးကို ရောဂါတွေနဲ့ မနှိပ်စက်စေချင်ရင်၊

၂။ တိရစ္ဆာန်ဘဝ ဘယ်တော့မှ မရောက်ချင်ရင်၊

၃။ လောဘ၊ ဒေါသ၊ မောဟသုံးမျိုးလုံး မိမိသန္တာန်မှာ မဖြစ်စေချင်ရင်၊

၄။ ဒါနကုသိုလ်၊ သီလကုသိုလ်ထက်သာတဲ့ စက္ကန့်မလပ်အမြဲတမ်း ယူလို့ရတဲ့ ကုသိုလ်ထူးကို ဆည်းပူးချင်ရင်၊

ဘာဝနာတရားတစ်ခုကို အမြဲလက်ကိုင်ထားပြီး ပွားများပါလို့ တိုက်တွန်းချင်တယ်။ ဘာဝနာပွားဆိုတဲ့ နေရာမှာလည်း အလုပ်ပျက်၊ အကိုင်ပျက်ပွားများရမယ်လို့ မဆိုလိုပါဘူး။ ဥပမာ–ရွှေပြည်သာကနေ မြို့ထဲသွားရင် အနည်းဆုံး အသွားအပြန် နှစ်နာရီခွဲလောက် အချိန်ကုန်တယ်။ ဘာဝနာမပွားဘူးဆိုရင် အဲဒီနှစ်နာရီခွဲဟာ အကုသိုလ်ဖြစ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ကုန်ရမယ့်အချိန်ပေါ့။

ဒီလိုအလကား အကုသိုလ်ဖြစ်သွားမယ့် အချိန်မျိုးမှာ ဘာဝနာတစ်ခုခု ပွားလိုက်မယ်ဆိုရင် ကုသိုလ်ဖြစ်သွားတာပေါ့။ ခန္ဓာကိုယ်ကို စောင့်ရှောက်တဲ့အနေနဲ့ ပွားများဖို့ ဘာဝနာကမ္မဋ္ဌာန်း လေးခုရှိတယ်။ အဲဒါတွေက ဗုဒ္ဓါနုဿတိ၊ မေတ္တာစ၊ အသုဘာ၊ မရဏဿတိ ဆိုတဲ့ ပါဠိအတိုင်းပဲပေါ့။ ဒီနေရာမှာ ဗုဒ္ဓါနုဿတိ ဂုဏ်တော်ပွားနည်း အကျဉ်းချုပ်သင်ပေးပါ့မယ်။

ဘုရားဂုဏ်တော်တွေကို အဖန်ဖန်အမှတ်ရပြီး ပွားများနေတာကို ဂုဏ်တော်ပွားတယ်လို့ ခေါ်တာပါပဲ။ ဘုရားဂုဏ်တော်ကိုးပါးထဲက ကိုယ် ကြိုက်ရာဂုဏ်တော်တစ်ပါးပါးကို ပုတီးပါသည်ဖြစ်စေ၊ မပါသည် ဖြစ်စေပွားများလို့ရပါတယ်။ ဘာဝနာဆိုတာ စိတ်အလုပ်ဆိုတော့ ကိုယ်၊ နှုတ်အကူအညီမယူဘဲ ပွားများနိုင်ရင် ပိုထိရောက်တာပေါ့။ ဂုဏ်တော် မပွားမီမှာ ဂုဏ်တော်ပွားကျိုးလေးတွေကို ဦးစွာပြောပြချင်ပါတယ်။

**စေတီအတူ၊ စိတ်မှုတည်ကြည်၊**

**ရောက်မီနတ်ရွာ၊ တွေ့ခါသိလွယ်၊**

**မြင့်နွယ်အမျိုး၊ ရှိကျိုးခံရ၊**

**ပြည့်ဝအင်္ဂါ၊ ဆင်းလှစွာနှင့်၊**

**ကာယခံတွင်း၊ ကြိုင်သင်းမွှေးကြူ၊**

**ကြီးထူးပညာ၊ နက်စွာထက်ရှင်၊**

**လျှင်မြန်ဆန်းကြယ်၊ ကောင်းကြွယ်စကား၊**

**ဆိုနိုင်ငြားလည်း၊ ဘုရားဂုဏ်တော်ပွားကျိုးတည်း။**

ကြည်တော်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



အပါဒါနိပါဠိတော်ကပြထားတဲ့ ဂုဏ်တော်ပွားကျိုး လက်ာလေးပါ။ ဘုရားဂုဏ်တော်ပွားများတဲ့သူဟာ ဖြစ်ရာဘဝမှာ–

၁။ သူ့ခန္ဓာကိုယ်ဟာ စေတီထိုက်တယ်၊ အများရဲ့ရှိခိုးခံနိုင်တယ်။

၂။ စိတ်ဓါတ်တည်ကြည်ခန့်ညားတယ်။

၃။ နတ်ရွာသုဂတိ ရောက်ရတယ်။

၄။ ဘုရားနဲ့တွေ့ရင် သစ္စာလေးပါးကို ခဏနဲ့သိတယ်။

၅။ မြင့်မြတ်တဲ့ အမျိုးအနွယ်မှာချည်းပဲ ဖြစ်ရတယ်။

၆။ ပတ်ဝန်းကျင်ရဲ့ ရိုသေလေးစားမှုကို ခံရတယ်။

၇။ အင်္ဂါခြေလက် ပြည့်စုံတဲ့ဘဝကိုပဲ ရောက်ရတယ်။

၈။ အဆင်းလှပသူသာ ဖြစ်ရတယ်။

၉။ ကိုယ်နံ့၊ ခံတွင်းနံ့ဟာ ကြိုင်သင်းမွှေးကြိုင်နေတယ်။

၁၀။ ကြီးမားတဲ့ပညာနဲ့ ပြည့်စုံတယ်။

၁၁။ နက်နဲတဲ့ပညာနဲ့ ပြည့်စုံတယ်။

၁၂။ ထက်မြက်တဲ့ပညာနဲ့ ပြည့်စုံတယ်။

၁၃။ ရွှင်တဲ့ပညာနဲ့ ပြည့်စုံတယ်။

၁၄။ လျှင်မြန်တဲ့ပညာနဲ့ ပြည့်စုံတယ်။

၁၅။ ဆန်းကြယ်တဲ့ပညာနဲ့ ပြည့်စုံတယ်။

၁၆။ ကောင်းမြတ်တဲ့စကားကို ပြောကြားနိုင်တယ်။

"ဒါက သာမန်ပွားများရုံနဲ့ ရရှိနိုင်တဲ့ ကောင်းကျိုးတွေပါ။ အကယ်၍ မိမိကသဒ္ဓါထက်သန်စွာ ပွားများမယ်ဆိုရင် စေတနာသဒ္ဓါထက်ရင် ထက်သလောက် ကောင်းကျိုးတွေက ပိုရလာနိုင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါ အပါဒန်ပါဋ္ဌိတော်မှာပဲ ဂုဏ်တော်ပွားတဲ့ဘာဝနာကို အကြောင်းပြုပြီး ချမ်းသာသောအကျင့် လွယ်ကူသောအသိဉာဏ်နဲ့ ရဟန္တာဖြစ်ခဲ့ရတဲ့ သုဘူတိ အမည်ရှိတဲ့ မထေရ်တစ်ပါးအကြောင်းပါပါတယ်။

**နတ်ဘဝအကြိမ်သုံးသောင်း**

ဗုဒ္ဓဂုဏ်တော်ပွားများလို့ သီးသန့်ထပ်ရတဲ့ ကောင်းကျိုးတွေကို မထေရ်ကိုယ်တိုင်ပြန်ပြီး ဟောထားတာကို လင်္ကာသီထားတာက–

**ဂုဏ်တော်ပွားထုံ၊ စိတ်လိုစုံပြည့်၊**
**နတ်ဘုံကမ္ဘာ၊ သုံးသောင်းသာတည့်၊**
**သိကြားမှာရှစ်ဆယ်၊ စကြာဝယ်တစ်ထောင်၊**
**အခေါင်ပဒေသရာဇ်၊ အကြိမ်ကြိမ်ဖြစ်ချေ၏။**
**မကျအပါယ်၊ စည်းစိမ်ဝယ်လည်း။**
**လျော့မရှိဥစ္စာ၊ ဘိဉာရှာန်မှု။**
**ဂုဏ်ထူးနှင့်ပင်၊ နိဗ္ဗာန်ဝင်သည်၊**
**ဂုဏ်တော်ပွားသူ အကျိုးတည်း။**

**(တပ်ကုန်းဆရာတော်)**

သုဘူတိမထေရ်လောင်းဟာ ဟိုး . . . လွန်ခဲ့တဲ့ဘဝတစ်ခုက ဗုဒ္ဓဂုဏ်တော်ပွားများရတဲ့ ကောင်းကျိုးတွေကိုနာကြားရလို့ ဂုဏ်တော်ပွားသူတစ်ယောက် ဖြစ်ခဲ့ပါတယ်။ ဂုဏ်တော်တွေပွားများတဲ့ ဘဝကနေ သေတဲ့အခါ နတ်ပြည်မှာ နတ်သားအဖြစ် အကြိမ်သုံးသောင်း စည်းစိမ်ခံစားရပါတယ်။ နတ်တွေအုပ်ချုပ်ရတဲ့ သိကြားမင်းအဖြစ်



www.burmeseclassic.com

www.burmeseclassic.com



အကြိမ်ရှစ်ဆယ်ဖြစ်ခဲ့ရပါတယ်။

စကြဝဠာတစ်ခုလုံးကို စိုးမိုးအုပ်ချုပ်တဲ့ စကြဝတေးမင်း အဖြစ်က အကြိမ်ပေါင်းတစ်ထောင်၊ နိုင်ငံတစ်နိုင်ငံကို အုပ်ချုပ်ရတဲ့မင်း အဖြစ် ကတော့ အကြိမ်ပေါင်း မရေမတွက်နိုင်အောင် ဖြစ်ခဲ့ရပါတယ်။ ဆိုလိုတာကတော့ လူဖြစ်တိုင်းရှင်ဘုရင်ချည်းဖြစ်ရတဲ့ သဘောပါ။ လောကမှာ အမြတ်ဆုံးဖြစ်တဲ့ ဗုဒ္ဓရဲ့ဂုဏ်ကို ပွားများလို့ အမြတ်ဆုံးဘဝ ကို ရောက်ရတာပါ။

အဲဒီဂုဏ်တော်ပွားတဲ့ ဘဝကစပြီး အပါယ်လေးပါးကို လုံးဝ မကျတော့ပါဘူး။ ရရှိထားတဲ့ စည်းစိမ်ဥစ္စာတွေဟာ လျော့သွားတယ် လို့မရှိပါဘူး။ တိုးလို့သာလာပါတယ်။ ယခုနောက်ဆုံးဘဝမှာလည်း လွယ်ကူသောအကျင့်၊ လျင်မြန်သောအသိဉာဏ်နဲ့ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကိုရပြီး အဘိညာဉ်ဝင်စားတဲ့နေရာမှာ အတော်ဆုံးဆိုတဲ့ ဧတဒဂ်ဘွဲ့ထူးကြီးရခဲ့တာဟာ ဂုဏ်တော်ပွားတဲ့ကုသိုလ်ကြောင့်ပါပဲတဲ့။

ဘာဝနာကုသိုလ်ဟာ ဒါနကုသိုလ်၊ သီလကုသိုလ်ထက် ဘယ် လောက်သာတယ်ဆိုတာ ဒီဖြစ်ရပ်က သက်သေပြနေပါတယ်။ ကိုင်း လက်တွေ့ပွားကြည့်ရအောင် လိုက်ဆိုပါ။

**အရဟံ** – လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအားလုံးတို့ ပူဇော်အထူးကို ခံယူတော်မူထိုက် ပါပေ၏။

**သမ္မာသမ္ဗုဒ္ဓေါ** – အလုံးစုံသောတရားတို့ကို ကိုယ်တိုင် မှန်စွာ သိမြင်တော်မူပါ၏။



www.burmeseclassic.com

www.burmeseclassic.com



**ဝိဇ္ဇာစရဏသမ္ပန္နော** – အသိဉာဏ်ဝိဇ္ဇာ၊ အကျင့်စရဏနှင့် ပြည့်စုံတော်မူပါပေ၏။

**သုဂတော** – ကောင်းသောစကားကို ဆိုတော်မူပါပေ၏။

**လောကဝိဒူ** – သတ္တလောက၊ ဩကာသလောက၊ သင်္ခါရလောက ဟုဆိုအပ်သော လောကသုံးပါးကို သိမြင်တော်မူပါ၏။

**အနုတ္တရောပုရိသဒမ္မသာရထိ** ဆုံးမထိုက်သူကို ဆုံးမတော်မူတတ်သည့် အတုမဲ့ပုဂ္ဂိုလ် ဖြစ်တော်မူပါပေ၏။

**သတ္ထာဒေဝမနုဿာနံ** – လူ၊ နတ်၊ ဗြဟ္မာသတ္တဝါအားလုံးတို့၏ဆရာဖြစ်တော်မူပါပေ၏။

**ဗုဒ္ဓေါ** – သစ္စာလေးပါးတရားကို သိမြင်တော်မူပါပေ၏။

**ဘဂဝါ** – ဣဿရိယ၊ ဓမ္မ၊ ယသ၊ သီရီ၊ ကာမ၊ ပယတ္တတည်း ဟူသော ဘုန်းတော် ၆ ပါးနှင့် ပြည့်စုံတော်မူပါ ပေ၏။

ခက်ဆစ်လေးနှစ်ခုလောက် ရှင်းပေးရမှာက လောကဝိဒူဂုဏ်တော်မှာ သတ္တလောကဆိုတာ လူ၊ နတ်၊ ဗြဟ္မာ၊ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဆိုတဲ့ သက်ရှိသတ္တဝါ မှန်သမျှကို ပြောတာပါ။ ဩကာသလောကဆိုတာကတော့ အဲဒီသတ္တဝါတွေနေတဲ့ ၃၁–ဘုံဌာန



www.burmeseclassic.com

www.burmeseclassic.com



တွေကို ပြောတာပါ။ သင်္ခါရလောက ဆိုတာကတော့ သတ္တဝါတွေသန္တာန်မှာ အမြဲမပြတ် ဖြစ်ပျက်နေတဲ့ ရုပ်နာမ်တွေကို ပြောတာပါ။

ဘဝဂါဂုဏ်တော်ထဲက ဩကာသလောကဆိုတာ တစ်လောကလုံးကို အစိုးရတာကို ပြောတာပါ။ ဓမ္မဆိုတာကတော့ မဂ်လေးပါး ဖိုလ်လေးပါး၊ နိဗ္ဗာန်၊ ပရိယတ်ဆိုတဲ့ တရားဆယ်မျိုးပေါ့၊ ယသကတော့ အခြံအရံကြီးမားတာကိုပြောတာ။ သိရီဆိုတာကတော့ ကျက်သရေရှိတာကို ပြောတာ။ ကာမဆိုတာက အလိုရှိတိုင်း ပြည့်စုံရတာ။ ပယတ္တဆိုတာက ဘာမဆို စွမ်းနိုင်တာပေါ့။

## ဂုဏ်တော်တစ်ပါးစီ၏ ပွားရကျိုးများ

ဂုဏ်တော်ကိုးပါးလုံး ပွားများမှ မဟုတ်ပါဘူး။ ကိုယ်အားသန်ရာ တစ်ပါးကို ပွားများရင် လုံလောက်ပါတယ်။ ငယ်ရွယ်သူများ ပွားများစေချင်တဲ့ သဒ္ဓါဓါတ်လေး ပိုဖြစ်သွားအောင် ဂုဏ်တော်တစ်ပါးစီရဲ့ ပွားရကျိုးများကိုလည်း ကြားဖူးနားဝရှိတဲ့အတိုင်း ဖော်ပြပါဦးမယ်။ အရဟံဂုဏ်တော်ပွားများရင် ဘေးရန်ကင်းခြင်း၊ ကျန်းမာခြင်း၊ လာဘ်လာဘပေါများခြင်း အကျိုးရှိပါတယ်။

သမ္မာသမ္ဗုဒ္ဓဂုဏ်တော်ပွားများရင် စိတ်ရွှင်လန်းခြင်း၊ ဉာဏ်ပွင့်ခြင်း၊ စာမေးပွဲအောင်မြင်ခြင်းအကျိုးများ ရရှိပါတယ်။ ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်ကိုပွားများရင် အသက်မွေးအတတ်ပညာရပ်များ ပြိုင်ဘက်မရှိ တတ်မြောက်ခြင်းအကျိုးများ ရရှိပါတယ်။ သုဂတဂုဏ်တော်ပွားရင် စကားစစ်ထိုးခြင်း၊ အမှုအခင်း၊ အရောင်းအဝယ်၊ အရေး



www.burmeseclassic.com

www.burmeseclassic.com



တကြီး ကိစ္စပြောဆိုခြင်း စသည်တို့မှာ အောင်မြင်မှုရတတ်ပါတယ်။

လောကဝိဒူဂုဏ်တော်ပွားများရင် လောကရေး၊ လူမှုရေးရာ အဖြာဖြာနဲ့ လူကင်းလူကဲများကို ရှင်းရှင်းလင်းလင်း ပိုင်ပိုင်နိုင်နိုင် သိမြင်နိုင်ပါတယ်။ အနုတ္တရောပုရိသဒမ္မသာရထိ ဂုဏ်တော်ပွားများရင် နတ်လူတို့အလယ် ကျော်ဇောသတင်းပျံ့နှံ့ခြင်း၊ ရှိခိုးပူဇော်ရခြင်း အကျိုးများ ရရှိပါတယ်။ သတ္ထာဒေဝမနုဿာနဂုဏ်တော်ပွားများရင် နူတ်စ၊ လျှာစထက်မြက်ပြင်းထန်၍ ဆိုတိုင်းရ ကြံတိုင်းအောင်မြင်တဲ့ အကျိုးများကို ခံစားရပါတယ်။

စိတ္တဇဝေဒနာရှင်များကို သတ္ထာဒေဝမနုဿနဂုဏ်တော် ရေမန်းတိုက်ပေးတာနဲ့ ရောဂါပျောက်ကင်းသွားတာတွေ့ရဖူးပါတယ်။ ဗုဒ္ဓါဂုဏ်တော်ပွားများရင် ဘေးဆိုး၊ ရန်ဆိုး၊ ကြမ္မာဆိုးအမျိုးမျိုးမှ လွတ်ကင်း၍ ချမ်းသာခြင်းနဲ့ ပြည့်စုံတဲ့အကျိုး ရရှိပါတယ်။ ဘဂဝါ ဂုဏ်တော်ပွားများရင် ဘုန်းတန်ခိုးတေဇော်အာနုဘော်ကြီးခြင်း အကျိုး များကို ရရှိပါတယ်။

သေနည်းသင်တန်းရဲ့ တတိယမြောက်နဲ့ နောက်ဆုံးကျင့်စဉ် ကတော့ သရဏဂုံသုံးပါးကို သတိတရ ရွတ်ဆိုပွားများနေဖို့ပါပဲ။ သရဏဂုံတွေတော တာဝသရဏဂတာနံ ဘယံသန္တာသံ ဒုက္ခံဒုဂ္ဂတိ ရိကိ လေသံ ဟိံသတိဝိနာသေတီတိတွေ ရတနတ္တယသေဝေတံ အဓိဝစနံ ဆိုတဲ့ မူလပဏ္ဏာသအဌကထာအဖွင့်အရ သရဏဂုံစွဲမြဲတဲ့ ပုဂ္ဂိုလ်ဟာ အကျိုးငါးမျိုးခံစားရပါတယ်။

အဲဒါတွေကတော့ သရဏဂုံတည်နေသူဟာ ဘေးအမျိုးမျိုး



www.burmeseclassic.com

www.burmeseclassic.com



က ကင်းလွတ်တယ်။ ကြောက်ရွံ့ထိတ်လန့်ခြင်းကင်းပျောက်တယ်။ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲကင်းတယ်။ အပါယ်လေးပါးမကျအောင် စောင့်ရှောက်တယ်၊ စိတ်ရဲ့ ညစ်နွမ်းခြင်းကိုလည်း ပယ်ဖျောက်ပေးနိုင်တယ်။ အဲဒီအကျိုးငါးမျိုးထဲက သရဏဂုံတည်မြဲမှုကြောင့် အပါယ်ဘေးကလွတ်ပြီး နတ်ရွာသုဂတိရောက်ခဲ့တဲ့ သာဓကလေးတစ်ခုကို နားထောင်ကြည့်ကြရအောင်။

## စစ်မှုထမ်းဟောင်းနတ်သားကြီး

တောင်တန်းသာသနာပြု ဆရာတော်ဘုရားကြီး ချင်းပြည်နယ်၊ ခန္တီးတောင်မှာ သီတင်းသုံးစဉ်က ဖြစ်ပါတယ်။ ၁၃၄၁–ခုနှစ်၊ တန်ခူးလဆန်း ၄–ရက်နေ့မှာ ဆရာတော်ကြီးထံကို အသက်လေးဆယ်ကျော်ခန့်ရှိ ပင်စင်စား တပ်ကြပ်ကြီးတစ်ယောက် ရောက်လာခဲ့ပါတယ်။ သူဟာ ပခုက္ကူမြို့၊ ကမ်းနားတန်းသား လေ့သူကြီးမျိုးရိုး ဖြစ်ပါတယ်။

အမည်ကတော့ ကိုလုရွှေတဲ့။ ရောက်လာခြင်းအကြောင်းကိုတော့ သူမလာခင် ဆယ့်လေးငါးရက်ခန့်က ရောက်လာတဲ့ တပ်ကြပ်ကြီးလုရွှေရေးလိုက်တဲ့ စာထဲကအတိုင်းပြောရရင် "ဆရာတော်ကြီးဘုရား တပည့်တော်ရဲ့ အမည်က တပ်ကြပ်ကြီးလုရွှေလို့ ခေါ်ပါတယ်။ တပည့်တော်ဟာ ဆယ်နှစ်သားအရွယ်ကတည်းက တပ်ထဲရောက်ခဲ့ရပါတယ်ဘုရား။

"ဒါကြောင့်လည်း ဘာသာရေးအကြောင်း နကန်းတစ်လုံးတောင်မသိဘဲ သောက်လိုက်စားလိုက်၊ သတ်လိုက်ဖြတ်လိုက်နဲ့ အချိန်



www.burmeseclassic.com

www.burmeseclassic.com



ကုန်ခဲ့တာ နှစ်ပေါင်းသုံးဆယ်ကျော် ကြာခဲ့ပါတယ်ဘုရား၊ အခုတပည့်တော် ဆေးပင်စင်နဲ့ တပ်ကထွက်ခဲ့ပါပြီဘုရား၊ ဒီပုံစံအတိုင်းသာ သေသွားရင် အပါယ်ငရဲ ရောက်မယ်ဆိုတာ တပည့်တော်ကိုယ်တိုင် သိနေပါတယ်ဘုရား။

"အသက်လေးဆယ်ကျော်မှ ဘာသာရေးအသိကို စရမယ့် တပည့်တော်အတွက် အပါယ်လေးပါးမှလွတ်စေတဲ့ အလွယ်ကူဆုံး ကမ္မဋ္ဌာန်းတစ်ခုကို ပေးသနားပြီး ဆရာတော်ကြီးအနားမှာ သုံးလေးနှစ်ခန့် နေခွင့်ပြုပါဘုရားလို့" ခွင့်တောင်းခဲ့ပြီး ဆရာတော်ကြီးခွင့်ပြုချက်နဲ့ ရောက်လာသူဖြစ်ပါတယ်။ ဒီတော့ ဆရာတော်ကြီးကလည်း သရဏဂုံဆောက်တည်ပွားများပုံကိုသာ အဓိကထားပြီး သင်ကြားပေးပါတယ်။

ဗုဒ္ဓံ– မြတ်စွာဘုရားကို၊ သရဏံ–ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ– ဆည်းကပ်ပါ၏။ ဓမ္မံ– တရားတော်မြတ်ကို၊ သရဏံ– ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ–ဆည်းကပ်ပါ၏။ သံဃံ– သံဃာတော်အရှင်မြတ်ကို၊ သရဏံ–ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ–ဆည်းကပ်ပါ၏။ ဆိုတာကစပြီး အသေးစိပ် သင်ပေးတော်မူပါတယ်။ သရဏဂုံသုံးပါး အဓိပ္ပါယ်အကျိုးသွားတွေကို ဗုဒ္ဓဘာသာတိုင်း ကျကျနနသိသင့်ပါတယ်။

ဥပမာ– ဘာသာခြားများက မေးလာပါပြီတဲ့။ ကျွန်တော်တို့ ခရစ်ယာန်ဘာသာမှာတော့ ဘာသာဝင်တဲ့ အခမ်းအနားရှိပါတယ်။ ရေဖျန်းခြင်း၊ ရေနစ်ခြင်းလုပ်ပြီးတာနဲ့ ခရစ်ယာန်ဘာသာဝင်ပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ အစ္စလာမ်ဘာသာမှာတော့ နမတ်ဖတ်ပြီးတာ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ အစွလာမ် ဘာသာဝင်ဖြစ်သွားတာပဲ။ ခင်ဗျားတို့ ဗုဒ္ဓဘာသာတွေရော ဘာသာဝင်တဲ့ အခမ်းအနား ရှိပါသလား။

ဗုဒ္ဓဘာသာဝင်တစ်ယောက်အနေနဲ့ ဘယ်အချိန်မှာ ဗုဒ္ဓဘာသာဝင်ဖြစ်သလဲလို့ မေးခဲ့ရင် ဗုဒ္ဓဘာသာအများစုမှာ ကျကျနနဖြေနိုင်မယ့်သူ အင်မတန်မှနည်းမှာပါ။ ဖြေရမှာက ဗုဒ္ဓဘာသာဝင်တစ်ယောက်အနေနဲ့ သိတတ်တဲ့အရွယ် ပထမဆုံး သရဏဂုံဆောက်တည်ပြီးစ အချိန်မှာပဲ ဗုဒ္ဓဘာသာဖြစ်ခဲ့တယ်လို့ ဖြေရမှာပါ။

သရဏဂုံဆောက်တည်ပြီးစနေ့ဟာ ဗုဒ္ဓဘာသာဝင်ဖြစ်တဲ့နေ့ဖြစ်သလို ဘုရား၊ တရား၊ သံဃာမှတစ်ပါး အခြားအရာတွေကို ရတနာသုံးပါးထက် မြတ်တယ်လို့ယူဆပြီး ကိုးကွယ်တဲ့နေ့ဟာ ဗုဒ္ဓဘာသာဝင်အဖြစ်ကရပ်စဲတဲ့နေ့ပဲ ဖြစ်ပါတယ်။

''ဆရာတော်ကြီးရဲ့ သွန်သင်ညွှန်ပြမှုကြောင့် သရဏဂုံသုံးပါးကို အိပ်မက်ထဲ ထည့်မက်တဲ့အထိ စွဲမြဲခဲ့သလို အာနာပါနနဲ့ မေတ္တာကမ္မဋ္ဌာန်းတို့ကိုလည်း ပိုင်ပိုင်နိုင်နိုင်ကြီးပွားများလာနိုင်ပါတယ်။ ၁၃၅၄-ခုနှစ်လောက်ရောက်လာတော့ ကလေးမြို့မှာ စီးပွားရှာဦးမယ်ဆိုပြီး ပြန်သွားပါတယ်။ အိမ်ထောင်ပြုဖို့ ရည်ရွယ်ချက်ရှိတဲ့အကြောင်းကိုလည်း ပွင့်ပွင့်လင်းလင်း လျှောက်သွားပါတယ်။

အရွယ်ကောင်းစဉ်က အိမ်ထောင်တစ်ကြိမ် ကျဖူးပါတယ်။ ဒါပေမဲ့ သားလေးရော၊ မယားပါ သူပုန်တွေရဲ့ လက်ချက်နဲ့ သေဆုံးခဲ့ရပါတယ်။ အဲဒီကတည်းက နောက်အိမ်ထောင်မပြုခဲ့တာ အခုအချိန်ထိပေါ့။ ဒါပေမဲ့ အမြဲတမ်းရှိနေတဲ့ သေခြင်းတရားက ဦးလှရွှေကို



www.burmeseclassic.com

www.burmeseclassic.com



စီးပွားရှာခွင့်မပေးသလို အိမ်ထောင်ပြုခွင့်လည်း မပေးတော့ပါဘူး။

၁၃၅၄–ခုနှစ်၊ တော်သလင်းလဆုတ် ၃–ရက်၊ စနေနေ့ ညနေ ၃–နာရီမှာ ရှိုးရှိုးအဖျားကြီးတဲ့ရောဂါရော၊ ငှက်ဖျားရောဂါကပါ နှိပ်စက်လို့ ဘဝတစ်ပါး ပြောင်းသွားရပါတယ်။ ဆရာတော်ကြီးကလည်း တပည့်ဖြစ်သူ သူ့စကားအတိုင်း သေခြင်းတရားကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်သွားရဲ့လား၊ ကောင်းရာသုဂတိရောရောက်ရဲ့လားဆိုတာ သိပ်သိချင်နေတယ်။

ဒါပေမဲ့ ဆရာတော်ကြီးအနေနဲ့ တပ်ကြပ်ကြီးလှရွှေသေပြီး ခြောက်လလောက်အကြာ ၁၃၅၄–ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁–ရက်၊ စနေနေ့ကျမှ ကလေးမြို့ကို ရောက်အောင်သွားနိုင်ပါတော့တယ်။ ဦးလှရွှေ နေထိုင်မကောင်းစဉ်က အစအဆုံးပြုစုလိုက်ရတဲ့ ဦးသန်းထွန်းတို့မိသားစုအိမ်ရောက်သွားမှ ဆရာတော်ကြီးလည်း တပည့်ဖြစ်သူအတွက် ရတက်အေးရပါတော့တယ်။

ပိုပြီးအနီးကပ်ပြုစုရတဲ့ ဦးသန်းထွန်းသားကြီးက အသေအချာပါဘုရား။ ''သူဟာတပည့်တော်လက်ပေါ်မှာ အသက်ပျောက်သွားတာပါ။ ကလေးမြို့ဆေးရုံမှာ ၇–ရက် ကြာပါတယ်ဘုရား။ နောက်ဆုံးသေရမယ့်ရက်ကတော့ ရောဂါကအပြင်းထန်ဆုံးပေါ့ဘုရား။ ရောဂါကတက်လာလိုက် ဦးလှရွှေလည်း မျက်ဖြူကြီးလန်ပြီး သတိလစ်သွားလိုက်၊ တစ်ခါ ရောဂါကျလာလို့ သတိရတာနဲ့ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိလို့ ရွတ်ဆိုတာပဲဘုရား။

''တစ်ခါ ရောဂါတက်လို့ သတိလစ်သွားလိုက်၊ ရောဂါပြန်



www.burmeseclassic.com

www.burmeseclassic.com



ကျလို့ သရဏဂုံရွတ်လိုက်နဲ့ပဲ နောက်ဆုံး အသက်ထွက်သွားတာပါ ဘုရား။ တပည့်တော် လျှောက်ချင်တာကတော့ ဆရာတော်ကြီးတပည့် ဟာ သေရတဲ့အချိန်ထိ သရဏဂုံသုံးပါး မြဲသွားတာဆိုတာပါပဲဘုရား''

အဲသလောက်သိရတယ်ဆိုရင်ပဲ ဆရာတော်ကြီးက တပည့် အတွက် တော်တော်ကျေနပ်ပါပြီ။ ပိုပြီး စိတ်ချစရာကောင်းတာက ဦးသန်းထွန်းသားအငယ် မောင်နေလင်းရဲ့ လျှောက်ထားချက်ပါပဲ။ မောင်နေလင်းက–

''ဦးလှရွှေသေပြီးနောက်ရက်မှာပဲ တပည့်တော်အိပ်မက် မက် တယ်ဘုရား။ အိပ်မက်ထဲမှာ ဦးလှရွှေက ပြိုးပြိုးပြက်ပြက်နတ်ဝတ် တန်ဆာတွေဝတ်ထားပြီး တအားလှနေတယ်ဘုရား။ လူ့ဘဝတုန်းက နဲ့ ဘာမှမဆိုင်ဘူးတဲ့''

ဒီလောက်ဆို ပရိတ်သတ်များလည်း တပ်ကြပ်ကြီးလှရွှေ တစ်ယောက်သရဏဂုံအစွမ်းကြောင့် နတ်ပြည်ရောက်သွားပြီဆိုတာ သဘောပေါက်လောက်ပါပြီ။ တရားအဆုံးမှာ ဟောလာခဲ့သမျှကို အကျဉ်းချုပ် ခေါင်းစဉ်တပ်လိုက်ရင် သုံးမျိုးပဲ ရပါတယ်။

အသေမြတ်ချင်တဲ့သူဟာ–

၁။ မရဏာနုဿတိဘာဝနာကို ပွားများထားရမယ်။

၂။ လောဘ၊ ဒေါသ၊ မောဟတရားဆိုးသုံးပါးနည်းအောင်၊ မရှိ အောင် ကြိုးစားကြရပါမယ်။

၃။ သရဏဂုံသုံးပါးကို စွဲမြဲရပါမယ်။

ဒီသုံးချက်ပိုင်နိုင်ထားရင် သေခြင်းတရား ဘယ်အချိန်လာ



www.burmeseclassic.com

www.burmeseclassic.com



လာ ရဲရဲဝံ့ဝံ့ ရင်ဆိုင်ရဲပါပြီ။

အဲဒီအချက်တွေကို ကြိုတင်လေ့လာထားတဲ့ အသက်ရှစ်ဆယ် အရွယ် ဦးကျော်ဇောအမည်ရှိတဲ့ ဒကာကြီးဟာသူ့ အနိစ္စရောက်ခဲ့ရင် လိုက်ပို့တဲ့ပရိသတ်တွေ ဝေငှရအောင်ဆိုပြီး ကြိုရေးသားထားတဲ့ မရဏာနုဿတိကမ္မဋ္ဌာန်းလင်္ကာလေးရွတ်ပြီး တရားနိဂုံးချုပ်ကြရ အောင်၊ လင်္ကာအဆုံးမှာ သာဓုခေါ်ကြရအောင် ...

**ကာလလရေကြည်၊ တည်သည်ကစ၊**

**သေနေ့ကျအောင်၊ သွားရဝေနေ၊**

**ပေါင်းတစ်တွေတို့၊ နားနေရအုံ၊**

**တစ်စက္ကန့်မျှ၊ ခွင့်မရဘူး။**

**သူကငါ့ကို၊ မှီချင်လို၍၊**

**အားပိုစိုက်ခါ၊ လိုက်လေပါလည်း။**

**ဘယ်သောခါမှ၊ မမှီကြဘူး။**

**နာမရှုပ်၊ ခန္ဓငါးရုပ်၊**

**ဓမ္မဓါတ်တို့၊ ဥပါဒ်ဌီဘင်၊**

**စီအစဉ်ဖြင့်၊ ဖြစ်လျှင်ဆောစွာ၊**

**ပျက်ခါသာလျှင်၊ မရဏာမင်း။**

**သူ့လက်တွင်းသို့၊ ချဉ်းနင်းဝင်ရ၊**

**နှစ်ကာလကား၊ မည်မျှရှိ၏။**

**တွက်ဆဘိလော၊ သေသည့်ချိန်ရောက်၊**

**သေသည့်နောက်၌၊ တစ်ခေါက်တစ်ဖန်၊**



www.burmeseclassic.com

www.burmeseclassic.com



လှူရပ်ဒွာန်သို့၊ ဖြစ်ပြန်ပါလည်း။
သေရာဦးမည်၊ မလွဲသည်တည်း။
နတ်ပြည်နတ်မင်း။ ဖြစ်ပြန်လျှင်းက၊
မယွင်းသေရွာ၊ ရောက်ရမှာတည်း။
ဖြူဟွာမင်းတွေ၊ အကုဋေတို့၊
သင်္ချိုင်းချ၊ သက်ရှည်ပါလည်း။
သေမှာမယွင်း။ သို့ဖြစ်ခြင်းကြောင့်၊
သေခြင်းစလေ့၊ အမြဲတွေ့လျှက်၊
သေ၍မဆုံ။ သေကြဦးမည်၊
သေတုန်းသေဆဲ၊ သေမစဲဘဲ၊
သေပွဲဝင်ရန်၊ သေမှာမှန်၏။
လှူထံနတ်ရွာ၊ ထိုဖြူဟွာတို့၊
ဖြစ်လာသမျှ၊ မရကာဘေး။
ထိုအရေးမှ၊ ကင်းအေးကြရန်၊
ပြည်နိဗ္ဗာန်သို့၊ စိတ်သန်ကြိုးကုတ်၊
နောက်မဆုတ်ဘဲ၊ အားထုတ်၍သာ၊
ကြိုးစားရာသည် ...
သေရွာထိုမှလွတ်မည်တည်း။

( ဦးကျော်ဇေ )

သာဓု ... သာဓု ...သာဓု ...



www.burmeseclassic.com

www.burmeseclassic.com



ပုခက်နှင့်ဝေးသမျှ၊
မဝေးလှသုသာန်
ပြေးမရဆုတ်ခံခံတယ်
လုပ်ကြံလို့လွတ်ဘဲ
ပဋိစ္စသမုပ္ပါန်ကို
သမ္မုဒ္ဒဟောမြွက်ကဘဲ
ဇာတိဟုရှိပါလျှင်
စုတိမှာမလွဲ
ပု,ဒိ,အာ,တုမရဲ့သော်မှ အမှုတွဲပါဝင်
မယ်မာယာတစ်သာကီတွင်မှ
သူ့ဇာတိစခဲ့သည်ပင်
အသိတိရှစ်ဆယ်ဝင်သော်
ခေတ်နယ်တွင်ဇာတ်သိမ်းလို့
ချုပ်ငြိမ်းတဲ့ပြည်မလွှား၊ စုတိနှင့်သား၊
တို့များဖြင့် မသေပါပြီ
ကောကထာရှိဘူးဗျလေး။
(မှူလဒွါရမဟာနိကာယ ပဋ္ဌမသာသနာပိုင် အဂ်ပူဆရာတော်ဘုရားကြီး)
၁၂၆၀-ခုနှစ်တွင် ရေးစပ်တော်မူသည်။

[illegible]

www.burmeseclassic.com

www.burmeseclassic.com



တရားနာပရိသတ်ထဲတွင် ၈–ရပ်ကွက်၊ သစ္စာပန်းခြံမှ ဦးလှဝင်းနှင့် ဒေါ်စန်းစန်းဝင်းတို့ ဇနီးမောင်နှံလည်း ပါလာခဲ့သည်။ တရားပွဲပြီး၍ အိမ်အပြန်တွင် ဦးလှဝင်းက ဒေါ်စန်းစန်းဝင်းအား–

"စန်းစန်းဝင်းရာ တရားကသိပ်ကောင်းတာပဲ။ ဆရာတော်လေးက ဒကာ၊ ဒကာမတွေအတွက် တကယ့်လိုအပ်ချက်ကို ရွေးဟောပေးသွားတာပဲ။ အင်မတန်ကျေးဇူးတင်ဖို့ကောင်းတယ်။ ဒေါ်အေးကိုလည်း ချီးကျူးရမယ်ကွ၊ လင်သားရဲ့ ကျေးဇူးကိုသိတတ်တဲ့ မိန်းမထူး။ မိန်းမမြတ်တစ်ယောက်ပဲ၊ လင်သားအတွက် တရားပွဲလုပ်ပြီး အမျှပေးတယ်ဆိုတာ ငါတော့ ခုတစ်ခါပဲ တွေ့ဖူးသေးတယ်။ ဆရာတော်ဟောသွားသလိုပဲ သေခြင်းတရားဆိုတာ ရင်ဘတ်နဲ့ကျောလို ကပ်နေတာကွ။ ပေါ့ပေါ့နေလို့ မဖြစ်ဘူး။"

"ဆရာတော်သင်ပေးတဲ့အတိုင်း တို့လည်း နေ့စဉ်လေ့ကျင့်ထားရမယ်။ အေး ... တစ်ခုတော့ ကြိုမှာထားမယ်ကွာ။ ငါက မင်းထက်လည်း အသက်ကြီးတော့ အရင်သေရဖို့များတယ်ကွ။ ငါများ မင်းထက်အရင်သေခဲ့ရင် ငါ့ရက်လည်မှာ ဒီမန္တလေးဆရာတော်ကိုပဲ ပင့်ပြီး တရားပွဲလုပ်ပေးပါကွာ"

ဟု မဉီးမချွတ်ပြောကြားလိုက်ပါတော့သည်။ ထိုအခါ ဒေါ်စန်းစန်းဝင်းက–

"ရှင်ကလည်း နိမိတ်မရှိတာတွေ လျှောက်ပြောနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဟန့်လိုက်ရာ ဦးလှဝင်းက–

"ကိုယ့်သေခြင်းတရားကို အမှတ်ရနေတာ၊ မရဏာနုဿတိ ဘာဝနာပွားများနေတာနဲ့ အတူတူပဲ။ ကုသိုလ်တောင်ရတယ်လို့ ဆရာတော်ဟောထားတယ်လေကွာ"ဟု ချေပသဖြင့် ဒေါ်စန်းစန်းဝင်းမှာ နှုတ်ဆိတ်သွားခဲ့ရသည်။

ကျွန်ုပ်၏တရားပွဲသည် ဦးလှဝင်းအတွက် သီးသန့်လာဟောပေးသကဲ့သို့ပင် ဖြစ်သွားခဲ့ရသည်။ အဘယ့်ကြောင့်ဆိုသော် နောက်တစ်လခန့်အကြာမှာပင် ဦးလှဝင်းသည် ဘာရောဂါမှမရှိဘဲနှင့် အိပ်ရာထဲမှာပင် ရုတ်တရက်သေဆုံးသွားခဲ့ရရှာသည်။ တရားပွဲတစ်ပွဲ၏ အောင်မြင်မှုကို ပရိသတ်အနည်းအများ တစ်ခုတည်းနှင့် နှိုင်းယှဉ်၍ မရပါ။

ဟောလိုက်သောတရားကို ပရိသတ်က ဘယ်၍ဘယ်မျှ လိုက်နာကျင့်ကြံသနည်းဟူသော ပေတံနှင့်သာ တိုင်းတာရပေမည်။ ဦးလှဝင်းကား ကျွန်ုပ်ဟောသောတရားကို မည်မျှလိုက်နာ ကျင့်သုံးကြောင်း သူ၏ကြိုတင်အမှာစကားက သက်သေခံနေပေသည်။ ဤအကြောင်းများကိုလည်း ဒေါ်စန်းစန်းဝင်းကိုယ်တိုင် လျှောက်ထားသောကြောင့် ကျွန်ုပ်အပြည့်အစုံသိရခြင်းဖြစ်ပေသည်။

ဦးစွန်စိန်၏ ရက်လည်တရားပွဲကို ၁၃၆၀–ခုနှစ်၊ ပြာသိုလဆန်း ၇–ရက်၊ ၈–ရက် (၂၃–၁၂–၉၈ မှ ၂၄–၁၂–၉၈) ထိနှစ်



www.burmeseclassic.com

www.burmeseclassic.com



ညဟောပေးခဲ့ရသလို ဦးလှဝင်း၏ ရက်လည်တရားပွဲကိုလည်း (၂၃-၁-၉၉ မှ ၂၅-၁-၉၉) ထိ သုံးညဟောပေးခဲ့ရပါသည်။

အရိယာမဖြစ်သေးသော၊ ဝိပဿနာ မရှုမှားတတ်သေးသော ယောဂီမှန်သမျှ အသေမြတ်ဖို့ ဟောကြားထားသော ကျင့်စဉ်များကို လိုက်နာကျင့်ကြံနိုင်ကြပါစေသော် ...

မေတ္တာရှင် (ရွှေပြည်သာ)

* * *



www.burmeseclassic.com

www.burmeseclassic.com

# မိရိုးဖလာ ဗုဒ္ဓဘာသာဝင်
# တကယ့် ဗုဒ္ဓဘာသာဝင်

မေတ္တာရှင် (ရွှေပြည်သာ)

"ဉာဏ်မကောင်းချင်ဘူးလား"

"ကောင်းချင်ပါတယ်ဘုရား"

"ဒါဆို သရဏဂုံမြဲကြတော့"

www.burmeseclassic.com

www.burmeseclassic.com



## မိရိုးဖလာဗုဒ္ဓဘာသာဝင်နှင့် တကယ့်ဗုဒ္ဓဘာသာဝင်တရားတော်

ယနေ့သာသနာတော်နှစ် ၂၅၄၇ ခုနှစ် ကောဇာသက္ကရာဇ် ၁၃၆၅ ခု၊ တပေါင်းလဆန်း (၄) ရက်နေ့၊ ရန်ကုန်တိုင်း၊ ရွှေပြည်သာမြို့နယ်၊ ၆/၁၄ ရပ်ကွက်၊ တောင်ငူပန်းခြံအတွင်းရှိ အောင်သီရိမင်္ဂလာဓမ္မာရုံကြီးအတွင်း၌ ကျင်းပပြုလုပ်အပ်သော ဓမ္မဒါနတရားအလှူပွဲ ပထမနေ့၌ ဟောကြားအပ်သည့် ဗုဒ္ဓဘာသာဝင်တိုင်း အရေးတကြီး နာကြားကြရမည့် တရားတစ်ပုဒ်ဖြစ်သည့် မိရိုးဖလာဗုဒ္ဓဘာသာဝင်နှင့် တကယ့်ဗုဒ္ဓဘာသာဝင် အမည်ရှိသော တရားတော်–

''ဒီနေ့တရားတော်ရဲ့အမည်ကို ဘယ်လိုမှတ်ကြမှာလဲ''

''မိရိုးဖလာဗုဒ္ဓဘာသာဝင်နှင့် တကယ့်ဗုဒ္ဓဘာသာဝင်ပါဘုရား။''

''တရားဒေသနာ နာကြားရင်းနဲ့ ပရိသတ်များ ကိုယ့်ကို



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ဆန်းစစ်ပါ၊ ငါသည် မိရိုးဖလာဗုဒ္ဓဘာသာဝင်လား? တကယ့်ဗုဒ္ဓဘာသာဝင်လား? ကိုယ်တိုင်ဆန်းစစ်ပါ။ ဒီက မိရိုးဖလာ ဗုဒ္ဓဘာသာဝင်ရဲ့ စိတ်နေစိတ်ထားအပြုအမူတွေ ဟောလိမ့်မယ်၊ တကယ့်ဗုဒ္ဓဘာသာဝင်ရဲ့ စိတ်နေစိတ်ထား အပြုအမူဆုံးဖြတ်ချက်တွေ ဟောလိမ့်မယ်၊ ကိုယ့်ကိုကိုယ် တိုက်ကြည့်ကြ။

"တိုက်ကြည့်ရင်းနဲ့ ညံ့တဲ့ဗုဒ္ဓဘာသာဝင်ထဲ ပါနေတယ်ဆိုရင် တော်တဲ့ကောင်းတဲ့ တကယ့်ဗုဒ္ဓဘာသာဝင်ထဲပါအောင် ကြိုးစားဖို့ဟာ ပရိသတ်များရဲ့ တာဝန်ဖြစ်တယ်။

ဒါဆို ယနေ့တရားကို ဝိသုဒ္ဓိမဂ်အဋ္ဌကထာမှာလာတဲ့ ပုထုဇဉ်များ ကြိုပြီးတော့ မသိနိုင်တဲ့ အရာငါးမျိုးက စကြရအောင်။ အတွေးအခေါ်လေးတွေပါတဲ့အတွက်ကြောင့် ပရိတ်သတ်များကလည်း တွေးတွေးဆဆ ဖြေပေးပါ။

ဒီက အဋ္ဌကထာအဖွင့်အတိုင်း တစ်လုံးချင်းဖြည်းဖြည်းချင်း မေးပေးပါ့မယ် အဲဒီမှာဖွင့်ထားတာက"

"ဇီဝိတံ ဗျာဓိကာလောစ ဒေဟနိက္ခေပနံဂတိ

ဇီဝိတံ ပုထုဇဉ်မှန်ရင် ဘယ်အသက်အရွယ်မှာ သေရမယ်လို့ ကြိုပြီးတော့ သိနိုင်ရဲ့လား?"

"မသိနိုင်ပါဘူးဘုရား"

"ဗျာဓိ ဘယ်အနာရောဂါနဲ့ သေရမယ်ဆိုတာ ကြိုပြီးတော့ သိနိုင်ရဲ့လား?"

"မသိနိုင်ပါဘုရား"

"ကာလ မနက်မှာ သေမလား? နေ့လည်မှာ သေမလား?



www.burmeseclassic.com

www.burmeseclassic.com



ညမှာသေမလား? ကြိုပြီးတော့ သိနိုင်မလား? ''

''မသိနိုင်ပါဘုရား''

''ဒေဟနိက္ခေပနံ ဘယ်နေရာ ဘယ်ဒေသမှာ သေမယ်၊ ဘယ်သုသာန်မှာ သင်္ဂြိုဟ်မလဲရော ကြိုပြီးတော့ သိနိုင်ရဲ့လား?''

''မသိနိုင်ပါဘုရား''

''ဂတိ သေပြီးတဲ့နောက် ဘယ်ဘုံရောက်မယ်ဆိုတာ ကြိုပြီးတော့ သိနိုင်ရဲ့လား''

''မသိနိုင်ပါဘုရား''

''ဒီတော့ ပုထုဇဉ်တွေဟာ ဘဝအာမခံချက် ဘာမှမရှိဘူး''

ဘယ်အသက်အရွယ်မှာ သေရမှာလဲမသိ

ဘာရောဂါနဲ့ သေရမှာလဲမသိ

နံနက် နေ့လည် ည ဘယ်ကာလမှာ

သေရမှာလဲ မသိ

ဘယ်ဘုံရောက်မှာလဲ မသိ

ဘာမှကို မသိဘူး၊ မှန်းသမ်း ရမ်းသမ်းနေကြတာ စကားတစ်ခုရှိတယ်ပေါ့ မျက်ကန်းတစ္ဆေမကြောက်တဲ့ ဘာတဲ့တုန်း။''

''မျက်ကန်းတစ္ဆေမကြောက်ပါဘုရား''

''အဲဒါ အကန်းပုထုဇဉ်တွေကို ပြောတာ ကြည့်စမ်း''

ဘယ်အချိန်သေမှာလဲမသိ၊ ဘယ်အသက်အရွယ်သေမှာလဲ မသိ၊ ဘယ်ဘုံရောက်မှာလဲ မသိဘူး၊ အဲဒါလည်း ပျော်တပြုံးပြုံး မော်မဆုံးဘဲ နေလိုက်ကြတာ။

ဒီတော့ဘာဖြစ်သလဲတဲ့?အပါယ်ကျတဲ့ ပုထုဇဉ်တွေ များတာ



www.burmeseclassic.com

www.burmeseclassic.com



ပေ့ါ။ သံယုတ်ပါဠိတော် နက္ခသိခသုပမသုတ်မှာ ဗုဒ္ဓက ဥပမာလေးနဲ့ ဟောပါတယ်။

ချစ်သားချစ်သမီးတို့ ငါဘုရားလက်သည်းပေါ်က မြေမှုန့်လေး ရယ်၊ ဟောဒီ အောက်က မဟာပထဝီမြေကြီးရယ် ဘယ်ဟာကများ သလဲလို့ မေးတော့ ပရိသတ်တွေက ဖြေကြပါတယ်''

''မြတ်စွာဘုရား မဟာပထဝီမြေကြီးက အဆမတန်များပြား ပါတယ်ဘုရား၊ မြတ်စွာဘုရား လက်သဲပေါ်ကမြေမှုန့်ဟာ အနည်းငယ် ပါဘုရား၊ မနှိုင်းလောက်ပါဘူး''

ဒီတော့ ဗုဒ္ဓက ''ချစ်သား ချစ်သမီးတို့ ဒီဥပမာအတိုင်းပဲ လူ့ဘဝကနေ သေပြီးတော့ သုဂတိလို့ခေါ်တဲ့ လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မ ဘုံရောက်တဲ့ လူသားတွေဟာ ငါဘုရားလက်သဲပေါ်က မြေမှုန့်ပမာဏ လောက်ပဲ ရှိတယ်။

အဲဒီ လူ့ဘဝကသေပြီးတော့ ငရဲ တိရစ္ဆာန်၊ အသူရကာယ်၊ ပြိတ္တာဆိုတဲ့ အပါယ်လေးဘုံကျတဲ့ လူသားတွေကတော့ ဟောဒီအောက် က မဟာပထဝီမြေပေါ်က အမှုန့်ပမာဏလောက် ရှိတယ်လို့''ဒီလို ဟောကြားတော်မူခဲ့ပါတယ်။''

''ဒါကြောင့် ယခုတရားနာ ပရိတ်သတ်များ ဒါဆိုသံဝေဂယူ တတ်ပါပြီ။ ဩော် ဒါကြောင့် အပါယ်လေးဘုံမှာ သတ္တဝါတွေ များကြ တာကိုး။ ယခုမေးတဲ့ မေးခွန်းငါးချက်ကို တစ်ခုမှ မဖြေနိုင်ခဲ့တဲ့အ တွက်ကြောင့် ပုထုဇဉ်တွေဟာ ရမ်းသမ်းနေကြ၊ ရမ်းသမ်းသေကြ၊ ရမ်းသမ်းရောက်ကြပါလာလို့ သံဝေဂယူစေချင်တယ်။

ဒီတော့ ဒီလို ဒကာဒကာမများကဲ့သို့ စွဲလမ်းစရာသားတွေ၊



www.burmeseclassic.com

www.burmeseclassic.com



မယားတွေ၊ ဖနီးတွေ၊ ခင်ပွန်းတွေ၊ တိုက်တွေ၊ ခြံတွေပေါ့၊ စွဲလမ်းစရာ များပြားတဲ့ လူပုဂ္ဂိုလ်တွေ မဆိုပါနဲ့၊ စွဲလမ်းစရာဘာမှ မရှိပါဘူးလို့ သတ်မှတ်ထားတဲ့ ရဟန်းသံဃာအချို့တောင် ပုထုဇဉ်ရဟန်းသံဃာအချို့တောင်မှ အပါယ်ကျကြတယ်။''

''နားထောင် စကားလေးတစ်ခု ရှိတယ်ပေါ့၊ အတွေးအခေါ် ပညာကြီးမားတဲ့ ပုဂ္ဂိုလ်ဆိုတာ သူများအမှားကိုကြည့်ပြီးတော့ သင်ခန်းစာယူတတ်တယ်။ အတွေးအခေါ်နည်းတဲ့ ပုဂ္ဂိုလ်တွေကြတော့ သူများအမှားကို ကြည့်ပြီးတော့ သင်ခန်းစာမယူတတ်ဘူး။ ကိုယ်ကိုယ်တိုင်မှားမှ သင်ခန်းစာယူတတ်တယ်၊ သူကညံ့သွားပြီ၊ အဲဒီထဲအညံ့ဆုံးပုဂ္ဂိုလ်ကတော့ ကိုယ်ကိုယ်တိုင် မှားတာတောင်မှ သင်ခန်းစာမယူတတ်ဘူး။

အခု သင်ခန်းစာယူစရာ အကြောင်းလေး နာရအောင်၊ ဒါကို မဃဒေဝမှာ အလင်္ကာလေးနဲ့ ပြောထားတယ်။

**ဥစ္စာစုကို၊ မဆိုထားလွတ်**
**ကိုယ်ဝတ်ခြုံနွမ်း၊ ပုဆိုးနွမ်းက**
**သက်န်းမျှဦ၊ လောဘဤဟိတ်**
**ငဲ့သည့်စိတ်ကြောင့်၊ ဘုတ်ပြိတ်သန်းပြ**
**ဖြစ်ကုန်ကြသည်။**

''ဗုဒ္ဓလက်ထက်က တိဿအမည်ရှိတဲ့ ရဟန်းတစ်ပါးဟာ ရဟန်းကောင်း ရဟန်းမြတ်တစ်ပါးပါပဲ၊ သို့သော် ပုထုဇဉ်ပါ။ တစ်ခါတော့ သူ့ရဲ့ တူမတစ်ယောက်က လှူတဲ့ အင်မတန်နူးညံ့ပျော့ပြောင်းတဲ့ သင်္ကန်းအကောင်းစား တစ်စုံရတော့သူက သိပ်ဝမ်းသာတယ် စွဲလမ်း



www.burmeseclassic.com

www.burmeseclassic.com



မိရှာတယ်။

ကောင်းလိုက်တဲ့ သက်န်းလေး သွားရာလာရာဝတ်မယ်ဆို တဲ့ စိတ်နဲ့ ခေါင်းအုံးအောက်မှာ ထားပြီးအိပ်ပါတယ်၊ ကျိန်းပါတယ်၊ ညကျတော့ သူကတော့ အသက်လေးငါးဆယ်နဲ့ မသေသေးဘူး ထင် တာပေါ့၊ သို့သော် ဘုရားက ဟောထားပြီလေ။

ဇီဝိတ ပုထုဇဉ်မှန်ရင် ဘယ်အသက်အရွယ် သေရမယ်ဆို တာ ကြိုမသိဘူး၊ ဒီတော့ ညသန်းခေါင်မှာပဲ ရောဂါတစ်ခုနဲ့ ပျံတော် မူသွားရှာတယ်။ ဒီတော့ ရဟန်းသံဃာများအဝ်နှံမထားခဲ့ရင် ကျန်တဲ့ ပစ္စည်းဟာ ''မတာသန္တက''ပေါ့။ ကျန်တဲ့သံဃာတွေ ဝေခြမ်းယူမယ်လုပ် တော့ သက်န်းခေါက်ထဲက အသံကြီးတစ်သံ ထွက်လာတယ်''

''ငါ့သက်န်းမယူကြနဲ့ ငါ့သက်န်းမယူကြနဲ့''

''ရဟန်းသံဃာတွေက မကြားဘူး၊ ဘုရားရှင်ကကြားတော့ သူတို့ရဲ့ဝေခြမ်းမှုကို ခဏဆိုင်းနိုင်းတယ်၊ ''ချစ်သားတို့ မဝေခြမ်းကြ နဲ့ဦး။ တိဿရဟန်းကြီးဟာ သက်န်းကိုစွဲတဲ့ လောဘနဲ့ ပျံတော်မူခဲ့ လို့ သက်န်းခေါက်ထဲမှာ သန်းပိုးဗ္ဗာကြီးဖြစ်နေတယ်၊ မကျွတ်သေးဘူး''

''ကြည့်စမ်းဘယ်လောက် သံဝေဂရဖို့ ကောင်းသလဲ? ခုနစ် ရက်စေ့မှ ကျွတ်ပြီး နတ်ပြည်ရောက်လိမ့်မယ်။ သင်တို့ ခုနစ်ရက်ပြည့် မှ ဝေဖန်ကြပါ၊ ခွဲခြမ်းကြပါ''

''အဲဒီလိုပြောမှ ခုနစ်ရက်စောင့်ကြရတယ်။ ခုနစ်ရက်ပြည့် မှ သန်းပိုးဗ္ဗာဘဝက လွတ်ပြီးတော့ နတ်ရွာသုဂတိရောက်ပါတယ်။''

''ကိုင်းပရိသတ်များ သင်ခန်းစာယူစရာ မကောင်းဘူးလား''

''ကောင်းပါတယ်ဘုရား''



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ စွဲလမ်းတဲ့ လောဘကြောင့် ငြိတွယ်ဘာခံကျတာ၊ ဒါကြောင့် ဘာကိုမှ မစွဲလမ်းပါနဲ့လို့ အရေးတကြီးမှာလိုက်ပါတယ်။"

"ဒီတော့ ရဟန်းသံဃာအချို့တောင်မှ ပုထုဇဉ်အချို့တောင်မှ အပါယ်လေးဘုံကျရင် ဒကာ ဒကာမများဆိုရင် ပိုပြီးတော့ မကျနိုင်ဘူးလား"

"ကျနိုင်ပါတယ်ဘုရား"

"ကျနိုင်တယ်။ တစ်ကမ္ဘာလုံးမှာ လူဦးရေဟာ သန်းပေါင်း ခြောက်ထောင်ကျော်ပဲရှိတာ။ ကြည့် ငြိတွယ်၊ သရဲ၊ တစ္ဆေပေါင်းဟာ ကုဋေပေါင်းခြောက်ထောင်မကဘူး။ အများကြီးပဲ ပရိတ်သတ်တို့ မမြင်ရလို့။

သူတို့ကို လူတွေကမမြင်ရဘူး၊ ကံကပေးတဲ့ တန်ခိုးလေး ပေါ့။ ဒါပဲရှိတာပါ၊ အများကြီးပဲ၊ ဒီတော့ ဒါဆိုအရှင်ဘုရား တပည့်တော်တို့ ပုထုဇဉ်တွေ ဒီဒေသနာအရဆိုရင် အပါယ်ငရဲပဲ အားလုံး ဆင်းကြရတော့မလားဘုရား။

မဆင်းရပါဘူး၊ အဲဒီလို မဆင်းစေချင်လို့ပဲ ဒီနေ့တရားပွဲကြီး ကျင်းပရတာပါ။ ဒီလိုမဆင်းစေတဲ့ တရားကိုလည်း ဗုဒ္ဓက ဟောပေး ထားပါပြီ။ အင်္ဂုတ္တိုရ်အဋ္ဌကထာမှာ ပုထုဇဉ်တွ အပါယ်မကျအောင် တားပေးမယ့်ကုသိုလ်ခုနစ်မျိုးတဲ့ မှတ်ကြရမယ်နော်။"

အဲဒါလင်္ကာလေး အင်္ဂုတ္တိုရ်အဋ္ဌကထာမှာ ဖွင့်ပါတယ်။ လင်္ကာ လေးက

**ရတနာစွဲလုံး ပုလဲလုံးစိန်စိ**

**မြဲအသုံးသမ်ဂီယေ် ပဥ္စသီနေ့တိုင်း**

**ကြည်ကျော်စင်းစာပေ**

www.burmeseclassic.com

www.burmeseclassic.com



**နိဗ္ဗာမဝေးလဲ စာရေးတံဆွမ်းဝတ်ရက်ပိုင်း**
**ဝါသက်နိုး မသွေမှန် ရေတစ်ကန်နက်ရှိုင်း**
**အနေတန်ခက်အကိုင်းရယ်နဲ့ ယှက်သိုင်းတဲ့ကျောင်းငယ်**
**သည်ဝိုနှစ်အိမ်ကာလစွဲ ဒါနပြုံသုံး ဆောက်သည့်ဘွယ်**
**သောတာပန်ဏတ်အနွယ် အမြုတ်နွယ်နိုမှိုလို့**
**ဟိုအသီးသုံးတိုက်တာသူ ဆုံးအမြုတ်ယူ**
**ရေဒါနသီတဂူငယ် အရည်တွလှူမြဲပုံကွယ့်လေး။**

အဓိပ္ပါယ်လေး နားထောင်ကြစမ်းပါ။ ပုထုဇဉ်တိုင်း အားကိုးရမယ့် အပါယ်တံခါးပိတ်တဲ့ ကုသိုလ်ဖြစ်လို့ပါပဲ။''

''နံပါတ်တစ် အပါယ်တံခါး ပိတ်မယ့်ကုသိုလ်ကတော့ ဒကာဒကာမများ သီလယူခါနီးမှာ

**ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ**

**ဓမ္မံ သရဏံ ဂစ္ဆာမိ**

**သံဃံ သရဏံ ဂစ္ဆာမိ** လို့ မဆိုကြဘူးလား?''

''ဆိုကြပါတယ်ဘုရား''

''ဘုရား တရား သံဃာ ရတနာသုံးပါး စွဲမြဲတဲ့ပုဂ္ဂိုလ်သည် ဘယ်တော့မှ အပါယ်မလားပါ၊ အားကိုးစရာမကောင်းဘူးလား? အားကိုးရမယ်နော်။

နံပါတ်နှစ်က ငါးပါးသီလမြဲတဲ့ပုဂ္ဂိုလ် အပါယ်မလားပါ။

နံပါတ်သုံးက အာရုံဆွမ်း နေ့ဆွမ်း နေ့စဉ်မပြတ်လှူဒါန်း သူတိုင်း အပါယ်မလားပါ။

နံပါတ်လေးက စာရေးတံမဲ လှူဒါန်းသူတိုင်း အပါယ်မလားပါ။



www.burmeseclassic.com

www.burmeseclassic.com



နံပါတ်ငါးက ဝါဆိုသင်္ကန်းလှူတဲ့ပုဂ္ဂိုလ်တိုင်း အပါယ်မလားပါ။
နံပါတ်ခြောက်က ရေတွင်းရေကန်လှူတဲ့ပုဂ္ဂိုလ်တိုင်း အပါယ်မလားပါ။
နံပါတ်ခုနစ်က သံဃိကကျောင်းဆောင် လှူတဲ့ပုဂ္ဂိုလ်များ အပါယ်မလားပါ။

အပါယ်မလားတဲ့ ကုသိုလ်ဘယ်နှစ်မျိုးလဲ?

''ခုနစ်မျိုးပါဘုရား''

''ခုနစ်မျိုးလုံး လုပ်စရာ မလိုပါဘူးဗျာ၊ တစ်မျိုးလုပ်ရင်ပဲ အပါယ်တံခါးပိတ်တယ်နော်။

အဲဒီတော့ အပါယ်တံခါးပိတ်တဲ့ ကုသိုလ်မပြောမီမှာ သရဏဂုံ တည်တဲ့အတွက်ကြောင့် အပါယ်တံခါးပိတ်ပုံပြောမှာဆိုတော့ သရဏဂုံရဲ့ ကောင်းကျိုးကိုလည်း နာကြားကြဦးစို့။

မူလပဏ္ဏာသအဋ္ဌကထာမှာ သရဏဂုံ တည်မြဲတဲ့ပုဂ္ဂိုလ်ရမယ့် ကောင်းကျိုးငါးမျိုး ဖွင့်ပြထားပါတယ်။

သရဏဗ္ဗတောတာဝ သရဏဂတာနံ
ဘယသန္တာသံဒုက္ခံ ဒုဂ္ဂတိ ပရိက္ကိလေသံ
ဟိံသတိ ဝိနာသေတတိအတ္ထော
ရတနတ္တ ယသောဝေတံ အဓိဝစနံ။

ရှေးဦးစွာ သရဏဗ္ဗတော သရဏသဒ္ဒါအနက်ကို ပြရမည်ဆိုလျှင် သရဏဂတာနံ ဘုရားတရားသံဃာ ရတနာသုံးပါးကို ယုံကြည်ဆည်းကပ် သိမှတ်ကြသူ ရှင်လူမြတ်တို့၏ ဘယ်ဘေးမှန်သမျှကို ဟိံသတိဝိနာသေတိ ပယ်ဖျောက်တတ်၏။

ကြည်နူးကျော်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



''ပထမဆုံး သရဏဂုံတည်တဲ့ ကောင်းကျိုးကဘေးတွေကင်းတယ်၊ ဘာကင်းတယ်?''

''ဘေးကင်းပါတယ်ဘုရား''

''ဒါကြောင့် ဘေးကင်းချင်ရင် သရဏဂုံဆောင်ဖို့ မှာချင်တယ်။''

နံပါတ်နှစ်– ဟိရိသတိတဲ့ ကြောက်ရွံ့ထိတ်လန့်မှု မှန်သမျှကိုလည်း ဟိရိသတိ ဝိနာသေတိ ပယ်ပျောက်တတ်ပါပေ၏။ သန္တာသံ ကြောက်ရွံ့ထိတ်လန့်မှု မှန်သမျှကို ပယ်ဖျောက်တတ်ပါပေ၏။

တစ်ခါတရံ ဒကာဒကာမများ တိတ်ဆိတ်ငြိမ်သက် လူသူကင်းမဲ့ပြီးမှောင်နေတဲ့အခါ ကြောက်တဲ့လန့်တဲ့ စိတ်များဖြစ်တတ်တယ်မဟုတ်လား။ ကြက်သီးတွေဘာတွေ ထပြီးတော့ အဲဒါမျိုးဆိုရင် နည်းလေးပေးလိုက်ပါရစေ။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ

ဓမ္မံ သရဏံ ဂစ္ဆာမိ

သံဃံ သရဏံ ဂစ္ဆာမိ လို့ဆောက်တည်လိုက် ကြောက်တဲ့ လန့်တဲ့စိတ်တွေ အကုန်ပျောက်တယ်မဟုတ်လား? ဒါက ဒုတိယကောင်းကျိုး''

''တတိယကောင်းကျိုးက ဒုက္ခ–ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ မှန်သမျှကို၊ ဟိရိသတိ၊ ဝိနာသေတိ–ပယ်ဖျောက်တတ်ပါပေ၏။ ကိုယ်စိတ်ဆင်းရဲနေလျှင်လည်း ဘုရား၊ တရား၊ သံဃာသာ အာရုံပြုလိုက်စမ်းပါ အကုန်ပျောက်တယ်။

ဒုဂ္ဂတိပရိကိလေသံ လေးနဲ့ငါးက ပေါင်းပြတယ်၊ အပါယ်



www.burmeseclassic.com

www.burmeseclassic.com



ကျမယ့် ဘေးကိုလည်း ပယ်ဖျောက်စေတယ်။ ကိုယ့်စိတ်ရဲ့ညစ်နွမ်းမှု မှန်သမျှကိုလည်း ပယ်ဖျောက်စေတယ်။ ဣတိ–ထို့ကြောင့်၊ သရဏံ– သရဏမည်ပါပေ၏။

တော် ဤသရဏဟူသော အမည်သည် ဘုရား၊ တရား၊ သံဃာ၊ ရတနာသုံးပါး၏ အဝိဝစန် အမည်ပါတည်း။ ဒီတော့ သရဏ ဆိုတာ သရဏဂုံသုံးပါး ရတနာသုံးပါးတို့ရဲ့ အမည်ပါပဲ။

အဲဒီအကျိုး ငါးမျိုးထဲက ယခု ဘုရား၊ တရား၊ သံဃာ သရဏဂုံတည်မြဲတဲ့အတွက်ကြောင့် ဘေးကင်းပုံကို နာယူကြရအောင်၊ ဘေးကင်းတဲ့ပုံလည်း နာမယ် ပထမဆုံးဒုဂ္ဂတိပေါ့ဗျာ။"

"အပါယ်တံခါး ပိတ်ပုံက စကြရအောင် ဒါက ပိုစိတ်ဝင်စား စရာ ကောင်းတယ်။ ဒီတော့ တစ်ခဏတာသရဏဂုံနဲ့ တစ်ဘဝတာ သရဏဂုံရယ်လို့ နှစ်မျိုးခွဲပြီးပြောမယ်။

အင်္ဂုတ္တိုရ်အဋ္ဌကထာမှာ ဖွင့်သော ဒမိဠတံငါသည် အကြောင်း စရအောင်။

တံငါသည်ဆိုတာ ပရိသတ်တို့ရေ သူ့ရဲ့သက်တမ်း အပြည့် ပေါ့လေ၊ ငါးတွေကို သတ်ဖြတ်နေတဲ့ ပါဏာတိပါတကံ အပြည့် မရှိ ဘူးလား?"

"ရှိပါတယ်ဘုရား"

"ရှိတယ်၊ သူဒါတွေပဲသတ်နေတာ အဲဒီလိုနဲ့ နေလိုက်တာ သူ့အသက်သတ်နေတဲ့ ပုဂ္ဂိုလ်တွေမှတ်ထား။"

"ဒါနဲ့ သီလတစ်ချို့ တံငါသည်တွေလည်း ဒါနမပြုဘူးလား"

"ပြုပါတယ်ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"ပြုတယ်၊ သတ်တာက အကုသိုလ်, ပြုတာက ကုသိုလ်ပဲ၊ ဒါကြောင့် တံငါသည်ဖြစ်သော်လည်းပဲ လူ့ဘဝပြန်ရောက်တဲ့သူလည်း ရှိပါတယ်။

သို့သော် သူ့အသက်သတ်တဲ့ ပုဂ္ဂိုလ် လူ့ဘဝကို ပြန်ရောက်ရင်မှတ်လိုက် ခြေလက်မပါတဲ့ ပုဂ္ဂိုလ်တွေဖြစ်တတ်တယ်။ မျက်စိအကန်းလေး ဖြစ်လာတတ်တယ်။ နားအကန်း ဖြစ်လာတတ်တယ်။ အတိတ်က သူ့အသက်ကို သတ်ခဲ့တဲ့ ကံပါတဲ့ ပုဂ္ဂိုလ်တွေပါပဲ။ ပြီးတော့ သက်တမ်းတိုတယ်။ အနာရောဂါများတယ်။

ယခုဘဝမှာတင် ဒမိဠတံငါသည်ကြီးဟာ အိပ်ရာထဲမှာပဲလဲပြီး သေရတော့မယ်။ မှတ်ကြပေတော့ အရေးကြီးတယ်။ သေခါနီးမှာ ကပ်ပြီးတော့ သေခါနီးဆဲဆဲလေးမှာ ကပ်ပြီးတော့ မိမိရောက်မယ့် ဘုံဌာနေ အရိပ်နိမိတ် မြင်ရတတ်ပါတယ်။

ပရိတ်သတ်များ ဟောတဲ့ပုဂ္ဂိုလ်, နာတဲ့ပုဂ္ဂိုလ်အကုန်လုံး သေကြရမှာပါ။ ပုထုဇဉ်အဖြစ်နဲ့ သေမယ်ဆိုရင်လေ သေခါနီး မိနစ်ပိုင်းလေးမှာ ကပ်ပြီးတော့ မိမိရောက်မယ့်ဘုံဌာနရဲ့ အရိပ်နိမိတ်ကို မြင်ရတယ်။"

"ဆိုကြပါစို့၊ မိမိသေပြီးနောက် ခွေးဖြစ်မယ်ဆိုရင် ခွေးမကြီးပုံစံမြင်ရတယ်။ အဲဒါခွေးပဲလို့ တန်းသိလိုက်ဘယ်လိုမှ လုပ်လို့ မရတော့ဘူး။ ကာကွယ်လို့ မရတော့ပါဘူး။ တဖန်၊ ပြိတ္တာ၊ တစ္ဆေ, သရဲဖြစ်မယ်ဆိုလည်း အင်းကြီးတွေ၊ အိုင်ကြီးတွေ၊ တောကြီးတွေ၊ တောင်ကြီးတွေ မြင်ရတတ်တယ်၊ သိလိုက်ပါတော့။ ပြိတ္တာ၊ တစ္ဆေ၊ သရဲ ဖြစ်ပြီ၊ အဲဒါကပ်ပြီး သိရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘေးပုဂ္ဂိုလ်တွေ ဘယ်သူမှ မမြင်ရဘူး။ သေမယ့်ပုဂ္ဂိုလ်ပဲ မြင်ရတယ်။ နောက်တစ်ခါ လူပြန်ဖြစ်မယ်ဆိုရင် မိမိကိန်းမယ့် အမိဝမ်းရေပေါ့၊ အမိသားအိမ်ပဲ ဆိုကြပါစို့။ အဲဒီဝမ်းရေ ကမ္ဗလာအနီ အဆင်းသဏ္ဌာန်လေး မြင်ရတယ်တဲ့၊ ဒါဆိုလည်း ငါသည် လူ့ဘဝ ပြန်ရောက်တော့မယ်ဆိုတာသိ။''

''တစ်ဖန်နတ်ပြည်ရောက်မယ်ဆိုရင် နတ်သားတွေ၊ နတ်သမီးတွေ၊ ဗိမာန်တွေ၊ ပဒေသာပင်တွေ မြင်ရတတ်တယ်။ ဒါဆိုရင် ငါသည် နတ်ပြည်ရောက်မယ်လို့ သိလိုက်။

တစ်ဖန် ငရဲကျမယ်ဆိုရင်တော့လေ မိမိကို နှိပ်စက်မယ့် ငရဲသားတွေ၊ ခွေးနက်ကြီးတွေ၊ ငရဲမီးတွေ အကုန်မြင်ရတယ်၊ တကယ့်ကိုပဲ ပူလောင်ပါတယ်။ တကယ့်ကိုပဲ ဆင်းရဲပါတယ်။ ဒါကြောင့် အဲဒီပုဂ္ဂိုလ်များဟာ လူးလွန့်နေအောင် အော်ကြတယ်။

အခုလည်း ဒမိဠတံငါသည်ကြီးဟာ လူးလွန့်အောင်အော်ရှာပါတယ်။ ''ကယ်ကြပါ မီးတွေငြိမ်းပေးကြပါ၊ ခွေးနက်ကြီးတွေ မောင်းပေးကြပါ၊'' ဆူညံပြီးတော့ ချွေးတွေပျံပြီးတော့ ကြည့်စမ်း သားတွေ၊ မယားတွေ ကယ်လို့ရကြသေးရဲ့လား?''

''မရပါဘုရား''

''အိမ်ထောင်ဦးစီးပုဂ္ဂိုလ်များကိုလည်း မေတ္တာအပြည့်နဲ့ ပြောပါရစေ၊ သမ္မာအာဇီဝကျကျပဲ ရှာကျွေးကြပါ၊ ခိုးကျွေးဖို့၊ သတ်ကျွေးဖို့၊ လိမ်ကျွေးဖို့ လုံးဝစိတ်မကူးကြပါနဲ့။ ခိုးကျွေး၊ သတ်ကျွေးတာ စားကြရင် မိသားစုအားလုံး စားကြရမယ်။

ခံရင်တော့ အဲဒီရှာတဲ့ ပုဂ္ဂိုလ်တစ်ယောက်ပဲ ငရဲသွားရပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်များ။ အဲဒါလေးအားလုံး သိကြစေချင်ပါတယ်။ အခုကြည့် ဖြစ်တော့ သားတွေ၊ မယားတွေက လက်ပိုက်ကြည့်ရတယ်။ ဘာလုပ်နိုင်သေးတုန်း။ ဘာမှ မတတ်နိုင်တော့ဘူး။ အဲဒီအချိန်မှာ သူကံကောင်းတယ်။

ရှင်ဥပါလိပဂ္ဂပါတိကတိဿဆိုတဲ့ ဆွမ်းခံကိုယ်တော်တစ်ပါးကြွလာတယ်။ ရဟန်းသံဃာဆိုတော့ အသံနက်ကြီးကြားတာနဲ့သိတယ်။ ဟာ ဒီဒကာကြီး ငရဲကျတော့မှာပဲ၊ ငါကို ဒီဒကာကြီး ဆွမ်းလောင်းဖူးတယ်။

သူကိုယ်တိုင် ဆွမ်းလောင်းဖူးတဲ့ ရဟန်းသံဃာရှေ့မှာ အပါယ်မကျသင့်ဘူး။ ငါကယ်မယ်ဆိုပြီးတော့ အိမ်ပေါ်တက်ကြွ၊ ငရဲသွားလုဆဲဆဲ ဒမိဋ္ဌတံငါသည်ကြီးခေါင်းရင်းက ထိုင်ပြီးတော့ ဒကာကြီးယခုကြွလာတဲ့သူဟာ ဒကာကြီး ဆွမ်းလောင်းဖူးတဲ့ ရဟန်းသံဃာဖြစ်ပါတယ်။ ဒကာကြီးကို သရဏဂုံနဲ့ ငါးပါးသီလ ဆောက်တည်ပေးပါရစေ။''

''ဒကာကြီး နှုတ်က မဆိုနိုင်ရင် စိတ်ကဆိုပါ၊ ပရိတ်သတ်များလည်း ကယ်ဖို့နည်းလေး သေချာမှတ်သွားကြပါ။ အဲဒီမှာတင် ဒကာကြီးလည်း သတိရတော့ မထေရ်မြတ်က ရှေ့ကတိုင်ပေး၊ သူက လိုက်ဆိုပေါ့၊ နှုတ်က မဆိုနိုင်တော့ စိတ်ကဆိုတယ်။

သို့သော် သေမယ့်အချိန်ကနီးတော့ အဟံဘန္တေစပြီးတော့ သရဏဂုံလည်း ဆိုပြီးရော သေသွားရှာတယ်။ ငါးပါးသီလအထိ မရောက်လိုက်ပါဘူး။ ကြည့်စမ်း၊ ဒကာဒကာမတို့ သရဏဂုံရဲ့စွမ်းအားဘယ်လောက်ထူးခြားသလဲဆိုရင် နှစ်ပေါင်းငါးဆယ်ကျော် သတ်ဖြတ်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တဲ့ ပါဏာတိပါတ အကုသိုလ်ကံကြောင့် ထင်နေတဲ့ ငရဲမီးတွေ၊ ခွေးနက်ကြီးတွေ၊ ငရဲသားတွေ အကုန်ပျောက်၊ နတ်သမီးတွေ၊ နတ်သားတွေ ထင်ပြီးတော့ လူသက်နဲ့ဆိုရင် နှစ်ပေါင်းကိုးသန်း အသက်ရှည်တဲ့ စတုမဟာရာဇ်နတ်ဘုံရောက်တယ်။

"ဘယ်နတ်ဘုံရောက်သလဲ"

"စတုမဟာရာဇ် နတ်ဘုံပါဘုရား"

"အဲဒါ တခြားအစွမ်းလား? သရဏဂုံအစွမ်းလား?"

"သရဏဂုံအစွမ်းပါဘုရား"

"အဲဒီ စတုမဟာရာဇ်နတ်ဘုံက အတိုဆုံးနတ်သက်နော်။

ရှေ့သူ့အထက်က ငါးဘုံရဲ့ နတ်သက်တွေကိုသိချင်ရင် လေးနဲ့မြှောက်သွားရတယ်။ ဒါက ဗဟုသုတပေါ့။ ကိုးသန်းကို လေးနဲ့မြှောက်ရင် သုံးကုဋေနဲ့ ခြောက်သန်းဖြစ်သွားတယ်။ သုံးကုဋေနဲ့ ခြောက်သန်းသည် တာဝတိံသာနတ်သက် တာဝတိံသာနတ်ပြည်ရောက်ရင် နှစ်ပေါင်း သုံးကုဋေနဲ့ ခြောက်သန်း အသက်ရှည်ပါတယ်။

အဲဒါကို လေးနဲ့ ထပ်မြှောက်လိုက်ရှိရင် တစ်ဆယ့်လေးကုဋေနဲ့ လေးသန်းဖြစ်လိမ့်မယ်။ တစ်ဆယ့်လေးကုဋေနဲ့ လေးသန်းဟာ ယာမာနတ်သက် ဖြစ်သွားတာပေါ့။

အဲဒါကို လေးနဲ့ ထပ်မြှောက်လိုက်ရှိရင် ငါးဆယ့်ခုနစ်ကုဋေနဲ့ အနှစ်ခြောက်သန်း ဖြစ်သွားတယ်။ အဲဒီတုသိတာဘုံ နတ်ပြည်ရဲ့ နတ်သက်။ အခု ဒကာဒကာမတို့စောင့်စား မျှော်လင့်နေသော အရိမေတ္တေယျ ဘုရားရှင်ဟာ အဲဒီတုသိတာ နတ်ဘုံမှာ ရှိပါတယ်။ သူသည် နတ်သက်နဲ့ ငါးဆယ်ခုနစ်ကုဋေ အနှစ်ခြောက်သန်း နေဦးမှာပါ။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါ အဲဒီတုသိတာ နတ်သက်ကိုလေးနဲ့ တစ်ခါထပ်မြှောက်ရင် နှစ်ရာ့သုံးဆယ်ကုဋေနဲ့ လေးသန်းဖြစ်သွားတယ်။ အဲဒါဟာ နိမ္မာနရတိနတ်သက်ပေါ့။ နောက်ဆုံး ဦးဇင်းတို့ ဒကာ/ဒကာမတို့ကို မင်္ဂလာဖိုလ်ဉာဏ်မရအောင် ကာမဂုဏ်တောထဲမှာ မေ့နေအောင် ဒုက္ခပေးတဲ့ မာန်နတ်ကြီးဟာ အထက်ဆုံးနတ်ပြည်မှာ နေတာပါ။ မာန်နတ်ကြီးနေတဲ့ အထက်ဆုံးနတ်ပြည်ဟာ နတ်သက်ကိုးရာနှစ်ဆယ့် တစ်ကုဋေခြောက်သန်း အသက်ရှည်ပါတယ်။''

''အဲဒီတော့မှ တံငါသည်ကြီးက သိတယ်ဗျာ။ ဘာဖြစ်လို့လဲဆိုတော့ ''ဩော် ငါဟာတံငါသည်ပဲ၊ ဘာဖြစ်လို့အပါယ်မကျဘဲ နတ်ပြည်ကို ရောက်ပါလိမ့်လို့''ဒိဗ္ဗစက္ခုနဲ့ ပြန်ကြည့်တော့၊ ဩော် ငါဆွမ်းလောင်းဖူးတဲ့ ရဟန်းက သရဏဂုံဆောက်တည်ပေးတာ ကျေးဇူးများလိုက်တာလို့ သိရှာပါတယ်။

သူချက်ချင်းဆင်းလာပါတယ်။ အဲဒီတော့ သူ့အလောင်းက ရှိတုန်းပေါ့၊ သူက အခုမှ သေခါစပေါ့၊ အဲဒါရဟန်းကို သူရှိခိုးပြီးတော့''

''အရှင်ဘုရား ကျေးဇူးကြီးပါတယ် ဘုရား၊ အရှင်ဘုရား သရဏဂုံ ဆောက်တည်ပေးလို့ တပည့်တော် ငရဲကလွတ်ပြီးတော့ ငရဲမကျတော့ဘဲနဲ့ စတုမဟာရာဇ်နတ်ဘုံ ရောက်ခဲ့တယ်ဘုရား၊ အကယ်၍ တပည့်တော်သည် ငါးပါးသီလလေးပါဆိုပြီး သေမယ်ဆိုရင် ဒီထက်မြင့်တဲ့ဘုံကို ရောက်ဦးမှာတဲ့။ အခု သရဏဂုံလေး ဆိုမိရုံနဲ့ သေသွားလို့ စတုမဟာရာဇ်နတ်ဘုံတင် ကျေနပ်လိုက်ရတာ ဘုရား၊ ဒီလောက် ကျေးဇူးများတဲ့ သရဏဂုံတရားကို ကျန်တဲ့ ဒကာ ဒကာမများလည်း ဟောကြားပေးပါဘုရား''လို့ လျှောက်ထားတယ်။ အခု



www.burmeseclassic.com

www.burmeseclassic.com



တံငါသည်ကြီး နတ်ပြည်မှာ ပျော်ပျော်ကြီးစံစားနေပါပြီနော်''

''ပရိသတ်များ အဲဒါက တစ်ခဏတာ သရဏဂုံ၊ ဘာသရဏဂုံလဲ?''

''တစ်ခဏတာသရဏဂုံပါဘုရား''

''တစ်ခဏတာတည်တဲ့ သရဏဂုံကတောင် ဒီလောက် ကောင်းကျိုးပေးရင် အခု တရားနာပြီးတဲ့ အချိန်ကစပြီး တစ်ဘဝတာ သရဏဂုံ မြဲကြမယ်ဆိုရင် ဒမိဠတံငါသည်ထက်ပိုပြီးတော့ ကောင်းကျိုး တွေ မရနိုင်ဘူးလား?''

''ရနိုင်ပါတယ်ဘုရား''

''သက်သေပြမယ်၊ ဦးဇင်းက အထောက်အထားနဲ့ချည်း ပြောမှာနော်။ သက်သေပြမယ်၊ အဲဒါက အပါဒါန်ပါဠိတော်က လာပါတယ်။ အပါဒါန်ပါဠိတော်က လာတဲ့ မထေရ်ကြီး ဘွဲ့တော်ကတော့ တိသရဏ ဂမနိယမထေရ်၊ မြန်မာလိုဆိုရင် သရဏဂုံသုံးပါးတည်တဲ့ မထေရ်လို့ အဓိပ္ပါယ်ရပါတယ်။ အဲဒီ မထေရ်မြတ် ရဟန္တာကြီးက ဟိုးလွန်ခဲ့တဲ့ ကိုးဆယ့်တစ်ကမ္ဘာက ပွင့်တော်မူခဲ့သော အနောမဒဿီမြတ်စွာဘုရား ရဲ့ သာသနာမှာ စန္ဒဝတီ နေပြည်တော်မှာ မျက်မမြင်မိဘနှစ်ပါးကို လုပ်ကျွေးတဲ့ သားလိမ္မာဖြစ်ခဲ့ပါတယ်။

သူသည် သံဝေဉာဏ်တွေ ရပြီးတော့ ရဟန်းပြုချင်တယ်။ သို့သော် သူ့မိဘကို လုပ်ကျွေးမယ့် တစ်ခြားသားသမီး မရှိဘူး၊ မိဘက မျက်စိမမြင်ရှာတော့ ရဟန်းမဝတ်ရရှာဘူး။ ငါရဟန်းမဝတ်ရရင် လူ့ ဘဝ အကောင်းဆုံးကုသိုလ်တွေ ငါရှာမယ်လို့ စုံစမ်းကြည့်လိုက်တော့ သရဏဂုံတည်တဲ့ ကောင်းကျိုးတွေကို တွေ့သွားတယ်။''



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီမှာတင် အနောမဒဿီမြတ်စွာဘုရား လက်ျာတော်ရံ အရှင် နိသဘမထေရ်ကို ပင့်ပြီးတော့ ယနေ့တောင်ငူပန်းခြံ အောင် သီရိမင်္ဂလာမွေ့ရာရုံကြီး အနီးအနားက ဒကာဒကာမများကဲ့သို့ပေ့ါ၊ ရဟန်း တော်ကို သူပင့်ပြီးတော့ သရဏဂုံနဲ့ ငါးပါးသီလကို ဆောက်တည်တယ်။ အဲဒီ သရဏဂုံကို တစ်ဘဝလုံး မြဲခဲ့တယ်။"

"ဘယ်လိုမြဲခဲ့သလဲ?"

"တစ်ဘဝလုံးမြဲခဲ့ပါတယ်ဘုရား"

"ကြည့် ပရိတ်သတ်တို့၊ တစ်ခဏတာ သရဏဂုံတောင် ဒီလောက်ကောင်းကျိုးများခဲ့ရင် တစ်ဘဝစာ သရဏဂုံဆို ပိုရရမှာပေ့ါ။ အဲဒီတော့ သူရတဲ့ ကောင်းကျိုးတွေကြည့်စမ်း။ ဘယ်လောက်အားကျ စရာ ကောင်းလိုက်သလဲဆိုရင် နံပါတ်တစ်ကောင်းကျိုးက အဲဒီဘဝက စုတေကွယ်လွန်တဲ့အခါ ကိုးဆယ့်တစ်ကမ္ဘာ အပါယ်တံခါးပိတ်တယ်"

"ဟော ဘယ်နှစ်ကမ္ဘာ အပါယ်ခံခါးပိတ်သလဲ?"

"ကိုးဆယ့်တစ်ကမ္ဘာပါဘုရား"

"တခြားကုသိုလ်လား? သရဏဂုံတည်တဲ့ ကုသိုလ်လား?"

"သရဏဂုံတည်တဲ့ ကုသိုလ်ပါဘုရား"

"အေး တခြားဒါန၊ သီလ၊ သမထ ဝိပဿနာဘာဝနာမှ မပါသေး ဘူး။ သရဏဂုံတစ်ခုထဲတင် ဗုဒ္ဓဘာသာဖြစ်ရတဲ့ တန်ဖိုး ဘယ်လောက် ကြီးမားသလဲလို့ ဒါတင်လား? မကသေးဘူးဗျာ။

သူသည် သိကြားမင်းအဖြစ်က အကြိမ်ရှစ်ဆယ်၊ တစ်ကမ္ဘာ လုံးအုပ်ချုပ်ရတဲ့ စကြာမင်းအဖြစ်က ခုနစ်ဆယ့်ငါးကြိမ်၊ ဒါတင်ပဲလား။ မကသေးပါ၊ ရိုးရိုးနိုင်ငံတစ်နိုင်ငံ အုပ်ချုပ်ရတဲ့ ပဒေသရာဇ်၊ ကေရာဇ်



www.burmeseclassic.com

www.burmeseclassic.com



ဘုရင်အဖြစ်ကတော့ အကြိမ်ပေါင်း မရေမတွက်နိုင်အောင် ဖြစ်ခဲ့ရပါတယ်။''

''အဲဒီလို လူမင်းစည်းစိမ်၊ နတ်မင်းစည်းစိမ်တွေ ဘဝပေါင်းများစွာ ခံစားပြီးတဲ့အခါမှာတော့ ဘဒ္ဒကမ္ဘာမှာ ပွင့်တော်မူတဲ့ ဂေါတမမြတ်စွာဘုရား ပွင့်တဲ့သာသနာမှာ သာဝတ္ထိမြို့မှာ မဟာသလ ဆိုတဲ့ သူဌေးမျိုးမှာ သူဌေးသားသွားဖြစ်တယ်တဲ့။ ခုနစ်နှစ်သားအရွယ်ကျတော့ သူနဲ့ရွယ်တူကလေးတွေနဲ့ ပြေးလွှားဆော့ကစားကြရင်း ရဟန္တာကြီး တစ်ပါးသီတင်းသုံးသော ဘုန်းကြီးကျောင်းတစ်ကျောင်းထဲ ရောက်သွား ကြတယ်။

ဒီတော့ ရဟန်းကြီးက အကျိုးအကြောင်းသိတော့ ''လာကြပေါ့ကလေးတွေ'' ဆိုပြီးတော့ သရဏဂုံဆောက်တည်ပေးလိုက်တယ်။ သူတို့ဆောက်တည်ကြပါတယ်။ ကျန်တဲ့ ကလေးတွေက သရဏဂုံတည်တဲ့ကောင်းကျိုးပဲရပါတယ်။ အေးတစ်ဘဝတာ သရဏဂုံတည်ခဲ့တဲ့ ကလေးလေးကတော့ သရဏဂုံအဆုံးမှာတင် ခုနစ်နှစ်သားအရွယ်နဲ့ ကိလေသာ အာသဝေါကုန်ခမ်း ရဟန္တာကြီး ဖြစ်ခဲ့ရပါတယ်။ သူ့ကို သရဏဂုံရဲ့အဆုံးမှာ ရဟန္တာဖြစ်ခဲ့ရလို့ တိသရဏဂမနိယမထေရ်လို့ ခေါ်ပါတယ်''

''ဘယ်လိုခေါ်ပါသလဲ?''

''တိသရဏဂမနိယမထေရ်လို့ ခေါ်ပါတယ်ဘုရား''

''သရဏဂုံအဆုံးမှာ ရဟန္တာဖြစ်တဲ့မထေရ်၊ ဒီတော့ပရိတ်သတ်များရေ''

''ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံသရဏံ



www.burmeseclassic.com

www.burmeseclassic.com



ဂစ္ဆာမိ ဆိုတဲ့ကုသိုလ်ဟာ သာမန်ကာလျှံကာ ကုသိုလ်လား? ရဟန္တာဖြစ်တဲ့အထိ ပို့တဲ့ကုသိုလ်လား?''

''ရဟန္တာဖြစ်တဲ့ကုသိုလ်ပါဘုရား''

''သာမန်ကာလျှံကာ မထင်လိုက်ပါနဲ့၊ ဒီတော့ဒကာ ဒကာမတို့ကို အတွေးအခေါ် တစ်ခုပေးချင်ပါတယ်။ ကိုယ်တိုင်လည်း စဉ်းစားပြီးတော့ ဖြေပါ။ ကိုယ်တိုင်လည်း စဉ်းစားပါ၊ သုံးသပ်ပါ၊ ဒါဆိုဗုဒ္ဓဘာသာအားလုံးတို့သည် သရဏဂုံတစ်ဘဝတာ တည်မြဲဖို့ သိပ်အရေးကြီးပါတယ်။ သရဏဂုံကို အပျက်လည်း မခံပါနဲ့။ အညှိုးလည်း မခံပါနဲ့။ ဒါဆို သရဏဂုံညှိုးတာ သရဏဂုံပျက်တာပေါ့လေ၊ ပျက်တာဦးစားပေးပြီး ပြောကြပါစို့။''

''အဲဒီ မူလ ပဏ္ဏာသအဋ္ဌကထာမှာ သရဏဂုံပျက်ခြင်း နှစ်မျိုး ဖွင့်ပြတယ်။ အဓိက အမျိုးသမီးများ သေသေချာချာ အာရုံစိုက်ပြီးနာစေချင်တယ်။ သရဏဂုံဟာ အများအားဖြင့် အမျိုးသမီးတွေကြောင့် ပျက်တာများတယ်။ ဘာတွေလဲဆိုတော့

သရဏ ဂမနဿဘေဒေါသာ ဝဇ္ဇောစ၊

အနဝဇ္ဇောစ ဒုဝိဓော ဟောတိ

''သရဏဂုံ ပျက်ခြင်းမှာ အပြစ်ရှိသော ပျက်ခြင်းနဲ့ အပြစ်မရှိသော ပျက်ခြင်းလို့ နှစ်မျိုးရှိတယ်။ ဒါဆိုရင် ဘာတွေလဲတဲ့။

အပြစ်ရှိသော ပျက်ခြင်းက ကာလကရိယာ ဘေဒေါအနဝဇ္ဇဘေဒေါတိ ဝုစ္စတိတဲ့။ ပုထုဇဉ် ဗုဒ္ဓဘာသာတစ်ယောက်သေရင် သရဏဂုံပျက်တယ်။ အဲဒါအပြစ်မရှိဘူး။ အကုသိုလ်မဖြစ်ဘူးလို့ မှတ်ပါ။ အဲဒါ ဓမ္မတာလို့ မှတ်ပါ။ ဓမ္မတာပဲ ပုထုဇဉ်သေရင် သရဏဂုံပျက်တာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒါဆို သရဏဂုံမပျက်တာ ဘယ်သူလဲဆိုရင် အရိယာသော ရင် ဘဝဆက်တိုင်း ဘယ်ဘဝမှ သရဏဂုံမပျက်တော့ဘူး။''

''ဒါကြောင့် ဘဝအဆက်ဆက် သရဏဂုံ မပျက်စေချင်ရင် သံသရာတစ်ကြော သရဏဂုံ ပါသွားစေချင်ရင် ဝိပဿနာကို အရိယာ ဖြစ်တဲ့အထိ နာကြားအားထုတ်ဖို့ မလိုဘူးလား?''

''လိုပါတယ်ဘုရား''

''အဲဒါကနောက်မှာဆက်နာကြတာပေါ့ ဟုတ်လား။ ဒီတော့ အပြစ်မရှိသော ပျက်ခြင်းက သေလို့ပျက်တာ၊ ဒါဆိုရင် အပြစ်ရှိသော ပျက်ခြင်းက ဘယ်လိုဟာမျိုးလဲ။ နားထောင် ဒါက ပိုအရေးကြီးတယ်။

အညသတ္ထာရာဒီသု၊ အဟံအတ္တာနံ
ပရိစ္စဇာမီတိ၊ ဝဲ အညသတ္ထာရုဒ္ဒေသဝသေန
သာဝဇ္ဇ ဘေဒေါတိ ဝုစ္စတိတဲ့။''

''အညသတ္ထာရာဒီသု ဘုရား၊ တရား၊ သံဃာမှတစ်ပါး အခြားသော ဘိုးတော်တွေ၊ မယ်တော်တွေ၊ ကိုကြီးကျော်တွေ၊ မနဲလေး တွေ အာညောင်းလိုက်တာ၊ အဲဒီနတ်တွေ အားလုံးတို့၌၊ အဟံ-တပည့် တော် တပည့်တော်မတို့သည် ပရိစ္စဇာမိ အသက်နှင့် ခန္ဓာကိုအပ်နှင်း လှူဒါန်းကိုးကွယ်ပါ၏။ ဣတိ- ဤသို့ အညသတ္ထာရုဒ္ဒေသဝသေန ဘုရားမှတပါး အခြားသော ဘိုးတော်တွေ၊ မယ်တော်တွေ၊ နတ်စိမ်း မျိုးစုံတွေမှာ ဆရာရှာခြင်း အစွမ်းဖြင့်သရဏဂုံပျက်စီးခြင်းမျိုးကိုတော့ အာဝဇ္ဇဘေဒေါတိအပြစ်ရှိသော ပျက်စီးခြင်းလို့မှတ်''

''မှန်လှပါဘုရား''

''အမျိုးသမီးတွေ သေချာနာပါ၊ ခင်ဗျားတို့ကြောင့် အမျိုး



www.burmeseclassic.com

www.burmeseclassic.com



သားတွေပါ သရဏဂုံပျက်ကုန်တာ၊ အဲဒီတော့ ဘုရား၊ တရား၊ သံဃာ မှတစ်ပါး အခြားသော ဘိုးတော်တွေ၊ မယ်တော်တွေ၊ အတွင်းအပြင် ၃၇ မင်းတွေ၊ ကိုကြီးကျော်တွေ၊ မနဲလေးတွေ၊ သူရဿတီတွေ အစုံ ပေါ့ဗျာ။ အဲဒါတွေကို သူတို့ရှေ့မှာ ကျုံ့ကျုံ့လေးထိုင်ပြီး၊ အရှင်ကြီး၊ အရှင်ကောင်းတို့အား ကျွန်ုပ်တို့အသက်နဲ့ခန္ဓာကိုယ် အပ်နှင်းပြီးတော့၊ လှူဒါန်းပြီးတော့ ကိုးကွယ်ပါတယ်လို့ ပြောပြီးတော့ကန်တော့ရင် သရဏဂုံပျက်ရော။ ဘာသရဏဂုံမှ မရှိတော့ဘူး။ သရဏဂုံရဲ့ အကျိုး ကို တစ်စေ့မှ မခံစားရတော့ဘူး။''

''မနစ်နာဘူးလား ပရိသတ်တို့''

''နစ်နာပါတယ်ဘုရား''

''နစ်နာတယ်နော်၊ အမျိုးသမီးတွေ သေချာစဉ်းစား၊ ဒါတွေ က အမျိုးသားတွေ ဒီလောက်မပါဘူး။ အမျိုးသမီးတွေ အဓိကကျ တယ်။ စဉ်းစားပါ ဦးဇင်းက ရှဉ့်လဲလျှောက်သာ၊ ပျားလဲစွဲသာ နည်း လည်းပေးပါ့မယ်။ အစဉ်အဆက်လုပ်လာကြတော့ မစွန့်ရဲကြဘူး။ မစွန့် ရဲလည်း မစွန့်နဲ့ထားလိုက်။ သို့သော် ကိုးကွယ်ခြင်းနဲ့ ပသခြင်းကိုခွဲပါ။ ဘယ်လိုခွဲရမယ်၊ ကိုးကွယ်ခြင်းနဲ့ ပသခြင်းပါ။

ဒီနေ့ တရားမှာ လွတ်ပစ်စရာ တစ်လုံးမှ မပါဘူး။ တစ်လုံး မှ လွတ်မသွားအောင် နားထောင်၊ အနှစ်တွေချည်း ပြောနေတယ်။ ကိုးကွယ်ခြင်းကဘာလဲ? ပသခြင်းကဘာလဲ? ကိုးကွယ်ခြင်းဆိုတာက ဩော်ဒါကို ကိုးကွယ်ခြင်းက ဘဝသံသရာအဆက်ဆက် ဘဝချမ်း သာခြင်းကိုရမှာ၊ အပါယ်ဘေးကင်းမှာဆိုတဲ့ စိတ်နဲ့ ကိုးကွယ်ခြင်းက ဘုရား၊ တရား၊ သံဃာပဲ။ ကျန်တာဘာမှ လာမရောနဲ့။



www.burmeseclassic.com

www.burmeseclassic.com



အေး ကျန်တဲ့ အရုပ်မျိုးစုံ၊ ပုဂ္ဂိုလ်မျိုးစုံ ပသရင်တော့ ပသကောင်းပါတယ်။ ပသတယ်ဆိုတာကတော့ တင်တာ၊ ကျွေးတာကို ဆိုလိုပါတယ်။ တင်ချင်တင်ပါ၊ ကျွေးချင်ကျွေးပါ။ အဲဒါ အပြစ်မရှိပါဘူး။ တိရစ္ဆာန်ကျွေးတောင် ကုသိုလ်ရသေးတာကို။ ပသကောင်းပါတယ်။ သို့သော် ဘုရား၊ တရား၊ သံဃာကဲ့သို့ မကိုးကွယ်ကောင်းဘူး မှတ်ပါ။ ဒါလေးမှတ်ပါ၊ မိမိရဲ့ပြုတဲ့ ကုသိုလ်အမျှပေးပါ။ မေတ္တာပို့ပါ။ သူတို့ အင်မတန် ချစ်ခင်နှစ်သက် စောင့်ရှောက်ပါလိမ့်မယ်။ အဲဒီ ဒကာ၊ ဒကာမများ ကိုးကွယ်တဲ့ ဥရု မင်းတွေ၊ ကိုကြီးကျော်တွေ၊ မနဲ့လေးတွေ၊ အစရှိသော ပုဂ္ဂိုလ်တွေဟာ ဘုံအနေနဲ့ခွဲရင် သူကအပါယ်ဘုံသားဖြစ်ပါတယ်။ ပြိတ္တာဘုံသားတွေပါ။"

"ဘာဘုံသားတွေလဲ"

"ပြိတ္တာအပါယ်ဘုံသားတွေဟာ လူ့ထက်နိမ့်သလား? မြင့်သလား?"

"နိမ့်ပါတယ်ဘုရား"

"နိမ့်တယ် ဒါကြောင့် သူတို့သည် ကိုးကွယ်စရာ ပုဂ္ဂိုလ်တွေ မဟုတ်ပါဘူး၊ သနားစရာ ပုဂ္ဂိုလ်တွေ။"

"ဘာပုဂ္ဂိုလ်တွေလဲ?"

"သနားစရာ ပုဂ္ဂိုလ်တွေပါဘုရား"

"ဒါကြောင့် နေ့စဉ် အမျှပေးပါ၊ မေတ္တာပို့ပါဟုတ်လား။ ဒီလို ပွင့်ပွင့်လင်းလင်းနဲ့ ဦးဇင်း ဖြေပြခဲ့ချင်ပါတယ်။ ဒါဆို ဒကာ ဒကာမများ အတွေးအခေါ်လေး ပြောချင်တာက စကားတစ်ခုရှိတယ်"

"အဝ်ဝင် ပုဆိန်ထွက်၊ ဘာတဲ့"



www.burmeseclassic.com

www.burmeseclassic.com



''အပ်ဝင် ပုဆိန်ထွက်ပါဘုရား''

''မိမိထံအပ်လေးတစ်ချောင်းဝင်လာဖို့အတွက် အပ်လေးတစ်ချောင်းရလာဖို့အတွက်ဟာ မိမိထံက ပုဆိန်တစ်ချောင်း ပြန်ထွက်သွားရင် ရှုံးသလား? မြတ်သလား?''

''ရှုံးပါတယ်ဘုရား''

''ဒါတော့သိသားပဲ၊ ဒါသိရင် ဒါကိုလည်း သိရမယ်။ ဆိုကြစို့ဗျာ၊ တချို့ဒကာ ဒကာမများတို့ရေ မိမိတို့ ယောကျ်ားလောကီမှာ ရာထူးတက်ချင်တယ်၊ တချို့စျေးရောင်းကောင်းချင်တယ်။ အစုံပေါ့လေ ငွေတွေ တိုးချင်တယ်။ နတ်ကတော်များကလာ နတ်ကန္တားလေးသိန်းဖိုး ခုနစ်ရက်ပေးစမ်းပါ။ ရာထူးတန်းတက်ရော၊ ငွေတွေဝင်ရောဆို၊ ရာထူးတက်ချင်၊ ငွေတွေဝင်ချင်တော့ နတ်ကန္တားပွဲလုပ်ရော၊ လုပ်တော့ အဲဒီအချိန်မှာ ဘုရား၊ တရား၊ သံဃာ လုံးဝ သတိမရတော့ဘူး။

နတ်မှ နတ်။

နတ်ကတော် သရဏံ ဂစ္ဆာမိ။

ဘိုးတော် သရဏံ ဂစ္ဆာမိ ဖြစ်သွားရော။

သတိမရ၊ ကပြား သရဏဂုံလို့ခေါ်တယ်၊ ဟုတ်လား။''

''ဘာ သရဏဂုံလဲ?''

''ကပြား သရဏဂုံပါဘုရား''

''သရဏဂုံ အခုမှ ရှင်းလာပြီနော်။ ဘုရား၊ တရား၊ သံဃာလည်း ကိုးကွယ်တယ်။ အဲဒီမဟုတ်တယုတ်တွေလည်း ကိုးကွယ်ပါတယ်ဘုရားလို့ဆိုရင် ရတယ်။ အဲဒီပုဂ္ဂိုလ်ကို ကပြားသရဏဂုံ၊ ကပြား ဗုဒ္ဓဘာသာဝင်တဲ့မှတ်ထား။



www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဘာသာစပ်ကြား၊ မိမစစ် ဖမစစ်ပေါ့ဟုတ်လား။ ဒီလို လည်းမှတ်ထား၊ ပြောမယ်နော်၊ ဦးဇင်းက အတွေးလေးပြောချင်တာ၊ ကဲ ခင်ဗျားတို့နတ်ကန္နားတွေ ပေးပြီဗျာ။ နတ်တွေ၊ ပြိတ္တာဘုံသားတွေ ကိုးကွယ်ပြီး တိုက်တိုက်ဆိုင်ဆိုင် ရာထူးတက်ချင်လည်း တက်လိမ့်မယ်၊ ငွေတွေဝင်လာရင်လည်း ဝင်လာလိမ့်မယ်။ ဝင်လာတယ်ပဲထား လိုက်ပါ၊ ရာထူးတက်တယ်ပဲ ထားလိုက်ပါ။ သရဏဂုံညှိုးနွမ်းခဲ့၊ သရဏဂုံ ပျက်ခဲ့ပြီးတော့၊ အဲဒီ မဟုတ်တရုတ်တွေ ကိုးကွယ်လိုက်တာနဲ့ ဒကာ ဒကာမတို့ တက်လာတဲ့ရာထူး၊ ရလာတဲ့ငွေဟာ ခင်ဗျားတို့ နောက်ဘဝ အထိများ စားရရဲ့လား?၊ မစားရပါဘူးဗျာ။ တစ်ဘဝစာလေးပဲ မဟုတ် လား။

အဲဒါ အပ်တစ်ချောင်း ဝင်တာနဲ့တူတယ်၊ အပ်လေးတစ် ချောင်းဝင်တာနဲ့ ခင်ဗျားတို့ထံမှ ဟော စောစောကတိသရဏဂမနို မထေရ်ကြီး ခံစားရတဲ့ ကောင်းကျိုးနဲ့တူတဲ့ ပုဆိန်တွေ အကုန်ပြန် ထွက်ပြီ။ ကိုးဆယ့်တစ်ကမ္ဘာ အပါယ်တံခါးပိတ်မယ့်ကုသိုလ်တွေ ပြန် ထွက်သွားပြီ၊ မရတော့ဘူး။''

''ရှုံးသလား၊ မြတ်သလား''

''ရှုံးပါတယ်ဘုရား''

''ရှုံးသွားတာ အကြိမ်ရှစ်ဆယ် သိကြားမင်းဖြစ်ရမယ့် ကောင်းကျိုးနဲ့တူတဲ့ ပုဆိန်ကြီးထွက်သွားပြီ။ ခုနစ်ဆယ့်ငါးကြိမ် စကြာ မင်းဖြစ်ရမယ့် ကောင်းကျိုးနဲ့အတူ ပုဆိန်လည်းထွက်သွားပြီ၊ အကြိမ် များစွာ ဘုရင်ဖြစ်ရမယ့် ကောင်းကျိုးနဲ့တူတဲ့ ပုဆိန်လည်း ထွက်သွားပြီ''

''ခုနစ်နှစ်သားအရွယ်၊ ခုနစ်နှစ်သမီးအရွယ်၊ ရဟန္တာဖြစ်



www.burmeseclassic.com

www.burmeseclassic.com



မယ့်ကုသိုလ်နဲ့တူတဲ့ ပုဆိန်လည်း ထွက်သွားပြီ။ မရှိဘူးလား"

"ရှိပါတယ်ဘုရား"

"ဒီနေ့ တရားမနာရတဲ့ အမျိုးသမီးချင်းလည်း ပြန်ဟော ကြပါတော့လား။ အပ်လေးတစ်ချောင်း ဝင်ရုံနှင့် ပုဆိန်ကြီး အထွက် မခံနဲ့။ ကိုယ်ရှိပါတယ်နော်။ ဒါကြောင့် ဘုရား၊ တရား၊ သံဃာ အစိက ထား ကိုးကွယ်ကြ။ ဒီလိုကိုးကွယ်ရင် ကောင်းကျိုးတွေ အများကြီး ရလာလိမ့်မယ်။ ဘာကောင်းကျိုးရလာမှာလဲ။ စောစောက ပြောခဲ့တယ် လေ။"

"သရဏဂုံတည်တဲ့ပုဂ္ဂိုလ်တွေ ပစ္စုပ္ပန်မှာ ဘေးဆိုးတွေကင်း တယ်၊ ကြောက်ခြင်း၊ လန့်ခြင်းလည်း ပျောက်သွားတယ်။ နောက် ဒုက္ခမျိုးစုံလည်း ကင်းလွတ်တယ်။ အပါယ်ဘေးကလည်း လွတ်တယ်။ စိတ်ရဲ့ ညစ်နွမ်းမှု မှန်သမျှကိုလည်း ပယ်ဖျောက်ပေးနိုင်တယ်လို့ အကျိုး ငါးပါးဖွင့်မပြခဲ့ဘူးလား"

"ဖွင့်ပြခဲ့ပါတယ်ဘုရား"

"ဖွင့်ပြခဲ့တယ်၊ ကဲ အခုကြည့် ကောင်းကျိုးရသွားလိမ့်မယ်၊ ကောင်းကျိုးက မကုန်သေးဘူးဗျာ။ ပြောဦးမှာအားကျစရာ ယောဂီ တို့တတွေ၊ ဟိုဒကာမကြီးတွေပေါ့။"

"ဈေးဝယ်တဲ့အခါ အဆစ်မတောင်းဘူးလား"

"တောင်းပါတယ်ဘုရား"

"တောင်းတယ်၊ အခုသရဏဂုံတည်ရင်လည်း အဆစ် ကောင်းကျိုး ရှစ်မျိုးထပ်ရတယ်။ နားထောင်နော်။"

"အဆစ်ကောင်းကျိုး၊ ဘာကောင်းကျိုးလဲ"



www.burmeseclassic.com

www.burmeseclassic.com



''အဆစ်ကောင်းကျိုးပါဘုရား''

''အဆစ်ရသေးတယ်ဗျ။ အဲဒီအဆစ်က လိုက်ဆိုစမ်းပါ။ အပါဒါန်ပါဠိတော်မှာ ဖွင့်ထားပါတယ်။ လင်္ကာလေးဦးဖင်း ကိုယ်တိုင် ရေးထားတယ်။ ဆိုကြည့်–

**သရဏဂုံတည်သူ၊ များဖိုလ်လူ၊ အတူရမည်မှာ ပူဇော် ခံခြင်း၊ ဉာဏ်ထက်ပြင်း၊ အလျှင်းအလိုပါနှစ်သက်ချစ်ခြင်း၊ ရွှေအဆင်း၊ မရှင်းတူလေပါ၊ ကျော်စောထင်ရှား၊ စည်းစိမ်အား များပြားခံစားရာ''**

''ကဲ အဓိပ္ပာယ်လေးနားထောင်ကြ၊ သရဏဂုံတည်တဲ့ ပုဂ္ဂိုလ် ဟာ ဖြစ်ရာဘဝမှာ ကောင်းကျိုးရှစ်မျိုး အဆစ်ရပါလိမ့်မယ်တဲ့။ အပူ ဇော်ခံခြင်းဖြစ်ရာဘဝမှာ အများရဲ့အပူဇော်ခံရပါတယ်တဲ့။ ဘယ်ဘဝ ရောက်ရောက် ဉာဏ်ထက်ပြီး ဉာဏ်ကောင်းပါတယ်တဲ့။''

''ဉာဏ်မကောင်းချင်ဘူးလား''

''ကောင်းချင်ပါတယ်ဘုရား''

''ဒါဆို သရဏဂုံမြဲကြတော့။ ဉာဏ်ကောင်းလိမ့်မယ်။ ဉာဏ် ကောင်းတဲ့ပုဂ္ဂိုလ်လည်းရှားတယ်။ ပရိသတ်တို့ လူပုဂ္ဂိုလ်အသာထား၊ အခုရဟန်းပုဂ္ဂိုလ် မြန်မာပြည်မှာ ရဟန်းသံဃာပေါင်း လေးသိန်းကျော် လောက်ရှိတယ်။ အဲဒီလေးသိန်းကျော်ထဲမှာ တိပိဋကဆောင်နိုင်တဲ့ ရဟန်းဟာ ၁၂ ပါးပဲရှိသေးတယ်။''

''ဘယ်နှစ်ပါးလဲ''

''၁၂ ပါးပဲ ရှိပါသေးတယ်ဘုရား''

''ဉာဏ်ကောင်းတဲ့ပုဂ္ဂိုလ် မရှားဘူးလား''



www.burmeseclassic.com

www.burmeseclassic.com



"ရှားပါတယ်ဘုရား"

"တိပိဋကပုဂ္ဂိုလ်များကို ပရိသတ်များ ကြည်ညိုတတ်အောင် နည်းနည်းပြောပြမယ်။ အခုလို သိသွားရင်ပိုပြီး ကြည်ညိုသွားမယ်၊ ပိဋကတ်သုံးပုံအောင်ဖို့အတွက် အဲဒီဆရာတော်များဟာ အခုလို နှစ်လက်မလောက်ထူတဲ့ ကျမ်းစာအုပ်ပေါင်း (၂၀) အာဂုံပြန်ရတယ်။ အလွတ်ပြန်ရတယ်။ ပေယျာလတောင် မထိုးရဘူး။ အဲလိုအစအဆုံး ပြန်နိုင်လည်း မအောင်သေးဘူး။ အဲဒါ တိပိဋကဓရလို့ပဲခေါ်တယ်။ ကောဝိဒ မဟုတ်သေးဘူး။ အောင်တယ်မသတ်မှတ်သေးဘူး။ ဒါအာဂုံ ပဲပြီးသေးတယ်။

တစ်ခါ ရေးဖြေလာသေးတယ်။ ရေးဖြေလည်း အဲဒီလို နှစ်လက်မလောက်ထူသော အဋ္ဌကထာ၊ ဋီကာ၊ အနု၊ မဓု၊ ယောဇနာ၊ ဂဏ္ဌိ၊ နိဿယျ မြန်မာပြန်ကျမ်းပေါင်းတစ်ထောင် နီးပါးရှိတယ်။ အုပ်ရေပေါင်း ၁၀၀၀ ရှိတဲ့အဓိပ္ပါယ်တွေကို ဦးနှောက်ထဲ နှစ်ပေါင်းများစွာ ရိုက်ထည့်ပြီးမှ တစ်ဘာသာဖြေရင် အနည်းဆုံး (၇၀) ရမှ အောင်တယ်။ ဆယ်တန်းဖြေသလို အမှတ် (၄၀) နဲ့ မအောင်ဘူး။ လာမရှုတ်နဲ့မရဘူး။ အဲဒီလောက်ဉာဏ်ကလေးနဲ့။ ဂုဏ်ထူးဆိုရင် (၈၀) ကျော် (၉၀) မှ ဂုဏ်ထူးရပါတယ်။ အဲလို ရေးဖြေပါအောင်မှ တိပိဋကဓရ၊ တိပိဋကကောဝိဒ ဆိုတဲ့ ဘွဲ့တံဆိပ်ဆွတ်ခူးပါတယ်။

"အဲဒါ မြန်မာပြည်တစ်ပြည်လုံးမှာ ဘယ်နှစ်ပါးလဲ"

"ဆယ့်နှစ်ပါးပါဘုရား"

"ကိုင်း အဲဒီပုဂ္ဂိုလ်များမှတ်ထား ဘဝအဆက်ဆက်က သရဏဂုံတည်ခဲ့လို့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာတည်ခဲ့လို့"

"သရဏဂုံတည်ခဲ့လို့ပါဘုရား"

"ဒါကြောင့် ဘဝဆက်တိုင်း ဉာဏ်ကောင်းချင်ရင် ဘာတည် ရမယ်။ သရဏဂုံတည်ရမယ်။ ဒါကြောင့် အပူဇော်ခံခြင်း၊ ဉာဏ်ထက် မြင်၊ အလျှင်းအလိုပါ။

တတိယမြောက် ကောင်းကျိုးက အဆစ်ရမယ့် ကောင်းကျိုး က သရဏဂုံတည်တဲ့ပုဂ္ဂိုလ်အတွက် ဖြစ်ရာဘဝမှာ သူ့အလိုကို အားလုံး က လိုက်ရပါတယ်။ နှစ်သက်ချစ်ခြင်း၊ ဖြစ်ရာဘဝမှာ ဘုံပုဂ္ဂိုလ်တွေ သူ့ကို ချစ်ခင်ကြတယ်၊ နှစ်သက်ကြတယ်။ ရွှေအဆင်း၊ ရွှေအဆင်းလို လှပကြတယ်။ ခြောက်မျိုး ကျော်ဇောထင်ရှား၊ နံပါတ်ခုနစ်က ကျော်ဇော တယ် ထင်ရှားတယ်တဲ့။ နောက်စည်းစိမ်အားပေါ်များ၊ ခံစားရတယ်တဲ့။ အဲဒီကောင်းကျိုး ရှစ်မျိုးဟာ ဖြစ်ရာဘဝမှာ သရဏဂုံကြောင့် ရမယ့် အဆစ်ရမယ့်ကောင်းကျိုး ရှစ်မျိုးပါပဲ။

ဒါလေးတွေကို ပရိတ်သတ်များအားလုံး အပြည့်အဝရစေ ချင်ပါတယ်။ ဒါကြောင့် သရဏဂုံကို အပျက်လည်းမခံနဲ့ အညှိုးနွမ်း လည်း မခံကြပါနဲ့လို့ လေးလေးနက်နက်သတိပေးပါတယ်နော်။ သတိ ပေးပါတယ်။ ဒီနေရာမှာတော့ ဦးဇင်းတို့က ပြတ်ပြတ်သားသား ဟော နေရတော့ ဒကာဒကာမတို့ကို ဆရာနှစ်မျိုးခွဲပြဦးမယ်။ ဆရာနှစ်မျိုး ရှိတယ်။ မိမိ ဒကာ ဒကာမတို့အား အမုန်းခံပြီးချစ်တဲ့ ဆရာက တစ်ယောက်၊ အမုန်းမခံပဲ ချစ်တဲ့ဆရာက တစ်ယောက် နှစ်ယောက် ရှိတယ်။ ဦးဇင်းတို့ကိုယ်တွေ့နဲ့ ယှဉ်ပြီးပြောမယ်၊ ဦးဇင်းတို့က အခြေ ပြုစာသင်သားဘဝတုန်းက ဆရာနှစ်မျိုးလုံးတွေ့ခဲ့ပါတယ်။ ပထမဆရာ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ဒုတိယဆရာလို့ပဲ သတ်မှတ်ကြပါစို့။

ပထမဆရာက တပည့်တွေအပေါ် အမုန်းခံပြီး မချစ်ပါဘူး။ သူစာသင်တယ်။ ဦးဇင်းတို့ စာသွားတက်တယ်၊ ငိုက်နေလည်း ဘာမှ မပြောဘူး။ အိပ်ပျော်နေလည်း ဘာမှမပြောဘူး။ စာချပြီးရင် ထသွား တာပဲ။ စာမရလည်း မပြောဘူး၊ ရလည်းမပြောဘူး။ အဲဒါကို ငယ်ငယ် တုန်းက ဦးဇင်းတို့က သိပ်ချစ်ကြတယ်။ ဟာဆရာ ငါ့တို့ကို ငေါက် လည်း မငေါက်ဘူး၊ ရိုက်လည်း မရိုက်ဘူး၊ ဘာမှ မပြောဘူးကွ ဆိုပြီးတော့ တော်တော်ချစ်စရာကောင်းတယ်လို့ ထင်ကြတယ်။

ဒုတိယဆရာက စာတက်လို့ငိုက်ရင် ခေါင်းခေါက်တာပဲ။ မငိုက်ရဘူး၊ နေမကောင်းဘူး အကြောင်းပြ၊ စာမတက်ချင်ဘူးဆို မရဘူး သွားခေါ်၊ စောင်ကြီးခြုံပြီး စာချတဲ့အနားမှာ ထိုင်ပြီး နားထောင် ခိုင်းတယ်။ စာနောက်ကျမှာစိုးလို့။ အဲဒီဆရာကိုတော့ အရင်တုန်းက မုန်းမိတယ်။ နေရာတကာပါတယ်။ ဖျားတာတောင် ကောင်းကောင်း မနေရဘူးဆိုပြီးတော့ ဦးဇင်းတို့ အသက်ကြီးပြီး ရင့်ကျက်လာတော့ ဟော ဒုတိယဆရာက ဒါ အမုန်းခံချစ်တယ်လို့ခေါ်တယ်။

ဘယ်လိုဆရာပါလိမ့်။ အမုန်းခံပြီး ချစ်တာပေါ့။ တပည့်တွေ ရဲ့ အမုန်းကိုခံပြီးချစ်လိုက်တာ၊ တပည့်တွေငါ့ကိုမုန်းရင် မုန်းပါစေ၊ သူတို့ပညာတတ်ဖို့ အရေးကြီးတယ်ဆိုပြီးတော့ အမုန်းခံပြီးတော့ ချစ် ရှာတာပါ။ ပထမဆရာက အမုန်းမခံဘူး။ သူ့ဟာသူ တတ်တတ် မတတ် တတ် ငါ့မမုန်းပြီးရောဆိုပြီး ထားလိုက်တာ။ အခု ဒကာ/ဒကာမကြီး တွေကိုပေါ့။ ကိုးကွယ်မှုတွေ မှားပြီးတော့ သရဏဂုံရဲ့ ကောင်းကျိုး တွေကို မရမှာစိုးလို့ကြည့်စမ်း။''



www.burmeseclassic.com

www.burmeseclassic.com



"ဦးဇင်းတို့က ပွင့်ပွင့်လင်းလင်းနဲ့ မဆုံးမဘူးလား"

"ဆုံးမပါတယ်ဘုရား"

"အဲဒီတော့ ဒကာ/ဒကာမများ အသိဉာဏ်မကြီးရင့်ခင် ဦးဇင်းကို မုန်းရင် မုန်းကြပါစေ။ ဟုတ်လား။ အသိဉာဏ်ရင့်တဲ့အခါ ဦးဇင်းကို ချစ်လာလိမ့်မယ်။ ဒီတော့မှမန္တလေးကျောင်းဆရာတော်ဟာ ငါတို့အပေါ် အမုန်းခံပြီး ချစ်တာပါလားလို့ အသိဉာဏ်ကြီးလာတဲ့ အခါ သိလာလိမ့်မယ်။ ဒီလိုတရားက ဘုန်းကြီးတိုင်း ဟောမှာမဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ မုန်းမှာကြောက်လို့ ဟုတ်လား။ ဦးဇင်းတို့က မကြောက်ဘူး။ ဒကာ ဒကာမတို့ အကျိုးရရင်ပြီးရော။ ကိုယ့်ဘယ်လောက်မုန်းမုန်း ဆွမ်းမပို့ချင်လည်းနေဟုတ်လား။ သပိတ်ရှိတယ်၊ ဆွမ်းခံစားမှာ။ ဒါကို အမုန်းခံချစ်တဲ့ ဆရာလို့ သိစေချင်ပါတယ်။

ဒီတော့ ဒါဆို ဆက်ပြီးတော့အမုန်းခံကြပါစို့ဟုတ်လား။ ဆက်ပြီးတော့ အမုန်းခံပြီးတော့ ဟောရမယ့်တရားကတော့ တကယ့်ဖြစ်ရပ်ပါပဲ။ ကြိုတင်ပြီးတော့ မေတ္တာရပ်ခံချင်တာကတော့ အခုပြောမယ့် ဇာတ်လမ်းက အင်မတန်အံ့သြစရာတွေ ဆန်းကြယ်တာတွေ ပါလာလိမ့်မယ်။

ဒီလို ပါလာတဲ့အခါ၊ ဟာ မန္တလေးကျောင်းဆရာတော်က ငါတို့ ဒကာဒကာမတွေကို ပုံပြင် ဒဏ္ဍာရီတစ်ပုဒ်ကို စိတ်ဝင်စားစရာ ပြောသွားတယ်လို့ မထင်မှတ်စေချင်ပါဘူး။ တကယ့်ဖြစ်ရပ်ကို မှတ်တမ်းတင်ခဲ့တဲ့ ပုဂ္ဂိုလ်ဟာ မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင်တစ်ယောက် မဟုတ်ပါဘူး။ အင်္ဂလိပ်လူမျိုး ခရစ်ယာန်ဘာသာဝင် တစ်ယောက်ဖြစ်ပါတယ်။ သူရဲ့ အမည်ကို ဂျီအီးဟာဘေးလို့ ခေါ်ပါတယ်။ အဲဒီ ဂျီအီး



www.burmeseclassic.com

www.burmeseclassic.com



ဟာဘေးဆိုတဲ့ စာရေးဆရာတစ်ယောက်က မြန်မာ့သမိုင်းအကျဉ်း ကျမ်းမှာ ယခု ဦးဇင်းပြောမယ့်အရာကို အင်္ဂလိပ်လိုထည့်ရေးခဲ့ပါတယ်။ ဒါကို အခြားပုဂ္ဂိုလ်တွေ မြန်မာလိုပြန်ပြီး စာအုပ်ထွက်လာတယ်။ ဒါအခု ဦးဇင်းသိလို့ တစ်ဆင့်ပြန်ပြောပြပေးပါမယ်။

အဲဒီတော့ ခုနှစ် သက္ကရာဇ် အေဒီ ၁၀၄၃ ခုနှစ်ဝန်းကျင် တုန်းက ရန်ကုန်တို့၊ ပဲခူးတို့၊ မွန်ပြည်နယ်ဆိုတာ မရှိသေးဘူး။ အဲဒီ တော့ ရန်ကုန်၊ ပဲခူး၊ မွန်ပြည်နယ် ဒေသအားလုံးကို ဟံသာဝတီ နေပြည်တော်လို့ ခေါ်တယ်။ ဘယ်လိုခေါ်တယ်၊ ဟံသာဝတီလို့ခေါ်တယ်။ မွန်လူမျိုးတွေချည်းပဲ နေကြပါတယ်။ ဗုဒ္ဓဘာသာတွေပဲ။ အုပ်ချုပ်တဲ့ ဘုရင်ကြီးကို တိဿလို့ခေါ်တယ်၊ ဖြစ်ချင်တော့ မင်းကြီးနဲ့တကွ တိုင်းသူ ပြည်သားအားလုံးဟာ ဗုဒ္ဓဘာသာတွေပါပဲ။

မင်းကြီးရဲ့ဘေးမှာ ခစားကြတဲ့ မှူးမတ် သေနာပတိတွေက တော့ ဗြဟ္မဏဘာသာဝင်တွေဖြစ်နေတယ်။''

''ဘာသာတူရဲ့လား''

''မတူပါဘုရား''

''သူတို့က ဗြဟ္မာကိုးကွယ်တာ၊ သူတို့ဘာသာထဲဝင်ဖို့ ဘုရင် ကြီးကို နှေ့စဉ်ဆွဲဆောင်တယ်။ အရှင်မင်းကြီး၊ အရှင်မင်းကြီးတို့ ဗုဒ္ဓ ဘာသာဆင်းတုတော်တွေက ကျက်သရေမရှိဘူး။ ဗုဒ္ဓဘုရားဆိုတာ ပရိနိဗ္ဗာန်စံသွားပြီ၊ သေသွားပြီးသား၊ သေပြီးသူရဲ့ရုပ်တုဆိုတော့ ဒါ အသုဘကြီးပဲ၊ ဒါကြောင့် အကျိုးမရှိပါဘူး။ ကျွန်ုပ်တို့ကိုးကွယ်တာ ဗြဟ္မဏဘာသာပဲ။ ဗြဟ္မာက ယခု သက်ရှိထင်ရှားရှိတယ်။

အဝိဇ္ဇာဏက အသက်မရှိသောပုဂ္ဂိုလ်ကို ကိုးကွယ်မယ့်



www.burmeseclassic.com

www.burmeseclassic.com



အစား အသက်ရှိသော ပြဟ္မာကို ကိုးကွယ်စမ်းပါလို့ နေ့တိုင်းစည်း ရုံးတယ်။ စည်းရုံးတော့ ရက်ကြာလာတဲ့အခါ တိဿမင်းကြီးပါသွား တယ်ဗျာ။''

''ဘာဖြစ်သွားတယ်''

''ပါသွားတယ်''

''အဲဒီတော့ ဗုဒ္ဓဘာသာစွန့်လိုက်ပြီး ပြဟ္မဏဘာသာထဲ ဝင် လိုက်တယ်။ သူလည်း ပြဟ္မဏဘာသာဝင်ရောတစ်ပြည်လုံး ဒုက္ခရောက် ပြီ။ ဥပဒေတွေ ထုတ်ပြန်တော့တာပဲ။ ယနေ့ကစ ဟံသာဝတီတစ်ပြည် လုံး ဗုဒ္ဓဘာသာမကိုးကွယ်ရ။ ဗုဒ္ဓဆင်းတုတော်တွေကို မီးရှို့ပစ်ရမယ်။ ရေမျှောပစ်ရမယ်၊ စွန့်ပစ်ကြရမယ်။ လိုက်ရှာလို့ ဗုဒ္ဓဆင်းတုတော်တွေ တွေ့ရင် မသေမချင်း ဆင်နင်းပြီးသတ်စေလို့ အမိန့်ချမှတ်လိုက်တယ်။ ဒီတော့ ဒီနေရာမှာ ဒီတရားရဲ့အမည်လေးကို ရှင်းကြရအောင်။

မိရိုးဖလာဗုဒ္ဓဘာသာဝင်နဲ့ တကယ့်ဗုဒ္ဓဘာသာဝင် ဒီနှစ်မျိုး ဘယ်လို ထူးခြားသလဲ နားထောင်။ မိရိုးဖလာ ဗုဒ္ဓဘာသာဝင်ဆိုတာ မိမိရဲ့အဖေ၊ အမေ၊ အဖိုး၊ အဖွားတွေ ဗုဒ္ဓဘာသာဝင်လို့ မိမိလည်း ဗုဒ္ဓဘာသာဝင်လိုက်တာ။ ဘုရား၊ တရား၊ သံဃာအကြောင်း နကန်း တစ်လုံးမသိဘူး။ သိလည်းမသိချင်ဘူး။ အခုလို ဘုရား၊ တရား၊ သံဃာနဲ့ ပတ်သက်တဲ့ တရားပွဲလည်း လုံးဝမလာဘူး။ ဒကာကြီးတွေ ပိုဆိုးတယ်။ ဒကာကြီးများဟာ တရားနာရမှာ သိပ်ပျင်းတယ်။ မနာ ကြဘူး။

တစ်ခါ ဘုရား၊ တရား၊ သံဃာနဲ့ ပတ်သက်တဲ့ စာအုပ်တွေ လုံးဝ မဖတ်ဘူး။ ဘာသာရေးစာအုပ်လည်း မကိုင်ကြည့်ဘူး။ ဘုန်း



www.burmeseclassic.com

www.burmeseclassic.com



ကြီးလည်း မဆည်းကပ်ဘူး။ အဲလိုဘာမှ မသိဘဲဖြစ်နေတဲ့သူတွေကို တော့ မှတ်လိုက်ပေါ့။ အဲဒါတွေကို မိရိုးဖလာ ဗုဒ္ဓဘာသာဝင်လို့။

တကယ့် ဗုဒ္ဓဘာသာက ဘာလဲဆိုရင် ငါ့အဘိုးအဘွား အဖေ အမေ ဗုဒ္ဓဘာသာဝင်ဖြစ်လို့၊ ငါဗုဒ္ဓဘာသာဝင်ဆိုတာ သဘာဝမကျ ဘူး။ လောကမှာ ဈေးထဲသွားပြီးနှစ်ရာ၊ သုံးရာပေးပြီး သောက်ရေ အိုး တစ်လုံးကို ဝယ်ရင်တောင်မှ စစ်ဆေးပြီးမှ ဝယ်ရတယ်''

''မစစ်ဆေးဘူးလား''

''စစ်ဆေးပါတယ်ဘုရား''

''အကွဲများ ပါသလား၊ အပေါက်များ ပါသလား။ အနာများ ပါသလားဟဲ့လို့ ခေါက်ကြည့်၊ ရေထည့်ကြည့်ရတယ်။ အဲဒါ နှစ်ရာ သုံးရာ တန်ဖိုးရှိတဲ့ အိုးလေးတစ်လုံးဝယ်တာ။ ဒီတော့ နှစ်ရာ သုံး ရာတန်အိုးလေးတစ်လုံးတောင် စစ်ဆေးပြီးတော့ဝယ်သေးတာ သံသရာ တစ်လျှောက် ကိုးကွယ်မယ့် ဘာသာကိုတော့ ငါသေသေချာချာ စစ် ဆေးပြီးမှ ကိုးကွယ်မယ်လို့ တကယ့်ဗုဒ္ဓဘာသာက အဲဒီစိတ်ရှိတယ်။ ဒါကြောင့် သူဟာ ရမ်းမကိုးကွယ်ပါဘူး။ ဒါကြောင့် တရားပွဲတွေဆို သူလိုက်နာကြည့်တယ်။ လေ့လာတယ်။ ဘာသာရေးစာအုပ်ဆိုလည်း ရသလောက်သူဖတ်ကြည့်တယ်။ လေ့လာတယ်။ မသိတာရှိရင် ရဟန်း သံဃာတွေကို မေးတယ်။ မြန်းတယ်၊ ဒီတော့ တကယ်သိသွားတယ်။ အဲဒီမှာတင် ရတနာသုံးပါးကို နှလုံးသားမှာ လှိုက်လှိုက်လှဲလှဲ တကယ် ကြည်ညိုသွားတယ်။ ဒါဟာ တကယ့်ဗုဒ္ဓဘာသာဝင်ပါ။''

''ဘာပါလိမ့်''

''တကယ့်ဗုဒ္ဓဘာသာဝင်ပါဘုရား''



www.burmeseclassic.com

www.burmeseclassic.com



"ဟော မိရိုးဖလာဗုဒ္ဓဘာသာနဲ့ တကယ့်ဗုဒ္ဓဘာသာ ကွဲသွားပြီလား"

"ကွဲသွားပါပြီဘုရား"

"အဲဒီလိုခွဲရင် မြန်မာပြည်မှာ ဘယ်ဟာတွေများသတုန်း"

"မိရိုးဖလာဗုဒ္ဓဘာသာဝင်က များပါတယ်ဘုရား"

"များပါတယ်နော်၊ ဒါကြောင့် ဒီနေ့တရားဟာ အရေးကြီးဆုံးတရားပါ။ ဒီတော့ သာမန်အချိန်တော့ မိရိုးဖလာဗုဒ္ဓဘာသာဝင်နဲ့ တကယ့်ဗုဒ္ဓဘာသာဝင်ဟာ အတူတူပါပဲ။ ဘုရားသွား ကျောင်းတက်သားရှင်ပြုတာပါပဲ။ အားလုံးဘယ်မှာ ကွဲပြားသွားသလဲဆိုရင် ဘာသာခြားနဲ့ အိမ်ထောင်ကျရင် ကွဲပြားသွားပြီ။ မိရိုးဖလာ ဗုဒ္ဓဘာသာဝင်က နဂိုကတည်းက ရတနာသုံးပါးကို မသိဘူး။ ဘာမှတန်ဖိုးမထားဘူး။ ဒီတော့ ဘာသာခြားနောက်ပါပြီးတော့ ဗုဒ္ဓဘာသာကို စွန့်သွားတယ်။

တကယ့်ဗုဒ္ဓဘာသာက ဘယ်တော့မှ မစွန့်ဘူး။ အဲဒီလို မှတ်လိုက်ပါ။ တစ်ခါ တခြားဘာသာက ယောက်ျားကို မိန်းမပြပြီးတော့ ဆွဲဆောင်တယ်။ မိန်းမဆိုရင် ယောက်ျားပြပြီးတော့ ဆွဲဆောင်တယ်။ စည်းစိမ်ဥစ္စာ၊ ရာထူးတွေနဲ့ ဆွဲဆောင်တယ်။ အဲဒီလို ဆွဲဆောင်တဲ့အခါမှာ မိရိုးဖလာ ဗုဒ္ဓဘာသာက ကောက်ကောက်ပါအောင် ပါသွားတယ်။ တကယ့်ဗုဒ္ဓဘာသာက မပါဘူး။ ဒီလို ထူးခြားတယ်။ ဒီနေ့ဟောတဲ့တရားဟာ တကယ့်ဗုဒ္ဓဘာသာဝင်တို့ ကျင့်စဉ်တရားလို့ သိကြစမ်းပါ။ တကယ့်ဗုဒ္ဓဘာသာဖြစ်အောင် ဟောတဲ့တရား။ ဒီတော့ ပရိသတ်များကိုယ်တိုင် ဖြေကြည့်စမ်းပါ။"

"တိဿဘုရင်ကြီးသည် ဗုဒ္ဓဘာသာစွန့်ပြီးတော့ ဖြဟ္မဏ



www.burmeseclassic.com

www.burmeseclassic.com



ဘာသာထဲဝင်သွားတယ်ဆိုတော့ သူသည် မိရိုးဖလာ ဗုဒ္ဓဘာသာလား? တကယ့်ဗုဒ္ဓဘာသာလား?''

''မိရိုးဖလာဗုဒ္ဓဘာသာဝင်ပါဘုရား''

''အမှန်ပဲ၊ ဒါကြောင့်သူဟာ စွန့်သွားတာ။ ဗုဒ္ဓဘာသာ ကိုးကွယ်တာ၊ နကန်းတစ်လုံး မသိဘူး။ ဒါကြောင့် စွန့်လိုက်တာ။ အဲဒီတော့ ကြည့် တိုင်းသူပြည်သားအားလုံး ဘယ်သူမှ မကိုးကွယ်ရဖို့ အမိန့်ထုတ်ပြန်တော့ တိုင်းသူပြည်သားတွေလည်း ကြောက်လန့်ပြီး ဆင်းတုတော်တွေစွန့်ပြီး မီးရှို့ပစ်ရတယ်။ တချို့လည်း ရေထဲမျှောကြ၊ တချို့လည်း တောထဲစွန့်ကြပေါ့။ အဲဒီအချိန်မှာ ဟံသာဝတီမြို့ထဲမှာ တကယ့် ဗုဒ္ဓဘာသာဝင်တစ်ယောက် ရှိနေပါတယ်။ သူကတော့ တလထော်ပါ''

''ဘယ်သူလဲ''

''တလထော်ပါဘုရား''

''သူက တကယ့်ဗုဒ္ဓဘာသာ၊ ကံကံ၏အကျိုးကို ယုံကြည်ပြီး သား။ ဘုရား၊ တရား၊ သံဃာရဲ့ တန်ခိုးအာနုဘော်ကို လက်ခံပြီး သား။ ဒီတော့ သူ့ရဲ့အဖေနဲ့ အမေက ဆင်းတုတော်တွေ သွားစွန့်တော့ သူက အဖေနဲ့ အမေပေး၊ အဖေနဲ့ အမေ မကိုးကွယ်ရင်နေ၊ သမီး ကိုးကွယ်မယ်။ တလထော်တဲ့၊ မြန်မာပြန်ရင် တရားသခင်မလို့ အဓိပ္ပါယ် ရပါတယ်။

အဖေအမေက မကိုးကွယ်နဲ့ ကိုးကွယ်ရင် တိသဘုရင် ကြီးကဆင်နင်းပြီးသတ်မယ်လို့ပြောတယ်။ အဖေနဲ့ အမေသမီးက ဘုရား၊ တရား၊ သံဃာ ကိုးကွယ်လို့ သတ်ရင်ဆယ်ခါပြန်သေရဲတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘုရား၊ တရား၊ သံဃာကိုးကွယ်တာဟာ ကုသိုလ်တရားပဲဖြစ်ပါတယ်။ အဖေနဲ့ အမေကုသိုလ်တရားဆိုတာ ကောင်းကျိုးပဲပေးပါတယ်။ မကောင်းကျိုး မပေးပါဘူး။ ညည်းဟာသာညည်း ကိုးကွယ်ရင်ကိုးကွယ်ပါကွယ်၊ ငါတို့နဲ့ မဆိုင်ဘူးဆိုပြီး မသိချင်ယောင်ဆောင်နေလိုက်တယ်ပေါ့။

ဒီတော့ သူ့အခန်းထဲမှာ ဗုဒ္ဓဆင်းတုတော်တွေကို ကိုးကွယ်ထားတယ်။ အဲဒီတော့ ဟံသာဝတီ တစ်ပြည်လုံးမှာ ဗုဒ္ဓဘာသာကိုးကွယ်တာဆိုလို့ တလထော်တစ်ယောက်ပဲရှိတော့တယ်။ ဘယ်သူမှ မရှိတော့ဘူး။ တစ်နေ့တော့ သူ့ရဲ့မိတ်ဆွေမများနဲ့ မြစ်ထဲရေချိုးသွားတော့ ဟိုးမြစ်ညာက ဗုဒ္ဓဆင်းတုတော်ရုစ်ဆူ ရေချထားတဲ့ သစ်သားဆင်းတုတော်တွေ အခုလိုပဲကြောက်လို့ မျှောလိုက်တာပေါ့။ သူက လိုက်ဆယ်တယ်။ သူငယ်ချင်းမတွေကိုလည်း သူကပြောတယ်။ ငါ့ဆယ်ပေးကြပါလို့။ သူငယ်ချင်းမတွေကပြောတယ်။ တလထော် မဆယ်နဲ့ တိဿဘုရင်ကြီးက ဆင်နင်းသတ်မယ်တဲ့။ မကိုးကွယ်ရဘူးလို့ ပြောတယ်တဲ့။ သတ်ပါစေ၊ ငါအသတ်ခံရမှာ နင်တို့ အသတ်မခံရဘူး။ငါက ဘုရား၊ တရား၊ သံဃာကိုးကွယ်လို့ သတ်ရင်သတ်ပါစေ၊ ငါအသေခံရဲတယ်။ အခု တရားနာတဲ့ ယောဂီများ အခုလိုစိတ်မျိုး ရှိကြစေချင်တယ်နော်၊ ရှိကြစေချင်တယ်၊ မှတ်ထား။

သံယုတ်ပါဠိတော်မှာ သောတာပန်ရဲ့ အင်္ဂါလေးချက်မှာ ဘုရား၊ တရား၊ သံဃာနဲ့ သီလလေးချက်ပါတယ်။ အရှင်အာနန္ဒာက မြတ်စွာဘုရားကို မေးတယ်။ လူတွေသေတဲ့အခါမေးတယ်။ ဘယ်ရပ်ကွက်က ဘယ်ဒကာမကြီးသေသွားတယ်ဘုရား၊ သူက တရားဘယ်



www.burmeseclassic.com

www.burmeseclassic.com



အဆင့်ရှိပြီး ဘယ်ဘုံရောက်သွားသလဲဘုရား။ ဒီတော့ ဘုရားက သူက အနာဂါမ်၊ သူက ဗြဟ္မာဘုံမှာလို့ဖြေနေရတယ်။

ကြာတော့ ပရိသတ်ရေ လူတွေက ဆက်တိုက်သေနေကြတော့ မြတ်စွာဘုရားလည်း ဖြေဖို့အချိန်မရဘူး။ ဒီတော့ မြတ်စွာဘုရားက အာနန္ဒာကိုပြောတယ်။ မင်းအဲဒီလို လာမေးတိုင်း ဖြေဖို့အချိန်မရှိတော့ဘူး။ ဒီတော့ လူတစ်ယောက်သေပြီးတိုင်း ဘယ်အဆင့် ဘယ်ဘုံရောက်တယ်ဆိုတဲ့ ဓမ္မာဒါသတဲ့။''

''ဘာတဲ့တုန်း''

''ဓမ္မာဒါသပါဘုရား''

''တရားမှန်ကြီးတစ်ခု မင်းကို ငါပေးခဲ့မယ်။ မင်းအဲဒီလေးချက်နဲ့ တိုက်ကြည့်ကွာတဲ့။ မှတ်ထားအာနန္ဒာ သောတာပန်အဆင့်အတန်းလို့ ပြောနိုင်တဲ့သူက အင်္ဂါလေးချက်နဲ့ညီတယ်တဲ့။ ဘာလဲဆိုရင် ဘုရား၊ တရား၊ သံဃာ၊ ငါးပါးသီလ အသက်နဲ့လဲပြီး ယုံကြည်ရင် အဲဒီပုဂ္ဂိုလ် သောတာပန်လို့မှတ်။''

''ဘာလို့မှတ်''

''သောတာပန်လို့မှတ်ပါဘုရား''

''အဲဒီလို ဘုရား၊ တရား၊ သံဃာ၊ သီလကို အသက်နဲ့လဲပြီး ယုံကြည်တဲ့သူဟာ ဆန္ဒရှိရင် ဘုရားကိုယ်တိုင် သံယုတ်ပါဠိတော်မှာ ဟောထားတာပါ။ ပြောချင်တဲ့ဆန္ဒရှိရင် ပြောလိုက်စမ်းပါ။ ငါဟာ သောတာပန်၊ ငါသေရင် ဘယ်တော့မှ အပါယ်မကျဘူးလို့၊ ရဲရဲဝံ့ဝံ့ ပြော လိုက်ပါတဲ့။ ဘယ်တော့မှ အပါယ်မကျပါဘူး။''

''တခြား ဓါတ်တွေ၊ ပရမတ်တွေ၊ ရုပ်တွေ၊ နာမ်တွေ မသိ



www.burmeseclassic.com

www.burmeseclassic.com



ရင်နေဦး။ ဘုရား၊ တရား၊ သံဃာ၊ သီလ ဒီလေးချက် ပြည့်စုံရင် ဘာလို့ခေါ်သလဲ''

''သောတာပန်လို့ ခေါ်ပါတယ်ဘုရား''

''ဒါဟာ ဘုရားပေးတဲ့ အာမခံချက်၊ အဲဒီလောက်အကျိုးကြီးပါတယ်။ ပရိသတ်တို့ ဘုရား၊ တရား၊ သံဃာကိုးကွယ်ရခြင်းရဲ့ အကျိုး အခုကြည့်၊ တလထော်လေးက အဲဒီလို သောတာပန်အင်္ဂါစုံတယ်။ ဒီတော့ သူသည် မကြောက်ဘူးပေါ့ဗျာ။ တစ်ခါတည်းဆယ်ရေသပ္ပာယ်၊ အိမ်ထဲပင့် ကိုးကွယ်တယ်။ အဲဒီအချိန်မှာတင် ဘုရင့်ရဲ့ အထောက်တော်များက သိသွားတော့၊ သတင်းပေးတော့ တလထော်ကို လာဖမ်းတယ်။ လာဖမ်းတော့ မကြောက်ပါဘူး။ ငါသေမယ်၊ သရဏဂုံနဲ့ သေမယ်တဲ့။''

''ဘာနဲ့သေမှာတုန်း''

''သရဏဂုံနဲ့သေမှာပါဘုရား''

''လိုက်သွားတယ်ဗျာ၊ မျက်နှာလေးကို ရွှင်ရွှင်လန်းလန်းပဲ။ တစ်ချက်မညှိုးဘူးတဲ့၊ သေပါစေတဲ့။ ငါသရဏဂုံနဲ့သေမှာတဲ့။ မေတ္တာပို့သွားသေးတယ်ဗျာ။ ငါ့ကိုသတ်မယ့် ဆင်ကြီးရော၊ ငါ့ကို သတ်မယ့် ဘုရင်ကြီးရော စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာ ရှိပါစေလို့ မေတ္တာတစ်ကြိမ်ပို့လိုက်၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံသရဏံ ဂစ္ဆာမိနဲ့ သရဏဂုံဆောက်တည်လိုက်။ မေတ္တာနဲ့ သရဏဂုံ နှစ်ခုပါသွားတယ်။ အဲဒီတော့ ဒီနေရာမှာ အခုခေတ်ပုဂ္ဂိုလ်များ မကြားဖူးတော့ ဆင်နဲ့နင်းသတ်တဲ့နည်း နည်းနည်းပြောပြပါမယ်။ ဒါကတော့ စာမဖတ်ရင် မကြားဖူးပါဘူး။ ခုခေတ်တော့ မရှိတော့ပါဘူး။ ပုဂံမင်း



www.burmeseclassic.com

www.burmeseclassic.com



ဥဇနာမင်းလက်ထက် ဆင်နဲ့နင်းသတ်ပုံ ဦးဇင်း၊ ဖတ်လိုက်ရတယ်။ ဥဇနာမင်းကြီးရဲ့သားတော်ကြီး သီဟသူ၊ နရသီဟပတော့က သားငယ်။ အဲဒီတော့ သားကြီးက အိမ်ရှေ့မင်းသား ဘ၀ရတုန်းက ရာဇသကြန် အမတ်ကြီးက ဘုရင်ကို ခစားနေတဲ့အချိန်၊ သီဟသူကလည်း သွားချိန်မှာ ရာဇသကြန်အမတ်ကြီးရဲ့ အင်္ကျီလက်ပွပွကြီးက လမ်းမှာကျနေတာကို သီဟသူက သူလာတာကို လမ်းဖယ်မပေးရကောင်းလားဆိုပြီး၊ သူ့ရဲ့ အဖိုးလောက်ရှိတဲ့ ရာဇသကြန်ရဲ့ အင်္ကျီဝတ်ထားတဲ့ လက်ပေါ် ကွမ်းတံတွေးထွေးချလိုက်တယ်ပေါ့ဗျာ။ စော်ကားတယ်လို့ ခေါ်ပါတယ်။ မာနပေါ့ဗျာ၊ အဲဒီမာနဟာ သူ့ကိုအသေဆိုးနဲ့သေအောင် သတ်လိမ့်မယ်။

အဲဒီတော့ ရန်ငြိုးဖွဲ့တယ်၊ ကြည့်စမ်း ဒီမင်းသားအိမ်ရှေ့မင်းသား ငါ့ကို စော်ကားတယ်။ တစ်ချိန်တော့ သိရမယ်။ နောက် သီဟသူလည်း နန်းတက်ရော ကျန်တဲ့တပ်တွေကို သူက စည်းရုံးပြီးတော့ သူ့ကို ကွမ်းတံတွေးထွေးထားတဲ့အင်္ကျီကို ထုတ်ပြပြီး၊ တွေ့လား ငါ့လို သူ့အဖိုးလောက်ရှိတဲ့ အမတ်ကြီးကိုတောင် ကွမ်းတံတွေးနဲ့ ထွေးပြီး စော်ကားတယ်။ မင်းတို့ဆို ပိုပြီးစော်ကားမယ်၊ သူ့ကိုသတ်ကြစို့ ဆိုတော့ အားလုံးက သဘောတူပါတယ်။ ဒီတော့ သီဟသူကို တောထဲမှာ ဆင်ဖြူပေါ်နေတယ်လို့ လိမ်ခေါ်ပြီး၊ သူလာတော့ အသာလေး ဖမ်းပြီး ဆင်နဲ့ သတ်ခိုင်းလိုက်ပါတယ်။ လေ့ကျင့်ထားတဲ့ဆင်က ဘယ်လို သတ်လဲဆိုရင် အခန်းထဲမှာ လည့်ပတ်ပြေးနေတဲ့ သီဟသူကို နှာမောင်းနဲ့ပတ်ပြီး ဖမ်းလိုက်ပါတယ်။ ပြီးတဲ့အခါ မြေပြင်မှာ ပတ်လက်လှန်ပြီး ချလိုက်ပါတယ်။ ချပြီးတော့ မလှုပ်နိုင်အောင် လက်ကလေးနဲ့ အသာ



www.burmeseclassic.com

www.burmeseclassic.com



လေးဖိထားတယ်။ မသတ်ဘူး။ တန်းနင်းပြီး သတ်လိုက်မယ်ဆိုရင် သေမယ့်သူဟာ ဆင်းရဲတဲ့ဝေဒနာကို ခဏလေး ခံစားရမှာစိုးလို့ ချက်ချင်း မသတ်ရဘူး။ သေအောင်မနင်းရဘူး၊ အသာလေးပဲ ဖိထားတယ်။ မလှုပ်နိုင်အောင်ပေါ့။ အဲဒီတော့ ယက်ကန်ယက်ကန် အော်ဟစ်နေတယ်။ ပြီးမှ သီဟသူရဲ့ လက်တွေခြေတွေကို တစ်ချောင်းချင်း ပတ်ဖြုတ်လိုက်တာ၊ ဘယ်လောက်နာလိုက်မလဲလို့၊ အရက်စက်ဆုံး သတ်ဖြတ်နည်းပါ။ ခြေလက်တွေကုန်မှ ခေါင်းပါဖြုတ်ပစ်လိုက်တာ။ ပြီးမှ ကြေအောင်နင်းပစ်လိုက်တာ။ အဲဒါ ဆင်နင်းသတ်နည်း။ အခု တလထော်ကိုလည်း အဲဒီအတိုင်းသတ်မှာပါ။ ဘုရင်နှင့်တကွ ဘာသာခြားအမတ်တွေက ဝိုင်းကြည့်နေကြတယ်။ ဆင်ကြီးခေါ်လာတယ်။ ဒီအချိန်မှာ တလထော်ရဲ့ နောက်မှာ အားကိုးစရာဆိုလို့ ရတနာသုံးပါးပဲရှိပါတယ်။ တလထော်ကလေ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ ဆိုပြီးသရဏဂုံပဲ ဆောက်တည်နေတယ်။ အနားလည်း ရောက်ရောဗျာ ဆင်းကြီးက ကျိုကနဲအော်ပြီး ထွက်ပြေးတာ၊ လာတောင် မလာရဲတော့ဘူး။''

''ကိုင်း ဆင်နင်းရဲလား''

''မနင်းရဲပါဘူးဘုရား''

''ဒါ တခြားရဲ့ အစွမ်းလား? သရဏဂုံရဲ့ အစွမ်းလား?''

''သရဏဂုံရဲ့ အစွမ်းပါဘုရား''

သရဏဂုံရဲ့အစွမ်း ဘုရင်ကြီးမသိဘူး။ ဒါလူမြင်ရင်ကြောက်လို့နေမှာ၊ ဒီကောင်မကို ဖျာနဲ့ဖုံးလိုက်စမ်း။ ဖျာနဲ့ဖုံးပြီး နောက်တစ်ကောင်ခေါ်ခဲ့၊ နောက်တစ်ကောင်လာတယ်၊ သရဏဂုံဆောက်တည်နေ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ တလထော်နားလည်းရောက်ရော ဆင်ကြီးလှည့်ပြေးပြန်တယ်။ နင်းရဲရဲ့လား။ မနင်းရဲပါဘူး၊ တစ်ခြားအစွမ်းလား? သရဏဂုံရဲ့အစွမ်းလား?''

''သရဏဂုံရဲ့ အစွမ်းပါဘုရား''

''တင်းကုပ်ထဲက လူသတ်ဖို့သင်ကြားထားတဲ့ ဆင်တွေအကုန်ကုန်ပြီ၊ တစ်ကောင်မှ မရှိတော့ဘူး၊ ဘုရင်ရော အမတ်တွေရော ချွေးတွေပြန်ကုန်တယ်။ ဟာ,သတ်လို့မရပါလား။ အမတ်တွေက ဒီကောင်မ, မသေလို့မဖြစ်ဘူး၊ ဒီကောင်မ, မသေရင် ဗုဒ္ဓဘာသာတွေပြန်ပြီးတော့ ဗုဒ္ဓဘာသာဖြစ်ကုန်လိမ့်မယ်။ ဒီတော့ ငါတို့ဘုရင်ကို သတ်နည်းပြောင်း သတ်ခိုင်းကြစို့။ အရှင်မင်းကြီး ဒီတလထော် စုန်းမဖြစ်ပါလိမ့်မယ် အရှင်မင်းကြီး၊ စုန်းမများဟာ ဒီလိုသတ်လို့မရပါဘူး။ မီးရှို့သတ်ရပါတယ် ဖြစ်ပြန်ရော။ ဒါဆိုရင် မီးရှို့သတ်စေ၊ တစ်ခါ ထင်းပုံကြီး မီးတွေ တောက်လောင်အောင်ရှို့၊ မီးတွေလည်းလောင်အားကောင်းရော၊ သရဏဂုံဆောက်တည်နေတဲ့ တလထော်ကို မီးပုံပေါ်ကို တင်လိုက်ကြတယ်။ မီးပုံပေါ်လည်းရောက် မီးတွေအကုန်ငြိမ်း၊ တလထော် အသားလေး မွေးညှင်းတစ်ပင်တောင် မီးမလောင်ဘူး။''

''ဒါ တခြားရဲ့ အစွမ်းလား? သရဏဂုံရဲ့ အစွမ်းလား?''

''သရဏဂုံရဲ့ အစွမ်းပါဘုရား''

''ဘုရင်က မင်းတို့မီးတွေ အားမကောင်းလို့၊ မီးတွေအားကောင်းအောင် ထပ်ထည့်ပြီး မီးတွေဖိုကြ၊ မီးတွေအားကောင်းတော့ တလထော်ကို သွားပြီးတော့တင် မီးတွေငြိမ်းပြန်တယ်။ သုံးကြိမ်တိုင်အောင် ငြိမ်းတော့ သူတို့လက်လျော့ရပြန်တယ်။ ဟာဒီကောင်မ မီးနဲ့



www.burmeseclassic.com

www.burmeseclassic.com



လည်း မသေပါလား။ မသေလို့တော့ မဖြစ်ဘူး။ သေအောင် သတ်ကြ ရလိမ့်မယ်။ ကိုင်း သူ့ကို မြေမြှုပ်သတ်ကြစို့။ မြေတွင်းထဲတလထော် ကိုချ၊ မြေတွေဖို့ခါနီးကျမှ ဘုရင်က တလထော်ကို အခွင့်အရေးတစ် ခုပေးတယ်။ ကျင်းနှုတ်ခမ်းနား ရပ်ပြီးတော့ သူလည်း အံ့ဩနေ တယ်လေ။

ဘုရင်ကိုယ်တိုင်လည်း တလထော်တဲ့ ဟောဒီဟံသာဝတီ ပြည်မှာ ဗုဒ္ဓဘာသာ ကိုးကွယ်တာနင်တစ်ယောက်ပဲရှိတော့တယ်တဲ့။ အကုန်လုံး ဖြဟ္မာဏ ဘာသာဝင်တွေဖြစ်ကုန်ပြီ။ နင်တော်တော် ခေါင်းမာတာပဲ။ ဒီတော့ နင်ဒီလောက်အားကိုးတဲ့ ဗုဒ္ဓဆင်းတုတော်တွေ ဘယ်လောက်စွမ်းသလဲ ငါသိချင်တယ်။ ဒီလိုလုပ်၊ အခု နင့်အိမ်မှာ ဗုဒ္ဓဆင်းတုတော် ရှစ်ဆူရှိတာ ငါကြားတယ်။ အဲဒီဆင်းတုတော်တွေကို ကောင်းကင်ကနေ ငါ့နန်းတော်ထဲ ကြွလာအောင် နင်ပင့်ပေးနိုင်မလား။ အဲဒီလို ပင့်ပေးနိုင်ရင် သင့်ကို သေဘေးကလည်း လွှတ်မယ်။ ငါနဲ့ တိုင်းသူပြည်သားအားလုံးလည်း ဗုဒ္ဓဘာသာကို ပြန်ကိုးကွယ်မယ်လို့။

တလထော်က ရဲရဲဝံ့ဝံ့ မော့ကြည့်ပြီးတော့ အရှင်မင်းကြီး မင်းမှာသစ္စာ၊ လူမှာကတိ၊ အသင်မင်းကြီးရဲ့ သစ္စာသာတည်ပါစေ၊ ကျွန်တော်မျိုးမ ရအောင်ပင့်ပါ့မယ်။ ကျွန်တော်မျိုးမရဲ့ လက်ကကြိုး တွေကိုသာ ဖြေပေးပါ။ ကြိုးတွေဖြေပြီးမှ တလထော်က သစ္စာပြုပါ တယ်။''

''ဗုဒ္ဓဂုဏော အနန္တော၊ ဓမ္မဂုဏော အနန္တော၊ သံဃဂုဏော အနန္တော၊ ဘုရား တရား သံဃာ၏ ဂုဏ်တော်ကျေးဇူးတော်တွေသည် မရေမတွက်နိုင်အောင် များပြားလှပါသည်ဘုရား။ တပည့်တော်မသည် ဘုရား တရား သံဃာကို အသက်နဲ့လဲပြီးတော့ ကိုးကွယ်ပါသည်ဘုရား။



www.burmeseclassic.com

www.burmeseclassic.com



ဤစကားသည် မှန်ကန်ပါ၏။ ဤမှန်ကန်သော သစ္စာ၏ အာနုဘော်တို့ကြောင့်လည်းကောင်း၊ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး ၏ တန်ခိုးတေဇော် အာနုဘော်တို့ကြောင့်လည်းကောင်း အယူမှားနေ ကြတဲ့ တိဿဘုရင်နှင့်တကွ တိုင်းသူပြည်သားအားလုံး အယူမှန်ရ စေခြင်းငှာလည်းကောင်း၊ တပည့်တော်မ၏ အခန်းထဲမှာ ကိုးကွယ် ထားတဲ့ ဗုဒ္ဓဆင်းတုတော် ရှစ်ဆူတို့သည် ကောင်းကင်ခရီးက ဈာန် ယာဉ်စီးပြီးတော့ ဘုရင့်နန်းတော်ထဲသို့ ကြွလာပါစေသား–မြတ်စွာဘုရား (သာဓု)³– သစ္စာရဲ့အစွမ်းရော၊ ရတနာသုံးပါးရဲ့အစွမ်းရော နှစ်ခုပေါင်း ပြီးတော့ တလထော်ရဲ့အခန်းထဲက ဆင်းတုတော်ရှစ်ဆူဟာ တကယ်ကို ကြွလာပါတယ်။ ပရိသတ်တို့ဒါဟာ ဒဏ္ဍာရီမဟုတ်ဘူးနော်၊ ဒဏ္ဍာရီ မဟုတ်ဘူး။ အင်္ဂလိပ် သမိုင်းဆရာကြီးအီးဟာဘေး ကိုယ်တိုင်မှတ်တမ်း တင်ခဲ့ရတဲ့ တကယ့်ဖြစ်ရပ်တစ်ခု။

တခါတည်း ကောင်းကင်က ကြွလာတော့နေရောင်ကလည်း ထိုး၊ ရွှေရောင်တွေနဲ့ ဝင်းပြောင်နေတာပေါ့လေ။ တိုင်းသူပြည်သား အားလုံး လာကြည့်ကြတာပေါ့လေ။ လာကြပေ့ တလထော်ပင့်တာ၊ သစ္စာနဲ့ပင့်တာ၊ ဗုဒ္ဓဆင်းတုတော်တွေ ကြွလာပြီတဲ့။ ဒီအထဲမှာ တိဿ ဘုရင်ကြီးလည်း မနေနိုင်တော့ပါဘူး။ လက်အုပ်ချီပြီး ဖူးပါပြီ။ ဖူးရင်း နဲ့ မျက်ရည်တွေ တစ်ပေါက်ပေါက်ကျလာတယ်။ ငါအမှားကြီး မှား လေစွ၊ ကြည့်စမ်းပါဦး အသက်မရှိတဲ့ အဝိဉာဏက ဗုဒ္ဓဆင်းတုတော် တွေတောင်မှ ဒီလောက်တန်ခိုးကြီးမားရင် သက်တော်ထင်ရှား ဘုရား များဆိုရင် ဘယ်လောက်များ တန်ခိုးကြီးမားလိုက်မလဲလို့ တော်ပါသေး ရဲ့၊ ဒီမိန်းကလေး ကျေးဇူးကြောင့် အမှန်သိရပေပြီ။ အဲဒီမှာတင် တစ်ခါတည်း ဆင်းတုတွေကို သပ္ပါယ်၊ တစ်ခါတည်းကိုးကွယ်ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



တလထော်ကိုလည်း ဘုရင်ကြီးကိုယ်တိုင် မြေတွင်းထဲက ထုတ်ဖော်ပြီးတော့ပေါ့လေ၊ ရေမိုးချိုးပေးပြီးတော့ ပြင်ဆင်ပြီးတော့ အပြစ်ကခွင့်လွှတ်ဖို့ တောင်းပန်ရှာပါတယ်။ ပြီးတော့လည်း တလထော်ကိုလည်း ဘဒြာဒေဝီအမည်နဲ့ မိဖုရားခေါင်ကြီးမြှောက်ပါတယ်။ သူနဲ့တကွ တိုင်းသူပြည်သား အားလုံးလည်း ဗုဒ္ဓဘာသာ ပြန်ဝင်ကြပါတယ်။ သူ့ကို ဘာသာပြောင်းအောင် စည်းရုံးခဲ့တဲ့ အမတ်များကိုလည်း တလထော်ရဲ့လက်ထဲ အပ်လိုက်ပါတယ်။ တလထော် သင်ကြိုက်သလိုစီရင်ပါတော့။ သူတို့ကြောင့် ငါ့မှာ ဘာသာပြောင်းရတာပါ။

တလထော်က ဗုဒ္ဓဘာသာဆိုတော့ ကြင်နာသနားတတ်ပါတယ်။ ဘာမှ မလုပ်ပါဘူး။

''သူ့ကိုတော့ ဘာသာခြားအမတ်တွေက သေအောင်နည်းမျိုးစုံနဲ့ မသတ်ခိုင်းဘူးလား''

''သတ်ခိုင်းပါတယ်ဘုရား''

''သူ့လက်ထဲရောက်လာတဲ့ ဘာသာခြားအမတ်တွေကိုတော့ သတ်ရဲ့လား''

''မသတ်ပါဘူးဘုရား''

''ဒါ ဗုဒ္ဓဘာသာနဲ့ တခြားဘာသာရဲ့ ကွာခြားမှု၊ ဦးဇင်းတို့ဗုဒ္ဓဘာသာဟာ အခုဆိုရင် နှစ်ပေါင်း ၂၅၄၇ နှစ်ရှိပါပြီ။''

''ဘယ်နှစ်,နှစ်လဲ''

''၂၅၄၇ နှစ်ပါဘုရား''

ဒီ ၂၅၄၇ နှစ် ဗုဒ္ဓသာသနာရဲ့ သက်တမ်းတလျှောက်မှာလေ လုံးဝ သွေးမစွန်းပါဘူး။ အဲလောက် သန့်ရှင်းတဲ့ဘာသာပါ။ ဘယ်တော့မှ သွေးမစွန်းတဲ့ ဘာသာကို လက်ညှိုးထိုးပြပါဆိုရင် ဗုဒ္ဓဘာသာကို



www.burmeseclassic.com

www.burmeseclassic.com



ထိုးပြရမှာပါ။

ဒါဟာ ဦးဖင်းတို့ ကိုယ့်ဖက်ကိုယ်ယက် ပြောတာမဟုတ်ပါဘူး။ ကမ္ဘာ့ပညာရှင်များရေးတဲ့ စာတွေ အများကြီးရှိပါတယ်။ ဖတ်ကြည့်ကြပါ။ သမိုင်းကြောင်းလည်း ပြန်ကြည့်ပါ။ ဗုဒ္ဓဘာသာဟာ ဘယ်တော့မှ သွေးစွန်းမခံပါဘူး။ သူတို့ကို တလထော်က တစ်ခါတည်း တိုင်းပြည်က နှင်ထုတ်လိုက်ပါတယ်။ သင်တို့နဲ့ ပတ်သက်တဲ့ နိုင်ငံကို သာ သွားကြပေတော့။ သူတို့လည်း ထွက်သွားကြတော့ တစ်တိုင်းပြည်လုံး ဗုဒ္ဓဘာသာ ပြန်ဖြစ်သွားကြပါတယ်။''

''ဒီတော့ ယခုပြောခဲ့တဲ့ သမိုင်းအကြောင်းကို ပြောတော့ ပဲခူးဘုရားသွားဖူးတော့ ရွှေသာလျောင်းဘုရားကြီး မရှိဘူးလား''

''ရှိပါတယ်ဘုရား''

''အဲဒါလည်း တလထော်တည်တာ ဖြစ်နိုင်တယ်လို့ ဦးဖင်း ယူဆတယ်ပေါ့။ နောက် ရွှေသာလျောင်းဘုရားကြီးဝင်ဝင်ခြင်းမှာ တလထော်တန်ဆောင်းလို့ ရေးထားပါတယ်။''

''ဘယ်လိုရေးထားတာလဲ''

''တလထော်တန်ဆောင်းပါဘုရား''

''အဲဒါ သူ့ကိုဂုဏ်ပြုပြီးတော့ ရေးထားတဲ့ တန်ဆောင်းကြီး ပေါ့နော်။ နောက် မြသာလျောင်း ဆိုပြီးစေတီကြီး။ ဆင်းတုတော်ကြီး တည်ထားပါတယ်။ တချို့ဟာတွေဆိုရင် ဘယ်သူတည်လည်း မသိပါဘူး။ ဦးဖင်းတော့ ထင်တယ်။ တလထော်တည်ခဲ့တဲ့ ဘုရားတွေ၊ ဆင်းတုတော်တွေဖြစ်ပါလိမ့်မယ်။ နှစ်ပေါင်းထောင်နဲ့ချီပြီး ကြာခဲ့ပြီဆိုတော့ တချို့လည်း မြေကြီးထဲရောက်၊ တောင်ကြီးတွေဖြစ်ပြီး ပျောက်ကုန်တယ်ပေါ့လေ။ တချို့လည်း ပြန်တွေ့ပါတယ်။''



www.burmeseclassic.com

www.burmeseclassic.com



"ယနေ့ဟောကြားသော တလထော်ဖြစ်ရပ်ဟာ စိတ်ကူးယဉ် ဒဏ္ဍာရီ ဖြစ်ရပ်လား၊ တကယ့်ဖြစ်ရပ်လား"

"တကယ့်ဖြစ်ရပ်ပါဘုရား"

"တကယ့်ဖြစ်ရပ်ပါ။ ဒကာ ဒကာမများရေ တရားလည်း နိဂုံးချုပ်ပါပြီ။ တရားနိဂုံးချုပ်မှ ဒကာဒကာမများကို အတွေးအခေါ် လေး ပေးလိုက်ချင်ပါတယ်။ တကယ့်ဗုဒ္ဓဘာသာနဲ့ မိရိုးဖလာဗုဒ္ဓဘာသာ ဟာ ကွာခြားပါတယ်။

မိရိုးဖလာဗုဒ္ဓဘာသာက အဖေအမေ အဖိုးအဖွားတွေ ကိုးကွယ်လို့သာ ကိုးကွယ်တာ တကယ်မသိပါဘူး။

တကယ့်ဗုဒ္ဓဘာသာဆိုတာ အခုလို တရားပွဲနဲ့ကြုံရင် အချိန် မရရအောင် ယူပြီးတော့နာတယ်၊ တရားစာအုပ်များကြုံရင် ကြုံသလို ဖတ်ရှုတယ်။ မသိရင် မေးမြန်းတယ်။ ဒါကြောင့် ရတနာသုံးပါးရဲ့ အကျိုးသွားကို သိပြီးတော့တကယ်ကြည်ညိုသွားတာက တကယ့်ဗုဒ္ဓ ဘာသာပါပဲ။ အဲဒီတော့ တကယ့်ဗုဒ္ဓဘာသာဖြစ်စေချင်ပါတယ်။ အဲဒီ တော့ တကယ့်ဗုဒ္ဓဘာသာအဖြစ်ကို ပို့ပေးသော ရာသက်ပန်သရဏဂုံ ဆောက်တည်ပြီးတော့ တကယ့်ဗုဒ္ဓဘာသာဝင်နဲ့ မိရိုးဖလာဗုဒ္ဓဘာသာ ဝင်ဆိုတဲ့ တရားကို နိဂုံးချုပ်ပေးပါမယ်။

အားလုံး လက်အုပ်ချီပြီးတော့ ရာသန်ပန်သရဏဂုံတည်ကြ မယ်။ ဒီသရဏဂုံဟာ ယောဂီတို့ သေတဲ့အထိ စွဲမြဲရမယ့်သရဏဂုံ ဖြစ်ပါတယ်။ လိုက်ဆိုကြပါ။"

ဇီဝိတ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

အသက်ဆုံးသည့်တိုင် အောင် ဘုရားရှင်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ဇိဝတ ပရိယန္တံ ဓမ္မံသရဏံ ဂစ္ဆာမိ။

အသက်ဆုံးသည့်တိုင်အောင် တရားတော်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

ဇီဝိတ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

အသက်ဆုံးသည့်တိုင်အောင် သံဃာတော် အရှင်မြတ်တို့ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

ဧတံခေါ၊ သရဏံ၊ ခေမံ ဧတံ သရဏမုတ္တမံ၊

ဧတံ သရဏမာဂမ္မ သဗ္ဗဒုက္ခာ ပမုစ္စရေ

ဧတံ– ဘုရား တရား သံဃာ သုံးပါးအစုံ မြတ်သရဏဂုံသည်၊ ခေါ–စင်စစ် အမှန်ကေန် မသွေမှန်သဖြင့်၊ ခေမံ–ဒုက္ခခပ်သိမ်း အကုန်ငြိမ်းစေနိုင်သော၊ သရဏံ–ကိုးကွယ်ပုန်းအောင်း လဲလျောင်းဖွယ်ရာ မြတ်ရတနာသည်၊ ဟောတိ–မုချမသွေ ဖြစ်ရပေတော့၏။ ဧတံ– ဘုရား တရား သံဃာ သုံးပါးစုံ မြတ်သရဏဂုံသည်၊ ဥတ္တမံ–ပြိုင်လာတိုင်းရှုံး အမြတ်ဆုံးဖြစ်ပေသော၊ သရဏဂုံ–ပုန်းအောင်းလဲလျောင်းဖွယ်ရာမြတ်ရတနာသည်၊ ဟောတိ–မုချမသွေဖြစ်ရလေတော့၏။ ဧတံ–သရဏံ ရတနာသုံးပါးအားထားမပြတ် ဆည်းကပ်ကိုးကွယ်ခြင်းကို၊ အာဂမ္မ–ကိုးကွယ်ဆည်းကပ်ခြင်းကို အကြောင်းပြု၍၊ သဗ္ဗဒုက္ခါ–အပါယ်ဘေးနှင့်အိုဘေးတဖြာ နာဘေး တထွေ၊ သေဘေး တစ်မျိုး၊ ဆိုးဆိုးဝါးဝါး များပြားဒုက္ခ ဟူသမျှမှ ပမုစ္စတေပမုစ္စတိ ကင်းစင်လွတ်မြောက်ဘေးတွေပျောက်၍ နိဗ္ဗာန်သို့ဆိုက်ရောက်နိုင်ကြလေကုန်သတည်း။

"သာဓု၊ သာဓု၊ သာဓုပါဘုရား"

* * *



www.burmeseclassic.com

www.burmeseclassic.com

# အစာစားရင်း မဂ်ဖိုလ်ရအောင် ကျင့်ဆောင်ခြင်း

မေတ္တာရှင် (ရွှေပြည်သာ)

အစာစားတဲ့အခါ ဘယ်လိုနှလုံးသွင်းရမလဲဆိုရင် သေသွားတဲ့ မိမိရင်သွေးတစ်ယောက်ရဲ့အသားကို မတတ်သာလို့ စားရတဲ့သဘောမျိုးစားကြရမယ် ယောဂီတို့ ...

www.burmeseclassic.com

www.burmeseclassic.com



# အစာစားရင်း မင်္ဂလာရအောင် ကျင့်ဆောင်ခြင်း

ဒီတရားစခန်းပွဲမှာ ဝင်ရောက်ပြီး တရားရှုပွားအားထုတ်နေကြတဲ့ ယောဂီများကို ဦးဇင်းရေးသားနေတဲ့ ''သညာသိနှင့် ပညာသိ'' ကျမ်းစာအုပ်ထဲက ''အာရုံခြောက်ပါးကို ဝမ္မအဖြစ်အသုံးချခြင်း''ဆိုတဲ့ အခန်းထဲက အစာစားခြင်းနဲ့ ပတ်သက်ပြီးတော့ စားသောက်ရင်းနဲ့ပဲ မင်္ဂလာရသွားအောင်ကျင့်ဆောင်ပုံများကို ထုတ်နုတ်ပြီး ကျေးဇူးဆပ်ဝမ္မလက်ဆောင်အဖြစ်ဟောပေးမှာ ယောဂီတို့။

ဒီလို တရားတွေ မသိခင်အခါတုန်းက ယောဂီတို့မှာ အစာကို လောဘ (တဏှာ) နဲ့သာစားခဲ့ကြတယ်။ ထမင်းဝိုင်းကို ရောက်တာနဲ့ ထမင်းများများ စားရဖို့၊ ဟင်းများများရဖို့ ဒါကိုပဲ အာရုံစိုက်ကြတယ်။ အဲဒါကို လောဘ(တဏှာ)နဲ့ အစာစားတယ်လို့ ဆိုရပါတယ် ယောဂီတို့။

အခု ယောဂီတို့ဟာ အိမ်မှာနေသလိုမဟုတ်ကြတော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာတရားထူးတွေ ရအောင်ဆိုပြီး ဒီတရားစခန်းပွဲကို ရောက်လာကြခြင်းဖြစ်တယ်။ ပထမဆုံးအနေနဲ့ အစားအစာကို မေတ္တာနဲ့စားပါလို့ အကြံပေးချင်တယ်။ အစားမစားမီမှာ–

"အစာအာဟာရကို ထုတ်လုပ်သူများ အားလုံး၊

ရောင်းဝယ်သူများအားလုံး၊

လှူဒါန်းသူများအားလုံး–

ဘေးရန်ကြောင့်ကြ ဆင်းရဲကင်း၍ ကိုယ်စိတ်နှစ်ဖြာချမ်းသာကြပါစေ။ ကောင်းကျိုးလိုရာဆန္ဒ ပြည့်ဝကြပါစေ"။

လို့ မေတ္တာပွားပြီးမှ စားကြရမယ်။ မေတ္တာနဲ့ သုံးဆောင်ကြရမယ်။

အဲဒီလို မေတ္တာနဲ့ အစားအစာကို သုံးဆောင်တဲ့ ပုဂ္ဂိုလ်များကို ဗုဒ္ဓက ချီးကျူးစကားမိန့်ကြားတော်မူခဲ့တယ်။ ဘယ်လို မိန့်ကြားတော်မူခဲ့သလဲဆိုတော့–

"ဒကာ,ဒကာမများနှင့် အလှူရှင်များ အပေါ်၌ငဲ့ညှာ ထောက်ထားပြီး အနည်းဆုံး နွားသာတစ်ရှုလောက် မေတ္တာပွားလိုက်မယ်ဆိုရင် အဲဒီပုဂ္ဂိုလ်၊ အဲဒီ ရဟန်း၊ အဲဒီယောဂီဟာ တိုင်းသူပြည်သားတွေရဲ့ ဆွမ်းကိုအလကားစားရာ မရောက်တော့ဘူး။ တန်ရာတန်ကြေးပေးပြီး စားရာရောက်တယ်တဲ့။

ဒါက ပထမအချက်။

ဒုတိယအချက်က–အဲဒီလို မေတ္တာပွားပြီး အစာစားတဲ့ ပုဂ္ဂိုလ်ဟာ အလကားနေတာ မဟုတ်တော့ဘူး။ ဈာန်တရားနဲ့ နေတဲ့ပုဂ္ဂိုလ်။



www.burmeseclassic.com

www.burmeseclassic.com



မေတ္တာပွားနေတဲ့အချိန်မှာ မေတ္တာဈာန်ကို ရနေတာနော်။

စတုတ္ထအချက်ကတော့ အဲဒီလို မေတ္တာပွားနေတဲ့ ယောဂီဟာ ငါဘုရားရဲ့သာသနာတော်ကို ကြီးပွားတိုးတက်အောင် သာသနာပြုနေတဲ့ပုဂ္ဂိုလ်ဖြစ်တယ်လို့ ချီးမွမ်းတော်မူခဲ့တယ် ယောဂီတို့။

အစားအစာ သုံးဆောင်တဲ့အချိန်မှာ သညာနှစ်မျိုး အကြောင်းကို ပြောပြချင်သေးတယ်။ ''သမဏသညာ''နဲ့ ''ယောဂီသညာ'' ပေါ့။ စာပေမှာတော့ ''သမဏသညာ''တစ်မျိုးပဲပြတယ်။ အခုအချိန်မှာ ယောဂီများလည်းပဲ သမဏသညာနည်းတူ ယောဂီသညာလည်း ရှိသင့်ပြီလို့ ယူဆတဲ့အတွက် ဒီမှာ ထည့်ပြောလိုက်တယ်။

သမဏသညာဆိုတာ ရဟန်းတစ်ပါးအနေနဲ့ အိပ်ချိန်မှတစ်ပါး နှစ်ဆယ့်လေးနာရီ ကာလပတ်လုံး မိမိကိုယ် မိမိ

''ငါသည် ကိလေသာကုန်ခမ်းအောင် ကျင့်နေတဲ့ ရဟန်းပါလား''ဆိုတဲ့ အမှတ်သညာ ဘယ်တော့မှ မပျောက်ရဘူး။

အပြော၊ အဆို၊ အနေထိုင်၊ စိတ်ကူးဉာဏ်ကစပြီး ရဟန်းဆိုတဲ့ အမှတ်သညာ မပျောက်ရသလို ယောဂီများလည်း

''ငါသည် မဂ်ဉာဏ်ဖိုလ်ဉာဏ်ရအောင် အားထုတ်နေတဲ့ ယောဂီပါလား''ဆိုတဲ့ အမှတ်သညာ ဘယ်သောအခါမှ ပျောက်မသွားပါစေနဲ့။

အစာစားတဲ့အချိန်မှာလည်း

''ငါသည် မဂ်ဖိုလ်ရအောင် အားထုတ်နေတဲ့ ယောဂီဖြစ်တယ်၊ သာမန်ကာလျှံကာ အလှူတစ်ခုမှာ စားနေတဲ့ထမင်းမျိုး မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူး''လို့ အမှတ်သတိ ရှိနေရမယ်။

ယခု အရဟတ်ဆွမ်း၊ နေ့ဆွမ်းလှူကြတဲ့ ပုဂ္ဂိုလ်များဟာ ယောဂီတို့သန္တာန်မှာရှိတဲ့ သီလ၊ သမာဓိ၊ ပညာဆိုတဲ့ သိက္ခာသုံးပါးကို ရည်မှန်းပြီး လှူဒါန်းပူဇော်ကြခြင်း ဖြစ်တယ်။

ဒါကြောင့် ယောဂီများက သီလ၊ သမာဓိ၊ ပညာသိက္ခာသုံးပါးကို အချိန်နှင့်အမျှ မိမိသန္တာန်မှာ ရှိနေအောင်ကြိုးစားကြရမယ် ယောဂီတို့။

အဲဒီလိုလည်း မဟုတ်၊ တရားရအောင်လည်း မကြိုးစားပဲနဲ့ အစာကိုသာ ဦးစားပေးပြီး စားကြနေကြမယ်ဆိုရင် အင်မတန်ကြောက်စရာ ကောင်းတယ် ယောဂီတို့။

သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါး ပြည့်စုံအောင် မကြိုးစားဘဲနဲ့ ဒကာ,ဒကာမတွေ လှူတဲ့ ပစ္စည်းလေးပါးကို မှီဝဲသုံးဆောင်မယ်ဆိုရင် အကြွေးတင်တယ်။ အဲဒီအကြွေးကို နောင်ဘဝမှာ ခန္ဓာနဲ့ဆပ်ရတယ်။ ဒါကြောင့်အကြွေး မတင်ကြစေနဲ့။

အဲဒီ သီလ၊ သမာဓိ၊ ပညာသိက္ခာသုံးပါး ပြည့်စုံနေရင် အလှူရှင်များရဲ့ လှူဖွယ်ပစ္စည်းကို သုံးဆောင်တာဟာ အရှင်သခင်အနေနဲ့သုံးဆောင်တာဖြစ်တယ်။ မြန်မာလိုရှင်းအောင် ပြောရရင် သုံးဆောင်ထိုက်တဲ့ ဂုဏ်အင်္ဂါအရည်အချင်းရှိလို့ သုံးဆောင်နေတာ ဖြစ်တယ် ယောဂီတို့။

ယောဂီတို့အစာစားတဲ့အခါမှာ တရားစခန်းမဝင်မီက အချိန်လို သဘောမထားကြနဲ့တော့။ ဗုဒ္ဓက မဂ်ဉာဏ်ဖိုလ်ဉာဏ်ရအောင် အား



www.burmeseclassic.com

www.burmeseclassic.com



**ဆင်းရဲသားတို့ အရင်းနှီး**

ကိုယ်ကျင့်သီလဆိုတာ ဆင်းရဲသားများရဲ့ အကောင်းဆုံး
အရင်းအနှီး၊ ဥစ္စာစည်းစိမ် ဆင်းရဲလို့ အပါယ်မကျ။
ကိုယ်ကျင့်သီလ ဆင်းရဲမှ အပါယ်ကျသည်။

(မေတ္တာဖြင့် စီးပွားရှာခြင်း၊ စာ–၄၆)

* * *

**ကြီးပွားချမ်းသာမှု အဓိကအချက်**

လူတစ်ယောက် ကြီးပွားတိုးတက်အောင် ဂြိုဟ်တွေ၊
နက္ခတ်တွေ၊ ယတြာတွေက ပြုလုပ်မပေးနိုင်ပါဘူး။ စေတနာ
ကောင်းထားတဲ့ကံ၊ စူးစမ်းဝေဖန်တဲ့ဉာဏ်၊
အားထုတ်ကြိုးစားတဲ့ ဝီရိယ၊ ဒီသုံးပါးကသာ လူတစ်ယောက်
ကြီးပွားတိုးတက်အောင် ပြုလုပ်ပေးနိုင်တာပါ။

(မေတ္တာဖြင့် စီးပွားရှာခြင်း၊ စာ–၄၆)

* * *

"စိတ်တစ်ခုတည်းကို စောင့်ထိန်းလိုက်တာနဲ့ ကျန်တဲ့ သိက္ခာပုဒ်တွေက ဘယ်လိုလုပ်ပြီး ပါသွားတာလဲဘုရား"

"အသီးတစ်ရာအညှာတစ်ခုဆိုတဲ့ စကားလိုပေါ့ အမိုးရယ်၊ အညှာတစ်ခုကို ဆွဲလိုက်ရင် ကျန်တဲ့အသီးတွေ အကုန်ပါလာသလိုပါပဲ၊ သိက္ခာပုဒ်ပေါင်း ကုဋေကိုး ထောင်ကျော်ဟာ ကာယကံလို့ခေါ်တဲ့ ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ရယ်၊ ဝစီကံလို့ခေါ်တဲ့ နှုတ်ရယ်မှာ ဖြစ်ကြတာပါ။ ကိုယ်နဲ့ သိက္ခာပုဒ်တစ်ခု ကျူးလွန်ဖို့အတွက် စိတ်ကပဲ စကြရတယ်၊ ဥပမာ–ကိုယ်နဲ့သူတစ်ပါး ဥစ္စာကို ခိုးတော့မယ်ဆိုရင် ခိုးချင်တဲ့စိတ်က အရင်ဖြစ်ရတယ်၊ ပြီးမှ ကိုယ်နဲ့ ခိုးလို့ရတယ်''

(အရှုံးမရှိသောဒဿန စာ–၁၀၇–၁၀၈)

* * *

''သူကတော့ မိရိုးဖလာဗုဒ္ဓဘာသာ၊ သူကတော့တကယ့် ဗုဒ္ဓဘာသာဆိုတာကို ဘယ်လိုခွဲခြားပြီး သိနိုင်မလဲဘုရား''

''ဘာသာခြားနဲ့ အိမ်ထောင်ကျတဲ့အချိန်၊ တစ်ခြားဘာသာကရွှေငွေ ဥစ္စာ၊ ရာထူးများနဲ့ဆွဲဆောင် လာတဲ့အချိန်မှာ ဗုဒ္ဓဘာသာနှစ်မျိုးကို ခွဲခြားသိနိုင်ပါတယ်။ ဘာသာခြားနဲ့ အိမ်ထောင်ကျပြီဆိုရင်မိရိုး ဖလာဗုဒ္ဓဘာသာက ဘာသာခြားနောက်ကို တစ်ခါတည်း ပါသွားတယ်၊ တကယ့်ဗုဒ္ဓဘာသာကမပါဘူး။ ဘာသာခြား အိမ်ထောင်ဘက်ကိုပဲ မိမိဗုဒ္ဓဘာသာထဲကိုပါလာအောင် ဆွဲဆောင်စည်းရုံးနိုင်တယ်၊ တစ်ဘက်ဘာသာက ရွှေ ငွေဥစ္စာ၊ ရာထူးများနဲ့ ဆွဲဆောင်လာတဲ့အခါမိရိုးဖလာ ဗုဒ္ဓဘာသာက တစ်ခါတည်း ပါသွားတယ်၊ တကယ့် ဗုဒ္ဓဘာသာက မပါဘူး၊ အဲဒီလို ကွဲပြားတယ်''။

(အရှုံးမရှိသောဒဿန စာ–၁၀၄–၁၀၅)

* * *



www.burmeseclassic.com

www.burmeseclassic.com



ထုတ်နေတဲ့ ယောဂီများ အစာစားတဲ့အခါမှာ နှလုံးသွင်းနည်းလေး ဟောပြထားတာ ရှိပါတယ်။

အစာစားတဲ့အခါ ဘယ်လိုနှလုံးသွင်းရမလဲဆိုရင် သေသွားတဲ့ မိမိရင်သွေးတစ်ယောက်ရဲ့ အသားကို မတတ်သာလို့ စားရတဲ့ သဘောမျိုးစားကြရမယ်တဲ့ ယောဂီတို့။

ဗုဒ္ဓက ဥပမာပေးလိုက်တာက လင်မယားနှစ်ယောက်တို့ဟာ ရင်ခွင်ပိုက်သားလေးကိုခေါ်ပြီး သူတို့မြို့ရွာက ထွက်ပြေးကြရတယ်။ သူတို့ရဲ့ မြို့ရွာမှာ အင်မတန်ကြောက်စရာကောင်းတဲ့ ရောဂန္တရကပ် (အနာ ရောဂါဘေး) ကြီး ဆိုက်ရောက်လို့ လက်လွတ်ထွက်ပြေးကြရတယ်။

သဲကန္တာရကြီးတစ်ခုကို ထွက်ပြေးကြရတဲ့အခါ လူတွေနေတဲ့ ဒေသမရောက်ခင်မှာပဲ နုနယ်တဲ့ သူတို့သားလေးဟာ လမ်းမှာတွင် သေဆုံးသွားရှာတယ်။ အစာရေစာလည်း ဘာမှ စားစရာ မရှိတော့ဘူး။

ဒီအတိုင်းသာဆိုရင် မိခင်ဖခင်တို့နှစ်ယောက်ဟာလည်း သားလေးရဲ့ နောက်ကို လိုက်ပြီးတော့ သေကြရတော့မယ်။ အကယ်၍ သေသွားတဲ့ သားလေးရဲ့ အသားကိုစားပြီး ခရီးဆက်မယ်ဆိုရင်တော့ လူသူရှိတဲ့ရွာကို သူတို့ရောက်မှာပေါ့။

အဲဒီတော့ သူတို့ခမျာ သားကလည်းသေသွားပြီ။ သူတို့ပါ ဆက်အသေခံရင်တော့ အကျိုးနည်းရော့မယ်။ လူသူရှိတဲ့နေရာ အရောက်သွားနိုင်အောင် သားကလေးရဲ့ အသားကိုစားတော့မယ်ဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com



ရင်နဲ့အမျှ ချစ်ရတဲ့ မိမိတို့ရဲ့ သားကလေးရဲ့ အသားကို ရင်နာနာနဲ့ပဲ စားရတော့တယ်။ အဲဒီလိုစားပြီးတော့မှ လူသူရှိတဲ့ နေရာကို အရောက်သွားနိုင်ခဲ့ကြတယ်။

ယောဂီများ အခု အစားအစာကို စားသောက်တဲ့အခါမှာ အဲဒီလို နှလုံးသွင်းရမယ် ယောဂီတို့၊ ယောဂီတို့ရှေ့မှာရှိတဲ့ အစားအစာတွေကို မိမိရင်သွေးရဲ့ အသားလိုသဘောထားကြ။

ဒီခန္ဓာကြီးဆက်လက်ရပ်တည်နိုင်ပါစေခြင်း အကျိုးငှာ၊ မဂ်ဉာဏ်ဖိုလ်ဉာဏ် ရစေနိုင်တဲ့ တရားကိုနာကြားစေနိုင်ခြင်း၊ အားထုတ်နိုင်ပါစေခြင်း အကျိုးငှာ မတတ်သာလို့ စားရတဲ့ အနေမျိုးနဲ့ စားကြရမယ် ယောဂီတို့။

ယောဂီတို့ မြတ်စွာဘုရားရဲ့ အဓိက ရည်ရွယ်ချက်က တဏှာဆိုတဲ့ လောဘကိုလွှန်မြောက်နိုင်ဖို့ပဲ။ တဏှာဦးဆောင်တဲ့ ကိလေသာတွေ ကုန်ခမ်းသွားစေချင်တာဟာ ဗုဒ္ဓရဲ့ အဓိကရည်ရွယ်ချက်ကြီးဖြစ်တယ် ယောဂီတို့။

ဒါကြောင့် အစားအစာနဲ့ ပတ်သက်ရင် တဏှာကိလေသာ မပေါ်အောင် အခုလိုပဲ ဆင်ခြင်ပေးရမယ်။

သြော်–ငါတို့ ဒီအစာတွေကြောင့်သာလျှင် လောဘ၊ ဒေါသ၊ မောဟအစရှိတဲ့ ကိလေသာတွေ ပေါက်ဖွားတာ။ ဒီအစာတွေဟာ ရောဂါကိုလည်း ဖြစ်စေတယ်၊ ကိလေသာကိုလည်း ဖြစ်ပွားစေတဲ့ အရာတွေပဲ–လို့ အစားအစာပေါ်မှာ တဏှာမဝင်အောင် ဆင်ခြင်ရမယ် ယောဂီတို့။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖန် ယောဂီတို့ရဲ့ ပါးစပ်ထဲမှာ ဝါးနေတဲ့ အစာတွေကို ထွေးထုတ်ကြည့်လိုက်စမ်း။ ခွေးအန်ဖတ်လို အင်မတန်မှ ရွံစရာကောင်းတယ်။ အဲဒီလို ရွံစရာကောင်းတာကို လည်း မကြာခဏ ဆင်ခြင်ရတယ်။

ဩော်–ငါတို့ ပညာနဲ့ ဆင်ခြင်ပြီးတော့ မကြည့်တဲ့အခါ၊ သတိမထားတဲ့အခါ ထမင်းတွေ ဟင်းတွေ ပါးစပ်ထဲထည့်၊ ထွက်လာတဲ့ တံတွေးတွေက စိုစွတ်၊ သွားတွေက ကြိတ်ချေဝါး၊ ခွေးအန်ဖတ်လို ဖြစ်နေတဲ့ ဟာကိုမမြင်တော့ ငါတို့မှာလေ တပ်မက်တဲ့ တဏှာနဲ့ မျိုချလိုက်ရတာ။ အမှန်စင်စစ်တွေးမြင်ကြည့်လိုက်ရင် ရွံစရာကြီးပါလား'' လို့ စက်ဆုပ်ရွံရှာဖွယ်ရာကိုလည်း ဆင်ခြင်ပြီးတော့ အစားအစာကို သုံးဆောင်ရမယ်လို့ ဗုဒ္ဓက မှာခဲ့ပါတယ်။

ယောဂီတို့ အာရုံခြောက်ပါးရှိတယ်။ အဆင်း,အသံ,အနံ့, အရသာ,အတွေ့အထိ, အတွေးအာရုံ။ အဲဒီအာရုံခြောက်ပါးဟာ ရဟန္တာများလည်း ခံစားတယ်။ ပုထုဇဉ်များလည်း ခံစားတယ်။ ပုထုဇဉ်များကတော့ တရားမသိတဲ့အတွက် အာရုံခြောက်ပါးကို အပါယ်ရောက်ကြောင်းအနေနဲ့ ခံစားကြပါတယ်။ သောတာပန်,သကဒါဂါမ်စတဲ့ အရိယာပုဂ္ဂိုလ်များကတော့ ဒီအာရုံခြောက်ပါးကိုပဲ နိဗ္ဗာန်ရောက်ကြောင်း အနေနဲ့ ခံစားကြပါတယ်။

တကယ်တော့ အဲဒီအာရုံခြောက်ပါးဟာ ရုပ်တရားတွေဖြစ်တယ်။ အာရုံခြောက်ပါးဟာ ဒုက္ခသစ္စာ ထဲမှာပါတဲ့ အတွက်ကြောင့် မမြဲဘူးလို့သိရမယ့် တရားသာဖြစ်တယ်။ ပယ်သတ်ရမယ့် တရား



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး။ အာရုံခြောက်ပါးကို မှီပြီးတော့ ဖြစ်ပေါ်လာမယ့် တဏှာ သည်သာလျှင် ပယ်သတ်ရမယ့် သမုဒသစ္စာဖြစ်ပါတယ် ယောဂီတို့။

ဒါကြောင့် ယောဂီများလည်း အာရုံခြောက်ပါးနဲ့ တွေ့ကြုံတိုင်း မိမိအတွက် နိဗ္ဗာန်အဖြစ် အသုံးချတတ်မယ်။ အခု အစားအစာကို စားတဲ့အခါ နိဗ္ဗာန်ရောက်အောင် အသုံးချပုံ ချနည်းကို ဦးဇင်းက ဟောပြပေးမှာဖြစ်ပါတယ်။

အကျဉ်းချုပ်ကတော့ အာရုံခြောက်ပါးဆိုတာ မဖြဘူးလို့ သိရမယ့် ဒုက္ခသစ္စာသာဖြစ်ပါတယ်။ ပယ်သတ်ရမယ့် တရားမဟုတ်ပါဘူး။ ပယ်သတ်ရမယ့် တရားက သမုဒယသစ္စာ (တဏှာ) သာဖြစ်တယ်။

အခု ယောဂီတို့ ထမင်းလုပ်ကလေး လက်နဲ့ပြင်ပြီးတော့ ပါးစပ်ထဲထည့်လိုက်တယ်။ ထမင်းလုပ်ဟာ ရသာရုံ။ ယောဂီတို့ရဲ့ လျှာအလယ်က ဇိဝှါပသာဒ(လျှာအကြည်ရုပ်)။ သူတို့နှစ်ခု ထိတဲ့အခါမှာ စားသိစိတ်ကလေး ဖြစ်ပေါ်လာပါတယ်။

တကယ်တော့ အဲဒီစားသိစိတ်ကလေးဟာ ထမင်းလုပ်ထဲမှာလည်း မရှိပါဘူး။ ထို့အတူ ဇိဝှါပသာဒလို့ခေါ်တဲ့ လျှာအကြည်ရုပ်ထဲမှာလည်း မရှိပါဘူး။ သို့သော် ရသာရုံနဲ့လျှာအကြည်ရုပ် ထိတွေ့တဲ့အခါမှာ စားသိစိတ်ကလေးဟာ ထွက်ပေါ်လာပါတော့တယ်။

ယောဂီတို့ ရှင်းအောင် ဥပမာလေးပေးရရင် ကြေးစည်ရယ်၊ လက်ရိုက်တုတ်ရယ် ရှိတယ်။ ကြေးစည်ကိုလက်ရိုက်တုတ်နဲ့ ထိလိုက်တဲ့အခါ ကြေးစည်သံပေါ်လာတယ်။ သို့သော် အဲဒီကြေးစည်သံလေး



www.burmeseclassic.com

www.burmeseclassic.com



ဟာ လက်ရိုက်တုတ်မှာလည်းမရှိဘူး။ ကြေးစည်ထဲမှာလည်း မရှိဘူး။ ကြိုတင်ပြီးတော့ ရှိနေတဲ့အရာ မဟုတ်ဘူး။ ဒါပေမယ့် ကြေးစည်နဲ့ လက်ရိုက်တုတ်တွေ့လိုက်တဲ့အခါ ကြေးစည်သံဟာ ထွက်ပေါ်လာပါတယ်။ အမြဲမရှိဘူးဆိုတဲ့ အဓိပ္ပါယ်ပါပဲ ယောဂီတို့။

ထို့အတူ စားရင်းသိနေတဲ့ စားသိစိတ်ဟာ တရားနဲ့ မဆင်ခြင်တတ်ခင်က ယောဂီတို့က စားသိစိတ်ဟာ ငါ၊ ငါဟာစားသိစိတ်၊ စားသိစိတ်ကလေးဟာ ငါ့လျှာမှာ ငါ့ပါးစပ်မှာ အမြဲတမ်းရှိတယ်လို့ အယူမှားခဲ့တယ်။

အခု ဆရာကောင်းတွေ့တော့ ယောဂီများ အယူမှန်ကို တွေ့ရပါပြီ။ ဩော်–စားသိစိတ် နာမ်တရားဟာ လျှာထဲမှာလည်း ကြိုမရှိ၊ ရသာရုံထဲမှာလည်း ကြိုမရှိ။ လျှာနဲ့ ရသာရုံထိတွေ့လိုက်တဲ့အခါမှသာ ခဏဖြစ်၊ ခဏပျက်သွားတဲ့ နာမ်တရားလေးပါးလားလို့ ယောဂီတို့ သိလိုက်ရင် သစ္စာလေးပါး တစ်ခါတည်း ပါဝင်သွားပါတယ်။

အဲဒီမှာ ရသာရုံရယ်၊ လျှာအကြည်ရုပ်ရယ် ဆိုတာက ရူပက္ခန္ဓာ၊ ရုပ်တရား၊ သူတို့လည်းဖြစ်ပြီး ပျက်တယ်။ လျှာအကြည်ရုပ်ဟောင်း ချုပ်တဲ့နေရာမှာ ရုပ်သစ် အစားထိုးလဲလှယ်ပေးတယ်။ ဖြစ်တာပျက်တာ မြန်လွန်းအားကြီးတော့ ယောဂီတို့က လျှာအကြည်ရုပ်ကို မပျက်ဘူးလို့ထင်ကြတာပါ။ တကယ်တော့ ဖြစ်လိုက်ပျက်လိုက် ဒရစပ်ပါပဲ။ တစ်စက္ကန့်မှာ အကြိမ်ပေါင်း ကုဋေငါးထောင်ကျော် ဖြစ်ပြီးတော့ ပျက်သွားတာပါ။

စားသိစိတ် နာမ်တရားသည်လည်းပဲ လျှာအကြည်ရုပ်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



မှာပဲ တစ်စက္ကန့်လျှင် အကြိမ်ပေါင်း ကုဋေတစ်သိန်းဖြစ်ပြီး ပျက်သွားတာပါ။ စားသိစိတ်နဲ့ အတူဖြစ်တဲ့ စေတသိက်ခုနစ်လုံးထဲက ရသာရုံရဲ့ အရသာကို ခံစားတာက ဝေဒနာစေတသိက် (ဝေဒနာက္ခန္ဓာ) ပဲ ဖြစ်ပါတယ် ယောဂီတို့။

အဲဒီ ဝေဒနာစေတသိက် (ဝေဒနာက္ခန္ဓာ) ဟာလည်း ယောဂီတို့ လျှာထဲမှာလည်း ကြိုမရှိဘူး။ ရသာရုံထဲမှာလည်း ကြိုမရှိဘူး။ လျှာနဲ့ရသာရုံ တိုက်တဲ့ အခါမှသာလျှင် စားသိစိတ်ကဲ့သို့ ခဏခဏ ဖြစ်ပျက်နေတဲ့ နာမ်တရားဖြစ်တယ်။

ဒါကြောင့် ရသာရုံကို ငါခံစားတာလို့ အယူမမှားလိုက်ပါနဲ့။ ဝေဒနာက္ခန္ဓာ ခံစားတာပါ။ သူ့ဘာသာဖြစ်ပြီး သူ့ဘာသာ ပျက်သွားတာပါ။ ''ငါ'' လို့ တစ်ချက်မှားတာနဲ့ အပါယ်ရောက်မယ့် ကံတစ်ခု ဖြစ်ပေါ်သွားတာပါ။ ''ငါ'' မဟုတ်ဘူးလို့ သိလိုက်တာနဲ့ အပါယ် ပိတ်မယ့် ကံလည်းဖြစ်ပေါ်သွားပါတယ် ယောဂီတို့။

တစ်ခါ ငါစားတာသည် ကြက်သားဟင်းပဲ၊ ပေါ်ဆန်းမွှေးပဲ စသဖြင့် မှတ်သားတာဟာ သညာစေတသိက် (သညာက္ခန္ဓာ) ဟာလည်း ပဲ လျှာထဲမှာလည်း ကြိုမရှိဘူး။ ရသာရုံထဲမှာလည်း ကြိုမရှိဘူး။ လျှာနဲ့ရသာရုံတိုက်တဲ့ အခါမှသာ ခဏဖြစ်ပြီး ခဏပျက်သွားတဲ့ နာမ်တရားပါပဲ ယောဂီတို့။

ဒီအစာကို နှစ်ပန်းကန်, သုံးပန်းကန် ကုန်အောင်စားမယ်၊ ဝနေအောင် စားမယ်လို့တိုက်တွန်းနိုးဆော်တာဟာ စေတနာစေတသိက် (သင်္ခါရက္ခန္ဓာ) ဟာလည်း လျှာနဲ့ရသာရုံထဲမှာ ကြိုမရှိပါဘူး။ လျှာနဲ့



www.burmeseclassic.com

www.burmeseclassic.com



ရသာရုံတိုက်တဲ့ အခါမှသာ ခဏဖြစ်ပြီး ခဏပျက်သွားတဲ့ နာမ်တရားပါပဲ။

ဒါကြောင့် ယောဂီများဟာ မိရင် မိသလောက်မှတ်ပါ။ ဆွမ်းလုပ်တိုင်းကို မဆိုလိုပါဘူး။ ဆွမ်းလုပ်ကို ဝါးပြီးတော့ ကြိတ်ချေနေတဲ့ အချိန်မှာ သတိပညာနဲ့ ကပ်မိသလောက် ''ခန္ဓာငါးပါး အနိစ္စ'' လို့ ရှုလိုက်ရင် ဆွမ်းတစ်လုပ်ဟာ တစ်မဂ်တစ်ဖိုလ် ဖြစ်သွားနိုင်တယ် ယောဂီတို့။

ဆွမ်းတစ်လုပ်က တစ်မဂ် တစ်ဖိုလ်ဖြစ်သွားပုံ နမူနာတစ်ခု ပြောပြမယ်။ ယောဂီတို့စားနေတဲ့အချိန်မှာ ''ခန္ဓာငါးပါးအနိစ္စ'' လို့ ရှုလိုက်ရင် အဲဒီခန္ဓာတွေရဲ့ မမြဲမှုကို သိသွားတယ်။ မမြဲမှုကို သိတာဟာ ဒုက္ခသစ္စာကို သိတာပါပဲ။

ဒုက္ခသစ္စာဆိုတာ သိရမယ့်တရား၊ ဆင်းရဲတယ်၊ ဆင်းရဲတယ်ဆိုတာ မမြဲတာကို ပြောတာပါပဲ။ အဲဒီလို မမြဲမှုဒုက္ခသစ္စာကို သိရင် ဒီရုပ်နာမ် ခန္ဓာကို ထပ်မံလိုလားတဲ့ သမုဒယသစ္စာကို ပယ်ပြီး သားဖြစ်ပါတယ်။ အဲဒါ သမုဒယသစ္စာကို တစ်ခါတည်း ပယ်လိုက်တာ။

သမုဒယသစ္စာကို ပယ်လိုက်ပြီဆိုရင် ဒီအချိန်မှာ တဏှာဦးဆောင်တဲ့ ကိလေသာတွေ ငြိမ်းတယ်။ ခန္ဓာသစ်တွေသိမ်းတယ်။ အဲဒါ နိရောဓသစ္စာ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းဖြစ်တယ် ယောဂီတို့။

အဲဒီတော့ နိဗ္ဗာန်ကို မျက်မှောက်ပြုသော ဉာဏ်ဟာ မဂ္ဂသစ္စာပါပဲ။ ဒီတော့ ယောဂီတို့ ဆွမ်းတစ်လုတ်မှာ သစ္စာလေးပါးပါဝင်ပြီး မဂ်ဖိုလ်ကို တစ်ခါတည်း ရသွားနိုင်တယ်ဆိုတာ သိရမယ်။



www.burmeseclassic.com

www.burmeseclassic.com



ယောဂီတို့ နိဂုံးချုပ် ပြောလိုတာက ဆွမ်းတစ်လုတ်ကို မိမိအတွက် အကျိုးရှိအောင် စားလိုလျှင် တဏှာမဝင်စေဘဲ "ခန္ဓာငါးပါးအနိစ္စ" လို့ ရှုပွားပြီး ဘယ်အချိန်မှာပဲ စားစား၊ အစား အစာ သုံးဆောင်တိုင်း သုံးဆောင်တိုင်း ရသာရုံဆိုတဲ့ ရုပ်တရားကြီးကို မင်ဖိုလ်ရတဲ့အထိ အသုံးချနိုင်တဲ့ ပညာရှိသူတော်ကောင်းကြီးများ မုချမသွေဖြစ်ကြပါစေကုန်သတည်း။ ။

သာဓု–သာဓု–သာဓု

(စာဖတ်ပရိသတ်များ ဘေးရန်ကြောင့်ကြ ဆင်းရဲကင်း၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ၊ ကောင်းကျိုး လိုရာဆန္ဒပြည့်ဝကြပါစေ)။

မေတ္တာရှင် (ရွှေပြည်သာ)

(နောက်ဆက်တွဲ)

**ဆရာတော်အရှင်ဇဝန**

**မေတ္တာရှင် (ရွှေပြည်သာ) ၏ ဩဝါဒ, စာအမြုတေ**

**ကောင်းကွက်ကိုကြည့်**

မကောင်းကွက်ကိုသာ ကြည့်မည်ဆိုလျှင်
ပေါင်းနိုင်စရာပုဂ္ဂိုလ် မရှိ။
ကောင်းကွက်ကိုသာ ကြည့်မည်ဆိုလျှင်
မပေါင်းနိုင်စရာပုဂ္ဂိုလ် မရှိ။

* * *

**ဩည့်ဩင်ကြာင်းတော**

www.burmeseclassic.com

www.burmeseclassic.com



## စိတ်စင်ကြယ်စေနည်း

ရွှံ့ညွှန်သည် ရေကြောင့်ဖြစ်၏။
ရေကြောင့်ဖြစ်သော ရွှံ့ညွှန်ကို
စင်ကြယ်စေလိုလျှင်
ရေဖြင့်ပင် ပြန်ဆေးကြောရ၏။
ထို့အတူ ...
လောဘ၊ ဒေါသစသော ကိလေသာများသည်
စိတ်ကြောင့်ဖြစ်၏။
စိတ်ကြောင့်ဖြစ်သော
လောဘ၊ ဒေါသစသော ကိလေသာများ
စင်ကြယ်စေလိုလျှင်
စိတ် (ဝိပဿနာ) ဖြင့်ပင်
ပြန်လည် ဆေးကြောရ၏။

* * *

## လိမ်၍ ရေထော အရာ

ရဟန်းဖြစ်စေ၊ လူဖြစ်စေ သူတစ်ပါးကို မကြည်ညိုလျှင်
ကုသိုလ်မရရှိသာ ရှိမည်။
ကိုယ့်ကိုကိုယ် မကြည်ညိုလျှင်
အပါယ်ကျတတ်သည်။
အကြောင်းကား



www.burmeseclassic.com

www.burmeseclassic.com



သူတစ်ပါးကို လိမ်ညာ၍ ရသော်လည်း
မိမိကိုယ်မိမိ လိမ်ညာ၍ မရသောကြောင့်တည်း။

* * *

## နိဗ္ဗာန်ရောက်အောင် ဒါနပြုနည်း

မျှော်လင့်ချက်ဖြင့် ပေးကမ်းလျှင် အမြတ်ရဖို့ အရောင်း
အဝယ်လုပ်ခြင်းတစ်မျိုး ဖြစ်၏။ မျှော်လင့်ချက်မပါဘဲ
ပေးကမ်းလျှင် ကိလေသာကုန်ရာ နိဗ္ဗာန်ရဖို့ ဒါနပါရမီ
ဖြည့်ဆည်းခြင်း ဖြစ်၏။

(မေတ္တာဖြင့် စီးပွားရှာခြင်း၊ စာ ၇-၈)

* * *

## အလုပ်ရှင်ဖြစ်နည်း

အလုပ်သမားဟူသည် အလုပ်အပေါ်၊ စားသုံးသူအပေါ်၊ အလုပ်ရှင်လောက် ဘယ်သောအခါမျှ စေတနာထားလိမ့်မည် မဟုတ်ပေ။

ထိုသို့ စေတနာမထားသောကြောင့် အလုပ်ရှင်ဘဝသို့ မရောက်ဘဲ အလုပ်သမားဘဝနှင့် နေကြရခြင်းပင်ဖြစ်၏။ အကယ်၍ အလုပ်ရှင်၏ စေတနာမျိုးထားပြီး ကြိုးစားမည်ဆိုလျှင် နှစ်အနည်းငယ်အတွင်း အလုပ်သမားသည် အလုပ်ရှင် ဖြစ်လာပေလိမ့်မည်။

(မေတ္တာဖြင့် စီးပွားရှာခြင်း၊ စာ-၃၉)

* * *



www.burmeseclassic.com

www.burmeseclassic.com



**ဆင်းရဲထားတို့ အရင်းနှီး**

ကိုယ်ကျင့်သီလဆိုတာ ဆင်းရဲသားများရဲ့ အကောင်းဆုံး
အရင်းအနှီး။ ဥစ္စာစည်းစိမ် ဆင်းရဲလို့ အပါယ်မကျ။
ကိုယ်ကျင့်သီလ ဆင်းရဲမှ အပါယ်ကျသည်။
(မေတ္တာဖြင့် စီးပွားရှာခြင်း၊ စာ-၄၆)

* * *

**ကြီးပွားချမ်းထာမှု အဓိကအချက်**

လူတစ်ယောက် ကြီးပွားတိုးတက်အောင် ဂြိုဟ်တွေ၊
နက္ခတ်တွေ၊ ယတြာတွေက ပြုလုပ်မပေးနိုင်ပါဘူး။ စေတနာ
ကောင်းထားတဲ့ကံ၊ စူးစမ်းဝေဖန်တဲ့ဉာဏ်၊
အားထုတ်ကြိုးစားတဲ့ ဝီရိယ၊ ဒီသုံးပါးကသာ လူတစ်ယောက်
ကြီးပွားတိုးတက်အောင် ပြုလုပ်ပေးနိုင်တာပါ။
(မေတ္တာဖြင့် စီးပွားရှာခြင်း၊ စာ-၄၆)

* * *

"စိတ်တစ်ခုတည်းကို စောင့်ထိန်းလိုက်တာနဲ့ ကျန်တဲ့ သိက္ခာပုဒ်တွေက ဘယ်လိုလုပ်ပြီး ပါသွားတာလဲဘုရား"

"အသီးတစ်ရာအညှာတစ်ခုဆိုတဲ့ စကားလိုပေါ့ အမိုးရယ်၊ အညှာတ်ခုကို ဆွဲလိုက်ရင် ကျန်တဲ့အသီးတွေ အကုန်ပါလာသလိုပါပဲ၊ သိက္ခာပုဒ်ပေါင်း ကုဋေကိုး ထောင်ကျော်ဟာ ကာယကံလို့ခေါ်တဲ့ ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ရယ်၊ ဝစီကံလို့ခေါ်တဲ့ နှုတ်ရယ်မှာ ဖြစ်ကြတာပါ။ ကိုယ်နဲ့ သိက္ခာပုဒ်တစ်ခု ကျူးလွန်ဖို့အတွက် စိတ်ကပဲ စကြရတယ်၊ ဥပမာ–ကိုယ်နဲ့ သူတစ်ပါး ဥစ္စာကို ခိုးတော့မယ်ဆိုရင် ခိုးချင်တဲ့စိတ်က အရင်ဖြစ်ရတယ်၊ ပြီးမှ ကိုယ်နဲ့ ခိုးလို့ရတယ်''

(အရှုံးမရှိသောဒဿန စာ–၁၀၇–၁၀၈)

* * *

''သူကတော့ မိရိုးဖလာဗုဒ္ဓဘာသာ၊ သူကတော့တကယ့် ဗုဒ္ဓဘာသာဆိုတာကို ဘယ်လိုခွဲခြားပြီး သိနိုင်မလဲဘုရား''

''ဘာသာခြားနဲ့ အိမ်ထောင်ကျတဲ့အချိန်၊ တစ်ခြားဘာသာက ရွှေငွေ ဥစ္စာ၊ ရာထူးများနဲ့ဆွဲဆောင် လာတဲ့အချိန်မှာ ဗုဒ္ဓဘာသာနှစ်မျိုးကို ခွဲခြားသိနိုင်ပါတယ်။ ဘာသာခြားနဲ့ အိမ်ထောင်ကျပြီဆိုရင် မိရိုး ဖလာဗုဒ္ဓဘာသာက ဘာသာခြားနောက်ကို တစ်ခါတည်း ပါသွားတယ်၊ တကယ့်ဗုဒ္ဓဘာသာကမပါဘူး။ ဘာသာခြား အိမ်ထောင်ဘက်ကိုပဲ မိမိဗုဒ္ဓဘာသာထဲကိုပါလာအောင် ဆွဲဆောင်စည်းရုံးနိုင်တယ်၊ တစ်ဘက်ဘာသာက ရွှေ ငွေဥစ္စာ၊ ရာထူးများနဲ့ ဆွဲဆောင်လာတဲ့အခါ မိရိုးဖလာ ဗုဒ္ဓဘာသာက တစ်ခါတည်း ပါသွားတယ်၊ တကယ့် ဗုဒ္ဓဘာသာက မပါဘူး။ အဲဒီလို ကွဲပြားတယ်''။

(အရှုံးမရှိသောဒဿန စာ–၁၀၄–၁၀၅)

* * *



www.burmeseclassic.com

www.burmeseclassic.com



သန်း။ ။ အံ့ဩစရာပါပဲ ဘုရား၊ တပည့်တော်တို့မှာဖြင့် ဈာန်မဂ်ဖိုလ်ကို အသာထားလို့၊ တစ်နာရီခွဲကျော်အောင် တရားထိုင်နိုင်ရင်ပဲ သူတစ်ပါးကို လှည့်ကြွားရတာမောနေပြီ၊ တပည့်တော်တို့ သူတော်ကောင်းဘဝရောက်အောင် တော်တော်ကြိုးစားရဦးမှာပဲဘုရား။

နုပ်။ ။ ကြိုးစားရင် ဘုရားတောင် ဖြစ်နိုင်တာပဲ၊ တကယ့်သူတော်ကောင်းတွေရဲ့ အလေ့အထတစ်ခုကို ပြောပြဦး မယ်။

သန်း။ ။ မှန်ပါ၊ အမိန့်ရှိပါဦး ဘုရား။

(ဂမ္ဘီရဝိပဿနာ ၁+၂၊ စာ-၃၁)

* * *

**ထူးတော်ထောင်းတူထည်**

ရယူခြင်းနှင့် ပေးဆပ်ခြင်းတို့တွင် ပေးဆပ်ခြင်း၌ ပျော်မွေ့သူသည် သာတကယ့်သူတော်ကောင်းဖြစ်သည်။

* * *

ရယူခြင်း၌ ပျော်မွေ့ခြင်းဟူသည် သမုဒယသစ္စာတဏှာကို သိမ်းပိုက်ထားခြင်းပင် ဖြစ်၏။ ပေးဆပ်ခြင်း၌ ပျော်မွေ့ခြင်းဟူသည် သမုဒယသစ္စာ တဏှာကို အကျင့်ဖြင့်ပယ်သတ်ခြင်းပင် ဖြစ်၏။

ဘဝသံသရာတစ်လျှောက်တွင် ရယူခြင်း၌ ပျော်မွေ့ခဲ့သူများသည် အောက်တန်းစားများဖြစ်လာရပြီး ပေးဆပ်ခြင်း၌ ပျော်မွေ့သူများသည် အထက်တန်းစားများ ဖြစ်လာကြ၏။

အောက်တန်းစားများဟူသည် အပါယ်ဘုံ သားများဖြစ်ပြီး၊



www.burmeseclassic.com

www.burmeseclassic.com



လူဖြစ်သော်လည်း ဆင်းရဲမွဲတေသူများကို ဆိုလိုခြင်းဖြစ်၏။ အထက်တန်းစားများဟူသည် လူဖြစ်သော်လည်း ချမ်းသာကြွယ်ဝသူများ၊ ထိုမှတစ်ဆင့် ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာဖြစ်သွားသူများကို ဆိုလိုခြင်းဖြစ်၏။

(မေတ္တာဖြင့် စီးပွားရှာခြင်း၊ စာ ၁၀-၁၁)

* * *

## အထာစ်လမ်းစဉ်နှင့် အနာခံလမ်းစဉ်

အရှင်ဒေဝဒတ်သည် အရာရာ၌ အသာချည်းစံခဲ့၏။ အသာစံခြင်း ဝါဒကိုတည်ထောင်ခဲ့သော အရှင်ဒေဝဒတ်သည် ယခုအခါ အဝီစိငရဲကျရောက်နေရပြီ ဖြစ်၏။ ထို့အတူ အသာစံခြင်းဝါဒကို ကျင့်သုံးသူမှန်သမျှသည် အရှင်ဒေဝဒတ်နောက်သို့ လိုက်ကြရမည်ဖြစ်၏။

ဗုဒ္ဓသည် အရာရာ၌ အနာခံခဲ့၏။ အနာခံခြင်း ဝါဒကိုတည်ထောင်ခဲ့သော ဗုဒ္ဓသည် ယခုအခါ နိဗ္ဗာန်သို့ရောက်နေပြီဖြစ်၏။ ထို့အတူ အနာခံခြင်းဝါဒကို ကျင့်သုံးသူမှန်သမျှသည် ဗုဒ္ဓနောက်သို့ လိုက်ကြရမည် ဖြစ်၏။ သစ္စာစကားဖြင့် ပြောလျှင်အသာစံခြင်းသည် ''သမုဒယသစ္စာ'' ခေါ် တဏှာကို သိမ်းပိုက်ထားခြင်းဖြစ်၏။

အနာခံခြင်းသည် သမုဒယသစ္စာခေါ် တဏှာကိုစာတွေ့မဟုတ်ဘဲ ငါတွေ့အလုပ်ဖြင့် ပယ်သတ်ခြင်းဖြစ်၏။ ထို့ကြောင့် နိဗ္ဗာန်ချမ်းသာကို ရလိုသူမှန်သမျှ အနာခံခြင်းဝါဒကို ကျင့်သုံးရမည် ဖြစ်၏။

(မေတ္တာဖြင့် စီးပွားရှာခြင်း (စာ-၂၃-၂၄)

* * *



www.burmeseclassic.com

www.burmeseclassic.com



ယခုခေတ် တရားပြဆရာအများစုနှင့် ယောဂီအများစုသည် ဝေဒနာကို ကုန်ခမ်းအောင်ပယ်ရမည့် တရားဟုယူဆထားကြ၏။ ထိုအယူအဆအတိုင်း ဟောပြောကြ၏။ ထိုအယူအဆအတိုင်း တရားထိုင်ကြ၏။ ကြာကြာ ဖိထိုင်လာသောအခါ ခတ်လေးပါး ဖောက်ပြန်ပြီး မခံသာသော ဒုက္ခဝေဒနာများပေါ်လာ၏။ တရားပြအများစုက ထိုဒုက္ခဝေဒနာများ ကုန်အောင်ထိုင်ရမည်၊ မကုန်မချင်း မထရ၊ မပြင်ရဟု အမိန့်ပေးကြ၏။

(သညာသိနှင့် ပညာသိ စာ-၁၉)

* * *

မရှိတဲ့တရားတွေကို ရှိတယ်လို့ အထင်မှားတာဟာ မောဟပါပဲ။ ဒီမောဟကလည်း သူတို့သေတဲ့အခါ တိရစ္ဆာန်ဘုံကို ဆွဲမချနိုင်ပါဘူးလို့ ဆရာတော်ဟောခဲ့ပါတယ်။ တပည့်တော်သိချင်တာက အတ္တဒိဋ္ဌိ ကိလေသာ သေသွားရုံနဲ့ အပါယ်တံခါးဘာကြောင့် ပိတ်သွားရတာလဲ ဆိုတာကို သိချင်တာပါဘုရားဟု မေးလျှောက်လာ၏။

(သညာသိနှင့် ပညာသိ စာ-၃၉၇)

တရားရှာသူ ယောဂီတိုင်း ခံယူထားရမည့်မှာ ဝိပဿနာတရား နာကြားခြင်း ရှုပွားခြင်းကို မပြတ်လုပ်နေရမည်မှာ ယောဂီ၏



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ဖြစ်သည်။ အချိန်တန်၍ ဆိုင်ရာကိလေသာကို ပယ်သတ်ပြီး မဂ်ဖိုလ်ရဖို့ရာသည် တရား၏ အလုပ်ဖြစ်သည်။ အဘယ်ပုဂ္ဂိုလ်သည် အဘယ်မဂ်ကို ရပြီဟူ၍ အတိအကျ ဆုံးဖြတ်ပေးနိုင်ခြင်းသည် ဘုရား၏ အလုပ်ဖြစ်သည်ဟူ၍ဖြစ်၏။

(သညာသိနှင့် ပညာသိ စာ-၁၂၀)

* * *



www.burmeseclassic.com

www.burmeseclassic.com

# စုန်လမ်းနှင့် ဆန်လမ်း

မေတ္တာရှင် (ရွှေပြည်သာ)

"ဘာလို့ ငရဲကျတုန်း"
"တပည့်တော် ဘုရားပစ္စည်းတွေ၊
ကျောင်းပစ္စည်းတွေ စားခဲ့ပါတယ်ဘုရား...
ဒါကြောင့် ငရဲကျတာပါဘုရား၊..."

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



# စုန်လမ်းနှင့် ဆန်လမ်း

သာသနာတော်နှစ် ၂၅၄၈ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၆ ခုနှစ်၊ တန်ခူးလဆန်း (၄) ရက်၊ (၁၂-၄-၂၀၀၅) တနင်္လာနေ့တိုင်း။ မြိတ်မြို့နယ်၊ ကျောက်ဖြူတောင်ရွာ၊ သစ်ညီနောင် ရွှေပြည်သာစမ္ပရိပ်သာကြီးအတွင်းမှ ဦးစိုးကြီး+ဒေါ်ညွန့်ရီ မိသားစုများက ဆရာတော်အား သိက္ခာထပ်၊ ရဟန်းခံ၊ သီလရှင်ဝတ်၊ (၄၇) သိန်းတန်ကျောင်းဆောင်သစ်တစ်ဆောင်၊ ကျမ်းစာအုပ်များ၊ ရန်ကုန်မြို့ရှိ မန္တလေးကျောင်းအတွက် အသံဖမ်းစက်တစ်လုံး လှူဒါန်းခြင်းရေစက်ချအလှူတရားပွဲတွင် ဟောကြားအပ်သော ''စုန်လမ်းနှင့် ဆန်လမ်း'' တရားတော်။

အဲဒီလမ်း (၂) လမ်းမှာ များသောအားဖြင့် လူသားတွေဟာ စုန်လမ်းကိုအလိုက်များကြတယ်။ ဆန်လမ်းကို သိပ်ပြီးတော့မလိုက်ဘူး။

စုန်လမ်းဆိုတာ အကုသိုလ်လမ်း၊ ဆန်လမ်းဆိုတာ ကုသိုလ်လမ်း။ ရေစုန်ဟာ သိပ်သက်သာတာ။ ဘာမှလှော်စရာခတ်စရာမလိုဘူး။



www.burmeseclassic.com

www.burmeseclassic.com



အသာလေးလှေပေါ်ထိုင်လိုက်သွားရင် ပါသွားတာပဲ။ ဒါပေမယ့်လို့ စုန်လမ်းရဲ့ နောက်ဆုံးပန်းတိုင်က သမုဒ္ဒရာထဲရောက်ပြီးတော့ လှိုင်းတွေ၊ ဝဲတွေရိုက်ပြီးတော့ ရေနစ်ပြီးသေရတယ်။

ရေဆန်ကျတော့ ကူးခတ်ရတာလည်းပင်ပန်းတယ်။ လှေကိုလည်း လှော်ထွက်မတတ်လှော်ရတယ်။ သိပ်ပင်ပန်းပါတယ်။ ဒါပေမယ့်လို့ ဆန်လမ်းရဲ့ နောက်ဆုံးပန်းတိုင်က–

ရေသည် မြင့်ရာကနေ နိမ့်ရာကိုစီးဆင်းတဲ့အတွက်ကြောင့် ဆန်လမ်းရဲ့ အဆုံးကျတော့ ရေတွေစတင်စီးဆင်းရာ တောင်ထိပ်ကမ်းပါးပေါ်ရောက်သွားတယ်။ ရေတံခွန်အပေါ်ဆုံး ရောက်သွားတာပေါ့။

အဲဒီကျတော့ သာယာလှပတဲ့ရှုခင်းတွေကို တောင်ပေါ်ကနေ ကြည့်ခွင့်ရမယ်။ ဒါက ဥပမာပေးလိုက်တာပေါ့။

ပရိသတ်တို့ရေ စုန်လမ်းဆိုတာ အကုသိုလ်လမ်းကိုပြောတာ။ အင်မတန်မှလွယ်ကူတယ်။ ဆိုကြပါစို့–

အရက်သောက်ဖို့ ဘာမှမခဲယဉ်းဘူး။ အရက်သမားတွေပေါ လိုက်တာ။ အရက်သောက်ဖို့ သင်တန်းတက်စရာမလိုဘူး။ ဖဲရိုက်ဖို့၊ နှစ်လုံး သုံးလုံးကစားဖို့၊ လောင်းကစားလုပ်ဖို့ ဘာမှပင်ပန်းစရာမလိုဘူး။ တအားပေါတာ၊ ချဲသမားတွေ အများကြီးပဲ၊ ဒါစုန်လမ်းကိုပြောပြနေတာ လွယ်ကူပုံ။

အပါယ်ကျမယ့်လမ်းတွေ ဘယ်လောက်လွယ်သလဲ အပျော်အပါး မိန်းမတွေလိုက်စားဖို့ ဘာမှသင်တန်းတက်စရာမလိုဘူး။ လွယ်လွယ်လေးပဲ အကုသိုလ်အလုပ်တွေက အပါယ်ကျမယ်လေ။ ဒါ စုန်လမ်းခေါ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကုသိုလ်လမ်းက ဆန်လမ်းပဲ။ ဒါနပြုကြတယ်။ သီလဆောက်တည်ကြတယ်။ ဘာဝနာပွားကြတယ်။ အဲဒါဆန်လမ်း။ လူတိုင်း မလုပ်နိုင်ဘူး။ ခဲယဉ်းတယ်။

အဲဒီဆန်လမ်းရဲ့ နောက်ဆုံးပန်းတိုင်က လူချမ်းသာလည်းရမယ်။ နတ်ချမ်းသာလည်းရမယ်။ မိမိက ဆုတောင်းတတ်ပြီးတော့ ဝိပဿနာတရားတွေ နာကြားရှုပွားမယ်ဆိုရင် နိဗ္ဗာန်ချမ်းသာထိပို့ပေးမယ်။ အဲဒါဆန်လမ်းပဲ။

တခြားပုဂ္ဂိုလ်များ မဆိုထားနဲ့၊ လင်မယားပင်ဖြစ်စေကာမူ လမ်းသွားတာခြင်းမတူရင် ကုသိုလ်လမ်းနဲ့ အကုသိုလ်လမ်း လျှောက်လှမ်းပုံခြင်းမတူရင် ရောက်တဲ့ဘုံဌာနချင်းလည်း တူမှာမဟုတ်ပါ ဘူး။ အဲဒါနဲ့ ပတ်သက်ပြီးတော့ ပုံစံတစ်ခု ထုတ်ပြမှာပေါ့။

ဗာရာဏသီပြည်မှာ နန္ဒိယနဲ့ ရေဝတီဆိုတဲ့လင်မယားနှစ်ယောက်ရှိတယ်။ နန္ဒိယကဆန်လမ်း လျှောက်တဲ့ပုဂ္ဂိုလ်။ ရေဝတီက စုန်လမ်းလျှောက်တဲ့ပုဂ္ဂိုလ်။ သူတို့မရခင်စပ်ကြားတုန်းက နန္ဒိယဟာ အင်မတန်လိမ္မာတဲ့ လူလိမ္မာလေးတစ်ယောက်ဖြစ်တယ်။

မိဘနှစ်ပါးကို လုပ်ကိုင်ကျွေးမွေး၊ စီးပွားရေးကိုလည်းရှာတယ်။ ကုသိုလ်လည်းရှာတယ်။ စီးပွားရေးလည်းရှာတယ်။ ဒီပုဂ္ဂိုလ်များကို လူ့ပရမတ္တလို့ခေါ်တယ်။

ယောဂီတို့ရေ လူ (၄) မျိုးရှိတယ်။ တရားနာရင်းနဲ့ ဒုလ္လဘဦးဇင်းများလည်း စဉ်းစား။ ငါတို့ဟာ တရားမနာခင်အချိန်တုန်းက ဘယ်လူထဲမှာ ပါသလဲ? ကိုယ့်ကိုယ်ကိုစစ်ပါ။

လူ (၄) မျိုး–



www.burmeseclassic.com

www.burmeseclassic.com



(၁) လူ့ငရဲသား

(၂) လူ့တိရစ္ဆာန်

(၃) လူ့ပြိတ္တာ

(၄) လူ့ပရမတ္တ

အမိပွါယ်လေးနားထောင်ပါ။

(၁) "လူ့ငရဲသား" ဆိုတာ ငရဲကျသွားရင်လေ အဲဒီပုဂ္ဂိုလ်များဟာ ဆင်းရဲတွေကို ဆက်တိုက်ခံစားရတယ်။ နားချိန်မရှိဘူး။ ငရဲ (၈) ထပ်ရှိတယ်။ လူ့ပြည်နဲ့ အနီးဆုံးငရဲကို သိဉ္ဇိုင်းငရဲခေါ်တယ်။

လူ့ပြည်ကနေပြီးတော့ ယူဇနာတစ်သောင်းငါးထောင်ဝေးတဲ့ အရပ်မှာရှိတယ်။ တစ်ယူဇနာမှာ မိုင်အားဖြင့် ရှစ်မိုင်ရှိတယ်။ သိဉ္ဇိုင်းငရဲဟာ သက်တမ်းအတိုဆုံးပေါ့။ ကျန်တဲ့ငရဲတွေက သက်တမ်းရှည်, ရှည်သွားတယ်။

ငရဲကိုကျသွားပြီဆိုရင် ငရဲခံရမယ့် ငရဲသားရဲ့ ခန္ဓာကိုယ်ကြီးဟာ ခြောက်မိုင်လောက်ကြီးမားတဲ့ ခန္ဓာကိုယ်ကြီးဖြစ်သွားတယ်။ ဘာဖြစ်လို့ ကြီးသွားသလဲတဲ့။ သူ့ကိုဓားနဲ့ခုတ်၊ လှံနဲ့ထိုးကြတဲ့အခါမှာ မလွတ်အောင်ပေါ့။ စိတ်ကြိုက်ခုတ်လို့၊ ထိုးလို့ရအောင် အကုသိုလ်ကံက သူ့ရဲ့ခန္ဓာကိုယ်အကြီးကြီးလုပ်ပေးလိုက်တယ်။

ပြီးတော့ ဓားနဲ့ခုတ်တဲ့အခါမှာ လှံတွေနဲ့ထိုးကြတဲ့အခါမှာ ပိုပြီးတော့နာကျင်အောင် အကုသိုလ်ကံတွေက သူ့ရဲ့ခန္ဓာတစ်ကိုယ်လုံးကို အသားနုတွေဖြစ်အောင် လုပ်ပေးလိုက်တယ်။

အသားနုဆိုရင် ထိရင်ပိုနာတယ်လေ။ ပိုနာအောင် အ



www.burmeseclassic.com

www.burmeseclassic.com



ကုသိုလ်က ဖန်တီးပေးတာ။ သိပ်ကြောက်ဖို့ကောင်းတယ်။ ရောက်လာတဲ့ငရဲသားကြီးကို နှိပ်စက်မယ့်ငရဲကောင်များက ပက်လက်လှန်လိုက်တယ်။

ပက်လက်လှန်ပြီးတော့ ထန်းသီးလုံးပမာဏရှိတဲ့ သံမှိုကြီး (၅) ချောင်းနဲ့ ငါးနေရာရိုက်တယ်။ ရင်ဘက်မှာ တစ်ချက်ရိုက်တယ်။ မြေကြီးနဲ့ကပ်ပြီးတော့ မလှုပ်နိုင်အောင်ပေါ့။

လက်ကြီးကားထားပြီးတော့ လက်နှစ်ဖက်မှာ တစ်ချက်စီရိုက်။ ခြေထောက်ကားပြီးတော့ ခြေထောက်နှစ်ဖက်မှာ တစ်ချက်စီရိုက်တော့ လှုပ်လို့မရတော့ဘူး။

အဲဒီအချိန်ကျမှ ငရဲကောင်တွေက အဲဒီငရဲသားကို လွှတွေနဲ့ဖြတ်ကြတယ်။ လှံတွေနဲ့ထိုးကြတယ်။ ဓားတွေနဲ့ ခုတ်ကြတယ်။ ပုဆိန်တွေနဲ့ခုတ်ကြတယ်။ ဟာ. . . အော်ဟစ်ဆူညံသွေးတွေလည်း ပေကျံလို့။

အဲဒီလို အခုတ်အထစ်ခံရတာ သေလည်းမသေရဘူး။ ဘယ်လောက်ကြောက်စရာကောင်းတဲ့ အကုသိုလ်လဲလို့။ သေသွားရင် တော်သေးတယ်။ မသေရဘူး။ အကုသိုလ်ကံက အဲဒီ သိဗ္ဗိုင်းငရဲရောက်သွားရင် နှစ်ပေါင်းလူ့သက်နဲ့တွက်ရင် အနှစ်ကိုးသန်း ဆက်တိုက်ခံရတယ်။ မနားရဘူး။

စဉ်းစားကြည့်စမ်း ပရိသတ်တို့၊ အဲဒီငရဲသားအနေနဲ့ ဒီလိုငရဲခံနေတဲ့အချိန်အတွင်းမှာ ဒါန၊ သီလ၊ ဘာဝနာကုသိုလ်တွေ လုပ်ခွင့်ရရဲ့လား (လုပ်ခွင့်မရပါဘူးဘုရား)



www.burmeseclassic.com

www.burmeseclassic.com



ဒီအတိုင်းပါပဲ တချို့လူသားတွေဟာ လူတော့လာဖြစ်တယ်။ ဒါပေမယ့်လို့ ဘာသာရေးလည်း ဘာမှမသိ။ ကိုယ့်အဘိုး၊ အဘွား၊ အဖေ၊ အမေတွေက ဗုဒ္ဓဘာသာဝင်လိုက်ရတယ်။ ဘာမှ စာပေလည်း မဖတ်၊ တရားလည်းမနာ၊ ပညာရှိထံ မမေးမြန်းတော့ ဘာမှမသိဘူး ပေါ့။

အဲတော့ သူ ဘာလုပ်လဲ?

ဟာ . . . ငါတို့ လူ့ဘဝ အနှစ်သာရဆိုတာ စီးပွားဥစ္စာ ရွှေ ငွေတွေပဲဆိုပြီးတော့ တစ်သက်လုံးရှာနေတယ်နော် . . . ဒီလိုပုဂ္ဂိုလ် တွေ အများကြီးရှိပါတယ်။

အခု ပုဂ္ဂိုလ်တွေပိုဆိုးပေါ့။ အဲလိုရှာဖွေတဲ့အခါမှာ မကောင်း တဲ့ နည်းနဲ့ စီးပွားရှာတယ်။ သူများအသက်သတ်ပြီးတော့ စီးပွားရှာ တယ်။ သူများဥစ္စာခိုးပြီးတော့ စီးပွားရှာတယ်။ သူများကို လိမ်ညာ ပြီးတော့ စီးပွားရှာတယ်။

ဒီတော့ ဥပဒေနဲ့ ငြိပြီးတော့ ဟော . . . ထောင်ကျရော။ ထောင်ကျတော့ ရဲဘက်စခန်းပို့။ ထောင်သားများ၊ ရဲဘက်စခန်းက ပုဂ္ဂိုလ်များဟာ ဖြေကြည့်စမ်း သူတို့ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ် တွေ လုပ်ခွင့်ရရဲ့လား (လုပ်ခွင့်မရပါဘူးဘုရား)

ဟော . . . ငရဲသားတွေနဲ့ သွားမတူဘူးလား (တူပါတယ် ဘုရား) အေး . . . ဒါကြောင့် အဲဒီပုဂ္ဂိုလ်များကို မှတ်လိုက်စမ်း 'လူ့ ငရဲသား'။ ဘယ်လိုခေါ်တုံး (လူ့ငရဲသားပါဘုရား) အေး . . မှတ်ခဲ့ . မှတ်ခဲ့ . . ကိုယ်မဖြစ်အောင် ကြိုးစား။

* * *



www.burmeseclassic.com

www.burmeseclassic.com



၂။ "လူ့တိရစ္ဆာန်"

တိရစ္ဆာန်ဆိုတာ အိပ်တယ်၊ စားတယ်၊ ကာမဂုဏ်ခံစားတယ်။ ဒါန၊ သီလ၊ ဘာဝနာ ဘာမှမလုပ်ဘူး။ ထို့အတူပဲ တချို့လူသားဟာ စီးပွားရေးတော့ရှာလိုက်တာ သိန်းပေါင်းရာနဲ့ ထောင်နဲ့ သောင်းနဲ့ချီပြီးတော့ ချမ်းသာတယ်။ ဒါပေမယ့် သူ ဘာလုပ်သလဲ?

အိပ်တယ်၊ စားတယ်၊ ကာမဂုဏ်ခံစားတယ်။

ဒါန၊ သီလ၊ ဘာဝနာတစ်ခုမှမလုပ်ဘူး။ လုပ်ချင်စိတ်လည်း မရှိဘူး။ အဲဒီလိုနဲ့ သေသွားတယ်ပေါ့။ အဲလိုလူစားမျိုးဟာ ဗုဒ္ဓက လူအစစ် မဟုတ်ပါဘူးတဲ့။ လူ့တိရစ္ဆာန်တဲ့။

၃။ "လူ့ပြိတ္တာ"

ပြိတ္တာဆိုတာ တဘွေ၊ သရဲ၊ မှင်စာ၊ ဥစ္စာစောင့် အားလုံးဟာ ပြိတ္တာထဲမှာပါတယ်။ အဲဒီပြိတ္တာတွေဟာလေ သူတို့ရဲ့ ဝမ်းရေးလေးကို တစ်သက်လုံးရှာရတာ။ ဘယ်တော့မှလည်း မဝဘူး။

လူတွေထွေးတဲ့ တံတွေးတွေ၊ နှပ်တွေ၊ သလိပ်တွေလျှောက်ကောက်စားရတယ်။ ဝလည်းမဝဘူး။ ဝမ်းရေးလေးကို ရှာစားရင်းနဲ့ သေသွားကြတယ်။ ဘာကုသိုလ်မှလုပ်မသွားနိုင်ဘူး။

ထို့အတူပဲ တချို့လူသားတွေကျ ဆင်းရဲလိုက်တာ။ ဘာကုသိုလ်မှ မလုပ်နိုင်ဘူး။ ဒီဝမ်းလေးရှာစားပြီးတော့ သေသွားကြရတယ်။ အဲဒီလူသားမျိုးကို လူ့ပြိတ္တာတဲ့။

၄။ "လူ့ပရမတ္ထ"

လူ့ပရမတ္ထဆိုတာ စီးပွားရေးကို သမ္မာအာဇီဝကျကျပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ကောင်း တဲ့နည်းတဲ့ အပြစ်ကင်းတဲ့အလုပ်နဲ့ လူတန်းစေ့နေနိုင်အောင် ရှာဖွေ တယ်။ ဒါတင်ဘဲလား မပြီးသေးဘူး။

ဩော် . . . ဒီစီးပွားဥစ္စာတွေ ငါတို့တစ်ဘ၀တာသုံးရတာ။ သံသရာမပါဘူး။ သံသရာမှာက ဒါန၊ သီလ၊ ဘာ၀နာ ကုသိုလ်တရား တွေပဲ ပါတာ။ စီးပွားရေး၊ ကုသိုလ် ရေးနှစ်မျိုးလုံး ကြိုးစားတယ်။ စီးပွား ရေးရော၊ ကုသိုလ်ရေးရော နှစ်မျိုးလုံး ကြိုးစားနိုင်တဲ့ လူသားက လူ့ ပရမတ္ထ။ ဘယ်လိုလူတဲ့တုန်း။ (လူ့ပရမတ္ထပါဘုရား)

ယခုလို ကျောင်းအလှူဒါနဟာ အင်မတန်မှ အကျိုးအာနိသင် ကြီးမားပါတယ်။ ကောင်းကျိုးရတဲ့သာဓကနှစ်ခုပြောပြမယ်။ ပထမတစ် ခုက ပန်းဒကာကို တင်မြင့်တဲ့။

သူက စာရေးဆရာပေါ့။ မြစ်ကြီးနားမှာ အိမ်ငှားနဲ့နေရတယ်။ ဒကာကြီးက စက်ချုပ်တယ်။ နောက်တော့ ငွေလေးစုဆောင်းမိတော့ စာအုပ်လေးပါ အရောင်းအ၀ယ်လုပ်တယ်။ နို့ဆီလည်း အရောင်းအ၀ယ် လုပ်တယ်။

သူက လူ့ပရမတ္ထဆိုတော့ စီးပွားရေးလည်းရှာတယ်။ ကုသိုလ် ရေးလည်းရှာတော့ ဒီဒကာကြီးဟာ တရားတွေ လိုက်စားတယ်။ မိုး ကုတ်ဝိပဿနာတရားဆို ဟောနိုင်တယ်။

အဲလိုကြိုးစားလိုက်တာလေ စီးပွားရေးတွေတက်လာလိုက်တာ နောက်ဆုံးသူတို့ဟာ ကိုယ်ပိုင်တိုက်တွေ ခြံတွေ၀ယ်ဖို့ ပိုက်ဆံပြည့်စုံ လာတယ်။ ဒါ လွန်ခဲ့တဲ့ အနှစ် (၂၀) လောက်ကပေါ့။

အဲဒါနဲ့ သူတို့မြစ်ကြီးနားမြို့မှာ တိုက်နဲ့ခြံလိုက်ပြီးတော့ ၀ယ်ဖို့ စပ်တာလေ။ အံ့ဩစရာပဲ ၀ယ်လို့မရဘူး။ ဘယ်သူမှ မရောင်းဘူးတဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဒီတိုက်တစ်လုံးဝယ်ဖို့ စရံသတ် နောက်နေ့သွားဝယ် မရောင်းတော့ဘူးတဲ့။ ဟိုက စရံအရှုံးခံ စရံနှစ်ဆပြန်လျော်တယ်ပေါ့။ အဲလိုမျိုး လေးငါးကြိမ်ဖြစ်တော့ သူတို့ စိတ်ပျက်သွားတယ်။

လင်မယားနှစ်ယောက်လုံးက ''ဟယ် ... ငါတို့ဘယ်လိုအကုသိုလ်တွေရှိပါလိမ့်၊ သူများအိမ်ငှားနေတာကြာပြီ၊ အခုကိုယ်ပိုင်တိုက်နဲ့ခြံနဲ့ နေချင်လို့ဝယ်တော့လည်းပဲ ရောင်းမယ့်သူက တစ်ယောက်မှ မရှိဘူး။'' ဒကာကြီးက သူကရဟန်းဘဝလည်းနေဖူးတယ်။ ဗုဒ္ဓစာပေတွေ သင်ဖူးတော့ သူ့မိန်းမကို တိုင်ပင်တယ်။

''မိန်းမ ... မင်းနဲ့ငါနဲ့ဟာ အတိတ်ဘဝတုန်းက အဆောက်အဦ လှူဖူးတဲ့ဒါနမရှိလို့ အခုလို အိမ်ဝယ်တိုင်းမရဖြစ်နေတာ။ မင်းသဘောတူရင် ငါတို့တိုက်နဲ့ခြံ မဝယ်တော့ဘူး။ အဲဒီတိုက်နဲ့ခြံဝယ်မယ့်ငွေတွေကို ဘုန်းကြီးကျောင်းဆောက်လှူပစ်မယ်။'' မိန်းမကလည်း သဘော တူတယ်၊ လှူပါတဲ့။

လင်မယားနှစ်ယောက် စိတ်ကူကိုယ်တူနဲ့ စာသင်တိုက်တစ်တိုက်သွားပြီးတော့ တစ်ထပ်တိုက်ကျောင်းတစ်ကျောင်း ဆောက်လုပ်လှူပစ်လိုက်တာ မဝယ်တော့ဘူး။ နေပါစေတော့ အိမ်အငှားနဲ့ပဲဆက်နေမယ်ဆိုပြီးတော့ ဝမ်းသာအားရလှူလိုက်တယ်။

အဲတော့ မှတ်လိုက်ကြ၊ အဲလိုဒါနပြုတိုင်းပြုတိုင်း ကုသိုလ်ပြုတိုင်းပြုတိုင်း ဇော (၇)ချက်။ ဇော (၇) ချက်မှာ စေတနာ (၇) ချက် စောတယ်။

အဲဒီဇော (၇) ချက်မှာ ပထမဇောစေတနာလေးက ဒီဘဝမှာကောင်းကျိုးပေးတယ်။ သတ္တမဇောစေတနာလေးက ဒုတိယဘဝမှာ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကျိုးပေးတယ်။ အဆောက်အဦလှူတယ်ဆို အဆောက်အဦ တွေပြန်ပေးတာပေါ့။ အလယ်ဇော(၅)ချက် စေတနာက တတိယဘဝ ကစပြီးတော့ နိဗ္ဗာန်မရမချင်း လိုက်ပြီးတော့ ကောင်းကျိုးပေးတယ်။

သူတို့လင်မယားနှစ်ယောက် စေတနာကထက်သန်ကောင်း မွန်လိုက်တာက ဒီဘဝမှာတင် သူတို့ကိုကောင်းကျိုးပေးတယ်။ အဲလို နေရင်းနဲ့ ဒီဒကာကြီးက တစ်ခါတော့ မြစ်ကြီးနားမြို့က ဥပမာ– မြိတ်မြို့မှာဆိုရင် သိမ်တော်ကြီးဘုရားလိုပေါ့။ ဘုရားမှာ သူက မိုးကုတ် ဝိပဿနာတရားကို ဟောပေးတယ်။

အဘွားကြီးတစ်ယောက်က သူ့တရားကိုနာပြီးတော့ အသိဉာဏ်တွေရှင်း တရားရသွားတာပေါ့။ အဲဒီမှာဝမ်းသာပြီးတော့ ငွေအပါယ်တံခါးပိတ်အောင် ဟောပေးတယ်။ ''ငွေသားလေး မင်း ငွေအပေါ် ကျေးဇူးကြီးတယ်။ အဘွားမှာ သားသမီးမရှိဘူး။ အဖွားနေတဲ့ တိုက်နဲ့ ခြံကို ငွေသားကို ပေးပါတယ်။''

အဲဒါ ပန်းဒကာကိုတင်မြင့်တို့ လင်မယားနှစ်ယောက်အမည် နဲ့ တိုက်နဲ့ခြံကို လွှဲပေးလိုက်တယ်။ အခုတိုက်တွေခြံတွေရသွားတယ်။ အဲဒါ ပထမဇောစေတနာ။ ဘာစေတနာလဲ (ပထမဇော စေတနာပါ ဘုရား) အေး ...ဒီဘဝတင်ကောင်းကျိုးရသွားတယ်။ သူတို့ရဲ့ သတ္တမဇောစေတနာက သူတို့နောက်ဘဝကျရင်လည်း အဲလိုအဆောက် အဦတွေရဦးမယ်။ အလယ်ဇော (၅) ချက်စေတနာက သူတို့ နိဗ္ဗာန် မရောက်မချင်း၊ ရဟန္တာမဖြစ်မချင်း လိုက်ပြီးတော့ ကောင်းကျိုး တွေပေးဦးမယ်။

ဒါကြောင့် အခုဒီက ကျောင်းအလှူရှင်မိသားစုများလည်း



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာကြပေါ့။ ဒီအကျိုးတွေ ငါတို့ရမယ်ဆိုပြီးတော့နော် (မှန်ပါဘုရား) အဲလို ပုဂ္ဂိုလ်မျိုးမှတ်လိုက်စမ်း လူ့ပရမတ္ထ။ ဘယ်လိုလူပါလိမ့် (လူ ပရမတ္ထပါဘုရား)

နောက်တစ်ယောက် နန္ဒိယသူကြွယ်။ စီးပွားရေးလည်း ရှာတယ်။ ကုသိုလ်ရေးလည်းရှာတယ်။ အဲဒါနဲ့ နန္ဒိယအရွယ်ရောက်လာ တော့ မိဘနှစ်ပါးက အိမ်ထောင်ချပေးချင်တယ်။

'ငါ့သား မင်းကို အိမ်ထောင်ချပေးချင်တယ်'

'အမေ အိမ်ထောင်မချနဲ့။ စိတ်ချင်းသဘောချင်းတူမှကောင်း တာ။ မတူရင်မကောင်းဘူး'

'ဟာ ... တူတာရှာမှာပေါ့ သားရယ်'

အဲဒါနဲ့ ရေဝတီဆိုတဲ့မိန်းကလေးကို သူတို့သွားပြီးတော့စပ်ကြ တယ်။ ရေဝတီနဲ့စေ့စပ်ကြောင်းလမ်းတဲ့အခါ နန္ဒိယက ပြတ်ပြတ် သားသားပြောသတဲ့။

'မိန်းကလေး ငါက ရတနာသုံးပါးနဲ့ မိဘကို အမြဲတမ်းဦးထိပ် မှာထားတယ်။ မင်း ငါ့ကိုယူချင်ရင် ငါ့လိုပဲရတနာသုံးပါးနဲ့ ငါ့မိဘများ ကို ဦးထိပ်မှာထားပြီးတော့ ကြည်ညိုနိုင်ရင် မင်းငါနဲ့ပေါင်းလို့ရမယ်' ပေါ့။ အမှန်ကတော့ ရေဝတီက လုံးဝသဒ္ဓါတရားမရှိဘူး။

ဒါပေမယ့်လို့ နန္ဒိယသူကြွယ်တို့က ချမ်းသာကြွယ်ဝတော့ နန္ဒိယ ရဲ့ အမေအဖေတွေကလည်း သင်ထားတယ်။ 'သမီး ရတနာ သုံးပါးကို ကြည်ညိုလိုက်၊ အမေနဲ့အဖေတို့ကိုလည်း လေးလေး စားစားပြုစုလိုက်၊ ဒါဆို သမီးကိုယူမှာ'ဆိုတော့ ...

ရတနာသုံးပါးကို ကြည်ညိုလို့တော့မဟုတ်ဘူးပေါ့။ နန္ဒိယ



www.burmeseclassic.com

www.burmeseclassic.com



သူကြွယ်ပိုင်ဆိုင်တဲ့ ဥစ္စာစည်းစိမ်တွေ သူကလိုချင်တာနဲ့ပဲ 'ကျွန်မလည်း ကြည်ညိုပါတယ်' ဆိုပြီးတော့ ဟန်ဆောင်ပန်ဆောင်ပေါ့လေ။ ယူလိုက်ကြတယ်။

ယူပြီးတော့ နန္ဒိယက ကုန်ရောင်းကုန်ဝယ်လေ။ အဝေးသွားရတယ်ဆိုတော့ အဲဒါကုန်ရောင်းကုန်ဝယ်လည်းသွားရော ရေဝတီကို အကုန်မှာခဲ့တယ်။ 'ငါ မိဘနှစ်ပါး သေချာလုပ်ကျွေးပါ။ ငါ့ အိမ်မှာဆိုရင် ရဟန်းသံဃာတွေ အမြဲတမ်းဆွမ်းခံလေ့ရှိတယ်။ ဆွမ်းစားလည်း အမြဲတမ်းကြွကြွတယ်။ မင်းသေသေချာချာ လုပ်ကျွေးပါ။ ပြုစုပါ လှူဒါန်းပါ။ တောင်းစားတဲ့ ပုဂ္ဂိုလ်များ ငါ့အိမ်အမြဲတမ်းလာတယ်။ အဲဒါ မင်းကျွေးမွေးပါ'ဟု မှာပြီးတော့ ထွက်သွားရော။

အဲဒါ ပရိသတ်များရေ ဟန်ဆောင်တဲ့ပုဂ္ဂိုလ်ဆိုတာ ကြာရင်ပေါ်တာပဲ။ အကြာကြီးဟန်ဆောင်လို့မရဘူး။ ခဏပဲ၊ နန္ဒိယသူကြွယ်လည်း သွားရော အဲဒီရေဝတီ သူ့ပကတိစိတ်တွေပေါ်ရော၊ သူလည်း စည်းစိမ်တွေကိုင်ရရော။ အဲဒီမှာတင် ရဟန်းသံဃာတွေကို လုံးဝမလှူတော့ဘူး။ အလှူတွေ ဖြတ်ပစ်လိုက်တယ်။

တောင်းစားတဲ့ ပုဂ္ဂိုလ်များလာရင်လည်း သူ့အစေခံတွေကို ရိုက်နှက်လွှတ်ခိုင်းတယ်။ ဘာဒါနမှ မပြုတော့ဘူး။ အဲတင် ရဟန်းသံဃာ တွေ ဆိတ်သုဉ်းသွားတယ်။

နန္ဒိယသူကြွယ်ပြန်လာပြီး အဲဒီသတင်းကြားတော့ တစ်ခါတည်းဆူပူကြိမ်းမောင်းတော့တာပေါ့။ 'မင်းဟန်ဆောင်တာပဲ၊ လင်မယားဘဝရောက်မှတော့ နှင်ချလို့တော့မကောင်းဘူး။ သို့သော် မင်းစေတနာ မင်းအကျိုးပေးပြီ' ဆိုပြီးတော့ ...



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့ကစပြီး နန္ဒိယသူကြွယ်က ရေဝတီကို လုံးဝပိုက်ဆံပေးမကိုင်ဘူး။ သူ့ကို 'ကျွန်မ' နေရာပဲထားလိုက်တော့တယ်။ ဇနီးမယားနေရာကို မထားတော့ဘူး။ အဲဒါ ရတနာသုံးပါးအပေါ် မကြည်ညိုတဲ့ ဆိုးကျိုးဟာ ဒီဘဝမှာတင် မကောင်းကျိုးပေးတယ်။

နန္ဒိယသူကြွယ်ကိုယ်တိုင်ပဲ မသေမချင်း စီးပွားလည်းရှာ၊ ကုသိုလ်လည်းရှာ အမေအဖေများလည်း ကျွေးမွေးပေါ့။ နောက်ဆုံးသူက ကုသိုလ်ထဲမှာ အားအကောင်းဆုံးကုသိုလ် ငါလုပ်မယ်ဆိုပြီးတော့ ...

ဘုရားအမှူးရှိတဲ့ သံဃာများအတွက် လေးထပ်ကျောင်းကြီးဆောက်ပြီးလှူသတဲ့။ ကျောင်းဆောင်လည်း လှူပြီးသွား ရေစက်လည်းချပြီးရော လှူသက်နဲ့ဆိုရင် နှစ်ပေါင်းသုံးကုဋေနဲ့ အနှစ်ခြောက်သန်းအသက်ရှည်တဲ့ တာဝတိံသာနတ်ဘုံမှာ ...

နန္ဒိယသူကြွယ်နေဖို့အတွက် ဗိမာန်ကြီးကြီးပြီးတော့ ပေါက်တယ်။ ကြည့်နော် အလှူရှင်မသေသေးဘူး ဗိမာန်ပေါက်နေပြီ။ ကျောင်းအလှူဒါနဟာ အဲသလောက်အားကောင်းပါတယ်။

အဲဒါ ဘယ်လိုလုပ်သိသလဲဆိုတော့ အရှင်မောဂ္ဂလာန်မထေရ်ကြီးက လက်တွေ့တရားတွေအမြဲတမ်းဟောလေ့ရှိတယ်။ ရှင်မောဂ္ဂလာန်မထေရ်က နတ်ပြည်ကိုလည်းသွားတယ်။ သွားပြီးရင်နတ်သမီးတစ်ယောက်ကို သွားမေးတယ်။

သူ့ဗိမာန်ကြီးကလှလိုက်တာ ရွှေဗိမာန်ကြီးနဲ့ပေါ့။ ရှင်မောဂ္ဂလန်ကမေးတယ်။

"အသင်နတ်သမီးအသင်လူ့ဘဝက ဘာကုသိုလ် လုပ်ခဲ့လဲ"



www.burmeseclassic.com

www.burmeseclassic.com



''တပည့်တော်မ တခြားကုသိုလ်မလုပ်ခဲ့ပါဘူး။ ကိုယ့်ကိုရှာဖွေ ကျွေးမွေးတဲ့ လင်သားဟာအိမ်ဦးနတ်ပဲဆိုပြီး ကိုယ့်ရဲ့လင်သားကို တပည့်တော်မဟာ ရှိသေခဲ့ပါတယ်။ လင်က ဘယ်လောက်ပင်ဆူဆူ ဆဲဆဲ ရိုက်ရိုက်တပည့်တော်မ ဒေါသမဖြစ်ဘူး။ သည်းခံခဲ့တယ် အဲလို လင်သားကို သည်းခံခဲ့တဲ့ ကုသိုလ်ကြောင့် နတ်ပြည်ရောက်တာ'' တဲ့

''ဟုတ်လား'' (မှန်ပါဘုရား)

ရှင်မောဂ္ဂလာန်ကိုယ်တော်မြတ်ကြီးက နောက်နတ်သမီးတစ်ယောက်ကို သွားမေးတယ်။ ''နင်ဘာကြောင့်နတ်ပြည်ရောက်ရသလဲ''။ ''တပည့်တော်မကတော့ ဆွမ်းခံတဲ့ကိုယ်တော်တစ်ပါးကို သရက်သီးတစ်လုံးလှူခဲ့ဖူးတယ်။ အဲဒီအလှူကို တပည့်တော်မ သတိရလို့ အခု နတ်ပြည်ရောက်တယ်'' ဆိုတယ်။ လိပ်စာလည်းမေးတယ်။ ဘယ်ရပ်ကွက်၊ ဘယ်မြို့ပေါ့။

ရှင်မောဂ္ဂလာန်က လူ့ပြည်ကျတော့ ပြန်ဟောတာ။

''မင်းတို့ ကုသိုလ်လုပ်ကြနော်။ ဘယ်မြို့ဘယ်ရပ်ကွက်က ဘယ်သူဟာ ဆွမ်းခံ ကိုယ်တော်တစ်ပါးကို သရက်သီးတစ်လုံးလှူတာနဲ့ နတ်ပြည်ရောက်သွားပြီ။ ဘယ်သူကတော့ ယောကျ်ားကို သည်းခံလို့ နတ်ပြည်ရောက်တယ်''

အကုန်ပြန်ဟောတယ်ပေါ့။ ဒါကြောင့် လူတွေဟာ သဒ္ဓါတရားပိုဖြစ်ကြတယ်။

ရှင်မောဂ္ဂလာန်က ငရဲလည်းသွားသေးတယ်။ တန်ခိုးကြီးတာကိုး။ ငရဲသွားပြီးရင်လည်း မေးတယ်။ ''မင်းက ဘာပြုလို့တုန်း''



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . တပည့်တော် ကတော့ အရင်ဘ၀က ဂေါပကလူကြီးပါဘုရား"

'ဘာလို့ ငရဲကျတုန်း'

'တပည့်တော် ဘုရားပစ္စည်းတွေ၊ ကျောင်းပစ္စည်းတွေ စားခဲ့ပါတယ်ဘုရား။ ဒါကြောင့် ငရဲကျတာပါဘုရား'။

လူ့ပြည်ကျတော့ ဟော့ကောင်တွေဟိုမှာ ဂေါပကတွေ ငရဲရောက်နေပြီ။ ဘယ်ရပ်ကွက် တကယ်အတိအကျဟောတာ။ ရှင်မောဂ္ဂလာန်က ဘယ်သူနာမည်နဲ့ပေါ့။ ဘယ်လိုစားခဲ့တယ် အခုငရဲမှာ ဒီလိုဟောတော့ ဂေါပကတွေလည်း ကြောက်လန့်ပြီးတော့ လူကောင်းတွေဖြစ်ကုန်တာပေါ့။

ရှင်မောဂ္ဂလာန်က အဲလိုပဲ နတ်ပြည်တက်သွားတော့ ဗိမာန်ကြီးသွားတွေ့တယ်။ ပိုင်ရှင်နတ်သားနတ်သမီးမရှိဘူးလေ။ အခြွေအရံတွေပဲရှိတယ်။ အဲဒီတင် ရှင်မောဂ္ဂလာန်ကမေးတယ်။ အခြွေအရံနတ်သမီးတွေပေါ့။

"ဗိမာန်ကြီး ဘယ်သူပိုင်တာလဲ"

အရှင်ဘုရား ပြီးခဲ့တဲ့ရက်က ကျောင်းရေစက်ချလှူတဲ့ နန္ဒိယသူကြွယ်ပိုင်တာပါ။ သူ့အတွက် ကြိုပြီးတော့ဗိမာန်ပေါက်တာ'တဲ့။

သြော် . . . အံ့သြစရာပဲ။ အဲဒါလူ့ပြည်ပြန်ရောက်တော့ ဘုရားကို သွားပြီးတော့မေးတယ်။

'မြတ်စွာဘုရား လူ့လောကလူသားတစ်ယောက်ဟာ ကျောင်းအလှူဒါန၊ အဆောက်အဦဒါနပြုပြီးတော့ အဲဒီအလှူရှင်မသေခင် နတ်ပြည်မှာ ဗိမာန်ပေါက်တယ်ဆိုတာ ရှိပါသလားဘုရား'

ဘုရားကရှင်မောဂ္ဂလာန်ထက်အရင် မြင်တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"မောဂ္ဂလာန် သင်ကိုယ်တိုင် နန္ဒိယသူကြွယ်ရဲ့ ဗိမာန်ကို တွေ့ခဲ့ပြီမဟုတ်လား။ ငါ့ကိုဘာလို့မေးသလဲ"

"တွေ့ခဲ့ပါတယ်ဘုရား"

"အေး ... ဗိမာန်ပေါက်နိုင်တယ်"

အဲဒီမှာ မြတ်စွာဘုရားက ဂါထာတစ်ဂါထာဟောပါတယ်။ ဂါထာရဲ့ အဓိပ္ပာယ်လေးကတော့ ...

ဒီအိမ်ကနေပြီးတော့ အဝေးထွက်သွားတဲ့ ပုဂ္ဂိုလ်ပေါ့လေ။ ပြန် လာလို့ရှိရင် အဝေးမှာရှိနေတဲ့ ပုဂ္ဂိုလ်ပြန်လာရင် အိမ်သားတွေ ဟာ ဝမ်းပန်းတသာကြိုဆိုသလိုပဲတဲ့။

လူ့ဘဝနေတဲ့ အခိုက်မှာ စီးပွားရှာသလို ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်တွေကိုလည်း ရှာဖွေဆည်းပူးတဲ့ပုဂ္ဂိုလ်များသေတဲ့အခါ နတ်ပြည်ရောက်လို့ရှိရင်တဲ့။

နတ်ပြည်က နတ်သားနတ်သမီးတွေဟာ အဝေးကပြန်လာတဲ့ မိမိတို့အိမ်သားမိသားစုတွေက ဝမ်းပန်းတသာကြိုဆို သလိုပဲတဲ့။ ကုသိုလ်ရှိတဲ့ပုဂ္ဂိုလ် နတ်ပြည်ရောက်ရင် နတ်သားနတ်သမီးတွေက ဝမ်းပန်းတသာကြိုဆိုတယ်ဆိုတဲ့ဂါထာကို ဟောတော်မူပါတယ်။

အဲဒါနဲ့ ဆိုကြပါစို့၊ သက်တမ်းကုန်တဲ့အခါမှာ သေလွန်တော့ နန္ဒိယသူကြွယ်က နတ်ပြည်ရောက်သွားတယ်။ ရေဝတီကကျန်ခဲ့တယ်။ ယောက်ျားသေတော့ စည်းစိမ်ဥစ္စာအားလုံးကို ရေဝတီပိုင်သွားတယ်။

အဲဒီအချိန်မှာ ရေဝတီက အငြိုးနဲ့ သံဃာတွေကိုနှိပ်စက် တယ်။ 'နင်တို့ရဟန်းတွေကြောင့် ငါ့ယောက်ျားက ငါ့ကို မယားနေရာ က နုတ်ပယ်ပြီးတော့ 'ကျွန်မ' နေရာမှာထားတယ်။ နင်တို့ကို ကလဲ့



www.burmeseclassic.com

www.burmeseclassic.com



စားချေမယ်' ဆိုပြီးတော့ အလှူခံလာတဲ့ရဟန်းတွေကို ဆဲဆိုလွှတ်တယ်။

တောင်းစားတဲ့ သူတောင်းစားပုဂ္ဂိုလ်များကို ရိုက်နှက်လွှတ်တယ်။ လူတွေကို ရဟန်းသံဃာတွေကို ကြည်ညိုပျက်အောင် လုပ်တယ်။ ပထမတစ်ရက် ရဟန်းသံဃာတွေတကယ်ကို အိမ်ခြွေရှိရှိနဲ့ ဘုန်းပေးပြီးတော့ကြွတယ်။ သူက လူတွေအထင်မှားအောင် ထမင်းဟင်းတွေကို ကြမ်းပြင်ပေါ်ပစ်ကြဲ၊ ညစ်ပတ်အောင်လုပ်ပြီးတော့ ဘေးက လူတွေကိုခေါ်ပြတယ်။

'တွေ့လား ကျွန်မယောကျ်ားကိုးကွယ်တဲ့ ရဟန်းသံဃာတွေ ဘယ်လောက်ညစ်ပတ်လဲ။ ဘယ်လောက်အဆင့်အတန်း မရှိလိုက်သလဲ။ ကြည့်စမ်း တိရစ္ဆာန်တွေစားသလို စားသွားတာနဲ့ လူတွေကို ပြပြီး သူ့ဘက်ကပါအောင် လိမ်ညာပြီးတော့ပြောတယ်။ အဲဒါနဲ့ သူ့အိမ်မှာ နန္ဒိယသေတဲ့အချိန်ကစပြီးတော့ အလှူခံပုဂ္ဂိုလ် တစ်ယောက်မှမရှိတော့ဘူး။ ဒီလိုစုံတွဲမျိုးကို လင်နတ်သားမယားသူသေကောင်လို့ခေါ်တယ်။

နောက်တစ်ခုက မယားနတ်သမီး လင်သူသေကောင်။ မယားက ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်တွေဝါသနာပါတယ်။ လင်ကလုံးဝ ဝါသနာမပါဘူး။ မယားကသေရင် နတ်သမီးဖြစ်လိမ့်မယ်။ လင်ကတော့ အသေကောင်ကြီးလိုပဲ ကုသိုလ်မတိုးဘူး။ အဲလိုစုံတွဲမျိုးကိုတော့ မယားနတ်သမီး လင်သူသေကောင်တဲ့။

တတိယမြောက်ကတော့ လင်သူသေကောင် မယားသူသေကောင်။ လင်မယားနှစ်ယောက်လုံး ဘာသာရေးဝါသနာမပါဘူး။ ဒီလိုစားသောက် ဒီလိုနေ၊ ဒီလိုသေသွားကြ အပါယ်သွားကြတာပဲ၊



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်လုံး ကုသိုလ်တွေမတိုးလို့ လူသေကောင်နဲ့တူလို့ ဒီစုံတွဲမျိုးကိုတော့ လင်သူသေကောင် မယားသူသေကောင်တဲ့။

နောက်ဆုံး လင်နတ်သားမယားနတ်သမီး။ လင်မယားနှစ်ယောက်လုံးညီလိုက်တာ သဒ္ဓါတရားချင်း အကြည်ညိုပုံချင်းတူကြတယ်။ နှစ်ယောက်လုံး ကုသိုလ်တွေလုပ်ကြတယ်။ နှစ်ဦးလုံးဟာ နတ်သား နတ်သမီးတွေ ဖြစ်ကြမှာမို့ လင်နတ်သား မယားနတ်သမီးလို့ ခေါ်တယ်။

နန္ဒိယသူကြွယ်တို့ ဇနီးမောင်နှံဟာ လင်နတ်သား မယားသူသေကောင်။ နောက်ဆုံးယောဂီတို့ သူ့ရဲ့အကုသိုလ်ကံတွေက ကြီးမားလွန်းအားကြီးတော့ ဝေဿဝဏ်နတ်မင်းကြီးက ဗာရာဏသီဘေးက လူတွေပါ သံဝေဂရအောင် ရတနာသုံးပါးကို ရေဝတီကဲ့သို့ မစော်ကားနိုင်အောင် မနှိပ်စက်နိုင်အောင်ဆိုပြီးတော့ စံပြအနေနဲ့ ငရဲချတော့မယ်။

အမှန်ကတော့ ငရဲကျမယ့် အကုသိုလ်ကံက ရှိပြီးသားပါ။ ဒါပေမယ့်လည်း သူငရဲကျတာကို တစ်ပြည်လုံးသိသွားစေချင်တယ်။ ဒါ ကြောင့် အင်မတန်ကြီးမားတဲ့ ဘီလူးကြီးများက ဗာရာဏသီပြည်ထဲမှာ လှည့်ပြီးတော့ တစ်မြို့လုံးကြားအောင် ဟစ်ကြွေးကြပါတယ်။

ပရိသတ်များ ဒါ ဒဏ္ဍာရီမဟုတ်ဘူး။ တကယ့်ဖြစ်ရပ် ဗုဒ္ဓကိုယ်တိုင်ပြန်ဟောခဲ့တာ။ ဘယ်လိုဟစ်ကြွေးလဲဆိုတော့ 'ဗာရာဏသီပြည်သူပြည်သားတို့ ရတနာသုံးပါးကိုစော်ကားတဲ့ ရေဝတီကို ဒီနေ့က နောက် (၇) ရက်မြောက်နေ့မှာ ဘီလူးများကိုယ်တိုင်လာပြီးတော့ အရှင်လတ်လတ် ဘင်ပုပ်ငရဲကို ဆွဲပြီးတော့ချမယ်'လို့။



www.burmeseclassic.com

www.burmeseclassic.com



တစ်မြို့လုံးကြားအောင် ဟစ်ကြွေးသွားတယ်။ ရေဝတီလည်း ကြားသွားတော့ ကြောက်လိုက်တာ။ အဲဒီကျတော့သူက ချမ်းသာတာကို။ (၇) ထပ်တိုက်ကြီးအပေါ် ဆုံးထပ်တက်ပြီးတော့ ခေါ်လို့မရအောင် တံခါးပိတ်နေတယ်။ ရပ့ါမလား (မရပါဘူးဘုရား)

ယောဂီတို့ အပါယ်လေးဘုံဆိုတာ မရှိဘူးလား။ (ရှိပါတယ် ဘုရား) အကုသိုလ်မလုပ်ရင်ကျပ့ါမလား။ (မကျပါဘူးဘုရား) အကုသိုလ် လုပ်ရင်တော့မကျဘူးလား။ (ကျပါတယ်ဘုရား) အဲဒါယောဂီတို့အဖြေပဲ။

အခု ရောဝတီမြစ်ကြီးရှိတယ်။ ပင်လယ်ကြီးရှိတယ်။ အဲဒီ ရေထဲကို မဆင်းရင် ရေနစ်စရာလိုသလား (မလိုပါဘူးဘုရား) ရေထဲ ဆင်းမှနစ်မှာ။ ဒီအတိုင်းပါပဲ။ အပါယ်လေးပါးရှိတယ်။ ကြောက်စရာ မလိုဘူး။ အကုသိုလ်လုပ်မှကျမှာ။ အကုသိုလ်မလုပ်ရင် မကျဘူး။ ဟုတ်တယ် မဟုတ်လား။ (မှန်ပါဘုရား)

အခုရေဝတီ အကုသိုလ်လုပ်တယ်လေ၊ ကျရမှာပေါ့၊ ဘီလူး တွေက ဆွဲမချလည်းကျမှာပဲ၊ ဘီလူးတွေက ကျန်တဲ့လူတွေပါ သံဝေဂ ရစေချင်လို့ ဟစ်ကြွေးပြီးတော့ကိုပြောတာ။ သူသေရင်ကျမှာပါပဲ။

သူလုပ်တဲ့အကုသိုလ်ကံက ချတာပါ။ အပေါ်ယံကြည့်ရင်တော့ ဘီဘူးတွေက ငရဲဆွဲချတယ်။ တကယ့်အတွေးအခေါ်နဲ့ ကြည့်ရင်တော့ သူလုပ်တဲ့ အကုသိုလ်ကံက ဆွဲချတာပါ။

( ၇ )ရက်လည်းပြည့်ရော ဘီလူးကြီး နှစ်ကောင်ဟာ ကောင်းကင်ကနေရောက်လာပြီးတော့ သူတို့တန်ခိုးနဲ့ တံခါးဖွင့်စရာ မလိုဘူး။ လက်မောင်းနှစ်ဖက်ကကိုင်ပြီးဆွဲခေါ်သွားတယ်။ အားလုံးမြင် ကြရတယ်။ ငရဲတန်းမချဘူး။ နတ်ပြည်ခေါ်သွားတယ်။ ဘယ်ခေါ်သွားလဲ



www.burmeseclassic.com

www.burmeseclassic.com



(နတ်ပြည်ခေါ်သွားပါတယ်ဘုရား) သူ့ကိုလက်တွေ့ပြချင်လို့။

တာဝတိံသာနတ်ပြည်ရောက်တော့ နတ်သမီးတစ်ထောင်နဲ့ နတ်စည်းစိမ်တွေခံစားနေတဲ့ သူ့ယောက်ျားနန္ဒိယကို ရေဝတီက မှတ်မိတယ်။ နတ်ပြည်ဆိုတာ ချမ်းသာအပြည့်၊ စားချင်တာအကုန် စားလို့ရတယ်။ နတ်သြဇာဆိုတာလေ ဖြူဖွေးပြီး အိနေတာပဲတဲ့။ စားချိန်မှာ စားလိုက်ရုံပဲ။

ရှာဖွေစရာမလိုဘူး။ နတ်သြဇာစားမယ်ဆိုအနားရောက်လာ စားလိုက်ရုံပဲ။ ပြီးတော့ အညစ်အကြေးစွန့်စရာမလိုဘူး။ လူတွေလို မိခင်ဝမ်းထဲမှာ ဆယ်လပျင်းနေအောင် မနေရဘူး။

နတ်သမီးဖြစ်မယ်ဆိုရင်လည်း (၁၈) နှစ်အရွယ်ရောက်ပြီး သားပေါ့။ ဗိမာန်ပဒေသာပင်တွေ အကုန်ရှိပြီးသား သွားဖြစ်တယ်။ ချမ်းသာတွေပြည့်လို့။ ဆင်းရဲချိန် တစ်ချိန်မှ မရှိဘူး။ တာဝတိံသာ ဆိုရင် လူ့သက်နဲ့ နှစ်ပေါင်းသုံးကုဋေနဲ့ အနှစ်ခြောက်သန်းအသက် ရှည်တယ်။

အဲတော့ နတ်စည်းစိမ်တွေနဲ့ခံစားနေတာလည်းမြင်ရော ရေဝတီက ဘေးကဘီလူးကြီးနှစ်ကောင်ကို ပြောတယ်။ 'အဲဒါ ကျွန်မ လူ့ဘဝက ယောက်ျားပဲ၊ ကျွန်မကိုနတ်ပြည်မှာ ထားခဲ့ပါ'။

'အောင်မာ ... အခုမှ အကောင်းကြိုက်တယ်၊ နင်နဲ့မတန် ဘူး။ နင့်ကို သံဝေဂရအောင်ပြတာ၊ ကုသိုလ်ကံဟာ ကောင်းကျိုးပေးပြီး တော့ အကုသိုလ်ကံဟာ မကောင်းကျိုးပေးတယ်ဆိုတာ နင့်ကိုခေါ် ပြတာ။ ဒီနေရာနင့်နေရာမဟုတ်ဘူး'တဲ့။

အဲဒီ တာဝတိံသာနတ်ပြည်ခေါ်ပြပြီးတော့ ရေဝတီကို ဘင်ပုပ်



www.burmeseclassic.com

www.burmeseclassic.com



ငရဲကို ဆွဲခေါ်သွားလိုက်တယ်။ ဘင်ပုပ်ငရဲဆိုတာ အညစ်အကြေးတွေ ပိုးလောက်တွေအပြည့်ရှိနေတယ်။ ညစ်ညမ်းတဲ့အနံ့တွေလည်း ရှူရတယ်။ အော်ကလီဆန်စရာတွေပေါ့။ ပြီးတော့ ဘင်ပုပ်ငရဲမှာရှိတဲ့ ပိုးလောက်တွေက ရေဝတီရဲ့အသားတွေ ဖောက်ဖောက်စားတယ်။ သေလည်း မသေရဘူး။

ငရဲကြီးရှစ်ထပ်ရှိတယ်။ ငရဲတစ်ထပ်တစ်ထပ်မှာ ငရဲငယ် (၅) ထပ်ခြံရံတယ်။ ဘင်၊ ပြာ၊ လက်၊ သန်၊ ကြိမ်ပတ်ရံ။ ဘင်ဆိုတာ ဘင်ပုပ်ငရဲ၊ ပြာဆိုတာ ပြာပူငရဲ၊ ပြာတွေကပူနေတယ်။ အဲဒီပြာထဲ ထည့်လိုက်ရင် ခန္ဓာကိုယ်က ကြေသွားတာပေါ့။

လက်ဆိုတာ လက်ပံတောငရဲ၊ လက်ပံတောမှာအပင်ကြီးတွေ ရှိတယ်။ အပင်အောက်ထိုင်တာနဲ့ အပေါ်ကလက်ပံပွင့်ရဲ့ အပွင့်တွေ၊ အရွက်တွေ၊ အသီးတွေဟာ လက်နက်တွေချည်းပဲ။ ဓားတွေ၊ လှံတွေ၊ ပေါက်ဆိန်တွေဖြစ်လို့ အဲဒါပြုတ်ကျတော့ လက်တွေ၊ ခြေတွေ၊ ခေါင်းတွေပြတ် အဲလိုခံရတာပေါ့။ ဒါက လက်ပံတောငရဲ။

သန်ဆိုတာ သန်လျက်ရွက်တောငရဲ၊ သန်လျက်ရွက်တောက အရွက်တွေက စိမ်းလို့နေတယ်။ ဒီတောထဲတိုးသွားတဲ့ငရဲသားတွေရဲ့ လက်တွေ၊ ခြေတွေ အကုန်ဖြတ်ပစ်တာပဲ။ အဲဒါ သန်လျက်ရွက်တောငရဲ မသွားလို့လည်းမရဘူး။

ကြိမ်ဆိုတာ ကြိမ်ပိုက်ချောင်းငရဲ၊ အဲဒီချောင်းကြီးထဲမှာ ကြိမ်တွေရှိတယ်။ ရေဆာတယ်ဆိုရင် အဲဒီကြိမ်ပိုက်ချောင်းထဲ ပစ်ချလိုက်တာပဲ။ အဲဒီကြိမ်တွေကလည်း လက်ထိလက်ပြက်၊ ခေါင်းထိခေါင်းပြတ်ပဲ။ ပြတ်လည်းမသေရဘူး။ အသစ်ပြန်ဖြစ် အသစ်ပြန်ခံရတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါက ငရဲကြီးတစ်ထပ်ကိုကျပြီးရင် အရံငရဲငယ် (၅) ထပ်မှာ အဆစ်ထပ်ပြီးတော့ခံရပါတယ်။ အဲဒါယောဂီတို့ ဈေးဝယ်တဲ့အခါ အဆစ်မတောင်းဘူးလား။ (အဆစ်တောင်းပါတယ်ဘုရား) များများ တောင်းထားကြ။ ငရဲကျရင်လည်း အဆစ်ပေးတယ်သိလား ...။ ငရဲကြီးတစ်ထပ်ပြီးရင် အဆစ် (၅)ထပ် (၅)ထပ်ပြန်ခံရတယ်။

အခုဒီသစ်ညီနောင်မွေရိပ်သာကြီးထဲမှာ တရားစခန်းဖွင့်တာ သာမန်ကာလျှံကာမဟုတ်ဘူး။ အဲဒီ အပါယ်ငရဲကို လုံးဝမကျစေတဲ့ တရားတွေပေးမှာ ဟုတ်လား။ (မှန်ပါဘုရား) အပါယ်မကျတာလောက် ဝမ်းသာစရာ ကောင်းတာရှိရဲ့လား။ (မရှိပါဘူးဘုရား) အေး ... ဒါကြောင့် ဝိပဿနာတရားများကို စိတ်ပါလက်ပါနာကြနော်။

(မှန်ပါဘုရား)

ဘယ်တော့မှ ငရဲမသွားရတော့ဘူး။ ဒါကြောင့် အပါယ်ငရဲ မကျခြင်းအကျိုးငှာ ဦးပဥ္စင်းတစ်ပြည်လုံးလှည့်ပြီးတော့ တရားပြပေး နေတာ။ ဦးဇင်း မြိတ်ရောက်ကတည်းက ပြောတယ်လေ။ ဦးဇင်းမှာ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး၊ ပစ္စည်းလေးပါး မလိုပါဘူး။

ရန်ကုန်မှာနေလည်း ဒီဖျာတစ်ချပ်နဲ့အိပ်တာပဲ။ ကော့သောင်း မှာနေလည်း ဖျာတစ်ချပ်စာပဲ အိပ်တာပဲ။ မြိတ်မှာလည်း ဖျာတစ်ချပ် စာပဲ။ ဘာမှ မထူးပါဘူးဟုတ်လား။ (မှန်ပါ့ဘုရား) ဘာဖြစ်လို့မြိတ် ကိုလိုက်လာတုန်း?

အခုလို ဒကာ–ဒကာမများ အဲလိုအပါယ်ငရဲတွေ မသွား စေချင်ဘူး။ ဒီဝိပဿနာတရားတွေ သိရင်ဘယ်တော့မှ အပါယ် မကျတော့ဘူး။ ငရဲဘယ်တော့မှမသွားရတော့ဘူး။ အဲဒီငရဲကို မသွား



www.burmeseclassic.com

www.burmeseclassic.com



အောင် လုပ်ပေးတာကလည်း ဟောဒီဝိပဿနာတရားပဲရှိတယ်။

ဒါကြောင့် အပါယ်ငရဲမကျတာဟာ ပထမနိဗ္ဗာန်။ ဘာနိဗ္ဗာန် တဲ့တုန်း။ (ပထမနိဗ္ဗာန်ပါဘုရား) ဟို ... ရုပ်တွေနာမ်တွေမရှိ ချုပ်ပျောက် အဲဒါကကိုယ်နဲ့ မဆိုင်ဘူး။ အဲဒါ ရဟန္တာတွေသွားတဲ့ နိဗ္ဗာန်။

ယောဂီတို့ ပုထုဇ္ဇဉ်ဘဝကနေပြီးတော့ သောတာပန်ဖြစ်ရင် ပထမခံစားရမှာ အဲဒါပဲ။ အပါယ်ဘယ်တော့မှ မသွားရတော့ဘူး။ ကဲ ဝမ်းသာစရာမကောင်းဘူးလား။ (ဝမ်းသာစရာကောင်းပါတယ်ဘုရား)

အဲဒါတရားသာသေချာနာ၊ သေချာရှုမှတ် ဘယ်တော့မှ အပါယ်မသွားဘူး။

ကြည့်စမ်း အခုတော့ ရေဝတီအပါယ်သွားရတော့မယ်။ ဘင်ပုပ်ငရဲနားရောက်လာကြတာပေါ့။ သူသွားရမယ့်နေရာကျတော့ အိုး.. ပုပ်စော်တွေက နံနေတာပေါ့။ နှစ်ပေါင်းများစွာက ဒီမှာ ခံတဲ့ငရဲကြီးကိုး။

အဲဒီကျမှ ရေဝတီက ငိုပြီးတော့တောင်းပန်တယ်။ 'ကျွန်မကို ပြန်ပြီးတော့ လူ့ပြည်ပို့ကြပါ။ ကျွန်မရတနာသုံးပါးဆည်းကပ်ပါတော့ မယ်။ ကုသိုလ်တွေလုပ်ပါတော့မယ်။ ကျွန်မကို ပြန်ပို့ကြပါ' တောင်း ပန်ပါတယ်။

ဘယ်ရတော့မတုန်း။ သူ့အကုသိုလ်က များနေပြီလေ။ အဲဒီမှာ တင် ရေဝတီရဲ့လက်နှစ်ဖက်ကို ဘီလူးကြီးနှစ်ကောင်ကကိုင်ပြီးတော့ ဘင်ပုပ်ငရဲထဲ ပစ်ချလိုက်တာပေါ့။ အခုထိဘင်ပုပ်ငရဲမှာခံနေရတယ်။ အကုသိုလ်မကုန်မချင်းမလွတ်သေးဘူး။ နှစ်ပေါင်း ၂၅၄၈ နှစ်ရှိပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ဒကာ–ဒကာမတို့ ဒီလင်မယားနှစ်ယောက်ကို ကြည့်လိုက်လို့ရှိရင် တစ်ယောက်က ဆန်လမ်း၊ တစ်ယောက်က စုန်လမ်းနော် (မှန်ပါဘုရား)

စုန်လမ်းဆိုတာ မလွယ်ဘူးလား။ (လွယ်ပါတယ်ဘုရား) လွယ်တယ်။ မျှောလိုက်ရုံပဲ။ အပါယ်ငရဲက လွတ်တယ်။ အရက်သောက်ဖို့ လွယ်တယ်။ အပျော်အပါးလိုက်စားဖို့ လွယ်တယ်။ လောင်းကစားလုပ်ဖို့ လွယ်တယ်။ သူများညစ္စာခိုးဖို့ လွယ်တယ်။

မကောင်းတာလုပ်ရတာ ဘာမှမပင်ပန်းဘူး။ လုပ်တဲ့လူလည်း ပေါတယ်။ အခု ဒုလ္လဘများ ဒီတရားလေး သေချာမှတ်သွားကြ။ စုန်လမ်းမလိုက်ကြနဲ့။ အပါယ်ငရဲကျတော့လည်း လွယ်တယ်။ အပါယ်ငရဲမှာ အများကြီးပဲ။

အေး ... နတ်ပြည်တို့ နိဗ္ဗာန်တို့ကျတော့ရောက်တဲ့ ပုဂ္ဂိုလ်နည်းပြန်ရော။ ဆန်လမ်းလေ ပင်ပန်းတယ်။ ဒါကြောင့် ဆန်လမ်းကို ကြိုးစား ပြီးတော့ လုပ်ကြဟုတ်လား။ (မှန်ပါဘုရား)

ကဲ ... လင်္ကာလေးဆိုကြည့်။

'စုန်လမ်း ဆန်လမ်း ဤနှစ်လမ်း
ခွဲခြမ်းသိပြီးသော်။
စုန်လမ်းမလိုက် ဆန်လမ်းလိုက်
အကြိုက်မှန်စေသော်။
စုန်လမ်းလိုက်က အပါယ်ကျ
ဆန်က နိဗ္ဗာန်နော်'



www.burmeseclassic.com

www.burmeseclassic.com



အေး ... လမ်းနှစ်လမ်းရှိတယ်။ တစ်လမ်းက စုန်လမ်း၊ နောက်တစ်လမ်းက ဆန်လမ်း။ စုန်လမ်းလိုက်ရင်တော့ အပါယ်လေးပါး လား ကြလိမ့်မယ်။ ဆန်လမ်းကို လိုက်ရင်တော့ နိဗ္ဗာန်ချမ်းသာထိခံစား ရလိမ့်မယ်။

ဒါကြောင့် ဒီနေ့ကစပြီးတော့ စိတ်အလိုကို လုံးဝမလိုက် ကြပါနဲ့။ ဆန်လမ်းကိုလိုက်နိုင်အောင် ကြိုးစားကြစေချင်တယ်။ ဒါ ဦးဖင်းတို့ ကိုယ်တိုင်လည်း ယောဂီများလည်း ဒီလိုပဲ။ ကြိုးစားခဲ့ကြရ တာပါနော်။

မကြိုးစားဘဲနဲ့တော့ ဆန်လမ်းမရောက်ပါဘူး။ အဲဒီတော့ ကြိုးစားခဲ့သမျှ ကောင်းကျိုးဆိုတာ ကိုယ်ပဲခံစားကြရတာပါ။ ဆန်လမ်း ကို ကြိုးစားကြပြီဆိုရင်လည်း ယောဂီတို့ရေ ဆုတောင်းမှန်ဖို့လိုတယ်။

ဒါနပါရမီပြုကြပြီဆိုရင်လေ တကယ်ဆုတောင်းရမှာက နိဗ္ဗာန်။ ဆုတောင်းရမှာ ဘာပါလိမ့်။ (နိဗ္ဗာန်ပါဘုရား)။ နိဗ္ဗာန်ပဲ ယောဂီတို့ အေး– လူချမ်းသာ နတ်ချမ်းသာတွေ တောင့်တမယ်ဆိုလို့ ရှိရင် အဲဒီဒါနမျိုးဟာ ပါရမီမထိုက်တော့ဘူး။ မှတ်သွားကြနော်။ (မှန်ပါဘုရား)

အေး ... နိဗ္ဗာန်ချမ်းသာရပါစေလို့ ဆုတောင်းပြီးတော့ ပြုတဲ့ ဒါနကျတော့ ပါရမီထိုက်တယ်။ ဆိုလိုတာကတော့ ဒါနတိုင်း ပါရမီ မထိုက်ဘူး။ ဒါနတိုင်း ပါရမီအမည်မရဘူး။

ဘယ်လိုဟာမျိုးက ပါရမီထိုက်သလဲဆိုရင် ဘာမှမလိုချင်ဘဲနဲ့ အလှူခံပုဂ္ဂိုလ် ချမ်းသာရင်ပြီးရောဆိုတဲ့ စိတ်နဲ့ ပေးကမ်းလှူဒါန်း



www.burmeseclassic.com

www.burmeseclassic.com



ရင် ပါရမီထိုက်တယ် ဟုတ်လား။ (မှန်ပါ့ဘုရား)

လူသိများချင်တယ်။ နာမည်ကြီးချင်တယ်၊ နောင်ဘဝချမ်းသာချင်တယ်။ ကျော်ကြားချင်တယ်ဆိုတဲ့ စိတ်တွေပါရင် အဲဒီဒါနဟာ ပါရမီမထိုက်ဘူးတဲ့။ ရိုးရိုးဒါနပဲဖြစ်တယ်။

ပါရမီထိုက်တဲ့ဒါနနဲ့ ပါရမီမထိုက်တဲ့ဒါန ဘာကွာလဲတဲ့။ ပါရမီမထိုက်တဲ့ဒါနက သူလိုချင်တဲ့ လူချမ်းသာနတ်ချမ်းသာတော့ပေးတယ်။ သို့သော် နိဗ္ဗာန်ချမ်းသာမပေးဘူး။ ဘာဖြစ်လို့လဲ? သူကဒါနပြုကတည်းက ငါကောင်းစားဖို့ဆိုတာ ပါလာတယ်။

**ငါ ဆိုတာက အတ္တဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ**

**ကောင်းစားဖို့က လောဘ။**

ဒိဋ္ဌိနဲ့လောဘ ဦးဆောင်တဲ့အတွက်ကြောင့် သူ့ရဲ့ဒါနဟာ လူချမ်းသာ နတ်ချမ်းသာပဲပေးတယ်။ နိဗ္ဗာန်ချမ်းသာမပေးဘူး။

ပါရမီထိုက်တဲ့ဒါနကျတော့ သူကစလှူကတည်းက အိုး ... အလှူခံပုဂ္ဂိုလ်ချမ်းသာရင်ပြီးရော ကိုယ့်အတွက် ဘာမှမလိုဘူး။ ဘာမှဆုမတောင်းဘူး။ သူဆုတောင်းရင်လည်း နိဗ္ဗာန်ပဲပေါ့။ နိဗ္ဗာန်ဆိုတာ အတုံးအခဲမဟုတ်ပါဘူး။ ကိလေသာ ကုန်ပါစေလို့ ဆုတောင်းတာနဲ့ အတူတူပါပဲ။ ကိလေသာကုန်မှ နိဗ္ဗာန်ရောက်တာ။

ဒါကြောင့် နိဗ္ဗာန်ဆုတောင်းပြီးတော့ ပြုတဲ့ဒါနမျိုးကျတော့ ပါရမီ ထိုက်တယ်။ သူ့ရဲ့ဒါနဟာ လူချမ်းသာနတ်ချမ်းသာပေးသလို ငါကောင်းစားဖို့ဆိုတဲ့ ဒိဋ္ဌိနဲ့ လောဘမပါတဲ့အတွက်ကြောင့် နိဗ္ဗာန်ချမ်းသာလည်း ပေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ဒကာ–ဒကာမများက ဒါနပြုတဲ့အခါမှာ နိဗ္ဗာန် ချမ်းသာကို ဆုတောင်းတတ်ဖို့လိုတယ်။ ဆုတောင်းတတ်ရင် ယောဂီ တို့ရေ လှူဖွယ်ဝတ္ထုက များစရာ ကောင်းစရာ မလိုဘူးဗျာ။ စေတနာ ကောင်းဖို့ပဲလိုတယ်။ ဘာကောင်းဖို့လိုလဲ။ (စေတနာကောင်းဖို့ လိုပါတယ်ဘုရား) စေတနာကောင်းဖို့လိုတယ်။

ဥပမာတစ်ခုပေးကြပါစို့။ ဥပရိပဏ္ဏာသပါဠိတော်၊ ဒက္ခိဏာ ဝိဘင်္ဂသုတ်မှာ ဆိုထားတာရှိတယ်။ အဲဒါဘာလဲ? အလှူခံပုဂ္ဂိုလ် (၁၄) ယောက် ရှိတယ်။

**တိရစ္ဆာန်**

**သီလမရှိသောလူမိုက်**

**သီလရှိသော လူသူတော်ကောင်း၊**

**သာသနာပအခါ ကိလေသာကင်းကြောင်း**

**ကျင့်သော ရသေ့၊**

**အရိယာပုဂ္ဂိုလ်ရှစ်ယောက်၊**

**ပစ္စေကဗုဒ္ဓါခေါ် ဘုရားငယ် (သီးခြားဘုရား)**

**သမ္မာ သမ္ဗုဒ္ဓဘုရားရှင်။**

အလှူခံပုဂ္ဂိုလ် (၁၄) ဦးမှာ တိရစ္ဆာန် တစ်ကောင်ကောင်ကို ကျွေးမွေးလှူဒါန်းလိုက်ရင် ဘဝတစ်ရာ ချမ်းသာတဲ့ကောင်းကျိုးတွေရ တယ်။ ဒါကြောင့် အိမ်ကခွေးလေး ကြောင်လေးကို အစာကျွေးရင် အစာခွက်လေးသေချာပြောင်အောင်ဆေးပြီးတော့ လူတစ်ယောက်ကို ကျွေးသလို မြတ်မြတ်နိုးနိုး ရိုရိုသေသေ ကျွေးရတယ်။



www.burmeseclassic.com

www.burmeseclassic.com



တိရစ္ဆာန်တစ်ကောင် ကျွေးတိုင်းကျွေးတိုင်း ဘဝတစ်ရာချမ်းသာတဲ့ ကောင်းကျိုးတွေရသွားတယ်။ တစ်ခါသီလမရှိတဲ့လူမိုက်ကိုလည်းကျွေးပါ။ သူ့ကိုကျွေးရင် ဘဝတစ်ထောင်ချမ်းသာတဲ့ ကောင်းကျိုးတွေရတယ်။

သီလရှိတဲ့ လူသူတော်ကောင်းကိုကျွေးရင် ဘဝတစ်သောင်းချမ်းသာတဲ့ ကောင်းကျိုးတွေရတယ်။ သာသနာပမှာ ကိလေသာကင်းအောင်ကျင့်သော ရသေ့ကိုကျွေးလှူရင် ဘဝပေါင်း ကုဋေတစ်သိန်း ချမ်းသာတဲ့ ကောင်းကျိုးတွေရတယ်။

အရိယာပုဂ္ဂိုလ် (၈) ယောက်၊ ပစ္စေကဗုဒ္ဓါခေါ် ဘုရားငယ်၊ သမ္မာသမ္ဗုဒ္ဓဘုရားရှင် ဒီ (၁၀) ဦးမှာတော့ ဘယ်သူ့ကိုပင်လှူလှူဘဝပေါင်းဘယ်ရွေ့ဘယ်မျှ ချမ်းသာမယ်လို့ ငါဘုရား မဟောနိုင်ဘူးတဲ့။ ပုထုဇဉ်ရဟန်းသံဃာများဟာ သောတာပန်အရိယာထဲမှာ ပါတယ်လို့ မှတ်ခဲ့။

အလှူခံပုဂ္ဂိုလ် (၁၄) ဦးရှိတဲ့အထဲမှာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကလေ အကျိုးကြီးတဲ့ဟာကို ရွေးလှူဖို့စိတ်နဲ့ ဟောတာမဟုတ်ပါဘူး။ အကျိုးကွာခြားပုံကို သိစေချင်လို့ဟောတာဖြစ်ပါတယ်။

ယောဂီတို့အနေနဲ့ အကျိုးကြီးတဲ့ ပုဂ္ဂိုလ်ရွေးမယ်ဆိုရင် လောဘ ပါသွားမယ်။ အဲလိုမရွေးရဘူး။ ပုံစံလေးပြမယ်။ ပါရမီထိုက်သောဒါနနဲ့ မထိုက်သောဒါန ရှင်းသွားအောင်။

အခု ယောဂီတို့ရှေ့မှာ သာသနာပမှာ ကျန်ရနေတဲ့ ရသေ့တစ်ယောက်တွေ့နေပြီ။ တစ်ခါ ဟိုဘက်မှာလည်းပဲ ခွေးလေးတစ်ကောင်



www.burmeseclassic.com

www.burmeseclassic.com



ဟာ အစာဝင်ပြီးတော့ လမ်းဘေးမှာလဲနေတယ်။ အလှူခံပုဂ္ဂိုလ် နှစ်ယောက်တွေ့ပြီ။

ရှာန်ရတဲ့ ရသေ့ကိုလှူရင် ဘဝကုဋေတစ်သိန်းချမ်းသာမယ်။ အစာဝင်ပြီးတော့လဲနေတဲ့ ခွေးလေးကိုကျွေးလျှင် ဘဝတစ်ရာချမ်းသာမယ်။

စီပွားတွက်တွက်မယ်ဆိုရင်တော့ ရသေ့ကိုလှူချင်စိတ်တွေ မပေါ်နိုင်ဘူးလား။ (ပေါ်နိုင်ပါတယ်ဘုရား) လူအများစုဟာ အဲဒီရသေ့ ကို ပုံလှူကြတယ်တဲ့။ ဘဝကုဋေတစ်သိန်းချမ်းသာချင်တာလေ။ ခွေး ကျွေးရင် ဘဝတစ်ရာပဲချမ်းသာမယ်ဆိုတော့ သိပ်မလှူချင်တော့ဘူး။

အဲဒီအချိန်မှာ ယောဂီတို့က ဘဝကုဋေတစ်သိန်းချမ်းသာ ကိုပဲယူမယ်ဆိုပြီးတော့ ဝတ်ပြီးတော့လဲနေတဲ့ ခွေးလေးကိုတော့ မကျွေးဘဲနဲ့ ရှာန်ရတဲ့ရသေ့ကိုသွားပြီးတော့ လှူလိုက်မယ်ဆိုရင်တဲ့ ယောဂီရဲ့ ဒါနဟာပါရမီမထိုက်သောဒါနဖြစ်သွားတယ်။ ဘာဒါနလဲ။ (ပါရမီ မထိုက်သောဒါနပါဘုရား) ပါရမီမထိုက်တော့ဘူး။ အဲဒီဒါနဟာ နိဗ္ဗာန် မပို့တော့ဘူး။ ဘာဖြစ်လို့ ငါကောင်းစားဖို့ဆိုတဲ့ ဒိဋ္ဌိနဲ့ လောဘပါသွား လို့ပဲ။ (မှန်လှပါဘုရား)

သူလိုချင်တဲ့ ဘဝကုဋေတစ်သိန်းချမ်းသာတဲ့ ကောင်းကျိုး တော့ ရတယ်။ နိဗ္ဗာန်မရောက်ဘူး။ နိဗ္ဗာန်မရောက်ရင် အို၊ နာ၊ သေ၊ ဒုက္ခ တွေ ကင်းပါ့မလား။ (မကင်းပါဘူးဘုရား)။ ဒါ အဖြေပဲ။

အဲဒီမှာ ဩော် ... အလှူခံပုဂ္ဂိုလ်ချမ်းသာရင်ပြီးရော ဟိုမှာ က ပိုနေတာ,မလိုဘူး။ ဒီမှာလိုနေတဲ့ အစားမစားရရင်သေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ခွေးလေး ပဲလှူမယ်ဆိုရင်လဲ ယောဂီတို့ရဲ့ဒါနဟာ ပါရမီထိုက်သော ဒါန။ ဘာဒါနလဲ? (ပါရမီ ထိုက်သောဒါနပါဘုရား)

ငါကောင်းစားဖို့ဆိုတဲ့ ငါဆိုတဲ့ ဒိဋ္ဌိလည်း မပါဘူး။ ကောင်းစားဖို့ဆိုတဲ့လောဘလည်း မပါဘူး။ ဒါကြောင့် အဲဒီဒါနရှင်ဟာ ဖြစ်ရာဘဝမှာ လူချမ်းသာနတ်ချမ်းသာလည်းခံစားရသလို နိဗ္ဗာန် ချမ်းသာကိုလည်း ရောက်တယ်မဟုတ်လား။ (မှန်ပါ့ဘုရား)

ဒါကြောင့် ဒီကနေ့ကစ ယောဂီများသည် ဆန်လမ်းကို လိုက်ပြီးတော့ ဒါနပြုတဲ့အခါမှာ ပါရမီထိုက်တဲ့ဒါနဖြစ်အောင် အလှူခံ ပုဂ္ဂိုလ် တကယ်လိုတဲ့နေရာကို ရွေးပြီးတော့ လှူတတ်ကြပါစေ ကုန်သတည်း။

မေတ္တာရှင် (ရွှေပြည်သာ)

- သဘောထားသေးသိမ်သောသူသည်
  သူတစ်ပါးကို အပြစ်သာ မြင်လေ့ရှိ၏။
- သဘောထားပြည့်ဝသော သူများကား
  မိမိအပြစ်ကိုသာ မြင်လေ့ရှိ၏။
- သဘောထားအပြည့်ဝဆုံး ပုဂ္ဂိုလ်များကား
  မည်သူ့ကိုမှ အပြစ်မမြင်တော့။

မေတ္တာရှင် - ရွှေပြည်သာ

* * *



www.burmeseclassic.com

www.burmeseclassic.com

# ကျောင်းအမနတ်သမီး အလှူကြီး

မေတ္တာရှင် (ရွှေပြည်သာ)

"ဟဲ့ ... မြင့်ကြည် ... နင်တို့ဟာ
သူများမလုပ်တဲ့ ကုသိုလ်တွေလုပ်ထားကြတယ်၊
ကုဋီသန့်ရှင်းရေးဆိုတာ လူတိုင်း မလုပ်ကြဘူး၊
မာန်မာနတရားတွေကြောင့်
လူတိုင်း မလုပ်နိုင်ကြဘူး ...
နင်တို့လုပ်ထားတဲ့ အဲဒီကုသိုလ်ဟာ အားကောင်းတယ်၊
နင်တို့ကို ငါနိမိတ်ဖတ်လိုက်မယ် ...
နင်တို့ရန်ကုန်ရောက်ရင် ငွေ နဲ့ ကြေးနဲ့၊
ရွှေ နဲ့ ငွေနဲ့ တိုက် နဲ့ ကားနဲ့
ချမ်းချမ်းသာသာနေရမယ် ...။

www.burmeseclassic.com

www.burmeseclassic.com



# ကျောင်းအမနတ်သမီး အလှကြီး

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

သုံးလောကထွဋ်ထား မြတ်စွာဘုရားသည် သူ၏ဇာတိဖြစ်သော ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်းမှာ သီတင်းသုံးနေတော်မူစဉ် ကျောင်းအမဖြစ်လာမည့် ရောဟိဏီအမည်ရှိ ခတ္တိယနွယ်ဝင်သတို့သမီးကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူခဲ့လေသည်။

ရှင်အနုရုဒ္ဓါမထေရ်သည် နောက်ပါရဟန်းငါးရာနှင့်အတူ ကပိလဝတ်ပြည်သို့ ကြွလာတော်မူသောအခါ ရှင်အနုရုဒ္ဓါ၏ ဆွေတော်မျိုးတော်များသည် ရှင်အနုရုဒ္ဓါအား လာရောက်ဖူးမြော်ကန်တော့ကြပြီး ဒါနမှု၊ သီလမှု၊ ဘာဝနာမှုများပြုကြလေသည်။ ဤသို့ ရှင်အနုရုဒ္ဓါမထေရ်အား လာရောက်ဖူးမြော်ကန်တော့ကြသူများတွင် နှမတော်



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးဖြစ်သော ရောဟိဏီကိုမတွေ့မြင်သဖြင့် ရောဟိဏီ လာရောက် မဖူးမြော်ခြင်းအကြောင်းကို မေးမြန်းလေသည်။

ထိုအခါ ဆွေတော်မျိုးတော်များက ရောဟိဏီသည် ကုဋ္ဌနူနာ ရောဂါစွဲကပ်နေပြီး တစ်ကိုယ်လုံးရှိစက်ဆုတ်ဘွယ်ရာအနာများကြောင့် လူမြင်မခံဝံ့ ရှက်ရွံ့သဖြင့် လာရောက် မဖူးမြော်ခြင်းဖြစ်ကြောင်း လျှောက်တင်ကြလေသည်။ ဤသို့ လျှောက်တင်ကြသောအခါ ရှင်အနုရုဒ္ဓါက ရောဟိဏီအား သူမ၏မမြင်ဝံ့စရာအနာများကို အဝတ်သင်တိုင်း ခြုံလွှာများ ခြုံလွှမ်းဖုံးကွယ်စေပြီး သူ့ထံခေါ်ဆောင်လာကြရန် မိန့်ကြား လေသည်။ ရောဟိဏီလည်း နောင်တော် ရှင်အနုရုဒ္ဓါ၏ စကားကို မပယ်ရှားသာသဖြင့် အနာများကို အဝတ်သင်တိုင်းများ ဖုံးကွယ်ကာ ရှင်အနုရုဒ္ဓါကို လာရောက်ဖူးမြော်ကန်တော့လေသည်။

ရောဟိဏီကို တရားဓမ္မဆေးဖြင့် ကုသပေးလိုသဖြင့် ခေါ်ယူ လိုက်သော ရှင်အနုရုဒ္ဓါသည် ရောဟိဏီရောက်လာသည်နှင့် အကျိုး တရားမှန်သမျှသည် အကြောင်းတရားကြောင့်သာဖြစ်သည်ဟု အစချီ ပြီး အကုသိုလ်ကြောင့်ဖြစ်သောမီးကို ကုသိုလ်ရေဖြင့်ငြိမ်းသတ်ရသည်။ ရောဟိဏီ ယခုခံစားနေရသော ကုဋ္ဌနူနာရောဂါသည် အတိတ်က ပြုခဲ့သော အကုသိုလ်ကြောင့်ဖြစ်ရသည်ဟုဆိုကာ ဆက်လက်မိန့်ကြား သည်မှာ-

ဒါနမှုများတွင် ကျောင်းအလှူဒါနသည် ကောင်းကျိုးအများ ဆုံး ဖြစ်သည်။ သို့ဖြစ်၍ ရောဟိဏီ၏ကိုယ်ပိုင်ငွေဖြင့် ဆွမ်းစားကျောင်း ဆောင် ဆောက်လုပ်လှူဒါန်းပါက အတိတ်ကပြုခဲ့သော အကုသိုလ် များကို ကုသိုလ်က အနိုင်ရပြီး ယခုခံစားနေရသော ရောဂါဝေဒနာ



www.burmeseclassic.com

www.burmeseclassic.com



များ သက်သာပျောက်ကင်းသွားမည်ဖြစ်ကြောင်း လမ်းညွှန်အကြံပြု လေသည်။ ရောဟိဏီလည်း ရှင်အနုရုဒ္ဓါ၏ ဩဝါဒအတိုင်း မိမိပိုင် လက်ဝတ်ရတနာ၊ ဒွါဒယာများကို ထုခွဲရောင်းချပြီး ကျောင်းကြီးတစ် ဆောင်ဆောက်လုပ်လှူဒါန်းလေသည်။

ဆွမ်းစားကျောင်းကြီးဆောက်လုပ်နေစဉ် ရောဟိဏီသည် နေ့စဉ်ရက်ဆက်ကျောင်းပေါ်တွင် တံမြက်စည်းလှည်း ကျောင်း အောက်ထပ် သံဃာတော်များဆွမ်းစားရန်နေရာများကို ရှင်းလင်း သန့်စင်ကာ နေရာထိုင်ခင်းများစီစဉ်ခင်းကျင်းခြင်း၊ သောက်သုံးရေ များ မပြတ်ဖြည့်တင်းခြင်း၊ ကုဋ္ဌိအိမ်သာများ နေ့စဉ်ဆေးကြော သန့်စင်ခြင်းစသော သန့်ရှင်းရေးကုသိုလ်၊ ဝေယျာဝစ္စကုသိုလ်များကို တစ်နေ့မပြတ် နိစ္စပတ် ပြုလုပ်လေသည်။

ဤသန့်ရှင်းရေးကုသိုလ်၊ ဝေယျာဝစ္စကုသိုလ်သည် အလွန်ထူး ခြားပြီး အကျိုးပေးအားကောင်းသောကုသိုလ်ဖြစ်သည်။ ထို့ကြောင့် ထိုကဲ့သို့သော ကုသိုလ်မျိုးကို တတ်စွမ်းနိုင်သမျှ ပြုစေလိုသည်။ ရန်ကုန် မြို့ရှိ မိသားစုတစ်စုမှ အမျိုးသမီးကြီးတစ်ဦးကိုတွေ့ဖူးသည်။ နာမည် က ဒေါ်မြင့်ကြည်ဖြစ်သည်။ ရန်ကုန်သို့မပြောင်းလာမီက နယ်ရှိရွာလေး တစ်ရွာမှာ နေထိုင်ကြသည်။

သူတို့မိသားစုသည် ရွာမှာနေစဉ်က အလွန်ဆင်းရဲကြသည်။ သို့သော် ထူးခြားစွာ သူတစ်ပါးမယူလိုသော ကုသိုလ်ကို ယူလေ့ရှိကြ သည်။ ဥပုသ်နေ့များတွင် ဥပုသ်ကျောင်းမှ ညစ်ပတ်ပေကျံနေသော ကုဋ္ဌိအိမ်သာများကို မိသားတစ်စုလုံး ဆေးကြောသန့်စင်ပြီး သန့်ရှင်း ရေးကုသိုလ်ပြုကြသည်။ အတိတ်မှ အကုသိုလ်ကံက ဖိနှိပ်ထား၍



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကျိုးပေးချိန်မတန်သေးသဖြင့် ဆင်းရဲနေဆဲဖြစ်သည်။

ရွာတွင် အလုပ်အကိုင် အဆင်မပြေသည့်အဆုံး တစ်ရွာမပြောင်း သူကောင်းမဖြစ်ဆိုသကဲ့သို့ ရေကြည်ရာမြက်နုရာ ရန်ကုန်မြို့သို့ စွန့်စားပြီး လုပ်ကိုင်စားသောက်ကြရန် ဆုံးဖြတ်ပြီး ရွာဦးကျောင်းဆရာတော်ထံ သွားရောက်ကန်တော့ နှုတ်ဆက်ကြသည်။ ထိုအခါ ဆရာတော်က သူတို့မျှော်လင့်မထားသော စကားဆန်းတစ်ခွန်း ပြောလေသည်။

ဆရာတော်က–

''ဟဲ့ မြင့်ကြည်၊ နင်တို့ဟာ သူများမလုပ်တဲ့ ကုသိုလ်တွေလုပ်ထားကြတယ်။ ကုဋီသန့်ရှင်းရေးဆိုတာ လူတိုင်းမလုပ်ကြဘူး။ မာန်မာနတရားတွေကြောင့် လူတိုင်း မလုပ်နိုင်ကြဘူး။ နင်တို့လုပ်ထားတဲ့ အဲဒီကုသိုလ်ဟာ အားကောင်းတယ်။ နင်တို့ကို ငါနိမိတ်ဖတ်လိုက်မယ်။ နင်တို့ ရန်ကုန်ရောက်ရင် ငွေနဲ့ကြေးနဲ့၊ ရွှေနဲ့၊ ငွေနဲ့၊ တိုက်နဲ့ကားနဲ့ ချမ်းချမ်းသာသာနေရမယ်''

ဒေါ်မြင့်မြင့်ကြည်တို့သည် ''ငါတို့တော့ မထူးပါဘူး၊ ဆရာတော်က စိတ်ချမ်းသာအောင်ပြောတာပါ'' ဟု ခပ်ပေါ့ပေါ့တွေးပြီး မေ့မေ့ပျောက်ပျောက်သာ သဘောထားလိုက်သည်။

စာဖတ်သူများအနေနှင့် ထိုကဲ့သို့သော ကုသိုလ်မျိုးကို ကြုံသည့်အခါတိုင်း ပြုစေလိုသည်။ စာရေးသူကိုယ်တိုင် ထိုကဲ့သို့သော သန့်ရှင်းရေးကုသိုလ်ကို ပြုဖူးသည်။ သင်္ဘောတစ်စီးပေါ်မှာဖြစ်သည်။ တစ်ခါက ဧရာဝတီတိုင်းသို့ ရန်ကုန်မှ သင်္ဘောစီးပြီးသွားဖြစ်သည်။ သုံးထပ်သင်္ဘောကြီးဖြစ်သည်။ ဘိုကလေးမြို့အရောက်တွင် ဒုတိယ



www.burmeseclassic.com

www.burmeseclassic.com



တန်းရှိ သင်္ဘောအိမ်သာခန်း ခြောက်ခုလုံးရေပြတ်လပ်ပြီး ခြေနင်းခုံ နေရာအနှံ့တွင် အညစ်အကြေးများဖြင့် အနံ့ဆိုးများ တထောင်းထောင်း ထကာ ညစ်ပတ်ပေကျံနေလေတော့သည်။ သင်္ဘောပေါ်ရှိ ရဟန်း ရှင်လူခရီးသည်များအားလုံး ဆင်းရဲဒုက္ခဖြစ်ကြရတော့သည်။

စာရေးသူလည်း အနားရှိ သင်္ဘောတစ်စီးထံမှ ရေပုံးတစ်ခု ကိုငှားပြီး မြစ်ထဲမှရေများကိုခပ်ကာ အိမ်သာအားလုံးကို သန့်ရှင်းရေး ပြုလုပ်လိုက်သည်။ အိမ်သာထဲရှိ အညစ်အကြေးများမှာ ပွစိတက် နေပြီး သင်္ဘောပေါ်ရှိ လူရောရဟန်းပါ ဒုက္ခရောက်နေကြသော်လည်း သန့်ရှင်းရေးကူသိုလ်ယူမည့်သူ မရှိကြချေ။ သူတစ်ပါးစွန့်သော အညစ် အကြေးများကို ငါတော့မလုပ်နိုင်ဘူးဆိုသောစိတ်ဖြင့် နေသာသလို နေကြလေသည်။ ထိုအလုပ်မျိုးကိုလုပ်ခြင်းသည် အောက်တန်းကျ သောအလုပ်ဖြစ်သည်ဟု အထင်ရောက်နေကြသည်။ မာန်မာနတွေ ဖြစ်သည်။ ငါအစွဲတွေဖြစ်သည်။ အမှန်အတိုင်း ဆင်ခြင်ကြည့်လျှင် အမြဲတမ်းဖြစ်ပျက်နေသော ဤခန္ဓာကိုယ်တွင် ငါဆိုသည်မှာ မရှိပေ။

စာရေးသူကိုယ်တိုင် မြစ်ထဲမှရေများကို ခပ်ပြီး ဆေးကြော သုတ်သင်နေသည်ကိုမြင်ရသော နှစ်ဆယ့်ငါးနှစ်အရွယ် ဦးဇင်းတစ်ပါး လည်း ဝင်ရောက်ကူညီလေသည်။ အိမ်သာခန်းအခန်းအားလုံးကို ဆေးကြောသန့်စင်ပြီး ရေစလုံများကိုလည်း ရေအပြည့်ခပ်ဖြည့် လိုက်သည်။ ခရီးသည်များအားလုံးသည် စိတ်ချမ်းသာသွားကြ လေတော့သည်။ သန့်ရှင်းရေးကုသိုလ်ဖြစ်သည်။ ဒေါ်မြင့်ကြည်တို့ အကြောင်းကို ဆက်ပါဦးမည်။

"တကယ့်ကို အံ့သြစရာပါဘုရား။ တပည့်တော်မ ရန်ကုန်ကို

www.burmeseclassic.com

www.burmeseclassic.com



ပြောင်းလာပြီးတဲ့အခါ အိမ်ထောင်ကျပါတယ်ဘုရား။ တပည့်တော်မနဲ့ အိမ်ထောင်ကျသူဟာ သာမန်အလုပ်သမား တစ်ယောက်ပါပဲ။ အိမ်ထောင်ကျပြီးသိပ်မကြာဘူး။ တပည့်တော်မရဲ့အိမ်သားဟာ နိုင်ငံခြားသင်္ဘောသားဖြစ်သွားပါတယ်။ ငွေကြေး ဘာမှမကုန်လိုက်ရပါဘူး။ အဲဒီအချိန်ကစပြီး စီးပွားတက်ချမ်းသာလာတာ၊ တိုက်နဲ့ကားနဲ့နေရတဲ့ အထိဖြစ်လာတာ အရှင်ဘုရား စာချခဲ့တဲ့ကျောင်းရဲ့ ဦးဆောင်အလှူ ရှင်ပါဘုရားအခု လှိုင်မြို့နယ်မှာနေပါတယ်ဘုရား''

သန့်ရှင်းရေးကုသိုလ်၏ အကျိုးတရားသည်မည်မျှ အကျိုးပေးသန်လိုက်ပါသနည်း။ ရောဟိဏီသည်လည်း ထိုကဲ့သို့ပင်။ ကျောင်းစဆောက်သည့်အချိန်မှစ၍ နေ့စဉ်ရက်ဆက် ဝေယျာဝစ္စကုသိုလ်များ သန့်ရှင်းရေးကုသိုလ်များ ပြုလုပ်သည့်အတွက် သူမ၏ ကုဋ္ဌနူနာရောဂါကြောင့်ဖြစ်ရသော အနာစိုများသည် တဖြေးဖြေးနှင့် ညှိုးနွမ်းခြောက်သယောင်းလာသည်မှာ ရောဂါ၏ သုံးပုံနှစ်ပုံခန့် ပျောက်ကင်းသွားလေသည်။ ရောဟိဏီလည်း မိမိ၏ အတိတ်အကုသိုလ် အကျိုးပေးကံကြောင့်ဖြစ်ရသော စိတ်ဆင်းရဲမှု ကိုယ်ဆင်းရဲမှုဒုက္ခများကို ပစ္စုပ္ပန် ကုသိုလ်ကံဖြင့် အဖတ်ဆယ်ချေဖျက်၍ရမှန်း ကိုယ်တိုင်သိမြင်လာရပြီး ယုံကြည်မှုသဒ္ဓါများ တိုးပွားလာကာ ကိုယ်စိတ်နှစ်ပါး ချမ်းသာရ တော့သည်။

ဤကဲ့သို့ဖြင့် ဆွမ်းစားကျောင်းကြီး ဆောက်လုပ်ပြီးစီး၍ ရေစက် ချပွဲကြီးတွင် မြတ်စွာဘုရားရှင်ကိုယ်တော်တိုင်ကြွရောက်ပြီး သာဓုအနုမောဒနာတရား ချီးမြှင့်လေသည်။ ဓမ္မပဒ အဋ္ဌကထာ အဖွင့်နိဒါန်းတွင်



www.burmeseclassic.com

www.burmeseclassic.com



"ကောဓံဇဟေ ဝိပ္ပဇဟေယျ မာနံ" ဆိုသော ဂါထာတော် အတိုင်း ဘုရားရှင်က တရားဟောကြားရင်း–

"ချစ်သမီး ရောဟိဏီ၊ သင်ယခုလို ကုဋ္ဌနူနာရောဂါ စွဲကပ် ရခြင်းရဲ့ အကြောင်းကို သိသလား"ဟုမေးရာ ရောဟိဏီက–

"မသိပါဘုရား"

"ချစ်သမီး သင်ဟာ အတိတ်ဘဝက ဒေါသမာနကြီးတဲ့ မိဖုရားကြီးတစ်ဦးဖြစ်ခဲ့တယ်"

ဟု အစချီပြီး ရောဟိဏီ၏ အတိတ်ဘဝအကြောင်းကို ဟော တော်မူပါသည်။

ရောဟိဏီသည် အတိတ်ဘဝက ဗာရာဏသီပြည့်ရှင်မင်း၏ မိဖုရားကြီးတစ်ဦးဖြစ်ခဲ့ပြီး ဒေါသအလွန်ခက်ထန်ကာ မာနကြီးသူတစ် ယောက်ဖြစ်သည်။ တစ်နေ့တွင် ဗာရာဏသီမင်းကြီးသည် ကချေသည် မတစ်ဦးကို စွဲလမ်းနှစ်သက်နေသည်ကိုသိရသော် ပြင်းစွာအမျက် ထွက်ပြီး ကချေသည်မကိုလည်း မနာလိုဝန်တိုမှုများ ဖြစ်လေသည်။ ထို့ကြောင့် မိဖုရားကြီးသည် ကချေသည်၏အလှကို ပျက်စီးစေရန် အကြံဖြင့် ကချေသည်မ၏ အဆောင်ကိုမင်းချင်းအား အနုနည်းဖြင့် တစ်မျိုး အကြမ်းနည်းဖြင့်တဖုံ၊ ဖြားယောင်းခြိမ်းခြောက်ပြီး ကချေ သည်မ၏ ဒံဝတ်အစား အသုံးအဆောင်နှင့် အိပ်ယာနေရာများကို ခွေးလေးယားသီးမှုန့်များ ဖြူးထားစေသည်။ ထို့ကြောင့် ကချေသည် မသည် ယားယံသောအနာများဖြစ်ပေါ်ကာ ကုတ်ရင်းဖဲ့ရင်း ရုပ်ပျက် ဆင်းပျက်ဖြစ်ရလေတော့၏။ ဤသို့ ဒေါသနှင့်မာနအရင်းခံပြီး သူတစ် ပါးပျက်စီးစေရန်ပြုခဲ့သော အကုသိုလ်ကံကြောင့် ယခုဘဝတွင် ကုဋ္ဌ



www.burmeseclassic.com

www.burmeseclassic.com



နုနာစွဲကပ်ရခြင်းဖြစ်သည်ဟု မိန့်ကြားလေသည်။

ဘဝဆိုသည်မှာ အချိန်ပိုင်းလေးသာ ဖြစ်သည်။ တိုတောင်းလှသောဘဝလေး ရလာခိုက်တွင် မိမိကြောင့် သူတစ်ပါးစိတ်ဆင်းရဲရလေအောင် မလုပ်မိကြစေရန် အထူးဂရုပြုကြရမည်ဖြစ်သည်။ ဘုရားရှင်အဆက်ဆက်က အမျက်ဒေါသနှင့် မာန်မာနကို မိမိသန္တာန်မှ လုံးဝစွန့်ပယ် ဖျောက်ဖျက်ပစ်ကြရန် ဟောခဲ့သည်။ သံယောဇဉ်ကြိုး တရားဆိုးတွေကို ဖြတ်တောက်လွန်မြောက်စေရမည်၊ ရုပ် နာမ်ခန္ဓာအပေါ်တွင် ကိလေသာနှင့် တွယ်တာကပ်ငြိမှုမရှိသောသူသည် ဆင်းရဲမှုများမှ လွတ်ကင်းချမ်းသာမည်ဟု ဟောမြွက်လေသည်။ တရားအဆုံးတွင် ရောဟိဏီသည် သောတာပန်တည်သွားပြီး နူနာရောဂါ လုံးဝပျောက်ကင်းသွားကာ အသားအရေများလည်း ရွှေအဆင်းကဲ့သို့ ဝင်းပသွားလေတော့သည်။

မြတ်စွာဘုရားရှင်က ရောဟိဏီအား–

"ချစ်သမီး၊ ဒေါသနဲ့ မာန်မာနကို စွန့်ပယ်ဖျောက်ဖျက်ပစ်ရမယ်"

တစ်စုံတစ်ယောက်ကို အမျက်ထွက် စိတ်ဆိုးပြီး ရန်ငြိုးနှင့်သေလျှင် အပါယ်ငရဲသို့ ကျသွားသည်။ ဒေါသသည် ထိုမျှလောက်ထိစွမ်းသည် သတ္တဝါတို့တွင် ဒေါသစိတ်များသည်ထက်များလာလျှင် ကမ္ဘာပေါ်တွင် လက်နက်ဘေးကြီးဆိုက်သည်။ ကြီးကျယ်သော စစ်ပွဲကြီးများဖြစ်ပွားပြီး ကမ္ဘာကြီး ပျက်စီးသွားနိုင်သည်။ ထို့ကြောင့် ယနေ့ကမ္ဘာအနှံ့ဖြစ်ပွားခဲ့သော စစ်ပွဲများ၏ အဓိကအကြောင်းရင်းသည် ဒေါသကြောင့်ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါသတရားများ ပိုရှိများလာလျှင် ကမ္ဘာလောကကြီးတွင် ရေလွှမ်းမိုးပြီး ကမ္ဘာပျက်စီးသွားရလေသည်။ ကမ္ဘာဖျက်ရေဆိုသည်မှာ ဒေါသက ဖန်တီးခြင်းဖြစ်သည်။ ဒေါသကြောင့် အသက်ပါဆုံးရှုံးသွားရသူ နှစ်ယောက်အကြောင်းကို တင်ပြလိုသည်။

ပထမတစ်ဦးမှာ အမျိုးသားတစ်ယောက်ဖြစ်သည်။ အင်္ဂလိပ်လူမျိုး ပါလီမန်အမတ်တစ်ယောက်ဖြစ်သည်။ ဆရာဝန်လည်းဖြစ်သည်။ တစ်နေ့တွင် ပါလီမန်အစည်းအဝေး၌ နိုင်ငံရေးကိစ္စတစ်ခုနှင့်ပတ်သက်ပြီး အမတ်တစ်ယောက်နှင့် အငြင်းအခုန်ဖြစ်ကြလေသည်။ ငြင်းကြခုန်ကြရင်း ဆရာဝန်ပါလီမန်အမတ်သည် ဒေါသထွက်လာပြီး လက်သီးလက်မောင်း တန်းအော်ဟစ်ငြင်းခုန်သည်အထိဖြစ်လာပြီး အစည်းအဝေးခန်းမထဲမှာပင် ပက်လက်လန် လဲကျသေဆုံးသွားလေသည်။ ဒေါသမီးလောင်ပြီး သေဆုံးခြင်းကြောင့် ငရဲတွင် ခံရပေဦးမည်။

ဒေါသဆိုသော ကိလေသာမီးသည် အလွန်ပင်ပူလောင်ပြင်းထန်လှသည်။ လူတစ်ယောက် ဒေါသဖြစ်လာပြီဆိုလျှင် မျက်နှာကြီးနီရဲပြီး အလွန်ကြောက်စရာကောင်းသွားသည်။ ဒေါသဖြစ်ဆဲအချိန်တွင် နှလုံးသွေးများသည်လည်း မည်းနက်သွားသည်။

နောက်တစ်ဦးမှာ အမျိုးသမီးတစ်ယောက်ဖြစ်သည်။ မန္တလေးမြို့ စိန်ပန်းရပ်ကွက်မှဖြစ်သည်။ ဖြစ်စဉ်အကျဉ်းမှာ တစ်နေ့တွင် သူမ၏သားလေးတစ်ဦးသည် တီဗွီကြည့်ရင်း တခြားကလေးတစ်ဦးနှင့် ခိုက်ရန်ဖြစ်ပွားကြသည်။ ရန်ဖြစ်ကြရင်းနှင့် တစ်ဘက်ကလေးက ခဲတံချွန်သောဓါးလေးနှင့်ရမ်းလိုက်ရာ သူမသားလေး၏ လက်မောင်းကိုအနည်းငယ်မျှထိသွားပြီး သွေးအနည်းငယ်ထွက်သွားသည်။ ကလေး



www.burmeseclassic.com

www.burmeseclassic.com



များမှာ ကိုးနှစ်ဆယ်နှစ်အရွယ်ဖြစ်သည်။ ဓါးထိသွားသောကလေးက သူ့အမေကို သွားတိုင်သောအခါ အမေဖြစ်သူက ဒေါသထွက်ပြီး "ငါ့သားကို လုပ်တဲ့ကောင်လေး၊ ငါကိုယ်တိုင်သတ်မယ်"ဆိုပြီး လက်သီးနှစ်ဘက်ကို ကျစ်ကျစ်ပါအောင်ဆုပ်ကာ ခဲတံချွန်သောဓါးကိုင်ထားသည့် ကလေးထံ အပြေးသွားသည်။ ကလေးလည်း ကြောက်လန့်ပြီး သုတ်ချေတင်တော့သည်။ ဓါးသမားကောင်လေးက ရှေ့မှနေပြီး သူ့အိမ်သို့ ထွက်ပြေးသည်။ ဓါးထိခံထားရသောကလေး၏ အမေက နောက်က အတင်းလိုက်သည်။ ဓါးသမားကလေး အိမ်ထဲဝင်အပြေးတွင် နောက်မှထပ်ချပ်မကွာလိုက်လာသော ကလေးအမေမှာ အိမ်ပေါက်ဝအရောက် မှောက်လျက်လဲသွားသည်။ အချိန်ခဏကြာသည်အထိ ပြန်မထနိုင်သော အမျိုးသမီးကို ပတ်ဝန်းကျင်မှလူများက ထူမကြည့်လိုက်သောအခါ အသက်မရှိတော့။ ဒေါသကြောင့် တစ်ကိုယ်လုံးမည်းနက်ပြီး လက်သီးနှစ်ဘက် ကျစ်ကျစ်ပါအောင်ဆုပ်ထားရင်း သေနေလေပြီ၊ ငရဲကျသွားချေပြီ။

"သံကိလိဋ္ဌ သံကိလေသာ"၊ ကိလေသာဆယ်ပါးဆိုသည်မှာ နှိပ်စက်တတ်သည်၊ ပူပန်စေတတ်သည်၊ မည်မျှအထိ ပူပန်စေတတ်၊ နှိပ်စက်စေတတ်ပါသနည်းဆိုပါမူ သေစေသည်အထိ ပူပန်စေတက်၊ နှိပ်စက်စေတတ်လေသည်။ ဝိပဿနာတရားဆိုသည်မှာ ထိုသို့သော ကိလေသာများ မပေါ်အောင်၊ ကိလေသာများကုန်အောင် သတ်သော တရားဖြစ်သည်။ ထို့ကြောင့် ဝိပဿနာတရား ရှုပွားသည်ဆိုသည်မှာ ကိလေသာများမပေါ်အောင်၊ ကုန်အောင်သတ်ရန်အတွက် ရှုပွားရသော တရားဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါရှိတယ်၊ ငါသိတယ်" ဟုဆိုပြီး ထောင်လွှားခြင်းသည် မာနကိလေသာဖြစ်သည်။ မာနထောင်လွှားပြီဆိုလျှင် မည်သည့်လုပ်ငန်းမှ မအောင်မြင်ချေ။ ဒေါသ၊ မာနတို့နှင့်ပတ်သက်၍ သုဘာလုလင်ဆိုသော ဘာသာခြားတစ်ယောက်က ဗုဒ္ဓကို မေးလျှောက်ဖူးသည်။

"မြတ်စွာဘုရား၊ လောကမှာ လူချင်းတူပါလျက် အချို့က ရုပ်ဆိုးကြပြီး၊ အချို့က ချောလှကြတာဘာကြောင့်ပါလဲဘုရား"

"သုဘာလုလင်၊ ဒေါသကင်းပြီး မေတ္တာစိတ်ထားသူများဟာ ရုပ်ရည်ချောမောလှပပြီး၊ ဒေါသကြီးတဲ့သူများဟာ ရုပ်ဆိုးတယ်"

ဂူတစ်ဂူထဲတွင် ခြသေ့်နှစ်ကောင် မအောင်းသကဲ့သို့ ဒေါသရှိသောပုဂ္ဂိုလ်၊ ဒေါသကြီးသောပုဂ္ဂိုလ်၏ သန္တာန်တွင် မေတ္တာဓါတ်မကိန်းပေ။ ပူလောင်နေသော မီးပုံခဲအနားသို့ မည်သူမျှ မကပ်ချင်သကဲ့သို့ ဒေါသကိလေသာရှိသူ၊ ဒေါသကြီးသူအနားသို့ မည်သူမျှ မကပ်လိုကြပေ။ ထိုပုဂ္ဂိုလ်များ စီးပွားရေးလုပ်လျှင်လည်း မအောင်မြင်၊ ဘာသာရေးလုပ်လျှင်လည်း မအောင်မြင်ချေ။

မြန်မာပြည်တွင် သံဃာတော် ငါးသိန်းခန့်ရှိသည့်အနက် တိပိဋကတ်အောင်ပုဂ္ဂိုလ် (၁၂) ပါးသာရှိသည်။ တိပိဋကတ်အောင်ပုဂ္ဂိုလ် (၁၂) ပါးရှိသည့်အထဲတွင် မင်းကွန်းဆရာတော်ကြီးသည် ကမ္ဘာသိသာသနာပြုဆရာတော်ကြီးတစ်ဆူအဖြစ် ထင်ရှားသည်။ ဆရာတော်ကြီးသည် ကမ္ဘာ့အဆင့်မီ သာသနာ့တက္ကသိုလ်ကြီးများကို ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် တည်ထောင်ခဲ့သကဲ့သို့ စာသင်တိုက်ကြီးနှစ်ခုကိုလည်း တည်ထောင်တော်မူခဲ့သည်။ ရန်ကုန်မြို့တွင် တိပိဋကစာသင်သားများ စာမေးပွဲဖြေဆိုချိန်တွင် သီတင်းသုံးနိုင်ရန်



www.burmeseclassic.com

www.burmeseclassic.com



အတွက် အဆောင်ကြီး တစ်ခုကိုလည်း တည်ထောင်ခဲ့သည်။

မင်းကွန်းတွင်လည်း ဓမ္မနာဒ ပထမပြန်စာသင်တိုက်ကြီး တစ်ခု၊ မလွန်ဆန်လှူအသင်းအတွက်နှင့် စစ်ကိုင်းတစ်လျှောက်တွင် ရှိသော ကျောင်းပေါင်းများစွာရှိ ရဟန်းသီလရှင်များအတွက် အဆောက်အဦများစွာကို မင်းကွန်းဆရာတော်ကြီးဦးဆောင်ပြီး တည်ထောင်ခဲ့လေသည်။ ကမ္ဘာ့ဂင်းနစ်မှတ်တမ်းစာအုပ်တွင် ဉာဏ်အကောင်းဆုံးလူသားအဖြစ် မှတ်တမ်းတင်ခြင်းခံရသည်။

မင်းကွန်းဆရာတော်ကြီးသည် အဘယ်ကြောင့် ထိရောက်အောင်မြင်စွာ သာသနာပြုနိုင်ပါသနည်းဆိုလျှင် ဆရာတော်ကြီးတွင် ဒေါသမရှိ၊ ဒေါသကင်းပြီး မေတ္တာစိတ် အပြည့်ရှိသောကြောင့်ဖြစ်သည်။

ဒေါသထွက်ခြင်းဆိုသည်မှာ လွယ်ကူသော အရာဖြစ်သည်။ တိရစ္ဆာန်များသည်လည်း လွယ်လွယ်ကူကူပင် ဒေါသထွက်တတ်ကြသည်။ ပြဿနာတစ်ခုကို မေတ္တာနှင့် ပြေလည်အောင်ဖြေရှင်းတတ်မှသာလျှင် အမှန်တရားကို ရှာဖွေတွေ့ရှိနိုင်ပေမည်။ မာနနှင့်ပတ်သက်၍လည်း သုဘလုလင်က ဘုရားရှင်ကို ဆက်လက်မေးလျှောက်ရာ–

"အရှင်ဘုရား၊ လူချင်းတူပါလျက် အချို့ပုဂ္ဂိုလ်က အမျိုးယုတ်တယ်၊ အချို့ပုဂ္ဂိုလ်တွေက အမျိုးမြတ်တာ ဘာကြောင့်ပါလဲဘုရား"

"ချစ်သား သုဘလုလင်၊ ငါနှင့်ငါသာ နိုင်းစရာဆိုသလို၊ ငါသိ ငါရှိ ငါတတ်ဆိုသူတွေဟာ အမျိုးယုတ်တယ်၊ မာနကင်းပြီး ဂါရဝတရား နိဝါတတရားရှိသူတွေဟာ အမျိုးမြတ်တယ်"

ရှိခိုးသူနှင့် ရှိခိုးခြင်းခံရသူ ပုဂ္ဂိုလ်နှစ်ဦးရှိရာတွင် ရှိခိုးခြင်းခံရသူ၌ ရှိခိုးခံထိုက်သော သီလ သမာဓိ ပညာမရှိလျှင် အပြစ်ဖြစ်လေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ အပါယ်ကျတတ်သည်။ အရိုအသေပြု ရှိခိုးရာတွင် ရှိခိုးသူများ၌ ကုသိုလ်ဖြစ်သည်။ အကျိုးရှိသည်။

အာယု - အသက်ရှည်ခြင်း

ဝဏ္ဏ - အဆင်းလှခြင်း

သုခ - ချမ်းသာခြင်း

ဗလ - ခွန်အားကြီးခြင်းဆိုသော အကျိုးလေးမျိုးရသည်။ ထိုအကျိုးလေးမျိုးကို မာနကင်းပြီး ဂါရဝ နိဝါတတရားနှင့် ရှိခိုးသူတိုင်း ရရှိခံစားရသည်။

"သံယောဇဉ်ကြိုး တရားဆိုး ပယ်ချိုးလွန်မြောက်ရာ"ဆိုသည်ကို ရှင်းပါမည်။ သံယောဇဉ်နှင့် မေတ္တာကိုတချို့က ရောထွေးနေကြသည်။ ဘာမျှမသက်ဆိုင်ပါ။ သံယောဇဉ်ဆိုသည်မှာ ပူလောင်မှု သက်သက်ဖြစ်သည်။ လောဘတဏှာနှင့် စွဲလမ်းမှုကို သံယောဇဉ်ဟုခေါ်သည်။ ပူလည်း ပူလောင်စေသည်။ မေတ္တာသည်ကား အေးချမ်းသည်။ အေးချမ်းစေသည်၊ စိတ်ချမ်းသာသည်၊ စိတ်ချမ်းသာစေသည်။

တစ်ခါက မြိတ်မြို့ရှိ ကျောင်းတစ်ကျောင်းသို့ ဒကာတစ်ဦး ရောက်လာကာ ကျောင်းရှိသံဃာများအား ကြွက်ဆီထမင်း ဆွမ်းကပ်လိုကြောင်းလျှောက်ထားသည်။ ကျောင်းရှိသံဃာမှာ (၅) ပါးသာရှိသည်။ ထို့ကြောင့် ဒကာလည်း (၅) ပါးစာသာ လာရောက်ကပ်လှူသည်။ ဆွမ်း စားချိန်အရောက်တွင် အာဂန္တုကိုယ်တော်တစ်ပါး ကြွလာသည်။ ဆွမ်းက (၅) ပါးစာ၊ သံဃာက (၆) ပါး။ မည်ကဲ့သို့ ပြုကြမည်နည်း။ ကျောင်းထိုင်ဆရာတော်ကြီးက အငတ်ခံလိုက်သည်။ မိမိ မဘုဉ်းပေးပဲ အငတ်ခံပြီး တပည့်သားတွေကို ကျွေးနိုင်သည်မှာ တကယ့်မေတ္တာ



www.burmeseclassic.com

www.burmeseclassic.com



ဓါတ်အပြည့်ကြောင့်ဖြစ်သည်။

သံယောဇဉ်ဆိုသည်မှာ တဏှာ၊ အကုသိုလ်ဖြစ်သည်။ တဏှာနှင့်စွဲလျှင် အပါယ်ကျမည်။ သံယောဇဉ်ထား၍ မည်သည့်ကောင်းကျိုးကိုမျှ မပေးပေ။ ထို့ကြောင့် မိဘနှင့်သားသမီး၊ သားသမီးနှင့်မိဘတစ်ဦးအပေါ်တစ်ဦး မေတ္တာနှင့်သာ စောင့်ရှောက်ကြရမည်ဖြစ်သည်။

ရုပ်နာမ်ခန္ဓာကို ကိလေသာနှင့် တွယ်တာကပ်ငြိမှုမရှိသူတွင် ဆင်းရဲဒုက္ခများကင်းစင်သည်။ ထို့ကြောင့် မိမိ၏ခန္ဓာကို ကိလေသာအညစ်အကြေး ချေးညှော်များမတင်ရှိစေဘဲ ရုပ်နာမ်မျှသာဟု သိကြရမည်။

တစ်ဦးကိုတစ်ဦး မြင်ကြရာတွင် အဆင်းရုပ်နှင့် မျက်စိအကြည်ရုပ်တို့ တိုက်ဆိုင်ချိန်ခဏအတွင်း မြင်သိစိတ် (နာမ်တရား) ဖြစ်ပေါ်သည်။ သူလည်းမဟုတ်၊ ငါလည်းမဟုတ်၊ သိသည်ဟူသောသဘောမျှသာဖြစ်သည်။ ဖေါက်ပြန်တာက ရုပ်တရားဖြစ်သည်။ ရုပ်နှင့်နာမ်သည် သူ့သဘောနှင့်သူ၊ အကြောင်းကြောင့် အကျိုးဖြစ်လာခြင်းဖြစ်သည်။ ငါမဟုတ်၊ ငါမရှိဟု ပြတ်သားစွာသိသွားလျှင် သံယောဇဉ်ပြတ်သည်။ တရားအဆုံးတွင် ယောဟိဏီသည် အောက်ပါအကျိုးသုံးမျိုးကို ရရှိခံစားရလေသည်။

၁။ သူ့မှာစွဲကပ်နေသော နူနာရောဂါသည် လုံးဝပျောက်ကင်းသွားခြင်း။

၂။ အသားအရေသည် ရွှေအဆင်းကဲ့သို့ ဝါဝင်းသွားခြင်း။

၃။ သောတာပန်တည်သွားခြင်းတို့ဖြစ်သည်။

ရောဟိဏီသည် ထိုဘဝမှ စုတေသေလွန်သောအခါ တာဝတိံသာနတ်ပြည်သို့ ရောက်သွားသည်။ ထိုအကြောင်းအရာနှင့်တစ်ဆက်



www.burmeseclassic.com

www.burmeseclassic.com



တည်း ကျောင်းလှူသူတို့ ရရှိအပ်သော ဝမ်းမြောက်ဖွယ်ရာ အကျိုး (၆) မျိုးကို ဖော်ပြဦးမည်။

ကျောင်းလှူသောသူများသည် ဖြစ်ရာဘဝ၌ ရွှေဗိမာန်ကြီး ပေါက်ပေးခြင်းခံရသည်။ မည်သူမျှ ဆောက်ပေးစရာမလိုပဲ လှူခဲ့သည့် စေတနာကြောင့် ရွှေဗိမာန်ကြီးအလိုလိုပေါ်လာပေးသည်။ ဤကဲ့သို့သော ဖြစ်ရပ်များစွာရှိသည်။ လွန်ခဲ့သော ခြောက်နှစ်ခန့်က ရွှေပြည်သာမြို့ နန္ဒဝန်ကျောင်းဆရာတော်၏ တူမလေးတစ်ဦးသည် ရေနံချောင်းမြို့နယ်မှလာပြီး နန္ဒဝန်ကျောင်းတွင်တည်းခိုကာ ဆေးလာကုသည်။

သူမ၏ရောဂါမှာ ဆေးမတိုးပဲ ဆေးကု၍မသက်သာပဲဖြစ်နေသည်။ တစ်နေ့တွင် ထိုမိန်းကလေးကို မကောင်းဆိုးဝါးတစ်ကောင်က ဝင်စီးပူးကပ်သည်။ ဆရာတော်က "မင်း ဘယ်သူလဲ" ဟုမေးရာ ဝင်ပူးနေသော မကောင်းဆိုးဝါးကောင်ကြီးက ယောကျ်ားသံကြီးနှင့် သူသည် မိန်းကလေးနေထိုင်သောရွာထိပ်က မကောင်းဆိုးဝါးတစ်ကောင်ဖြစ်ကြောင်း ပြောပြသည်။ ဆရာတော်က ဆက်ပြီး "ဒီကို ဘာလာလုပ်တာလဲ၊ ဘာဖြစ်လို့ ဝင်ပူးတာလဲ" ဟုမေးရာ "ဒီမိန်းကလေးကို ကျုပ်လုပ်ထားတာ၊ အသေလုပ်ထားတာဖြစ်လို့ ဆေးကုမနေနဲ့တော့၊ မရတော့ဘူး။ သေမှာပဲ၊ ဒီမိန်းကလေးသေမှ ကျုပ်နေတဲ့နေရာ သစ်ပင်မှာထားခဲ့ပြီး ကျုပ်က တခြားသွားမယ်၊ လွတ်မယ်" ဟု ပြောပြီး ထွက်သွားလေသည်။

ဆွေမျိုးသားချင်း လူနာရှင်များမှာ အလွန်ပင်စိတ်ဓါတ်ကျသွားကြလေတော့သည်။ "သွားပြီ၊ ဆေးဆက်ကုလို့မရတော့ဘူးလို့ ပြောသွားပါလျက်နဲ့ ကုနေလည်းအပိုပဲ"ဟု ပြောနေတွေးနေခိုက်



www.burmeseclassic.com

www.burmeseclassic.com



မိန်းမအသံဖြင့် မကောင်းဆိုးဝါးတစ်ကောင် ပူးဝင်လာပြန်လေသည်။ မကောင်းဆိုးဝါးများ ဝင်ပူးလာသောအချိန်တွင် ပြောခဲ့သော စကားများကို ကက်ဆက်ဖြင့် အသံသွင်းယူထားကြသည်။

မိန်းမအသံဖြင့် ဝင်ပူးလာသော မကောင်းဆိုးဝါးကောင်မှာ အုံ့သြစရာပင်။ ဆရာတော်၏အစ်မဖြစ်လေသည်။ ရောဂါသည်မိန်းကလေး၏ အမေဖြစ်သည်။ ဆုံးသွားသည်မှာ တစ်နှစ်ခန့်ပင်ရှိပေတော့မည်။ နန္ဒဝန်ကျောင်းဆရာတော်က နာမည်ကိုမေးကြည့်သောအခါ မိမိအစ်မ ဖြစ်နေလေရာ–

"ဟာ အစ်မ၊ ဘယ်လို ဖြစ်ရတာလဲ"

"တပည့်တော်မ ဝေမာနိကပြိတ္တာဘဝ ရောက်နေပါတယ်၊ တကယ်တော့ အဆောက်အဦလှူခဲ့တဲ့ကုသိုလ်ကြောင့် တပည့်တော်မ နတ်ပြည်သွားရမှာပါ။ ဒါပေမယ့် သမီးသံယောဇဉ်ကြောင့် အခုလို ဘဝရောက်ရတာ"

ဆိုခဲ့ပြီးဖြစ်ပါသည်။ မေတ္တာသာ ထားကြပါသံယောဇဉ်မထားကြပါနှင့် ဟူသောစကားကို အသေအချာ စွဲစွဲမြဲမြဲမှတ်သားစေလိုပါသည်။ သံယောဇဉ်ထားသောကြောင့် တဏှာစွဲနှင့်သေသောအခါ ယခုလိုမျိုး အပါယ်ဘုံသို့ ကျရောက်ရမည်သာ။ မေတ္တာနှင့် စောင့်ရှောက်လျှင်ပင် လုံလောက်ပြီဖြစ်သည်။ မေတ္တာဆိုသည်မှာ အပူဓါတ်လုံးဝမပါပေ။ အအေးဓါတ်ဖြစ်သည်။ မေတ္တာတွင် ကိုယ်ကျိုးမပါပေ။ မိမိနှင့်ပတ်သက်သမျှ ပုဂ္ဂိုလ်တိုင်းကို ကျန်းမာချမ်းသာကြပါစေဟု နှလုံးသွင်းခြင်းသည် မေတ္တာဖြစ်သည်။ မေတ္တာသည် အေးချမ်းသည်။ ကုသိုလ်တရားဖြစ်သည်။ သံယောဇဉ်သည် ပူလောင်သည်။ အကုသိုလ်



www.burmeseclassic.com

www.burmeseclassic.com



တရားဖြစ်သည်။ နန္ဒဝန်ဆရာတော်က ဆက်ပြီး–

"ဒကာမကြီး၊ အခုဘယ်လိုနေရသလဲ"

"ဟို မကောင်းဆိုးဝါးကောင်ကြီး နောက်ယှက်ထားလို့ သမီးလေးကို နောက်ကလိုက်ပြီး စောင့်ရှောက်နေရတာနဲ့ နတ်ပြည်ကိုသွားရဖို့ကို၊ မသွားနိုင်သေးဘူးဘုရား။ အရှင်ဘုရားတို့ သမီးလေး ရောဂါကို ပျောက်စေချင်ရင် စစ်မှန်တဲ့ ပယောဂဆရာနဲ့ အရင်ကုပါ။ နောက်တော့မှ လိုအပ်သလို ဆေးဆက်ကုပါ။ သူ့မှာရှိတဲ့ အမှောင့်ပယောဂစက်တွေ စင်သွားမှ ဆေးတိုးမှာပါဘုရား"

မှန်ပေသည်။ ကလေးမကိုဝင်ပူးသော အမျိုးသမီးပြောသည့် အတိုင်းကုမှသာ ရောဂါပျောက်ကင်းသွားလေသည်။ ဝင်ပူးဆဲမှာပင် ဆက်လက်မေးလိုက်သည်။

"ရေနံချောင်းကနေ ဒီရန်ကုန်ကို ဘယ်လိုလာသလဲ"

"တပည့်တော်မှာ ကံကပေးတဲ့ ကမ္မဇိဒ္ဓိတန်ခိုးရှိတော့ ရန်ကုန်ရောက်ချင်တယ်လို့ စိတ်ညွတ်လိုက်တာနဲ့ ခန္ဓာကိုယ်က ရန်ကုန်ရောက်လာတာပဲဘုရား"

"ဒါနဲ့ ဒကာမကြီး ဘယ်မှာအိပ်သလဲ"

"ရွှေပြည်သာက စည်ပင်သာယာကွင်းကြီးထဲက မြောင်းကြီးထဲမှာပါဘုရား"

"ဒကာမကြီးလို ပုဂ္ဂိုလ်မျိုးတွေ အများကြီးပဲလား"

"ဟာ၊ အများကြီးပဲဘုရား။ ဒီလောက်ကျယ်တဲ့ ကွင်းကြီးထဲမှာတောင် ညဘက်ဆိုရင် အိပ်ရာနေရာလုကြရင်း ရန်ဖြစ်နေကြသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



''ဒကာမကြီးရော နေရာလုရသေးလား''

''တပည့်တော်မကတော့ မလုရပါဘူးဘုရား။ တပည့်တော်မက အဆောက်အဦလှူတဲ့ကုသိုလ် ရှိထားတော့ တပည့်တော်မအိပ်တဲ့ နေရာမှာ ရွှေဇိမာန်ပေါက်ပေးရတယ်ဘုရား''

အဆောက်အဦလှူခဲ့သော အကျိုးသည် မကောင်းဆိုးဝါး ဘဝရောက်ရတာတောင်မှ မျက်နှာမငယ်ရပါလားဟူသော အတွေး ဖြစ်မိသည်။ နတ်ပြည်မှာဆိုလျှင် ပြောစရာပင်မလိုတော့ချေ။ အဆောက် အဦလှူသူသည် ''ရွှေဘုံပေါ်ပေါက်၊ ထိတ်ကြောက်လန့်ကင်း''၊ ကြောက်ရွံ့ထိတ်လန့်စရာ မရှိ၊ ဘေးကင်းရန်ရှင်းသည်။

''ခြောက်ကင်းယက္ခ၊ ပါပမမက်၊ ဘဝဆက်သိ'' ဆိုသည့် အတိုင်းပင်။

မကောင်းဆိုးဝါးများနှင့် ဘီလူးသရဲများက မခြောက်လှန့်နိုင် ချေ။ အိပ်မက်ဆိုးလည်း မမက်သည့်အပြင် မိမိ၏ လားရာဂတိဘဝ အဆက်ကိုပါ သိပေသည်။

ထိုနည်းအတိုင်းပင်၊ ရောဟိဏီသည် သေလွန်သည့်အခါတွင် နတ်ပြည်သို့ရောက်ပြီး နတ်သားလေးဦး၏အလယ်တွင် ဘုံဗိမာန်နှင့် တကွ နတ်သမီးသွားဖြစ်လေသည်။ ချောမောလှပလွန်းသော ရောဟိဏီ နတ်သမီးကို မြင်လျှင်မြင်ချင်း နတ်သားလေးဦးသည် အလွန်ချစ်ခင် စွဲလမ်းသွားကြကာ အချင်းချင်း သူပိုင်သည်၊ ငါပိုင်သည်ဆိုသကဲ့သို့ အငြင်းအခုန် ဖြစ်ကြလေတော့သည်။ နတ်သားက လေးယောက်၊ နတ်သမီးက တစ်ယောက်တည်းဆိုသောအခါ အဝေမတည့်ဖြစ်ပြီး သိကြားမင်းထံ အဆုံးအဖြတ်ခံယူရမည့်အခြေအနေသို့ ရောက်သွား



www.burmeseclassic.com

www.burmeseclassic.com



တော့သည်။

သိကြားမင်းထံသို့ ရောက်ကြသောအခါ သိကြားမင်းလည်း ရောဟိဏီကိုတွေ့ပြီး ချစ်ခင်စွဲလမ်းသွားပြန်သည်။ ရောဟိဏီနတ်သမီး လုပ္ပဲတွင် သိကြားမင်းပါပါဝင်လာပြန်လေရာ ဝိုအားထက် ရယ်အားသန် စရာဖြစ်နေလေတော့သည်။ သိကြားမင်းက နတ်သားလေးယောက် အား–

"ကဲ၊ မင်းတို့နတ်သားလေးယောက်လုံး ဖြေဆိုပါ။ ရောဟိဏီ ကိုမြင်တာနဲ့ ဘယ်လိုခံစားကြရတယ်ဆိုတာ အသီးသီးပြောပြကြစမ်း"

"ရောဟိဏီကို စတွေ့တာနဲ့တပြိုင်နက် စစ်မြေပြင်မှာတီးတဲ့ စစ်စည် စစ်မောင်းကြီး တီးခတ်သလိုရင်ထဲမှာ တဒိန်းဒိန်းနဲ့ မြည်ဟီး နေပါတယ်"

ဒုတိယနတ်သားက–

"ရောဟိဏီကိုတွေ့တဲ့အချိန်ကစပြီး တောင်ပေါ်ကနေ အရှိန် အဟုန်ပြင်းစွာစီးဆင်းလာတဲ့ ရေတံခွန်က ရေစီးသံပမာ ရင်ထဲက ရန်ခုန်သံတွေဟာ တဝုန်းဝုန်းနဲ့ မြည်ကြွေးနေပါတယ်။

တတိယနတ်သားက–

"ရောဟိဏီကို မြင်ရတဲ့အချိန်ကစပြီး စစ်မြေပြင်က စစ် ရထားတွေမှာလွှားထားတဲ့ စစ်တံခွန်တွေလေအပင့်မှာ တလွင့်လွင့်နဲ့ ရွေ့လျားလှုပ်ခတ်နေသလို ရင်ထဲမှာ တဖျတ်ဖျတ်တလှုပ်လှုပ် ခံစား နေရပါတယ်"

နောက်ဆုံး စတုတ္ထနတ်သားက–

"ရောဟိဏီကို စတွေ့တာနဲ့ ကြည့်မဝရှုမငြီးတဲ့ ရောဟိဏီ



www.burmeseclassic.com

www.burmeseclassic.com



ရဲ့အလှကို မျက်လုံးအစုံ ကျွတ်ကျမတတ်ကြည့်ရင်းကြည့်ရင်းနဲ့ မျက်လုံးနှစ်လုံး ပြူးထွက်လာတာ ပုစွန်မျက်လုံးလိုဖြစ်ပြီး မျက်လုံးနှစ်လုံးကို မျက်လုံးအိမ်ထဲကိုတောင် ပြန်ထည့်လို့မရအောင် ဖြစ်နေပါတယ်''

နတ်သားလေးယောက်သည် ရောဟိဏီနှင့် ပတ်သက်၍ အသီးသီးခံစားနေရသော ခံစားချက်များကို အပြိုင်အဆိုင် ဖွဲ့နွဲ့ပြောပြပြီးသူ့မပေးပါနဲ့၊ ကျွန်ုပ်ကိုသာပေးပါ စသည်ဖြင့် အလုအယက်တောင်းဆိုပြီးကြသောအဆုံးတွင် သိကြားမင်းသည် နတ်သားလေးယောက်၏ ရောဟိဏီနှင့်ပတ်သက်၍ ခံစားချက်များမှာ သည်ရွေ့သည်မျှသာဖြစ်၍ တော်ပေသေးသည်။ ကျွန်ုပ်ခံစားနေရသည်ကို ပြောပြရလျှင် ရောဟိဏီကိုသာ မရလျှင်ချက်ချင်း သေပွဲဝင်ရမှာဖြစ်ကြောင်းပြောလိုက်ရာ နတ်သမီးအခြံအရံ ငါးရာစီရှိကြသော နတ်သားလေးဦးသည် ရောဟိဏီနှင့်ပတ်သက်၍ ၎င်းတို့ထက်ပိုပြီး ခံစားနေရသော သိကြားမင်းအားငဲ့ကွက်သောအားဖြင့် ရောဟိဏီ ကို အသီးသီး စွန့်သွားကြလေသည်။

ရောဟိဏီလည်း သိကြားမင်း၏နတ်သမီးဖြစ်သွားလေတော့သည်။ သိကြားမင်းတွင် သုဇာတာ၊ သုနန္ဒာစသော မိဖုရားကြီးလေးယောက်အပြင် နတ်သမီးငယ် နှစ်ကုဋေနှင့်ငါးသန်း ရှိပေသေးသည်။ ထိုမျှလောက်နတ်မိဖုရားများရှိနေပါလျက် ရောဟိဏီကို အရယူပြီး သွားလေရာသို့ ခေါ်ဆောင်သွားလေသည်။ သိကြားမင်းသည် မိဖုရားများစွာဖြင့် ကာမဂုဏ်ခံစားနေသော်လည်း အပါယ်မကျနိုင်တော့ပေ။ အဘယ်ကြောင့်ဆိုသော် သိကြားမင်းသည် မြတ်စွာဘုရား၏ တရားတော်များကို နာကြားရပြီး သောတာပန်ဖြစ်နေသောကြောင့်ပင်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ သိကြားမင်းတွင် မယားအများကြီးရှိနေသကဲ့သို့ ဘုံဗိမာန်များ၊ သားသမီးများလည်း များစွာရှိသည်။ သို့ရာတွင် ရှိသမျှသော မယား၊ သားသမီး၊ ဘုံဗိမာန်များကြောင့် အပါယ်မကျတော့ပေ။ သူနာကြား ထားရသော ဝိပဿနာတရားအကျိုးကြောင့် ထိုအရာများအားလုံး တို့သည် သူကဲ့သို့သော အရိယာသောတာပန်တစ်ဦးအတွက် မိတ်ဆွေ များဖြစ်ကြလေသည်။

သောတာပန်တည်သွားသူ၏ သန္တာန်တွင် ငါဟူသောအစွဲ ကင်းသွားပြီဖြစ်သည်။ ရုပ်နာမ်ခန္ဓာ အပေါ်တွင် ငါစွဲကင်းပြီးသူများ သည် အပါယ်မကျတော့ပေ။ ဤသည်မှာ ဝိပဿနာတရားကို နာကြား သိရှိ နားလည်ခြင်း၏ အကျိုးဖြစ်သည်။ ဝိပဿနာတရားကို နာကြား သိရှိ နားလည်ထားသူအတွက် ဆွေမျိုးသားချင်း၊ အပေါင်းအသင်း မိတ်ဆွေ၊ ရွှေငွေဥစ္စာမှန်သမျှသည် မိမိ၏ရန်သူသာဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော်–

ဆွေမျိုးသားချင်း၊ အပေါင်းအသင်းမိတ်ဆွေ၊ ရွှေငွေဥစ္စာ ဆိုသည်ကို အသာထားပါဦး မိမိ၏ ခန္ဓာကိုယ်အသွေးအသားကို စွဲလမ်းပြီး သေလျှင်ပင် ပြိတ္တာဘုံသို့ ရောက်ရလေသည်။ ထို့ကြောင့် ဘာကိုမျှ စွဲလန်းခြင်းမပြုသင့်ပေ။

"ဥစ္စာစုကို မဆိုထားလို
ကိုယ်ဝတ်ခြုံလွှမ်း ပုဆိုးနွမ်းက
သက်နှံးမျှ၌ လောကဤဟိတ်
ငဲ့သည့်စိတ်ကြောင့် ဖုတ်ပြိတ်သန်းပျ
ဖြစ်ကုန်ကြ၏"



www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓလက်ထက်တော်အခါက တိဿဆိုသော ရဟန်းတော်တစ်ပါးသည် အကျင့်သီလဖြူစင်သော ရဟန်းကောင်းတစ်ပါးဖြစ်သော်လည်း တရားမရရှာပေ။ တစ်နေ့တွင် သင်္ကန်းအသစ်တစ်ထည် အလှူခံရရှိသောအခါ အမြတ်တနိုးနှင့် ခေါင်းအုံးအောက်တွင်ထားပြီး အိပ်သည်။ အလှူအတန်းကြွသောအခါမှသာ ဝတ်ရုံမည်ဟု စိတ်ကူးထားသည်။ သို့သော် သင်္ကန်းအလှူခံရသောနေ့ ညဦးသန်းခေါင်ယံ ကျိန်းစက်နေခိုက်တွင် ရုတ်တရက် ပျံတော်မူသွားရာ သင်္ကန်းအားစွဲလမ်းစိတ်နှင့် သင်္ကန်းခေါက်ထဲတွင် သန်းပိုးကောင် သွားဖြစ်လေတော့သည်။

လူအများက ဘုန်းကြီးသေလျှင် ပြန်တော်မူတယ်ဟု ဆိုကြသည်။ သို့သော် မြေထဲသို့ လျှိုးသွားတော်မူသော ဘုန်းကြီးများလည်း ရှိနေသေးသည်။ လောဘဦးစီးစိတ်နှင့် သေလျှင် မည်သူမဆို ပိုးကောင်ဖြစ်နိုင်သည်။ ရဟန်းကြီးတိဿသည်လည်း သင်္ကန်းကိုစွဲပြီး သန်းပိုးကောင်ဖြစ်သွားခြင်းမှာ အပါယ်ဘုံသို့ အလည်တစ်ခေါက်ဖြစ်သည်။

ရဟန်းကြီးတိဿ မရှိတော့သောကြောင့် ကျန်ရစ်ခဲ့သော သင်္ကန်းကို ကျန်ရဟန်းများက ဝေခြမ်းရေးပြုလုပ်မည်ပြင်သောအခါ ''ငါ့ သင်္ကန်းကို မဝေကြနဲ့'' ဟု သန်းပိုးကောင်ကြီးက ထအော်လေတော့သည်။ ထိုအသံကို ပုထုဇဉ်ရဟန်းများက မကြားနိုင်ကြ။ ဘုရားရှင်က ဒိဗ္ဗသောတအဘိညာဉ်ဖြင့် ကြားတော်မူရာ–

''ရဟန်းတို့၊ သင်တို့ရဲ့မိတ်ဆွေရဟန်းကြီးဟာ ရဟန်းကောင်းဖြစ်သော်လည်း စွဲလမ်းတတ်တဲ့ လောဘကို လက်ခံမိလို့ သင်္ကန်းခေါက်ထဲမှာ သန်းပိုးကောင်ဖြစ်နေတယ်။ သင်တို့အနေနဲ့ သူပိုင်



www.burmeseclassic.com

www.burmeseclassic.com



သက်န်းကို အခုနေခွဲဝေယူရင် မကျေမနပ်နဲ့ ဒေါသဖြစ်ပြီး အပါယ်ထပ်ကျလိမ့်မယ်။ ဒါကြောင့် အခုမယူကြနဲ့ဦး။ ခုနစ်ရက်ပြည့်ရင် သူဟာ ကောင်းတဲ့ဘုံကိုရောက်လိမ့်မယ်''ဟုဆိုသောကြောင့် ခုနစ်ရက်စောင့်ပြီးမှ ဝေခြမ်းကြလေသည်။ တိဿရဟန်းလည်း အပါယ်ဘုံတွင် ခုနစ်ရက်ပြည့်သောအခါ စုတိကျပြီး နတ်ပြည်သို့ ရောက်သွားလေသည်။

စွဲလမ်းမှုသံယောဇဉ်သည် မည်မျှကြောက်စရာကောင်းလှပါသနည်းဟု ဆင်ခြင်အပ်သည်။ ရဟန်းကောင်းတစ်ပါးသည်ပင်လျှင် သက်န်းလေးတစ်ထည်မျှကို စွဲလမ်းတွယ်တာစိတ်ကြောင့် ဒုက္ခရောက်သွားရသည်။ ထိုမျှမက—

''ပြင်ပဥစ္စာ၊ မဟုတ်စွာသေး။
ကာယအဆင်း ကိုယ်အတွင်းဝယ်
မွေးညင်းဆံစ ရုပ်ဝတ္ထုဒြဲ
တစ်ခုခုထပ် စွဲကပ်စွန်းငြိ
ဇောဝီထိဖြင့် စုတိပဋိလ်
ထိုထိုပိုးလောက် စားသောက်ပြန်ကာ
ဖြစ်တတ်စွာဟု ကျမ်းလာမုချ

ဤသို့ပြ၏''ဟု မဃဒေဝလင်္ကာတွင် ဆိုထားပြန်၏။ ပြင်ပ ဗဟိဒ္ဓဖြစ်သော ရတနာရွှေငွေဆွေမျိုးသားချင်း သင်းပင်းဆိုသည်ကို အသာထား၊ မိမိ၏ ခန္ဓာကိုယ်ကိုကြည့်ပြီး ''ငါ့အသားလေးက ဝါဝါဝင်းဝင်းနဲ့ သွားလေးတွေကလည်း ပုလဲလုံးရွဲလုံးလေးတွေလို ညီညာဖြူဖွေးလို့ စသည်ဖြင့် ကိုယ့်ကိုယ်ကို နှစ်သက်သဘောကျ စွဲလမ်းပြီးသေသွားလျှင် ဒီခန္ဓာကိုယ်ကိုပြန်ပြီး မှီတွယ်စားသောက်



www.burmeseclassic.com

www.burmeseclassic.com



ရသော ပိုးလောက်လန်းဘဝသို့ ရောက်ရလေသည်။ မည်မျှလောက် ကြောက်စရာကောင်းလှသည်ကို စဉ်းစားမကြည့်ရဲလောက်အောင်ပင်။

လောဘဆိုသည်မှာ သမုဒယသစ္စာကိုညွှန်းဆိုသည်။ သမုဒယသစ္စာဆိုသည်မှာ ပယ်ရမည့်တရားဖြစ်သည်။ ဆောင်ရမည့်တရား မဟုတ်ဟု သတိချပ်စေလိုသည်။ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာဟူသော သစ္စာလေးပါးကို သိပယ်ဆိုက်ပွားဟု အကျဉ်းမှတ်သားနိုင်သည်။

ဒုက္ခသစ္စာသည် သိရမည့်တရား။

သမုဒယသစ္စာသည် ပယ်ရမည့်တရား။

နိရောဓသစ္စာသည် မျက်မှောက်ပြုရမည့်တရားဖြစ်သည်။

ခန္ဓာသိအနေဖြင့်လည်း–

"လိုချင်လျှင် ဆင်းရဲသည်

မလိုချင်လျှင် ချမ်းသာသည်" ဟု ဝိပဿနာကျင့်စဉ်ကို မှတ်သားနိုင်သည်။ "လိုချင်လျှင်"ဆိုသည်မှာ သမုဒယသစ္စာ၊ တဏှာ ဖြစ်သည်။ မိမိကိုယ်ခန္ဓာ၊ အသွေးအသား၊ ဥစ္စာရွှေငွေ၊ ဆွေမျိုးသားချင်း၊ မည်သည့်အရာဖြစ်စေ လောဘနှင့်လိုချင်လျှင် သမုဒယသစ္စာ ဖြစ်သည်။ သမုဒယသစ္စာရှိနေသမျှ ဒုက္ခချည်းသာဖြစ်သည်။ ဒုက္ခဖြစ်လျှင် ဆင်းရဲသည်။ ထို့ကြောင့် မဆင်းရဲလိုလျှင် ဘာကိုမျှ မလိုချင်ရုံသာဖြစ်သည်။

"မလိုချင်လျှင် ချမ်းသာသည်"ဟုဆိုရာတွင် လောဘဟူသော လိုချင်တပ်မက်မှုတဏှာကြောင့် ဆင်းရဲရသည်။

ဒုက္ခသစ္စာဆိုသည်မှာ သမုဒယကို အရင်းခံသည်။ သမုဒယ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ဒုက္ခဖြစ်ရသည်ဟု သိနားလည်သွားသည်နှင့် သမုဒယမှန်သမျှကို ပယ်သတ်လေလျှင် ချမ်းသာသွားတော့သည်။ သမုဒယကို ပယ်သတ်ခြင်းသည် မဂ္ဂသစ္စာဖြစ်ပြီး ချမ်းသာခြင်းသည် နိရောဓသစ္စာ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းဖြစ်သည်။ ထို့ကြောင့် မလိုချင်အောင်၊ လိုချင်တာတွေမရှိအောင် ဘာလုပ်ရမည်နည်း။

မဂ္ဂသစ္စာကို ပွားများပေးကြရမည်ဖြစ်သည်။ မဂ္ဂသစ္စာကို ပွားများသောကြောင့် ချမ်းသာသွားရပုံကို ဥပမာနှစ်ခုမျှ တင်ပြမည်ဖြစ်သည်။ ပထမတစ်ခုမှာ ပြည့်တန်ဆာမတစ်ဦး အကြောင်းဖြစ်သည်။ ထိုပြည့်တန်ဆာမသည် ရုပ်ဆင်းရူပကာ အလွန်ချောမောလှပပြီး သူမနှင့်ပျော်ပါးလိုသူတိုင်းသည် တစ်ညတာအတွက် ငွေအသပြာ တစ်ထောင်ပေးရသည်။ ထိုခေတ်အခါက ငွေတစ်ထောင်ဆိုသည်မှာ တန်ဘိုးကြီးမားလွန်းသောကြောင့် ထိုပြည့်တန်ဆာမနှင့် ပျော်ပါးနိုင်သူများမှာ မင်းညီမင်းသားများ၊ သူဌေးသူကြွယ်များသာဖြစ်သည်။ ထို့ကြောင့် ထိုပြည့်တန်ဆာမသည် ထီးသုံးနန်းသုံးဆိုလျှင်လည်း မမှားပေ။

တစ်ရက်တွင် ဓောင်းသမား သူဆင်းရဲတစ်ယောက်သည် ပြည့်တန်ဆာမကို တွေ့မြင်နှစ်သက်သွားပြီး ပျော်ပါးလိုသောကြောင့် ငွေတစ်ထောင်ပြည့်အောင် စုလေတော့သည်။ လနှင့်နှစ်နှင့်ချီပြီး စုရာ ငွေတစ်ထောင်ပြည့်သည်နှင့် ပြည့်တန်ဆာမနှင့် တစ်ညတာပျော်နိုင်ရေးအတွက် စိတ်ဝယ်တွေးရင်း အပြေးလေးရောက်သွားသည်။

ပြည့်တန်ဆာမက မိမိသည် မင်းစိုးရာဇာတို့၏ အသုံးတော်ခံ၊ အဘိုးတန်ပြည့်တန်ဆာဖြစ်ကြောင်း၊ ဆင်းရဲသားများ အနားပင်မသီ



www.burmeseclassic.com

www.burmeseclassic.com



နိုင်ကြောင်း၊ မိမိအနေဖြင့် ငင်းဆင်းရဲသားအား စိတ်ကူးထဲမှာပင်ထည့်၍မရကြောင်းစသည်ဖြင့် မောက်မောက်မာမာပြောဆိုပြီး တစ်ညတာ ပျော်ပါးခွင့်တောင်းခံလာသော စောင်းသမားကို လုံးဝလက်မခံပဲ ငြင်းဆန်လွှတ်လိုက်သည်။ စောင်းသမားလည်း ရှက်စိတ်၊ နာကြည်းစိတ်များကိုစောင်းနှင့်အတူ ရင်ဝယ်ပိုက်ပြီး ဦးခေါင်းငိုက်စိုက်ချ ပြန်လာခဲ့ရရှာတော့သည်။ အိမ်အပြန်လမ်းတွင် "အင်း မင်းနဲ့ငါတွေ့ကြသေးတာပေါ့ကွာ"ဟု စိတ်ထဲက ကြုံးဝါးနေတော့သည်။

နောက်တစ်နေ့ညတွင် လှသလောက် မာနကြီးသော ပြည့်တန်ဆာမအတွက် ခံစားချက်ပေါင်းများစွာ ပြင်းထန်နေသော စောင်းသမားသည် ပြည့်တန်ဆာမအိမ်အနားသွားပြီး မလှမ်းမကမ်းနေရာမှ စောင်းတီးခတ်လေသည်။ သာယာနာပျော်ဖွယ် သီချင်းသံနှင့် ငြိမ့်ငြောင်းသော စောင်းတီးခပ်သံကိုကြားလိုက်ရသည်နှင့် ပြည့်တန်ဆာမသည် သီချင်းသံ စောင်းသံ ဂီတအနုပညာ၏ ဖမ်းစားမှုညှတ်ကွင်းတွင် မိန်းမူးသက်ဆင်းသွားတော့သည်။ ဂီတစွမ်းအားရဲ့ စွမ်းပကားကို တွန်းလှန်နိုင်စွမ်းမရှိတော့သော ပြည့်တန်ဆာမသည် အိပ်ခန်းတွင်း အိပ်ယာထက်ဆီမှ မျက်စိမှိတ်ခံစားနေရသည်ကို အားမရနိုင်လွန်းသောကြောင့် မျက်လွှာအစုံကို မှေးစင်းပြီး အသံနှင့်နီးနိုင်သမျှနီးအောင် တိုးသွားမည်ဆိုသော စိတ်ကူးနှင့် ထလာတော့သည်။ အိပ်ခန်းထဲမှ အိမ်အပေါ်ထပ် လေသာဆောင်သို့ ရောက်မှန်းမသိရောက်လာသော ပြည့်တန်ဆာမသည် သီချင်းသံနှင့်စောင်းသံတို့၏ ဂီတမော်ကို သာယာတပ်မက်မိသည့် လောဘတဏှာကြောင့် လေသာဆောင်ပေါ်မှ အိမ်အောက်ဆီသို့ အရုပ်ကျိုးပြုတ်ပြုတ်ကျပြီး



www.burmeseclassic.com

www.burmeseclassic.com



ဖက်ကျိုးကာ သေရရှာလေသည်။ လောဘတဏှာနှင့် သေရခြင်း ဖြစ်သောကြောင့် အပါယ်သို့လည်း ကျရဦးမည်ဖြစ်သည်။ လိုချင်လျှင် ဆင်းရဲသည်ဟု ဆိုခြင်းကို ဤ ဥပမာလေးက သက်သေပြနေသည်။ အပါယ်ဘုံသို့ရောက်ရခြင်းသည်လည်း ဆင်းရဲခြင်းဒုက္ခဖြစ်သည်။ ထို့ကြောင့် သစ္စာလေးပါးကို ခန္ဓာသိဖြင့် သဘောပေါက်နိုင်စေရန် ဝိပဿနာတရားများကို နာကြားသင့်လှပေတော့သည်။ သစ္စာလေးပါး တရားသိလျှင် အပါယ်တံခါးပိတ်သည်။ အပါယ်တံခါးပိတ်ခြင်းလောက် ဝမ်းသာစရာကောင်းသည့်အရာမရှိပေ။

BURMESE CLASSIC

ယခုတဖန် မလိုချင်သောကြောင့် ချမ်းသာသော၊ ဝိပဿနာ ရှုပွားသောကြောင့် နိဗ္ဗာန်ရသွားသော သီရိမ္ဗာသောက (အာသောက) မင်းကြီး၏ မိဖုရားကြီးတစ်ယောက်အကြောင်းဖြစ်သည်။ တစ်နေ့သော အခါ မိဖုရားကြီးသည် မင်္ဂလာဥယျာဉ်တော်အတွင်း စံမြန်းနေခိုက် ကရဝိက်ငှက်တစ်ကောင် တွန်ကျူးလိုက်သောအသံကို ကြားလိုက်ရ သည်။

အလွန်တရာ သာယာလှသော ကရဝိက်ငှက်သံကို ကြားရ သော်လည်း ဝိပဿနာအခံရှိသော မိဖုရားကြီးသည် ငှက်သံပေါ်တွင် တပ်မက်သော လောဘတဏှာမဖြစ်ပဲ ဘုရားရှင်ထံ စိတ်ရောက် သွားသည်။ "သြော်၊ ကိလေသာတွေပြည့်နေတဲ့ ငှက်အသံတောင်မှ ဒီလောက်သာယာရင် ကိလေသာအညစ်အကြေး လုံးဝကင်းစင်တဲ့ ဘုရားရှင်ရဲ့ အသံတော်ဆိုရင် ဒီထက်မက အဆပေါင်းများစွာ သာယာ မှာပဲ" ဟု တွေးမိလိုက်သည်။ ဘုရားရှင်၏အသံတော်ကို မှန်းဆ တွေးရင်း သဒ္ဓါကြည်ညိုစိတ်များပေါ်လာပြီး ရင်ထဲတွင် ပီတိများ



www.burmeseclassic.com

www.burmeseclassic.com



လွှမ်းခြုံထုံမွမ်းလာတော့သည်။

ပီတိစိတ်သည် နာမ်တရားသာဖြစ်သည်။ ဖြစ်ပြီးလျှင် ပျက်မြဲ၊ ဝိပဿနာ အခံရှိပြီးဖြစ်သော မိဖုရားကြီးသည် ရင်ထဲ၌ ပီတိဖြစ်သွားသည်ကို သိလိုက်သည်နှင့် ပီတိဆိုသည်မှာ နာမ်တရားသာ၊ နာမ်တရားသည်လည်း ဖြစ်ပြီးလျှင် ပျက်သည်ပဲဟု မဂ္ဂသစ္စာပွားလိုက်သည့်အခါ သာယာလှသော ကရဝိတ်ငှက်သံအပေါ် စွဲလမ်းမှုကင်းစင်၊ သာယာမှု တဏှာနှင့် မယှဉ်သည့်အတွက် သစ္စာလေးပါး ဝင်သွားလေသည်။

BURMESE CLASSIC

သစ္စာလေးပါးဝင်သည်ဆိုသည်မှာ ဒုက္ခသစ္စာကို သိခြင်း၊ သမုဒယသစ္စာကို ပယ်ခြင်း၊ မဂ္ဂသစ္စာကို ပွားများခြင်း နိရောဓသစ္စာကို မျက်မှောက်ပြုခြင်းဖြစ်သည်။ ရုပ်နာမ်တို့၏ မမြဲမှု၊ ကြားစိတ်၊ မြင်စိတ်၊ နံစိတ်၊ ထိတွေ့စိတ်စသည်တို့၏ မမြဲမှုလက္ခဏာကိုသိခြင်းကို ဒုက္ခသစ္စာကိုသိခြင်းဟုခေါ်သည်။ ဒုက္ခသစ္စာကိုသိလိုက်သည်နှင့် သမုဒယသစ္စာကို ပယ်ပြီးသားဖြစ်သွားသည်။ သမုဒယသစ္စာကို ပယ်လိုက်သည်နှင့် တဏှာလည်း ငြိမ်းသည်။ ခန္ဓာလည်း သိမ်းသည်။ ထိုအခါ နိရောဓသစ္စာ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းဖြစ်သည်။

နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သောဉာဏ်သည် မဂ္ဂသစ္စာဉာဏ်ဖြစ်သည်။ သိ ပယ် ဆိုက် ပွား ကိုက်ညီသွားသည်။ မဂ္ဂသစ္စာပွားလိုက်သောအခါ သစ္စာလေးပါးကိုက်ပြီး သောတာပန်တည်လေသည်။

လိုချင်နေသမျှ ဆင်းရဲမည်ဖြစ်သည်။ လိုချင်ခြင်းသည် သမုဒယသစ္စာဖြစ်သည်။ ဆင်းရဲခြင်းက ဒုက္ခသစ္စာဖြစ်သည်။ မလိုချင်လျှင် ချမ်းသာသည်။ မလိုချင်ခြင်းသည် မဂ္ဂသစ္စာဖြစ်သည်။ ချမ်းသာခြင်းသည် နိရောဓသစ္စာဖြစ်သည်။ ထို့ကြောင့် အဆင်း၊ အသံ၊ အနံ့၊



www.burmeseclassic.com

www.burmeseclassic.com



အရသာ၊ အတွေ့အထိ၊ အတွေးအာရုံဟုဆိုသော အာရုံခြောက်ပါးနှင့် တိုက်ဆိုင်လာတိုင်း လိုချင်စိတ်များ ပေါ်မလာစေရန် မြင်သိစိတ် အနီးစွ၊ ကြားသိစိတ် အနီးစွ၊ နံသိစိတ် အနီးစွ၊ စားသိစိတ် အနီးစွ၊ ထိသိစိတ် အနီးစွ၊ တွေးကြံသိစိတ် အနီးစွဟုရှုပွားပြီး ယခုဘဝမှာပင် မဂ်ဖိုလ် နိဗ္ဗာန်ကို မျက်မှောက်ပြုပြီး ချမ်းသာကြပါစေ။ ။

ဓမ္မဒါရှင် - ဒွေမြည်သာ

* * *



www.burmeseclassic.com

www.burmeseclassic.com

## **ကြည်ဖော်ဝင်း** စာပေ

## ထုတ်ဝေပြီးသော စာအုပ်များ

၁။ ဓမ္မလမ်းကို လျှောက်ကြမယ်
ဒေါက်တာစိုးလွင် (မန္တလေး)

၂။ မဇ္ဈိမလမ်းကို လျှောက်ကြမယ်
ဒေါက်တာစိုးလွင် (မန္တလေး)

## ဆက်လက်ထုတ်ဝေမည့်စာအုပ်များ

၁။ ဗုဒ္ဓဘာသာဝင်တို့၏ အစွဲမှားများ
ရွှေစုန်းချောင်းဆရာတော်
အရှင်ဝိစိတ္တာလင်္ကာရ (အောင်မှူးဝေ)
(စာမူခွင့်ပြုချက်အမှတ် - ၆၀၀၁၉၁၀၅၁၀)

၂။ လက်သမားလုပ်သောသိကြားမင်း
စိုးအောင်
(စာမူခွင့်ပြုချက်အမှတ် - ၆၀၀၁၉၇၀၃၁၁)

၃။ ဗျာဒိတ်ခံသောတိရစ္ဆာန်
စိုးအောင်
(စာမူခွင့်ပြုချက်အမှတ် - ၆၀၀၁၉၆၀၃၁၁)

၄။ ဝင်းဆေးကုခန်း၊ မီးသွေးချောင်းရန်ရှိသည် နှင့် အခြားဝတ္ထုတိုများ (ဒုတိယအကြိမ်)
ကြည်ဖော်ဝင်း
(စာမူခွင့်ပြုချက်အမှတ် -၅၀၀၉၄၉၀၉၁၀)

www.burmeseclassic.com